

ဝမ်းအိုဝမ်း ကျော်ဝင်းမောင်

# ဂျပန်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ

## ၁၅။ ရဲဘော်စံတင့်

စာရေးသူ **အမေရိကန်တပ်မတော် (၁၀၁)** တပ်ဖွဲ့နဲ့ ဆက်သွယ်ခဲ့ပြီး ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်နဲ့ ဆက်သွယ်ပေးဖို့ တာဝန်နဲ့လာရင်း မင်းကွန်းမှာ အဖမ်းခံရတယ်။ စစ်ကိုင်းတောင်ခြေရှိ ဂျပန်ကင်ပေတိုင်စစ်ရဲ့ အချုပ်ခန်းက ထွက်ပြေးလွတ်မြောက်လာပါတယ်။

စာရေးသူ မင်းကွန်း ဂျပန်ကင်ပေတိုင် အချုပ်ခန်းက ထွက်ပြေးလွတ်မြောက်လာပြီး စစ်ကိုင်းဗိုလ်သိန်းဦးရဲ့ လျှို့ဝှက်စခန်းကနေ ဧရာဝတီမြစ်တစ်ဘက်ကမ်းရှိ အမရပူရနယ်၊ ကျွန်းသစ်ကွင်း၊ လျှို့ဝှက်စခန်းကို ရောက်လာပါတယ်။

ဒီစခန်းတာဝန်ခံက ကိုစံတင့်။ သူ့ကိုတွေ့လိုက်တော့ အံ့ဩဝမ်းသာဖြစ်သွားတယ်။ ကိုစံတင့်ကို မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ တစ်နေရာမှာ ခုလိုတွေ့လိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ သူကလဲ စာရေးသူကို ဒီလိုနေမှာပဲ။ ဘာကြောင့်လဲဆိုရင် စာရေးသူတို့ နှစ်ယောက်စလုံး နယ်ချဲ့အင်္ဂလိပ်အစိုးရ မပြေးခင်မှာ ပေါ်ပေါက်ခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုတွေ၊ နိုင်ငံရေး လှုပ်ရှားမှုတွေမှာ ထင်ထင်ပေါ်ပေါ် မပါဝင်ခဲ့လို့ပဲ။

သခင်မျိုးဟော ဒို့ဗမာ၊ မီးဒုတ်–မီးဒုတ်၊ ရှို့ရှို့၊ ကျောင်းသားအရေးဒို့အရေး၊ အလုပ်သမား အခွင့်အရေး ချက်ချင်းပေး စတဲ့ကြွေးကြော်သံတွေ

တလောကလုံး ပုံတင်ထပ်ပြီး တုန်ဟည်းသွားခဲ့ပါတယ်။ ဒီကြွေးကြော်သံတွေကို ကြားရတိုင်း ကျောထဲစိမ့်ပြီး ကြက်သီးမွေးညင်း တဖြိုင်းဖြိုင်း ထလောက်အောင် တက်တက်ကြွကြွ လက်သီးလက်မောင်းတန်းပြီး အော်ဟစ်သွားတဲ့ စီတန်း လှည့်လည်ပွဲတွေမှာ စာရေးသူမပါသလို ကိုစံတင့်လဲမပါ။

သူက နမ္မတူမြို့ကနေ ကသာအစိုးရအထက်တန်းကျောင်းမှာ လာနေတယ်။ သူ့မိဘကသူ့ကို ကသာဘော်ဒါကျောင်းသား အဆောင်မှာ မထားဘဲ၊ မစ္စတာဒီမင်းလို့ခေါ်တဲ့ ကသာအစိုးရ အထက်တန်းကျောင်းဆရာဆီ မှာပဲ အပ်ထားခဲ့တယ်။ ကျောင်းဆရာအိမ်မှာဆိုတော့ ကျောင်းသားသပိတ်မှာ ပါတယ်ဆိုရင် မသင့်တော်ဘူးဆိုပြီး ငြိမ်နေလိုက်တယ်။

စာရေးသူကျတော့လဲ မိဘနှစ်ပါး ကွယ်လွန်ပြီး ဦးလေးဦးစံသိန်းက ကောက်စားမွေးစားခဲ့တယ်။ ဦးလေးက အစိုးရအမှုထမ်းဆိုတော့ အင်္ဂလိပ်အစိုးရ အမှုထမ်းသားသမီးတွေ သပိတ်ထဲပါရင် အရေးယူမယ် တကဲကဲ လုပ်နေတာက တစ်ကြောင်း၊ ဦးလေးစိတ်အနှောင့်အယှက်ဖြစ်မှာတစ်ကြောင်း အဲဒီအကြောင်း ကြောင်းတွေကြောင့် ဆိတ်ဆိတ်နေလိုက်ရတယ်။

ကိုစံတင့်နဲ့ စာရေးသူတို့နှစ်ယောက်မှာ အမျိုးသားစိတ်တွေ ရှိတယ်။ ဒီအကြောင်း ဟိုအကြောင်းတွေကြောင့် ကျောင်းသပိတ်ထဲ မပါနိုင်ဘူးဆိုတာ ကသာကျောင်းသားသပိတ် ခေါင်းဆောင် ကိုဖိုးကို (အခု ရန်ကုန်ဦးလေးကြီး)နဲ့ ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တွေက သိကြတယ်။ စာရေးသူတို့ကို ခွင့်လွှတ်တယ်။ အခြား တတ်နိုင်တဲ့အကူအညီကိုတော့ ပေးခဲ့ကြတယ်။

အခုတော့ စစ်ကြောင့် ကျောင်းတွေပိတ်လိုက်ပြီ ဆိုတော့ အလိုလို မိဘအုပ်ထိန်းသူတွေရဲ့ အုပ်ချုပ်မှုအောက်က လွတ်ကင်းသွားသလို ရှိလာတယ်။ ဒါကြောင့် နဂိုမူလ ရှိနှင့်ပြီးဖြစ်တဲ့ မျိုးချစ်စိတ်ဓာတ်ခံကြောင့် တိုင်းပြည် လွတ်လပ်ရေး တိုက်ပွဲတွေမှာ ပါဝင်လာခဲ့ကြပါတယ်။

သူ့ကိုတွေ့တွေ့ချင်းတော့ အံ့သြသွားပါတယ်။ ဒါပေမယ့် ကိုယ်ချင်းစာ ကြည့်လိုက်တော့ မအံ့သြတော့ပါဘူး။ သူလဲ မြန်မာပြည်ရဲ့ သားကောင်းတစ် ယောက်ပဲ၊ နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲကာလနဲ့ ကြုံတဲ့လူသားမို့ မျက်မှောက် ကြုံတွေ့နေတဲ့ ဘဝပေးတာဝန်ကို ထမ်းဆောင်ရမှာက မြန်မာပြည်သား တိုင်းရင်းသားအားလုံးရဲ့ တာဝန်ပဲ။ ဒါကြောင့် ဒီတာဝန်ကို စာရေးသူဝင်ရောက်

တာဝန်ယူခဲ့သလို ကိုစံတင့်လဲ အလားတူပဲပေါ့။ စာရေးသူကို ဒီလိုနေရာမှာ တွေ့လိမ့်မယ်လို့ မမျှော်လင့်ခဲ့ရိုး အမှန်ဖြစ်တယ်။

သူ့ကိုတွေ့တော့ ငယ်သူငယ်ချင်းဟောင်း တစ်ယောက်ကို ပြန်တွေ့ရလို့ ဝမ်းလဲသာတယ်၊ အားလဲရှိသွားတယ်၊ ပြီးတော့ ဖက်ဆစ်ဆန့်ကျင်ရေး လမ်းပေါ်မှာ အတူတကွလုပ်နေတဲ့ ရဲဘော်ချင်းဆိုတော့ ယုံကြည်စိတ်ချမှုလဲ ကဲလာတယ်။

စာရေးသူကိုလာခေါ်ဖို့ ဗိုလ်မှူးဗထူးက လျှို့ဝှက်ပြီး တာဝန်ပေးလိုက်တယ်ဆိုတော့ သူနဲ့ပဲအတူ စက်ဘီးတစ်စင်းတည်းစီးပြီး အမရပူရကနေ မျက်ပါးရပ် အမြောက်ကြီးတပ်ထဲကို တောက်လျှောက် နင်းလာကြပါတယ်။ ည ၁၀–နာရီလောက်မှာ လေယာဉ်ပျံပစ် အမြောက်ကြီးတပ်ထဲမှာ စခန်းချနေတဲ့ ကင်းမှူး တပ်ကြပ်ကြီးမင်းမောင်ဆီ ပို့ထားခဲ့တယ်။ ပြီး သူပြန်သွားပါတော့တယ်။

အဲဒီညမှာပဲ ဗိုလ်မှူးဗထူး၊ ကိုစံညွှန့်တို့ဆီ လာရင်းကိစ္စအတိုချုံးပြီး သတင်းပို့လိုက်တယ်။ စာရေးသူက မျက်ပါးရပ် လေယာဉ်ပစ်အမြောက်ကြီးတပ်ထဲမှာ နေတဲ့အခါနေတယ်။ တစ်ခါတစ်ခါလဲ အရှေ့ပြင်မှာရှိတဲ့ လျှို့ဝှက်စခန်းမှာ တိတ်တဆိတ် နေလိုနေနဲ့ ဂျပန်လက်ပြန်ရောက်မသွားအောင် သတိကြီးစွာ လျှို့ဝှက်နေနေရတယ်။

မြို့ထဲကိုထွက်ခြင်း၊ လည်ပတ်ခြင်းလဲ မလုပ်ရဘူး။ ဒီကြားထဲမှာ တစ်ခါတစ်ခါတော့ ကိုစံတင့်နဲ့ဆုံတဲ့အခါလဲ ဆုံမိတယ်။ အဲဒီလိုကနေ သူ ဘယ်ပျောက်သွားလိုက်မှန်း မသိဘူး။ နောက်စစ်ပြီးမှ သူ့အကြောင်းကို ကြားသိရပါတယ်။

သူတို့ ကိုစံညွှန့်တို့တစ်တွေ စာရေးသူနဲ့အတူ နေရာကနေ ပျောက်သွားပြီးတဲ့နောက် အိန္ဒိယကို ရောက်သွားတယ်။ ကိုသိန်းဖေဆီကနေ တစ်ဆင့် အောက်မြန်မာပြည်ကို လေထီးနဲ့ဆင်းတယ်ဆိုတာ ဒီလိုပုံကြမ်းပဲ သိရတယ်။ အဲဒီလောက်နဲ့ပဲ လေထီးဆင်းတဲ့ကိစ္စကို စုံစမ်းမေးမြန်းခြင်း ဘာမှမလုပ်ခဲ့ပါဘူး။

စာရေးသူရဲ့ ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက်တော်လှန်ရေးဆိုတဲ့ စာအုပ် ၁၉၆၇ ခုနှစ်မှာ ထွက်လာပြီးနောက်မှ ဂျပန်ခေတ်လေထီးသမားများဆိုတဲ့ စာအုပ်ရေးသားဖို့ စိတ်ကူးရခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်ထဲမှာ မြန်မာပြည် အနှံ့အပြားရောက်နေတဲ့ လေထီးသမားတွေဆီကို ဦးတည်သွားရောက်ပြီး

မှတ်တမ်းတွေကို မေးမြန်းစုံစမ်း စုဆောင်းခဲ့ပါတယ်။ မြန်မာပြည်အနှံ့ပြီးတော့မှ ရန်ကုန်ရှိ လေထီးသမားတွေဆီ ချဉ်းကပ်မေးမြန်းရပါတယ်။

ကိုစံတင့်တို့ လေထီးဆင်းတဲ့ နယ်မြေမှာ ကိုစံတင့်ရယ်၊ ကိုခင်မောင်ကြီး (အရင်တော်လှန်ရေး ကောင်စီအကြံပေး အဖွဲ့ဝင်ဟောင်း၊ မုံရွာမြို့)နဲ့ ကိုခင်ဇော် (အခု ဗိုလ်မှူးဟောင်းခင်ဇော် ပြည်ပြေကျဆုံး)တို့ (၃) ယောက်ပါဝင်ပါတယ်။

မုံရွာမှာကိုခင်မောင်ကြီးနဲ့ အခါခါလွဲခဲ့ရတဲ့အတွက် လေထီးဆင်းတဲ့ မှတ်စုကို မရခဲ့ဘူး။ ပြီးတော့ ကိုခင်ဇော်တစ်ယောက်ကလဲ မရှိတော့ ရန်ကုန်မှာရှိတဲ့ ကိုစံတင့်ကိုပဲ အပူကပ်ခဲ့ရပါတယ်။

သူ့အနေကလဲ တကယ်တမ်းကျတော့ လူပျိုကြီး တစ်ကိုယ်တည်း ဖြစ်ပေမယ့် တစ်ဝမ်းတစ်ခါးအတွက် သွားရလာရတာနဲ့ ပြီးတော့ လူမှုရေးတာဝန်တွေက တစ်ဘက်မှမပြတ်အောင် ရှိနေတော့ အချိန်သိပ်မရဘူး။

သူကမှ သူတို့အဖွဲ့လေထီးဆင်းရတဲ့အကြောင်းကို ပြောမပြလိုက်ရင် ဒီစာအုပ်မှာ သထုံခရိုင် ဂျပန်တော်လှန်ရေး ဓာတ်ကွက်ဟာ ကွက်လပ်တစ်ခု အနေနဲ့ ကျန်သွားမှာကို သူစိုးရိမ်ခဲ့တယ်။ ပြီးတော့ ဦးသိန်းဖေမြင့်ရဲ့ စစ်အတွင်းခရီးသည်မှာ သူ့အကြောင်း ဖော်ပြထားတာ မရှိဘူး။ အဲဒါကြောင့် သူ မအားရာကနေ သူတို့လေထီးဆင်းရတဲ့ အဖြစ်အပျက်တွေကို ဟောဒီလိုပဲ ပြောပြပါတော့တယ်။

* * *

**အိန္ဒိယသို့အသွား**

၁၉၄၄ ခု၊ ဒီဇင်ဘာလထဲမှာ အနောက်မြောက်တိုင်း တိုင်းမှူး ဗိုလ်မှူး ဗထူး ရန်ကုန်ကရောက်လာပြီးတဲ့နောက် ကိုစံတင့်ကို ကလ္လကတ္တားရှိ ကိုသိန်းဖေဆီကို ဆက်သားအဖြစ် စေလွှတ်ဖို့ ရွေးချယ်လိုက်တယ်။ သူ့ကို ရွေးလွှတ်လိုက်ထဲ့ အဓိကတာဝန်ကတော့ ၁၉၄၅ ခု၊ မတ်လ ၂၇–ရက်နေ့မှာ တစ်ပြည်လုံး ဖက်ဆစ်ဂျပန်တွေကို စတင်တော်လှန်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို သွားရောက်ပေးပို့ဖို့ပဲ ဖြစ်တယ်။

ဗိုလ်မှူးဗထူးဟာ ရန်ကုန်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ဂျပန်တော်လှန်ရေး ခေါင်းဆောင်တွေနဲ့ ဂျပန်ကို တော်လှန်တိုက်ခိုက်ဖို့ အစီအစဉ်ရေးဆွဲတဲ့ အစည်းအဝေးကို တက်ရောက်ခဲ့ပြီး မန္တလေးကို ပြန်လာခြင်းဖြစ်တယ်။

တိုင်းပြည်အတွက် အင်မတန်အရေးကြီးတဲ့ ဒီဆုံးဖြတ်ချက်ကို အိန္ဒိယပြည်အရောက် အခက်အခဲတွေ အမျိုးမျိုးကြားကနေ ရှေ့တန်းစစ်မျက်နှာကို ဖြတ်ကျော်ပြီး ကလ္လကတ္တားရှိ ကိုသိန်းဖေဆီကိုအရောက်ပေးပို့နိုင်လိမ့်မယ်လို့ ယုံကြည်စိတ်ချရတဲ့အတွက် ကိုစံတင့်ကိုပဲ ဗိုလ်မှူးဗထူးက ရွေးခဲ့တယ်။

ကိုစံတင့်ကို ရွေးချယ်ပြီးတဲ့နောက် ဗိုလ်မှူးဗထူးရဲ့အိမ်မှာ သခင်တင်ရွှေ ဗန်းမော်ကိုကိုကြီးတို့ ပါဝင်တဲ့ ဆွေးနွေးပွဲမှာ ဗိုလ်မှူးဗထူးက ကိုစံတင့်နဲ့ ကိုပါလေးကို မှာစရာရှိတာတွေ မှာတယ်။ ဒီမှာ သခင်တင်ရွှေက ထပ်မှာတာက ကလ္လကတ္တားရောက်ပြီး နောက် တကယ်လို့ အင်္ဂလိပ်တွေက ကိုသိန်းဖေဆီ မပို့ဘဲ ညစ်ထားရင် ဖုန်းနဲ့ဆက်သွယ်ပြီး ကိုသိန်းဖေဆီ သတင်းပို့ရန်ဖြစ်တယ်။ ကိုသိန်းဖေနဲ့ ဆက်သွယ်ဖို့ ကိုသိန်းဖေရဲ့ ဖုန်းနံပါတ်ကိုပါ ကိုစံတင့်တို့ကို သခင်တင်ရွှေက ပေးလိုက်တယ်။

ဒီအချိန်က ဗိုလ်မှူးဗထူး လက်အောက်မှာရှိနေတဲ့ တပ်အနေအထားကို ပြောရမယ်ဆိုရင်–

၁။ စစ်ကိုင်းလေယာဉ်ပစ် အမြောက်တပ်မှာ ဗိုလ်အေးဖေ၊ ဗိုလ်သိန်းဦး၊ ဗိုလ်စောမောင်တို့ ခေါင်းဆောင်နေတယ်။

၂။ မန္တလေး လေယာဉ်ပစ် အမြောက်ကြီးတပ်မှာ တပ်ခွဲမှူးဗိုလ်အာဠာဝက ခေါင်းဆောင်နေတယ်။

၃။ ဗိုလ်ကြီးသောင်းကြည် ခေါင်းဆောင်တဲ့ တပ်ရင်း–၅ က မိတ္ထီလာမှာ ရှိတယ်။

၄။ စက်အမြောက်တပ်ခွဲ–၃ ဗိုလ်သန်းကြည်က သိန္နီမြို့မှာ ရှိတယ်။

၅။ စက်အမြောက်တပ်ခွဲ–၂ ဗိုလ်ရဲခေါင်က ပုလိပ်မြို့မှာ ရှိတယ်။

၆။ စက်အမြောက်တပ်ခွဲ–၄ ဗိုလ်ရဲဒင်က မြောက်ကိုင်းရှာ မြစ်ငယ်မြို့မှာ ရှိတယ်။

၇။ မြင်းတပ်၊ ဗိုလ်အုန်းတင်က တောင်ခြေမှာရှိတယ်။

၈။ ထောက်ပို့တပ်၊ ဗိုလ်ဖေသန်း

၉။ ဆေးတပ်

အဲဒါတွေပဲ။

ကိုစံတင့်နဲ့အတူ တပ်ကြပ်ကလေး ရဲဘော်ပါလေးကို ဗိုလ်မှူးက ကိုစံတင့်နဲ့တွဲဖက်ပြီး ထည့်ပေးလိုက်တယ်။ ကိုပါလေးကို ထားဝယ်မှာ လေထီးဆင်းဖို့အတွက် ရည်ရွယ်ပြီး ထည့်ပေးလိုက်တာ ဖြစ်တယ်။ သူက ထားဝယ်သား။ ပြီးတော့ ဗိုလ်မှူးဗထူးရဲ့ တပ်ကဖြစ်တယ်။ ပထမအစီအစဉ်က ကိုစံတင့်နဲ့ ထည့်ပေးလိုက်ဖို့ ရွေးချယ်ခြင်း ခံထားရသူက တပ်ကြပ်ကလေး သိန်းရီ(အခုဗိုလ်ကြီးဟောင်း သိန်းရီ)။ သူကဖျားနေတဲ့အတွက် သူ့အစား ကိုပါလေးကို ထည့်လိုက်တာ ဖြစ်တယ်။

မန္တလေး ဗိုလ်မှူးဗထူးနေအိမ်ကနေ မျက်ပါးရပ် လေယာဉ်ပစ်အမြောက်ကြီးတပ်ဝင်းကတစ်ဆင့် ကိုစံတင့်နဲ့ ကိုပါလေးတို့နှစ်ယောက် စစ်ကိုင်းရှိ လေယာဉ်ပစ် အမြောက်ကြီးတပ်ကို ထွက်လာခဲ့ကြတယ်။ စစ်ကိုင်းလေယာဉ်ပျံပစ် အမြောက်တပ်မှာ ဗိုလ်သိန်းဦးကိုသာတွေ့ပြီး ဗိုလ်အေးဖေက ရန်ကုန်မှာရှိတဲ့ လေယာဉ်ပစ် အမြောက်ကြီးတပ် တပ်ရင်းသွားနေတဲ့အတွက် မတွေ့ဘူး။ ဗိုလ်သိန်းဦးဆီ ဗိုလ်မှူးဗထူး တပ်စစ်ဆေးဖို့ဆင်းလာမယ်ဆိုတာကို ကြိုပြီး လာရောက်သတင်းပို့တာ ဖြစ်ပါတယ်။ သူတို့အိန္ဒိယသွားဖို့ လာတယ်ဆိုတာ ကိုတော့ ထိမ်ဝှက်ထားလိုက်သေးတယ်။

မကြာခင် ဗိုလ်မှူးဗထူး စစ်ကိုင်းဘက်ကို ကူးလာပါတယ်။ ဗိုလ်မှူးရောက် တယ်ဆိုရင်ပဲ ဗိုလ်သိန်းဦးရဲ့အခန်းထဲမှာ ဗိုလ်မှူးရယ်၊ ဗိုလ်သိန်းဦးရယ်၊ ဗိုလ်စောမောင်ရယ် ပြီးတော့ ကိုစံတင့်တို့ နှစ်ယောက်ရယ်ထိုင်ပြီး အိန္ဒိယသွားရေး ခရီးစဉ်ကို ဆွေးနွေးကြပါတယ်။ ဆွေးနွေးပြီးတဲ့နောက်မှာ မန္တလေးတုန်းက ကိုသိန်းဖေနဲ့တွေ့ရင် ပြောကြားရမယ့် စကားတွေကို ထပ်ပြီးမှာပြန်တယ်။ လုပ်ငန်းနဲ့ ပတ်သက်ပြီးတဲ့နောက် အထူးပြုပြီးမှာတဲ့ မှာကြားချက်က–

"မင်းတို့ကောင်းတယ်ထင်တာ လုပ်ခဲ့ကြ၊ တိုင်းပြည်ရဲ့ဂုဏ်ကိုတော့ မထိခိုက်စေနဲ့၊ တိုင်းပြည်မထိခိုက်ရင် ကြိုက်တာလုပ်ခဲ့"

အဲဒီလို အစစအရာရာ မှာကြားပြီးတဲ့နောက် ကိုစံတင့်တို့ ခရီးသွားဖို့ စီစဉ်တယ်။ ကိုစံတင့်က ဗိုလ်သိန်းဦးခါးမှာ ချိတ်ထားတဲ့ ဂျာမန်မော်ဇာပစ္စတို သေနတ်ကို မျက်စိကျတယ်။ ခရီးသွားရာမှာ ယူသွားချင်တော့ ဗိုလ်သိန်းဦးဆီကို

ကိုစံတင့်က တောင်းတယ်။ ဗိုလ်သိန်းဦးကလဲ လိုလိုချင်ချင်ပဲ သေနတ်ကို လှမ်းပြီးပေးတယ်။ ဒီတော့ ဗိုလ်မှူးကဝင်ပြီး ဟန့်တားလိုက်တယ်။

"ဟိုမှာ မလိုချင်အောင် ပေါပါတယ်ကွာ၊ ဒီမှာတော့ တစ်လက်ဆို ဆိုသလောက် အသုံးရှိနေတယ်"လို့ ပြောတယ်။ ဒါနဲ့ကိုစံတင့်လဲ မော်ဇာ သေနတ်ကို ဗိုလ်သိန်းဦးဆီ ပြန်ပေးလိုက်တယ်။

ဗိုလ်မှူးရဲ့အမိန့်အရ ဗိုလ်သိန်းဦးစခန်းမှာပဲ စစ်ဝတ်ကနေ အရပ်ဝတ် လဲလိုက်တယ်။ အားလုံး ဖျင်ကြမ်းတွေပဲ ဖြစ်တယ်။ ကိုစံတင့်တို့က လုံချည် ကြမ်းအပိုတစ်ထည်ယူပြီး ခေါင်းပေါင်းလိုက်တယ်။ သူတို့ကိုယ်သူတို့ ဘုန်းကျောင်းသားဟန် ပြောင်းလဲလိုက်တယ်။ လက်နက်တွေအားလုံး ထားခဲ့တယ်။ ဒါပေမယ့် လမ်းမှာအရေးကြုံရင်သုံးဖို့ဆိုပြီး မျက်ရည်ယိုဗုံး တစ်လုံးရယ်၊ ဓားမြှောင် တစ်ချောင်းရယ် ယူဆောင်ကြတယ်။ ကိုစံတင့်ကတော့ ဓားမြှောင် ကိုင်ထားပြီး မျက်ရည်ယိုဗုံးကိုတော့ ကိုပါလေးကို ယူဆောင်ထားစေလိုက်တယ်။

အိန္ဒိယရောက်ရင် ကိုသိန်းဖေဆီ ဗိုလ်မှူးဗထူးက အရေးကြီးတဲ့ စာက လေးတစ်စောင် ပေးလိုက်တယ်။ အဲဒီစာကို သေးနိုင်သမျှ သေးအောင်ပြုလုပ်ပြီး ရှမ်းဖက်ဆေးလိပ်ထဲမှာ ထည့်လိုက်တယ်။ ပြီးတော့ ဆေးရိုးတွေပြန်ထည့်ပြီး မီးညှိလိုက်တယ်။ နောက် မီးငြိမ်းသတ်လိုက်တယ်။ တကယ်လို့များ ဂျပန်တွေနဲ့ တွေ့ရင် သောက်လက်စဆေးလိပ်ထဲမှာ စာပါလာတယ်ဆိုတာ မရိပ်မိအောင် လုပ်တဲ့သဘောပဲ။

၁၉၄၅ ခု၊ ဇန်နဝါရီလ (၁၉) ရက်နေ့မှာ စတင်ပြီး ခရီးထွက်ကြတယ်။ ကိုကျော်ရွှေက ဗိုလ်သိန်းဦးရဲ့ လျှို့ဝှက်စခန်းဖြစ်တဲ့ ညောင်တုန်းစခန်းကို လိုက်ပို့တယ်။ အဲဒီကနေ မအူလေးရွာကို နောက်ဆက်သားအကူအညီနဲ့ ရောက်ကြရတယ်။ အဲဒီမှာပဲ ညအိပ်တယ်။ အဲဒီမှာ မြေအောက်တော်လှန်ရေး ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ကိုစိန်ဝင်း(အခုမသုံးလုံး စိန်ဝင်း)နဲ့ တွေ့တယ်။ ရှေ့တန်းစစ်မျက်နှာဟာ မဝေးတော့ဘူး ဆိုတာကို၊ ကိုစိန်ဝင်းဆီကတစ်ဆင့် သိရတယ်။ ကိုစိန်ဝင်းက ကိုစံတင့်တို့ကို ဒီလိုအကြံပေးပါတယ်။

"ရှေ့ဆက်သွားမယ့် ခရီးဟာ ရှေ့တန်းစစ်မျက်နှာနဲ့ မဝေးတော့ဘူး။ ဒီတော့ လက်ပတ်နာရီနဲ့ ကွတ်အင်္ကျီကို ဝတ်မသွားသင့်ဘူး၊ ခင်ဗျားတို့မှာ

အဲဒီလို အကြံပေးတဲ့အတွက် ကိုစံတင့်တို့က သူတို့မှာပါလာတဲ့ လက်ပတ်နာရီနဲ့ ကွတ်အင်္ကျီကိုချွတ်ပြီး ကိုစိန်ဝင်းကို ပေးလိုက်တယ်။ ကိုစိန်ဝင်းပေးတဲ့ အကြံဉာဏ်ဟာလဲ သဘာဝကျတယ်။ ဘာကြောင့်လဲဆိုရင် ကိုစံတင့်ဝတ်ခဲ့တဲ့ ကွတ်အင်္ကျီဆိုရင်လဲ ဂရေးကွတ်ခေါ်တဲ့ စစ်လောင်းကွတ် အင်္ကျီကိုဖျက်ပြီး ကွတ်အင်္ကျီချုပ်ထားလို့ ဖြစ်တယ်။ ပြီးတော့လဲ လမ်းမှာနွားကျောင်းသားအသွင် ရုပ်ဖျက်ပြီးသွားရမှာ ဆိုတော့ ဒီကွတ်အင်္ကျီနဲ့ နာရီဟာ နွားကျောင်းသားနဲ့ ဘယ်လိုမှ မအပ်စပ်ဘူး။ ဒါကြောင့် ကိုစိန်ဝင်းကို ချွတ်ပေးထားခဲ့တယ်။

နောက်တစ်နေ့ မနက်စောစော ဆက်သားတစ်ယောက် အကူအညီနဲ့ ခရီးဆက်ကြပြန်တယ်။ နောက်ဆုံးရောက်တဲ့ စခန်းကဆင်တပ်ရွာပဲ။ အနောက် မြောက်ဘက်ကို ဦးတည်ပြီး ခရီးနှင်ခဲ့ကြတယ်။ လမ်းမှာဂျပန်တပ်တွေဟာ ကျဲသထက်ကျဲလာတယ်။ တစ်ခါတစ်ခါ ရှေ့တန်းစစ်မျက်နှာက ဆုတ်လာတဲ့ ဂျပန်တပ်တွေနဲ့ တွေ့ရတယ်။ သူတို့က ဘယ်သွားမလဲလို့ မေးတဲ့အခါတိုင်း သူတို့ဟာ နွားကျောင်းသားပါ၊ နွားပျောက်လို့ လိုက်ရှာတယ်လို့ပဲ ဣန္ဒြေ ရရပြောရင်း ပါလာတဲ့စာထည့်ထားတဲ့ ဆေးလိပ်ကို ဟန်မပျက်မီးညှိ ညှိသောက်ပြနေရတယ်။

ဆင်တပ်အထိပဲ ဆက်သားအကူအညီနဲ့ လာခဲ့ကြတယ်။ ဆင်တပ် လွန်တဲ့အခါ ဆက်သားမခေါ်တော့ပဲ ဗြိတယော်ကိုမှန်းပြီး လျှောက်ခဲ့ကြတယ်။ ဆင်တပ်နဲ့ ဗြိတယော်ကြားရှိ ပြောင်းခင်းထဲမှာ စခန်းချပြီး ညအိပ်တယ်။ စောင်ကလဲ မပါ၊ ပြီးတော့ မြေကြီးပေါ်လဲအိပ်ရ၊ ဆောင်းတွင်းလဲ ဖြစ်ပြန်ဆိုတော့ တစ်ညလုံးချမ်းတုံလို့အိပ်မရဘူး၊ နှစ်ယောက်သား ကျောခြင်းကပ်အိပ်ပြန်တော့လဲ အချမ်းကမလုံ၊ ဒီအထဲ ဂျပန်တပ်တွေနဲ့ အင်္ဂလိပ်တပ်တွေ တစ်ဘက်နဲ့တစ်ဘက် အပြန်အလှန် ပစ်ခတ်နေတဲ့ အမြောက်သံတွေကြောင့် ပိုလို့တောင် အိပ်မရဘဲ ဖြစ်ကြရပြန်တယ်။ ဒါပေမယ့် တစ်နေ့လုံး ခရီးပန်းလာတဲ့အတွက် ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိ။ မိုးလင်းမှပဲ အိပ်ရာက လူးလဲထကြတယ်။

ခရီးဆက်ထွက်ဖို့ ပြောင်းခင်းထဲက ထွက်လာတယ်ဆိုရင်ပဲ ဒီနေရာမှာ နှစ်ခွခြေရာတွေ သားရေစစ်ဖိနပ်ခြေရာတွေ ပြောင်းခင်းပတ်ချာလည်မှာအထင်း သား တွေ့ကြရတယ်။ အဲဒီတော့မှ သူတို့မျက်လုံးတွေ ပြူးကျယ်သွားပြီး ဘုရား၊ ဘုရားလို့ မတရုံတမယ်ပဲ "အင်း တို့နှစ်ယောက်စလုံး ညအိပ်တဲ့အခါ

မယောက်တတ်ကြလို့ပေါ့ နှစ်ယောက်စလုံးသာ ယောက်တတ်မယ်၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကသာ ယောက်တတ်မယ်ဆိုရင် တို့နှစ်ယောက် ဘယ်သူ့ လက်နက်နဲ့ မရှုမလှ သေဆုံးရမလဲဆိုတာ အတိအကျမပြောနိုင်ပေမယ့် မရှုမလှ သေမှာတော့အမှန်ပဲ" အဲဒီလိုတွေးရင်းပဲ စိုးရိမ်စိတ်တွေ ဖင်လာကြတယ်။ နှစ်ဘက်စစ်သားတွေဟာအချိန်မရွေး ပေါ်ပေါက်နိုင်တယ်လို့ ချင့်ချိန်မိကြပြီး မရောက်ဘူးတဲ့အရပ်မှာ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ဖို့ ခရီးဆက်ခဲ့ကြရ ပါတယ်။

ဆင်တပ်မှာရှိတဲ့ ကွန်မြူနစ်ပြောက်ကျား ရဲဘော်တွေဟာ သူတို့မြို့နယ်ရဲ့ ညွှန်ကြားချက်အရ မဟာမိတ်တပ်တွေအထိ ဆက်သားမလိုက်ဖို့ တားမြစ် ထားပါတယ်။ အကြောင်းကတော့ အိန္ဒိယသွားမယ့် ရဲဘော်တွေကိုတော့ အိန္ဒိယကိုမို့ပေးပြီး ဆက်သားတွေကို ဖမ်းထားပြီး တော်လှန်ရေးသတင်းတွေကို ခြောက်တစ်ခါ ချော့တလှည့်နဲ့ စစ်ဆေးပြီး ပြန်မလွှတ်တဲ့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် ဆင်တပ်ကရဲဘော်တွေက ဆက်သားမလိုက်ဘဲ သူတို့သွားရမယ့် ခရီးကို လက်နဲ့သာ ညွှန်ပြပြီး လွှတ်လိုက်တဲ့အတွက် နှစ်ယောက်ထဲ သွားခဲ့ ကြတာ ဖြစ်တယ်။

**မဟာမိတ်တပ်နဲ့ ဆက်သွယ်မိခြင်း**

အဝတ်ဖိနပ် နှစ်ခွခြေရာက ဂျပန်ခြေရာဖြစ်ပြီး သားရေစစ်ဖိနပ်သဲ့ခွာ ရာက အင်္ဂလိပ်စစ်တပ်ခြေရာ ဖြစ်တယ်ဆိုတာ အလိုလို သူတို့နားလည် လိုက်တယ်။ ညက ဒီတစ်လျှောက်မှာ ဂျပန်ကင်းတွေနဲ့ အင်္ဂလိပ်ကင်းတွေ ခြေချင်းလိမ်ခဲ့တယ် ဆိုတဲ့သဘောပဲ။ ဒီတော့ ခရီးဆက်ထွက်ခဲ့ရာ သတိကြီး စွာထားပြီး အသည်းထဲတထိတ်ထိတ် ရင်တလှပ်လှပ်နဲ့ပဲ ချုပုတ်ထဲက ဘွားခနဲ လုံ့ရွပ်ကိုင်ဂျပန်တွေပဲ ပေါ်ခဲ့မလား၊ စတင်ဂန်းနဲ့ အင်္ဂလိပ်တွေက လှမ်းပစ်နေမလားလို့ တွေးပြီး ခရီးကိုသတိကြီးကြီးနဲ့ ဆက်ခဲ့ကြတယ်။

မကြာခင်ပဲ မြေကြီးတူးသံတွေ ကြားရတော့ ခြေထောက်တန့်ခနဲ့ အလိုအလျောက် ရပ်သွားကြတယ်။ ချုံကွယ်ကနေ အခြေအနေကို ချောင်းမြောင်း ကြည့်တဲ့အခါမှာ မြေကတုတ်တူးနေတဲ့ အင်္ဂလိပ်စစ်သားတွေကို မြင်ကြရတယ်။ ကိုစံတင့်တို့ အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတော့တယ်။ ချုံကွယ်

ကနေ ရင်ကိုကော့၊ လည်ကိုဆန့်ပြီး ခပ်တည်တည်ပဲ ကတုတ်ကျင်းတူးနေတဲ့ အင်္ဂလိပ်တပ်ဆီကို လျှောက်သွားကြပါတယ်။

စစ်တပ်အနီးရောက်တဲ့အခါမှာ သူတို့အနားကို မလာနဲ့ဆိုပြီး လက်ပြ မောင်းထုတ်ကြပါတယ်။ အဲဒီမယ် ကိုစံတင့်က လှမ်းပြီး အင်္ဂလိပ်လို ပြောလိုက်ပါတယ်။

"No, We have come to you" (မဟုတ်ဘူး ကျွန်တော်တို့က ခင်ဗျားတို့ဆီကို လာတာ)

ဒီလိုပြောလိုက်တော့ အင်္ဂလိပ်တွေက–

"They speak English"(သူတို့ အင်္ဂလိပ်စကား ပြောတတ်ပါလား)။ အဲဒီလိုပြောပြီး အင်္ဂလိပ်စစ်သားတွေ သူတို့နှစ်ယောက်ဆီ ဝိုင်းလာတယ်၊ ပြီးတော့ သူတို့ဆီမှာ ပါလာတဲ့ဓားမြှောင်နဲ့ မျက်ရည်ယိုဗုံးကို သိမ်းလိုက်တယ်။

သူတို့ တောင်းဆိုချက်အရ ကိုစံတင့်တို့ကို တပ်မှူးဆီကို ခေါ်သွားတယ်။ တပ်မှူးက အင်္ဂလိပ်မျက်နှာဖြူ ဒုဗိုလ်မှူးကြီး တစ်ယောက်ပါ။ အဲဒီတပ်မှာ အစုရန်ကုန်မြို့ (၂၉) လမ်းမှာနေတဲ့ ဗိုလ်ကြီးယောင်း ထွန်းအောင်တစ်ယောက်လဲ အင်္ဂလိပ်တပ်နဲ့အတူ ပါလာတာတွေ့ရတယ်။ ကိုစံတင့်တို့က တပ်မှူးကို အိန္ဒိယရှိ ဂျီ၊ အက်စ်၊ အိုင်၊ ကေ (G.S.I.K)ကိုပို့ပေးဖို့ တောင်းဆိုတယ်။

ဂျီ၊ အက်စ်၊ အိုင်၊ ကေ(G.S.I.K)လို့ သူတို့ကပြောပြတော့ အင်္ဂလိပ် တပ်မှူးက ကိုစံတင့်တို့ကို ကောင်းကောင်းမွန်မွန် ဧည့်ခံတယ်။ ပြီးတော့ စစ်သတင်းတွေကိုလဲ မေးတယ်။ ကိုစံတင့်တို့က လမ်းမှာတွေ့ခဲ့တာတွေ မှတ်သားခဲ့တာတွေကို ပြောပြတယ်။ အဲဒီစခန်းကနေပဲ စောင့်ပါ၊ သက်ဆိုင်ရာကို ဆက်သွယ်ဖို့ ကားရောက်လာပါလိမ့်မယ်လို့ ပြောပြီး စောင့်ခိုင်းတယ်။ ဂျစ်ကားရောက်လာတော့ ဂျစ်ကားနဲ့ပဲ သူတို့နှစ်ယောက်ကို ဘီ၊ အိုင်၊ စီရုံးကို ပို့ပေးတယ်။

ဘီ၊ အိုင်၊ စီ ထောက်လှမ်းရေးရုံးမှာ ဒုဗိုလ်အဆင့်ရှိတဲ့ အင်္ဂလိပ်ကပြားနဲ့ တွေ့တယ်။ (သူ့နာမည်က ဝါမင်တန် (War Ming Ton)လို့ ထင်တယ်လို့ ကိုစံတင့်က စာရေးသူကို ပြောပြတယ်။ စစ်မဖြစ်မီကာလက မီးရထားရဲအဖြစ် တာဝန်ထမ်းဖူးတယ်လို့ ပြောပြပါတယ်။) သူနဲ့တွေ့တော့ ကိုစံတင့်တို့ကို မေးတာမြန်းတာတွေ လုပ်လာတယ်။ အဲဒီမှာ ပြဿနာစဝင်တယ်။ "သူတို့ လာတဲ့ကိစ္စကို ပြောပြဖို့ သူတို့မှာတာဝန်မရှိဘူး၊ ဒါပေမယ့် စစ်သတင်းတွေ

ကိုတော့ ပြောပြမယ်"ဆိုပြီး ကိုစံတင့်တို့က မေးသမျှစစ်သတင်းတွေကို အားလုံးပြောပြလိုက်တယ်။

ထမင်းစားချိန်ကျတော့ ကုလားစစ်သားတွေလိုပဲ ပန်းကန်ပြားထဲ ထမင်းပုံပြီး ပဲဟင်းတွေဆမ်း၊ ဟင်းတွေပုံပြီး လာပေးတယ်၊ ဒါပေမယ့် ကိုစံတင့်တို့က မစားကြဘူး။ ဒီလိုကျွေးရင် မစားဘူးလို့ ငြင်းလိုက်တယ်၊ အဲဒီမှာ ပြဿနာတက်ပြန်တယ်။ အင်္ဂလိပ်မေဂျာတစ်ယောက် ဝင်လာပြီး မေးတယ်။ ကိုစံတင့်က–

"ကျွန်တော်တို့ဟာ လွတ်လပ်တဲ့ မြန်မာနိုင်ငံတော်ရဲ့ ကိုယ်စားလှယ် အဖြစ် လာတာဖြစ်တယ်၊ အဲဒီတော့ ကိုယ်စားလှယ်လိုပဲ ဆက်ဆံစေချင်ပါတယ်။ ကုလားစစ်သားတွေကို ကျွေးပုံမျိုး ကျွန်တော်တို့ လက်မခံနိုင်ပါ"လို့ ကိုစံတင့်က အင်္ဂလိပ်လိုပဲ ရှင်းပြလိုက်တယ်၊ ဒီတော့မှပဲ အင်္ဂလိပ်စစ်အရာရှိက စားသောက် ခန်းမှာခေါ်ပြီး ကျွေးတယ်။

## ကိုကြည်နဲ့တွေ့ခြင်း

အဲဒီမှာနေတုန်းမှာပဲ အင်္ဂလိပ်စစ်ဗိုလ်က "ခင်ဗျားတို့ထဲက လူနဲ့တူတယ် ကျွန်တော်တို့ဆီ ရောက်နေတယ်။ခင်ဗျားမသိဘူးလား၊ သူ့နာမည်က မောင်ကြည်တဲ့"လို့ ပြောပြပါတယ်။

မောင်ကြည်က အသက် (၁၈) နှစ်ခန့်ရှိပြီး အရပ်အမောင်း ခပ်ပြတ်ပြတ်၊ အသားအရောင်က ညိုတယ်၊ သွက်လက်ပုံရတယ်၊ စကားအသံနဲ့ လေယူ လေသိမ်းအရ၊ အညာဒေသဆီကလို့ တွက်ဆနိုင်ပါတယ်။

ကိုစံတင့်က မောင်ကြည်ကို မသိကြောင်း ပြန်ပြောပြပါတယ်။ ဒီအတိုင်းပဲ မောင်ကြည်ကလဲ ကိုစံတင့်တို့နှစ်ယောက်ကို မသိဘူးဆိုပဲ။ မောင်ကြည်ရဲ့ အမည်ရင်းက အောင်ညွန့် ဖြစ်ပါတယ်။ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့သား ဖြစ်ပါတယ်။ ဘီအိုင်အေခေတ်ကတည်းက မြန်မာ့လွတ်လပ်ရေး တပ်မတော်ထဲ ပါဝင်ခဲ့ပါတယ်။ ဘီအိုင်အေဖျက်ပြီးတဲ့နောက် မြန်မာ့ကာကွယ်ရေး တပ်မတော် အဖြစ် တည်ထောင်တဲ့အခါမှာ ဆက်ပြီး ဘီဒီအေမှာ ပါခဲ့ပါတယ်။

တပ်ရင်းမှူး ဗိုလ်မှူးကျော်ဇော (အခု ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော)၊ နောက်ပိုင်းမှာ ဗိုလ်မှူးသိန်းမောင်(အခု ဒုစစ်ထောက်ချုပ် ဗိုလ်မှူးကြီးသိန်းမောင်) ဦးစီးတဲ့ တပ်ရင်း–၄၊ တပ်ခွဲ–၂ က ရဲဘော်တစ်ယောက် ဖြစ်တယ်။

၁၉၄၄–ခု နှစ်ဦးပိုင်းမှာ ကသာခရိုင် အင်းတော်မြို့နယ် သက်ကယ်ကျင်းရွာမှာ အင်္ဂလိပ်စစ်ဗိုလ်ချုပ် ဝင်းဂိတ်ဦးစီးတပ်နဲ့ ဗိုလ်လှမြင့်ခေါင်းဆောင်တဲ့ ဘီဒီအေတပ်ရင်း (၃)၊ တပ်ခွဲ (၂) နဲ့ တိုက်ပွဲဖြစ်တယ်။ အဲဒီမှာ တပ်စိပ်တစ်စိပ်လုံး အင်္ဂလိပ်တပ်များလက် ကျရောက်သွားတယ်။ ဒီအဖမ်းခံရတဲ့တပ်စိပ်ထဲမှာ မောင်ကြည်လဲ တစ်ယောက်အပါအဝင် ဖြစ်တယ်။

မောင်ကြည်တို့ကို အိန္ဒိယပြည် နယူးဒေလီမြို့အနီးက စစ်သုံ့ပန်းစခန်းမှာ ချုပ်ထားလိုက်တယ်။ တစ်နေ့တော့ မောင်ကြည်ဖျားလို့ ဆေးရုံတက်ရတယ်။ ဆေးရုံက ဆရာမတစ်ယောက်က ကိုသိန်းဖေကို အကြောင်းကြားတယ်။ ဒီတော့ ကိုညိုထွန်း သွားတွေ့တယ်။ နောက် အင်္ဂလိပ်စစ်တပ်ဆီက တောင်းယူပြီး ကိုသိန်းဖေဆီမှာ ခေါ်ထားတယ်။

ကိုသိန်းဖေဆီ ရောက်တဲ့အခါကျပြန်တော့ ကိုသိန်းဖေက ဖက်ဆစ်ဆန့်ကျင်ရေးအကြောင်း ဆွေးနွေးပြန်တယ်။ မောင်ကြည်က ဂျပန်တော်လှန်ရေးတာဝန်ကို ဆက်လက်ထမ်းဆောင်မယ်လို့ ကတိပေးတဲ့အတွက် ကိုသိန်းဖေက အင်္ဂလိပ် ဖို့ဒ်–၁၃၆ တပ်ဖွဲ့ကိုအပ်ပြီး လက်နက်ငယ် သင်တန်းနဲ့ လေထီးသင်တန်းတွေကို တက်ရောက် သင်ကြားစေတယ်။

မောင်ကြည်ဟာ ပက်ရှဝါမြို့မှ ကလ္လကတ္တားရှိ ဘီဟာလာစခန်းကို ပြန်ရောက်လာပြန်တယ်။ မြန်မာပြည်တွင်းကို လေထီးနဲ့ဆင်းဖို့ ပြင်ဆင်မှုများကို လုပ်တယ်။ မောင်ကြည်ဟာ တပ်မတော်ကိုမဝင်ခင် စက်ချုပ်တတ်တဲ့သူဖြစ်တဲ့အတွက်၊ ဘီဒီအေ ယူနီဖောင်းကို သူကိုယ်တိုင်သူ့အတွက် ချုပ်ပါတယ်။ ဘီဒီအေယူနီဖောင်းနဲ့တူတဲ့ အသွေးအရောင်နဲ့ ပိတ်စများကို သူကိုယ်တိုင်ရွေးချယ်ပြီး ချုပ်တယ်။ တပ်ကြပ်ကလေး ရာထူးတံဆိပ်ကိုလဲ တူနိုင်သမျှတူအောင် ပြုလုပ်တယ်။ လိုအပ်တဲ့ပြင်ဆင်မှုတွေ ပြီးတဲ့အခါမှာ ဖို့ဒ်–၁၃၆တပ်ဖွဲ့က မောင်ကြည်ကို လေယာဉ်ပျံနဲ့တင်ခေါ်ပြီး ပဲခူးမြောက်ဘက်မှာပဲလေထီးနဲ့ ချပေးခဲ့တယ်။ သူ့ကိုချတဲ့အခါမှာ အောက်ကစောင့်ကြို အချက်ပြမယ့်သူ မရှိဘူး၊ ဂျပန်အန္တရာယ်ကင်းမကင်း ဆိုတာလဲမသိရဘဲ ညဘက် လရောင်ဖွေးဖွေးမှာပဲ ခုန်ဆင်းခဲ့ရတယ်။

မောင်ကြည်ဟာ မြေပြင်ကိုရောက်တဲ့အခါမှာ လေထီးကို မြေကြီးမှာမြှုပ်ပြီး အရှေ့ဘက်ကို ဦးတည်လျှောက်ခဲ့တယ်။ ရန်ကုန်မန္တလေးလမ်းမကို တွေ့တဲ့အခါမှာ ကားလမ်းပေါ် မတက်သေးဘဲ အခြေအနေကိုပဲကြည့်ပြီး

ပုနေလိုက်တယ်။ မိုးလင်းတော့မှပဲ ဘုရားကြီးရွာကိုဝင်ပြီး ဂျပန်ကားတစ်စီးကို လက်ပြတားပြီး ရန်ကုန်ကို လိုက်ခဲ့တယ်။

ရန်ကုန်ကို တပ်မတော်ထဲမှာနေစဉ်က ရောက်ဖူးပေါက်ဖူးတော့ ရန်ကုန် အခြေအနေကို သိနေတယ်။ ဒါကြောင့် မြေနီကုန်းက ဆိုက်ကားစီးပြီး ရွှေတောင်ကြားလမ်း ဝန်ကြီးသခင်သန်းထွန်းအိမ်ကို ရောက်လာတယ်။

ဝန်ကြီးသခင်သန်းထွန်းအိမ်ကို ရောက်အောင် မြေနီကုန်းက ဘယ်လို သွားရမယ်၊ သခင်သန်းထွန်းအိမ်အမှတ် (၂)၊ အိမ်အနေအထားက ဘယ်လို ရှိတယ် စတဲ့အခြေအနေကို သခင်သန်းထွန်းအိမ်မှာ တည်းခိုခဲ့ဖူးတဲ့ သခင် တင်ရွှေက အိန္ဒိယမှာကတည်းက မောင်ကြည်ကို အသေးစိတ် ပြောပြလိုက်တယ်။

မောင်ကြည်ဟာ သခင်သန်းထွန်းအိမ်ကို တန်းတန်းမတ်မတ်ပဲ ရောက်သွားတယ်။ သခင်သန်းထွန်းနဲ့ တွေ့တဲ့အခါမှာ နှစ်ယောက်တည်း စကားပြောဖို့ ခွင့်တောင်းပြီး သူအိန္ဒိယကလာခဲ့သူ ဖြစ်ကြောင်း၊ ကိုသိန်းဖေက လွှတ်လိုက်သူဖြစ်ကြောင်း ပြောချလိုက်တယ်။

ဒီတော့ သခင်သန်းထွန်းက အံ့အားသင့်သွားပြီး ချက်ချင်းဘာမှ ပြန်မပြောနိုင်ဘူး။ သခင်သန်းထွန်းက သက်ာမကင်း ဖြစ်လိုက်သေးတယ်၊ ဂျပန်ကင်ပေတိုင် စစ်ရဲတွေက လူလွှတ်ပြီး အယောင်ဆောင်ကာ ထောင်ချောက် ဆင်ဖမ်းလေသလားလို့ အောက်မေ့သွားသေးသတဲ့။

မောင်ကြည်က ကိုသိန်းဖေဆီက စာကိုထုတ်ပြပြီး အကျိုးအကြောင်း ရှင်းပြတော့မှ သခင်သန်းထွန်းလဲ မောင်ကြည်ကို စိတ်ချယုံကြည်သွားတယ်။

မောင်ကြည်ဟာ သူအခုလို လေထီးနဲ့ဆက်သားတာဝန်ကို ယူခဲ့ရတဲ့ အတွက် ဂုဏ်ယူနေပုံရသတဲ့။ စိတ်ကြီးဝင်နေပုံလဲ ဖြစ်နေဟန်တူသတဲ့။ ဒါကြောင့် သခင်တင်မြတို့တစ်တွေက မောင်ကြည်ကို သတိပေးစကား ပြောကြားရပါသေးသတဲ့။

ကိုတင်မြတို့က မောင်ကြည်ကို ဒီလိုသတိပေးစကား ပြောကြားခဲ့သတဲ့။

"မောင်ကြည် ထမ်းဆောင်နေရတဲ့ တာဝန်ဟာ ကြီးလေးကြောင်း၊ ဖက်ဆစ်ဂျပန်များ အန္တရာယ်ကို အမြဲသတိပြုရန် လိုကြောင်း၊ ဘယ်ကလာတယ် ဘယ်လိုလာတယ်၊ ဘာကိစ္စလာတယ်ဆိုတဲ့အကြောင်းကို မသက်ဆိုင်တဲ့

လူတွေကို မသိစေဖို့၊ မရိပ်မိစေဖို့ လျှို့ဝှက်ရေးထိန်းသိမ်းဖို့ လိုကြောင်း၊ ဒါကြောင့် စကားအပြောအဆို အနေအထိုင်ကစပြီး သတိပြုစေလိုကြောင်း" အဲဒီလိုသတိပေးပြီး ထိန်းခဲ့ရပါသတဲ့။

နောက်တစ်နေ့မှာ သခင်သန်းထွန်းဆီ သခင်တင်မြ ရောက်သွားတဲ့ အခါမှာ ရဲဘော်မောင်ကြည်နဲ့ ပါလာတဲ့ မဟာမိတ်စစ်ဘက်က ပေးလိုက်တဲ့ ဖလင်ကော်ပြားနဲ့ ကူးထားတဲ့စာကို လက်နှိပ်စက်နဲ့ ပြန်ကူးပြီးသား တွေ့ရတယ်။ မောင်ကြည်ကို စစ်ဘက်ကပေးလိုက်တဲ့ ဖလင်ကော်ပြားဟာ လက်သည်းခွန် အရွယ်ပဲ ရှိတယ်။ လက်နှိပ်စက်နဲ့ ပြန်ကူးထားတဲ့ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့စာဖြစ်ပြီး လျှောက်လွှာစာရွက် တစ်မျက်နှာခန့် ရှိတယ်။ သခင် ခင်အောင်ဟာ ဒေါက်တာဘသန်းဆီက မိုက်ခရိုစကုတ်ခေါ် ပိုးကြည့်မှန်ဘီလူးနဲ့ မောင်ကြည်ယူခဲ့တဲ့ ဖလင်ကော်ပြားကိုကြည့်ပြီး စာများကိုလက်ရေးနဲ့ ကူးယူတယ်။ နောက်လက်နှိပ်စက်နဲ့ ပြန်ရိုက်ကူးယူထားတာ ဖြစ်တယ်။

မဟာမိတ်စစ်ဘက်မှ ပေးလိုက်သောစာတွင် ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့သို့ဟူ၍ လိပ်စာတတ်ထားပြီး၊ မြန်မာပြည်တွင်း၌ ဖက်ဆစ်ဂျပန် တို့အား ဆန့်ကျင်တော်လှန်ရန် ဖွဲ့စည်းထားသောအဖွဲ့အား ဆက်သွယ် အကူအညီပေးရန်၊ အိန္ဒိယပြည်ရှိ အေ၊ အက်ဖ်၊ အို အဖွဲ့ကိုယ်စားလှယ်နှင့် သဘောတူညီပြီး ဖြစ်တဲ့အတိုင်း ဆက်လက် အကူအညီ ပေးမည်ဖြစ် ကြောင်း၊ ဤသို့ဆက်သွယ် အကူအညီပေးခြင်းမှာ မြန်မာပြည်မှ ဖက်ဆစ်ဂျပန်များကို စစ်ရေးအရရှုံးနိမ့်စေရေးအတွက်၊စစ်ရေးကိစ္စများ ကို ဆောင်ရွက်ရာတွင် အပြန်အလှန် ကူညီရန်သာ ဖြစ်သည်။

ဗိုဒ် ၁၃၆ သည် အေ၊ အက်ဖ်၊ အိုနှင့် ဆက်သွယ်ဆောင်ရွက် ရာတွင် နိုင်ငံရေးကိစ္စများကို ဆက်သွယ်ဆောင်ရွက်မည်မဟုတ်ပါ။ အေ၊ အက်ဖ်၊ အိုအဖွဲ့ဖြင့် ဖက်ဆစ်ဂျပန်တပ်များကို စစ်ရှုံးနိမ့်သွားအောင် တိုက်ခိုက်နေသော မဟာမိတ်စစ်ဌာနချုပ်အား ဖက်ဆစ်ဂျပန်တို့၏ အရေးကြီးသော စစ်သတင်းများကို ပေးပို့ရန်လိုသည်။ ဖက်ဆစ်ဂျပန် တို့က ဦးဆောင်ဖွဲ့ပေးထားသော မြန်မာ့ကာကွယ်ရေးတပ်ဖွဲ့က ဂျပန် တို့အား တော်လှန်တိုက်ခိုက်ရန် မည်မျှရှိနေသည်ကို မဟာမိတ်စစ်ဌာန ချုပ်က သိလိုသည်။

ဖက်ဆစ်ဂျပန်တို့ကို လက်နက်ကိုင်တိုက်ခိုက်ရန် ဖက်ဆစ်ဂျပန် တို့၏ စစ်ရေးကြိုးပမ်းမှုများကို ထိခိုက်အောင် လျှို့ဝှက်ဖျက်ဆီးရေး

လုပ်ငန်းများကို ဆောင်ရွက်ရန် မိမိ၏အဖွဲ့ဝင်အား လိုအပ်သော စစ်ပညာများ သင်ကြားရန် လွှတ်မည်ဆိုပါက မဟာမိတ်ဌာနချုပ်က ဆောင်ရွက်ပေးရန် အသင့်ရှိပါသည်။

မြန်မာပြည်ရှိ (အေ၊ အက်ဖ်၊ အို)အဖွဲ့နှင့် မဟာမိတ်စစ်ဌာနချုပ် အဖွဲ့ကိုယ်စား တပ်ဖွဲ့(ဖို့ဒ်–၁၃၆) တို့အကြား အမြဲတမ်းကြိုးမဲ့ကြေးနန်း ဆက်သွယ်ရန်အတွက် သင့်တော်သော လုံခြုံသည့် နေရာတစ်ခုတွင် လျှို့ဝှက်ကြိုးမဲ့ ကြေးနန်းဌာနတစ်ခု ဖွင့်ရန်လိုသည်။ သင့်တော်သော နေရာကို အေ၊ အက်ဖ်၊ အိုက ရွေးပေးရန်ဖြစ်သည်။

ယခုလွှတ်လိုက်သော မောင်ကြည်ဆင်းခဲ့သည့် နေရာကို မောင်ကြည်ဆင်းသက်သည့် နေ့ရက်မှ တစ်လပြည့်သောနေ့တွင် လေထီးဖြင့် ကြိုးမဲ့ကြေးနန်းစက်နှင့် ဆက်သွယ်သူများကို ထပ်မံချပေးမည်။ အောက်မှ တီ ပုံသဏ္ဍာန်မီးရောင် အချက်ပြ၍ ကြိုဆိုပါ။ စစ်ပညာသင်ကြားရန် အေ၊ အက်ဖ်၊ အို အဖွဲ့ဝင်များကို အိန္ဒိယသို့ စေလွှတ်ပါက မဟာမိတ်တပ်များနှင့် ဆက်သွယ်ရာတွင် စကားဝှက် အဖြစ်–

(ဂျီ၊ အက်စ်၊ အိုင်၊ ကေ) ဟူ၍ပင် အသုံးပြုပါ၊ စသည့် အကြောင်းအချက်များ စာတွင်ပါရှိလေသည်။

(တင်မြ/သခင်။ ဘုံဘဝမှာဖြင့်၊ ကုမာရပုံနှိပ်တိုက်၊ တစ်စုတစ် စည်းတည်း ပုံနှိပ်ခြင်း၊ ပထမအကြိမ်၊ ၁၉၇၁၊ ၆၅၆–၆၅၇)။

(မောင်ကြည် ကိုသိန်းဖေစခန်းကနေ ရန်ကုန်ရှိ သခင်သန်းထွန်း စခန်းဆီ ဘယ်ပုံဘယ်နည်း ဘယ်တာဝန်တွေယူပြီး ရောက်လာတယ် ဆိုတဲ့အကြောင်းတွေကို စာရေးသူက "သခင်တင်မြ ရေး–ဘုံဘဝမှာဖြင့် ကုမာရပုံနှိပ်တိုက်တွင် ၁၉၇၁–ခုနှစ် တစ်စုတစ်စည်းတည်း ပုံနှိပ်ခြင်း စာမျက်နှာ ၆၅၂ မှ ၆၅၇ ထိ မောင်ကြည်နဲ့ပတ်သက်တဲ့ ရေးသားဖော်ပြ ချက်တွေထဲက အချို့ကို လိုသလိုရေးသား ဖော်ပြပါတယ်။ တချို့ မူရင်းအတိုင်း တိုက်ရိုက်ကူးယူ ဖော်ပြပါတယ်။ ဒါပေမယ့် မောင်ကြည် ဟာ သခင်သန်းထွန်း စခန်းကနေ ကလ္လကတ္တားရှိ ကိုသိန်းဖေစခန်းကို ဘယ်ပုံဘယ်နည်း၊ တာဝန်တွေယူပြီး ဘယ်လမ်းကြောင်းကနေ သွားတယ်ဆိုတာကိုတော့ ဘုံဘဝမှာဖြင့်စာအုပ်မှာ ဆက်လက်ဖော်ပြတာ

မတွေ့ရဘူး။ တခြား တစ်စုံတစ်ယောက်ဆီကလဲ မောင်ကြည်ရဲ့ အပြန်ခရီးစဉ်ကို စုံစမ်းလေ့လာလို့ မရခဲ့၊ ကိုစံတင့် ကိုယ်တိုင် မောင်ကြည်ကို တွေ့စတုန်းကလဲ မောင်ကြည်ဟာ ဘယ်သူဘယ်ဝါ ဆိုတာ မသိဘူး။ မောင်ကြည် ဘယ်ဆက်အသွယ်နဲ့ ဘယ်လမ်းက လာခဲ့တယ်ဆိုတာကိုလဲ မောင်ကြည်ကို မေးမကြည့်ခဲ့ဘူး။ တကယ်တမ်း ကျတော့ မေးကြည့်ဖို့ တာဝန်ကို ကိုစံတင့်မှာလဲ မရှိဘူး၊ မေးလဲမေးပိုင်ခွင့် မရှိဘူး။ လျှို့ဝှက်ရေးကို ထိန်းသိမ်းရမယ်ဆိုတဲ့ စည်းမျဉ်းကလဲ ရှိခဲ့လို့ ဖြစ်တယ်။

ဒါကြောင့် စာရေးသူအနေနဲ့ မောင်ကြည်ရဲ့ သခန်းသန်းထွန်း စခန်းက ကိုသိန်းဖေစခန်းကို သွားတဲ့ခရီးစဉ်ကို ဖော်မပြနိုင်ခြင်း ဖြစ်တယ်။ စာရေးသူ။)

**ကလ္လကတ္တားသို့အသွား**

အဲဒီမှာ တစ်ညအိပ်ပြီးတဲ့နောက် ကပ္ပတိန်ဆော်လီ ရောက်လာတယ်။ ကပ္ပတိန်ဆော်လီက ကိုစံတင့်ကို သူက ဂျီ၊ အက်စ်၊ အိုင်၊ ကေ(G.S.I.K)က ဖြစ်တယ်။ ပြောစရာရှိရင် သူ့ကိုပဲ အားလုံးဖွင့်ပြောစေလိုကြောင်း ပြောလာတယ်။ ဒီတော့ ကိုစံတင့်က–

"ကျွန်တော် နားလည်တာက ဂျီ၊ အက်စ်၊ အိုင်၊ ကေဟာ ကလ္လကတ္တား မှာပဲ ရှိတယ်။ အဲဒီကျတော့မှ ပြောစရာရှိတာတွေ ပြောပါ့မယ်။ ခင်ဗျားကို ကျွန်တော်မသိဘူး။ ဒါကြောင့် သည်းခံပါ၊ အခုလို ဖွင့်မပြောနိုင်တာကိုလဲ တောင်းပန်ပါရစေ"

"ခင်ဗျားကို ဘယ်သူလွှတ်သလဲ"

"အေ အက်ဖ် အိုကပဲ လွှတ်တယ်"

"ဘယ်သူလဲ"

"သည်းခံပါ၊ ဘယ်သူဆိုတာ ကျွန်တော်ပြောမပြပါရစေနဲ့"

အမှန်က သူတို့က အခြေအနေအကြောင်းအရာတွေကို အသေးစိတ် သိချင်လို့ မေးတာပါပဲ။ ဒါပေမယ့် ကိုစံတင့်ကို ဗိုလ်မှူးဗထူးက ကိုသိန်းဖေနဲ့ မတွေ့မချင်း လာရင်းကိစ္စကို ပြောမပြဖို့ မှာလိုက်တဲ့အတွက် ကိုစံတင့်က တစ်လမ်းလုံး "ဘူး"ချည်းပဲ ခံခဲ့တယ်။

ကိုစံတင့်အနေနဲ့ လာတဲ့လမ်းခရီးမှာ ဂျပန်တွေနဲ့ တွေ့ခဲ့ပုံတွေကိုတော့ ပြောပြပါတယ်။

နောက်ပိုင်းကျတော့ ကပ္ပတိန်ဆော်လီက မန္တလေးနဲ့ ပတ်ဝန်းကျင်ရှိ ဂျပန်အခြေအနေတွေကို မေးပြန်တယ်။ ဒီတော့ ကိုစံတင့်က ပြောပြဖို့ ငြင်းဆန်နေပြန်တယ်။

"ဒါလဲ ကျွန်တော်ပြောမပြချင်ဘူး။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ ဆောင်ရွက်ပုံဟာ အင်မတန်နှေးကွေးတယ်။ ဂျပန်တွေဘယ်မှာရှိတယ်လို့ ကျွန်တော် တို့က သတင်းပေးတယ်။ ကျွန်တော်တို့ဆီက သတင်းရရချင်း ခင်ဗျားတို့က ချက်ချင်းလေကြောင်းက ဗုံးကြဲတာတို့ စက်သေနတ်ပစ်တာတို့ မလုပ်ဘူး။ နောက်သုံးလေးရက်မှ ခင်ဗျားတို့လာပြီး ဗုံးကြဲစက်သေနတ် ပစ်တယ်။ ဒီအချိန်မှာ ဂျပန်က စခန်းကရွှေ့သွားပြီ၊ ဒီတော့ ခင်ဗျားတို့ လာကြဲတဲ့ ဗုံး၊ ပစ်တဲ့စက်သေနတ် ကျည်တွေဟာ ကျွန်တော်တို့ မြန်မာ ပြည်သူတွေကိုပဲ လာထိမှန်တော့တယ်။ ကျွန်တော်တို့ ပြည်သူလူထုပဲ နစ်နာဆုံးရှုံးစေတယ်။ ကျွန်တော်တို့ လူကြီးတွေကလဲ ဒီအတိုင်းပဲ ခင်ဗျားတို့ကို ပြောပြဖို့မှာလိုက်တယ်"

မောင်ကြည်နဲ့ ကပ္ပတိန်ဆော်လီတို့ကတော့ မောင်ကြည် မြန်မာပြည် မသွားခင်ကတည်းက သိပြီးတဲ့လူချင်း ဖြစ်တယ်။ အခု မောင်ကြည် ပြန်လာတော့ ကပ္ပတိန်ဆော်လီနဲ့ မောင်ကြည်တို့အတွင်း ဆက်ဆံရေးဟာ အသစ်အဆန်း မဟုတ်တော့ဘူး။ အလိုလို နားလည်မှုလဲ ရှိနေပြီးပြီ။ ဒါပေမယ့် ကိုစံတင့်တို့နဲ့ ကပ္ပတိန်ဆော်လီအကြား အခုမှ လူချင်းတွေ့ရတော့ တစ်ယောက် အကြောင်း တစ်ယောက်လဲ သိသေးတာမဟုတ်ဘူး။ ဒါကြောင့် ကိုစံတင့်အနေနဲ့ ပြောသင့်တာပြောပြီး လျှို့ဝှက်သင့်တာကို လျှို့ဝှက်ထားရတဲ့ သဘောပဲ။

ကပ္ပတိန်ဆော်လီက ကိုစံတင့်တို့တစ်တွေကို သူကိုယ်တိုင် ဂျစ်ကား မောင်းပြီး ခေါ်သွားတယ်။ မြင်းမှုရောက်တော့ ရောဝတီ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း အမြောက်တွေနဲ့ အပြန်အလှန် ပစ်ခတ်နေတာနဲ့ သွားကြုံတယ်။ ဒါကြောင့် စစ်ပုလိပ်တွေက ဒီလမ်းအတိုင်း မသွားဖို့ဆိုပြီး ဟန့်တားကြတယ်။

ဒီတော့ ကပ္ပတိန်ဆော်လီက ကိုစံထင့်တို့ကို လက်ညှိုးထိုးပြီး ဒီလူတွေက အင်မတန် အရေးပါအရာရောက်တဲ့ လူတွေဖြစ်တယ်။ ၊ ကလ္လကတ္တားကို

၈. မော်စာဆတိုက်

အမြန်ဆုံးရောက်တဲ့နည်းနဲ့ ပို့ရမှာဖြစ်တယ် ဆိုပြီး ပြောပြတော့မှပဲ စစ်ပုလိပ်တွေက မလွန်ဆန်သာဘဲ သွားခွင့်ပြုလိုက်တယ်။

တစ်ဘက်နဲ့တစ်ဘက် အမြောက်တွေနဲ့ လှမ်းပစ်နေတဲ့ကြားထဲကပဲ ဂျစ်ကားကို မြန်နိုင်သမျှမြန်အောင် ရန်သူ့ရဲ့အမြောက်ဆန်ကြားကနေ ကွေ့ရှောင်ပြီး စစ်ကြောင်းကို ဖြတ်ကျော်ခဲ့ကြရတယ်။ နေဝင်မိုးချုပ်တော့မှပဲ မုံရွာကိုရောက်လာခဲ့ကြတယ်။ ကမ်းနားက ရုံးတစ်ရုံးမှာ သွားတည်းတယ်။ ဒီရုံးကသီးသန့်ရုံးတစ်ရုံးဖြစ်တယ်။ အဲဒီမှာပဲ ညစာစားကြတယ်။ ကပ္ပတိန်ဆော်လီက ကိုစံတင့်တို့ကို လက်ညှိုးထိုးပြပြီး ထမင်းချက်ကို ဒီလူတွေ အင်မတန်အရေးကြီးတဲ့လူတွေဖြစ်တယ်။ ဒါကြောင့် ထမင်းကောင်းကောင်း ချက်ကျွေးပါလို့ ညွှန်ကြားလိုက်တယ်။ ထမင်းချက်က ဗမာထမင်းဟင်း ကောင်းကောင်းချက်ကျွေးတယ်။

ဒီရုံးကနေပြီး ကလကတ္တားကို ဝိုင်ယာလက်နဲ့သတင်းပို့လိုက်တယ်လို့ ယူဆရပါတယ်။

အိပ်တော့ အိမ်ပေါ်တက်မအိပ်ရဘူး၊ ရွက်ဖျင်တဲမှာပဲ ကောင်းကောင်း မွန်မွန် ခင်းကျင်းပေးတယ်။ ကောင်းကောင်းမွန်မွန် နှစ်နှစ်ခြိုက်ခြိုက်ကြီးပဲ အိပ်ကြတယ်။ အဝတ်အစားတွေလဲအပိုမပါ။ ပြီးတော့ ဆောင်းလဲဖြစ်ပြန် ဆိုတော့ အင်မတန်ချမ်းတယ်။ ချမ်းလွန်းလို့ ဘယ်သူမှ ရေမချိုးရဲကြဘူး။ ညအိပ်တဲ့အခါမှာတော့ စောင် လုံလုံလောက်လောက်ပေးတော့ အရသာရှိရှိ အိပ်လိုက်တာ နောက်တစ်နေ့ မိုးလင်းတော့မှပဲ နိုးတော့တယ်။

နောက်တစ်နေ့နေ့လယ်မှာ ယာယီလေယာဉ်ပျံကွင်းလုပ်ထားတဲ့ နေရာကို ကိုစံတင့်တို့တစ်တွေ သွားကြတယ်။ လေယာဉ်ပျံကွင်းကိုရောက်တဲ့အချိန်မှာ လေယာဉ်ပျံကိုမမီလိုက်ဘူး၊ လေယာဉ်ပျံတက်ခါစပဲရှိသေးတယ်။ အမှန်က ကပ္ပတိန်ဆော်လီအနေနဲ့ ဒီလေယာဉ်ပျံအမီ လေယာဉ်ကွင်းကို အရောက်သွားဖို့ဖြစ်တယ်။ ဒါပေမယ့် ဘယ်လိုအရေးကြီးတဲ့ကိစ္စတွေ လုပ်နေရလို့ လေယာဉ်ပျံကွင်းကို အချိန်မီမရောက်သလဲမသိဘူး၊ သူတို့လေယာဉ်ပျံကွင်းကို ရောက်ရောက်ချင်း တက်စပြုနေတဲ့ လေယာဉ်ပျံကို သက်ဆိုင်ရာကနေတစ်ဆင့် ပြန်ခေါ်ခိုင်းတယ်။

ဒါကြောင့် လေယာဉ်ပျံလှည့်ပြီး ကွင်းကိုပြန်ဆင်းတယ်။ အဲဒီတော့မှ သူတို့အားလုံး လေယာဉ်ပျံပေါ်တက်ကြရတယ်။ ပြီးမှ လေယာဉ်ပျံ ပြန်တက်

သွားတယ်။ လေယာဉ်ပျံပေါ်မှာတော့ အင်္ဂလိပ်စစ်သား၊ စစ်ဗိုလ် ၁၅ ယောက်လောက်ပါတယ်။ သူတို့က ကိုစံတင့်ကိုလှမ်းကြည့်ကြတယ်။ ကိုစံတင့်တို့ကတော့ ရင်ကော့ပြီး ခပ်တည်တည်ပဲပေါ့။

ကပ္ပတိန်ဆော်လီနဲ့ တွေ့စကတည်းက ကပ္ပတိန်ဆော်လီက စီးကရက်တွေ ပေးထားတယ်။ စီးကရက်သောက်ဖို့ လေယာဉ်မှူးဆီမှာ ကပ္ပတိန်ဆော်လီက ခွင့်တောင်းတယ်။ လေယာဉ်မှူးကခွင့်ပေးလို့ စီးကရက်သောက်ကြရတယ်။ သစ်သားမီးခြစ်တွေမသုံးရဘူး။ မီးစုန်းမီးခြစ်တစ်မျိုးနဲ့ စီးကရက်ကို တေ့ပြီးဖွာလိုက်တာနဲ့ မီးညှိပြီးသားဖြစ်သွားတယ်။ သဘောကတော့ လေယာဉ်ထဲ ရိုးရိုးမီးခြစ်ရဲ့ မီးတောက်မျိုးမဖြစ်အောင်ပဲ။ ကပ္ပတိန်ဆော်လီက ကိုစံတင့်တို့တစ်တွေကို တယုတယအလေးထားပြီး အသေးအမွှားကအစ လိုက်လျောပြုစုနေတဲ့အတွက် လေယဉ်ပေါ်ပါလာတဲ့၊ တခြားအင်္ဂလိပ်စစ်ဗိုလ်စစ်သားတွေအဖို့ အဆန်းဖြစ်နေတယ်။

ကလ္လကတ္တားရောက်တဲ့အချိန်မှာ အမှောင်ထုလွှမ်းခြုံနေပြီး လေယာဉ်ဟာ ဘယ်ကွင်းမှာဆင်းတယ်ဆိုတာ ကိုစံတင့်တို့ မမှတ်မိဘူး၊ ကပ္ပတိန်ဆော်လီက ကိုစံတင့်တို့တစ်တွေကို လေယာဉ်ပေါ်မှာ ခဏနေစေပြီး ထွက်သွားတယ်။ အတော်ကလေးကြာတော့မှ ကပ္ပတိန်ဆော်လီ ဂျစ်ကားတစ်စီးနဲ့ လေယာဉ်နားရောက်လာတယ်။

ဒီတုန်းက တစ်နိုင်ငံက တစ်နိုင်ငံကိုဝင်လာတဲ့လူမှန်သမျှ ကျောက်ဆေးတို့၊ ပုလိပ်ဆေးတို့၊ ဝမ်းရောဂါကာကွယ်ဆေးတို့ထိုးပြီး/မပြီး စစ်ဆေးတယ်။ မထိုးရသေးရင် မဝင်ရဘူး။ ဆေးထိုးပြီးမှ ဝင်ရတယ်။

ဆော်လီက သူ့နည်းသူ့ဟန်နဲ့ ကိုစံတင့်တို့ ဒီကာကွယ်ရေးဆေးတွေထိုးပြီးပြီဆိုတဲ့ လက်မှတ်ယူခဲ့ပြီး လေယာဉ်ကွင်းက ဖြတ်ကျော်ခဲ့ပါတယ်။

လေယာဉ်ကွင်းကနေ ဖို့ဒ် ၁၃၆ တပ်ဖွဲ့ စစ်ဌာနချုပ်ရုံး ဘီစီအက်စ်ကို ရောက်ကြတယ်။

ရုံးဆင်းပြီးချိန်မို့ တာဝန်ကျတွေပဲရှိတယ်။ တာဝန်ရှိ ့တပ်မှူးတွေအိမ်ပြန်ကြပြီ။ ဒီတော့ ရုံးမှာ ဘယ်သူမှမရှိတော့ဘူး။ အဲဒီတော့ ကပ္ပတိန်ဆော်လီအရပ်ထဲမှာရှိတဲ့ သူ့အိမ်ကိုခေါ်သွားတယ်။ သူကအရပ်ထဲမှာနေသူပါ။ သူက အင်္ဂလိပ်အစစ်တစ်ယောက်ဖြစ်မှာပဲလို့ ကိုစံတင့်တို့က အကဲခတ်ကြတယ်။ ဒါပေမယ့် သူယူထားတဲ့ဇနီးကျတော့ မြန်မာပြည်ပေါက် မဒရာစီ

ကုလားမတစ်ယောက်ပဲ။ အမျိုးသမီးက မည်းကြုပ်ကြုပ်။ ဒါပေမယ့် မွေးလာတဲ့ ကလေးကျပြန်တော့ ခပ်ဖြူဖြူပဲ၊ ချစ်စရာကလေးရယ်၊ အမျိုးသမီးက မြန်မာပြည်ပေါက်ပီပီ ဗမာလိုမွတ်နေတယ်။

ကပ္ပတိန်ဆော်လီရဲ့ အိမ်ရောက်တော့ ည (၈) နာရီထိုးနေပြီ။ သူတို့ ရောက်မှ ထမင်းဟင်းကို ကမန်းကတန်းချက်ရတယ်။ ထမင်းချက်နေတုန်း ရေမိုးချိုးပါဦးလားလို့ ကပ္ပတိန်ဇနီးကပြောလာတယ်။ ဒါကြောင့် ကိုစံတင့်က ကြွေရည်သုတ်ရေချိုးဇလားထဲဆင်းပြီး ရေချိုးဆပ်ပြာတိုက်တယ်။ စစ်ကိုင်းက ထွက်ကတည်းက တစ်ခါမှရေမချိုးရဘဲလာခဲ့ကြတော့ တစ်ကိုယ်လုံး ဖုန်တွေ ချွေးတွေနဲ့ပဲ။ ချေးတွေထုလပျစ်ကြီးဖြစ်နေတယ်။ ရေထဲစိမ် ဆပ်ပြာတိုက်၊ ချေးတွေချွတ်ဆိုတော့ ကိုယ်ကထွက်လာတဲ့ချေးတွေ ဇလားမှာ သွားကပ်နေပေတော့တယ်။ ရွံစရာကောင်းလောက်အောင်ပါပဲ။ ချေးတွေ ကပ်ပေနေတာကြောင့် အားနာမိသေးတယ်။ ဒါကြောင့် ရေအဟောင်းဖွင့်ချပြီး ဇလားမှာ ကပ်နေတဲ့ချေးတွေကို ဆပ်ပြာနဲ့ပြန်တိုက်ချွတ်ရပြန်တယ်။ နောက် ရေအသစ်ဖြည့်၊ ရေအဟောင်းပြန်ဖောက်ချ၊ ဒီလိုရေနှစ်ခါသုံးခါ ဖောက်ချတော့မှ ပဲ ရေချိုးဇလားမှာ မူလအတိုင်း ဖြူစင်ပြီး ကြွေရောင်ထသွားပါတော့တယ်။

ရေချိုးလိုက်တယ်ဆိုရင်ပဲ တစ်ကိုယ်လုံး ချေးညှော်တွေလွင့်စင်သွားပြီး လှုလဲလန်းလန်းဆန်းဆန်း ဖြစ်လာတယ်။ ဒါပေမယ့်ရေချိုးပြီး ပြန်ဝတ်ဖို့ အင်္ကျီလုံချည်က အပိုမပါဘူး၊ ဒီတော့ ချေးအထပ်ထပ်ပေနေတဲ့ မူလ အဝတ်အစားကိုပဲ ပြန်ဝတ်လိုက်ရပြန်တယ်။

အိပ်တော့လဲညွှေ့ခန်းမှာ အိပ်ရတယ်။ ဖြူဖွေးနေတဲ့ မွေ့ရာခင်းပေါ် အိပ်ရမတဲ့။ ဖြူဆွတ်နေတဲ့ ခေါင်းအုံးတွေပေါ် အိပ်ရမတဲ့။ မည်းနေတဲ့ အဝတ် အစားတွေဝတ်ပြီး မအိပ်ချင်ဘူး၊ အားနာလှပါတယ်။ အိပ်ချိန်ကျတော့ အိပ်ရာခင်းပေါ် အိပ်ချလိုက်တယ်ဆိုရင်ပဲ အိပ်ရာခင်းတွေအားလုံး အဝတ် အစားတွေက ချေးညှော်တွေ ပေလူးကုန်တယ်။ ဖြူဖွေးနေတဲ့ မွေ့ရာကြီး တစ်ခုလုံး မည်းတူးကုန်ပြန်တော့တာပါပဲ။ အဲဒီမှာလဲအားနာရပြန်ပါတယ်။

တစ်ညလုံး မွေ့ရာကြီးပေါ်မှာ ဖိမ်ရှိရှိနဲ့အိပ်ကြရတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားကြတယ်။ နောက်တစ်နေ့ မနက်မိုးလင်းတော့ နေတော်တော် မြင့်နေပြီ၊ ကပ္ပတိန်ဆော်လီ ဘယ်အချိန်ကထပြီး အပြင်ထွက်သွားလိုက်မှန်း

တောင် မသိလိုက်ကြဘူး။ မနက်မိုးလင်းပြန်တော့လဲဗမာရည်လည်တဲ့ သူ့အမျိုးသမီးက ဗမာဆန်ဆန်ပဲ ဧည့်ခံကျွေးမွေးပြန်တယ်။

သူ့အမျိုးသမီးက ကပ္ပတိန်ဆော်လီ မကြာခင်ပြန်လာမယ့်အကြောင်း၊ အိမ်မှာ အေးအေးဆေးဆေး အနားယူနေဖို့မှာသွားတဲ့အကြောင်း တစ်ဆင့် ပြောပြပါတယ်။ ဒါကြောင့် သူတို့လဲ မနက်လက်ဖက်ရည်နဲ့ မုန့်ပဲ သားရေစာ တွေ စားသောက်ပြီးတဲ့အခါမှာ သူ့အိမ်နောက်ဖေးမှာပဲ သူ့သမီးကလေးနဲ့ အတူ သူတို့မွေးထားတဲ့ ယုန်ကလေးတွေနဲ့အတူ ကစားကြတယ်။ မနက် ၉ နာရီလောက်မှ ကပ္ပတိန်ဆော်လီ ဂျစ်ကားနဲ့ပေါက်လာတယ်။

ဇန်နဝါရီလ ၁၉ ရက်နေ့က မန္တလေးကထွက်လာပြီး ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ကလ္လကတ္တားရှိ ဖို့ဒ် ၁၃၆ တပ်ဖွဲ့စစ်ဌာနချုပ်ကို ရောက်ခဲ့တယ်။

ရုံးမှာ အင်္ဂလိပ် ကာနယ် ဗိုလ်မှူးကြီးတစ်ယောက်နဲ့ ကိုစံတင့်တို့ကို ကပ္ပတိန်ဆော်လီက မိတ်ဆက်ပေးတယ်။ နောက်သူတို့ကို အခန်းတစ်ခန်း ထဲမှာ နေရာချပေးထားတယ်။ ကိုစံတင့်တို့ကို အခြားကာနယ်တစ်ယောက် နဲ့ အင်္ဂလိပ်မေဂျာ (ဗိုလ်မှူး) တစ်ယောက်တို့ လာရောက်ပြီး တွေ့ဆုံနှုတ်ဆက် ပြန်တယ်။ သူတို့ထွက်သွားကြပြီးတဲ့နောက် ကုလားစားပွဲထိုးတွေက စားသောက်စရာတွေယူပြီး ဝင်လာခဲ့တယ်။ ကိုစံတင့်တို့ကိုမြင်တော့–

"ဘရားဆပ်တွေ ဘယ်မှာလဲ" လို့ မေးတယ်။

"ငါတို့ပဲ" လို့ ကိုစံတင့်က ပြောလိုက်တော့ စားပွဲထိုးတွေ နှာခေါင်း ရှုံ့သွားကြတယ်။

အင်္ဂလိပ်မျက်နှာဖြူအရာရှိကြီးတွေ စားတဲ့အခန်းထဲမှာ အဝတ်အစား ညစ်ထေးထေး ချည်ကြမ်းလုံချည် ခပ်နွမ်းနွမ်းဝတ်ထားတဲ့ ကိုစံတင့်တို့လူစုကို မြင်တော့ သူတို့အတွက် အဆန်းဖြစ်နေတာပေါ့။ စားပွဲထိုးတွေအထင်က အင်္ဂလိပ်မျက်နှာဖြူတွေ အရာရှိတွေအတွက်ထင်ပြီး ယူခဲ့တဲ့ အင်္ဂလိပ်အစားအစာ တွေဟာ ဒီလိုညစ်ပေပေဖြစ်နေတဲ့ ဗမာတွေအတွက် မဟုတ်ဘူးလို့ သူတို့ အထင်ရှိကြတယ်။

ဒါကြောင့် အခန်းထဲဝင်လာလာချင်း သူတို့မျက်စိတွေက အင်္ဂလိပ် အရာရှိတွေကိုပဲရှာကြတယ်၊ မတွေ့တော့မှ "ဘရားဆပ်တွေ ဘယ်မှာလဲ" လို့ မေးဟန်တူတယ်။ "ငါတို့ပဲ"လို့ဆိုတော့ ဒီစကားဟာ သူတို့နားကို

သူတို့ယုံကြည်ရခက်သွားဟန်တူတယ်၊ ပြီးတော့ သူတို့အဖို့ ထူးရှဲဆန်းနေတယ်။ နားမလည်နိုင်အောင်ဘဲဖြစ်ပြီး အံ့ဩနေတယ်။

ပေးလာတဲ့အစားအသောက်တွေ တဝကြီးစားသောက်ပစ်လိုက်တယ်။ စားသောက်ပြီးတော့ အင်္ဂလိပ်မေဂျာတစ်ယောက်ရောက်လာတယ်။ ထုံးစံအတိုင်း အကုန်လျှောက်မေးပြန်တယ်။ ကိုစံတင့်တို့က အခါတိုင်းလိုပဲ မြန်မာပြည်တွင်းက ဂျပန်တွေနေတဲ့စခန်းတွေကိုပြောမပြဘူး၊ ဒါကိုတော့ ခွင့်လွှတ်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် "ခင်ဗျားတို့က ဂျပန်မရှိတော့မှပဲ သွားပြီးဗုံးကြဲတယ်။ နောက်ဆုံးရလဒ်ကတော့ မြန်မာပြည်သူတွေသေတယ်။ မြန်မာအဆောက်အအုံတွေ ပြာပုံဖြစ်ခဲ့ရတယ်။ ဒီလိုပျက်စီးဆုံးရှုံးမှုတွေဟာ အတောမသတ်နိုင်အောင် ကြုံတွေ့ခဲ့ရတယ်။ ဒါကြောင့် မပြောပါရစေနဲ့"လို့ နားလည်သဘောပေါက်အောင် ရှင်းလင်းပြောပြရပါတယ်။

ဒီတော့ မေဂျာက "စာပါသေးသလား" လို့မေးတယ်။ ပြီးတော့ ဘာများ မှာလိုက်သေးသလဲလို့ မေးတယ်။

"ကိုသိန်းဖေအတွက် သီးသန့်မှာလိုက်တာပဲပါတယ်။၊ ဒါကြောင့် သူတို့နဲ့ အမြန်ဆုံး တွေ့ပေးပါ။ ကိုသိန်းဖေနဲ့တွေ့ပြီး ပြောချချက်တွေ ခင်ဗျားတို့ဆီရောက်လာမှပဲ" လို့ ကိုစံတင့်က တောင်းဆိုလိုက်တယ်။

မေဂျာက "ခဏနေပါဦး" ဆိုပြီး ထွက်သွားတယ်။ ခဏဆိုပြီးထွက်သွားတာ တော်တော်နဲ့ပေါ်မလာဘူး။ တော်ကြာမှ ကိုစံတင့်တို့ (၃) ယောက်ကို မေဂျာက ကိုသိန်းဖေဆီဂျစ်ကားနဲ့လိုက်ပို့ပေးတယ်။ ဂျစ်ကားရဲ့ နောက်မှာ စစ်ထရပ်ကားကြီးက ကပ်ပါလာတယ်။ အဲဒီကားပေါ်မှာ ကိုစံတင့်၊ မောင်ကြည်နဲ့ ကိုပါလေးတို့အတွက် ခုတင်တွေ၊ အိပ်ရာစောင်၊ အဝတ်အစားတွေတင်ပြီး ယူခဲ့တယ်။

အဲဒီ ဇန်နဝါရီလ (၂၃) ရက် နေ့ (၁၂:၀၀) နာရီလောက်မှာပဲ ကိုသိန်းဖေဆီရောက်ကြတယ်။ ရောက်တယ်ဆိုရင်ပဲ သခင်တင်ရွှေရဲ့ဇနီး ရဲဘော် မခင်စီ(မမြရီ)နဲ့ အရင်တိုးတော့တာပဲ။ သူက–

"ခင်ဗျားတို့ မြန်မာပြည်ကလာတဲ့ ရဲဘော်တိုင်းဟာ 'သန်းကြီးမ' တွေပါလာတာချည်းပဲ၊ ဒါကြောင့် အဝတ်တွေချွတ်ပစ်လိုက်၊ ရေချိုးခန်းကို တောက်လျှောက်ဝင်ရေချိုးပါ"ဆိုပြီး ရေချိုးဖို့အမိန့်ပေးပါတယ်။ ရေချိုးရမယ့် နေရာတွေကိုလဲလိုက်ပြတယ်။ အဲဒီမှာ ဆပ်ပြာမွှေးတွေနဲ့ ရေချိုး ကြရတယ်။

နောက် စစ်ဝတ်စစ်စားအသစ်တွေ ထုတ်ပေးတယ်။ ဒီတစ်ခါတော့ ချေးညှော်တွေကို တိုက်ချွတ်ရေချိုးပြီး အဝတ်ဟောင်းတွေ မဝတ်ရတော့ တကိုယ်လုံး သန့်သန့်ရှင်းရှင်း ဖြစ်သွားတယ်။ အဝတ်အစားကောင်းတွေနဲ့ဆိုတော့ စမတ်ကျသွားတယ်။ လူလဲ ပေါ့ပေါ့ပါးပါးဖြစ်သွားတယ်။

ရေမိုးချိုးပြီးတဲ့နောက် ကိုသိန်းဖေကခေါ်တယ်ဆိုလို့ သူတို့နေတဲ့အပေါ်ထပ်ကို တက်သွားရတယ်။ ကိုသိန်းဖေက ပက်လက်။ သူ့ခေါင်းရင်းနားက ကုလားထိုင်နှစ်လုံးပေါ်မှာ အိန္ဒိယသားနှစ်ယောက် ထိုင်နေတယ်။ သူတို့ (၃)ယောက် စကားလက်ဆုံကျနေတယ်။ ကိုစံတင့် သူတို့အနားရောက်သွားတော့ ပြောနေတဲ့စကားကို ရပ်လိုက်ကြပြီး ကိုစံတင့်တို့ဘက်ကို အာရုံလှည့်သွားတယ်။ ကိုသိန်းဖေက စတင်ပြီး ကိုစံတင့်ကိုမေးပါတယ်။

"ရဲဘော်နာမည်က ဘယ်လိုခေါ်ပါသလဲ"

"စံတင့်ပါ"

"သူဘာတွေ မှာလိုက်သလဲ"

"လူစိမ်းတွေရှေ့မှာ ကျွန်တော် ပြောမပြနိုင်ပါ"

ဒီတော့ ကိုသိန်းဖေက ကိုစံတင့်ပြောတဲ့စကားပေါ်မှာ ဘယ်လိုသဘောပေါက်သွားလဲမသိဘူး၊ သူ့စကားကို ဒီအတိုင်းပဲပြန်ဆက်ပြန်တယ်။

"ရဲဘော်ကြည့်ရတာ ဂျပိုးနဲ့တူတယ်" အဲဒီလိုပြောလိုက်တော့ ကိုစံတင့် အနေနဲ့ မခံမရပ်ဖြစ်သွားတယ်။

"လျှို့ဝှက်ရေးကို ထိန်းသိမ်းစရာရှိတာ ထိန်းသိမ်းဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်" အဲဒီလို ကိုစံတင့်က တာဝန်ရှိရှိစကားကို ပြောလိုက်တယ်။

ကိုသိန်းဖေကလဲနောက်ထပ် ကိုစံတင့်တို့လာတဲ့ကိစ္စနဲ့ပတ်သက်ပြီး ထပ်မမေးတော့ဘူး။ ရဲဘော်တစ်ယောက်က အိန္ဒိယသားပုဂ္ဂိုလ်နှစ်ဦးကို ထမင်းစားလာခေါ်တယ်။ အဲဒီမယ် စကားပြောပြတ်သွားတယ်။ လာခေါ်တဲ့ ရဲဘော်က ကိုစံတင့်ကိုလဲ ထမင်းစားဖို့ခေါ်တယ်။ ဒါနဲ့ အိန္ဒိယသားတွေနဲ့အတူ ထမင်းစားခန်းကို အတူလိုက်သွားပြီး ထမင်းစားတယ်။

ညကျမှ အဲဒီပုဂ္ဂိုလ်နှစ်ယောက် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို ကိုစံတင့်သိရတယ်။ ထောင်ထောင်မောင်းမောင်းဗလကောင်းကောင်း အသားညိုညို ဘင်္ဂါလီအမျိုးသားက မစ္စတာကိုရှယ်ဖြစ်တယ်။ ပုပုပြတ်ပြတ်

အသားလတ်လတ် ဘင်္ဂါလီအမျိုးသားက မစ္စတာဂျိုရှီဆိုသူဖြစ်တယ်။ မစ္စတာဂိုရှယ်က မြန်မာပြည်ပေါက်ဖြစ်တယ်။ မြန်မာပြည် ကွန်မြူနစ်လုပ်ငန်းကို စတင်ပျိုးထောင်သူထဲက တစ်ယောက်အပါအဝင်ဆိုတာ နောက်မှသိရှိလာရတယ်။ မစ္စတာဂျိုရှီကတော့ အိန္ဒိယပြည်ကွန်မြူနစ်ပါတီရဲ့ အထွေထွေအတွင်းရေးမှူးဆိုတာ သိရှိလာတယ်။

ထမင်းပွဲမှာ ဗမာအစားအစာတွေ ချက်ပြုတ်ဧည့်ခံကျွေးမွေးတယ်။ ငပိကြော်တွေလဲပါတယ်။ အဲဒီတော့ မစ္စတာဂိုရှယ်ဆိုသူက ငပိကြော်ကို လက်ညှိုးထိုးပြီး–

"It is the staple food of Burma Called Ngapi" ပြောလိုက်တယ်။ ပြီးတော့ ဂိုရှယ်က ငပိကြော်ကို ဂျိုရှီပန်းကန်ထဲ ထည့်ပေးတယ်။ ဂျိုရှီက မြည်းကြည့်တယ်၊ အရသာတွေ့သွားပုံရတယ်။

နေ့လယ် ၂း၀၀ နာရီလောက်ကျတော့ ကိုကျော်ရင် (ပါမောက္ခချုပ် ဦးကျော်ရင်) တစ်ယောက် စာရွက်နဲ့ ဖောင်တိန်ဆွဲကိုင်ပြီး ကိုစံတင့်ဆီ ပေါက်လာတယ်။ သူ့ကိုအလုံးစုံအစီရင်ခံလိုက်တယ်။ သနပ်ဖက်ဆေးလိပ်ထဲ ထည့်ယူခဲ့တဲ့စာကိုလဲ ပေးလိုက်တယ်။ တစ်လမ်းလုံး ဂျပန်တွေ့တိုင်း မီးညှိပြီး ဟန်ဆောင် ဆေးလိပ်ဖွာခဲ့ရတဲ့အတွက် စာတောင် မီးနည်းနည်း ကျွမ်းသွားသေးတယ်။ ကိုကျော်ရင်က အားလုံးရေးမှတ်ယူပြီး ကိုသိန်းဖေဆီ သွားပေးတယ်။

အဲဒီနေ့ဟာ ဇန်နဝါရီ (၂၃) ရက်နေ့ညဖြစ်တယ်၊ ထမင်းစားသောက်ပြီးတဲ့နောက် ဘုံရိပ်သာမှာရှိကြတဲ့ ရဲဘော်တွေဆုံပြီး စုဝေးကြတယ်။ မစ္စတာဂျိုရှီနဲ့ မစ္စတာဂိုရှယ်တို့လဲ အတူပါကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်မိတ်ဆက်ပေးတော့မှ မနက်က ကိုစံတင့်စရောက်ရောက်ချင်း ကိုသိန်းဖေရဲ့ ခုတင်ဘေးမှာထိုင်နေတဲ့ ကုလားအမျိုးသားနှစ်ယောက်ဟာ ဘယ်သူတွေလဲဆိုတာ ကိုစံတင့်သိရှိရတော့တယ်။

ဒီကွန်မြူနစ်ခေါင်းဆောင်ကြီးတွေရှေ့မှာ အထူးလျှို့ဝှက်ရေးကို ကျင့်သုံးနေစရာမလိုဘဲ ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းပြောနိုင်တယ်လို့ ကိုသိန်းဖေအနေနဲ့ ယူဆချင်ယူဆပေလိမ့်မယ်။ ကိုစံတင့်အဖို့ကတော့ ဒီလူတွေနဲ့ အခုမှ တွေ့ရမြင်ရပြီးတော့ သူတို့ဟာ ကွန်မြူနစ်ခေါင်းဆောင်ကြီးတွေဖြစ်တယ်ဆိုတာလဲသိသူမဟုတ်ဘူး။ ဒါကြောင့်မို့ ကိုစံတင့်က ဒီလူတွေရှေ့

မှာ ပြောပြဖို့ငြင်းဆန်လိုက်တာကို တေလေဂျပိုးအဖြစ် မှတ်ယူလိုက်ဟန်တူတယ်။

**ဘုံရိပ်သာနဲ့ အရက်**

ကိုစံတင့်ဘုံရိပ်သာရောက်ပြီး နောက်တစ်နေ့မှာ မခင်စီက ဈေးဝယ်လိုက်မလားဆိုပြီး ခေါ်တယ်။ လိုက်မယ်ဆိုပြီး ကိုစံတင့်လိုက်သွားတယ်။ ငပိတန်းဆိုတဲ့ မြန်မာပြည်က စစ်ပြေးတွေနေတဲ့ Pank Circus (ပတ်က်ဆားကပ်စ်) အရပ်က ဗမာအိမ်တွေမှာ ငပိဝယ်တယ်။

နောက် ချိုင်းနားတောင်းခေါ်တဲ့ တရုတ်တန်းကို ရောက်တယ်။ အဲဒီမှာ ငမန်းတောင်ဟင်းချိုဝယ်သောက်ကြတယ်။ ကိုစံတင့်အနေနဲ့ အရင်က ငမန်းတောင်ဟင်းချိုကို မြင်တောင်မမြင်ဖူးဘူး၊ စစ်အတွင်းမို့ ထင်ပါရဲ့ တစ်ပန်းကန်ကို ၃ ကျပ် ပေးရတယ်။

ကိုစံတင့်က ခဏအပြင်ထွက်ဦးမယ်ဆိုပြီး မခင်စီကိုပြောပြီး ထွက်သွားတယ်။ ကောင်တာမှာ အရက်ရောင်းတာမြင်တော့ အနံ့မရှိတဲ့ ဂျင်တစ်ပက်သောက်ပြီး အခန်းထဲပြန်ဝင်သွားတယ်။ မခင်စီကတော့ မသိရှာဘူး။ မှာထားတဲ့ဟင်းတွေ မရောက်သေးတာနဲ့ ကိုစံတင့်အခန်းအပြင်ကို တစ်ကြိမ်ထွက်ပြန်တယ်။ နောက်ထပ် ဂျင်တစ်ပက်သောက်ပြီး ပြန်လာတယ်။ ဒီတော့မှ မခင်စီက ရိပ်မိသွားတယ်။

မခင်စီက ဘုံရိပ်သာမှာ ရဲဘော်တွေအရက်မသောက်ရဘူးဆိုတဲ့ ပိတ်ပင်ချက် စည်းကမ်းရှိတယ်လို့ ပြောပြတယ်။

"ကျွန်တော်မှ မသိပဲကိုး"

"နောက် ဘယ်တော့မှ မသောက်ပါနဲ့၊ အခုအရက်သောက်တယ်ဆိုတာလဲ ဘယ်သူမှမသိစေနဲ့၊ ရခိုင်ရဲဘော်တွေကျတော့ အရက်သောက်ခွင့်ပေးထားရတယ်။ ဘာကြောင့်လဲဆိုရင် သူတို့ဆီမှာကတော့ ခလေ့ထုံးစံဖြစ်နေတယ်။ ဒါကြောင့် ခြွင်းချက်အနေနဲ့ ရခိုင်င်ရဲဘော်တွေကို အရက်သောက်ခွင့်ပေးထားရတယ်။ ဒါလဲစည်းလွတ်ဝါးလွတ်မသောက်ရဘူး"

ကိုစံတင့် ဘီဟာလာစခန်းရောက်တော့ ပေါင်ခြံမှာ ဝဲတွေပေါက်လာတယ်။ မြန်မာပြည်မှာ နေတုန်းကတော့ ဝဲတွေမပေါက်ခဲ့ဖူးဘူး။ ဝဲပေါက်တော့

ကိုသိန်းဖေကတစ်ဆင့် ဖို့ဒ် ၁၃၆ တပ်ဖွဲ့က ဆေးဌာနကို အကြောင်းကြားလိုက်တယ်။

အဲဒီမယ် မစ္စတာ ဒေါ်ဆင် (Mr. Dawson) ပေါက်လာတယ်။ သူက ဖို့ဒ် ၁၃၆ တပ်ဖွဲ့နဲ့ ကိုသိန်းဖေတို့အကြား ဆက်ဆံရေးအရာရှိအဖြစ်နဲ့ ဆောင်ရွက်နေသူပါ။ (မစ္စတာဒေါ်ဆင်ဟာ အခု ရန်ကုန်မှာ ကိုယ်ပိုင်ကျူရှင်ဖွင့်ပြီး နေသူပေါ့) သူ့ကိုအကြောင်းကြားလိုက်တော့ မစ္စတာ ဒေါ်ဆင်က ကိုစံတင့်ကို ဆေးရုံကိုခေါ်သွားတယ်။ ဆေးရုံသာခေါ်တယ်၊ ဆေးရုံမဟုတ်၊ ဆေးပေးခန်း (Clinic) သာဖြစ်တယ်။ အဲဒီမှာ ဆရာဝန်ကိုပြတယ်။ အဲဒီဆရာဝန်က ဆေးရုံကြီးကိုသွားပါဆိုပြီး တစ်ဆင့်ညွှန်ပြန်တယ်။

နောက်တစ်နေ့မှာ မစ္စတာ ဒေါ်ဆင်က ကိုစံတင့်ကို ဆေးရုံကြီး (ဆေးရုံဆိုင်းဘုတ်ကို ဖတ်လိုက်ရတော့မှ ကာလသားရောဂါဆေးရုံဖြစ်နေတာတွေ့ရတယ်) ကို ခေါ်သွားပြန်တယ်။ ဒီတော့ မစ္စတာ ဒေါ်ဆင်နဲ့ ကိုစံတင့် စကားများရတယ်။ ဘယ့်နှယ် ကာလသားရောဂါဆေးရုံခေါ်သွားရသလဲရယ်လို့ဆိုပြီး ကိုစံတင့်က စိတ်ဆိုးပြီးပြောတယ်။ သူ့မှာ ဒီရောဂါမရှိဘူးဆိုတာ သူ့ကိုယ်သူယုံကြည်တယ်။ ဆေးရုံရောက်လာပြန်တော့လဲ မထူးဘူးဆိုပြီး အစစ်ဆေးခံလိုက်တယ်။ ကာလသားရောဂါရှာမတွေ့ဘူး။

ဒီတော့ ဆေးပေးခန်း (Clinic) ကိုပြန်ရောက်တယ်။ ဝဲတွေကိုကုဖို့အတွက် ဆရာဝန်က ဆေးအဖြူပုလင်းတစ်ပုလင်းပေးလိုက်တယ်။ ဘာဆေးမှန်းမသိဘူး။ ဆေးပုလင်းမှာ အမှတ်တံဆိပ်လဲတပ်မထားဘူး။ ဆေးပုလင်းက ဆေးပုလင်းငယ်ငယ်ပဲဖြစ်တယ်။ အဲဒီအချိန်က ကလ္လကတ္တားမှာကို တစ်ပုလင်း ၇၅ ကျပ်တန်တယ်လို့ ဆရာဝန်ကပြောတယ်။ ဆေးသုံးလို့အနာပျောက်သွားရင် ကျန်တဲ့ဆေးပြန်လာပို့ပါဆိုပြီး မှာလိုက်တယ်။ ပြန်လာပို့မယ်ဆိုတဲ့ ဝန်ခံချက်နဲ့ပဲ ပုလင်းကို ရခဲ့တယ်။

စခန်းရောက်တဲ့အခါမှာ ဝဲပေါက်နေတဲ့နေရာတွေမှာ နှစ်ဆယ်ရာခိုင်နှုန်း ကာဗေါ်လစ်ဆီပါတဲ့ ဆပ်ပြာနဲ့ နာနာဆေးလိုက်ရမယ်။ မြန်မြန်ခြောက်အောင် အဝတ်နဲ့ပွတ်ပြီး ခြောက်သွားတဲ့အခါ ဆေးရည်ကို ထပ်လိမ်းရမယ်။ လိမ်းပြီးလို့ ၁၁ မိနစ် ၁၅ မိနစ်ခန့်ကြာသွားတဲ့အခါ နောက်တစ်ထပ်လိမ်းရမယ်လို့ ဆရာဝန်က ညွှန်ကြားလိုက်ပါတယ်။

ဒီမှာလဲ ရယ်စရာပြဿနာပေါ်လာပါတယ်။ ၂၀ ရာခိုင်နှုန်း ကာပေါ်လစ် ဆိပါတဲ့ ဆပ်ပြာကို ကုန်စုံဆိုင်တွေမှာ လိုက်ရှာတာ ဘယ်ဆိုင်မှာမှ မတွေ့ရဘူး။ ဒါနဲ့ စိတ်ကူးရလို့ ဆေးဆိုင်တွေမှာ ဝင်ရှာလို့တွေ့ရပါတယ်။ ဒါနဲ့ ဆပ်ပြာ ဝယ်တော့ လျှာရှည်နေတဲ့ အရောင်းစျေးသည်က "ခွေးဝဲ စားလို့လား" လို့ မေးလာတယ်။ ကိုစံတင့်ကလဲ ဘာဖြေရမှန်းမသိ၊ ကြောင်အမ်းအမ်းဖြစ် သွားပါတယ်။ ဒါပေမယ့် ချက်ချင်းဆိုသလိုသတိရပြီး "ဟုတ်ပါတယ်" လို့ပဲ ချော်လဲရောထိုင်လုပ်လိုက်ရပါတယ်။

ဆရာဝန်ရဲ့ညွှန်ကြားချက်အတိုင်း ဒီဆေးကို တစ်ကြိမ် (ဆေးနှစ်ထပ်) လိမ်းလိုက်တာနဲ့ အဖတ်လိုက်ကွာပြီး လုံးဝပျောက်ကင်းသွားပါတယ်။ ကတိအတိုင်းပဲ ဆေးပုလင်းကို ဆရာဝန်ဆီပြန်ပို့ပေးလိုက်ပါတယ်။ ဘာဆေးလဲဆိုတာ ဆရာဝန်ကို မေးလို့မရခဲ့ပါဘူး။ ကိုစံတင့်ကတော့ မြန်မာပြည်မှာ ကျန်နေတဲ့ ဝဲပေါက်နေတဲ့ ရဲဘော်တွေအတွက်ရည်စူးပြီး ဆေးအမည်ကို မေးမြန်းတာဖြစ်ပါတယ်။ မေးမရလို့ ကိုစံတင့်လဲ စိတ်ပျက်ခဲ့ရပါတယ်။

သူတို့ကလဲ ကိုစံတင့်တို့ကို သူတို့အကျိုးအတွက်အသုံးချဖို့လောက်သာ ရည်ရွယ်တာမို့ နယ်ချဲ့လက်ပါးစေပီပီ သဘောထားဆက်ဆံတာကို ခံခဲ့ရလို့ ကိုစံတင့်ရဲ့ ရှိရင်းစွဲနယ်ချဲ့ဆန့်ကျင်ရေးစိတ်တွေဟာ ဆတက်ထမ်းပိုး တိုးတက် လာခဲ့တယ်။

**ဘုံရိပ်သာရဲ့တစ်နေ့တာလုပ်ငန်း**

မနက် (၇) နာရီ အိပ်ရာထ၊ မျက်နှာသစ်၊ ရေမိုးချိုး၊ လက်ဖက်ရည် သောက်။

မနက် (၈) နာရီခွဲလောက်မှာ မစ္စတာ ဂိုရှယ်ရဲ့သင်တန်း စတယ်။ သူကအများဆုံးပေးတဲ့ သင်တန်းက မြန်မာပြည်ရဲ့ အတိတ်နိုင်ငံရေးသမိုင်း၊ ဆိုဗီယက်ယူနီယံအကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ ဖက်ဆစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတွေအကြောင်း၊ ဒီသင်တန်းက (၁၁) နာရီခွဲ (၁၂) နာရီလောက်မှ ပြီးတယ်။

(၁၂) နာရီမှာ ထမင်းစားပြီး အနားယူတယ်။ ဒီလိုအနားယူတဲ့အချိန်မှာ မြန်မာပြည်အနှံ့အပြားကရောက်လာတဲ့ ရဲဘော်တွေ ဒီမှာဆုံပြီး သိကြကျွမ်း ကြတယ်။ မြန်မာပြည်ထဲမှာ နေတုန်းကတော့ တစ်ယောက်ကိုတစ်ယောက်

မသိကြတာကများတယ်။ ဒါကြောင့် အဲဒီမှာ အပြန်အလှန် မိတ်ဆက်ကြတယ်။ ဘယ်နယ်ကဖြစ်တယ်၊ ဂျပန်စစ်ကြောင်းတွေကို သူတို့ ဘယ်လိုကျော်ဖြတ်ခဲ့ကြတယ်၊ သူတို့နယ်မြေဒေသတွေမှာ ဂျပန်အင်အားတွေဘယ်လိုရှိတယ်၊ ဂျပန်ဆန့်ကျင်ရေးအခြေအနေတွေ ဘယ်လိုရှိတယ်၊ နိုင်ငံရေးကိုတော့ ဒီလိုဆုံစည်းမိတ်ဆက်တဲ့ပွဲမှာ ဆွေးနွေးတာ မရှိသလောက်ပါပဲ။

တချို့ရဲဘော်တွေအနေနဲ့ ဒီလိုအပြန်အလှန် မိတ်ဆက်တဲ့ပွဲမှာ မပါတဲ့ရဲဘော်တွေလဲရှိတယ်။ ဒါကတော့ အနည်းစုပဲ။ အဲဒီလို ရဲဘော်တွေက ထမင်းစားပြီး အနားယူနေတဲ့အချိန်မှာ ဒီလိုဝိုင်းဖွဲ့ မိတ်ဆက်တဲ့ပွဲမှာ မပါဘဲ ကိုယ့်ဟာကိုယ် ဘာသိဘာသာနေလိုက်တယ်။ ဒီတော့ အဲဒီလိုရဲဘော်မျိုးကျတော့ လူသိအင်မတန် နည်းတယ်။

၁၉၅၈ ခုနှစ် မတ်လ တော်လှန်ရေးမိတ်ဆုံစားပွဲ သမ္မတကြီးဖြစ်နေတဲ့ မန်းဝင်းမောင်အိမ်မှာ ကျင်းပတယ်။

ဒီလိုရဲဘော်တွေ ပြန်လည်ဆုံစည်းကြတဲ့အခါမှာ ကိုစံတင့်မပါဘူး။ သူ့ကိုရှာမတွေ့လို့ဆိုပြီး ဖိတ်တဲ့လူက ချန်လှပ်ထားခဲ့တယ်။ နောက် ၇၁ ခုနှစ် မတ်လမှာ ဦးသိန်းဖေမြင့်အိမ်မှာ မိတ်ဆုံစားပွဲလုပ်ပြန်တယ်။ ဒီမိတ်ဆုံစားပွဲမှာ တချို့အများစုက မသိတဲ့လူတွေလဲပါတယ်။ ဒါကြောင့် အချင်းချင်းမိတ်ဆက်ပေးရတဲ့အဖြစ်မျိုး ကြုံခဲ့တယ်။ ၁၉၇၃ ခုနှစ် မတ်လမှာ ဦးသိန်းဖေမြင့်အိမ်မှာပဲဆုံကြပြန်တယ်။ ဒီနှစ်တော့ ဖို့ဒ် ၁၃၆ တပ်ဖွဲ့မှ ပူးတွဲပါဝင်ခဲ့ကြတဲ့ ဘိုဟာလာရဲဘော်တွေ ဧတက်တော်များများတက်ခဲ့ကြတယ်။ မလာနိုင်တဲ့ရဲဘော်တစ်စုကတော့ သမ္မတဟောင်း မန်းဝင်းမောင်၊ ရဲဘော်ခင်မောင်ကြီး၊ ဗိုလ်ကြီးဟောင်း ပါလေး၊ ဗိုလ်ထွန်းညွန့်၊ သခင်မြသွင်နဲ့ ရခိုင်ရဲဘော်တချို့ပဲဖြစ်တယ်။)

နေ့(၁၂:၀၀)နာရီကျတော့ သင်တန်းပြန်စတယ်။ တစ်ခါတစ်ခါ ကိုကျော်ရင်က သင်တန်းကိုခေါင်းဆောင်တယ်။ သူတစ်ခါကရေးခဲ့တဲ့ "ကညွတ်ရိုးဗိုလ်ချုပ်"ဆိုတဲ့ နာမည်နဲ့ ဒီဂေဟာအကြောင်း သင်တန်းပို့ချပေးတယ်။ ဒါက ပြင်သစ်ပြည်ရဲ့ ဖက်ဆစ်တော်လှန်ရေးအကြောင်း ဖြစ်တယ်။

ကိုကျော်ရင်က သင်တန်းပေးတဲ့အခါ အပေါင်းအသင်းရောင်းရင်းတို့၏ ကျော်ရင်ဆိုတဲ့စာအုပ်မှာ သူ့တပည့်မောင်ထွန်းလုက "ကျွန်တော်သိသော ဆရာဦးကျော်ရင်"ဆောင်းပါးမှာ ကိုကျော်ရင်ရဲ့စာပေဟောပြောပွဲနဲ့ပတ်သက်ပြီး ဒီလိုဖော်ပြထားတာတွေ့ရပါတယ်။

"တစ်ချိန်တွင် ဆရာသည် ဒေါမာန်ပါပါဟောသည်။ တစ်ခါတစ်ရံ ဟာသနှော၍ ပြောသည်။ ဒေါမာန်ပါပါဟောသောအခါ

ကျွန်တော်တို့မှာ ဒေါမာန်ပါသလိုခံစားမိသည်။ ဟာသနှောသောအခါ တဝါးဝါးတဟားဟားရှိရသည်။"

(အပေါင်းအသင်းရောင်းရင်းတို့၏ ကျော်ရင်စာအုပ်မှ မောင်ထွန်းလှရေး "ကျွန်တော်သိသော ဆရာဦးကျော်ရင်" ရန်ကုန် ပြည်တော်သာပုံနှိပ်တိုက်၊ ၁၉၆၇၊ စာ-၁၁၄)။

(စာရေးသူ)

အဲဒီ မောင်ထွန်းလှတင်ပြတဲ့အတိုင်း ကိုကျော်ရင်ဟာ သင်တန်းမှီ ရာမှာ လူတော်တစ်ယောက်ဖြစ်တယ်။ ပြဿနာကို ပြတ်ပြတ်သားသား မြင်အောင် ပို့ချနိုင်စွမ်းရှိတယ်။ သင်တန်းသားတွေမပျင်းအောင် ဟာသ ဝေနဉာဏ်တွေနဲ့ ပေါင်းစပ်ပြီးပြောတယ်။ တက်ကြွရမယ့်အကြောင်းအရာ ဆိုလို့ရှိရင်လဲ တက်တက်ကြွကြွဖြစ်အောင် သူ့သင်တန်းစတဲ့ အချိန်က သင်တန်းပြီးသွားတဲ့ ညနေ၃နာရီအထိဟာ ရဲဘော်တွေဟာ ငြီးငွေ့တယ်ရယ်လို့ မရှိဘူး။

၄နာရီဆိုရင် သင်တန်းကိုရပ်ပြီး အားကစားတစ်ခုခုကို စတင်လေ့ကျင့် ကြတယ်။ တချို့ဘက်တမင်တန်ရိုက်တယ်။ တချို့ကတော့လဲ ဘာအားကစား မှ မကစားဘဲ သခင်တင်ရွှေနဲ့ မမြရီတို့ရဲ့သားဦးလေးဖြစ်တဲ့ မောင်စိုးသိန်း လေးနဲ့ပဲ ဆော့ကစားတယ်။ မောင်စိုးသိန်းလေးက ဒီအချိန်က တစ်နှစ်သားသား လောက်ပဲရှိဦးမယ်။

ညနေ၆နာရီကျတော့ ညစာစားကြပြန်တယ်။ ၇နာရီ၊ ၇နာရီခွဲလောက် ကျတော့ ကိုသိန်းဖေရဲ့အခန်းကို ရဲဘော်တွေသွားကြရတယ်။ ကိုသိန်းဖေက သူ့အခန်းထဲက ခုတင်ပေါ်မှာ ပက်လက်၊ သူ့သင်တန်းကတော့ ကွန်မြူနစ် ပါတီအကြောင်း၊ ဆိုဗီယက်ကွန်မြူနစ်ပါတီအကြောင်း၊ အိန္ဒိယကွန်မြူနစ် ပါတီအကြောင်း၊ တရုတ်ကွန်မြူနစ်ပါတီအကြောင်း၊ ဆိုဗီယက်ယူနီယံ အကြောင်းတွေ ပို့ချတယ်။

ပြီးတော့လဲ ဒုတိယကမ္ဘာစစ်ကြီးဟာ ပြည်သူ့စစ်ပွဲအသွင် ပြောင်းလဲ သွားပုံ၊ အတ္တလန္တိတ်၊ ချာတာ၊ ရော့လ်တာ၊ တီဟီရန်စတဲ့ မဟာမိတ်ထိပ်သီး ခေါင်းဆောင်တွေဦးစီးတဲ့ ညီလာခံကြီးတွေအကြောင်း၊ အဲဒီလို ဗဟုသုတ ရစေမယ့် သင်တန်းတွေကို ကိုသိန်းဖေက ပို့ချပေးခဲ့တယ်။

ဝန်းမော်စာသတိုက်

ဒီတုန်းက ပေးတဲ့သင်တန်းတွေအားလုံး ခြုံကြည့်လိုက်ရင် ဗရောက်ဒါဝါဒပေါ်က လာတဲ့လိုင်းပဲဖြစ်တယ်လို့ ကိုစံတင့်အနေနဲ့ ကောက်ချက်ချခဲ့သတဲ့။ နောင်တစ်ချိန်မှာ ဗရောက်ဒါဝါဒလို့ခေါ်တွင်မယ့် လမ်းစဉ်ပါ။ ဒီအချိန်က ဗရောက်ဒါဝါဒဟာ ခေတ်မစားသေးဘူး။

ဗရောက်ဒါဝါဒဆိုတာ အမေရိကန်ကွန်မြူနစ်ပါတီဝင် ခေါင်းဆောင်တစ်ယောက်တင်သွင်းလာတဲ့ ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးဝါဒဖြစ်တယ်။ အရင်းရှင်နယ်ချဲ့စနစ်က အလိုလိုအားနည်းသွားပြီဖြစ်တဲ့အတွက် ကိုလိုနီတိုင်းပြည်တွေဟာ နယ်ချဲ့အရင်းရှင်နိုင်ငံတွေနဲ့ စေ့စပ်ရေးနည်းနဲ့ လွတ်လပ်ရေးအရယူကြရမယ်။ လက်နက်ကိုင်တော်လှန်တဲ့နည်းမလိုတော့ဘူးလို့ ချုပ်ပြီးပြောရရင် ငြိမ်းချမ်းစွာဖြစ်ပေါ်ရေးဝါဒဖြစ်တယ်။ အားလ်ဘရောက်ဒါဆိုတဲ့ အမေရိကန်ကွန်မြူနစ်ခေါင်းဆောင် တင်သွင်းယူဆောင်လာတဲ့ လမ်းစဉ်မို့ သူ့ကိုအစွဲပြုပြီး ဘရောက်ဒါဝါဒလို့ခေါ်တယ်။

သင်တန်းပို့ချသူတွေထဲမှာ ကိုကျော်ရင်သင်တန်းကတော့ ရဲဘော်တွေအကြိုက်ဆုံးတဲ့။

(၉း၀၀)နာရီကျတော့ သင်တန်းတွေ ပြီးသွားပြီမို့ အိပ်ချင်တဲ့သူ၊ အိပ်ရာဝင်ကြတယ်။ စာဖတ်ချင်တဲ့လူကတော့ စာဖတ်နေကြတယ်။ ည ၁၀နာရီကျတော့ အိပ်ချိန်ပဲ။ ဒါတွေကတော့ ဘုံရိပ်သာရဲ့ တစ်နေ့တာလုပ်ငန်းတွေဖြစ်တယ်။

## ဘီဟာလာစခန်းရဲ့တည်နေပုံ

ဘီဟာလာခတ်ရထားလမ်းဆုံးအလွန်နဲ့ ဒိုင်းမွန်းဟာဗားသွားတဲ့ ကားလမ်းအနီး ဘီဟာလာရပ်ကွက်မှာတည်ရှိတယ်။ ကစ်ဒါပုနဲ့ ဒိုင်းမွန်းဟာဗားသွား မီးရထားလမ်းနဲ့နီးတယ်။ ရထားလမ်းက နှစ်ပေဂိတ်ရှိတဲ့လမ်းမျိုးဖြစ်တယ်။ ကလကတ္တားနဲ့ ဘီဟာလာကို ခတ်ရထားနဲ့ဆက်တယ်။ ဘုံရိပ်သာဟာ ခတ်ရထားလမ်းဆုံးနဲ့ တစ်မိုင်လောက်ဝေးတယ်။ ခတ်ရထားလမ်းဆုံးကနေ တချို့က လမ်းလျှောက်လာတယ်။ တချို့က တက္ကစီအငှားယာဉ်ငှားစီးလာတယ်။ စစ်တပ်က ငှားပေးထားတဲ့ အဆောက်အအုံဖြစ်တယ်။ အခိုင်အမာဆောက်ထားတဲ့ နှစ်ထပ်တိုက်ဖြစ်တယ်။ တိုက်က ပေ(၆၀)ပတ်လည်လောက်ရှိတယ်။ ဝင်းက ပေ၁၀၀ပတ်လည်ခန့်ရှိမယ် ထင်ပါတယ်။

ဝင်းက အကျယ်ကြီးထဲမှာ ဖြစ်တယ်။ တိုက်ရဲ့မြောက်ဘက်မှာ ကန်တစ်ကန် ရှိတယ်။

တိုက်ရဲ့အနောက်ဘက်မှာ ရခိုင်ရဲဘော်တွေအတွက် မိုးကာတဲတစ်ခု ထိုးပေးထားတယ်။ ဘီဟာလာတိုက်ရဲ့ အရှေ့ဘက်က ဝင်းထဲမှာ တစ်ထပ် တိုက် တိုက်ဖြူလေးရှိတယ်။ သူ့ကို ဘူဇွာဆောင်( နှရှင်ဆောင်)လို့ ရဲဘော် တွေက သရော်တဲ့အနေနဲ့ နာမည်ပေးထားတယ်။ အိပ်ခုတင်ရှစ်လုံးရှိတယ်။ မှန်ဗီရိုတွေလဲရှိတယ်။ စားပွဲ၊ ကုလားထိုင်တွေနဲ့ တစ်မျိုးပြောရရင် အကျဉ်း ထောင်ထဲမှာ ဘီကလပ်အကျဉ်းသမားတွေအတွက် ပြင်ဆင်ထားတဲ့အတိုင်းပဲ။ ရေချိုးခန်းလဲ အကြီးကြီးရှိတယ်။ ဒါကြောင့် ဒီအဆောင်ကို ဘူဇွာဆောင်လို့ ခေါ်တယ်။ ဒီအဆောင်မှာ တိုက်စောင့်တစ်ယောက်ရှိတယ်။ ခဝါသည်လဲ ရှိ တယ်။

ကိုသိန်းဖေတို့နေတဲ့ နှစ်ထပ်တိုက်နဲ့ အများကြီးကွာခြားတယ်။ ကိုသိန်းဖေတို့နေတဲ့တိုက်မှာ ကုလားကြိုးခုတင်တွေပဲရှိတယ်။ မွေ့ရာတောင် ကောင်းကောင်းမရှိဘူး။ စစ်စောင်ခင်း၊ စစ်ခြင်ထောင်ပဲရှိတယ်။ ဝင်းအစောင့် လဲမရှိဘူး။ ကိုသိန်းဖေတို့ရဲ့အဆောက်အအုံကို ဆန်းဒေးဗီလာလို့ ခေါ်တယ်။ ဒါရိုက်အဓိပ္ပာယ်ပြန်မယ်ဆိုရင် တနင်္ဂနွေဂေဟာလို့ ခေါ်ပါတယ်။

ကိုစံတင့် ဘီဟာလာစခန်းကိုရောက်တော့ ရောက်စမှာ ညညအိပ်မရဘူး။ မြို့စွန်မြို့ဖျားဖြစ်နေတော့ "ခွေးအ"တွေ တစ်ညလုံးလာလာပြီး အူတယ်။ တစ်ခါတစ်ခါ အိမ်အပေါက်ဝအထိ ရောက်လာတတ်တယ်။ အိမ်တံခါးဖ ဖွင့်အိပ်တဲ့အလေ့ရှိတယ်။ ဖွင့်ထားတဲ့တံခါးဝကနေ အိမ်အပေါက်ဝလောက် ထိ ရောက်လာတတ်တယ်။ လှရိပ်မြင်တော့မှ ပြန်ထွက်သွားတယ်။ ရောက်စ ခွေးအအူသံကြောင့် ရတ်တရက် အိပ်မရပေမယ့် နောင်တော့ ရိုးသွားလို့ အိပ်ရတယ်။

ရေကန်ရဲ့ထိပ်မှာ လေးခန်းတွဲအစေခံတန်းလျားရှိတယ်။တစ်ခန်းမှာ ဘုံရိပ်သာရဲ့ ရိက္ခာထားတယ်။ တစ်ခန်းမှာ ထမင်းချက်လင်မယားနေတယ်။ နောက်အခန်းတွေမှာလဲ ဘုံရိပ်သာနဲ့ဆိုင်တဲ့ ကုလားအလုပ်သမားတွေ နေပါ တယ်။

ကိုစံတင့်တို့ရောက်စကတော့ "ဘုံရိပ်သာ"အဆောက်အအုံကြီးမှာပဲ နေရတယ်။ ရဲဘော်တွေတဖွဲဖွဲရောက်လာလို့ မဆံ့တော့တဲ့အတွက် ဘူဇခေါ်ကို

ရဲဘော်ရှစ်ယောက်ပြောင်းရတယ်။ ဒီအထဲမှာ ကိုစံတင့်လဲ ပါပါတယ်။ ဘူမှာ ဆောင်ကို ပြောင်းရတဲ့ ရဲဘော်တွေကတော့ စမတ်ကျကျအိပ်ရနေရတာ ပေါ့။

## ကာလကတ္တားရဲ့ရှုခင်း

ကိုစံတင့်တို့ ကာလကတ္တားမြို့ ဖို့ဒ်-၁၃၆ တပ်ဖွဲ့ရုံးချုပ်ကို ရောက်တယ်။ ရုံးက အင်မတန်ကြီးတဲ့ ရုံးကြီးတစ်ရုံးဖြစ်တယ်။ အဲဒီကနေ ဘီဟာလာစခန်းကို လိုက်ပို့တယ်။ အဲဒီလိုမြို့ဖြတ်သွားတဲ့အခါမှာ ကလ္လကတ္တား မြို့ဟာ လေကြောင်းရန်က ကာကွယ်ဖို့ စနစ်တကျလုပ်ကိုင်ထားတာကို အမှတ်မထင်တွေ့ရှိမိတယ်။

အိမ်နဲ့တိုက်ခေါင်မိုးတွေပေါ်မှာ ပွန်ပွန်ဂန်းခေါ် နှစ်လက်မ လေယာဉ် ပစ်အမြောက်(ကျည်ဆန်လေးတောင့်ကပ်ပါတဲ့ အမြောက်ငယ်) ဆင်ထားတာ တွေ သုမ်းပြီးမြင်ရတယ်။ တော်တော်များများနေရာတွေမှာ တွေ့ရတယ်။ ဒါက ဂျပန်လေတပ်ကို တော်တော်လေးအထင်ကြီးဟန်တူတယ်။

မြို့လယ် အက်စ်ပလင်နိပ်(Esplanade)ကနေ ကစ်ဒါပူမြို့ကိုသွားတဲ့ လမ်းမှာ တိုက်လေယာဉ်ကလေးတွေနဲ့ ဖလိုင်းရင်းဂျိ(ပ်) မြန်မာအခေါ် ပုစဉ်းလေယာဉ်ပျံတွေ အစင်းလေးငါးဆယ်လောက်ဟာ အစီအရီလမ်းဘေး မှာ တန်းစီရပ်နားထားတာ တွေ့ရတယ်။ လေယာဉ်ပျံအမြောက်အမြားလမ်း ပေါ် ပိတ်ဆို့ပြီးရပ်နားထားတယ်။ ဒီလောက်ပေါပေါများများထားတာဟာ ဂျပန်လေကြောင်းရန်ကို ဘယ်လောက်များအထင်ကြီးနေသလဲဆိုတာ သိနိုင် တယ်။

သိရသလောက်တော့ ကလ္လကတ္တားမြို့ကို ဂျပန်လေယာဉ်ပျံတွေ အလုံးအရင်းနဲ့ လာရောက်ဗုံးကြဲတိုက်ခိုက်တာ တစ်ခါမှမရှိဖူးဘူးတဲ့။ တစ်ခါ နှစ်ခါလောက်တော့ ကလ္လကတ္တားမြို့ရဲ့ အရှေ့ဘက် နယ်စပ်မှာ ဗုံးလာကြဲတာ ကြုံရဖူးသတဲ့။ ဂျပန်လေယာဉ်ပျံတွေကို မဟာမိတ်လေယာဉ်ပျံတွေက အမြောက် အမြား ထပ်ပြီး လိုက်လံတိုက်ခိုက်တဲ့အတွက် အကျအဆုံးများစွာနဲ့ ပြန်လည် ပြေးကြရတယ်လို့ ကြားဖူးသတဲ့။

လေယာဉ်ပျံဆိုလို့ စပ်မိပြီး ရယ်စရာအဖြစ်အပျက်ကလေးတစ်ခုကို ညှပ်ပြီး ဖော်ပြပါဦးမယ်။ ကိုစံတင့် ကလ္လကတ္တား ဘုံရိပ်သာရောက်ပြီး တစ်နေ့မှာ မစ္စတာကိုရှယ်ရဲ့ သင်တန်းတက်ရောက်နားထောင်နေပါတယ်။

အဲဒီအချိန်မှာ လေယာဉ်ပျံသံကြားရပါတယ်။ မရှေးမနှောင်းပါပဲ အမြောက်ပစ်သံကြားရတယ်။ ဒီတော့ ကိုစံတင့်က သင်တန်းကထပြီး ပြေးသွားတယ်။ တချို့ရဲဘော်တွေလဲ သူပြေးတာမြင်ပြီး ဘာမသိဘာမသိ သူ့နောက် ထလိုက်ပြေးကြတယ်။ နောက်တော့မှ ဒါလေ့ကျင့်ခန်းဆင်းနေတာပဲဆိုတာ သိလိုက်ရတော့ အားလုံးအူတက်အောင် ရယ်ကြရတဲ့ အဖြစ်မျိုး ကြုံလိုက်သေးတယ်။

ကိုစံတင့်အနေနဲ့ မြန်မာပြည်မှာနေတုန်းက မန္တလေးရှိ ဗိုလ်အာဇာဝကရဲ့ လေယာဉ်ပျံပစ်အမြောက်တပ်မှာ ဖွင့်ထားတဲ့ ဗိုလ်မှူးဗထူးရဲ့ တိုင်းရုံးမှာ အနေများခဲ့တယ်။ လေယာဉ်ပျံလာတိုင်း လေယာဉ်ပစ်အမြောက်တပ်က ဆက်တိုက်ရန်သူလေယာဉ်ပျံတွေကို ပစ်ခတ်တိုက်ခိုက်ရတယ်။

ဒီအချိန်မှာ တာဝန်မရှိတဲ့ ရဲဘော်တွေက ပုန်းကျင်းတွေဆီကို ပြေးပြီး ပုန်းအောင်းကြရတယ်။ အဲဒီအလေ့အထက မြန်မာပြည်ကတည်းက အကျင့်ရခဲ့ပြီဆိုတော့ လေယာဉ်ပျံသံကြားပြီး အမြောက်သံထက်ကြပ်မကွာပေါ်လာတော့ ယောင်ရမ်းပြီး လုပ်ရိုးလုပ်စဉ်တစ်ခုလို လုပ်လိုက်တာဖြစ်တယ်။

ကလ္လကတ္တားမှာကတော့ မနက်တိုင်း အမြောက်တပ်က လေ့ကျင့်ခန်းဆင်းကြတယ်။ လေ့ကျင့်ပုံက တိုက်လေယာဉ်ပေါ်က ဘောလုံးကြီးတစ်လုံးကို ကြိုးနဲ့ဆွဲပြီး ရှေ့က ပျံသန်းသွားတယ်။ အဲဒီဘောလုံးကို အမြောက်တပ်က လှမ်းပြီးပစ်တယ်။ အဲဒီလိုလေ့ကျင့်ခန်းကို မနက်တိုင်း လေ့ကျင့်တာမို့ ကြာတော့ ကိုစံတင့်အဖို့လဲ ရိုးသွားတော့တယ်။

## ကာလကတ္တားမြို့ထဲလည်ပတ်ခြင်း

ဘုံရိပ်သာကိုရောက်လာတဲ့ ရဲဘော်တိုင်းကို အနောက်တိုင်းဝတ်စုံချုပ်ဖို့အတွက် ရဲဘော်တစ်ဦးကို ငွေ၁၀၀ထုတ်ပေးပါတယ်။ စစ်တပ်က ထုတ်ပေးတဲ့ စစ်ဝတ်စစ်စားကိုလဲ အပ်ချုပ်ဆိုင်တွေမှာ ပြင်ချုပ်မှပဲ ဝတ်လို့ရပါတယ်။ ဒီပြင်ချုပ်ထားတဲ့ ဝတ်စုံတွေကိုတော့ စစ်သင်တန်းတက်တဲ့အခါနဲ့ (ဖို့ဒ်-၁၃၆)တပ်ရုံးကို သွားတဲ့အခါမှသာ ဝတ်ပါတယ်။ ဘုံရိပ်သာမှာ နေစဉ်တော့

ဖြစ်သလိုပဲနေကြတယ်။ မြန်မာအဝတ်အစားနဲ့ပေါ့။ ကွတ်အင်္ကျီတော့ မချုပ်တော့ဘူး။ အဲဒီကပိုတဲ့ငွေနဲ့ စာအုပ်တွေဝယ်ဖတ်ပါတယ်။

ကိုစံတင့်ကတော့ ရတဲ့ငွေ၁၀၀နဲ့ ဆပ်ပလိုင်းမှာ သွားတိုက်ဆေး၊ သွားပွတ်တံ၊ ခေါင်းလိမ်းဆီနဲ့ ဘီးဝယ်လိုက်တယ်။ အရပ်ဝတ်အင်္ကျီနှစ်ထည်၊ ဘောင်းဘီတစ်ထည်၊ ခြေအိတ်၊ ရှူးဖိနပ်ဝယ်လိုက်တယ်။ ခေါင်းလိမ်းဆီလိမ်း၊ ဆံပင်ခွဲ၊ ဘောင်းဘီနဲ့ ရှူးဖိနပ်နဲ့ဆိုတော့ စတိုင်ကျသွားတယ်။

တစ်ပတ်မှာ တစ်ခါမြို့ထဲလည်ခွင့်ရတယ်။ လည်ခွင့်ရတဲ့နေ့ကတော့ ဗုဒ္ဓဟူးနေ့ပဲဖြစ်တယ်။ တကယ်တန်းကျတော့ တနင်္ဂနွေနေ့ဟာ ရုံးတွေနဲ့ ကုန်တိုက်တွေနားရက်ဖြစ်တယ်။ သူတို့ကျတော့ နားရက်ကို ဗုဒ္ဓဟူးနေ့ကိုပဲ သတ်မှတ်ပေးတယ်။

ဘာကြောင့် ဒီနေ့ကိုရွေးပြီး နားရက်ပေးသလဲဆိုရင် သူတို့ဟာ လျှို့ဝှက်ရေးလုပ်ငန်းကိုလုပ်နေရတဲ့ သူတွေဖြစ်တဲ့အတွက် အများအားလပ်တဲ့ အချိန်ဖြစ်တဲ့ တနင်္ဂနွေနေ့မှာ သူတို့ကိုပါ လည်ခွင့်ပြုမယ်ဆိုရင် တစ်နေ့မဟုတ်တစ်နေ့ ဂျပန်ဘက်တော်သား ဘိုစ်ရဲ့လူတွေနဲ့ တွေ့သွားနိုင်တယ်။

ဒီအခါမှာဆိုရင် တစ်နည်းနည်းနဲ့ ဂျပန်ဆန့်ကျင်ရေးအတွက် မဟာမိတ်တွေနဲ့ပူးပေါင်းပြီး လျှို့ဝှက်ရေးလုပ်ငန်းတွေလုပ်ဖို့ အိန္ဒိယကိုရောက်နေတယ်ဆိုတဲ့သတင်းဟာ ဒီလူတွေဆီရောက်သွားနိုင်တယ်။ အိန္ဒိယပြည်မှာလဲ ဂျပန်စပိုင်တွေရှိနေတာမို့ သူတို့သတင်းဟာ ဂျပန်ဆီကို ပေါက်ကြားသွားနိုင်တဲ့ အနေအထားရှိတယ်။ ဒါကြောင့်မို့ လျှို့ဝှက်ရေးကို ထိန်းသိမ်းတဲ့အနေနဲ့ အများရုံးပိတ်တဲ့ တနင်္ဂနွေနေ့မှာ သူတို့အတွက် ရက်အားမပေးဘဲ ဗုဒ္ဓဟူးနေ့ကိုသာ ရက်အားအဖြစ်သတ်မှတ်ပေးခဲ့တယ်။

ဒီလိုအပြင်ထွက်လည်ကြတဲ့အခါမှာ မောင်စိုးသိန်းလေးက ဂြိုဟ်သနာ တစ်ခုပဲ။ သူက ဘုံရိပ်သာမှာ တစ်ယောက်မှမကျန်ရင် တစ်နေကုန်ငိုတော့တာပဲ။ သူ့အမေ မမြရီက အငိုတိတ်အောင်ချော့မော့ပေမယ့် မရဘူး။ ဒီတော့ အားလုံးထွက်လည်တဲ့ အပတ်များနဲ့ကြုံရင် သူ့ကို ကချင်လွယ်အိတ်ကြီးထဲ ထည့်ပြီး တစ်မြို့လုံးလျှောက်လည်ရတယ်။ တစ်ယောက်တည်း ပခုံးထက်မှာ ချည်း မတတ်နိုင်လို့ ပခုံးအဆင့်ဆင့်ပြောင်းပြီး သယ်ပိုးကြရတယ်။

ဗုဒ္ဓဟူးနေ့တိုင်း အပြင်ကို ထွက်လည်ကြတဲ့အခါမှာ တစ်ပတ်စာ အသေးသုံးဖို့ဆိုပြီး တစ်ယောက်ကို ငွေ၂၀စီ ဘုံရိပ်သာကလပ်စည်း ဘဏ္ဍာရေး

ဌာနက ထုတ်ပေးတယ်။ မြို့ထဲလည်တဲ့အခါကျတော့ ရဲဘော်တွေ အားလုံးဟာ ဘောင်းဘီရှည်ဝတ်ပြီး ရှူးဖိနပ်နဲ့ စမတ်ကျကျဝတ်စားပြီး လည်လေ့ရှိတယ်။

သူတို့အများအားဖြင့် ထွက်လည်တဲ့ဈေးကတော့ နယူးမားကက်ခေါ်တဲ့ ဈေးသစ်ဈေးကိုပဲဖြစ်တယ်။ တချို့ မြို့ထဲမှာ စာအုပ်ဝယ်တယ်။ လျှောက်စားတယ်။ ရုပ်ရှင်ကြည့်တယ်။ ညနေကျမှ ဘုံရိပ်သာကို ပြန်ကြတယ်။

တစ်နေ့မှာ ကိုစံတင့်နဲ့ ရဲဘော်သုံးလေးယောက်တစ်တွဲ နယူးမတ်ကက်ဆီ ထွက်လာခဲ့ကြတယ်။ အဲဒီရောက်တော့ ကိုစံတင့်နဲ့ ရဲဘော်တစ်စုက ဆံပင်ညှပ်ကြတယ်။ ဆံပင်ညှပ်ပြီးသွားတဲ့အခါမှာ ဆံပင်ညှပ်သမားက ကိုစံတင့်ကို တိုးတိုးလေးမေးတယ်။ ကိုစံတင့်က ဆံပင်ပဲညှပ်မယ်။ တခြားဘာမှ ဆက်မလုပ်တော့ဘူးလို့ ပြန်ပြောလိုက်တယ်။

သူတို့အထဲက ရဲဘော်တစ်ယောက်ကျတော့ ဆံပင်ညှပ်ပြီးအသွားမှာ ဆံပင်ညှပ်သမားက တိုးတိုးလေးသူ့ကိုမေးတယ်။ သူက ခေါင်းညိတ်ပြတယ်။ ဒါနဲ့ ဆံပင်ညှပ်သမားက သူ့ခေါင်းကိုလျှော်ပေးတယ်။ နောက်ဆက်ပြီး တိုးတိုးလေးလာမေးပြန်တယ်။ အင်းဆိုပြီး ပြောလိုက်တော့ မုတ်ဆိပ်ရိတ်ပြန်တယ်။ မုတ်ဆိပ်ရိတ်သွားပြီးပြန်တော့ တိုးတိုးလေးလာမေးပြန်တယ်။ အင်းဆိုပြီး ရဲဘော်က ခေါင်းညိတ်လိုက်ပြန်တယ်။ ဒါနဲ့ဆံပင်ညှပ်သမားက နဖာကလော် ပေးတယ်။ အားလုံးပြီးတဲ့အခါမှာ တိုးတိုးလေးထပ်မမေးတော့ဘဲ သူ့အတွက် ဘောက်ချာကိုယူပြီး လာပေးတော့ ငွေ၅ကျပ်ကျကြောင်း တွေ့သွားတယ်။ ဒီတော့မှ သူလဲမျက်လုံးပြူးသွားတယ်။

ဆံပင်ညှပ်ဆိုင်အပြင်ရောက်တော့ "ခင်ဗျားက ဆံပင်ညှပ်ဆိုင်မှာ ပေးခဲ့ရတာ များလှချည့်လားဆိုပြီး တအံ့တသြ အဲဒီရဲဘော်ကို ကိုစံတင့်တို့က မေးတယ်။ ဒီတော့ ၅ကျပ်ပေးခဲ့ရတဲ့ ရဲဘော်က ဖြေတယ်။

"ဆံပင်ညှပ်သမားက ဆံပင်ညှပ်ပြီးတဲ့အခါ ကျွန်တော့်ကို အနားကပ်ပြီး တိုးတိုးလေးလာမေးတယ်၊ ဘာမေးမှန်းကျွန်တော်လဲနားမလည်ဘူး၊ (အင်း) ဆိုပြီး ပြောလိုက်တယ်၊ ဒီတော့ ခေါင်းလျှော်ပေးတယ်၊ ခေါင်းလျှော်ပြီးပြန်တော့လဲ တစ်ခါ တိုးတိုးလေးလာမေးပြန်တယ်၊ ကျွန်တော်လဲ ဘာမှနားမလည်ဘဲ အင်းလို့ပြန်ဖြေပြန်တယ်၊ အဲဒီလိုနဲ့ပဲ ငွေ၅ကျပ်သာ ချောခဲ့တော့တာပဲဗျား"

အဲဒီတော့မှပဲ အဖြစ်မှန်ကိုသိပြီး ကိုစံတင့်တို့တစ်တွေလဲ ပွဲကျရတဲ့အဖြစ်မျိုးကြုံကြတယ်။

အဲဒီမှာကဲ အထက်လွှာတွေလာပြီး ဆံပင်ညှပ်လေ့ရှိတဲ့ အထက်တန်းဆံပင်ညှပ်ဆိုင်ဖြစ်တယ်။ အဲဒီမှာ ထုံးစံရှိတာက ဆံပင်ညှပ်သမားတွေက ဆံပင်ညှပ်သူတွေနားကပ်ပြီး ခေါင်းလျှော်ဦးမလား၊ လက်သည်းခြေသည်းညှပ်ဦးမလားလို့ ဆံပင်လာညှပ်သူကို သိမ်သိမ်မွေ့မွေ့နဲ့ ပါးစပ်မပွင့်တပွင့်နဲ့ တိုးတိုးလေး ပြောလေ့ပြောထရှိတယ်။ ဒါက ဥရောပစတိုင်ပဲ။

ဒီရဲဘော်က ဆံပင်ညှပ်သမားမေးတာကို နားမလည်သဘောမပေါက်တော့ (အင်း)ဆိုပြီး လိုက်ခဲ့ရတာနဲ့ပဲ ငွေ၅ကျပ်ချော်ပါလေရော။ ကိုစံတင့်နဲ့ ကျန်ရဲဘော်တွေကတော့ ဒီစနစ်ကို ကြိုပြီးသိထားကြတဲ့ ရဲဘော်တွေဆိုတော့ ဆံပင်ညှပ်ခပဲ ကုန်ခဲ့တယ်။

နယူးမားကက်အနီးမှာရှိတဲ့ ရောက်စီရုပ်ရှင်ရုံမှာ ကုလားကား "ကစ်မတ်" ကို ကြည့်ဖို့ လက်မှတ်ဝယ်တယ်။ ကြိုတင်လက်မှတ်ရောင်းတဲ့စနစ်မရှိဘူး။ မပြခင်နာရီဝက်ကမှစပြီး ရောင်းတာဖြစ်လို့ တန်းစီပြီး လက်မှတ်ဝယ်ဝင်ရတယ်ဆိုတဲ့ စနစ်မျိုးရှိတယ်။ တစ်နေ့လေးပွဲပဲပြတာဖြစ်တယ်။

သူတို့အနေနဲ့ အချိန်ကိုလုပြီး လည်ရပတ်ရ၊ စားရသောက်ရ၊ ဝယ်ရခြမ်းရတာမို့ နာရီဝက်အကုန်ခံပြီး လက်မှတ်သွားတန်းမစီအားဘူး။ ဒါကြောင့် လက်မှတ်ဝယ်ရခက်တယ်ဆိုပြီး စိတ်မရှည်လို့ ဒီကစ်မတ်ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားဟာ သူတို့ကြည့်ဖို့သွားတဲ့အခါ (၅၃)ပတ်မြောက်ဖြစ်တယ်ဆိုတာ သိခဲ့ကြရတယ်။ နောက် စစ်ကြီးပြီးလို့ အိန္ဒိယနိုင်ငံက သတင်းစာတွေ မြန်မာပြည်ကိုရောက်လာတဲ့အခါ (၈၆)ပတ်ထိ ပြသနေတုန်းဆိုတာ သတိထားမိတယ်။

ဒီနယူးမတ်ကက်တစ်လျှောက်မှာ ဝယ်ရခြမ်းရတာ ကောင်းတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် မြန်မာပြည်က စစ်ဖြစ်လို့ထွက်ပြေးကြတဲ့ အိန္ဒိယကုန်သည်တွေဟာ အဲဒီမှာပြန်ပြီးဈေးဆိုင်ဖွင့်နေတယ်။ သူတို့က မြန်မာရဲ့အထာကိုသိနှင့်ပြီးသူတွေဖြစ်တဲ့အတွက် ရောင်းရဝယ်ရတာမှာ ပြဿနာမရှိဘူး။

အိန္ဒိယမှာ ထွက်လည်တဲ့အခါမှာ ရှောင်ရတဲ့အဖွဲ့နှစ်ဖွဲ့ရှိတယ်၊ တစ်ဖွဲ့က သူတောင်းစားအဖွဲ့ဖြစ်ပြီး ကျန်တစ်ဖွဲ့ကတော့ ဖိနပ်တိုက်သမားတွေဖြစ်တယ်။

သူတောင်းစားများလာတောင်းရင် ယောင်ရမ်းပြီးများပိုက်ဆံမထည့်လိုက်နဲ့ ထည့်လိုက်ရင်တစ်ယောက်ကစ တစ်ရာဆိုသလို ဘယ်ကဘယ်လိုပေါ်လာမှန်း မသိဘူး။ တစ်ခါတည်း လုံကိုဝိုင်းပစ်လိုက်ကြတယ်။ အဲဒီတော့ ပေးလို့မလောက်နိုင်ဘဲဖြစ်ရတယ်။ အားလုံးကို မပေးမချင်း ဘယ်မှသွားလို့မရဘူး။ ဒါကြောင့် သူတောင်းစားများတွေ့ရင် သူတစ်ယောက်တည်းပါဆိုပြီး သွားမထည့်လေနဲ့၊ သဃာ်စင်မှောက်သွားမယ်ဆိုတဲ့ အဖြစ်ပဲ။

ဖိနပ်တိုက်သမားကလေးကလဲ အလစ်မှာ ပြောက်ကျားစစ်တိုက်တယ်ဆိုတဲ့သဘောပဲ။ လူစည်ကားတဲ့နေရာမှာ အမြဲတမ်းသူတို့ရှိနေတယ်။ တစ်နေရာမှာတော့ ယောင်လည်လည်ရပ်မနေနဲ့၊ ရပ်လိုက်တာနဲ့တစ်ပြိုင်နက် ဖိနပ်တိုက်သမားလေးတွေက ဝင်ပြီး ဖိနပ်တိုက်တော့တာပါပဲ။ အဲဒီတော့ အဲဒီလိုမသိလိုက်ရရင် ပိုက်ဆံပေးရတော့တာပါပဲ။ အဲဒါ အဆိုးဆုံးပဲ။

ကလ္လကတ္တားမှာ အက်စပလင်နိပ် (Esplanade) ဆိုတာ ရှိတယ်။ သူက ရန်ကုန်သိမ်ကြီးဈေးသဘောမျိုးပဲ။ ဆင်ခြေဖုံးရပ်ကွက်တွေက သိမ်ကြီးဈေးမှာ လမ်းဆုံးသလိုပဲ။ ကလ္လကတ္တားမှာလဲ အက်စပလင်နိပ်ဟာ ဘတ်စ်ကားနဲ့ ဓာတ်ရထားလမ်းဆုံးပဲဖြစ်တယ်။

အဲဒီအက်စပလင်နိပ်မှာ ချောင်ရင်ဂီးလမ်းမကြီးဆိုတာ ရှိတယ်။ ဒီချောင်ရင်ဂီး လမ်းမကြီးဟာ ရန်ကုန်က ဆူးလေဘုရားလမ်းမကြီးထက်အများကြီး ကျယ်တယ်။ တစ်ဆခွဲလောက်ကျယ်မယ်ထင်တယ်။ ဒီလမ်းဟာ ကလ္လကတ္တားမြို့ရဲ့ အထင်ကရလမ်းမကြီးပဲဖြစ်တယ်။ ဒီလမ်းမကြီးပေါ်မှာ ဓေတ်မီးလေအေးစက်သုံး (Metro.) ရုပ်ရှင်ရုံကြီးလဲရှိတယ်။ တခြားထင်ရှားတဲ့အမှတ်အသားကတော့ ဟူဂလီမြစ်ပေါ်မှာ "ဟောင်းရား" တံတား ဆိုတာ ရှိတယ်။

ကလ္လကတ္တားမြို့ထဲ လည်ပြီးတဲ့အခါ ဒီအက်စပင်နိပ်ကို လှည့်ခဲ့ရတယ်။ အဲဒီမှာ စားသောက်ပြီး ပြန်တယ်။ ညနေမှ ဘုံရိပ်သာကို ပြန်တယ်။ ဘုံရိပ်သာပြန်ရောက်တော့ ညစာမစားတာက များပါတယ်။

**လေထီးသင်တန်းသို့**

ကိုစံတင့်၊ မြန်မာပြည်က ဘီယာလာစခန်းကို ရောက်ပြီး နှစ်ရက်သုံးရက်နားပြီး နောက်မှာ လေထီးသင်တန်းတက်ဖို့ ကိုသိန်းပေက

စေလွှတ်ပါတယ်။ ကိုပါလေးနဲ့ ကိုစံတင့်တို့ နှစ်ယောက် ကလ္လကတ္တားနဲ့ မိုင် (၈၀) ဝေးတဲ့ ဂျက်ဆို လေထီးသင်တန်းကျောင်းကို ရောက်ကြတယ်။ ရောက်ပြီး နောက်တစ်နေ့မနက်မှာ လေထီးသင်တန်းကို စတင်တက်ရောက်ကြရတယ်။

နံနက် ၅ နာရီမှာ စားပွဲထိုးက အိပ်ရာကနိုးပြီး ကော်ဖီတိုက်တယ်။ ဗမာရဲဘော်တွေက ဒီလို သောက်လေ့သောက်ထ မရှိလို့ စားပွဲထိုးကို နောင်မနိုးဖို့နဲ့ ယူလာတဲ့ ကော်ဖီပန်းကန်ကို အုပ်ပြီး ကုတင်နားထားခဲ့ဖို့ မှာထားရပါတယ်။ အင်္ဂလိပ်တွေကတော့ အိပ်ရာထဲမှာပဲ ကော်ဖီကို မော့သောက်ပြီး ပြန်အိပ်ကြပါတယ်။ သာမန်ရဲဘော်တွေက မနက် ၇ နာရီကျတော့ အိပ်ရာကထ သွားတိုက် မျက်နှာသစ်၊ ရေမိုးချိုးပြီးမှ အဲဒီကော်ဖီကို သောက်ကြပါတယ်။

မနက် ၈ နာရီမှာ ပန်းကန်ပြားတစ်ချပ်ထဲမှာ ကြက်ဥကြော်နှစ်လုံး၊ ဝက်ပေါင်ခြောက်ကြော် အာလူးကြော်တို့နဲ့ တည်ခင်းကျွေးမွေးပါတယ်။ ပါးပါးလှီးထားတဲ့ ပေါင်မုန့်တွေ ထောပတ်ဗူးတွေ၊ ယိုမျိုးစုံဗူးတွေ ချိစ်(ဒိန်ခဲ)တွေ စားပွဲပေါ်မှာ ထားပါတယ်။ စားနိုင်သလောက် ကြိုက်တာယူစားလို့ရပါတယ်။ လက်ဖက်ရည်တော့ ကိုယ်ကြိုက်သလို နို့သကြား၊ လက်ဖက်ခြောက်ရည်တွေကို ကိုယ့်အကြိုက်စပ်ပြီး ဖျော်သောက်ကြတယ်။

မနက် ၁၁ နာရီ နေ့ နာရီပြန်တစ်ချက်၊ ညနေ ၃ နာရီ၊ အဲဒီအချိန်တွေမှာလဲ မနက်ကလိုပဲ ကျွေးမွေးတယ်၊ ညကျတော့ ထမင်းတစ်နပ်စားရတယ်။ ထမင်းစားချိန် ဟင်းနဲ့အကျအန စားရတယ်။ ထမင်းစားချိန်ရောက်ချင်ရောက် အချိန်မီမရောက်လာရင် အဲဒီလူအတွက် နောက်ထပ်ချက်ပြုတ်မကျွေးတော့ဘူး။

မနက်စာ စားပြီးတာနဲ့ တစ်ပြိုင်နက် လေယာဉ်ပျံကွင်းကို ကားနဲ့ လာခေါ်တယ်။ စခန်းချတဲ့နေရာနဲ့ လေယာဉ်ပျံကွင်းက နည်းနည်း ဝေးတယ်။ လေ့ကျင့်တဲ့နေရာရောက်တာနဲ့ တစ်ပြိုင်နက် ကလေးတွေကစားတဲ့ လျှောလိုပဲ အပေါ်ကို လှေကားနဲ့ တက်သွားပြီး လျှောဆင်းကြရတယ်။ ကလေးတွေ လျှောဆင်းတဲ့ ကစားခုံထက် နည်းနည်းမြင့်တယ်။ လျှောထဲဝင်ပြီး ခြေကိုဆန့်ထားရတယ်။ ခြေကန်စရာသစ်တုံးကလေးတွေ ဘေးနားမှာရှိတယ်။ အဲဒါကို ခြေနဲ့ကန်ထားရတယ်။ တစ်၊ နှစ်၊ စလုပ်လို့ လက်မထောင်ပြီး

ဗွိုပုံသဏ္ဌာန်နဲ့ ပြောတယ်။ ဗွိုဆိုတဲ့ သင်္ကေတ အောင်ရမယ်ဆိုတဲ့သဘော ဖြစ်တယ်။

လျှောဆင်းတဲ့အခါမှာ မျက်နှာကို တံတောင်နှစ်ဘက်နဲ့ ကာကွယ်ထား၊ ပြီးတော့ ခြေနှစ်ဘက်မြေကြီးပေါ် စုံကျရတယ်။ ကျတဲ့အခါ ခွေးကျမကျ၊ ကြောင်ကျ ကျရအောင် ဒူးကို ခပ်ညွတ်ညွတ်ကလေး ထားရပါတယ်။ နောက်သာဘက်ဖြစ်ဖြစ်၊ဘယ်ဘက်ဖြစ်ဖြစ် ကိုယ်သန်ရာဘက်ကိုလှိမ့်လိုက်ရတယ်။ ဒီလေ့ကျင့်ခန်းကို မနက်ဇနာရီကနေ ၁၂နာရီကျော်အထိလေ့ကျင့်ရတယ်။

ထမင်းစားပြန်ရတယ်။ နေ ၂ နာရီ ကျပြန်တော့ သင်တန်းကို ပြန်သွားရပါတယ်။ ဒီအချိန်က မြန်မာပြည်က အိန္ဒိယအလာ ရေပြောင်းရေလွဲမို့ ကိုစံတင် ဖျားတယ်၊ ဒါပေမယ့် ဖျားတယ်ဆိုပြီး သင်တန်းကို မတက်ဘဲ နားမနေဘူး၊ တိုင်းပြည်အတွက် ပညာရပ်တစ်ရပ်ကို လေ့လာရတာမို့ ဖျားပေမယ့် ကြိတ်မှိတ်ပြီး သင်တန်းကို ဖွဲ့နဲ့ လေ့ကျင့်တယ်။

နေ့လယ်ပြန်တက်တဲ့အခါမှာ ကိုစံတင့်တို့ကို စခန်းက စတိုအခန်းကို သွားကြရတယ်။ ကိုယ့်ကိုယ်အတိုင်းနဲ့ အံကျအောင် လေထီးကို ကိုယ်မှာ တပ်ဆင်ကြရတယ်။ အဲဒီမှာ ချင်းလူငယ်၊ ကချင်လူငယ်နဲ့ အင်္ဂလိပ်တွေပါ လေထီးဆင်းဖို့ ပါလာတယ်။ ဆင်းမယ့်အချိန်ကျမှ သူတို့နဲ့ တွေ့ရတယ်။ ကျန်တဲ့အချိန်မှာတော့ ချင်း၊ ကချင်လူငယ်တွေကို တခြားမှာ ပို့ထားတယ်။ ကိုစံတင်နဲ့ရောမထားဘူး။

သူတို့အသုတ်မှာ လူ၂၀ လောက်ပါတယ်။ လေထီးတွေကို ကိုယ်နဲ့ အံကိုက်အောင် လုပ်ထားပြီး လေထီးမှာ နာမည်ရေးပြီး ထားခဲ့ရတယ်။

နောက် ဆရာဝန်ဆီ သွားရတယ်။ ဆေးစစ်ဖို့ဖြစ်တယ်။ အင်္ကျီချွတ်ပြီး အသင့်နေရတယ်။ ဆရာဝန်က နှလုံးခုန်တာကို စမ်းသပ်ကြည့်တယ်။ နှလုံးရောဂါ ရှိမရှိ စစ်ဆေးကြည့်တဲ့ သဘောပဲ။ လေထီးဆင်းမယ့် လူတိုင်းဟာ ဆရာဝန်ရဲ့ အစမ်းအသပ်ကို ခံကြရတယ်။

ဒီလို စမ်းသပ်ပြီးတဲ့နောက် အားလုံးကို အခန်းကြီးတစ်ခန်းထဲကို ခေါ်သွားပြန်တယ်။ အဲဒီမှာ အားလုံး အဝတ်တွေ ချွတ်ရတယ်။ အားလုံး ဆောင့်ကြောင့်ထိုင်ပြီး တစ်ယောက်စီ တစ်ယောက်စီထိုင်ရင်း ဖားခုန်ခုန်ခိုင်းတယ်။ ဆရာဝန်တစ်ယောက်စီကို လိုက်ကြည့်တယ်။ ရှေ့ကပဲကြည့်တယ်။

လိပ်ခေါင်းရောဂါ ရှိ/မရှိ စမ်းသပ်ချက်ဖြစ်တယ်။ အဲဒီလို ဆရာဝန်က စိတ်ချရမှ ဆေးအောင်တယ်လို့ ပြောတယ်။

ဆရာဝန်အခန်းက ထွက်လာပြီးတဲ့နောက်မှာ တွင်းထဲရပ်ထားတဲ့ စီ-၄၆၊ ဒါကိုတာ လေယာဉ်ဆီကို သွားကြရပြန်တယ်။ လေယာဉ်ပေါ်တက်ပြီး လေထီးချိတ် ချိတ်ရတဲ့အကြောင်း၊ မီးနီ၊ မီးစိမ်း အချက်ပြတဲ့ အကြောင်း၊ ပြီးတော့ ရပ်ထားတဲ့ လေယာဉ်အေးပေါက်ကနေ လေးယောက်တစ်တွဲခုန်၊ ခုန်ချကြရတယ်။ အဲဒါပြီးတော့ စခန်းကို ပြန်ကြရပြန်တယ်။

ညနေ ၄ နာရီ လောက်ကျတော့ ကိုစံတင့်တို့ကို ပြန်လာခေါ်ပြန်တယ်။ လေယာဉ်ပျံကွင်းရောက်တော့ လေယာဉ်ပျံပေါ်တင်ခေါ်ပြီး လေယာဉ်ပျံပေါ်က လေထီးနဲ့ဆင်းရတော့တာပဲ။ သူတို့နဲ့အတူ လေထီးခုန်ဆင်းကြရတဲ့ ချင်း၊ ကချင်လူငယ်တွေနဲ့ အင်္ဂလိပ်တွေဟာ လေထီးသင်တန်းကို မြေပေါ်မှာ အမျိုးမျိုး လေ့ကျင့်ကြရတယ်။ တစ်လလုံးလုံး လေ့ကျင့်ပြီးတဲ့အခါမှ အခုလို လေယာဉ်ပျံပေါ်ကနေ လေထီးနဲ့ ခုန်ဆင်းကြရတယ်။

ကိုစံတင့်နဲ့ ကိုပါလေးတို့ကတော့ မနက် မြေပြင်သင်တန်းဆင်းပြီး ညနေ ၄ နာရီမှာ လေယာဉ်ပေါ်ကနေ လေထီးနဲ့ ခုန်ဆင်းကြရတယ်။ အခြေခံသင်တန်းကို အခြားလူတွေ တစ်လလောက် လေ့ကျင့်ရတဲ့ ပညာရပ်ကို သူတို့က တစ်မနက်လောက် လေ့ကျင့်ရတဲ့ ပညာနဲ့ လေယာဉ်ပေါ်ကနေ လေထီးခုန်ချကြရတယ်။

အဲဒီအထဲ ကိုစံတင့်ကအပြင်းဖျားသေးတယ်။ သူအပြင်းဖျားလို့ လေထီး မခုန်ပါရစေနဲ့ဦးလို့ ပြောလိုက်ရင် သူ့ကို လေထီးနဲ့ခုန်ဆင်းရမှာ ကြောက်လို့ အကြောင်းပြတယ်လို့ ပြောမှာ စိုးတယ်။ ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ဝင်တွေ သတ္တိကြောင်တယ်လို့ အပြောခံရမှာစိုးတဲ့အတွက် သူ့အဖျား တက်နေတယ်ဆိုတာကို ဘယ်သူမှ မပြောဘဲ ဖျားလျက်နဲ့ပဲလေထီးနဲ့ ခုန်ချလိုက်တယ်။

လေယာဉ်ပေါ်က ခုန်ချရမယ့်အခါမှာ တံခါးပေါက်ရဲ့ဘောင်နှစ်ဘက်ကို ပထမ ခုန်ချမယ့် လူက ကိုင်ထားရတယ်။ ကျန် နံပတ် ၂၊ ၃၊ ၄ စတဲ့ သူတွေက ဘောင်းဘီအေး အလယ်ချုပ်ရိုးကြောင်းကို ကိုင်ထားရတယ်။ ခြေစုံထားပြီး ရပ်သလို မြေကြီးပေါ်ကျတဲ့အခါလဲ ခြေစုံကျဖို့ အရေးကြီးတယ်လို့ သင်တန်းဆရာက မပြတ်အောင် သတိပေးနေတယ်။

လေယာဉ်အပေါက်မှာ ရပ်နေတဲ့ နံပတ် ၁ ဆင်းလို့ သင်တန်းဆရာက အမိန့်ပေးတယ်။ နံပါတ် (၁) က အင်္ဂလိပ်ဖြစ်တယ်။ အင်္ဂလိပ်ဆင်းသွားပြီးတဲ့ နောက်မှာ ဆင်းရမယ့် နံပါတ် (၂) ကချင်ကလေးဖြစ်တယ်၊ နံပါတ် (၂) ဆင်းလို့ အမိန့်ပေးပြန်တော့ ကချင်လေးက မဆင်းရဲဘူး။ သူ့ကို သင်တန်းဆရာက တွန်းချလိုက်ရတယ်။ နံပါတ် (၃) ဆင်းလို့ အမိန့်ပေးတာနဲ့ တစ်ပြိုင်နက် ကိုစံတင့် ခုန်ဆင်းလိုက်တယ်။

ဒီအချိန်က လေယာဉ်ဟာ လေကြောင်းအတိုင်း ပျံသွားနေခြင်း ဖြစ်တယ်။ ကိုစံတင့်ကျတော့ ခုန်လိုက်တာနဲ့ လေနဲ့အတူ ပါသွားတယ်။ ခုန်ချလိုက်တဲ့ အချိန်မှာ လုံးဝ သတိမေ့သွားတယ်။ ဘာဖြစ်သွားတတ်ဆိုတာ ကိုလဲ မပြောနိုင်မပြောတတ်ဘူး။ မျက်စိအလိုလိုမှိတ်လျက်သား ဖြစ်သွားတယ်။

အာကာသည်းထဲမှာ အေးသွားတယ်။ အသက်ရှူလဲ ရပ်သွားသလို ဖြစ်တယ်။ လေယာဉ်ပေါ်ကကျပြီး ဝါးသုံးပြန်လောက်အထိ ရောက်သွားပြီးမှ လေထီး ပွင့်သွားတယ်။ အသက်ပြန်ရှူလာနိုင်တယ်။ သတိပြန်ရလာတယ်။ အသက်ရှူရ လာတော့မှ မျက်လုံးဖွင့်ကြည့်လိုက်တယ်။ အသက်ရှူရလာတဲ့ အချိန်မှာ လူကတောင့်တောင့်ပဲ ဆရာသင်ထားတဲ့အတိုင်းပဲ ကိုယ်အနေထားတွေ လေထီး ကြိုးကိုင်ပုံတွေ မမှားရအောင် သတိရှိရှိနဲ့ ဆင်းလာခဲ့တယ်။

သူဆင်းလာတဲ့အခါ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အတူတူ ဆင်းလာတဲ့ အစုဟာ ချပေးတဲ့ လေယာဉ်ပျံသွားတဲ့လမ်းကြောင်းအတိုင်း တန်းပြီး ဆင်းနေကြတာကို မြင်လိုက်ရတယ်။ အဲဒီလမ်းကြောင်းကညာဘက်ကို ဖဲ့ထွက်ပြီး လေဟုန်စီးဆင်းနေတာ တွေ့ရတယ်။

ညာဘက်အဝေးကြီးမှာရှိတဲ့ သစ်ပင်သစ်ရွက်တွေနဲ့ လိုက်သွားသေးတယ်။ မြေကြီးက ပေ ၂၀ လောက် ကျတော့ ဖြုန်းဆို မြေကြီးပေါ် အထုပ်ကြီး ကျသွားသလို ကိုစံတင့်လဲ မြေပေါ်ကျသွားပါတယ်။ သူလဲ သတိမရတော့ဘူး၊ ဆရာသင်ထားတဲ့အတိုင်း တစ်ပတ်ကျွမ်းတို့ ဘာတို့ညာတို့ မရှိဘူး၊ ချွေးသီး ချွေးပေါက် ကျပြီးတော့နေတာ တွေ့ရတော့တယ်။

နောက်ပိုင်းကျတော့ လေ့ကျင့်မှုရလာတာနဲ့အမျှ လူလဲသက်သာပြီး လက်တွေ့လေထီးဆင်းဖို့ အသင့်ဖြစ်နေပါတော့တယ်။

သင်တန်းတွေပြီးတော့ မြန်မာပြည်ကို လေထီးနဲ့ ဘယ်ရက်၊ ဘယ်အချိန်မှာ ဆင်းရမလဲလို့ စောင့်မျှော်နေပါတဲ့တယ်။ ဒီလိုနဲ့ သကြံန်ရက်တွေ

ရောက်လာတော့မြို့ထဲက မြန်မာအိမ်တွေမှာ ရေပက်ကြ စားကြသောက်ကြနဲ့ နေခဲ့ရပါတယ်။

မကြာခင်မှာပဲ ကိုခင်ဇော်(ဗိုလ်မှူးခင်ဇော်ကျဆုံး)နဲ့ ချင်းရဲဘော်လေးတို့ မြန်မာပြည်ကို လေထီးနဲ့ဆင်းသွားပါတယ်။ သူတို့ဟာ သထုံခရိုင်နဲ့ ဘီးလင်းနယ်ကြားက မင်းလွင်ဆိုတဲ့ ကရင်ရွာကြီးကို ဆင်းသွားရတာဖြစ်ပြီး အောက်ကကြိုမယ့်သူ မရှိဘဲ Blind drop ဆင်းသွားတာဖြစ်ကြောင်း သိရပါတယ်။

အဲဒီနောက်မှာ ကိုစံတင့်တို့အဖွဲ့ ဆင်းခဲ့ပါတယ်။ သူတို့လဲ သထုံခရိုင်ထဲကိုလဲ ဆင်းခဲ့တာ ဖြစ်ပါတယ်။ မြေပြင်ရောက်ပြီးမှပဲ မြန်မာ့တပ်မတော်က ဗိုလ်ကြီးအုန်းမြွေ၊ ဗိုလ်တင်အေး (ကွယ်လွန်သူများ)၊ ခေါင်းဆောင်တဲ့ ပြောက်ကျားတပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး ပြောက်ကျားတွေဆီက ဂျပန်တွေရဲ့ ဆုတ်ခွါမှု အခြေအနေ တပ်စွဲထားမှု အခြေအနေကို ကလ္လကတ္တားသို့ သတင်းပို့ပေးရပါတယ်။

နောက်မကြာမီမှာဘဲ ဂျပန်တွေ လက်နက်ချပြီဆိုတဲ့သတင်း ရပါတယ်။ အဲဒီမယ် ရန်ကုန်ကို ပြန်ရောက်လာပါတယ်။ ရန်ကုန်ရောက်တော့ စမ်းချောင်းမှာရှိတဲ့ ကွန်မြူနစ်ဌာနချုပ်မှာရှိတဲ့ သခင်တင်မြ၊ ကိုထွန်းစိန်တို့ထံ သထုံ၊ ဘီးလင်းဘက်မှာရှိတဲ့ အခြေအနေများကို သတင်းပို့ အစီရင်ခံခဲ့ပါတယ်။

ဂျပန်လက်နက်ချအပြီး ၃ ရက်လောက်မှာ မေဂျာအက်စတာပီက ကိုစံတင့်တို့ကို ခေါ်ပါတယ်။ ကိုခင်မောင်ကြီး၊ ကိုခင်ဇော်တို့လဲ အတူပါတယ်။ မေဂျာက စစ်ကြီးပြီးသွားလို့ မင်းတို့ အိန္ဒိယတပ်သွားဖို့ မလိုတော့ဘူး။ တို့ဗြိတိသျှ တပ်ထဲကိုဝင်ပါ။ မင်းတို့သင်တန်း ခြောက်လတက်ပြီးရင် ဒုဗိုလ်ရာထူးပေးမယ်လို့ ပြောပါတယ်။ ကိုခင်ဇော်ကတော့ သူတပ်တဲ ဝင်မယ်လို့ ပြောပါတယ်။ ဒီမှာပဲ မေဂျာက လက်နက်တွေ အပ်ပါပြောလို့ ကိုခင်ဇော်နဲ့ ကိုခင်မောင်ကြီးက လက်နက်အပ်ပါတယ်။ ကိုစံတင့်ကတော့ အသင့်ပါမလာတဲ့အတွက် နောက်တစ်နေ့မှာ သွားအပ်ပါတယ်။ အဲဒီကနေ တပ်ဖွဲ့ ဗို့ဒ် ၁၃၆ ရဲ့လေထီးစစ်သားဘဝကို ကျောခိုင်းပြီး ကွန်မြူနစ်ပါတီဌာနချုပ်ကိုပဲ မျှော်လင့်ကြီးစွာနဲ့ လှမ်းလာခဲ့ပါတော့တယ်။

**ရဲဘော်စံတင့်။** ရဲဘော်စံတင့်ဟာ နမ္မတူဇာတိဖြစ်ပါတယ်။ ဖခင်က ဆစ်ခ်ပန်ချာပီဖြစ်ပြီး မိခင်က ရှမ်းအမျိုးသမီး ဖြစ်ပါတယ်။ ယေနာမည်က ဆိုဟန်ဘင် ဖြစ်ပါတယ်။ ကသာမြို့ အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းကို အထက်တန်းပညာ သင်ကြားဖို့ ရောက်လာပါတယ်။ အထက်တန်းပြဆရာ မစ္စတာဒီမင်းအိမ်မှာ ကျောင်းအိပ်ကျောင်းစားနေပါတယ်။ ဒီအချိန်မှာ ခေါင်းပေါင်း ပေါင်းထားလျက်ပဲ ရှိသေးတယ်။ ကျောင်းရောက်ပြီးမှ ခေါင်းပေါင်းကိုဖြုတ်၊ ဆံပင်ကို ညှပ်ပစ်လိုက်ပြီး နာမည်ကိုလဲ ကိုတင်အောင်လို့ ပြောင်းလိုက်တယ်။ ကသာကျောင်းကပဲ ဆယ်တန်းအောင်သွားခဲ့ပါတယ်။

စစ်ဖြစ်တော့ နမ္မတူကို ပြန်သွားတယ်။ အဲဒီအချိန်မှာ အထက်မြန်မာပြည် ဂျပန်ဆန့်ကျင်ရေးခေါင်းဆောင် ကိုစံညွန့် ခေါ် ကိုကျော်သန်းတို့ စည်းရုံးရေး ဆင်းတဲ့အခါမှာ ကိုစံတင့်ကို အထက်မြန်မာပြည် ကွန်မြူနစ်ပါတီရုံးခွဲကို ခေါ်လာခဲ့တယ်။

၁၉၄၆ ခု ကွန်မြူနစ်ပါတီကွဲတဲ့အခါမှာ သခင်စိုးဦးဆောင်တဲ့ အလံနီကွန်မြူပါတီထဲ ပါသွားပါတယ်။ အဲဒီမှာ ရှမ်းပြည်သစ်ကွန်မြူနစ်ပါတီခေါင်းဆောင်ဖြစ်ခဲ့ပါတယ်။ အဲဒီကမှ သခင်သန်းထွန်းခေါင်းဆောင်တဲ့ မြန်မာပြည် ကွန်မြူနစ်ပါတီထဲ ပြန်ရောက်သွားပါတယ်။ ၁၉၅၄ ခုနှစ်လောက်မှာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီးတဲ့နောက် စာရေးဆရာ ရှမ်းပြည်စံတင့် အဖြစ်နဲ့ ရပ်တည်ခဲ့ပါတယ်။

* * *

## ၁၆။ ရဲဘော်ခင်မောင်ကြီး

ကိုခင်မောင်ကြီးဟာ မုံရွာသား ဖြစ်ပါတယ်။ မြန်မာပြည်ကို ဂျပန်ဝင်ပြီး မကြာခင်မှာ မုံရွာမြို့ အာရှလူငယ် အစည်းအရုံး ဖွဲ့ပါတယ်။ ဒီအစည်းအရုံးမှာ ရဲဘော်ငွေးက ခေါင်းဆောင်ပါ။ ဗဟိုအာရှလူငယ် အစည်းအရုံး ခေါင်းဆောင် ဦးဗဂျမ်းတို့ အဆက်အသွယ်နဲ့ သခင်တင်မြဟာ မုံရွာ အာရှလူငယ် အစည်းအရုံးခေါင်းဆောင် ရဲဘော်ငွေးဆီ ရောက်လာပါတယ်။ သခင်တင်မြဟာ မြို့နယ်ပါတီမှာ ဗဟိုရဲ့ ကိုယ်စား လျှို့ဝှက်စည်းရုံးနေသူ ဖြစ်ပါတယ်။

မုံရွာမြို့မှာ ရဲဘော်ငွေးရဲ့ ဆက်သွယ်မှုနဲ့ ကွန်မြူနစ် သင်တန်းတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ ဒီသင်တန်းအဖွဲ့မှာ သခင်ချို၊ ရဲဘော်ခင်မောင်ကြီး၊ သခင်သောင်းတင်(ဆောက်ထိုး)၊ သခင်ရွှေခေါ် လင်းယုန်မောင်မောင်၊ ကိုဗပျားစတဲ့ ရဲဘော်များ ဖြစ်ပါတယ်။ သင်တန်းကို ဂျပန်တွေ မသိရအောင် လျှို့ဝှက် ပို့ချရတာ ဖြစ်တယ်။ သင်တန်းပြီးတော့ သခင်တင်မြ မုံရွာက ပြန်သွားပါတယ်။

အဲဒီနောက် မုံရွာကို ဘီဒီအေ (ဗမာ့ကာကွယ်ရေးတပ်မတော်)က ဗိုလ်ကြီးခင်မောင် တပ်သားစည်းရုံးရေးအတွက် ရောက်လာပါတယ်။ အဲဒီအချိန်မှာ စစ်ပညာတတ်လိုတာက တစ်ကြောင်း၊ လူငယ်သဘာဝ တိုက်လိုခိုက်လိုတာက တစ်ကြောင်းတို့ကြောင့် ကိုခင်မောင်ကြီးဟာ ဘီဒီအေထဲ ဝင်လိုက်ပါတယ်။ မုံရွာကနေ ပျဉ်းမနား လူသစ်စခန်း ရောက်ပြီး ဗိုလ်အောင်မင်း တပ်ခွဲမှာ စစ်ပညာ သင်ကြားခဲ့ပါတယ်။

ဝင်းဂိတ်ဖြတ် စစ်တပ်တွေ စစ်ကိုင်းတိုင်း ကသာ၊ အင်းတော်၊ မော်လူးဘက် ဝင်လာတော့ အဲဒီတပ်တွေကို တိုက်ထုတ်ဖို့ တပ်ရင်း (၄)ကို မန္တလေးသို့ ပြောင်းရွှေ့လိုက်တယ်။ ရဲဘော်ခင်မောင်ကြီးတို့ တပ်လဲ လိုက်ပါသွားတယ်။

မန္တလေးတောင်ခြေမှာ တပ်စခန်းချနေတုန်း တစ်နေ့မှာ မုံရွာ သခင်ချို ရောက်လာပါတယ်။ သခင်ချိုက တို့မုံရွာမှာ ကွန်မြူနစ်ပါတီ စည်းရုံးရေး လုပ်ဖို့ လူတွေလိုနေတယ်၊ တပ်မတော်ကလဲ ဂျပန်ကို တော်လှန်မှာပဲ၊ တို့ကလဲ ဂျပန်ကို တော်လှန်မှာပဲ၊ ဒါပေမယ့် တို့မှာ စည်းရုံးရေးမှူးတွေ အများကြီး လိုနေတယ်၊ ဒီတော့ တို့ဆီ ပြန်လိုက်ခဲ့ပါလို့ အတန်တန် ပြောနေလို့ ရဲဘော်ခင်မောင်ကြီးဟာ ဘိုဒီအေက လစ်ပြီး မုံရွာကို ပြန်လိုက်သွားခဲ့တယ်။

မုံရွာရောက်တော့ သခင်ချိုက တို့ဗမာ ဆင်းရဲသားအစည်းအရုံးမှာ ခရိုင် ဥက္ကဋ္ဌ အဖြစ် လုပ်ရင်း ဂျပန်ဆန့်ကျင်ရေး၊ မြေအောက်တော်လှန်ရေး လုပ်ငန်းတွေကို လုပ်ကိုင်နေပါတယ်။ မုံရွာမှာ မဟာမိတ်များ ချထားတဲ့ ဗုံးဒဏ်ကြောင့် တို့ဗမာ ဆင်းရဲသား အစည်းအရုံး လုပ်ငန်းကို မုံရွာတောင်ဘက် မုံရွေးကနေပဲ လုပ်ကိုင်ကြရပါတယ်။ အဲဒီတုန်းက အင်္ဂလိပ် အမေရိကန် လေယာဉ်ပျံများ မန္တလေးနဲ့ အောက်မြန်မာပြည်တစ်လွှား ဗုံးချလို့ ဗုံးမကုန်ဘဲ ကျန်နေရင် မုံရွာနဲ့ အလုံမှာ ဗုံးတွေ ဖြုတ်ချခဲ့တယ်။ အိန္ဒိယကို ဗုံးတစ်လုံးမှ မပါဘဲ ပြန်ကြတယ်၊ အဲဒါကြောင့် ဗုံးမကုန် အလုံမုံရွာဆိုပြီး စာဆိုတောင် ရှိခဲ့တယ်။

တစ်နေ့မှာ အထက်မြန်မာပြည် ဂျပန်ဆန့်ကျင်ရေးခေါင်းဆောင် ရဲဘော်ကျော်သန်းခေါ် ကိုစံညွန့်ဟာ သခင်ချိုတို့ဆီ ရောက်လာတယ်။ သူက ပခုက္ကူသား ဖြစ်ပြီး ပခုက္ကူ ဝက်စလီကျောင်းထွက်ပါ။ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် တစ်ယောက်လဲ ဖြစ်ပါတယ်။ အထက်မြန်မာပြည် ကွန်မြူနစ်ပါတီ ဒုတိယခေါင်းဆောင်က ရဲဘော်ထွန်းစိန်ခေါ် ရေနံမြေ သခင်အေးမောင် ဖြစ်ပါတယ်။

ရဲဘော်ကျော်သန်းဟာ မုံရွေးကို ရောက်တော့ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြ ဆွေးနွေးတယ်။ အဲဒီမယ် ရဲဘော်ခင်မောင်ကြီး၊ ရဲဘော်ဖိုးထူး (ယခု စာရေးဆရာ ကိုကျော်သန်း- ရန်ကုန်)တို့နဲ့ တွေ့တယ်။ သူတို့ဟာ လူငယ်တွေလဲဖြစ်၊ ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွလဲ

ရှိတော့ သခင်ချိုနဲ့ တိုင်ပင်ပြီး အထက်မြန်မာပြည် ရုံးစိုက်ရာ မန္တလေးကို ခေါ်သွားပါတယ်။

မန္တလေးလေယာဉ်ပျံပစ် အမြောက်ကြီးတပ် တောင်ဘက်မှာ ရှိတဲ့ ဗိုလ်သိန်းဟန် တပ်ခွဲစခန်း တန်းလျားမှာ အထက်မြန်မာပြည် ကွန်မြူနစ်ပါတီရုံး ဖွင့်ထားပါတယ်။ အဲဒီမှာနေရင်း ရဲဘော်ကျော်သန်းဆီမှာ ကွန်မြူနစ် သင်တန်းတွေ တက်တယ်။ အဲဒီနောက် ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းနဲ့ ပတ်သက်ပြီး ရေစကြို၊ ပခုက္ကူ၊ မြင်းခြံ၊ ကျောက်ဆည်၊ အမရပူရ၊ စစ်ကိုင်း စတဲ့ မြို့များမှာ စည်းရုံးရေး ဆင်းကြတယ်။

ဒီတုန်းက ကျွန်တော် (စာရေးသူ)နဲ့ ကိုခင်မောင်ကြီးတို့ ဗိုလ်အာဗ္ဗာဝက တပ် တပ်ခွဲမှူး ဗိုလ်သိန်းဟန် စခန်းမှာ စတွေ့ကြတယ်။ ကျွန်တော်က ကသာကနေ ပျဉ်းမနားသွားပြီး ဘီဒီအေ ဗမာ့တပ်မတော်သို့ ဝင်ခဲ့တယ်။ အဲဒီအချိန်မှာ ကိုခင်မောင်ကြီးက လူသစ်စခန်းကို ရောက်နှင့်နေပါပြီ။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် မသိခဲ့ကြဘူး။

ပျဉ်းမနားကို အင်္ဂလိပ် အမေရိကန် လေယာဉ်တွေ လာပြီး စက်သေနတ်နဲ့ ပစ်သွားလို့ ဘီဒီအေ ရဲဘော်တွေ အမြောက်အမြား ကျဆုံးတဲ့ အချိန်က ကိုခင်မောင်ကြီးက ပျဉ်းမနားမှာ ရောက်နေပါပြီ။ အဲဒီ အဖြစ်အပျက်က ပျဉ်းမနား လူသစ်စခန်းကို ရောက်ခဲ့သူတိုင်း သိလိုက်ရတဲ့ ကြေကွဲစရာ မမေ့နိုင်စရာ အဖြစ်အပျက်ပါ။

ဖြစ်ပျက်ပုံက တစ်နေ့ မနက်ခင်းမှာ တပ်ရင်း (၃) လူသစ်စခန်းက ရဲဘော်တွေ သင်တန်းဆင်းနေကြတယ်။ အဲဒီအချိန်မှာ လေယာဉ်သံ ကြားရပြီး ရဲဘော်တွေ သင်တန်းဆင်းတဲ့ဆီ ပျံသန်းလာပါတယ်။ ရဲဘော်တွေကလဲ ဂျပန်လေယာဉ်မှတ်ပြီး ဘီရမာနိပ္ပွန်ဘန်ဆိုင်း (မြန်မာဂျပန်အောင်ပြီ) ဆိုတဲ့ ကြွေးကြော်သံကို ကြွေးကြော်ပြီး လက်တွေ၊ ဦးထုပ်တွေ မြှောက်ပြ ဆီးကြိုကြတာပေါ့။ တကယ်တော့ ရဲဘော်တွေ ထင်သလို ဂျပန်လေယာဉ် မဟုတ်ဘဲ အင်္ဂလိပ် အမေရိကန် လေယာဉ် ဖြစ်နေပါတယ်။ ဖြုန်းဆို ဒက်-ဒက်-ဒက် ဆိုပြီး စက်သေနတ်တွေနဲ့ တရကြမ်း ပစ်ပါတော့တယ်။ ရဲဘော်တွေဟာ ပုန်းခိုကျင်းထဲ ဝင်ပုန်းချိန် မရဘဲ ကွင်းပြင်မှာ အတုံးအရုံး ကျဆုံးကုန်ပါတော့တယ်။

ဒီအဖြစ်အပျက်ဟာ ပျဉ်းမနားမှာ အင်မတန် ကျော်ကြားခဲ့တဲ့ အဖြစ်အပျက်ပါ။ ဘီဒီအေတပ်အကြောင်း ပြောရင် ဒါမှမဟုတ် ပျဉ်းမနားအကြောင်း ပြောရင် မေ့ချန်ထားလို့ မရတဲ့ ဖြစ်ရပ်ပါ။

ကျွန်တော် ပျဉ်းမနား ဘီဒီအေ တပ်ထဲဝင်တော့ ဒီဖြစ်ရပ် ဖြစ်ပြီးစလေးပဲ ဖြစ်ပါတယ်။ နောက်တော့ လေယာဉ်ပျံလာရင် ရဲဘော်တွေက ဘိရမာ နိပွန်ဘန်ဆိုင်းလို့ ကြွေးကြော်မနေဘဲ ပုန်းခိုကျင်းများမှာသာ နေအောင်းနေကြတော့တယ်။ နောက်ထပ်တော့ ဒီအဖြစ်မျိုး ထပ်မကြုံရတော့ပါဘူး။

အဲဒီ လုသစ်စခန်းကပဲ ရေနံချောင်းမှာ လေယာဉ်ပျံပစ် အမြောက်တပ်ဖွဲ့ဖို့ ရန်ကုန်က ချီတက်လာတဲ့ ဘီဒီအေတပ်စုနဲ့အတူ ကျွန်တော်လိုက်ပါခွင့်ရပြီး ရေနံချောင်း 'ခံကုန်းရပ်'က လေယာဉ်ပျံပစ် အမြောက်တပ်မှာ တာဝန်ထမ်းလိုက်ရပါတယ်။

အဲဒီနောက် တတိယပတ် ဗိုလ်သင်တန်းကို ကျွန်တော် တက်ခွင့်ရခဲ့တယ်။ သင်တန်းတက်နေစဉ်မှာပဲ မဟာမိတ်တပ်များနဲ့ ဆက်သွယ်ဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ညွှန်ကြားချက်နဲ့ ဗိုလ်သင်တန်းကနေ ကိုဘသောင်းနဲ့ ကျွန်တော်တို့ လစ်ကြရပါတယ်။ ဘီဒီအေ အထက်မြန်မာပြည် တိုင်းမှူး ဗိုလ်မှူးဗထူးရဲ့ ကူညီစီစဉ်ပေးမှုနဲ့ မဟာမိတ်တပ်များထံ သွားရောက်ဆက်သွယ်ခဲ့ပါတယ်။

ကျွန်တော် အမေရိကန်များနဲ့ သွားဆက်သွယ်ပြီး ဗိုလ်မှူးဗထူးဆီ အပြန် မင်းကွန်းမှာ ဂျပန်ရဲ့ အဖမ်းကို ခံရပါတယ်။ အချုပ်ခံရလို့ ဆယ်ရက်ပြည့်တဲ့နေ့မှာ အပြင်က ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့တွေနဲ့ ဆက်သွယ်လို့ အသတ်ခံရတော့မယ့်ဆဲဆဲ အပြင်က စစ်ကိုင်းလေယာဉ်ပစ် အမြောက်တပ် ဗိုလ်သိန်းဦး တပ်နဲ့ စစ်ကိုင်းဗိုလ်မဲကြီးရဲ့ 'ဝ' တပ် (ဝန်ထမ်းတပ်) တို့ အကူအညီနဲ့ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ဘီဒီအေ အထက်မြန်မာပြည် တိုင်းမှူး ဗိုလ်မှူးဗထူးရှိရာ ဗိုလ်အာဌာဝက အမြောက်တပ်ကို ရောက်သွားပါတယ်။ အဲဒီမှာ ကိုခင်မောင်ကြီးနဲ့ ကျွန်တော် ပြန်ဆုံစည်းပါတော့တယ်။ အဲဒီမှာပဲ နားနေခွင့် ရတယ်။

အဲဒီမှာ အထက်မြန်မာပြည် တာဝန်ခံ ကိုကျော်သန်း၊ ဒုတိယတာဝန်ခံ ကိုထွန်းစိန်၊ ကိုခင်မောင်ကြီး၊ ကိုဖိုးထူးခေါ် ကိုကျော်သန်းတို့နဲ့ တွေ့ရတယ်။ ရဲဘော်တွေက မြို့ထဲလျှောက်လည်ကြတယ်၊ ကျွန်တော်က စစ်ကိုင်း ဂျပန်ကင်ပေ

တိုင်ဆီက ထွက်ပြေးလာသူ ဆိုတော့ သူတို့လို ထွက်မလည်နိုင်ဘူး။ ဒီတော့ ရဲဘော်တွေက–

"ခင်ဗျား ကျွန်တော်တို့လို လိုက်မလည်နိုင်တာကိုတော့ ဝမ်းနည်းပါတယ်။ တပ်ထဲမှာသာ အေးအေးဆေးဆေး ပုနေပေါ့၊ ခင်ဗျားကို ဒီတစ်ခါ ပြန်မိသွားရင်တော့ ပြဿနာပဲ၊ ကန်စွန်းနွယ် ဆွဲမိသလိုနေမယ်"

"ဟုတ်ပါပြီ ဒါထက် ခင်ဗျားတို့လဲ သိပ်ခြေမရှည်နေနဲ့ဦး၊ လေကြောင်းရန်က တစ်နေ့တခြား စိပ်လာပြီ၊ နာရီနဲ့အမျှ စိုးရိမ်နေရတယ်၊ မဟာမိတ်ဆိုပြီး ပေါ့မနေနဲ့၊ တော်ကြာ ချေးနင်းမိနေလိမ့်ဦးမယ်"လို့ ပြောကြရတယ်။

ကျွန်တော် မျက်ပါးရပ် အမြောက်ကြီးတပ်မှာ နေတုန်း မြို့ထဲကို အထူးသဖြင့် နေ့အချိန်မှာ လျှောက်မလည်ဖို့ ပါတီနဲ့ တပ်တို့က သတိပေးထားလို့ တပ်ထဲမှာပဲကုတ်နေရပါတယ်။

ဗိုလ်မှူးဗထူးရဲ့ တိုင်းရုံးကလဲ မျက်ပါးရပ် အမြောက်ကြီးတပ်ထဲမှာ ရှိတော့ မြေအောက်ရဲဘော်တွေလဲ အဆက်မပြတ် ဝင်ထွက်သွားနေကြပါတယ်။ အပြင်က နိုင်ငံရေးသမားတွေဆိုရင် ဘီဒီအေ စစ်ဝတ်စုံများ ဝတ်ထားပြီး၊ တချို့လဲ အရာရှိရာထူးတံဆိပ်များတပ်၊ ဓားရှည်ချိတ်ပြီး တချို့က ရိုးရိုးဝတ်စုံပဲ ဝတ်ပြီး ဝင်ထွက်သွားလာနေကြပါတယ်။ နိုင်ငံရေးသင်တန်း တက်သူတက်၊ စစ်ပညာသင်တန်း ဆင်းသူဆင်းနဲ့ အလုပ်များနေကြပါတယ်။ ကိုသိန်းဖေတို့ဆီက ပို့လိုက်တဲ့ အင်္ဂလိပ် ပြောက်ကျားစာအုပ်များနဲ့ ပြောက်ကျားစစ်ဆင်ရေးတွေလဲ လေ့ကျင့်သူ လေ့ကျင့်နဲ့ မအားအောင် အလုပ်ရှုပ်နေကြပါတယ်။

ဗိုလ်မှူးဗထူးမှာ စတေရှင်ဝက်ဂွန်း ကားစုတ်ကလေး ရှိပါတယ်။ အဲဒီ ဖွတ်ချပ်ဖွတ်ချပ် ကားစုတ်ကလေးဟာ ဂျပန်ခေတ်ဆိုတော့ ကားပစ္စည်းကရှား၊ တာယာကို ဖာရထေးရ၊ လေလျှော့လို့ လေထိုးရနဲ့ ကားစီးရတာနဲ့ မကာမိအောင် ပင်ပန်းလှပါတယ်။ နေ့လယ်ကို ကားဘီးလေဖြည့်ရပါတယ်။ (လေထိုးဆိုပေမယ့် ခုခေတ်လို စက်နဲ့ ထိုးရတာမျိုး မဟုတ်ဘဲ၊ လေထိုးတံနဲ့ ဆိုတော့ တစ်ချက်ဆောင့်သွင်းသလောက် လေမပါပါ) ကျွန်တော်က ဗလကောင်းတော့ ကိုခင်မောင်ကြီးတို့က ကျွန်တော့်ကို လာလာခေါ်ပြီး လေထိုးခိုင်းကြတယ်။ ညနေကျရင် မြို့ထဲလိုက်လည်ပြီး ကားမောင်းသင်ကြတယ်။ ရဲဘော်တွေက ကျွန်တော့်ကို လိုက်ခွင့်မပေးကြဘူး။ ကျွန်တော့်လုံခြုံရေးကို ထိခိုက်မှာစိုးလို့ မလည်နဲ့ဆိုသလိုလို၊ ပါတီက မထွက်ပါနဲ့ ဆိုသလိုလို၊ ဖက်ဆစ်ဆန့်ကျင်ရေး

အဖွဲ့က ခွင့်မပြုလို့ ဆိုသလိုလိုနဲ့ ကျွန်တော့်ကို ချန်ပြီး အပြင်ထွက်ကြပါတယ်။ နေ့တိုင်း လေထိုးပေးရပေမယ့် အချိန်တန်တော့ ကျွန်တော့်ကို ချန်ပစ်ထားလေ့ ရှိပါတယ်။ ဒီတော့ ကျွန်တော်က ဒီလိုဆိုရင် မနက်ဖြန် လေထိုးမပေးဘူး ဆိုပြီး ဒေါပွတယ်။ ကျွန်တော် ဒေါပွတာ သူတို့အတွက် ဟာသတစ်ခုလို ဖြစ်နေပါတယ်။

ကျွန်တော် ဘယ်လို စိတ်ဆိုးပေမယ့် နောက်တစ်နေ့ လာချော့ပြီး၊ လေထိုးခိုင်းပြန်တော့လဲ မနေသာဘဲ လုပ်အားပေးရပြန်တယ်။ နောက်ပိုင်းတော့ ဒီကားစုတ်ကလေး ပျက်လို့ မြောက်ပြင်ဘက်က မော်တော်ဝပ်ရှော့ တစ်ခုမှာ ပြင်ဖို့ သွားအပ်ထားတုန်း ဗုံးမှန်ပြီး မီးလောင်သွားပါတယ်။ အဲဒီတော့မှပဲ နေ့တိုင်း လေထိုးပေးနေရတဲ့ ဝဋ်က လွတ်ကျွတ်သွားတော့တာပါပဲ။ ဖြစ်ပုံက။

**အမြောက်တပ်ထဲသို့ ဗုံးကြဲခြင်း**

၁၉၄၅ ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ဖြစ်ပါတယ်။ နေ့လယ် ၁၂ နာရီ ကျော်ကျော်လောက်မှာ အမြောက်ကြီးတပ်ဝန်းရှိ စစ်တန်းလျား အခန်းထဲမှာ စာဖတ်နေတုန်း လေကြောင်းရန် အချက်ပေး သံချောင်းခေါက်သံ ကြားလိုက်ပါတယ်။ စာအုပ် လက်ကကိုင်ရင်း အခြေအနေကို အကဲခတ်ဖို့ အမြောက်ကြီးများ ဘက်ဆီ လှမ်းကြည့်နေလိုက်ပါတယ်။

အမြောက်ကြီး နှစ်လက်အနက် တစ်လက်က ပျက်နေတဲ့အတွက် တစ်လက်သာ လေယာဉ်များ လာနေတယ်လို့ သတင်းရရှိတဲ့ မြောက်ဘက် မျက်နှာဆီ ပြောင်းထောင်ထားရင်း စောင့်ကြိုနေတာ မြင်ရပါတယ်။

မကြာမီ လေယာဉ်ပျံသံတွေ ကြားလာရပါပြီ။ တစ်စတစ်စ မိုးပြိုမတတ် မိုးလုံးညီးမျှ တဝုန်းဝုန်း ဆူညံတဲ့ အသံများကို ကြားလာရပါတယ်။ အဲဒီတော့မှ အခန်းအပြင်ဘက်ကို ထွက်လာခဲ့ပါတယ်။ လေယာဉ်အုပ်ဟာ မြောက်ဘက်တည့်တည့်မှ ဝင်လာပြီး၊ အမြောက်ကြီးတပ်ပေါ်ကို ဖြတ်ကျော်ကာ တောင်ဘက်ကို တရှူးပျံသန်းသွားပါတယ်။ တစ်ခါ လှည့်လာပြီး လာလမ်းအတိုင်း မြောက်ဘက်ကို ဆန့်တက်သွားပြန်ပါတယ်။ ၃ စင်းအုပ်၊ ၅ စင်းအုပ်ဖြင့် မြားဦးသဏ္ဍာန် ပျံသန်းနေခြင်း ဖြစ်ပါတယ်။ ဗုံးကြဲလေယာဉ်ပျံများကို တိုက်လေယာဉ်များက ခြံရံပြီး စုစုပေါင်း ၂၅ စင်း ဖြစ်ပါတယ်။

လေယာဉ်ပျံတွေ မြောက်ဘက်က စဝင်လာကတည်းက ကျွန်တော်တို့ အမြောက်ကြီးတပ်မှာ ကျန်နေတဲ့ အမြောက်တစ်လက်နဲ့ မဟာမိတ်လေယာဉ်တွေကို မလွဲမကင်းသာ ပစ်ခတ်တိုက်ခိုက်နေရပါတယ်။ ဗမာ အမြောက်ကြီးတပ်ကလဲအရင်ကလို ရန်သူသဘောနဲ့ ထိမှန်အောင် မတိုက်ခိုက်တော့တဲ့အတွက် ခါတိုင်း မီတာ ၄၀၀၀ ကျော်က ပျံသန်းပြီး ဗုံးကြဲလေ့ရှိရာက အခု မီတာ ၂၅၀၀ မှ ၃၀၀၀ ကြား အမြင့်မှ ပျံသန်းနေပါတယ်။

၂၅ စင်း အုပ်ဟာ မြောက်ဘက်ရောက်သွားပြီးမှ တောင်ဘက်ကို မူလလမ်းအတိုင်း လှည့်ကာ ပျံခဲ့ပြန်တယ်။ "ဒီတစ်ခါတော့ ချတော့မယ်ဟေ့"လို့ လေယာဉ်တွေ ကြည့်ရင်း ကျွန်တော်တို့တတွေက အော်ပြောကြလို့မှ အသံမဆုံးမီ ဗုံးတွေ အပြွတ်လိုက် အစုလိုက် သွန်ချတော့တာပဲ။

တိုက်လေယာဉ်ပဲ ဖြစ်ဖြစ်၊ အထူးသဖြင့် ဗုံးကြဲလေယာဉ်တွေဟာ ပစ်ကွင်းထဲသို့ တောင်ဝင်ဝင်ချင်း၊ ဘယ်တော့မှ စက်သေနတ်ပစ်ခြင်း၊ ဗုံးကြဲခြင်း မရှိဘဲ တစ်ကျော့ပြန်ပြီးမှသာ ဗုံးကြဲ စက်သေနတ်ပစ်လေ့ပစ်ထ ရှိပါတယ်။

အောက်က ဘယ်လိုပဲ ပစ်ခတ်နေပေမယ့် ကိုယ်နဲ့မဆိုင်သလို ကိုယ့်ပျံလမ်းအတိုင်း ရုတ်ရုတ်သဲသဲ မလုပ်ဘဲ ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ် ပျံသန်းလာရင်း ဗုံးများကို "ပစ်မှတ်" ထဲ အပြုံလိုက် အပြွတ်လိုက် ဖြုတ်ချခဲ့ပါတယ်။ ဒီလို ပျံသန်း ဗုံးကြဲပုံဟာ ညနေဆည်းဆာချိန်မျိုးမှာ ဗျိုင်းအုပ်ဟာ စားကျက်က မိမိတို့ အိပ်တန်းရှိရာသို့ တရှုအစုလိုက် အအုပ်လိုက် မြားဦးသဏ္ဌာန် ဖွဲ့ပြီး တောင်ပံကို အချက်ကျကျ ခပ်မှန်မှန် ရိုက်ခတ် ဣန္ဒြေရရ ပျံသန်းလာရင်း ချေးပန်းချနေတာနဲ့ တူလှပါတယ်။

လေယာဉ်ပျံတွေ ကျွန်တော်တို့ဘက်ဆီကို ဆက်လာနေပါတယ်။ လေယာဉ်ဟာ ကိုယ့်ဘက်ကို တန်းတန်းမတ်မတ် လာနေရင် စိုးရိမ်ရပါတယ်။ လေယာဉ်ဟာ ကိုယ့်ဘက်လာပြီ ၄၅ ဒီဂရီ မရောက်ခင် ဗုံးဖြုတ်ချလိုက်ရင် ကိုယ့်ခေါင်းပေါ် လာကျနိုင်တယ်။ ၄၅ ဒီဂရီကျော်မှ ဗုံးဖြုတ်ချရင် ကြောက်စရာမရှိဘူး၊ ကိုယ့်ကို ကျော်ပြီး သွားကျတဲ့ အခါ ကိုယ့်အတွက် အန္တရာယ်မရှိဘူး။

အစကတော့ ကျွန်တော်တို့ ရပ်ကြည့်နေပါသေးတယ်။ ဒါပေမယ့် လေယာဉ်ကြောင်းဟာ ကျွန်တော်တို့ ခေါင်းပေါ်ပဲ ပြန်လာနေတော့ ဗုံးဖြုတ်ချရင် ထိမှန်မှာ စိုးတဲ့အတွက် စစ်တန်းလျားနဲ့ ကိုက်သုံးလေးဆယ်လောက် ဝေးတဲ့

တပ်တောင်ဘက်က မြောင်းကြီးဆီကို ပြေးပြီး နေရာယူ ဝပ်ကြပါတယ်။ စစ်တန်းလျားနားမှာ ဗုံးခိုကျင်း မရှိပါ။ အမြောက်ကြီး တပ်မှာတော့ ကျွန်တော်တို့ သွားပြီး တာဝန်ယူစရာ မလိုပါ။ သူ့လူနဲ့သူ အံကိုက် ဖြစ်နေပြီ ဖြစ်ပါတယ်။ လေယာဉ်ပျံတွေဟာ မြောက်မှတောင်သို့ ခေါက်တုံ့ခေါက်ပြန် ပျံဝဲရင်း စိမ်ပြေနပြေ ဗုံးကြဲချနေပါတယ်။

လေယာဉ်ပျံပေါ်က ချနေတဲ့ ဗုံးသံတွေက တဝုန်းဝုန်း၊ အောက်ကလဲ ဟန်လုပ်ပြီး ပစ်နေရတဲ့ အမြောက်သံတွေကလဲ တဒိုင်းဒိုင်း၊ ခေါင်းပေါ်မှာလဲ လေယာဉ်စက်သံတွေက တအုန်းအုန်း ဆိုတော့ ကမ္ဘာပျက်မလောက် အလွန်ကြောက်မက်ဖွယ် ကောင်းလှပါတယ်။

ဗုံးသံတွေ အမြောက်တွေရဲ့ ပေါက်ကွဲသံတွေကြောင့် မြေပြင်တစ်ခုလုံးလဲ အသည်းနှလုံးပြုတ်ထွက်မတတ် ကုန်လှုပ်မြည်ဟည်းလျက် နေပါတယ်။ အမြောက်တပ်ထဲကို ဗုံးတစ်လုံးမှ မကျပေမယ့် မြောက်ပြင်တစ်ခွင်လုံး ဗုံးကျမီးလောင်မှုကြောင့် အလိပ်လိုက် တစ်ဟုန်ထိုး လူးလွန့်တက်လာတဲ့ မီးခိုးလုံးများနဲ့ အမြောက်ကြီးတပ်မှ ပစ်လိုက်တဲ့ ကျည်ဆန်များက ပေါက်ကွဲဖြာထွက်တဲ့ မီးခိုးလိပ်တွေဟာ ရောနှောယှက်တင် ပေါင်းစပ်ပြီး ကောင်းကင်တစ်ခုလုံး မှိုင်းမှောင်ကျပြီး နေဝင်သွားသလို ဖြစ်သွားပါတော့တယ်။

နောက် လေယာဉ်ပျံတွေဟာ အောင်သေအောင်သားစားလို့ ဝသွားပြီး ပြန်လည်ထွက်ခွာသွားလို့ မီးခိုးထုထဲ ပျောက်ကွယ်သွားကြပါတယ်။

လေယာဉ်သံတွေ စဲသွားတဲ့အတွက် ကျွန်တော်တို့လဲ စစ်တန်းလျားဆီကို ပြန်လာခဲ့ကြပါတယ်။ လေယာဉ်ပျံပစ် အမြောက်ပြောင်းကြီးလဲ နဂိုအတိုင်း ပြန်ချထားပြီး အမြောက်ပြောင်းတိုက်ဖို့ တာဝန်ရှိသူများမှ အပ ကျန်ရဲဘော်များက "တန်းပစ်"ခေါ် အမြောက်ထားတဲ့ ကတုတ်မှ ထွက်လာ ကြပါတော့တယ်။

ဒီအချိန်မှာပဲ လေယာဉ်ပျံသံ ချက်ချင်း ကြားရပြန်တော့ ရဲဘော်တွေ မြေကတုတ်ထဲကို ချက်ချင်း ပြန်ဝင်ပြေးပြီး အမြောက်ကို အသင့်လုပ်ထား လိုက်ပါတယ်။

အသံများ နီးသထက် နီးလာရာမှ မီးခိုးများကြားက **"စပစ်ဖားယား"** **အမျိုးအစား** တိုက်လေယာဉ် ၄ စင်း ရုတ်တရက် ပေါ်လာပါ**တော့တယ်။**

အမြောက်က လေယာဉ်ကို မြင်မြင်ချင်း ပစ်လိုက်ကြပါတယ်။ **လေယာဉ်** တွေလဲ တစ်ပတ်ဝဲလိုက်တဲ့အတွက် ကျွန်တော်တို့လဲ အရင်ကအတိုင်း **ရေမြောင်း**

ဆီ သုတ်ခြေတင်ပြီး ဝပ်ကာ နေရာယူလို့မှ မဆုံးမီ မျက်ပါးရပ် အမြောက်ကြီး တပ်ထဲ လေယာဉ်တစ်စင်းပြီး တစ်စင်း ဒိုက်ထိုးကာ ဗုံးကြဲချတော့တာပါပဲ။

အဲဒီ အချိန်မှာ ဗိုလ်မှူးဗထူးကတော့ သူ့ရုံးနားက သစ်ပင်အောက်မှာ ဣန္ဒြေမပျက် ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း ၂၅ စင်းအုပ် လာရောက်ဗုံးချစဉ် ကလို မထဘဲ နေပါတယ်။

ဗုံးတွေချမှ ရဲဘော်များက ထွက်ခေါ်လို့ အနားရှိ ဗုံးကျင်းထဲ မလိုက်ချင် လိုက်ချင်နဲ့ ဝင်ခိုလိုက်ပါတယ်။

အဲဒီအချိန်မှာ ရဲဘော်တွေလဲ အမြောက်ကို ဖျက်ပြီး ဆက်မပစ်တော့ဘဲ ပုဝပ်နေလိုက်ကြပါတော့တယ်။

လေယာဉ်တွေက တစ်စင်းပြီး တစ်စင်း ဒိုက်ထိုးဆင်းကာ ဗုံး ၈ လုံး ကြဲချထားခဲ့ကာ မီးခိုးမှိုင်းများထဲမှာပဲ ပျောက်ကွယ်သွားပါတော့တယ်။

လေယာဉ်တွေ ချထားခဲ့တဲ့ ဗုံးတွေဟာလဲ "ခံစောကု"လို့ ဂျပန်လို ခေါ်တဲ့ လေယာဉ်ကို ရှာဖွေတွက်ချက်တဲ့စက်နဲ့ အမြောက်နှစ်လက်ထားရာ "ဂန်းပစ်"မြေကတုပ်ကျင်း အပြင်နား ပတ်ပတ်လည်မှာ ကျရောက်ပေါက်ကွဲ ခဲ့ပါတယ်။

ရဲဘော်များရှိနေတဲ့ မြေကတုတ်ထဲကို ဗုံးတစ်လုံးမှ ကျရောက်ပေါက်ကွဲ ခြင်း မရှိတဲ့အတွက် တော်ပါသေးတယ်။ အတော် ကံကောင်းတယ်လို့ ဆိုရမတတ်ဘဲ။

ပြီးတော့ လေယာဉ်တွေက စက်သေနတ်မပစ်ဘဲ ဗုံးသာဖြုတ်ချခဲ့တဲ့ အတွက် ဆေးတပ်သား ရဲဘော်လေးယောက်သာ လက်မှာ ရှပ်ပြီး အမြောက်ဆန် ထိမှန်သွားပါတယ်။

ဗုံးချထားလို့ မှာ၍ ဖြာ၍ ထွက်နေတဲ့ နေရာတွေကို ရဲဘော်တွေနဲ့အတူ ဗိုလ်မှူးဗထူးလဲ လှျောက်ကြည့်နေပါတယ်။

အဲဒီအချိန်မှာပဲ ကိုခင်မောင်ကြီးတစ်ယောက် ရလေးစက်ဘီး အသစ်ကြီး တစ်စင်းနဲ့ အူးယားဖားယား ရောက်လာပါတယ်။ "စောစောက ချသွားတဲ့ ဗုံးတွေဟာ မြောက်ပြင်တစ်ခွင် ပြိုပြစ်အောင် ကျခဲ့လို့ မီးလောင်ပြာကျကုန်ပြီတဲ့။

သူ့ဗုံးကျင်းနားလဲ ဗုံးတွေကျပေမယ့် ကံကောင်းလို့ မသေခဲ့ဘူး။ သူနဲ့ ပါသွားတဲ့ ရဲဘော်တွေလဲ ကွဲသွားကြတယ်။ ဘယ်သူတွေ ဘာဖြစ်ဦးမလဲ မသိဘူးတဲ့။

ဗုံးကြဲနေတဲ့အတွင်းမှာ ဗုံးခိုကျင်း တစ်ခုပြီးတစ်ခု ကူးပြောင်းပြေးခဲ့ရတယ်။ လေယာဉ်တွေ ပျံသွားတော့ သူဝင်ပုန်းနေတဲ့ ဗုံးကျင်းနားမှာ 'ရှလေး' စက်ဘီးတစ်စီး ထောင်ထားတာ တွေ့ရတယ်တဲ့။

အနား ပတ်ဝန်းကျင်မှာလဲ ဘယ်သူမှ မရှိဘူး၊ စက်ဘီးပိုင်ရှင်ကို တွေ့လိုတွေ့ငြား အော်ခေါ် အကြောင်းကြားတယ်။ နောက်ဆုံး စက်ဘီးပိုင်ရှင် မတွေ့တာနဲ့ ယူပြီး သုတ်ခြေတင်ခဲ့တယ်တဲ့။ အနားပတ်ဝန်းကျင်မှာ ဂျပန် စခန်းလဲ မရှိဘူးတဲ့။

အရပ်သားတွေနေတဲ့ နေရာမှာ ဗုံးချခံရတာပဲ၊ အဆောက်အအုံတွေ မီးလောင်ပြီး လူတွေလဲ တော်တော်များများ သေတယ်။ သူတောင် ပစ်ကွင်းထဲက ထွက်ပြေးနိုင်ခဲ့လို့ လွတ်ခဲ့တယ်တဲ့၊ ဗိုလ်မှူးရဲ့ ကားလေးလဲ ဝပ်ရှော့ကို ဗုံးမှန်လို့ ကားပါ ပါသွားတယ်ဆိုတာတွေ ဗိုလ်မှူးဗထူးကို တစ်ီတတန်းကြီး သတင်းပို့နေပါတယ်။

ကိုခင်မောင်ကြီးနဲ့ ကျွန်တော်တို့ တွေ့တဲ့အခါ "အေး-ကားဗုံးထဲ ပါသွားပေမယ့် မင်းက ရှလေးစက်ဘီး အသစ်ရခဲ့သေးတယ်ဆိုတော့ ကားပျက်နဲ့ စက်ဘီးအသစ် လဲခဲ့တာပေါ့ ဟုတ်လား။ အေး မင်းတော်တယ် မင်းတို့ ငါ့အပေါ် စေတနာမထားလို့ ကားဗုံးထဲ ပါသွားတာ၊ ငါလဲအခုမှ လေထိုးပေး ရတဲ့ ဒုက္ခအေးသွားတယ်ပေါ့ကွာ ဟဲ...ဟဲ...ဟဲ...ဒီတစ်ခါမှပဲ မင်းတို့ကို တစ်ခါတည်း ငါအနိုင်ရလိုက်တော့တယ်" အဲဒီလို ကျွန်တော်က စပ်ဖြဲဖြဲနဲ့ ပြောလိုက်တော့မှ...

"တော်စမ်းပါဗျာ... အသက်ကို သေမင်းနဲ့ အပြိုင်လုလာရလို့မှ အမောမပြေသေးဘူး အရေးထဲမှာ နောက်နေပြန်ပြီ" ဆိုပြီး ထွက်သွားပါတော့ တယ်။ ကျွန်တော်လဲ ကျေနပ်စွာ ပြုံးရင်း ကျန်ရစ်ခဲ့ပါတယ်။

အဲဒီနောက် ကိုခင်မောင်ကြီးလဲ ကိုကျော်သန်းနဲ့အတူ ခရီးသွားကြတယ် ဆိုတာ သိလိုက်ရတယ်။

၁၉၄၅ ခု ဇန်နဝါရီလလောက် စပြီး အထက်မြန်မာပြည် မြေအောက် ကွန်မြူနစ် ပါတီ တာဝန်ခံ ကိုကျော်သန်း (ကွယ်လွန်)နဲ့ ရဲဘော်တချို့ဟာ ဗိုလ်မှူးဗထူးရဲ့ ခွင့်ပြုချက်အရ မန္တလေး မျက်ပါးရပ် ဗိုလ်အာဇာဝက (ကွယ် လွန်)အမြောက်ကြီးတပ် တောင်ဘက်မှာရှိတဲ့ တပ်ခွဲမှူး ဗိုလ်သိန်းဟံ တပ်ခွဲစခန်း တန်းလျားတစ်ခုမှာ နေခဲ့ကြပါတယ်။

ဗန်းမော်စာအုပ်တိုက်

အဲဒီစခန်းကနေပြီး အထက်မြန်မာပြည် ပါတီစည်းရုံးရေး ဂျပန်ဆန့်ကျင်ရေး တာဝန်များကို ဆောင်ရွက်ကြပါတယ်။

မတ်လ (၂) ရက်နေ့မှာ ကိုကျော်သန်းနဲ့ ကိုခင်မောင်ကြီးတို့ ဗိုလ်သိန်းဟံ တပ်ခွဲစခန်းက မနက် ၁၁ နာရီလောက် စစ်ကိုင်းဘက် သွားကြဖို့ ခရီးထွက်ခဲ့ကြပါတယ်။

ခရီးထွက်လာခဲ့ပြီး မဟာမြတ်မုနိ ဘုရားကြီး မြောက်မုဒ် နောက်ဘက်မှာ ရုံးစိုက်ထားတဲ့ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကို ဝင်ကြပါတယ်။ တိုင်းမှူးဗိုလ်မှူးဗထူးကို ခရီးထွက်တော့မယ့်အကြောင်း ပြောပြပြီး ဝင်နှုတ်ဆက်ကြပါတယ်။ ဗိုလ်မှူးဗထူးက စစ်ကိုင်းအမြောက်တပ်ကို လိုအပ်တဲ့ ကူညီမှုပေးဖို့ စာရေးပေးပြီး လိုရာခရီးကို ချောမောစွာ ရောက်ပြီး ဆောင်ရွက်ရမယ့် တာဝန် ကျေပွန်ကြဖို့ မှာကြားဆုတောင်းပေးလိုက်ပါတယ်။

ကိုခင်မောင်ကြီးတို့ သွားရမယ့် ခရီးကတော့ အိန္ဒိယပြည် ဦးသိန်းဖေမြင့်ရှိရာ စခန်းကို သွားရမှာ ဖြစ်ပါတယ်။ နောက်ပြီး ဦးသိန်းဖေမြင့်နဲ့ အိန္ဒိယကွန်မြူနစ်ပါတီထံ သွားပြီး မြန်မာပြည်ရဲ့ ဖက်ဆစ်တိုက်ဖျက်ရေး အခြေအနေ ပါတီစည်းရုံးလှုပ်ရှားမှု အခြေအနေများကို တင်ပြဖို့နဲ့ စစ်ပြီးနိုင်ငံရေး ဆောင်ရွက်ရမယ့် ခရီးလမ်းကြောင်းများကို တင်ပြဆွေးနွေး ညှိနှိုင်းကြဖို့ ဖြစ်ပါတယ်။

ဒီတာဝန် ထမ်းဆောင်ဖို့ စေလွှတ်ညွှန်ကြားသူကတော့ မြေအောက်ပါတီခေါင်းဆောင် သခင်စိုး ဖြစ်ပါတယ်။ ဖေဖော်ဝါရီလမှာ ဆက်သားလွှတ်ညွှန်ကြားလို့ပဲ ဖြစ်ပါတယ်။

ဗိုလ်မှူးဗထူးရဲ့ စစ်ရုံးချုပ်က နေ့လယ် ၁ နာရီလောက် မန္တလေးက အမရပူရကို မြင်းလှည်းနဲ့ ထွက်ကြပါတယ်။ အမရပူရမှ ရွှေကြက်ယက်ရွာ ဦးထွန်းတင် (ပါတီစည်းရုံးရေးမှူး) အိမ်ကို ခြေကျင်သွားကြ ပါတယ်။ ဦးထွန်းတင်အိမ်မှာ ခဏနားနေပြီး ရှေ့ဆက်ပြီး ဂျပန်ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းအခြေအနေများကို ကိုကျော်သန်းက ဆွေးနွေး,ခကြားပြီး စစ်ကိုင်းဘက်ကို ညနေ ၄ နာရီလောက်မှာ ကူးကြပါတယ်။ ညနေ ၅ နာရီလောက်မှာ စစ်ကိုင်းအမြောက်တပ်ကို ရောက်ကြပါတယ်။ တပ်ထဲရောက်သွားတော့ တပ်သားတွေ တော်တော်ရှင်းနေပြီး တိတ်ဆိတ်နေတာ တွေ့ရလို့ ဗိုလ်လောင်းထွန်းကြည် မေးကြည့်တော့ တချို့ တပ်စိပ်တွေ စတင်ပြီး တပ်ဖျောက်ထားတဲ့အကြောင်း ပြောပါတယ်။

ကိုကျော်သန်းက ဗိုလ်မှူးဗထူးစာကို ပေးလိုက်တော့ သူတို့လဲ တစ်ပတ်အတွင်းလောက် ကျန်တဲ့တပ်စိပ် တစ်စိပ်နဲ့ ဖျောက်ထွက်ကြမယ်၊ ခင်ဗျားတို့ ဒီညနေ ထမင်းစားပြီး ဖြတတရော်တဘက်ဆွဲရွာဘက်ကို ဆက်သား တစ်ယောက်နဲ့ ပို့ပေးမယ် ပြောပါတယ်။

ညနေ အမြောက်တပ်က ထမင်းစားပြီး လိုက်ပို့တဲ့ ရဲဘော်နဲ့ ခြေကျင် စတင် ထွက်ခွာကြပါတယ်။ ည ၉ နာရီလောက်မှ တဘက်ဆွဲ ရွာကို ရောက်ကြပါတယ်။ အဲဒီမှာ တပ်ဖျောက်ထားတဲ့ ရဲဘော် ၄၊ ၅ ယောက်နဲ့ ကိုလှိုင် (စစ်ကိုင်းမြို့နယ် ပါတီစည်းရုံးရေးမှူး တောတွင်းကွယ်လွှန်) ကိုစိန်ဝင်း (စစ်ကိုင်း ခရိုင် ပါတီစည်းရုံးရေးမှူး၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ကွယ်လွန်)တို့နဲ့ တွေ့ရပါတယ်။

ကိုကျော်သန်းက ကျွန်တော်တို့ သွားရမယ့် တာဝန်ကို ပြောပြပြီး ဘယ်နားက စစ်မြေပြင်ကို ဖြတ်သွားရင် ကောင်းမလဲ မေးတော့ အုန်းတော တောင်ဘက် တောင်ကုန်းတွေမှာ ဂျပန်ရှိနေသေးကြောင်းနဲ့ အင်္ဂလိပ်တပ်ဦး ကတော့ အုံးတောမြောက်နားမှာ ရောက်နေကြောင်း ပြောပြပါတယ်။

အုန်းတောနဲ့ရွာသစ်ကြီး ကားလမ်းက ဖြတ်ရမှာ ဖြစ်တယ်။ ကားလမ်း နီးလာရင် တမာပင်၊ ကုက္ကိုပင်တန်းတွေ လှမ်းမြင်ရလိမ့်မယ်။ အုန်းတော အနောက် ၂ မိုင်လောက်က ဖြတ်ရင် ကောင်းမယ်ထင်တယ်လို့ ကိုလှိုင်က ပြောပြ အကြံပေးပါတယ်။

အုန်းတောနဲ့ ရွာသစ်ကြီး ကားလမ်းထိ လမ်းပြ ထည့်ပေးရမလားလို့ ကိုလှိုင် မေးပါသေးတယ်။ ကိုခင်မောင်ကြီးက ကိုကျော်သန်းနဲ့ သူ မန္တလေးက မုံရွာထိ စက်ဘီးနဲ့ ပါတီစည်းရုံးရေး ကိစ္စအတွက် သွားဖူးပါတယ်။ စစ်ကိုင်းအုန်း တောကားလမ်းနဲ့ အုန်းတောရွာကို မှန်းဆလို့ ရပါတယ် ဆက်သားထည့်ဖို့ မလိုကြောင်း ပြောပြပါတယ်။

တဘက်ဆွဲရွာမှာ ညအိပ်ပြီး မတ်လ (၃) ရက် မနက်ဝေလီဝေလင်းမှာ အုန်းတော ရွာသစ်ကြီး ကားလမ်းဆီ မှန်းပြီး စတင်ထွက်ခွာခဲ့ကြပါတယ်။

ကံကောင်း ထောက်မလို့လားတော့ မသိဘူး ပြောင်းခင်း ဝါခင်းနဲ့ ချုံတန်းတွေ အကာအကွယ်ယူပြီး ခပ်သုတ်သုတ် ခရီးနှင်လာကြတာ လမ်းမှာ ဘယ်ဂျပန်ကင်းလှည့်နဲ့မှ မတွေ့ရဘူး၊ နေထန်းတဖျားလောက်မှာ အုန်းတော

အနောက်ဘက် ၂ မိုင်ကျော်လောက်ကနေပြီး ကားလမ်းကို ဘေးကင်းစွာနဲ့ ဖြတ်နိုင်ခဲ့ကြပါတယ်။

ကားလမ်းဖြတ်ပြီး ယာကွက်ဘေးက ချုံတန်းတွေ အကာအကွယ်ယူပြီး ဆက်သွားကြပါတယ်။ ကိုက် ၅၀၀ လောက် သွားမိတော့ ရှေ့တည့်တည့် နဘူးချုံထဲက အင်္ဂလိပ်စစ်သားနဲ့ ကုလားစစ်သား ၂ ယောက် ဗြွန်းဆို တော်မီဂန်းနဲ့ ချိန်ပြီး သူတို့ဆီလာဖို့ လက်ယပ်ခေါ်ပါတယ်။ သူတို့နားကို ၂ ယောက်သား သွားတော့ ဘယ်ကလာသလဲ ဘယ်သွားမလဲ မေးပါတယ်။ တစ်ယောက်က သူတို့လွယ်လာတဲ့ လွတ်အိတ်ကို ဖွင့်ပြီး ရှာပါတယ်။ ပြောင်းဖူးဖက်ဆေးလိပ်နဲ့ ပုဆိုးအင်္ကျီပဲ တွေ့တော့ စိတ်ချသွားပုံရပါတယ်။ ကိုကျော်သန်းက မန္တလေးက လာကြောင်း အင်္ဂလိပ်တပ်နဲ့ ဆက်သွယ်ဖို့ လာကြောင်းနဲ့ သူတို့တပ်မှူးဆီ ပို့ပေးစေလိုကြောင်း ပြောပြတော့ အင်္ဂလိပ် စစ်သားက သူတို့ရဲ့ နောက်တန်းတပ်ခွဲစခန်းကို ပို့ပေးပါတယ်။ အဲဒီမှာ ဗိုလ်ကြီး အဆင့်ရှိတဲ့ စစ်ဗိုလ်နဲ့ တွေ့တော့ ဘယ်ကလာသလဲ ဘယ်သွားမှာလဲ ထပ်မေးပါတယ်။ ကိုကျော်သန်းက မန္တလေးကလာကြောင်းနဲ့ ဖို့ဒ် ၁၃၆ ရဲ့ လျှို့ဝှက်စကားဝှက် ဖြစ်တဲ့ G.S.I.K ကို ပြောပြပြီး ကလ္လကတ္တားသို့ သွားရန် လာကြောင်း ပြောပြပါတယ်။ အဲဒီလို ပြောပြလိုက်တော့ စစ်ဗိုလ်က ကိုခင်မောင်ကြီးတို့ကို မြောက်ဘက် ကိုက် ၂၀၀ လောက်ဆီ ထပ်ခေါ်သွားပြီး ထန်းပင်တွေ သရက်ပင်တွေ အောက်မှာ ရှိတဲ့ မိုးကာတဲတွေထဲက တဲတစ်တဲ ဆီ ခေါ်သွားပါတယ်၊ အဲဒီမှာ ဗိုလ်မှူးအဆင့်ရှိတဲ့ စစ်ဗိုလ်နဲ့ တွေ့ရပါတယ်။

ကိုကျော်သန်းက အဲဒီစစ်ဗိုလ်ကို မန္တလေး အမြောက်ကြီးတပ်က လာကြောင်းနဲ့ စကားဝှက်ကို ပြောပြပြီး ကလ္လကတ္တားသို့ ပို့ပေးရန် ပြောပါတယ်။ စစ်ဗိုလ်က ၂၇ ရက်နေ့က မန္တလေးမှာ အင်္ဂလိပ်လေယာဉ်ပျံများ ဗုံးလာကြဲတုန်းက အမြောက်တပ်ထဲလဲ ၆ လုံး၊ ၇ လုံး ကြဲချခဲ့ကြောင်း ကျန်တဲ့ နေရာတွေမှာ ဘယ်လောက် ပျက်စီးသွားသလဲ မေးပါတယ်။

ကိုခင်မောင်ကြီးတို့က အမြောက်တပ်ထဲ ဗုံးချခဲ့တာ မှန်ကြောင်းနဲ့ ရဲဘော် တစ်ယောက်ပဲ ထိခိုက်ကြောင်း၊ နန်းတော်ရဲ့ အနောက်မြောက်ပိုင်း ရပ်ကွက်တွေ ဗုံးကြဲခံရလို့ အရပ်သူ အရပ်သားတွေသာ သေဆုံးပြီး ရပ်ကွက်ထဲ တိုက်တာနဲ့ အိမ်များသာ ပျက်စီးခဲ့ကြောင်း ဗုံးကြဲခံရတဲ့ ရပ်ကွက်ထဲမှာ ဂျပန် စစ်အဆောက်အအုံတွေ မရှိတဲ့အကြောင်း ပြောပြပါတယ်။

စစ်ဗိုလ်က စစ်ကိုင်းမှာရှိတဲ့ ဂျပန်စစ်တပ် အင်အားနဲ့ လှုပ်ရှားနေရာချထားမှုကို မေးပါတယ်။ ကိုခင်မောင်ကြီးတို့က ခင်ဗျားတို့ စစ်ကိုင်းကို ဘာလို့မသိမ်းသေးတာလဲ ဂျပန်စစ်တပ်က ခင်ဗျားတို့ တက်လာရင် ခုခံဖို့ စစ်ကြောင်းလုံလုံလောက်လောက် စီစဉ်ထားမှု မရှိကြောင်း၊ ဧရာဝတီမြစ်ကို အမြန်ဆုံးဖြတ်ကူးဖို့သာ ရေယာဉ်များ စုဆောင်းစီစဉ်နေကြောင်း ပြောပြလိုက်ပါတယ်။ သူတို့ ဗမာ့တပ်မတော် အမြောက်တပ်လဲ တပ်ဖျောက်စ ပြုနေကြောင်း မကြာခင် ရပ်ပိုင်းအတွင် ဂျပန်ကို ပြောက်ကျားစစ်နဲ့ တိုက်ခိုက်တော့မယ့် အကြောင်းပါ ပြောပြလိုက်ပါတယ်။

အဲဒီလို ပြောဆိုကြပြီးနောက် ကိုခင်မောင်ကြီးတို့ကို နံနက်စာအဖြစ် အသားဗူး၊ ဒိန်ခဲ၊ ပေါင်မုန့်၊ လက်ဖက်ရည်၊ နို့စိမ်းဗူး ၊ စီးကရက်ဗူးများနဲ့ ကျွေးမွေးပါတယ်။ သူတို့ကလည်း ဂျပန်တစ်ခေတ်လုံး မစားခဲ့ရတဲ့ အစားအစာတွေကို ဟန်မလုပ်ဘဲ အားပါးတရ စားပစ်လိုက်ကြပါတယ်။

စားသောက်အနားယူကြပြီး နေ့လယ် ၁ နာရီလောက်မှာ ချက်ပလက်ခေါင်းတို့ ကားနဲ့ စစ်ဗိုလ်တစ်ယောက် စစ်သား ၅ ယောက်နဲ့ ကိုခင်မောင်ကြီးတို့ပါ မုံရွာမြို့ကို သွားဖို့ မြင်းမူဘက်ကို ယာခင်းတွေ ဖြတ်ဖောက်ထားတဲ့ လမ်းအတိုင်း ထွက်ခဲ့ကြပါတယ်။

မုံရွာမြို့ကို ညနေ ၅ နာရီလောက် ရောက်ကြပြီး တပ်မဟာ ဌာနချုပ်မှာ အပ်ထားခဲ့ပါတယ်။ တပ်မဟာဌာနချုပ်က စစ်ဗိုလ်တစ်ယောက် ဂျစ်ကားနဲ့ ခေါ်သွားပြီး မုံရွာထောင်ကြီးထဲက ဌာနမှာ စောင်၊ ခြင်ထောင်၊ ဘောင်းဘီ၊ အကျႌများ ထုတ်ပေးပါတယ်။

ပြီးတော့ ကိုခင်မောင်ကြီးတို့ကို မုံရွာတောင်ပိုင်း ကန့်လမ်းက အိမ်တစ်အိမ်မှာ နေရာချပေးပြီး ညစာကို အဲဒီမှာ ကျွေးပြီး ညအိပ်ကြရပါတယ်။

နောက်တစ်နေ့ မတ်လ ၄ ရက်နေ့ နေ့လယ် ၁ နာရီမှာ ဂျပန် လုပ်ထားတဲ့ ဖံလုပ်ရွာလေယာဉ်ကွင်းက "ဒါကိုတာ"လေယာဉ်နဲ့ စစ်သားခရီးသည် ၁၀ ဦးလောက်နဲ့ သူတို့နှစ်ယောက်ပါ ထွက်ခွာကြရပါတယ်။

မုံရွာကွင်းက ထွက်လာပြီး ၁ နာရီခွဲလောက်မှာ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့မှာ ခဏဆင်းပြီး ရှမ်းအမျိုးသား ၄၊ ၅ ယောက် ထပ်တင်ပြီး ထွက်ပါတယ်။ ညနေ ၃ နာရီလောက်မှာ မြစ်ကြီးနား လေယာဉ်ကွင်းမှာ

ထပ်ဆင့်ပြီး ဆီဖြည့်၊ စစ်သားတချို့ပါ တင်ပြီး ၄ နာရီလောက်မှာ ထွက်ခဲ့ပြန်ပါတယ်။

ည ၈ နာရီလောက်မှာ အောက်ငုံ့ကြည့်လိုက်တော့ မီးရောင်စုံ ထွန်းထားတဲ့ ကလ္လကတ္တာမြို့ကြီးကို မြင်ရပြီး ဒမ်ဒန်လေယာဉ်ကွင်းမှာ လေယာဉ်ဆင်းသက်ပါတယ်။

လေယာဉ်ကွင်းမှာ ဖို့ဒ် ၁၃၆ က စစ်ဗိုလ်တစ်ယောက် ဂျစ်ကားနဲ့လာခေါ်ပါတယ်။ သူတို့တပ်ဖွဲ့ရုံးကို ခေါ်သွားပြီး အိပ်ဖို့ နေရာချထားပေးပါတယ်။

နေရာချထားပေးပြီး တပ်ဖွဲ့စားသောက်ခန်းမှာ ညစာကျွေးပါတယ်။ ညစာကတော့ ပထမ ဒွပ်ပြုတ်ရည် နောက် ပေါင်မုန့်၊ ကြက်သားဟင်း၊ ပဲသီး၊ ဟင်းရွက်ကြော်၊ ထောပတ်၊ ယိုဘူးများ ပါဝင်ပြီး ကိုခင်မောင်ကြီးတို့နှစ်ယောက်လဲ ဗိုက်ကားအောင် စားသောက်လိုက်ကြပါတယ်။

တပ်ဖွဲ့ဖို့ဒ် ၁၃၆ မှာ ညအိပ်ပြီး မနက် လက်ဖက်ရည်သောက်မုန့်စားကြပြီး ၈ နာရီလောက်မှာ ကလ္လကတ္တာမြို့ ဆင်ခြေဖုံးက ဦးသိန်းဖေမြင့်နဲ့ရဲဘော်များ နေထိုင်ကြတဲ့ ဘီဟာလာ ရပ်ကွက်မှာရှိတဲ့ စခန်းတစ်ခုကို လိုက်ပို့ပေးပါတယ်။

အဲဒီစခန်းမှာ မြန်မာပြည် အရပ်ရပ်က လာကြတဲ့ တော်လှန်ရေးရဲဘော်ပေါင်း ၄၀ ကျော်လောက် နေထိုင်ပြီး ဘုံရိပ်သာလို့ နာမည်ပေးထားပါတယ်။ တချို့ ရဲဘော်များလဲ လေထီးသင်တန်း၊ စစ်သင်တန်းများ သွားရောက်သင်ယူနေကြကြောင်း သိရပါတယ်။

ကိုကျော်သန်းနဲ့ ကိုခင်မောင်ကြီးတို့ လာခဲ့တဲ့ စခန်းနဲ့ လာတဲ့တာဝန်ကို ဦးသိန်းဖေမြင့်ထံ အစီရင်ခံပြီး ကျန်တဲ့ ရဲဘော်များကိုလဲ အထက်မြန်မာပြည် ဂျပန်တော်လှန်ရေး တိုက်ပွဲ စတင်ဆင်နွှဲဖို့ စီစဉ်ဆောင်ရွက်နေကြောင်း အခြေအနေများ ရှင်းလင်းပြောပြရပါတယ်။

အဲဒီ ဘုံရိပ်သာမှာပဲ မတ်လတစ်လလုံး ရဲဘော်များနဲ့နေပြီး ဦးသိန်းဖေမြင့်၊ မစ္စတာ ဂိုရှယ်၊ သခင်မြသွင်၊ ကိုကျော်သန်း တို့က ပေးတဲ့ နိုင်ငံရေးသင်တန်းများ၊ ကွန်မြူနစ် ဝါဒသင်တန်းများကို တက်ကြရပြီး တနင်္ဂနွေနေ့မှာ မြို့ထဲကို ထွက်လည်ကြရပါတယ်။ ထွက်လည်တဲ့အခါ တစ်ယောက်ကို အိန္ဒိယရူပီ ငွေ ၂၀ စီ ရကြပါတယ်။

ကလ္လကတ္တာမြို့ကို ဂျပန်က ၁၉၄၂ ခုနှစ်လောက်မှာ တစ်ကြိမ်သာ ဗုံးလာကြဲနိုင်တယ်လို့ သိရပါတယ်။ စည်ကားတဲ့ ဈေးပေါ ကြဲချလို့ လူ အသေအပျောက်များကြောင်းလဲ သိရပါတယ်။ မြို့ထဲ လျှောက်လည်ကြတော့ အမေရိကန်၊ အင်္ဂလိပ်၊ ကပ္ပလီ စစ်သားတွေ ဟိုနေရာတွေ့ ဒီနေရာတွေ့နဲ့ စစ်မြို့လို ဖြစ်နေပါတယ်။ အမေရိကန် စစ်သားတွေက တခြား စစ်သားတွေထက် ငွေပိုသုံးနိုင်တော့ ကုလားမလေးတွေနဲ့ လံချား အတူစီးပြီး လက်ချင်း ချိတ်ဖက်ပြီး လမ်းသလားနေတာ တွေ့ရတော့ စစ်ကြောင့် လူမှုရေး အကျင့်စာရိတ္တ စရိုက်တွေ ပျက်ပြားနေတာလဲ တွေ့မြင်ခဲ့ရပါတယ်။

မတ်လကုန်ခါနီးမှာ ကိုခင်မောင်ကြီးရယ် ကိုလှသောင်း (ဆရာဇော်ဂျီ၏ ညီ ကွယ်လွန်) ရယ်၊ ကိုညွန့်ဝေ (ကုန်သွယ်ရေး အငြိမ်းစား ရန်ကုန်) ရယ် ၃ ယောက် ကလ္လကတ္တာနဲ့ မိုင် ၈၀ ကျော် ဝေးတဲ့ ဂျက်ဆိုစစ်လေယာဉ်ကွင်းမှာ လေထီးသင်တန်းနဲ့ လက်နက်ငယ်သင်တန်း ၁၀ ရက်လောက် သွားတက်ကြရပါတယ်။

ဂျက်ဆိုလေယာဉ်ကွင်းဟာ စစ်အတွင်းတုန်းက အိန္ဒိယမှာရှိတဲ့ စစ်လေယာဉ်ကွင်းထဲမှာ အကြီးဆုံး လေယာဉ်ကွင်း ဖြစ်ကြောင်း သိရပါတယ်။ စစ်လေယာဉ်များဟာ ရန်သူကို ဗုံးကြဲဖို့၊ ကင်းထောက်ဖို့၊ သယ်ယူပို့ဆောင်ရေးနဲ့ လေ့ကျင့်ရေးလုပ်ဖို့ တစ်နေ့လုံး တစ်ညလုံး ဆင်းလိုက် တက်လိုက် လေယာဉ်သံ မစဲတဲ့ လေယာဉ်ကွင်း ဖြစ်ပါတယ်။

လေထီး ဆင်း သင်တန်း ကို ပထမရက်မှာ မြေပြင်ပေါ်မှာ ဒူးနှစ်ဘက်စေ့ ခြေထောက်နှစ်ချောင်း စေ့ထားပြီးနောက် ဒူးကွေးခြေဖျားထောက် ခြေထောက်နှစ်ချောင်းက စကွေးပြီး နောက်ကိုယ်လုံးပါ တစ်ဘက်စောင်းပြီး လှဲချရတဲ့ နည်းက စသင်ပါတယ်၊ ဒုတိယ တတိယ ရက်တွေကျတော့ ဒူးတွေ ကွေး လှဲချတဲ့ နည်းကို မြေပြင်ပေါ်မှာ မဟုတ်တော့ဘဲ ၁ ပေ ၂ ပေ ၃ ပေ ၄ ပေ ၅ ပေ အမြင့်များ ဆီက တစ်ဆင့်စီ ခုန်ချခိုင်းပြီး ခြေဖျားထောက်လှဲချတဲ့ နည်းတွေကို အထပ်ထပ် အခါခါ သင်ပေးပါတယ်။

နောက်ရက်တွေကျတော့ ပခုံးနဲ့ ချိုင်း ပေါင်ခွဆုံများမှာ ကြိုးများနဲ့ သိုင်းပြီး မြေကြီးနဲ့ ၅ ပေ အမြင့်လောက်က ပုခက်လွှဲသလို လွှဲပေးပြီး ခြေထောက် ဒူး၊ လက် အနေအထားများ မှန်အောင် အကြိမ်ကြိမ် လေ့ကျင့်ရပါတယ်။

လေယာဉ်ပြတင်းပေါက်က ခုန်ဆင်းတဲ့အခါ လက်နှစ်ဘက် ပေါင်နှစ်ဘက်မှာကပ်၊ ခြေထောက်နှစ်ချောင်း ပူးကပ်ပြီး ခုန်ဆင်းရမယ့် အနေအထားများလည်း တစ်ပါတည်း သင်ပေးပါတယ်။

လက်နက်ငယ် ပစ်ခတ်နည်း သင်တန်းကတော့ ပစ္စတို၊ ကာဘိုင်၊ တော်မီ စတဲ့ လက်နက်တွေ ကျည်ထည့်နည်း၊ မောင်းတင်နည်း၊ ပစ်ခတ်နည်းတွေ လောက်ပဲ တစ်ရက်လောက် အကြမ်းဖျဉ်း သင်ပေးပါတယ်။

လေထီးခုန်ဆင်းနည်း၊ မြေပြင်လေ့ကျင့်ခန်းနဲ့ လက်နက်ငယ် ပစ်ခတ်နည်း သင်တန်းများ တစ်ပတ်လောက် သင်ပေးပြီး လက်တွေ့ လေယာဉ်ပေါ်က ခုန်ဆင်းနည်းကို နှစ်ကြိမ် လေ့ကျင့်ခဲ့ရပါတယ်။

ညနေပိုင်းမှာ လေထီးတွေထားတဲ့ ဂိုဒေါင်ကို သွားပြီး ကိုယ်ကြိုက်တဲ့ လေထီးထုပ်တွေ ရွေးယူရပါတယ်။ နောက် ခုန်ချရမယ့် "ဒါကိုတာ" လေယာဉ်ရှိရာကို ကားနဲ့ပို့ပါတယ်၊ ကွင်းကိုရောက်တော့ လေထီးအိတ်ကို ကျောမှာ ပိုးပြီး ပခုံးသိုင်း၊ ပေါင်ခွဆုံတို့မှာ ကြိုးများနဲ့ သိုင်းချည်ပြီး ရင်ခေါင်းမှာရှိတဲ့ ဖွင့်ပိတ်ရတဲ့ ထီးသော့ခလုတ် အပေါက်ထဲမှာ ကြိုးများကို သွင်းပြီး ခလုတ်ကို ပိတ်ကြရပါတယ်။

လေထီးတွေ စနစ်တကျ ကျောပိုးတပ်ဆင်ပြီး လေယာဉ်ပေါ်ကို ခုန်ချမယ့် လေ့ကျင့်မယ့် လူပေါင်း ၃၀ ကျော်လောက် တက်ခိုင်းပြီး လူစုံတော့ လေယာဉ်စတင် ထွက်ခွာပြီး ကောင်းကင်ကို တက်သွားပါတယ်။

ခုန်ချလေ့ကျင့်မယ့် လူတွေကတော့ ကိုခင်မောင်ကြီးတို့ ၃ ယောက် အပါအဝင် မလေးရှား၊ အင်ဒိုနီးရှား၊ အင်္ဂလိပ်၊ အိန္ဒိယ၊ ရှမ်း၊ ကရင် လူမျိုးပေါင်းစုံ ပါဝင်ကြပြီး လေယာဉ် နှစ်စင်းနဲ့ ခွဲပျံသန်းပြီး လေ့ကျင့်ကြရမှာ ဖြစ်ပါတယ်။

လေယာဉ်ပျံသန်းနေတုန်းမှာ လေ့ကျင့်ရေးမှူး အင်္ဂလိပ်တပ်ကြပ်ကြီး နှစ်ယောက်က လေထီးအိတ်ထိပ်မှာ ရှိတဲ့ ချိတ်တွေ ထုတ်ပြီး စတင်ခုန်ချရမယ့် လူရဲ့ ချိတ်ကို လေယာဉ်တံခါးပေါက် တစ်ဘက်မှာရှိတဲ့ လေယာဉ်နံရံမှာ တန်းထားတဲ့ သံမဏိကြိုးတန်းမှာ ခုန်ချရမယ့်လူရဲ့ အမှတ်စဉ်လိုက် ချိတ်ပေးပါတယ်။ ခုန်ချရမယ့် လေယာဉ်အပေါက်ဝက စပြီး အမှတ်စဉ်လိုက် တန်းစီနေကြရပါတယ်။ ကြိုးတန်းမှာ လေထီးကြိုး ထိပ်ကချိတ်နဲ့ ချိတ်ပေးတာကတော့

ခုန်ချလိုက်တဲ့အခါ အိတ်ထဲက ခေါက်ထားတဲ့ လေထီးကို ရှည်ဆန့်သွားပြီး လေဆောင့်ဝင်လေထီးပွင့်သွားစေဖို့ ဖြစ်ပါတယ်။

လေယာဉ်ပေါ်မှာ ခုန်ချဖို့ ပြင်ဆင်မှုတွေ လုပ်ပြီးတော့ လေယာဉ်ဦးခေါင်းဘက်က မီးနီပွင့်လာပြီး ခုန်ချရမယ့်နေရာ နီးလာကြောင်း အချက်ပေးသံပေါ်လာတယ်။ အဲဒီအခါမှာ လေ့ကျင့်ရေးမှူး တပ်ကြပ်ကြီးက အမှတ် ၁ ခုန်ချရန် အသင့်ပြင် ဆိုတဲ့ အမိန့်သံ ပေါ်လာပါတယ်။ အမှတ် ၁ က လေယာဉ်တံခါးပေါက် နှစ်ခုကို ဘယ်ညာ လက်နဲ့ ကိုင်ထားပြီး ဘယ်ခြေရှေ့ ညာခြေနောက် အသင့်ပြင်ထားရပါတယ်။ ခုန်ဆင်းရမယ့် ကွင်းထိပ်ရောက်လာတော့ Go ဆင်း ၂၊ ၃၊ ၄၊ စသည်ဖြင့် အမှတ်စဉ်လိုက် အော်ပြီး အမိန့်ပေးတော့ လေယာဉ်တံခါးပေါက်ဆီကို တစ်ယောက်ချင်း တက်သွားပြီး ခုန်ဆင်းကြရပါတယ်။

လေယာဉ်ပေါက်က ခုန်ချလိုက်တော့ လေထီးမပွင့်ခင် မျက်စိတွေပြာဝေသွားပြီး နားထဲမှာ လေယာဉ်အသံ၊ လေတိုးသံတွေ ကြားရတယ်။ ဆောင့်ဆွဲလိုက်သလို ခံစားရပြီး လေထီးပွင့်တော့မှ လေထီးကအပေါ် လူကအောက်ဖြစ်သွားတော့မှ သတိရ မြင်လာရပြီး ကျရမယ့် ကွင်းပေါ် ကျအောင် လေထီးကြိုးများကို ဘယ်ညာ ညှိပေးရပါတယ်။

လူက အောက်ကို တရိပ်ရိပ် ကျနေတုန်း ကိုယ့်အောက်က လူက ကွင်းထဲကျသွားတာ ကိုယ့်အပေါ်နဲ့ ဘေးတိုက်ကလူတွေ တရိပ်ရိပ်နဲ့ ဆင်းနေတာမြင်ရပြီး ကွင်းနားရောက်ခါနီးတော့ သင်ထားတဲ့ ကိုယ်လက်ခြေ အနေအထားအတိုင်း မြေပြင်ပေါ်ကို မကျိုးမပဲ့ မသေမပျောက်ဘဲ အားလုံး ဆင်းနိုင်ခဲ့ကြပါတယ်။

အဲဒီနည်းအတိုင်း နောက်ရက်မှာ တစ်ခါ လေထီးခုန် လေ့ကျင့်ပြီး သင်တန်းပြီးဆုံးသွားပါတယ်။

လေထီးခုန်လေ့ကျင့်မှု ပြီးဆုံးသွားပြီး နောက်တစ်ရက် ဧပြီလပထမပတ်လောက်မှာ ရဲဘော်များရှိရာ ဘီဟာလာ ဘုံရိပ်သာကို ပြန်ပို့ပေးပါတယ်။ ဘုံရိပ်သာစခန်းမှာ ရဲဘော်တွေနဲ့ နေထိုင်ရင်း တနင်္ဂနွေနေ့မှာ ထွက်လည်လိုက် ရဲဘော်များနဲ့ ဘယ်ဒေသ ဘယ်နေ့မှာ မြန်မာပြည်ကို လေထီးဆင်းရမယ်ဆိုတာ ခန့်မှန်းပြောဆိုကြနဲ့ နေရင်း သင်္ကြန်ကျရက်တွေမှာ

စခန်းရှိတဲ့ ရဲဘော်များနဲ့ စုစည်းပြီး ကလ္လကတ္တားမြို့တွင်ရှိ မြန်မာများထံ ရေပက်ခံနဲ့ အလည်အပတ် အစားအသောက် သွားကြပါတယ်။

သင်္ကြန်ရက်များ ပြီးသွားပြီးနောက် စခန်းရဲဘော်များ နှစ်ယောက်တစ်တွဲနဲ့ တချို့လဲ တစ်ယောက်ထဲ မြန်မာပြည်ကို ထွက်ခွာသွားကြပါတယ်။ ကိုခင်မောင်ကြီးလဲ ပြန်ရမယ့် အလှည့်ကို စောင့်ရင်း ဧပြီ ၂၂ ရက်မှာ လေထီးဆင်းဖို့ ဂျက်ဆိုလေယာဉ်ကွင်းကို ထွက်ခွာခဲ့ရပါတယ်။

ဂျက်ဆိုလေယာဉ်ကွင်းကို ညနေလောက်ရောက်ပါတယ်။ ညနေစာ စားပြီး ကိုယ်ခုန်ဆင်းမယ့် လေထီးအိတ်၊ ကာဘိုင်သေနတ်၊ ပစ္စတိုသေနတ်၊ မြေပုံ၊ အိမ်မြှောင်၊ ရိက္ခာထုပ် တချို့နဲ့ လိုအပ်တဲ့ ပစ္စည်းများ ထုတ်ယူရပြီး ထွက်ခွာမယ့် အချိန်ကို စောင့်နေရပါတယ်။ ည ၇ နာရီလောက်မှာ ကိုခင်မောင်ကြီးရယ်၊ အင်္ဂလိပ်တပ်က ဗိုလ်မှူးတစ်ယောက်၊ ဝါယာလက် အော်ပရေတာ တပ်ကြပ်ကြီးတစ်ယောက်ရယ် ဘီ ၂၄ ဗုံးကြဲ လေယာဉ်ကြီးနဲ့ မြန်မာပြည်ကို ထွက်ခွာခဲ့ကြပါတယ်၊ လေယာဉ်ပျံသန်းရင်း လမ်းကျမှ ဗိုလ်မှူးက သူတို့ကို စကားဝှက်က ယုန်ကလေးဆိုပြီး ပြောပြပါတယ်။

ည ၁ နာရီမှာ သူတို့ ဆင်းရမယ့် နေရာနီးပြီ ဖြစ်ကြောင်း မီးနီ ပြပြီး၊ အချက်ပေးမြည်သံ ပေါ်လာပါတယ်။ လေယာဉ်ပေါ်ပါတဲ့ တာဝန်ရှိသူက ကိုခင်မောင်ကြီးတို့ လေထီးထိပ်ကြိုးတွေကို လေယာဉ်သံကြိုးမှာ ချိတ်ပေးပါ တယ်။ လေယာဉ်အမြီးပိုင်းအောက် လေးထောင့် အပေါက်က ဆင်းရမှာ ဖြစ်လို့ ရေတံလျှောက်လို ဇလားကြီးအပေါက်ဆီကို နိမ့်လျှောတပ်ဆင်ထား ပါတယ်။ သူတို့ကို ရေတံလျှောက်ပေါ် တက်ခိုင်းပြီး ချော်ကျမသွားအောင် ခြေနှစ်ဘက် လက်နှစ်ဘက်နဲ့ ထိန်းကန်ထားစေပါတယ်။ ရှေ့က ဗိုလ်မှူး နောက်က သူနဲ့ သူ့နောက်က တပ်ကြပ်ကြီးတို့ ဆင်းကြရန် အသင့်ဖြစ်နေကြပါတယ်။

ဒါကိုတာလေယာဉ် လေထီးခုန်ချတာ ဘေးပေါက်ကနေ ခုန်ချရတာ ဖြစ်ပြီး ဘီ ၂၄ ဗုံးကြဲလေယာဉ်ကြီးကတော့ လေယာဉ်နောက်ပိုင်း အောက်ကနေ ဖောက်ထားတဲ့ အပေါက်ကနေ ရေတံလျှောက်လို နိမ့်လျှောထဲက ခြေနှစ်ချောင်း ဆန့်၊ လက်နှစ်ချောင်း နဖူးပေါ် ထပ်တင်လိုက်တာနဲ့ လျှောပြီး အပြင်ကို ရောက်သွားတဲ့ နည်းဖြစ်ပါတယ်။

ဆင်းရမယ့် တွင်းထိပ်ရောက်တာနဲ့ လေယာဉ်မှာပါတဲ့ တာဝန်ခံက အသင့် Go ၁၊ ၂၊ ၃ အော်ပြီး ကျောတွေကို ပုတ်ပေးလိုက်တော့ လျှောဆင်းကြရပြီး လေယာဉ်နောက်ဖြီး အပြင်ကို ရောက်သွားကြပါတယ်။

လေထီးဖွင့်ပြီး အောက်ငုံ့ကြည့်လိုက်တော့ မြေပြင်မှာ အင်္ဂလိပ်အက္ခရာ တီပုံ မီးတောက်တွေသာ မြင်ရပြီး တခြားနေရာတွေကတော့ မှောင်မည်းနေပြီး မြေပြင်ကို တဖြည်းဖြည်း ကျသွားပါတယ်။ မြေကြီးပေါ် ကျသွားသွားချင်း ကိုခင်မောင်ကြီးတို့ဆီ အောက်ကစောင့်ကြည့်တဲ့ လူတွေ ပြေးလာကြပါတယ်။ ပြေးလာကြပြီး အနားရောက်တော့ ဘမောင်၊ မေဂျာမက်ကိုးလ်၊ ဆာဂျင်လို့ ကိုခင်ဇော် (ဗိုလ်မှူးဟောင်းကွယ်လွန်)ရဲ့ ခေါ်သံ ကြားလိုက်ရပါတယ်။

(ရဲဘော်ခင်မောင်ကြီးရဲ့ လျှို့ဝှက်နာမည်မှာ ဘမောင်ဖြစ်ပါတယ်။ စာရေးသူ။)

မင်းတို့အားလုံး အိုကေလားလို့ ထပ်မေးတော့ အိုကေပဲဗျို့ လို့ ပြောရင်း လေထီးတွေကို ခေါက်သိမ်းကြပါတယ်။

လာကြိုကြတဲ့ ကျန်တဲ့လူတွေက လေထီးနဲ့ ချပေးတဲ့ ဝါယာလက်၊ ရိက္ခာများ လိုက်သိမ်းဆည်းနေကြပါတယ်။ ကိုစံတင့် ဆင်းတုန်းက ခြေပွတ်တိုင်နာသွားလို့ စခန်းမှာ ကျန်ရစ်ခဲ့တယ်၊ ကဲ ပစ္စည်းတွေသိမ်းပြီးသွားပြီ စခန်းကို သွားကြစို့လို့ ကိုခင်ဇော်က ပြောပြီး ၂ မိုင်လောက် ဝေးတဲ့ တောစခန်းကို ဆက်သွားကြရပါတယ်။

စခန်းရောက်သွားတော့ ဝါယာလက် အော်ပရေတာ တပ်ကြပ်ကြီးက ဝါယာလက်နဲ့ ဘေးကင်းစွာ ရောက်ကြကြောင်း ဖို့ဒ် ၁၃၆ ကို သတင်းပို့ပေးပါတယ်။

ကိုခင်မောင်ကြီးတို့ လေထီးဆင်းခဲ့တဲ့ ဒေသကတော့ သထုံနဲ့ ဘီးလင်းကြားက မင်းလွင်ကရင်ရွာကြီးနားမှာ ဖြစ်ပါတယ်။ သူတို့ အရင်ဆင်းနှင့်ကြ တာကတော့ ကိုခင်ဇော်နဲ့ ချင်းအော်ပရေတာတို့ ဖြစ်ပြီး အောက်က စောင့်ကြိုသူ မရှိဘဲ Blind drop ရမ်းပြီး အမှောင်ထဲ ဆင်းခဲ့ကြရသူတွေ ဖြစ်ပါတယ်။ နောက် ကိုစံတင့် (နမ္မတူမြို့သား ယခု ရန်ကုန်တွင် ရဲဘော်ဟောင်းများကို တီမ်းရှောင်နေသူ)နဲ့အဖွဲ့ ဆင်းကြပါတယ်။

အဲဒီအချိန်က သထုံ၊ ဘီးလင်းမြို့နယ်များမှာ ဗမာ့တပ်မတော်က ဗိုလ်ကြီးအုံးရွှေ၊ ဗိုလ်တင်အေး (ကွယ်လွန်သူများ) ခေါင်းဆောင်တဲ့

တပ်ရင်းတစ်ရင်းနဲ့ ဦးသိန်းမောင် (ပြည်သူ့တရုတ်ပြည် စာအုပ်ရေးသူ ဆိုရှယ်လစ်ပါတီ စည်းရုံးရေးမှူး ကွယ်လွန်)နဲ့ ဦးသွင် (ပ-ထ-စ ဝန်ကြီး ကွယ်လွန်)တို့ ခေါင်းဆောင်တဲ့ ပါတီပြောက်ကျားတပ်ဖွဲ့တို့ ရှိကြပါတယ်။

အဲဒီ တပ်ဖွဲ့ခေါင်းဆောင်များနဲ့ ပြောက်ကျားတိုက်ပွဲများ တိုက်ခိုက်နေကြရပါတယ်။ ဒါကြောင့် ကိုခင်မောင်ကြီးတို့ အဖွဲ့နဲ့ တစ်ခါတစ်ခါ ချိန်းတွေ့ကြရပြီး စစ်ရေးအခြေအနေ ဂျပန်တပ်ဖွဲ့များရဲ့ ဆုတ်ခွာမှု တပ်စွဲထားမှု သတင်းများကို ကလွကတ္တားသို့ သတင်းပို့ပေးရပါတယ်။

ကိုခင်မောင်ကြီးတို့နဲ့ ပါတဲ့ အင်္ဂလိပ်ဟပ်က အရာရှိများထံ လက်နက် အကူအညီနဲ့ မှာပေးဖို့ တင်ပြညှိနှိုင်းပြီး ရတဲ့ လက်ပစ်ဗုံး၊ စတင်းဂန်း၊ ရိုင်ဖယ်၊ ဖောက်ခွဲရေးပစ္စည်း၊ ကျည်ဆန်များ ခွဲဝေပေးရပါတယ်။

အဲဒီလို သူတို့ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်နေစဉ် ဖွန်လလောက်မှာ သူတို့စခန်းကို ကိုချစ်ရီ (ဒုဗိုလ်မှူးကြီးဟောင်း ကွယ်လွန်)နဲ့ ကိုသန်းညွန့် (ရှေ့ဆောင်သတင်းစာ အယ်ဒီတာ ကွယ်လွန်) တို့ ရောက်လာကြပါတယ်။ သူတို့ သထုံမှ ဂျပန်စစ်ပုလိပ် အချုပ်မှာ ဦးညီလေး (အာရှလူငယ် အစည်းအရုံး အထွေထွေအတွင်းရေးမှူး သခင်သန်းထွန်း၏ညီ ကွယ်လွန်)နဲ့အတူ အဖမ်းခံနေစဉ် လက်ပြန်ကြိုးတုပ်ထားတဲ့ ကြိုးတွေဖြေပြီး ထွက်ပြေးလွတ်မြောက်ခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့ လွတ်လာပြီး ၂ ရက် ၃ ရက် ကြာတော့ ဦးညီလေးကို သတ်လိုက်ပြီဆိုတာ သိရပါတယ်။

ဖွန်၊ ဇူလိုင်လတွေမှာ ဂျပန်တပ်တွေရဲ့ ဆုတ်လမ်းဟာ စစ်တောင်း၊ သထုံ၊ မော်လမြိုင် ကားလမ်း ရထားလမ်းတစ်ကြောင်းထဲသာ ရှိတော့ ဆုတ်လာတဲ့ ဂျပန်တပ်တွေဟာ မပြတ်ရှိနေပါတယ်။ အဲဒီလို ဖရိုဖရဲ ဆုတ်လာတဲ့ တပ်တွေကို ဗမာ့မျိုးချစ်တပ်မတော်နဲ့ ပြောက်ကျားတပ်ဖွဲ့တွေက လစ်ရင် လစ်သလို ကြိုကြားကြိုကြား ပြောက်ကျားတိုက်ခိုက်ကြရပါတယ်။ ပြောက်ကျားတိုက်ခံရတော့ သူတို့ ဆုတ်လမ်းမှာ အနှောင့်အယှက် ဖြစ်လာလို့ ဂျပန်တပ်တွေက ပြန်ပြီး ဘီးလင်းသထုံကြား အရှေ့ဘက်ရွာတွေနဲ့ စခန်းတွေကို ဝင်ရောက်ရှင်းလင်းပါတယ်။ ဒါပေမယ့် ကြိုတင်သိရှိ သတင်းရထားလို့ ဘယ်တပ်၊ ဘယ်စခန်းမှ အလစ်အငိုက် တိုက်ခိုက်ခြင်း မခံခဲ့ရပါဘူး။

ဂျပန်တပ်တွေလဲ ရှင်းလင်းရေးထိုးစစ်တွေကို ဂျပန်ဆန့်ကျင်ရေးတပ်များ အခြေခံရာ ကျေးရွာတွေနဲ့ ဒေသတွေကို ဆက်လက်ပြီး ဆောင်ရွက်နေပါတယ်။

အဲဒီအခြေအနေမှာ ကိုခင်မောင်ကြီးတို့ လေထီးတပ်ဖွဲ့နဲ့ ကျန်တပ်ဖွဲ့များ အဆက်အသွယ် ပြတ်သွားရပါတယ်။ ဒါကြောင့် တပ်ဖွဲ့ဖို့ဒ် ၁၃၆ ဌာနချုပ်က လှမ်းပြီး အခြေအနေကို သတင်းပို့ အစီရင်ခံပါတယ်။ ၂ ရက်လောက်ကြာ ဌာနချုပ်က ဖားအံ၊ မြိုင်ကလေးနယ်မှာရှိနေတဲ့ အင်္ဂလိပ်စစ်ဗိုလ်များ ဦးစီးနေတဲ့ ကရင် ပြောက်ကျားတပ်ဖွဲ့များနဲ့ သွားရောက်ပူးပေါင်းဖို့ အမိန့်ပေးပါတယ်။

ကိုခင်မောင်ကြီးတို့ တပ်ဖွဲ့လဲ အဲဒီက စခန်းမှာ သွားရောက်ပူးပေါင်းနေကြပါတယ်။ ၇ ရက်လောက်ကြာတော့ ရန်ကုန်ကို ပြန်ခဲ့ဖို့ အမိန့်ပေးပါတယ်။ ဇွဲလိုင်လဆန်းလောက်မှာ ကရင်ပြောက်ကျားများ ဖောက်လုပ်ထားတဲ့ တောတွင်း လေယာဉ်ကွင်းကနေ ရန်ကုန်က လွှတ်ပေးတဲ့ လေယာဉ်ငယ်လေးနဲ့ ပြန်ခဲ့ရပါတယ်။ ရန်ကုန်ရောက်တော့ မင်္ဂလာဒုံမှာရှိတဲ့ တပ်ဖွဲ့ ဖို့ဒ် ၁၃၆ ရဲ့ စခန်းမှာ နေရာချထားပေးပြီး မြို့တွင်း လည်ပတ်ခွင့်ပေးလို့ မြို့တွင်းလျှောက်လည်ကြပါတယ်။ စမ်းချောင်း ဗားကရာလမ်းမှာရှိတဲ့ ကွန်မြူနစ်ပါတီ ဌာနချုပ်သွားပြီး ဖဆပလ ကော်မီတီများ ဖြစ်ကြတဲ့ သခင်တင်မြ၊ ကိုထွန်းစိန်တို့ထံ သထုံ၊ ဘီးလင်းဘက်ရှိ အခြေအနေများ အစီရင်ခံ သတင်းပို့ပေးကြပါတယ်။

မင်္ဂလာဒုံ စခန်းမှာ နေစဉ်မှာပဲ တပ်ဖွဲ့ ဖို့ဒ် ၁၃၆ ရဲ့ တပ်မှူးဖြစ်တဲ့ မေဂျာ ဘက်တာစဖီက မင်းတို့တပ်ဖွဲ့ ထားဝယ်ဘက်ဆက်ပြီး ဆင်းရမယ်။ အိန္ဒိယကို ဆက်ပို့ပေးမယ်၊ ဒီအတောအတွင်း မင်းတို့ကို ခွင့် ၁၀ ရက်ပေးတယ်ဆိုပြီး ခွင့်ပေးပါတယ်။

ကိုခင်ဇော်ကလည်း နောက်လဲ သေမယ်ရှင်မယ် မသိဘူးကွ၊ ငါးသိုင်းချောင်းက ငါ့မိဘဆွေမျိုးတွေဆီ ခွင့်ရတုန်း သွားတွေ့ချင်တယ်၊ မင်းတို့ နှစ်ယောက်လဲ လိုက်ခဲ့ပါ ဆိုတာနဲ့ သူနဲ့ ပုသိမ် ငါးသိုင်းချောင်းမြို့များဆီ လိုက်သွားကြပါတယ်။

ကိုခင်ဇော်ရဲ့ မိဘဆွေမျိုးများဆီက အလည်ပြန်လာပြီး မင်္ဂလာဒုံစခန်းမှာ အိန္ဒိယပြန်သွားဖို့ စောင့်နေရင်း တစ်ညနေမှာ သေနတ်တွေ ဖောက် အော်ကြဟစ်ကြ ပျော်ကြနဲ့ ဘာဖြစ်တာလဲလို့ စုံစမ်းလိုက်တော့ ဂျပန်တွေ လက်နက်ချလိုက်ပြီဖြစ်ကြောင်း သိရလို့ သူတို့လဲ လေထီးဆက်မဆင်းရတော့မှာမို့ ကျန်စစ်သားများနည်းတူ ပျော်ခြင်းကြီးမက ပျော်လိုက်ကြပါတယ်။

ဂျပန်လက်နက်ချပြီး ၃ ရက်လောက် နေတော့ မေဂျာဘက်တာစဗီက သူ့ရုံးမှာရှိတဲ့ အတွင်းဝန်များကို ခေါ်ပါတယ်။ ကိုခင်ဇော်၊ ကိုစံတင့်၊ ကိုခင်မောင်ကြီးတို့ သုံးယောက် သွားတွေ့ရပါတယ်။ မေဂျာက စစ်ကြီးတော့ ပြီးသွားပြီ၊ မင်းတို့လဲ အိန္ဒိယသွားဖို့ မလိုတော့ဘူး၊ နောက် မင်းတို့ကို ဆက်ပြောချင်တာက တို့ ဗြိတိသျှတပ်ထဲ ဝင်ပါ၊ ဝင်ရင် တပ်ကြပ်ကြီး အဆင့်နဲ့ ကလောကို ၆ လ စစ်ပညာသင်တန်း သွားတက်ရမယ်။ သင်တန်း ပြီးရင် ဒုဗိုလ်ရာထူးနဲ့ သင်တန်းဆင်းရမယ်လို့ ပြောပြပါတယ်။

ကိုခင်ဇော်ကတော့ သူ တပ်ထဲဝင်မယ်လို့ ပြောပါတယ်။ ကိုစံတင့်နဲ့ ကိုခင်မောင်ကြီးကတော့ မဝင်ချင်ဘူး၊ နိုင်ငံလွတ်လပ်ရေးအတွက် ဆက်လုပ် ကြမယ်လို့ ပြောပါတယ်။ အေး ဒါဆို မင်းတို့သဘောပါလို့ ပြောပြီး မင်းတို့ လက်နက်တွေ အပ်ခဲ့တော့လို့ ပြောတော့ ကိုခင်ဇော်နဲ့ ကိုခင်မောင်ကြီးက လက်နက်တွေ အပ်လိုက်ပါတယ်။ ကိုစံတင့်ကတော့ သူ လက်နက်မပါလာ ကြောင်း၊ နောက်တစ်နေ့မှ လာပေးပါမယ်လို့ ပြောပါတယ်။

လက်နက်အပ်ပြီး ကိုခင်ဇော်ကတော့ တပ်ထဲဝင်မှာမို့ မေဂျာညွှန်ကြား သလို ဆက်လုပ်ရမှာဆိုတော့ ကျန်ရစ်ခဲ့ပြီး ကိုစံတင့်နဲ့ ကိုခင်မောင်ကြီးကတော့ မေဂျာကို နှုတ်ဆက်ကြပြီး အတွင်းဝန်ရုံးပေါ်က ဆင်းခဲ့ကြတယ်။ ဟပ်ဖွဲ့ ဗို့ဒ် ၁၃၆ ရဲ့လေထီးစစ်သား ဘဝကို ကျော်ခိုင်းပြီး စမ်းချောင်း ဗားကရာလမ်း ပေါ်က ကွန်မြူနစ်ပါတီဌာနရှိရာကို အားကိုးမျှော်လင့်ချင်းကြီးစွာနဲ့ လျှောက်လာခဲ့ ကြပါတော့တယ်။

* * *

# အခန်း (၃)

## ၁။ ရဲဘော်မြင့်ဆွေနဲ့ လေထီးရဲဘော်များရဲ့ တော်လှန်ရေးကာလအတွေ့အကြုံများ

၁၉၈၄ ခု စက်တင်ဘာလ ၂၅ ရက်နေ့ မနက် ၁၀နာရီ ခွဲအချိန်တွင် ကျောက်ကုန်း၊ မင်းရဲကျော်စွာလမ်း အိမ်အမှတ် (၂၉)ရှိ ခေါင်းဆောင်ကြီး ဦးမြင့်ဆွေဆီမှာ ဂျပန်ဖက်ဆစ်တော်လှန်ရေးကာလ အတောအတွင်းက လေထီးသမားနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို သွားရောက်မေးမြန်းခဲ့ပါတယ်။ ဦးမြင့်ဆွေက အောက်ပါအတိုင်း စာရေးသူကို ပြောပြလိုက်ပါတယ်။ (စာရေးသူ)

* * *

ဂျပန်ခေတ်မှာ တော်လှန်ရေးမလုပ်ရသေးဘဲနဲ့ လေထီးသမားတွေ ကျလာတယ်။ ကျလာတာက ဗိုလ်ဝမ်းသရီးစစ် (၁၃၆တပ်ဖွဲ့) က ဗိုင်ယာလက်အော်ပရေတာ ကိုအောင်နဲ့ ကိုထွန်းစိန်တို့ "မိုး" ရွာအနီးမှာ လေထီးနဲ့ ဆင်းလာပါတယ်။ ဆင်းလာတဲ့အချိန်မှာ ကြိုတဲ့သူတွေနဲ့ သူတို့နဲ့ လွဲနေတယ်။ အဲဒီအကြောင်းကို ကိုမြက သူ့ရဲ့ တောင်ငူပြောက်ကျားဆိုတဲ့ စာအုပ်ထဲမှာလဲ ရေးထားပါတယ်။

ဒီတော့ ဒီလူတွေကို "မိုး"မှာမထားဘဲ ဖြူးကို ခေါ်လာပါတယ်။ ကာလကတ္တားဌာနချုပ်က "ဘယ်သူ့ဆီသွား" ဆိုပြီး မှာလိုက်တော့ ကိုအောင်နဲ့

ကိုထွန်းစိန်တို့ နှစ်ယောက်ဟာ မှာလိုက်တဲ့ဆီ သွားတယ်။ ကိုမြတို့က အိပ်နေတယ်။ ကိုမြတို့နဲ့ သူတို့ တွေ့ကြပါတယ်။ အဲဒီကမှ ဖြူးကို ခေါ်လာပါတယ်။

အဲဒီအချိန်မှာ ဂျပန်ကလဲ အတော်ရက်စက်တယ်။ ဖြူးမှာ သူတို့ကလဲ လေထီးစစ်သားတွေဆိုတော့ ဘယ်သူကမှလဲ လက်မခံချင်ကြဘူး။ သူတို့ကို လက်ခံရဲတဲ့အိမ် နှစ်အိမ်ပဲ ရှိတယ်။ တစ်အိမ်က မောင်မောင်စိန်အိမ်၊ နောက်တစ်အိမ်က ကျွန်တော့်အိမ်ပဲ။

ကျွန်တော်တို့အိမ်မှာ ဒီလူတွေကို လက်ခံထားခဲ့တယ်။ လက်ခံထားပုံကတော့ မောင်မောင်စိန်အိမ်မှာ နည်းနည်းလေး ရက်ကြာသွားတဲ့အတွက် တစ်ညမှာ ကျွန်တော့်အိမ်ကို ပြောင်းလာဖို့ ကျွန်တော်က ခေါ်လာတယ်။ စက်ရုံလမ်းထောင့်ကျတော့ ဂျပန်တွေနဲ့ ဘွားကနဲ သွားတွေ့တယ်။ ဂျပန်က ၁၅ ယောက် အယောက် ၂၀ လောက် ရှိတယ်။ ဘွားကနဲ သွားတွေ့တော့ ကိုထွန်းစိန်(ခေါ်) ကိုကျော်က ဂျပန်ကို နီးနီးကပ်ကပ် မမြင်ဘူးတော့ မြောင်းဘေးကို ခုန်ချတယ်။ ဒီလိုခုန်ချတာကို ဂျပန်တွေက မသိဘူး။ မရိပ်မိဘူး။ မရိပ်မိတဲ့အတွက် ကျွန်တော်တို့ အဖမ်းမခံရဘူးပေါ့။

ကျွန်တော့်အိမ်ခေါ်လာလာတယ်။ အိမ်မှာပဲ ရက်ပေါင်းများစွာ ထားတယ်။ ကျွန်တော့်အိမ်ဟာ ဘယ်မှာရှိလဲဆိုတော့ ဖြူးမြို့ အုတ်ဖြတ်လမ်းမှာပါ။ ကျွန်တော့်အိမ်ရှေ့တည့်တည့် မျက်နှာချင်းဆိုင်အိမ်မှာ ဂျပန်ဗိုလ်မှူးက ဂျပန်စစ်သားတွေနဲ့အတူ နေကြတယ်။

ကျွန်တော်တို့အိမ်က ရှေးဟောင်းအိမ်ကြီးကိုး။ ရှေးဟောင်းအိမ်ကြီးဆိုတော့ ကျွန်တော်တို့အိမ်မှာ တရုတ်ကပ်ကြီးရှိတယ်။ နေ့တိုင်း တရုတ်ကပ်ကြီးကို ဖွင့်ဖွင့် ပြီးတော့ ဂျပန်တွေကိုချောင်းကြည့်ကြတယ်။ သူတို့က ကျွန်တော့်ကို ပြောတယ်။ "ခင်ဗျား တယ်ရက်စက်ပါလား။ ဒီလို ဂျပန်နဲ့ နီးနီးကပ်ကပ်ထားရက်တယ်"လို့ ညည်းရှာတယ်။ ကျွန်တော်တို့ကလဲ ဒီအန္တရာယ်များနဲ့ ကိစ္စဆိုတော့ ဘယ်သူ့ကိုမှ တာဝန်မပေးချင်ဘူး။ စိတ်လဲ မချဘူး။ ယုံလဲမယုံဘူး။ အဲဒါကြောင့် ကျွန်တော့်အိမ်မှာ ရက်ပေါင်းများစွာ ထားခဲ့ရတာပေါ့။

ကိုအောင်ကတော့ ဝိုင်ယာလက်အော်ပရေတာအဖြစ် တော်လှန်ရေး တစ်လျှောက်လုံးမှာ ဆောင်ရွက်သွားတယ်။ ကိုထွန်း စိန် ခေါ် ကိုကျော်က

ဗိုလ်ဂါမဏိဆိုတဲ့ နာမည်နဲ့ တော်လှန်ရေးလုပ်တဲ့အချိန်မှာ တပ်ခွဲမှူးအဖြစ် ဆောင်ရွက်သွားပါတယ်။ အဲဒီအချိန်မှာ သူက တပ်သားတွေကို သေနတ်ပစ်ခတ်တာတွေ သင်တန်းပေးတယ်။

ကိုထွန်းစိန်က ဗိုဝမ်းသရီးစစ်ကပါ။ မောင်မောင်စိန်အိမ်က စက်ရုံနားမှာ ရှိတာကိုး။ မောင်မောင်စိန်အိမ်က သူတို့နှစ်ယောက်ကို ခေါ်လာတဲ့အခါမှာ ကျွန်တော်တို့က နေ့ကို လျှပ်ရှားရဲတာမှ မဟုတ်ဘဲ။ သူတို့ကိုခေါ်လာတာဟာ ည ရှစ်နာရီလောက်ပါ။

ကိုအောင် အနေနဲ့ကတော့ မောင်မောင်စိန်နဲ့ တွဲဖက်ပြီးတော့ ခရိုင်ထောက်လှမ်းရေး လုပ်ရတယ်။ အဲဒီအခါမှာ အင်္ဂလိပ်စစ်တပ်က လန်ဒန်ဂျေကော်ထဲမှာ သူတို့ဖော်ပြထားတာက "ကျွန်တော်တို့ ဒီမြန်မာပြည်မှာ တော်လှန်နေတဲ့သူတွေက သတင်းတွေပေးလို့ အလွန်ကောင်းတဲ့ သတင်းတွေ ရတယ်" ဆိုတဲ့အကြောင်း သူတို့တော်တော်လေး ရေးထားတယ်။ ဘယ်တိုင်းပြည်ကများ အခုလို စပါယ်ရှယ်ထောက်လှမ်းရေး သတင်းတွေ ပို့သလဲဆိုတာ မဟာမိတ်တပ်တွေက လေ့လာပါတယ်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာတော့ မဟုတ်ပါဘူး။ ပြောင်ပြောင်မြောက်မြောက်နဲ့ သတင်းတွေကို အတိအကျပေးပြီး ရန်သူကို ခုက္ခပေးနိုင်တာက မောင်မောင်စိန်နဲ့ ကိုအောင်တို့ရဲ့ ဝိုင်ယာလက်စက်ပါပဲ။

ဥပမာတစ်ခုပြောရမယ်ဆိုရင် ကျွန်တော်တို့ ဖြူးအနောက်ဘက်တစ်မိုင်လောက်ဝေးတဲ့ သစ်ပင်အုပ်ကြားထဲမှာအမြောက်နှစ်လက် တပ်ဆင်ထားတယ်။ လေယာဉ်ပျံပစ် အမြောက်တွေ သစ်ပင်တွေကြားထဲမှာဆိုတော့ မသိနိုင်ဘူး။ ကောင်းကင်က ကြည့်ရင်လဲ မမြင်နိုင်ဘူးပေါ့။ ဒါပေမယ့် ဒီလေယာဉ်ပျံပစ် အမြောက်တွေဟာ ဗုံးကြဲခံရတယ်။ ဒီအမြောက်တွေ ပျက်ဆီးသွားတယ်။ နောက်တစ်ချက်ကတော့ သချိုင်းဇရပ်တွေမှာ ဂျပန်ရိက္ခာတွေထားတယ်။ အဲဒါတွေအားလုံး ဖျက်ဆီးခံရတယ်။ နောက်တစ်ခါ ရထားတွေ နေခိုလို့ ဂျပန်စစ်တပ်တွေ နားနေခိုက် မောင်မောင်စိန်တို့ ဝိုင်ယာလက်နဲ့ သတင်းပို့တယ်။ အဲဒီလို ပို့လိုက်တော့ မဟာမိတ် လေယာဉ်ပျံတွေက လာပြီး ဗုံးကြဲတယ်။

မောင်မောင်စိန်က ခရိုင်ခေါင်းဆောင်ပါ။ လေထီးနဲ့ဆင်းလာတဲ့ အဖွဲ့ထဲက မဟုတ်ပါဘူး။ ကျွန်တော်တို့က မောင်မောင်စိန်ကို တောင်ငူခရိုင်

ထောက်လှမ်းရေးတာဝန် ပေးထားတယ်။ သူ့လူတွေ တော်တော်များပါတယ်။ သူက တောင်ငူခရိုင်တစ်ခုလုံးကို လူတွေ ဖြန့်ထားပြီး ဝိုင်ယာလက် စက်တစ်လုံးနဲ့ လှည့်ပြီးတော့ သတင်းတွေကို ပို့တာပဲ။

လန်ဒန်က ဂေဇက်မှာ ဒီကိစ္စကို တော်တော်လေးရေးထားပါတယ်။ ဒါကြောင့် ဂျပန်တွေကို တော်တော် ဒုက္ခ ပေးနိုင်တယ်။ တစ်နေ့ကျတော့ မောင်မောင်စိန်ဟာ စစ်ရထားတစ်စီး ဖြူးဘူတာမှာ ရပ်နားနေတုန်း။ ဗုံးကြဲစက်သေနတ်နဲ့ ပစ်ခိုင်းတယ်။ သူတို့ဆန်စက်က ကိုက် ၁၀၀ လောက်တော့ ဝေးမှာပေါ့။ ရထားသံလမ်းနဲ့ကတော့ ကိုက် ၅၀ လောက်ပဲ ဝေးတယ်။ သူတို့ဆန်စက်ကြီးလဲ ပြားထွက်သွားတာပဲ။ အဲဒါ ဗုံးကြဲရင်းနဲ့ ထိသွားတာပါ။ တောင်ငူမြောက်ဘက် "နံကျွန်" တို့ "ကျွန်းကုန်း"တို့မှာထားတဲ့ လက်နက်ခဲယမ်း မီးကျောက်တွေ ဓာတ်ဆီသိုလှောင်ရုံတွေ အဲဒါတွေဟာလဲ မောင်မောင်စိန်တို့ရဲ့ သတင်းပို့ပေးချက်အရ အားလုံးပျက်စီးကုန်ပါတယ်။

နောက်ပိုင်း ကျွန်တော်စုံစမ်းကြည့်တဲ့အခါ ပဲခူးမှာလဲ ဒါမျိုးမရှိဘူး။ ဇီးကုန်းတို့ သာယာဝတီတို့ ပြည်တို့ဘက်မှာလဲ ဒါမျိုးမရှိဘူး။ ဒီလို အဖွဲ့မျိုး သပ်သပ်ဖွဲ့ပြီးတော့ သတင်းပို့တာကတော့ မောင်မောင်စိန်အဖွဲ့ပဲ ရှိတယ်။ မောင်မောင်စိန်က ဖြူးသားပါ။ သခင်သန်းဖေတို့နဲ့ ရွယ်တူပါ။ ကျန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်တုန်းက တစ်ဘက်နိုင်ငံမှာလား နယ်စပ်မှာလား မသိဘူး။ သူ နှလုံးရောဂါနဲ့ ကွယ်လွန်သွားတယ်ဆိုတာ ကျွန်တော်တို့ သိရပါတယ်။

(မောင်မောင်စိန်နဲ့ ကိုအောင်က ဘယ်လောက် ရင်းနှီးသွားလဲ မသိဘူး။ အမှန်က ကိုအောင်ဟာ ဒီနေ့တောင်ငူရဲ့ ပတ်ဝန်းကျင်မှာ သစ်စက်လုပ်ငန်း လုပ်နေပါတယ်။ အိမ်ထောင်ပြုသွားတာက မောင်မောင်စိန်နှမနဲ့ လေထီးစစ်သား ကိုအောင်ဟာ အခုထိ အသက်ထင်ရှားရှိနေပါသေးတယ်။ )

နောက် ကိုထွန်းစိန် (ခေါ်) ကိုကျော်(ခေါ်) ဗိုလ်ဂါမဏိကတော့ အုတ်ဖြတ်မှာ ဒုတပ်ခွဲမှူးပါ။ (သူက စစ်တပ်ထဲ ဝင်သွားပါတယ်။ ဗိုလ်မှူးအဆင့်အထိ ရောက်သွားတယ်လို့ သတင်းကြားရတယ်။ ကျွန်တော်နဲ့ကတော့ တော်လှန်ရေးပြီးကတည်းက တစ်ခါမှ မတွေ့တော့ပါဘူး။ ဗိုလ်ကျော်ဟာ မကြာသေးမီကပဲ ပြင်ဦးလွင်မှာ ကွယ်လွန်သွားတယ်လို့ သိရပါတယ်။)

ကျွန်တော်လဲ ပြင်ဦးလွင်ရောက်တိုင်း ရဲဘော်အစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ထွန်းစိန်လို့ မေးတယ်။ ဒီနာမည်နဲ့တော့ မရှိဘူး။ ဗိုလ်မှူးကျော်ဆိုရင်

သိမလားတော့မသိဘူး။ သူလဲ ကွယ်လွန်သွားပြီလို့ ပြောပါတယ်။ သူလဲ တိုက်တဲ့ခိုက်တဲ့နေရာမှာ နာမည်တော်တော်ထွက်ပါတယ်။ ဗိုလ်ဂါမဏိဆိုပြီးတော့ နာမည်ကြီးခဲ့ပါတယ်။

ဗိုလ်ဂါမဏိတို့ကတော့ ပထမအသုတ်ပဲ။ သူတို့ရောက်တာက ကျွန်တော်တို့ တော်လှန်ရေး မလုပ်ရသေးဘူး။ ကျွန်တော်ထင်တာက ဇန်နဝါရီလ ဖေဖော်ဝါရီလမှာပါ၊ သူတို့လေထီးနဲ့ဆင်းစဉ်က တစ်နေရာ မောင်မြတို့က တစ်နေရာ ဂျပန်တွေနဲ့တွေ့လို့ ထွက်ပြေးလာရတယ်ဆိုတာ ရဲဘော်မြရေးတဲ့ စာအုပ်ထဲမှာ ပါပါတယ်။

နောက်တစ်ဖွဲ့ကျတော့ ကျွန်တော်တို့ အခု နိုင်ငံတော်ကောင်စီဝင် ဖြစ်ခဲ့တဲ့ ကိုသာကျော်ပါလာတယ်။ အဲဒီအဖွဲ့မှာ ဘယ်သူတွေ ပါသလဲလို့ ဆိုတော့ မေဂျာဂရု၊ သူက ဗို့ဒ်ဝမ်းသရီးစစ်ရဲ့ မြန်မာပြည်တစ်ပြည်လုံးရဲ့ ခေါင်းဆောင်ပါ။

လေထီးနဲ့ဆင်းတဲ့ ပုဂ္ဂိုလ်တွေကတော့ (၁) မေဂျာဂရု၊ (၂) ကပ္ပတိန်ဘရောင်း၊ (၃)ဝိုင်ယာလက် အော်ပရေတာ ဆာဂျင်ရှပ်၊ နောက် (၄) ရခိုင်က ရဲဘော် ကိုသာကျော်၊ သူတို့လေးယောက်ပါ။

ဆင်းမဲ့နေရာတွေကို သူတို့ကဓာတ်ပုံရိုက်သွားပြီးတော့ ကျွန်တော်တို့နဲ့ အဆက်အသွယ်လုပ်တယ်။ သူတို့ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် လာမယ်ဆိုတာ ကျွန်တော်တို့ကအတိအကျ သိပါတယ်။ သူတို့ ဆင်းတဲ့ရက်က ၁၉၄၅ ခု မတ်လ ၂၂ ရက်နေ့ပါ။ သခင်သန်းထွန်း တောင်ငူခရိုင်ကိုလာပြီး တောခိုတဲ့နေက မတ်လ ၂၀ ရက် ဖြစ်ပါတယ်။ သခင်သန်းထွန်းရောက်ပြီး နှစ်ရက်အကြာမှာ သူတို့လေထီးနဲ့ ဆင်းပါတယ်။ ည ၁၀ နာရီ ၁၁ နာရီလောက် ဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ အခု တိုင်းတရားသူကြီးအဖွဲ့ အချိန်ပိုင်း လုပ်နေတဲ့ ကိုအုန်းရွှေ၊ ကိုစောဦးလဲ ပါတယ်။ ကိုစောဦးက အဲဒီတုန်းက “ဝ” နှစ်လုံးနဲ့ ဝန်ထမ်းအရာရှိပါ။

ကျွန်တော့်နောက်မှာ ရဲဘော် ၁၀ လောက် ပါပါတယ်။ ဖြူးမြို့ရဲ့ အရှေ့ဘက်။ “ဝါးအေစု”ရွာနဲ့ ကျွန်တော်တို့က မိုင်ဝက်(သို့မဟုတ်) တစ်မိုင်လောက်ဝေးတဲ့ လယ်ကွင်းကြီးထဲမှာ သွားစောင့်ရပါတယ်။ ဝါးအေစု ရွာက စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာပါ။ ဖြူးမြို့က စစ်တောင်းမြစ်ရဲ့ အနောက်ဘက်ကမ်းမှာပါ။ ဖြူးကနေ သွားတယ်ဆိုရင် ပစ္စည်းတွေသယ်ဖို့ ဘာညာအတွက် လှည်းနှစ်စီး ယူသွားတယ်။

စစ်တောင်းမြစ်ကို ကူးရပါတယ်။ ကျွန်တော်တို့ ရောက်သွားတော့ ၉နာရီ ၁၀နာရီလောက် ရှိပါမယ်။ ကျွန်တော်တို့က လေထီးဆင်း ရင် ဘယ်လိုကြိုရတယ်ဆိုတာ ကြိုတင်ပြီး သိထားပါတယ်။ အထူးသဖြင့် ကတော့ လေတိုက်တဲ့ဘက်ကိုပေါ့။ လေတိုက်တဲ့ဘက်ကို တီပုံသဏ္ဍာန်နဲ့ ပြရပါတယ်။ လေဘယ်ဘက်ကို တိုက်သလဲဆိုတာ သိချင်လို့ရှိရင် အတွေ့ အကြုံမရှိရင် တော့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ လယ်ကွက်ထဲမှာက လေက အရပ် ရှစ်မျက်နှာက တိုက်တယ်လို့ အောက်မေ့ရပါတယ်။

ကွင်းပြင်ကြီးထဲ ရောက်သွားရင် ဘယ်ဘက်က တိုက်မှန်းမသိသလိုဘဲ လေက၊ လေရူးမဟုတ်လား။ ဟိုဘက်ကတိုက်လိုက် ဒီဘက်ကတိုက်လိုက်နဲ့ ကျွန်တော်တို့ အနေနဲ့က လေဘယ်ဘက်က တိုက်တယ်ဆိုတာကို သိချင်လို့ရှိရင် သခင်ဗဟိန်းက ကျွန်တော့်ကို မှာလိုက်တယ်။ "ဦးမြင့်ဆွေ ပါးစပ်ထဲကို လက်ညှိုးကို တစ်မိနစ်လောက် ထည့်ထား။ အဲဒီအခါ လက်က ပူလာလိမ့်မယ်။ ဒီတော့ အပြင်ဘက်ကိုထုတ်ပြီးတော့ လက်ညှိုးထောင်လိုက်ပေါ့။ လက်ညှိုး ထောင်လိုက်လို့ရှိရင် အေးစိမ့်စိမ့်ဖြစ်လာတဲ့ အရပ်က လေတိုက်တဲ့ဘက်" ဆိုပြီး ပြောပြထားတယ်။ ကျွန်တော်တို့က လက်နှိပ်ဓာတ်မီး ငါးလက်ယူသွား ရတယ်။ လက်နှိပ်ဓာတ်မီးကလည်း ကျွန်တော်တို့က ရပြီးပြီ။ ဘာဖြစ်လို့လဲ ဆိုတော့ လက်နှိပ်ဓာတ်မီးတို့ ဘာတို့ကို ဗိုလ်အောင်တို့က အိန္ဒိယက ချပေးထားလို့ပေါ့။

ကျွန်တော်တို့က လေတိုက်တဲ့မျက်နှာကိုကြည့်ပြီးတော့ တီပုံသဏ္ဍာန်လုပ်၊ လူငါးယောက် လိုပါတယ်။ လူငါးယောက်မှာ ရှေ့က လူသုံးယောက်က ကိုက် ၅၀ စီခွာပြီးတော့ မတ်တပ်ရပ်ရပါတယ်။ လေတိုက်တဲ့ ဘက်အတိုင်း တီခြေထောက်အတွက် အလယ်ခေါင်က လူရဲ့နောက်က ကိုက် ၁၀၀စီကွာပြီး မတ်တတ်ရပ်ရပါတယ်။ ခေါင်းက လေတိုက်တဲ့ဘက်မှာ နေရတယ်။ သူတို့က လေထီးနဲ့ချပေးတဲ့ အခါကျတော့ လေတိုက်တဲ့ဘက် နှင့် ဆန့်ကျင်ပြီး ခေါင်းက ပျံသန်းလာတယ်။

မကြာပါဘူးကျွန်တော်တို့ဆီ လေယာဉ်ပျံတစ်စင်း ရောက်လာတယ်။ မည်းမည်းကြီးပဲ။ ကျွန်တော် ထင်ပါတယ်။ အဲဒီလေယာဉ်ပျံဟာ "ဒါကိုတာ လေယာဉ်" နဲ့ တူတယ်။ လကလဲ သိပ်မသာဘူး။ လေထီးချတယ်ဆိုတာ များသောအားဖြင့် လသာတဲ့ညမှာ ချရတာပါ။ လကတော့ လဆန်း ၇ရက်၊

၈ ရက်လောက် ရှိမယ်လို့ ကျွန်တော်ထင်တယ်။ သူတို့ လေထီးနဲ့ လာချတဲ့ အချိန်မှာ တိမ်တွေ ရှိနေတယ်။ ကောင်းကင်က မှောင်မိုက်နေတာပေါ့လေ လေယာဉ်ပျံက ၃၊ ၄ ခေါက်ဝဲတယ်၊ လေယာဉ်ပျံသံ ကြားတော့ ဒီဥစ္စာက ဂျပန်လေယာဉ်ပျံလဲ ဖြစ်နိုင်တယ်။ ဂျပန်လေယာဉ်ပျံဖြစ်ရင်တော့ စက်သေနတ်နဲ့ ပစ်မှာပဲ။ ကျွန်တော်တို့ကလဲ ဂျပန်လေယာဉ်ပျံအသံနဲ့ အင်္ဂလိပ် လေယာဉ်ပျံ အသံ မခွဲတတ်ဘူး၊ ကျွန်တော်တို့ကတော့ လေယာဉ်ပျံ ဒီနေရာကိုလာတယ် ဆိုတော့ ဒါ တို့လေယာဉ်ပျံ ဖြစ်မှာပဲဆိုပြီးတော့ သူတစ်ပတ်ပတ်ရင် သူ့ရဲ့ ဒါရိုက်ရှင်ကိုလိုက်ပြီးတော့ ကျွန်တော်တို့ကလဲ လေယာဉ်ပျံနဲ့ တည့်တည့် လိုက်ပြီး တစ်ပတ်ပတ်ရတယ်။ လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြရတယ်။ အဲဒီတော့မှ လေယာဉ်ပျံက နှစ်ပတ်သုံးပတ် ပတ်ပြီး ခေါင်းဘက်ကနေ ဝေ့ဝေ့လာပြီး လေထီးတွေ ချပါတယ်။

လူက လေးယောက် ပစ္စည်းတစ်ခုပါတယ်။ အမြင့်ပေ ၆၀၀ မှ ၈၀၀ ချတယ်၊ လေထီးပွင့်ပြီး အောက်ကိုကျတဲ့ အချိန်က ၂၄ စက္ကန့် လောက်ပဲ ကြာတယ်။ သူတို့ကို မေးကြည့်တော့ ဒီလိုပဲ ကပ်ချလိုက်ရင် စက္ကန့် ၂၄၊ ၃၀ စက္ကန့်လောက်မှာ မြေကြီးကို ရောက်တယ်လို့ ပြောတယ်။ လူက လေးယောက် နှင့် ပစ္စည်းလေထီးက တစ်ခုပါတယ်။

ကျွန်တော်တို့ကလဲ ကျွန်တော်တို့ မတ်တတ်ရပ်နေတဲ့ တီပုံထဲ လူတွေအကုန်လုံး ဝင်လာတယ်။ ဒါပေမယ့် ထူးထူးဆန်းဆန်း ပစ္စည်းထုပ်က ကျွန်တော်တို့ ရှာမတွေ့ဘူး၊ ကျွန်တော်တို့က အဲဒီပစ္စည်းကို လိုက်ရှာတယ်။ ဂျပန်ခေတ်မှာလယ်က သိပ်မလုပ်ကြဘူး၊ လယ်မလုပ်တော့ လယ်ကွင်းထဲမှာ လူတစ်ရပ်သာသာလောက် မြင့်တဲ့ ကိုင်းပင်ကြီးတွေ ပေါက်နေတာပေါ့။ညကလဲ မှောင်တော့ ဒီပစ္စည်းကိုလိုက်ရှာဖို့ အချိန်ဖြုန်းသွားတာက ၂ နာရီ ၃ နာရီ လောက်ကြာတယ်၊ ဒါပေမယ့် ပစ္စည်းချတဲ့ လေထီးကို ကျွန်တော်တို့ရှာလို့မတွေ့ ပါဘူး။

အဲဒါနဲ့ မေဂျာဂရတို့ကိုပဲ ကျွန်တော် ခေါ်လာပါတယ်။ ကျွန်တော့် ရည်ရွယ်ချက်ကတော့ သခင်သန်းထွန်း စခန်းကိုပို့ဖို့လုပ်တယ်။ သခင်သန်းထွန်း က အဲဒီအချိန်မှာ ဖြူးအနောက်သုံးမိုင်လောက်ဝေးတဲ့ ပဲခူးရိုးမ တောင်ကလပ် မှာပါ။ အဲဒီ စခန်းကို ပို့ဖို့ပါ။

လေထီးပျောက်တာတွေနဲ့ ကျွန်တော်တို့က အဲဒီကိုပို့ဖို့ဆိုတော့ အချိန် မရတော့ လှည်းနှစ်စီးနဲ့ သူတို့ကို တင်ခေါ်လာခဲ့တယ်။ သူတို့ကလဲ အတော်

ပင်ပန်းနေပုံရတယ်။ သူတို့အားလုံး လေးယောက်ထဲမှာ အင်္ဂလိပ်တွေက လှည်းပေါ်မှာတင် အိပ်ပျော်ကုန်ကြတယ်။ သူတို့ ခြေထောက်တွေကလည်း အိမ်အပြင်တောင် ထွက်နေတယ်။ ကျွန်တော်တို့က ဖျဉ်စောင်နဲ့ အုပ်ပေးရတယ်။ မစ္စတာဘရောင်းက ၆ ပေ ၂ လက်မကျော် ၆ ပေ ၄ လက်မ လောက်ရှိတယ်။ မေဂျာဂရလဲ အရပ်မြင့်တာပါပဲ။ သူတို့ လှည်းပေါ်ရောက်တာနဲ့ သူတို့က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကုန်ကြတယ်။

ဒီလူတွေကိုကျွန်တော်ကတော့ အင်မတန် ချီးမွမ်းတယ်။ သူတို့ဟာ ရန်သူ့နယ်မြေ ရောက်နေတယ်။ လေထီးပေါ်က အခုပဲ ဆင်းလာတယ်။ ကျွန်တော်ဆိုရင်တော့ အိပ်ပျော်မယ် မထင်ဘူး။ ကျွန်တော့်အနေနဲ့ ကိုယ်ချင်းစာကြည့်တယ်။ ဒါပေမယ့် အင်္ဂလိပ်သုံးယောက်စလုံးကတော့ အားလုံးအိပ်ကုန်တာပဲ။ ဗိုလ်သာကျော်တော့ အိပ်သလား မအိပ်လားတော့ သတိမထားမိဘူး၊ လမ်းမှာ တအိအိနဲ့ ကျွန်တော်တို့လာတယ်။ ရွာတွေမှာ ကင်းတွေ ရှိတယ်။ အဲဒါ ကိုအုန်းရွှေ (ခေါ်) ကိုစောဦးပေါ့ "ဝ"လုံးနှစ်လုံး ဝန်ထမ်းကိုး။

သူက သူ့လူတွေနဲ့ ကြိုသွားနှင့်တော့ အေးအေးဆေးဆေးနဲ့ကျွန်တော်တို့ လာရတာပေါ့။ ဖြူးအရှေ့ဘက် မိုင်ဝက်လောက်မှာ စိုက်ပျိုးရေးခြံရှိတယ်။

(အခုတော့ဖြူးမြို့နဲ့တောင် ဆက်သွားပါပြီ။) စိုက်ပျိုးရေးဝန်ထောက်ရဲ့ အိမ်လဲ ရှိတယ်။ မတ်လ ၂၂ ရက်နေ့ကျတော့ စိုက်ပျိုးရေး ဝန်ထောက်လဲ ပြေးပြီ၊ စိုက်ပျိုးရေးဝန်ထောက်ကို ကျွန်တော်ကိုယ်တိုင်က စည်းရုံးထားတော့ သူ့အိမ်နှင့် ဥယျာဉ်ကို ကျွန်တော်တို့က တံခါးမရှိ ဓားမရှိ ဖွင့်ဝင်ခွင့်ပေးထားတယ်။

အဲဒါနဲ့ ညောင်ပင်သာ ရောက်တော့ မိုးလင်းသွားတယ်၊ ကျွန်တော်က စိုက်ပျိုးရေးဝန်ထောက် ဦးအေးမောင်ရဲ့ အိမ်ကို သူတို့ လေးယောက်စလုံး တင်ထားတယ်။ အညစ်အကြေးစွန့်ဖို့ အိုးတွေက အစ ကျွန်တော်တို့ ရှာပေးထားတယ်ပေါ့ဗျာ။ သူတို့လေးယောက်က စိုက်ပျိုးရေး ဝန်ထောက်အိမ်မှာ အိပ်ကြတယ်။ အဲဒီအိမ်နဲ့ ကပ်လျက်မှာ ခြံရှိတယ်။ ဦးပုညဆိုတဲ့ ရှမ်းအဖိုးကြီး၊ သားအဖနှစ်ယောက်နေတယ်။ ကျွန်တော်တို့ရဲ့ တော်လှန်ရေး အခြေခံစခန်း တစ်ခုပေါ့။ ကိုဗဟိန်းတို့ အဲဒီအိမ်မှာပဲရပ်ပိုင်း ရာဇဝင်တို့ ဘာတို့ စသည်ဖြင့်ပေါ့၊ သခင်တင်၊ ဗိုလ်အောင်မင်း၊ သခင်သန်းဖေနဲ့ ကျွန်တော်တို့ သင်တန်းတက်ကြတယ်။ သင်တန်း တစ်ခါတစ်ခါ ၁၀ ရက်ကနေ ၁၅ ရက်လောက် ကြာတယ်။

ညကလဲ မအိပ်ရပဲကိုး။ ကျွန်တော်တို့က အိပ်မလို့ ခေါင်းချရုံရှိသေးတယ်။ ကျွန်တော့်ကို ရဲဘော်တစ်ယောက်က "ဂျပန်လာတယ်၊ ဂျပန်လာတယ်"နဲ့ လာနိုးတယ်။ "ဂျပန်က ဘယ်နှစ်ယောက်လဲ" ဆိုတော့ "ဂျပန်တစ်ယောက်ထဲ" တဲ့ "ဂျပန်တစ်ယောက်ထဲလာတာ ကျုပ်လာနိုးရလား။"

ဂျပန်ကလဲ မေဂျာဂရုတို့ထားတဲ့ အိမ်ကို တန်းသွားတယ်၊ ဒါနဲ့ ကျွန်တော်က ဒီရဲဘော်ကို "ဂျပန်ကဘာလိုချင်လဲ လိုချင်တာ လုပ်ပေးလိုက်။ သူ အိမ်ပေါ်ကို တက်ချင်တယ်ဆိုရင်တော့ အိမ်ပေါ်ရောက်ရင် သတ်ပစ်လိုက်" ကျွန်တော်က အဲဒီလိုပဲ မှာတယ်။ ကျွန်တော်တို့ ဒီလောက် လူတွေအများကြီး ရှိတာပဲ ဂျပန်တစ်ယောက်ထဲ လာတယ်ဆိုတော့ ကျွန်တော်တို့ ဘယ်ဂရုစိုက်မလဲ ဒီသဘောပါ။ သူလိုချင်တာ ကူညီလိုက် အိမ်ပေါ်အတင်းတက်ချင်တယ် ဆိုရင်တော့ သတ်ပစ်လိုက် ဒါ အလွယ်ဆုံးနည်းပဲ။

ကျွန်တော်လဲ ပြန်အိပ်နေတယ်။ ကျွန်တော်အိပ်ရေးဝတော့ မေဂျာဂရုတို့ဆီ သွားတယ်၊ "ဘယ်လိုဖြစ်သလဲ"လို့ မေးတော့ ဂျပန်က "ဖြူးမြို့ပေါ်မှာ ဆံပင်ညှပ်တဲ့လူ ရှာတာမတွေ့လို့ ဆံပင်ညှပ်သမား လာရှာတာပါ"လို့ ပြောတယ်တဲ့။ အဲဒီတော့ "ညောင်ပင်သာရွာရဲ့ အရှေ့ဘက် ၂ ဖာလုံ၊ ၃ ဖာလုံလောက် ဝေးတဲ့ ရွာတန်းရှည်မှာတော့ ဆံပင်ညှပ်သမားတွေ ရှိပါတယ်" လို့ သူတို့က ညွှန်လိုက်တယ်။ အဲဒီဘက်ကိုဂျပန်သွားတယ်လို့ ပြောတယ်။ အဲဒါနဲ့ အဲဒီ ဂျပန်ကိစ္စတွေ ပေါ့လေ။

* * *

ကျွန်တော်တို့ လေထီးဆင်းရဲဘော်တွေ ၈၃ ခုနှစ် မတ်လ ၂၇ ရက် တော်လှန်ရေးနေ့မှာ မိတ်ဆုံစားပွဲကို ဂ မိုင်နားက ဟိုတယ်မှာ ကျင်းပတယ်။ အဲဒီတော့ ကျွန်တော်က စပ်မိပြီးတော့ ဗိုလ်သာကျော်ကို ပြောတယ်။ "ဗိုလ်သာကျော် ခင်ဗျားတို့ လေထီးရဲဘော်တွေနဲ့ အင်္ဂလိပ် ရဲဘော်တွေ စိုက်ပျိုးရေး ဝန်ထောက် အိမ်မှာ ရှိနေတုန်း ဂျပန်တစ်ယောက် လာတယ်မို့လား" ဆိုတော့ သူလဲ မှတ်မိတယ်ဗျ။ အဲဒါကို ကပ္ပတိန် ဘရောင်းဆိုတဲ့ လူက ကြည့်ချင်လှချည့်ရဲ့ ဆိုတော့ ဂျပန်ကို မှန်ပြတင်းပေါက်က ချောင်းကြည့်ဖို့ မတ်တတ်ရပ်တယ်။ ဂျပန်မမြင်ဘူးလို့တဲ့။ အဲဒါကို ကျွန်တော်တို့က အတင်းဝိုင်းဆွဲ ထားရတယ်။ ကိုသာကျော်က သတိရလို့ ပြောတယ်။ သူတို့ကို **Move** လုပ်ရမှာကိုး၊ ကျွန်တော်နဲ့အင်္ဂလိပ်တွေနဲ့ ဆွေးနွေးတယ်။

ကျွန်တော်ရဲ့ ပထမဦးဆုံးမေးတဲ့ မေးခွန်းက "ခင်ဗျားတို့ ဂျပန်စစ်ဌာနချုပ်ကို ဘာဖြစ်လို့ ဗုံးမကြဲသေးလဲ"လို့ မေးလိုက်ပါတယ်။

မေဂျာဂရက "Because we don't know where it is " လို့ ပြန်ဖြေတယ်။ သူဆိုတာက "ဂျပန်စစ်ဌာနချုပ်ရှိတဲ့ နေရာကို သူတို့မှ သိမှမသိဘဲကွ" လို့ ပြောတယ်။

အဲဒီမှာ ကျွန်တော် အတော်အံ့သြတယ်၊ တခြားမဟုတ်ပါဘူး ဂျပန်ခေတ် အတွင်းမှာ မဟာမိတ်နဲ့ ဆက်သွယ်ဖို့ လွှတ်လိုက်တဲ့ရဲဘော်တွေဟာအားလုံး ၃၀ လောက်ရှိတယ်။ အဲဒီအထဲမှာ ဗိုလ်မှူးချစ်ကောင်းတို့ ဗိုလ်အေးကျော်တို့ ဗိုလ်ဘညွန့်တို့ စသည့် လေထီးရဲဘော်တွေလဲ ပါတယ်။ သခင်သန်းထွန်းက စီစဉ်ပြီး လွှတ်တာပါ။ အဲဒီ ရဲဘော် ၃၀ မှာ တစ်ယောက်ကမှ ဒီစကားကို မစပ်မိဘူးလား မသိပါဘူး။

ဒါနဲ့ ကျွန်တော်တို့က ရန်ကုန်မြေပုံ ထုတ်ကြည့်တယ်။ မြေပုံဆိုတာက ကျွန်တော်တို့ဆီမှာ ရှိတယ်။ ဘယ်လိုရှိသလဲဆိုရင် လေထီးနဲ့ ချပေးထားတာကိုး၊ ဥပမာ ဖြူးဆိုပါတော့ လေထီးနဲ့ ချပေးထားတဲ့ ဖြူးမြေပုံ။ ဖြူးမြေပုံကို ဘယ်လောက် စေ့စေ့စပ်စပ် ကျွန်တော်တို့ပါသလဲဆိုလို့ရှိရင် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဈေး၊ ဘူတာရုံ၊ ဆန်စက်၊ သချိုင်း စသည်ဖြင့် လမ်းလေးတွေပါ ပါတယ်ဆိုတော့ကာ ကျွန်တော်တို့ ဗုံးကြဲချင်တဲ့ အဆောက်အအုံ တစ်ခုကို ပင်နဲ့ထောက်လိုက်။ ထောက်လိုက်ပြီးတော့ မျဉ်းကြောင်းဆွဲလိုက်၊ လတ္တီကျူ ဘယ်လောက် လောင်တီကျူ ဘယ်လောက်မှာ ဗုံးကြဲပါဆိုရင် ရတယ်၊ အဲဒါကို ပင်းပွိုင့်လို့ ခေါ်တယ်။

အဲဒီတော့ ကျွန်တော်တို့ဆီမှာမြေပုံတွေ အများကြီးရှိတယ်။ အဲဒီမှာ ရန်ကုန်မြေပုံကို ထုတ်လိုက်တယ်။ ဆရာဖြစ်သင် ကောလိပ်ကို ပင်းပွိုင့်လုပ် ဆိုတော့ ဂျပန်စစ်ဌာနချုပ်က ပြည်လမ်းဆရာဖြစ်သင် ကောလိပ်က ပြည်တွင်း ဆောင် တကောင်းကျောင်းဆောင်တို့ရဲ့ တောင်ဘက်ကျတာပေါ့။ အဲဒီမှာ အင်္ဂလိပ်ခေတ်က တိုက်ပုလေးရှိတယ်။ ဆရာဖြစ်သင် ကောလိပ်ဆိုပြီးတော့ ကျွန်တော်တို့ လုပ်ထားပါတယ်။အဲဒါကို ဂျပန်စစ်ဌာနချုပ် လုပ်ထားတဲ့ အခါကျတော့ သူတို့က ပြည်လမ်းကြီးကို ဖျောက်ထားတယ်။ ဒါပေမယ့် ကျွန်တော်တို့က အရင်ခေတ်တုန်းက ရန်ကုန်ရောက်လာတဲ့သူတိုင်း သိပါတယ်။ ကမာရွတ်ကနေပြီးတော့ ထောင်ကြီးအထိပေါ့။ အဲဒီလမ်းကြီးကို ဘေးပတ်ပတ်

လည်မှာ ဓားတိုင်တွေစိုက် အပေါ်က တန်းတွေထိုး သစ်ကိုင်းသစ်ခက်တွေ မြက်တွေတင်၊ ဒီလမ်းကြီးပျောက်သွားအောင် သူတို့က လုပ်တယ်၊ ဒါက ဂျပန်စစ်ဌာနချုပ်ရှိတဲ့အတွက် အဲဒါကို ဂျပန်က လျှို့ဝှက်ထားတာပေါ့။ အရေးတကြီး လျှို့ဝှက်ထားတဲ့ အနေနဲ့ ပြည်လမ်းကြီးကို ရုပ်ဖျက်ပစ်လိုက်တယ်။ အဲဒါကို ကျွန်တော်ကတော့ သိတယ်။ ရန်ကုန်မှာနေတဲ့ သူတွေကတော့ ဒါ ဂျပန်စစ်ဌာနချုပ် ဆိုတာ သိတာပေါ့။

ကျွန်တော် မေဂျာဂရတို့ လူစုကို မတ်လ ၂၃ ရက်နေ့မှာ ပြောပြတယ်။ ညကျမှ မေဂျာဂရတို့ကို ကျွန်တော်တို့က တွေ့ရတယ်။ တွေ့ပြီးတော့ သခင်သန်းထွန်း စခန်းကို ပို့ပြီးတော့ ၂၄ ရက်နေ့ကျမှ ကျွန်တော် ဝိုင်ယာလက်ကနေ မဟာမိတ်စစ်ဌာနချုပ်ကို သတင်းပို့ရတယ်။ ပို့ပြီးငါးရက်ကြာတယ်။ ၂၉ ရက်နေ့မှာ ဆရာဖြစ်သင် ကောလိပ်ကို ဗုံးကြဲလိုက်တယ်။ စိစိညက်ညက် ကြေသွားတယ်ဗျာ carprt ဘောမင်းခေါ်တယ်။ ဂျပန်ခေတ် တစ်ခေတ်လုံးမှာ ရန်ကုန်မြို့မှာ လာကြဲတဲ့ ဗုံးကြဲမှုတွေ အနက်က အဲဒီနေ့က ဗုံးကြဲတာလောက်ကြီးကျယ်တာမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး၊ ရန်ကုန်မှာ အဲဒီအချိန်တုန်းက နေထိုင်ခဲ့တဲ့ လူတိုင်း ပြောစမှတ်ပြုကြတယ်။

အဆောက်အအုံကတော့ စိစိညက်ညက် ကြေသွားတယ်။အဲဒါကို ပိုပြီးတော့ သိချင်လို့ရှိရင် နှစ်(၅၀)မြောက် ရန်ကုန်တက္ကသိုလ်ရဲ့ မှတ်တမ်းစာအုပ် အဲဒီဓာတ်ပုံကိုပြထားတာပေါ့။ ပြာကျနေတဲ့အထိ တွေ့နိုင်ပါတယ်။

ပြည်လမ်းမှာပဲ ဂျာနယ်ကျော် ဦးချစ်မောင်နဲ့ ဒေါ်မမလေးတို့ နေကြပါတယ်။ အဲဒီ ဗုံးကြဲတဲ့ အထဲမှာ ဘယ်ချိန်လာကြဲတယ် ဘယ်လိုလာကြဲတယ် ဘယ်လိုနေရတယ် သူတို့ ဘယ်လို ကြောက်ရတယ် ဆိုတာကို မမလေးကဦးချစ်မောင်အကြောင်းရေးတဲ့ "သူလိုလူ" စာအုပ်ထဲမှာသူ့ရဲ့ ခံစားမှု တော်တော်များများကို ရေးထားပါတယ်။ သူတို့ကလဲ အဲဒီလို ဗုံးကြဲပြီးတော့ တစ်ခါထဲ ထွက်ပြေးတာပဲ။ အဲဒါကို သူလိုလူမှာ ကျွန်တော်တို့ဖတ်ရင် တွေ့နိုင်ပါတယ်။

နောက်တစ်ခု ဝတ်လုံ ဦးချောင်ပို့ရှိပါတယ်။ ကျွန်တော်တို့နဲ့လဲ ခင်ပါတယ်။ ရင်းနှီးပါတယ်။ သူ မိန်းမကတော့ ပထမဦးဆုံး အမျိုးသမီးထဲက **B.Sc** အောင်တဲ့ မခင်အေးတဲ့၊ ရေဦးက **"First B.Sc, Lady, B.Sc in Burma.** ဒါကိုလဲ ကျွန်တော် သိတာ တခြားမဟုတ်ပါဘူး၊ ကျွန်တော်တို့

ငယ်ငယ်တုန်းက မြန်မာ့အလင်း နှစ်စဉ် အန်ယူအလ် စာစောင်ဆိုပြီး တော့ထုတ်ပါတယ်။ ဟိုတုန်းကတော့ B.A ဆိုတာ အင်မတန် ရှားပါးတာကိုး။ ရှားပါးတော့ အမျိုးသမီး B.A တို့ B.Sc တို့ ဓာတ်ပုံတွေကို တစ်ခမ်းတနားနဲ့ နှစ်ပတ်လည် မဂ္ဂဇင်းတွေမှာ ဖော်ပြကြတယ်။

ဒီလိုဖော်ပြတော့ မခင်အေးတို့ကလဲ ချောတာကိုး။ ကျွန်တော်တို့က ငယ်ငယ်ပဲ ရှိပါသေးတယ် မှတ်မိနေတာပေါ့။ နောက်တော့ ဦးချောင်ပိုနဲ့ ရသွားတယ်။ ဆရာဖြစ်သင်ကောလိပ်ကို ဗုံးလာကြဲတော့ မခင်အေး ထိသွားတယ်လို့ ပြောတယ်။

နောက်တစ်ယောက်က မောင်ထော်လေးလမ်းက မရှစ်ကြီးခန်း ဆိုတဲ့ ကုလားပေါ့၊ သူဌေးကြီးလဲ သူဌေးကြီး၊ လူဆိုးကြီးလဲ လူဆိုးကြီးပေါ့၊ တချို့က မောင်ထော်လေးလမ်းကို မရှစ်ကြီးခန်လမ်းလို့ ခေါ်တယ်။ မရှစ်ကြီးခန်ရဲ့သား လားခန်းပါ။ အဲဒီလားခန်းက အင်္ဂလိပ်ခေတ်က အထက်လွှတ်တော်အမတ်၊ သူ့အခန်းအောက်မှာ ကုမ္ပဏီဖွင့်ထားတယ်။ သူနဲ့ ကျွန်တော်နဲ့ ခင်တယ်၊ သူ့တစ်ကိုယ်လုံးမှာ မီးလောင်တဲ့ ဒဏ်ရာတွေ တော်တော်များတွေ့ရတယ်။ ဒီတော့ ကျွန်တော်က အန်ကယ် ဒါ ဘယ်တုန်းက ဖြစ်တာလဲ ဘယ်တုန်းက ဒဏ်ရာရတာလဲ အနာရွတ်တွေပါလား မေးတော့ ဆရာဖြစ်သင်ကောလိပ် ဗုံးကြဲတုန်းကဗျာ အဲဒီတုန်းက ကျွန်တော်က ကမာရွတ်ဘက်မှာရှိတယ်။ အဲဒီမှာ ချလိုက်လာသိပ်ပြင်းထန်တာပဲ အဲဒီတုန်းက ကျွန်တော့်တစ်ကိုယ်လုံး အဲဒီလို ဒဏ်ရာရတာပဲ။ အဲဒါကတော့ အထောက်အထားအချို့ကို ပြတာပါ။ အင်္ဂလိပ်အစိုးရရဲ့ မှတ်တမ်းတွေထဲမှာ ပြန်ကြည့်တော့ အဲဒီဗုံးကြဲစဉ်တုန်းက ရန်ကုန်တက္ကသိုလ်ကို မထိပါစေနဲ့ ဥပမာ တကောင်းကျောင်းဆောင်တို့ ပြည်ကျောင်းဆောင်တို့ ဘွဲ့နှင်းသဘင်တို့ကို မထိပါစေနဲ့၊ ဒို့က ရန်ကုန်ကို ပြန်သိမ်းမှာမို့လို့ပါ။ ဟက်ကွာ၊တားကိုပဲ ချတာပေါ့။ ဟက်ကွာတားနဲ့ ပတ်သက်တဲ့ ကြည့်မြင်တိုင်တို့ ကာမရွတ်တို့ကတော့ မလွဲမသွေပါတာပေါ့ဗျာ။

အဲဒါဟာ အပြင်းထန်ဆုံးနဲ့ အကြာဆုံးဆိုပြီး ဂျာနယ်ကျော် မမလေးက "သူလိုလူ"မှာ ရေးထားပါတယ်။ ကျွန်တော် ကရက်တစ်* မလိုချင်ပါဘူး

* .Credit = ဂုဏ်ပေးသည်။

ဒါ ကျွန်တော့် ကရက်တစ်လား ဘာလား ကျွန်တော်လဲ မသိပါဘူး။ ကျွန်တော် ပြောတဲ့ ရက်နဲ့ ဗုံးကြဲတဲ့ရက်နဲ့က ၄၊ ၅ ရက်ပဲကွာတာကိုး။ ၄၊၅ ရက်ကွာ တယ်ဆိုတာက ဗုံးကြဲချင်ရင် ဗုံးကြဲချင်တဲ့ နေရာကို ဓာတ်ပုံရိုက်ယူရတာမျိုး ရှိတယ်။ ဗုံးကြဲချင်တဲ့နေရာကို သိတာနဲ့ ဒီနေ့သွားဗုံးကြဲတာမျိုး မရဘူး၊ ထုံးစံမဟုတ်ဘူး၊ ဗုံးကြဲတဲ့နေရာမှာကြိုတင်ပြီး ကြဲချနိုင်ဖို့အတွက် အစစ စီစဉ်ရတယ်။ အဲဒါနဲ့ ကျွန်တော်ထင်ပါတယ်။ အဲဒီလိုနဲ့ ကြားထဲမှာ ၃၊ ၄ ရက်ကြာသွားပါတယ်။ တကယ်ဗုံးကြဲတာက မတ်လ ၂၉ ရက်နေ့မှာပါ။ ဒါကို ကျွန်တော်ကလဲ ကျွန်တော့် "ကရက်တစ်"လို့ မပြောရဲဘူး။

မပြောရဲပေမယ့် လန်ဒန်ဂေဇက်ထဲမှာ "ကရက်တစ်"ကိုဖို့ဒ် ဝမ်းသရီးစစ်ကို ပေးလိုက်တယ်။ ဖို့ဒ်ဝမ်းသရီးစစ် ရောက်သွားတဲ့အခါကျတော့ မဟာမိတ်စစ်တပ်ကို ပေးလိုက်တယ်။ ဖို့ဒ်ဝမ်းသရီးစစ်နဲ့ ဒါရိုက်ဝိုင်ယာလက်နဲ့ ဆက်သွယ်နေတာက ကျွန်တော်တို့ပဲဖြစ်တယ်။ ဒီတော့ ဒါဟာ ကျွန်တော်ပြောလို့လို့ပဲလို့ ယူဆရမှာပဲ၊ ဂျပန် စစ်ဌာနချုပ်ကို ဗုံးကြဲတယ်၊ ဒါရိုက်ထိသွားတယ် ပြားဝပ်သွားတယ်၊ စစ်သားတွေ စစ်ဗိုလ်တွေ သောက်သောက်လဲအောင် ဂျပန်တပ်မတစ်တပ်လုံးစာလောက် ညီမျှတယ်လို့ ထင်တယ်။ သူတို့မှတ်တမ်းတွေ ပျက်စီးကုန်တယ်။

အဲလ့်လန်ဆိုတဲ့ အင်္ဂလိပ်အင်နိဂရေးဖေရှင်း အော်ဖေဆာ ရေးတဲ့ စစ်တောင်းတိုက်ပွဲ ဆိုတဲ့ စာအုပ်ထဲမှာ ဘာရေးလဲဆိုတော့ ဂျပန်စစ်ဗိုလ်တွေက အပြစ်တင်တယ်။ ဆာမူရိုင်းတို့ ဘာတို့လဲ အပြစ်တင်တယ်တဲ့။ ဗိုလ်ချုပ်ကြီးဒါဟာ ရန်ကုန်ကို စွန့်ပစ်ပြီးတော့ မော်လမြိုင်ကို အချိန်မကျဘဲနဲ့ ထွက်ပြေးတယ်။ သူတို့ကိုတော့ ရန်ကုန်ကို ကာကွယ်ပေးဖို့ ထားခဲ့တယ်ပြောတယ်။ သူတို့ဂျပန်အချင်းချင်း သူ့ကို မကျေနပ်တာတွေကို စစ်တောင်း တိုက်ပွဲမှာ တွေ့ရတယ်။ အခုလို ကျွန်တော်တို့က ကီမူဒါရဲ့ ဌာနချုပ်ကြီးကို ဗုံးကြဲတော့ သူ စိတ်ဓာတ်ကျပြီး "ငါနေစရာ မရှိပါလား"ဆိုပြီး မြန်မြန် ဆုတ်သွားလား မပြောတတ်ဘူး သူက ရန်ကုန် မကျခင် စောစောစီးစီး မော်လမြိုင်ဘက်ကို ဆုတ်သွားတယ်။

နောက်တစ်ခါ လွန်ခဲ့တဲ့သုံးလေးနှစ်လောက်ကပေါ့ ထားဝယ်က ဦးကြည်စိန် သူက ဗိုလ်မှူးကြီး ဖေသက်ရဲ့ အစ်ကို။ သူက ဗိုလ်ချုပ်တင်ဖေရဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနမှာ အလုပ်အမှုဆောင်ပါ။ ဗိုလ်မှူးကြီးဖေသက်ရဲ့

အစ်ကို ဗိုလ်မှူးကြီးမျိုးအောင်ရဲ့ အစ်ကို ထားဝယ်ဦးကြည်စိန်၊ သခင်ဘသိန်းတင်ရဲ့ အစ်ကိုပါ၊ ဗိုလ်မှူးဘလှက ကုန်သွယ်ရေးမှာ ဒါရိုက်တာ ဂျင်နတယ်ပါ၊ နောက်တစ်ခါ ကုန်သွယ်ကော်ပိုရေးရှင်းက ဗိုလ်မှူးကြီး တင်မောင်၊ စားသောက်ကော်ပိုရေးရှင်းကဗိုလ်မှူး ဟန်သိန်းတို့နှင့် ကျွန်တော်တို့ အညာကို အလုပ်နဲ့ ပတ်သက်လို့ ဗုဂ်ထိအောင် သွားကြတယ်။ ဟီးနိုးကားနဲ့ ကျွန်တော်ပါ ပါသွားပါတယ်။ မနေ့တစ်နေ့ကမှ ကွယ်လွန်သွားတဲ့ ကျွန်တော့်မိန်းမလဲ ပါတယ်။

ကားပေါ်မှာ ကြုံရင်းပေါ့ အဲဒီဗုံးကြဲတဲ့ အကြောင်းကို စကားစပ်မိပြီး ပြောကြတော့ ဦးကြည်စိန်က ပြောတယ်၊ ဗိုလ်ချုပ်လေးယောက် သေတယ်လို့ ပြောပြတယ်။ နောက်တစ်ခါ သခင်တင်မြရေးတဲ့။ ကာနယ် ဗိုလ်မှူးကြီး ၂၄ ယောက်လား ၂၃ ယောက်လား သေတယ်တဲ့။ ဂျပန်ကလဲ စစ်သားအနေနဲ့ ကတော့ ဘယ်လောက်သေတယ် အဆုံးအရှုံး ဘယ်လောက်ရှိတယ် ဆိုတာ ရေးထားတယ်တဲ့ အဲဒါတော့ ကျွန်တော် မသိဘူး။ ကျွန်တော်ထင်ပါတယ် မှတ်တမ်းတွေ လိုက်ရှာရင်တော့ ရနိုင်ပါတယ်။ အဲဒါကတော့ မေဂျာဂရန့် တွေ့ဆုံပြီးတော့ ပြောလိုက်တဲ့အတွက်ဂျပန်စစ်ဌာနချုပ်ကြီးကို ဗုံးကြဲလိုက်တဲ့ ကရက်တစ်ကိုတော့ လန်ဒန်ဂေဇက် သတင်းစာမှာ ပါတယ်။ လန်ဒန်ဂေဇက် ဆိုတာ စစ်အတွင်းက ထုတ်တဲ့ ဥစ္စာပါ။ ဗိုစ်ဝမ်းသရီးစစ် ကြောင့် အခုလို ဖြစ်တယ်ပေါ့။ ဂျပန်စစ်ဌာနချုပ်ကို ဗုံးကြဲချေမှုန်းနိုင်တယ် ဆိုပြီးတော့ ရေးထားပါတယ်။ အဲဒါကတော့ မေဂျာဂရတို့ အုပ်စုပါ။

• • •

[ကရက်တစ်ကိစ္စ ပြောပြီးတဲ့နောက် ဦးမြင့်ဆွေက ရဲဘော်သာကျော်တို့ အကြောင်း အောက်ပါအတိုင်း ဆက်ပြောပါတယ်။] (စာရေးသူ)

ကျွန်တော် ကိုသာကျော်အကြောင်း နည်းနည်းပြောချင်ပါတယ်။ ကိုသာကျော်က မေဂျာဂရန့် ဆင်းလာတယ်။ အုတ်တွင်းမြို့နယ် ကျွဲပွဲရွာ အနောက်မှာ ပဲခူးရိုးမ တောင်ခြေရွာတွေမှာ မောင်မြတို့ အခြေစိုက်ကြတယ်။ စစ်ဆင်ရေးတွေ လုပ်တယ်။ အုတ်တွင်းမြို့နယ် ဧရိယာဆိုတာကတော့ ဘယ်လောက် ကျယ်သလဲဆိုရင် ဇေယျဝတီ မြောက်ဘက်က အိုဘိုကုန်းရွာကနေပြီးတော့ တပေါင်းချောင်း ထိပ်ထိအောင်ပေါ့။ အဲဒါက မောင်မြရဲ့ ဧရိယာပေါ့။

ကျွန်တော်တို့က ဟိုတုန်းကတော့ ရေဲယာတွေ ခွဲကြတယ်။ ခွဲကြတော့ သခင်ဗဟိန်းနဲ့ တပ်မတော်က ဗိုလ်မှူးကလေးသီဟကတော့ ဖြူးမြို့နယ်ရေဲယာကို ပေးတယ်။ မောင်မြကို အုတ်တွင်းရေဲယာ စစ်တောင်းမြစ် အရှေ့ဘက်ကမ်း ထန်းတပင်ကနေပြီးတော့ ရွှေကျင်ကျောက်ကြီးအထိ ကျွန်တော်နဲ့သခင်သန်းဖေ တွဲပြီးတော့ တာဝန်ယူတယ်။ စစ်တောင်းမြစ်ဝှမ်း အရှေ့ဘက်ခြမ်းဆိုတော့ ဒီနေရာတွေမှာတော့ ငုံ့တို့ ကျောက်ကြီးတို့ ရေပ်ကြီးတို့ စသည်ဖြင့် ရေဲယာ ပါတယ်ပေါ့။

သခင်သန်းဖေ ကိုအောင်မြင့်နှင့် ကျွန်တော်တို့က အဲဒီမှာ ပူးတွဲပြီးတော့ တိုက်ခိုက်ရေး အစီအစဉ်ကို လုပ်ရတယ်။ ကိုသာကျော်က ရဲဘော်တွေကို ဖုံးဖောက်ခွဲရေးအတွက် မိုင်းဖုံးထောင်ပုံထောင်နည်းတွေကို သင်တန်းပေးတယ်။ ရထားလမ်းတွေ ဖျက်စီးဖို့ ရထားတွဲတွေ မိုင်းဖုံးထောင်ဖို့ ရထားတွေ မော်တော်ကားတွေကို ကြားဖြတ်တိုက်ခိုက်ဖို့ ဒီတာဝန်ကို ကိုသာကျော်က သူကိုယ်တိုင်ပဲ ဦးစီးပြီးတော့ ပြောင်ပြောင်မြောက်မြောက်တိုက်ခိုက်ခဲ့တယ်။

ဂျပန်ကား တော်တော်များများကိုလည်းမီးနဲ့ ရှို့နိုင်ခဲ့တယ်။ ရထားနှစ်စင်းကိုလည်း ကျွန်တော်တို့က စီးနင်း တိုက်ခိုက်နိုင်ခဲ့တယ်။ ပစ္စည်းတွေလဲ တော်တော်များများ ရခဲ့တယ်။

* * *

ဟိုတစ်နေ့က ကျွန်တော်မိန်းမ အသုဘကို ကိုသာကျော် လာတယ် ကျွန်တော်တို့ ရဲဘော်ရဲဘက် အနေနဲ့ သူ့ကို ကျွန်တော်က အကြောင်းကြားတာကိုး။ သူက ဘာပြောလဲဆိုတော့ ဟိုတုန်းက ကားလမ်းတွေ ရထားတံတားတွေကိုဖျက်ခဲ့တဲ့ လူတစ်ယောက်ပေါ့။ နောက်သူက ထရန်စပို့မင်နစ်စတာ[၁] ဖြစ်တဲ့အခါကျတော့ ဒါတွေကို ပြန်ဆောက်ရတယ်ပေါ့။ အဲဒါကို ကိုသာကျော်က ရယ်စရာလေးအဖြစ် ပြောတယ်။

* * *

နောက်တစ်ခုကတော့ ကျွန်တော် ဒုတိယကမ္ဘာစစ် ပြီးတဲ့နောက် ဘီလပ်ရောက်နေတုန်းပေါ့။ ကမ္ဘာစစ်အတွင်းက အရေးကြီးသော တိုက်ပွဲကြီးများဆိုပြီးတော့ စာအုပ်တစ်အုပ်တွေ့တယ်။ အဲဒီစာအုပ်ထဲမှာ ဘာပါသလဲ ဆိုလို့ ရှိရင် တောင်ငူ ရေဲယာအတွင်းမှာ မဟာမိတ်တွေက သေနတ်တစ်ချက်မှ မဖောက်ရဘဲ ဂျပန်ရဲ့အခုအခကိုလဲ မတွေ့ရဘဲနဲ့ တောင်ငူမြို့ကို သိမ်းပိုက်ရတယ် ဆိုတဲ့အကြောင်း ရေးထားတယ်။

---

၁။ သယ်ယူပို့ဆောင်ရေးဝန်ကြီး

အဲဒီ ရေးတဲ့ အထဲမှာ "ကရက်တစ်"ကိုဘယ်သူ သွားပေးလဲဆိုတော့ စပိုင်လာဆိုတဲ့ အထူးတပ် တစ်ခုပေါ့။ အထူးတပ်က ကရင်ရဲဘော်တွေပါ တောင်ငူမြို့ကို အခုလို အလွယ်တကူနဲ့ သိမ်းပိုက်နိုင်အောင် စစ်ကားတွေ စစ်ရထားတွေကို မှောင်ခိုတိုက်ခိုက်တယ်။ ချုံခိုတိုက်ခိုက်တယ် နောက်တံတားတွေ ဖျက်တယ်၊ သံလမ်းတွေဖျက်တယ် စသည်ဖြင့် လုပ်ပေးခဲ့လို့ ဒီရဲဘော်တွေရဲ့ ကျေးဇူးကြောင့်ဆိုပြီးတော့ ဒုတိယကမ္ဘာစစ်အတွင်း အလွန်အရေး ကြီးသော တိုက်ပွဲကြီးများဆိုတဲ့အကြောင်းစာအုပ်မှာ ထည့်ရေးထားတာတွေ တောင်ငူ၊ ဖြူးအားလုံး တောင်ငူခရိုင် တစ်ခုလုံးမှာ သေနတ်တစ်ချက်မှ မဖောက်ရဘူး၊ မိတ္ထီလာကတက်လာတဲ့ လမ်းတလျှောက်လုံး ဂျပန်တွေနဲ့ တိုက်ပွဲ အတော် များများ ဖြစ်တယ်ဆိုတဲ့အကြောင်း သေချာဖတ်ပြီးတော့ သူ့ဆီကို စာရေး လိုက်ပါတယ်။ ဘာရေးလိုက်လဲဆိုတော့-

"ကျွန်တော်တို့ တောင်ငူခရိုင်မှာ တော်လှန်ရေး လုပ်နေတုန်းက ကျွန်တော် ကိုယ်တိုင် ခေါင်းဆောင်ပါ။ အဲဒီတော့ ကျွန်တော်တို့ ဧရိယာထဲကို ရထားလမ်းဖျက်ဖို့ ကားလမ်းဖျက်ဖို့ ဘယ်သူကမှ မလာနိုင်ပါဘူး" အာလို့လဲ ဆိုတော့ ကရင်ရဲဘော်တွေက တောင်ပေါ်မှာပဲ ချိတက်လှုပ်ရှားရတာပါ။ သူ့ဧရိယာနဲ့ သူဆိုတော့ ကျွန်တော်တို့ ဧရိယာကိုလာလို့ မရသလို သူတို့ဧရိယာကိုလဲ ကျွန်တော်တို့ သွားလို့ မရပါဘူး။ အဲဒါကြောင့်ရန်ကုန်-မန္တလေး ရထားလမ်း ကားလမ်း ဖျက်တာက ကျွန်တော်တို့ ဗမာမျိုးချစ် ပြောက်ကျားတွေပါဆိုတဲ့ အကြောင်း သူ့ဆီကို ကျွန်တော်ကစာပြန်တယ်။

ဒီစာကိုတော့ ကျွန်တော် မြန်မာပြည် ပြန်လာပြီးမှ သူ့ဆီက ပြန်စာ ရတယ်။ ပြန်စာရတာကတော့ တခြားမဟုတ်ပါဘူး သူ "ဒီစာအုပ်ကို ပြုစုစဉ်က အချိန်သိပ်မရဘူး စာအုပ်ထုတ်ဝေသူကလဲ သိပ်လောတယ်။ အဲဒါကြောင့် ကမန်းကတန်း ရေးလိုက်ရတဲ့အတွက် အခုလို အမှားအယွင်းတွေ ပါကောင်းပါ ပါလိမ့်မယ်"ဆိုပြီး ကျွန်တော့်ဆီကို ဘိလပ်ကလိပ်စာကို စာပြန်တယ်။ ကျွန်တော်က မြန်မာပြည်ကိုရောက်လာတော့ ဘိလပ်က ကျွန်တော့် သမီးတွေက တစ်ဆင့် ပို့လိုက်တယ်။

တိုက်ပွဲကြီး ၁၂ ပွဲကို ရေးထားတာ တွေ့ရတယ်။ အဲဒီရေဆောင်းပါးမှာ ဘာပါသလဲဆိုတော့ မြန်မာပြည်ထဲကိုဂျပန်တွေ ဝင်လာတော့ အဲဒီမှာလဲ သူ မှားတယ် မြန်မာပြည်ထဲကို ဂျပန်စစ်တပ်တွေ ဝင်လာတဲ့အကြောင်းတိုက်ပွဲ တွေ ဖြစ်တယ်ဆိုတဲ့အကြောင်း အဲဒါကို သူက ရေးတယ်။

အဲဒီမှာ ဘာမှားလဲဆိုတော့ မဟာမိတ်တပ်များ ဆုတ်တဲ့အခါမှာ တစ်ဖက်ကမ်းမှာ လူတွေ ကျန်ရစ်ခဲ့တယ်။ သံလွင်မြစ်ပေါ်ကတံတားကြီးကို အချိန်မကျဘဲ ချိုးပစ်ခဲ့တယ်ဆိုတဲ့ အကြောင်း၊ အဲဒါကြောင့် မဟာမိတ်စစ်သားတွေ တစ်ဖက်ကမ်းမှာ ကျန်နေခဲ့တဲ့အကြောင်းရေးထားတယ်။ အဲဒါကိုလဲ ကျွန်တော်တို့ ရာဇဝင်မှာ သံလွင်မြစ်ပေါ်မှာ တံတားဆောက်တယ်ဆိုတာ မရှိခဲ့ပါဘူး။ စစ်တောင်းမြစ်တံတားသာလျှင် ခင်ဗျားတို့ ချိုးသွားတာပါလို့။ အဲဒီတံတားလဲ အခုထိ ရှိနေပါသေးတယ်။ သံလွင်မြစ်မှာ တံတားမရှိပါဘူးဆိုတဲ့အကြောင်း ကျွန်တော်ပြန်ရေးတယ်။ အဲဒီနှစ်ချက်ပါပဲ။

ဒီစာအုပ်က အလွန်စိတ်ဝင်စားဖို့ ကောင်းတယ်၊ ကျွန်တော်မှားနေတယ်လို့ မြင်နေတဲ့ အချက်နှစ်ချက်ကတော့ သံလွင်တံတား ဆိုတာရယ်၊ ရန်ကုန်-မန္တလေး ကားလမ်းမနဲ့ ရထားလမ်းတွေကို ကရင်ရဲဘော်တွေက ဖျက်တယ်ဆိုတာရယ်တို့ဟာ မဟုတ်ပါဘူး"လို့ ကျွန်တော် စာရေးခဲ့တယ်။ အဲဒါက ကိုသာကျော်နဲ့ ပတ်သက်တဲ့ အပိုင်းပါ။

* * *

နောက်တစ်ခါ မန်းဝင်းမောင်တို့ ကိုချစ်ကောင်းတို့နဲ့ ပတ်သက်တဲ့ အပိုင်းပေါ့။ အဲဒါကတော့ လက ထိန်ထိန်သာနေတယ်။ တန်ခူးလပြည့်နေ့ ဒါမှမဟုတ်လပြည့်ကျော် (၁)ရက်နေ့လို့ ကျွန်တော်ထင်တယ်။ လေထီးနဲ့ ချတယ်ဆိုတာ ဘယ်တော့မဆို လပြည့်နေ့ လပြည့်ကျော်(၁)ရက်၊ (၂) ရက်နေ့တွေမှာပဲချတယ်။ တခြားအချိန်တွေမှာ မလွဲမရှောင်သာဖြစ်တဲ့ အခြေအနေမှာပဲ ချတယ်။ လေယာဉ်ပျံနဲ့ လေထီးချမယ်ဆိုတော့ လှည်းအစီး (၁၀၀)လောက် ယူသွားတယ်၊ လူတွေကလည်း (၂၀၀)လောက် ပါသွားတယ်။ ကျွန်တော်တို့ ထန်းတပင်မြို့နယ် ကြို့ပင်သာရွာရဲ့ အနောက်ဖက်တစ်မိုင်၊ တစ်မိုင်ခွဲလောက် ဝေးလိမ့်မယ်၊ စစ်တောင်းမြစ်နဲ့လဲ အလွန်ဆုံး တစ်မိုင်၊ တစ်မိုင်ခွဲလောက် ဝေးလိမ့်မယ်။ အဲဒါကိုလသာသာနဲ့ လာချတာပဲ။

အောက်ကကြိုဆိုနေတဲ့ အဖွဲ့မှာကတော့ သခင်သန်းဖေနဲ့ ကျွန်တော်လဲ ပါတယ်။ လူတွေအများကြီးပါတယ်။ အဲဒီတော့အဲဒီညမှာ ချတဲ့ လေယာဉ်ပျံတွေက ဒါကိုတာတွေ မဟုတ်ဘူး ခေါင်းလေးလုံးတပ်တဲ့ ဘရိုက်တာလို့ ခေါ်တယ်။ စက်ခေါင်းလေးလုံးပါတယ် အကြီးကြီးတွေလေ။ အဲဒါ တစ်စီးတစ်စီးကို လေထီး ၂၇ လက် ချတယ်။ လေယာဉ်ပျံက နှစ်စီး။ တစ်စီးက

ကျွန်တော်တို့အတွက် မဟုတ်ဘူး တစ်စီးက ပျဉ်းမနားမှာချဖို့။ ပျဉ်းမနားရောက်တော့ အောက်က မီးဖိုပြတာတို့ ဘာတို့ အထိမ်းအမှတ် တစ်ခုခု လုပ်ပြတာ မတွေ့ခဲ့ဘူး၊ ပျဉ်းမနားမှာ ရှာလို့ မတွေ့ရင် ကျွန်တော်တို့ဆီမှာ သွားချ။ ကျွန်တော်တို့ကလဲ ကျွန်တော်တို့ရဲ့ နေရာကို "မော်စကို" လို့ ပေးထားတယ်။ မောင်မြရဲ့ နေရာကို "ပဲရစ်"လို့ သတ်မှတ်တယ်။ သခင်သန်းထွန်းတို့ နေရာကို "လီနင်ဂရက်"ပါ။ ကျွန်တော်တို့က စခန်းတွေကို အင်္ဂလိပ်လို ပေးရတယ်။ ဒါမှ ဟိုကလူတွေက သိတယ်။

အဲဒါနဲ့ ပျဉ်းမနားမှာ မတွေ့ခဲ့တော့ ကျွန်တော်တို့ဆီ လာချတာပေါ့ဗျာ။ တစ်ချိန်တည်း လေယာဉ်ပျံ့တစ်စင်းကချလိုက် နောက်တစ်စင်းက ချလိုက်နဲ့ ဆိုတော့ လေထီးတွေဆိုတာ ပလူပျံနေတာပဲ။ ချတာက ၁၅ မိနစ် မိနစ် ၂၀ ဒါမှမဟုတ်လဲ နာရီဝက်ပေါ့ဗျာ။ လေထီးအလက်ပေါင်း ၅၄ လက်။

အဲဒီ[illegible]မှာ ဘယ်သူတွေ ပါလဲဆိုတော့ မန်းဝင်းမောင်တို့ ချစ်ကောင်းတို့ ပါတယ်။ အမေရိကန် Dave Britton ပါတယ်၊ ဒီပြင် လူတွေကတော့ ကျွန်တော် မမှတ်မိတော့ဘူး၊ လေထီးနဲ့ ဆင်းလာတုန်းက Dave Britton က ကပ္ပတိန်ဗျ၊ သူ့ကို မှာလိုက်ပါလိမ့်မယ်။ မင်းဟာ မြန်မာမြေကြီးနဲ့ထိတဲ့ အချိန်မှာ မေဂျာဖြစ်ပြီလို့ ပရိုမိုးရှင်း [1]ပေးပုံပေးနည်းက အဲဒီလို ပေးလိုက်တာ ဖြစ်ပါလိမ့်မယ်၊ သူတို့ အကုန်လုံး ခရီးထွက်ဖို့ တန်းစီ နေတုန်းမှာပဲသူဟာ ကပ္ပတိန်ရာထူးကကြယ်တွေကို ဖြုတ်ပြီးတော့ မေဂျာကရောင်း (Crawn)လေးကို ပခုံးမှာ တပ်လိုက်တယ်။ နောက်ပြီး သူနဲ့အတူ ပါလာတဲ့ ရဲဘော်တွေကလဲ သူ့ကို ကွန်ဂရက်ကျူရေးရှင်လို့ ပြောကြတယ်။ အဲဒါကြောင့် Dave Britton ဟာ မြန်မာမြေကြီးကို ခြေချမိတာနဲ့ တစ်ပြိုင်နက် မေဂျာဖြစ်သွားပါတယ်။

တန်းစီနေတဲ့အခါမှာ ကျွန်တော်ကြည့်လိုက်တော့ အင်္ဂလိပ်က ခြောက်ယောက် မြန်မာက ခြောက်ယောက်ပါပါတယ်။ လေယာဉ်ပျံနှစ်စင်းက ဝဲဝဲပြီးတော့ ကျွန်တော်တို့ကလဲ အောက်ကနေ အဲဒီမှာပဲ မန်းဝင်းမောင် ကျလာတယ်။ ကျွန်တော်နဲ့ ကပ်ရက်ကလေးပါပဲ သိပ်မဝေးဘူး၊ ကျကျချင်းပဲ သူက ခြေထောက်ကျိုးသွားပြီး မထနိုင်တော့ဘူး၊ အဲဒီကြားထဲမှာပဲ ရိုင်ဖယ်

---

၁။ ပရိုမိုးရှင်း ရာထူးတိုးပေးခြင်း

၂၇ လက်ထည့်ထားတဲ့ သံပုံကြီးကိုသယ်လာတဲ့ လေထီးက မပွင့်လို့ ကျွန်တော့်နားမှာပဲ ကျပြီးတော့ ကွဲသွားတာပေါ့။

သူတို့က သံစည်ကြီးတွေနဲ့ လုပ်တာကို။ သံစည်ပုံးဟောင်းကြီးတွေ ပေပါခွဲရဲ့ တစ်ဝက် ဒါမှမဟုတ်ရင် သုံးပုံနှစ်ပုံလောက် ဆိုက်ရှိမှာပါ။ အရှည်ကြီးပဲ။ ၉ ပေ ၁၀ ပေ လောက်ရှိမှာပါ။ အကန့် (၃)ကန့် လုပ်ထားတယ်။ တစ်ကန့်မှာ ရိုင်ဖယ် (၉)လက်၊ ရိုင်ဖယ်တွေကတော့ တပ်ပြီးသား ဆင်ပြီးသား မဟုတ်ဘူး ဖြုတ်ထားတာတွေ၊ တစ်ကန့်မှာ ရိုင်ဖယ် ၉ လက် သုံးကန့်ဆိုတော့ဟာ (၂၇)လက်ပေါ့ ရိုင်ဖယ် ၂၇ လက်ဟာ ကျိုးကျေပြီးတော့ ကြေမွကုန်တာပဲ။ အဲဒါ ကျွန်တော်နားတင်ပြုတ်ကျတာ ကျွန်တော်တောင် ကံကောင်းလို့ မသေတာပေါ့။

နောက်တစ်ခုက လေယာဉ်ပျံပေါ်က ဆင်းလာတဲ့သူတွေက တစ်ယောက်နဲ့ တစ်ယောက်တွေ့ပြီး အံ့ဩကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်က ပျဉ်းမနားမှာ ဆင်းရမယ်၊ ဒီကျတော့ နှစ်ယောက်သား လာဆုံနေကြတာကို ဒီတော့ခင်ဗျားတို့လဲ ဒီမှာကျလားဘာလားဆိုပြီး အံ့ဩကုန်ကြတယ်။ ကိုသန်း(ခေါ်) ကတ်ဥ ဒါကတော့ မှတ်မိနေတယ်။ သူလဲ ဆင်းတယ် နောက် ကိုချစ်ကောင်းလဲ ဆင်းတယ်။

ကိုချစ်ကောင်းကို ကျွန်တော်က သိပုံသိနည်းက ဒီလိုပါ။ ကိုချစ်ကောင်းဟာ အခု စစ်ရုံးချုပ်လုပ်ထားတဲ့ နေရာမှာဆေးရုံ တက်နေတယ်။ ဆေးရုံ တက်နေတော့ သူတို့ မြင်းခြံသားပဲ ဗိုလ်ကြီးလှရွှေ "ယ"လှရွှေလို့ ခေါ်တယ်။ "ယ"လှရွှေနဲ့ ကျွန်တော်နဲ့ကတော့ ၁၉၃၉ ခုလောက်မှာ ကျွန်တော်နဲ့ သိနေတယ်။ လှရွှေကြီးက သူ့သူငယ်ချင်းတစ်ယောက်ကို သွားကြည့်ချင်လို့ ဆိုပြီးတော့ ကျွန်တော့်ကို ခေါ်သွားတယ်။ ကြည့်လိုက်တော့ ကိုချစ်ကောင်း။ အခုလေထီးနဲ့ ဆင်းလာတော့ ကျွန်တော် အံ့ဩတယ်၊ မန်းဝင်းမောင်တို့ကတော့ တစ်ခေါက်လာဖူးတယ်၊ လာသွားတယ်ဆိုတာ ကျွန်တော်တို့နဲ့ မတွေ့လိုက်ရပါဘူး လာသွားတယ်ဆိုတာက ဒီလိုပါ။ သခင်ဗိုတို့နဲ့ သူတို့ ရန်ကုန်ကနေပြီး ကုလားပြည်သွားမယ်လို့ အလုပ်မှာ ညောင်လေးပင် ကျောက်တံခါးနားမှာ ထင်ပါတယ်။ သူတို့စီးလာတဲ့ မော်တော်ကား မီးလောင်လာတယ်။ ရန်ကုန်ပြန်သွားတယ်။

နောက်တစ်ခေါက်ပြန်လာတော့ဖြူးကို လာတယ်။ ဖြူးကိုလာတော့ မန်းဝင်းမောင်က "One line three star" ယူနီဖောင်းနဲ့ သူကတော့ တောင်ငူပြီးတော့ထဲမှာပဲသေဆုံးတဲ့ ကိုခင်မောင်တို့အိမ်မှာ တည်းတယ်။ မန်းဝင်းမောင်ဆိုတာက ဝ တာကိုး၊ ဝ တော့ အဲဒီတုန်းက အပေါက်ကျဲကျ လိုက်သေးတယ်။ သူတို့ကျတဲ့အထဲမှာက ဗမာ ၆ ယောက်၊ အင်္ဂလိပ် ၆ ယောက်၊ မန်းဝင်းမောင် တစ်ယောက် ထည့်ရင်တော့ ၁၃ ယောက်လို့ ကျွန်တော်ထင်တယ်။ အဲဒီညမှာပဲ မန်းဝင်းမောင်ကို ချန်ထားပြီး ကျန်တဲ့လူစုကို ပဲခူးရိုးမမှာရှိတဲ့ သခင်သန်းထွန်းစခန်းကို ကျွန်တော်တို့ ပို့လိုက်တယ်။

မန်းဝင်းမောင်ကြီးက ကျွန်တော်တို့နဲ့ ကျန်နေခဲ့တာပေါ့ဗျာ၊သူတို့ လေထီးနဲ့ကျတဲ့အချိန်က ၁၀နာရီလောက်ရှိပြီ။ လက ထိန်ထိန် သာနေတာပဲ။ ကျွန်တော်တို့နေတဲ့နေရာနဲ့ ကွဲပွဲနဲ့ဆိုရင် ကျွန်တော် ထင်ပါတယ်။၄-၅ မိုင် လောက် ကွာပါတယ်။ အလွန်ဆုံး ၅ မိုင် ၆ မိုင်လောက် ဝေးမှာပဲ။ စစ်တောင်းမြစ်ကတော့ ကြားထဲက ခံနေပါတယ်။

ကွဲပွဲမှာ ဂျပန်တွေ အများကြီးရှိတယ်။ မန်းဝင်းမောင်ကြီး ည၁၀ နာရီလောက် ကျတယ်ဆိုရင်ပဲ သူ့လေထီးကြိုးတွေနဲ့ ဝါးတိုင်တွေနဲ့ ထမ်းစင် လုပ်တယ်။ မန်းဝင်းမောင်ကြီးကို ထမ်းစင်ပေါ်တင်ဖို့ ကျွန်တော်တို့ အစီအစဉ်လုပ်တယ်။ သူ ကဒ်ကျရာရနေတာကိုး။ သူ့ခါမှာ ပါလာတဲ့ သေနတ်တွေ ဘာတွေဖြည့်ပြီးတော့ကျွန်တော်တို့ ရဲဘော်တွေထဲ ထည့်ထားတယ်။ သူက ဘာပြောသလဲဆိုတော့ သူ အလွန်နာကျင်နေပါတယ်။ သူ့ကို ကိုင်ပြီးတော့ မရွှေ့ပါနဲ့။ ထမ်းစင်ကို သူ့ဘေးမှာပဲထားပါ။ သူက ကန်သင်းဘေးမှ လဲနေတယ်။ သူဟာသူ တဖြည်းဖြည်း ထမ်းစင်ပေါ်ရောက်အောင် ကြိုးစား ပါမယ် ပြောတယ်။

ဒါကြောင့် ကျွန်တော်တို့ သူ့ကို မကိုင်ဘူး၊ မထိဘူး၊ မန်းဝင်းမောင် ကြီးက သိပ်ဝတယ်။ အဲဒါ လေထီးက သေးနေလို့များလားလို့ ကျွန်တော်တို့ ထင်တယ်။ လေထီးက ဝတဲ့လူအတွက်ဆို စပါယ်ရှယ်လုပ်ပေးရတယ်။ သူတို့က စပါယ်ရှယ်လုပ်မပေးဘဲ လွှတ်လိုက်တော့ ခြေထောက်ကျိုးသွားသလား မပြောတတ်ဘူး၊ မန်းဝင်းမောင်က ကန်သင်းဘေးမှ ပက်လက်ကြီးပေါ့။

သူက ၁၂ နာရီဆိုရင်တော့ မဖြစ်မနေ သွားပါမယ်ပြောတယ်။ ကျွန်တော်တို့လဲ သူ့နာမှာ မတ်တတ်ရပ်နေတယ်၊၁၂ နာရီထိ တော့လဲ

သူက တစ်လက်မတောင် မရွှေ့ဘူး၊ "ခင်ဗျား ၁၂ နာရီပဲရှိနေပြီ၊ ကျွန်တော်တို့ ရွှေ့မယ်ဆိုတော့လဲ လက်မခံဘူး၊ ခင်ဗျားဟာ ခင်ဗျားလဲ တစ်လက်မတောင် မရွှေ့ဘူး၊ တစ်ခုစဉ်းစားဖို့ ကောင်းတာပေါ့ဗျာ၊ ခင်ဗျားတစ်ယောက်အတွက် ကြောင့်လူတွေအများကြီး ဒုက္ခရောက်သွားနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂျပန်နေတာကလဲ ကျွန်တော်တို့နဲ့ မလှမ်းမကမ်းပဲ၊ သူတို့က လေယာဉ်ပျံတွေ ဝဲတယ်။မသက်ာဘူးဆိုပြီး လာရဟာရင် ဂျပန်တွေနဲ့တွေ့ပြီး လူတွေ သေကုန်လိမ့်မယ်" ကျွန်တော်က ပြောတယ်။

သူကတောင်းပန်တယ်၊ ကျွန်တော့်ကိုထပ်ပြီးတော့ ၂ နာရီ အချိန် ပေးပါ။ နာရီပြန် ၂ ချက်ကျလို့မှ ထမ်းစင်ပေါ်မရောက်ရင် ကျွန်တော့်ကို ပစ်သတ်ပါ။ ကျွန်တော့်သေနတ်နဲ့ ကျွန်တော့်ကို ပစ်သတ်ပါလို့ ပြောတယ်။ နောက်ထပ် အချိန်တောင်းတယ်၊ မန်းဝင်းမောင်ကျတဲ့နေ့က ၁၉၄၉ ခု၊ မတ်လ တော်လှန်ရေးနဲ့တော့ နီးတယ်၊ ကျွန်တော်တို့ကမတ်လ၂၇ ရက် နေ့မှာ တော်လှန်ရေးလုပ်တော့မယ်၊ တန်ခူးလပြည့်နေ့ ဒါမှမဟုတ် လပြည့်ကျော် ၁ ရက်နေ့။

အဲဒါနဲ့ မန်းဝင်းမောင်ကြီးကို ကျွန်တော်တို့ နာရီပြန် ၂ချက်အထိ စောင့်ပါတယ်။ နာရီပြန် ၂ ချက်ကျတော့လဲ သူက မရွှေ့ပြန်ဘူး၊ အဲဒီတော့ ရဲဘော်ဒီလိုသာ ခင်ဗျားလုပ်နေရင် ကျုပ်တို့ ရဲဘော်တွေအားလုံး သေကုန်လိမ့်မယ်။ ခင်ဗျားဘာလုပ်တာလဲ၊ ခင်ဗျားတစ်ယောက်အတွက် ကျွန်တော်တို့က ဒီလောက်ထိ သည်းခံနေရတာ၊ အဲဒီတော့ သူက ၂နာရီအချိန် တောင်းပြန်တယ်။ ကျွန်တော့်ခြေထောက်တွေက သိပ်နာပါတယ်ဗျာ၊ဒီတော့ ကျွန်တော့်ကို မွေ့မတင် ပါနဲ့၊ မ,မဆောင်ပါနဲ့၊ ကျွန်တော့်ကိုတော့ နောက်ထပ် ၂ နာရီလောက် အချိန် ပေးပါပြီ ထပ်တောင်းပြန်တယ်။ တစ်ခါ ၂ နာရီအချိန်ထပ်ပေတယ်၊ အဲဒီ အချိန်ကျတော့ မနက် ၄ နာရီပေါ့ဗျာ။

ကျွန်တော်တို့ရဲ့ ရဲဘော်တွေကို ကျွန်တော်က ပြောတယ်၊ရဲဘော်တွေ ဝိုင်းမပြီးတော့ ထမ်းစင်ပေါ်တင်တာပေါ့ဗျာ၊ ကျွန်တော်တို့ကလဲ ထမ်းစင်ပေါ် တင်ပြီးတော့ ရွာကို သွားတာပဲ။ ရွာရောက်တော့ မိုးလင်းနေပြီ၊ ရွာက ကြို့ပင်သာရွာပေါ့။ ကြို့ပင်သာရွာက ကျွန်တော့်တို့ ဌာနချုပ်စခန်း၊ ကျွန်တော်က စစ်ကြောင်းအရှေ့စစ်တာဝန်ခံဆိုတော့ ကျွန်တော်တို့ဌာနချုပ်လုပ်ထားတာက ကြို့ပင်သာရွာ။

ကိုသိန်းမောင်နဲ့ မကျင်ရွှေဆိုတဲ့ လင်မယားနှစ်ယောက်ရှိတယ်၊ သူတို့နှစ်ယောက်က ထက်ထက်သန်သန် တက်တက်ကြွကြွ ငယ်ငယ်ရွယ်ရွယ်နဲ့ လုပ်ကြကိုင်ကြဆိုတော့ သူတို့ဆီကို မန်းဝင်းမောင်ကြီးကို ယူသွားရတာပေါ့၊ အဲဒီနေ့မနက် ၄ နာရီမှာပဲ မန်းဝင်းမောင်ကိုထမ်းစင်ပေါ် တင်နေတုန်းမှာ ကျွန်တော်တို့က သတင်းတစ်ခုရတယ်၊ ကျွန်တော်တို့ရတဲ့ သတင်းက အလွန်ကောင်းပါတယ်။

ကျွန်တော်တို့ ရေယာ့ပေါ့လေ၊ ၁၀ မိုင် ၁၅ မိုင်ပတ်လည် ဘယ်သူပဲလာလာ ၁၅ မိုင်၊ မိုင် ၂၀ အတောအတွင်းမှာ ကျွန်တော်တို့ ရန်သူတစ်ဦးဦးဝင်ရင် ကျွန်တော်တို့ဆီကိုစက်ဘီးနဲ့ သတင်းပို့ရတယ်၊ ဘယ်သူပဲလာလာ၊ ကျွန်တော်တို့နယ်ထဲကို ဝင်လာပြီဆိုပြီး ကျွန်တော်တို့သိတာပဲ၊

အဲဒီနေ့မှာ သတင်းတစ်ခု ဝင်လာတယ်၊ တောင်ငူက ဆရာဝန်ကြီး ဦးဖေကျင်တစ်ယောက် သူ့မိဘများ ပုန်းခိုနေတဲ့ ဇရပ်ကြီးရွာကို ရောက်နေတယ်ဆိုတဲ့ အကြောင်း သတင်းရောက်လာတယ်၊ ဦးဖေကျင်နဲ့ ကျွန်တော်နဲ့က အလွန်ခင်တယ်၊ အလွန်ခင်တယ်ဆိုတာ ဦးဖေကျင်က ဂျပန်တစ်ခေတ်လုံးမှာ ကျွန်တော်တို့ ဖြူးမှာနေသွားတဲ့ ဆရာဝန်ပါ။ ဖြူးဆေးရုံမှာသူဆရာဝန်ကြီးပေါ့၊ နောက်တော့ ဆရာဝန်ကြီးအဖြစ်နဲ့ တောင်ငူဆေးရုံကို ပို့တယ်။

တော်လှန်ရေးလုပ်တော့မယ်ဆိုတော့ ကျွန်တော်တို့ထဲမှာ ဆရာဝန်တစ်ယောက်ပါသင့်တယ်လို့ ခေါင်းဆောင်တွေက ဆုံးဖြတ်တယ်။ ခေါင်းဆောင်တွေ ဆွေးနွေးကြတယ်။ အဲဒီလိုဆွေးနွေးကြတော့သခင်သန်းဖေက ဦးဖေကျင်ကို ဖမ်းလိုက်ချင်တယ်။ ဦးဖေကျင်ကိုဖမ်းပြီးတော့ ကျွန်တော်တို့နဲ့ ခေါ်သွားဖို့ ပြောတယ်။ ပြောတော့ကျွန်တော်က ကန့်ကွက်တယ်။ကန့်ကွက်တာ တခြားမဟုတ်ပါဘူး။ ဦးဖေကျင်ဆိုတဲ့လူကို ဒို့က အချိန်မရွေး ခေါ်သုံးလို့ရတာပဲ။ ဦးဖေကျင်ကလဲ လိုလိုလားလားနဲ့ ဒို့ဆီကို လာမှာပဲ။ အလွယ်တကူခေါ်လို့ရတဲ့ လူတစ်ယောက်ကိုဘာလို့ဖမ်းမလဲ၊ မဖမ်းပါနဲ့လို့ ကျွန်တော်ကပြောတယ်။

ဦးဖေကျင်ကိုလဲ ကျွန်တော်က ပြောလိုက်တယ်။ သူငယ်ချင်းခင်ဗျားကို ဖမ်းမလို့ ကျုပ်ကန့်ကွက်လိုက်လို့ မဖမ်းဖြစ်ဘူးဗျလို့ ပြောလိုက်တယ်။ အဲဒီညမှာ ကျွန်တော် စာတစ်စောင် ရေးလိုက်တယ်။ ဆရာဦးဖေကျင် ကျွန်တော် ခြေထောက်ကျိုးသွားတယ်။ ဒီစာရရချင်းဆရာလိုက်လာပါဆိုပြီး စာတစ်စောင် ရေးလိုက်တယ်။ ဒီစာကို ဦးဖေကျင်ဆီကို ရဲဘော်တစ်ယောက်

လွှတ်ပြီး လိုက်တယ်။ ဇရပ်ကြီးနဲ့ကျွန်တော်တို့ရွာနဲ့က ၆ မိုင်လောက်ကွာတယ်။ အသွားအပြန် ၁၂ မိုင်ပေါ့။ မနက် ၄ နာရီ ၅ နာရီလောက်မှာ ကျွန်တော်က အဲဒီရဲဘော်ကိုဦးဖေကျင်ဆီ လွှတ်လိုက်တယ်။ သူက မနက် ၁၀ နာရီ ၁၁ နာရီလောက်မှ ပြန်ရောက်တယ်။ ဦးဖေကျင်ကဘာပြောလိုက်သလဲဆိုတော့ သူ့ကို ဖမ်းမလို့ထင်တယ်။ အဲဒီတော့ "သူမလိုက်ပါရစေနဲ့၊ ဦးမြင့်ဆွေဟာ ခြေထောက်မကျိုးပါဘူး။ သူရေးတဲ့ လက်ရေးကိုကြည့်ခြင်းဖြင့် သူဝေဒနာ ခံစားနေရတဲ့သူ တစ်ယောက်မဟုတ်ပါဘူး။ သူ့ကို ညာခေါ်တာနဲ့တူတယ်။ သူ မလိုက်ပါရစေနဲ့ ဆိုပြီး အဲဒီရဲဘော်ကို တောင်းပန်လွှတ်လိုက်တယ်။

ကျွန်တော်ကလဲ ညတုန်းက တစ်ညလုံး မအိပ်ရသေးဘူး၊ အိမ်ပလို့လုပ်နေတုန်းရဲဘော်ပြန်ရောက်ပြီး လာပြောတယ်။ အဲဒါနဲ့ ကျွန်တော်က စိတ်ပူသွားတယ်။ ဒီမှာက ခြေထောက်ကျိုးတဲ့လူတစ်ယောက်က ရှိနေတယ်။ ဆရာဝန်က မလာဘူး၊ ကျွန်တော်တို့ကလဲ ဘာမှမလုပ်တတ် မကိုင်တတ်နဲ့၊ ဒါနဲ့ ကျွန်တော်က "လာ ကိုသိန်းမောင်၊ ကျွန်တော်တို့သွားမယ်"လို့ ထသွားတယ်။

ဘယ်လောက်များ ဇောကပ်နေသလဲဆို ဖိနပ်မစီးမိဘူးဗျ၊ တန်ခူးလဆိုတော့၊ စဉ်းစားကြည့်ပေါ့၊ သစ်ရွက်တစ်ရွက်မှမရှိဘူး၊ သစ်ပင်ကတော့ရှိတယ်။ ခြောက်မိုင်လောက်ဝေးတဲ့ ဇရပ်ကြီးကို ဒေါ်နဲ့မာန်နဲ့မာန်နဲ့သွားလိုက်တာ ခဏလေးရောက်တယ်။ ဘာဖြစ်သလဖြစ်သလဲဆိုတော့ အထက်ကသိပ်ပူ အောက်ကသိပ်ပူဆိုတော့ သစ်ပင်ကိုခိုချင်တော့ ဟိုသစ်ပင်ကြည့်၊ ဒီသစ်ပင်ကြည့်၊ ကြည့်လဲသစ်ရွက်တစ်ရွက်မှမရှိဘူး။ အဲဒါနဲ့ ဘာလုပ်ရသလဲဆိုတော့ ခြေထောက်တွေ တအားပူလာတော့ လမ်းမလျှောက်နိုင်ဘူး၊ လမ်းမလျှောက်နိုင်တော့ ကျွန်တော့မှာ ပြေးရတယ်။

နှစ်ဖာလုံလောက် ပြေးပြီးတော့ ခြေထောက်နည်းနည်းအေးရင် လမ်းလျှောက်၊ လမ်းလျှောက်ပြီး ခြေထောက်ပူလာရင်ပြေး၊ ပြေးလိုက်မောရင် လမ်းလျှောက်လိုက်နဲ့ အဲသလိုနဲ့ပဲ ဇရပ်ကြီးရောက်သွားတာပဲ။ ဒါနဲ့ ကျွန်တော်က ညာရပြန်ရော။

ဦးဖေကျင်ရယ်၊ ခင်ဗျားသူငယ်ချင်း အေးကျော်ဖြစ်တာပါ၊ ကျွန်တော်ဖြစ်တာ မဟုတ်ပါဘူး၊ အေးကျော်ကလဲ ဖြူးကပဲ၊ ကုလားပြည်

သွားပြီ၊ အဲဒီအချိန်မှာ မောင်မြတို့ဆီမှာ လေထီးနဲ့ဆင်းပြီလား မဆင်းသေးဘူးလားမသိဘူး၊ သူကတော့ လေထီးနဲ့ဆင်းတာပါပဲ။ အေးကျော်ပါ၊ ခင်ဗျားလိုက်ကုပါ။

နေ့လယ်ခင်းကြီးဆိုတော့ ဟိုလူတွေ ဒီလူတွေနဲ့ ကျွန်တော်ကြောက်လို့ပါဗျာတဲ့၊ ကျွန်တော်မိုးချုပ်တော့ လိုက်ပါမယ်တဲ့၊ ဒါဖြင့်ရင် ဦးဖေကျင်ခင်ဗျားကို ကျွန်တော်တို့ ဖမ်းလိုက်ပြီ၊ ကျွန်တော်က အင်္ဂလိပ်လို ပြောတာပေါ့၊ (You One Under Arrest) လို့ ရဲဘော်တွေ ပြောလိုက်တယ်၊ သူ့ကို ညကျရင် လိုက်လိုသည်ဖြစ်စေ၊ မလိုက်လိုသည်ဖြစ်စေ သူ့ကိုမင်းတို့ခေါ်ခဲ့ပေတော့။ ပြောပြီးတော့ ကျွန်တော်ကတော့ ရွာကိုပြန်လာတာပေါ့။

အဲဒီနေ့ကတော့ တစ်နေ့လုံး တစ်ညလုံး မအိပ်ရဘူးပေါ့ဗျာ၊ တော်လှန်ရေးလုပ်တယ်ဆိုတာ ဒီလိုပဲပေါ့။ ညကျတော့ ကိုဖေကျင် ရောက်လာတယ်၊ ခြေထောက်တွေ တိုင်းထွပြီးတော့ ကျွန်တော့ကိုပြောတယ်၊ ဘာမှမဖြစ်ဘူးတဲ့၊ အဲဒီမှာ ကျွန်တော်ဝမ်းသာသွားတယ်၊ ကိုဖေကျင်ကပြောတယ်၊ ဘာမှမဖြစ်ဘူးလို့၊ ပြီးတော့ ကြပ်စည်းပေးတယ်၊ နောက် ကိုဖေကျင်လဲပြန်သွားတယ်။

မန်းဝင်းမောင်ရောဂါ အမှန်ကတော့ ခြေထောက်ကြီးက သွင်သွင်ကျိုးသွားတာကိုး၊ အဲဒီတော့ မသက်သာဘူး၊ သူကမထနိုင်ဘူး၊ ကျွန်တော်တို့က သူ့ကို ထမ်းစင်ပေါ်မှာပဲ ထည့်ထားရတယ်၊ ထည့်ထားတာက ကျွန်တော်တို့က တစ်နေရာရာမှာ တိုက်ပွဲဖြစ်ရင် သူ့ကိုရွှေ့ပြောင်းသွားဖို့အတွက်။ ဒီထမ်းစင်အတွက်ကို လူလေးယောက်ကို လူစောင့်လုပ်ထားရတယ်၊ နောက်လဲ ရွာထဲမှာ တိုက်ပွဲဖြစ်ပါတယ်။ အဲဒီထမ်းစင်နဲ့ပဲ သူ့ကို အပြောင်းအရွှေ့ လုပ်ရတာပဲ။ နောက် သူ့အညစ်အကြေးသွန်ဖို့ လူတစ်ယောက် သပ်သပ်ထားရတယ်၊ အဲဒီလူကတော့ ဖြူးမြို့ အုတ်ဖြတ်လမ်းမှာ မိုလ်လရောင်ထီဆိုင်က ကိုငြိမ်းမောင်။

(သူက အခုထိ သက်ရှိထင်ရှား ရှိနေပါသေးတယ်။ မန်းဝင်းမောင်ကြီးအနားမှာထိုင်ပြီး ပြုစုရတာ၊ သူကလဲ ထီအားကြီးပေါက်တယ်၊ တစ်ပတ်တစ်ပတ်ကို တစ်သိန်းဆု နှစ်ဆုလောက်ပေါက်တယ်၊ သူ့ထီဆိုင်က အလွန်နာမည်ကြီးတယ်၊ ကိုငြိမ်းမောင်က တောနီသေတယ်၊ ကျွန်တော်ကြောင့်ပဲ သူတော်လှန်ရေးထဲ ပါလာတယ်၊ နောက် သူ ကွန်မြူနစ်တွေတောနီတော့ ပါသွားတယ်၊ အခုတော့ သူအလင်းရောက်နေပါပြီ။)

ကိုငြိမ်းကောင်ကသာ န်းဝင်းမောင်ကြီးရဲ့ အညစ်အကြေးကအစ ပြုစုရတာပဲ၊ ကျွန်တော်တို့က သူ့ခြောထောက်ကျိုးသွားတော့ ဗိုင်ယာလက်နဲ့ ဒါဏ်ရာရတဲ့နေရာအုံဖို့ဆိုပြီး ဆေးမှာတော့ ၂ရက် ၃ရက်ပါပဲ၊ သိပ်မကြာဘူး ရောက်လာတာပဲ၊ ကျွန်တော်တို့က ဆေးထည့်ပြီးတော့ ကြပ်စည်းပေးတာပေါ့၊ အဲဒါလဲမသက်သာဘူး၊ ဒါနဲ့ ကြို့ပင်သာဘုန်းကြီးသွားပင့်တယ်၊ပင့်ပြီးတော့ ဘုန်းကြီးဆေးနဲ့ကုတယ်၊ ဘုန်းကြီးက ဘာလုံလဲဆိုတော့ ဒီဒဏ်ရာကို ဆီမန်းလိမ်းပေး စုတ်ထိုး အဲဒါ နေ့စဉ်လုပ်ရတာပါပဲ၊ တော်လှန်ရေးကာလ တစ်လျှောက်မှာကတော့ မန်းဝင်းမောင်ဟာ ထမ်းစင်ပေါ်မှာပဲပြီးသွားတယ်။

* * *

အင်္ဂလိပ်တပ် ရောက်လာတယ်ဆို ကျွန်တော်တို့ကြောင်းကြားတယ်၊ မန်းဝင်းမောင်ကို ကလကတ္တားပို့ပြီး ဆေးရုံတင်တယ်၊ ပြန်လာတဲ့အခါ သူဆေးရုံကဆင်းလာပြီး မြန်မာပြည်ရောက်တဲ့အခါ ကျွန်တော်တို့မေးကြည့်တယ်၊ သူကပြောတယ်၊ သူ့အရိုးဟာ တေ့ဆက်မဟုတ်ဘဲနဲ့ ထပ်ဆက်ဖြစ်သွားတယ်၊ တစ်လက်မလောက် ထပ်သွားတယ်၊ အဲဒီလိုဖြစ်တော့ ပေါင်မဖြစ်ရင် ချဉ်ဆီလိုက်ပြီးတော့ လူသေတတ်တယ်တဲ့၊

"ခင်ဗျားဟာ အံ့သြဖို့ကောင်းပါလား၊ အရိုးနှစ်ခုထပ်ပြီးတော့ ချဉ်ဆီမလိုက်ဘဲနဲ့ အခုထိ အသက်ထင်ရှားရှိနေတယ်ဆိုတာတော့ အတော်အံ့သြဖို့ကောင်းတယ်၊ ခင်ဗျားဘယ်ဆရာဝန်နဲ့ ကုသလဲလို့မေးတယ်။

"ဘုန်းကြီးနဲ့ကုတာပါ"ပြောလိုက်တယ်။ အဲဒါမန်းဝင်းမောင်ပြန်လာတဲ့အခါကျတော့ ကျွန်တော့်ကိုပြောပြတယ်၊ ဘယ်မှာသူနဲ့ကျွန်တော်တွေ့ကြသလဲဆိုတော့ ဗားကရာလမ်းက ကွန်မြူနစ်ပါတီဌာနချုပ်ရှေ့မှာ သူနဲ့တွေ့စဉ် ပြောပြခဲ့လို့ ကလကတ္တားကဆရာဝန်တွေက မေးတယ်၊ မေးတော့ မန်းဝင်းမောင်က "ဘုန်းကြီးနဲ့ကုတာပါ"လို့ ဖြေလိုက်တယ်။

ကိုမောင်မောင်(ကျွန်တော့်နာမည်က တော်လှန်ရေးတုန်းက မောင်မောင်ပါ) ခင်ဗျားအတွက် ရှူးဖိနပ် ဝယ်လာတယ်တဲ့။ ကျွန်တော်က ရှက်တာကိုး ဗျ။ အဲဒီတော့ ကျွန်တော်ယူမယ်လို့ ကျွန်တော်မပြောဘူး။ အခု ကျွန်တော်တို့ ရှေ့နေလိုက်နေတဲ့ ကိုလွင်မောင်(ခေါ်) ကိုအောင်မြင့်ပေါ့။ တော်လှန်ရေးတုန်းက လွင်မောင်ပေါ့။ ကျွန်တော်က မောင်မောင်။ သခင်သန်းဖေက လှမောင်။ အဲဒီလို ကျွန်တော်တို့ နာမည်အသီးအသီး ယူထားကြတာကိုး။ လွင်မောင်က ကျွန်တော့်ကိုကပ်တယ်။ ခင်ဗျားမလိုချင်ဘူးဆိုရင် ကျွန်တော်တောင်းလိုက်မယ်

လေတဲ့ ကျွန်တော့်ကိုပေးတဲ့။ ဒီကောင်က အရက်မရှိဘူး။ အခုတော့ သူက နာမည်အတော်ရတဲ့ ဝတ်လုံတော်ရ တစ်ယောက်ပဲပေါ့။ ကျွန်တော်ကလဲ အဲဒီလိုပြောလာတဲ့လူရှိတော့ မရက်တော့ဘူးဗျ။ ဟော့ကောင် မင်းတော့ မပေးတော့ဘူးကွာ၊ ငါယူသွားမယ်၊ အဲဒီတုန်းက သူက အလုံမှာနေတယ်။ ကျွန်တော်က သူ့ဆီက ဗိနစ်တစ်ရုံရဖူးတယ်။

သူက ဝန်ကြီးဖြစ်တယ်။ တော်လှန်ရေးလုပ်ပြီး များမကြာမီ ဖဆပလ ဝန်ကြီး အဖွဲ့ဖွဲ့တော့ သယ်ယူပို့ဆောင်ရေးဝန်ကြီးဖြစ်လာတယ်။ ဖြစ်လာတော့ သူက သူ့အတ္ထုပ္ပတ္တိရေးရတာကိုး၊ ရေးတဲ့အခါ ကျွန်တော် မှတ်မှတ်ရရမှတ်မိပါတယ်။ မန်းဝင်းမောင်ဟာ ဂျပန်ခေတ်က လေထီးနဲ့ တောင်ငူခရိုင်ကို ဆင်းတဲ့အကြောင်း၊ တောင်ငူခရိုင်မှာ ကရင်ရဲဘော်၊ ဗမာရဲဘော်တွေ စုဆောင်းပြီးတော့ ဂျပန်ကို တိုက်ခိုက်ခဲ့ရတဲ့အကြောင်း၊ နောက် အဲဒီတိုက်ပွဲမှာ ဒဏ်ရာရသွားတဲ့အကြောင်း အဲဒါတွေပါလာတယ်။

နောက်ပြီးတော့ ရောက်ရောက်ချင်း ပရိုမိုးရှင်းရသွားတဲ့ မေဂျာ **Britton** ရဲ့အကြောင်းကို ကျွန်တော်ပြောပြပါမယ်။ မေဂျာ **Britton** ကို ကျွန်တော်တို့က သခင်သန်းထွန်းစခန်းကို ပို့လိုက်တဲ့အခါ သခင်သန်းထွန်းစခန်းကနေ မေဂျာ **Britton** ဟာ မောင်မြတို့စခန်းမှာ သွားနေတယ် မေဂျာ **Britton** တယ်၊ ကက်ဥ(ခေါ်)ကိုသန်းရယ်၊ ကိုသာကျော်ရယ် အဲဒါတွေကတော့ ကိုမြစခန်းကို ရောက်နေပါတယ်။ ကိုသန်းဆိုတာက အခုနယ်ခြားမှာ ရှိတယ်ထင်တယ်။

သူက တရုတ်ကပြား၊ တရုတ်အစစ်လားတောင် မသိပါဘူး။ ဒါပေမယ့် ဗမာလို လည်လည်ပတ်ပတ်နဲ့ ပြောနိုင်ပါတယ်။ ရန်ကုန်သားပဲ။ အင်္ဂလိပ်တပ်ကတော့ ရောက်လာပြီ။ ဂျပန်တပ်ကြွင်း တပ်ကျန်တွေကတော့ ကျန်နေတယ်။ အင်္ဂလိပ်တပ်က သံချပ်ကာ ကားတွေနဲ့ ဘာတွေနဲ့ တစ်ခါတည်း ရန်ကုန်ကို ဆင်းလာတဲ့အခါကျတော့ ဂျပန်တပ်တွေက ပခုက္ကူဘက်မှာ၊ ရခိုင်ဘက်မှာ၊ ပြည်ဘက်မှာ၊ ရေနံချောင်းဘက်မှာ၊ ကျန်နေတဲ့ တပ်တွေအားလုံးဟာ အထက်မြန်မာပြည်မှာ ကျန်ရစ်ခဲ့တယ်။ ကျန်ခဲ့တော့ တပ်တွေ တစ်တပ်ပြီးတစ်တပ် ပြောက်ကျားပြောက်ကျား ဖြတ်နေတာပေါ့ဗျာ။ တောင်ငူခရိုင်ထဲမှာ ဖြတ်တဲ့တပ်တွေရှိတယ်။ ၁၉၄၅ခု ဇွန်လ ၆ရက်နေ့မှာ ဂျပန်တပ်ရင်းတစ်ရင်းက ကျွဲပွဲရဲ့အရှေ့ဘက် နှစ်မိုင်လောက်မှာ စစ်တောင်းမြစ်ရှိတယ်။ စစ်တောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ ကိုင်းတောကြီးရှိတယ်။ အဲဒီအထဲမှာ ဂျပန် ၇၀၀/၈၀၀ လောက်ပါတဲ့ တပ်ရင်းတစ်ရင်းရောက်နေတယ်လို့ သတင်းလာပို့တယ်။

အဲဒီအချိန်မှာ မောင်မြတို့စခန်းက ဘယ်မှာရှိသလဲဆိုတော့ ကျွဲပွဲမြို့ မြောက်ဘက်က ဘုန်းကြီးကျောင်းမှာရှိတယ်။ မောင်မြတို့က လူစုတာပေါ့၊ လူစုတော့ ၆၀လောက်ပဲရတယ်။ တပ်တွေက ဖြန့်ထားတာကိုး။ အဲဒီ ၆၀ နဲ့ သွားတိုက်တယ်။ သူတို့က မေဂျာ Britton ကို မှာခဲ့တယ်။ ခင်ဗျားတော့ မလိုက်ပါနဲ့။ ခင်ဗျားနေခဲ့ပါဆိုပြီး မှာခဲ့ပြီးတော့ လူ ၆၀နဲ့ သွားတိုက်တယ်။ ဒီဘက်က အင်္ဂလိပ်တွေက အမြောက်ကြီးတွေနဲ့ ပစ်ပေးတယ်။ အကူအညီ ပေးကြတယ်။ ဒါပေမယ့် အင်္ဂလိပ်တွေကတော့ ခပ်လှမ်းလှမ်းက ကူတာပေါ့။

ကိုင်းတောထဲမှာ မောင်မြတပ်နဲ့ ဂျပန်တပ်နဲ့ မျက်နှာချင်းဆိုင်ဖြစ်နေတာပေါ့။ မောင်မြတပ်က လူ၆၀ပဲရှိတယ်။ နောက် ၁၀ နာရီ ၁၁နာရီ လောက် ကျတော့ မေဂျာ Britton လိုက်သွားတယ်။ လူလဲ ၂၀/၃၀ လောက်ပါတယ်။ ဂေါ်ရခါးတပ်ကလဲပါတယ်။ ဘီဖို့လို့ခေါ်တယ်။သူတို့ရဲ့ အုပ်ချုပ်ရေးမှူးက မေဂျာ Major Whittaker M.C (M:C ကို အင်ဖာကရတယ်။) သူတို့ ဆီမှာ ဂေါ်ရခါးတပ်တွေရှိတယ်။ အထူးတပ်ပေါ့။ ၁၂ ယောက်လောက် ရှိမယ်ထင်တယ်။ ထည့်ပေးလိုက်တယ်။

သွားတိုက်ကြတာပဲ။ ရေကုန်ရေခမ်း တိုက်ကြတာပဲ။ အဲဒီတိုက်ပွဲ တစ်နေ့လုံးဖြစ်တယ်။ ဒီဘက်ကလဲ အစာတော်ရေတော်ပေါ့။ တစ်ခါတလေ ဂျပန်နဲ့ဗမာနဲ့ ကိုင်းတောထဲမှာ ဘွားခနဲဆုံတယ်။ အဲဒါဦးရာလူသတ်ပဲ။ ဗမာကဦးရင် ဂျပန်သေတာပဲ။ ဂျပန်ကဦးရင် ဗမာသေတာပဲ။ လက်တကမ်း တိုက်ပွဲလို့ ခေါ်နိုင်တာပေါ့။ ဗမာကလဲလူရင်းလှိမ့်ရင်း ဂျပန်ကလဲ လူရင်းလှိမ့်ရင်း ဂျပန်နဲ့ ဗမာနဲ့ မျက်နှာချင်းဆိုင် သွားတွေ့ကြတယ်။

အနောက်ဘက်ကမ်း ဘုန်းကြီးကျောင်းက သင်္ကန်းတွေဘာတွေလဲ ဂျပန်တွေဆီမှာတွေ့တယ်။ အဲဒီလို တစ်နေကုန်တိုက်ပွဲဖြစ်တယ်။ ညနေ ၄နာရီလောက်မှာ မေဂျာ Britton က ဘာစိတ်ကူးပေါက်လဲမသိပါဘူး။ ဒူထောက်ပြီးတော့ မှုဆိုးထိုင်ထိုင်တယ်။ ထိုင်ပြီးတော့ ဂျပန်တွေရှိတဲ့နေရာကို ဘရင်းဂန်းနဲ့ ဆွဲတာပဲ။ ဆွဲတဲ့အချိန်မှာ တစ်ဖက်က စက်သေနတ်နဲ့ ပစ်လိုက်တဲ့ ကျည်ဆန်ဟာ သူ့ရဲ့ လက်ယာနံဒေါင့်ကနေပြီးတော့ လက်ယာဘက် နံရိုးအောက်ဘက်ကနေထိတယ်။ ထိပြီးတော့ ဘယ်ဘက်ပခုံးအောက်ကနေ ထွက်သွားတယ်။

သူကဒူးထောက်နေတော့ ဟိုကအနိမ့်ကပစ်တာကိုး လက်ယာနံရိုးနားက ဝင်တယ်။ လက်ဝဲပခုံးလောက်က ဖောက်ထွက်သွားတယ်။ ထိလိုက်တဲ့အချိန်မှာ အပေါ်ကို မြောက်တက်သွားတယ်။ မြောက်တက်သွားပြီး ပြန်ပြီးတော့ကျတဲ့ အချိန်မှာ ကိုသန်းကမွေ့ထားတယ်။ ငါသေတော့မှာပဲ။ ငါမနေရတော့ဘူး။

မင်းတို့ဆုတ်ပါလို့ ကိုသန်းကိုမှာတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ဘက်က လူတွေက ကျည်ဆန်မရှိတော့ဘူး။ ကျည်ဆန်တွေကုန်သွားပြီ။ အသက် ပျောက်သလား မပျောက်သလားတောင်မသိပါဘူး။

အဲဒီအချိန်မှာ ဂေါ်ရခါးတစ်ယောက်က ခေါင်းထောင်ပြီးကြည့်လိုက်တော့ မေဂျာ Britton ကို စက်သေနတ်နဲ့ပစ်လိုက်တဲ့ ဂျပန်ကိုတွေ့တယ်။ တွေ့တော့ ဒီဂေါ်ရခါးက ကိုင်းတောတွေထဲ ကွေ့ပတ်ပြီးတော့ ဂျပန်နောက်ကျော ကို သွားသွားတယ်။ မှောက်ပြီးတော့ပစ်နေတဲ့ ဂျပန်ပေါ်မှာ မတ်တတ်ရပ်တယ်။ ပြီးတော့ သူ့ဓားကောက်ကြီးနဲ့ ကျောရိုးအတိုင်း ခွဲချလိုက်တာပဲ။ နောက် ဂျပန်ကိုင်ထားတဲ့ စက်သေနတ်ကြီးကို သူမ,တယ်။ မ,ပြီးတော့ ယူလာတာ ပေါ့။ ယူလာတော့ ဂျပန်တစ်ယောက်က သူ့ကိုပစ်လိုက်တော့ သူ့လက်မောင်း ကို ရှပ်မှန်သွားတယ်။ စက်သေနတ်ကြီး ကျသွားတယ်။ ကျသွားတော့ လက်တစ်ဖက်နဲ့ သူမပြီး ကျွန်တော်တို့ဘက်ကိုယူလာတယ်။ အဲဒီတိုက်ပွဲ ပြီးတော့ ဘာမှမကြာလိုက်ပါဘူး ၁၅ရက် အရက် ၂၀လောက်ပါပဲ မေဂျာ Whittaker နဲ့ ကျွန်တော်တို့တွေ့တယ်။ သူ့တပည့်တစ်ယောက် M.C ရတယ်ဆိုတဲ့အကြောင်း ကျွန်တော်တို့ကိုပြောတယ်။ ဒီဂေါ်ရခါးကိုလဲ သူထုတ်ပြတယ်။

* * *

အဲဒီမှာ ကျွန်တော်နဲ့ မောင်မြနဲ့ပေါ့လေ။ မောင်မြရေးထားတာနည်းနည်း လေး ကွဲလွဲချက်ရှိတယ်။ အဲဒီဂျပန်ကို ပစ်သတ်လိုက်တာဟာ ကိုမန်းဆိုတာ က အဲဒီမှာ တပ်စုမှူးပေါ့။ အခုထိလဲ ကိုမန်းကသက်ရှိထင်ရှားရှိသေးတယ်။ ကိုမန်းနဲ့ ခေါ်တွေ့တယ်။ ကိုမန်းကပြောတယ်။ မေဂျာ Britton က ဆုတ်ပါလို့ ကျွန်တော်တို့ကိုပြောတဲ့အချိန်မှာ ကျွန်တော်တို့ဘက်မှာက ယမ်းတောင့်လဲကုန်နေပြီ။ သူ့ကိုထားခဲ့ပြီး ကျွန်တော်တို့ ဆုတ်ရ၊ ဘယ်ဆိုတဲ့ အကြောင်း။ ဆုတ်ပြီးတော့ ကျွန်တော် စစ်တောင်းမြစ်ထဲက ပြန်တက်လာတော့ ကျွန်တော်တို့ ဂျပန်တွေ့တယ်။ မေဂျာ Britton ကို ပစ်တဲ့ဂျပန်ပဲလို့ ယူဆ တယ်တဲ့။ အဲဒီဂျပန်ကိုလဲ နောက်ကျောဘက် ခပ်လှမ်းလှမ်းကနေ သေနတ်နဲ့ ပစ်ခဲ့တယ်ဆိုတဲ့အကြောင်း ကိုမန်းကပြောတယ်။

ကိုမန်းကို ၁၉၈၃ခု မတ်လ ၂၇ရက်နေ့မှာ ကျွန်တော်တို့ တောင်ငူခရိုင် တော်လှန်ရေးရဲဘော်များရဲ့ မိတ်ဆုံစားပွဲလုပ်တော့ ကိုမန်းလာတယ်။ ကျွန်တော် က ဒီကိစ္စတွေ မေးလိုက်တယ်။ကိုမန်းကတော့ပြောတာပဲ။ မေဂျာ Britton ကဆုတ်ခိုင်းလို့ ဆုတ်ခဲ့တယ်။ ကျွန်တော်တို့မှာလဲကျည်ဆန်ကုန်တော့

ဆုတ်ခဲ့ရတယ်။ စစ်တောင်းမြစ်တစ်ဖက်ကမ်းရောက်တော့ မေဂျာ Britton ကို ပစ်တဲ့ ဂျပန်တစ်ယောက်ကိုပစ်ခဲ့လို့ ဂျပန်သေတယ်လို့ပြောတယ်။

ကျွန်တော်က ဟိုတုန်းကတော့ မေဂျာ Whittaker နဲ့ တွေ့ပြီး တော့ သေနတ်မှန်တဲ့ ဂေါ်ရခါးကိုလဲ ကျွန်တော်က တွေ့တာကိုး။ လက်မောင်းမှာ ဒဏ်ရာနဲ့၊ အဲဒီအကြောင်းကို ဒီဂေါ်ရခါးကပဲ လက်စားချေခဲ့တယ်ပဲထင်တော့ အဲဒီအကြောင်းကို အဲဒီလိုပဲ ကျွန်တော့်ဆောင်းပါးမှာ ကျွန်တော်ရေးခဲ့တယ်။ တော်လှန်ရေးနေ့မှာပဲ ဟံသာဝတီမှာပဲ နေပါလိမ့်မယ်။ ၁၉၅၈/၅၉လောက်ပေါ့။ ရေအိုးစင်တိုက်ပွဲဆိုပြီးတော့ ရေးခဲ့တာ။

အဲဒီတုန်းက ကရက်တစ်ကို ဂေါ်ရခါးစစ်သားကို ကျွန်တော်ပေးလိုက်တယ်။ ဂေါ်ရခါးစစ်သားကို ကျွန်တော်လဲတွေ့တယ်။ ဒဏ်ရာကိုလဲကျွန်တော်တွေ့တယ်။ မေဂျာ Whirraker က ဒါနဲ့ပဲသူက MC ရသွားပြီတဲ့။ သူထောက်ခံလိုက်တယ်ထင်တယ်။ သူကလဲ ချက်ချင်းပေးလိုက်တယ်။ အဲဒါကတော့ မေဂျာ Britton အကြောင်း၊ မေဂျာ Britton ဘယ်မှာမြှုပ်သလဲဆိုတော့ ရန်ကုန်ပြည်လမ်းမှာ အင်္ဂလိပ်စစ်သင်္ချိုင်းတစ်ခုရှိတယ်။ မြေနီကုန်းပေါ့။ ဟံသာဝတီအဝိုင်းကြီးနဲ့ ပိုနီးတယ်။ အဲဒီမှာ သူ့ကိုမြှုပ်ပါတယ်။ အခုထိရှိပါတယ်။ စစ်သင်္ချိုင်းက မြန်မာပြည်မှာ (၃)ခုရှိပါတယ်။ ထောက်ကြံ့မှာတစ်ခု၊ ရန်ကုန်မှာတစ်ခု၊ မော်လမြိုင်ဘက်မှာတစ်ခု မေဂျာ Britton ကိုမြှုပ်တာ ရန်ကုန်မှာပါ။ မေဂျာ Britton ရဲ့အထိမ်းအမှတ်ပေါ့။ အဲဒီမှာတော့ မေဂျာ Confer မဖြစ်ခင်သေတော့ ကပ္ပတိန် Dave Britton လို့ရေးထားတယ်။ အဲဒီတော့ ကျွန်တော်က ၁၉၇၉ ဧပြီလ ၁၈ရက်နေ့က ကျွန်တော်ဘိလပ်သွားတယ်။ ကျွန်တော့်သမီးအငယ်က ဟိုမှာဆရာဝန်အလုပ်လက်ခံတဲ့ အတွက်ရယ် သမီးအကြီးက ဘိလပ်မှာ ဆရာဝန်လုပ်နေတော့ ကျွန်တော်ဘိလပ်ကိုလိုက်သွားတယ်။

လိုက်သွားတော့ ဟိုမှာဘယ်သူတွေတွေ့သလဲဆိုတော့ မေဂျာကော့စ်၊ ဆာဂျင် ဗိုင်ယာလီး၊ မေဂျာ ဒစ်ရော်ဘင်စတိန်း၊ Miss Dave Britton တို့နဲ့ တွေ့ပါတယ်။ ဆော့ပတင်တန်မှာနေတယ်။ အိမ်အမှတ်က (၃၂) Leaside Way အဲဒီလမ်းမှာနေတယ်။ ကျောင်းဆရာမ လုပ်နေတယ်။ သူကတော့ အခုပင်စင်ယူလိုက်ပါပြီ။

သူ့အမျိုးအနွယ်ကတော့ ဂျာမန်ပေါ့။ ဂျာမန်ကနေပြီး အင်္ဂလန်မှာ ကျောင်းလာနေတုန်း မေဂျာ Dave Britton နဲ့ ကျောင်းမှာတွေ့တယ်။ သူတို့ စစ်မဖြစ်ခင်ကတည်းကပေါ့။ လက်ထပ်လိုက်ကြတယ်။ သား၂ယောက်

ကျန်ခဲ့တယ်။ သူက **အခုထိလင်မယူပါဘူး** မုဆိုးမပါ။ သားတစ်ယောက်က ဂျာမနီမှာ မေဂျာ၊ သားတစ်ယောက်က ဆော့ပတင်တန်မြို့အနီးမှာ လယ်သမား၊ ကေ ၂၀၀/၃၀၀ကို သူတစ်ယောက်တည်းလုပ်တယ်။ စာရင်းငှားတစ်ယောက် ငှားထားတယ်။ သူတို့က စက်နဲ့လုပ်တော့ တစ်ယောက်တည်းငှားပြီး လုပ်ရင် ရတယ်။ နေတာကတော့ ဆော့ပတင်တန်မှာနေတယ်။

ကျွန်တော်အဆက်အသွယ်ရတာက မေဂျာ ဒစ်ရော်ဘင်စတိန်း။ သူကလဲ ကျွန်တော်နဲ့ တော်လှန်ရေးတုန်းက အတူတူကိုး။ **Dave Ruebin Stein** နဲ့ ကျွန်တော်နဲ့က တော်လှန်ရေးတုန်းက ခင်ခင်မင်မင်ကိုး၊ **Dave Ruebin Stein** ကပဲ အိမ်ခေါ်ထမင်းကျွေး၊ နှစ်ညသုံးညအိပ်၊ မြို့ထဲလိုက်ပို့၊ အဲဒါနဲ့ မေဂျာ **Britton** ရဲ့ မိန်းမကလဲ သူ့အိမ်ကို ကျွန်တော်ကိုဖိတ်တယ်။ လာလည်ပါဆိုတော့ နှစ်ညအိပ်ခဲ့ရသည်။

မေဂျာကော့စ်ကလဲ သူ့အိမ်ကိုခေါ်တယ်။ လန်ဒန်နားမှာပဲ။ သူက ကျောင်းဆရာလုပ်နေတယ်။ မေဂျာ **Cox** သူ့အိမ်မှာ သုံးညလောက် အိပ်ရတယ်။ ပတ်ဝန်းကျင်မြို့တွေ ဘာတွေလိုက်ပို့တယ်။ **Dave** ရဲ့မိန်းမကလဲ လန်ဒန်တစ်မြို့လုံး လိုက်ပို့တယ်။ ဘုရင်မကြီးရဲ့အိမ်တော်တို့၊ ဝင်ဆာကန်တို့ စသည်ဖြင့်ပေါ့လေ လိုက်ပို့ကြပါတယ်။ **Miss Britton** ကဆိုရင် ကျွန်တော်တို့ ဝင်ချက်စ်တာမြို့ သူတို့နဲ့ ၁၀မိုင် ၁၅မိုင်လောက်ဝေးမှာပေါ့။ ရှေးဟောင်းမြို့တော်။ လန်ဒန်မပေါ်ခင်က ရောမလူမျိုးတွေ အင်္ဂလန်ကို အုပ်ချုပ်စဉ်အခါက မြို့တော်လုပ်ထားတာ။ သူတို့ဆီက ဘုရားရှိခိုးကျောင်းကြီးဆိုရင် **Canute** ရှင်ဘုရင်၊ **Canute** ရှင်ဘုရင်ဆိုတာက ၁၀၆၆ခုနှစ်မှာ ဝီလျံဆိုတဲ့ ဘုရင်က လာပြီးတော့ အင်္ဂလန်တိုက်ခိုက်မ သိမ်းပိုက်ခင်က ရှင်ဘုရင်။ သူ့အလောင်းဟာ **Charch** ထဲမှာ **Roman** တွေ အင်္ဂလန်ကို အုပ်ချုပ်တဲ့အချိန်က ၂ ရာစု လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၇၀၀ကပေါ့။ မြို့ရိုးတွေဘာတွေက လန်ဒန်မြို့ထဲမှာ အခုထိရှိနေသေးတယ်။

* * *

ဂျပန်ခေတ် ဖက်ဆစ်ဆန့်ကျင်ရေး အတွေ့အကြုံများကို တော်လှန်ရေးတွင် ကိုယ်တိုင်ပါဝင်ခဲ့တဲ့ ဦးမြင့်ဆွေရဲ့ ကိုယ်တိုင်ပြောချက်များကို တစ်ဆင့် ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။

စာရေးသူ။

## ၂။ သာယာဝတီခရိုင် ဂျပန်တော်လှန်ရေးနှင့် လေ့ထိုးသမားများ

သာယာဝတီ စီရင်စုမှာ ဂျပန်တော်လှန်ရေး မလုပ်ခင် စည်းရုံးရေး ဆင်းခဲ့တာ ရှိပါတယ်။ အဲဒီဟာနဲ့ ပတ်သက်ပြီးတော့ မှတ်တမ်းတင် ရကော လုပ်ဖို့ပေါ့လေ။ ကိုအုန်းမြင့်ကလဲ အကြိမ်ကြိမ် ပြောလာတာ ရှိပါတယ်။ ပြောလာတဲ့အတွက် ဒီတုန်းက သာယာဝတီစီရင်စု သခင်ခင်အောင်တို့ကတော့ ရန်ကုန်ကနေပြီးတော့ကာ စည်းရုံးနေရတာ။ လက်တွေ့က သာယာဝတီမှာ စည်းရုံးတာကတော့ သခင်ခင်အောင်ရဲ့ ညီဖြစ်တဲ့ ကိုဖေအောင်ပါ။

သူက သာယာဝတီမှာ ရှိနေပါတယ်။ သူကလဲဘဲ နိုင်ငံရေးကိုချည်း လုံးဝ ရာခိုင်နှုန်း အပြည့်လုပ်နေတာ မဟုတ်ပါဘူး။ သူက အစိုးရအမှုထမ်း အနေနဲ့ ဒီဂျပန်ခေတ်မှာ ဟိုတုန်းကတော့ စီအိုင်ဒီခေါ်ပါတယ်။ ပုလိပ် ထောက်လှမ်းရေး ဌာနမှာ သူလဲ အက်စ်အိုင်ပီ SIP အနေနဲ့ တစ်ဘက်လုပ်နေတာ ရှိပါတယ်။

သခင်ခင်အောင်တို့ အနေနဲ့ အမှန်ကတော့ ဟိုတုန်းက ဂျပန်တော်လှန် ရမယ်ဆိုပြီး ၄၃ ခုလောက်ကတည်းက ရန်ကုန်ကနေပြီးတော့ သခင်သန်းထွန်း တို့ ကိုဗဟိန်းတို့ သခင်ခင်အောင်တို့ စပြီးတော့ လုပ်နေပါတယ်။

သူတို့ကတော့ တစ်ပြည်လုံး အနေအထားနဲ့ ကြည့်ပြီးတော့ လုပ်နေပါ တယ်။ တောင်ငူ၊ ပဲခူး စသည်တို့မှာ စည်းရုံးရေးဆင်းနေတယ်။ ပျဉ်းမနားမှာ လည်း လုပ်နေပါတယ်။ အဲဒီနေရာတွေမှာ လုပ်သလို သာယာဝတီမှာလဲ လုပ်ဖို့ လိုလာပါတယ်။

သာယာဝတီက သခင်ဖေအောင်နဲ့ ပတ်သက်နေတော့ သူ့ကို တာဝန်ပေးတယ်။ ဒီတော့ အဲဒီတုန်းက အမှန်က သခင်ချစ်မောင်က တို့ဗမာဆင်းရဲသားအစည်းအရုံးရဲ့ ခရိုင်အတွင်းရေးမှူး၊ ဒီတော့ သူ့ကို သခင်ခင်အောင်ကပထမဆုံး ပြောပြပါတယ်။ ဂျပန်ကို တော်လှန်ရမယ် ဖြစ်တဲ့အတွက် ဂျပန်တော်လှန်ရေး လုပ်ဖို့ မြို့နယ်လိုက် သခင်ခင်အောင်တို့ လျှို့ဝှက်ပြီး ကလာပ်စည်းကလေး တွေဖွဲ့ဖို့၊ အဲဒါ သခင်ချစ်မောင်ကို သခင်ခင်အောင်က ဆွေးနွေးပြီးတော့ တာဝန်ပေးခဲ့ပါတယ်။ အဲဒီဟာ ဘယ်အချိန်လောက်လဲလို့ ဆိုလို့ရှိရင် ၄၃ ခုနှစ်လောက်ကတည်းကပါ။

၄၃ ခုနှစ် အောက်တိုဘာ လောက်က တာဝန်ပေးခဲ့ပါတယ်။ ပေးခဲ့ပြီးတော့ ၄၃ ခုနှစ်ကုန်တဲ့အထိဟာ အကောင်အထည်ပေါ်မလာခဲ့ပါဘူး။ ပေါ်မလာတဲ့အတွက် သခင်သန်းထွန်းကလဲဘဲ သခင်ခင်အောင်ကို "သာယာဝတီရဲ့ အခြေအနေ သတင်းလဲ ဘာမှ မလာဘူးလားလို့" မေးတော့ သခင်ခင်အောင်လဲ မပြောနိုင်ဘူး။ မပြောနိုင်တဲ့အတွက် သူကိုယ်တိုင် သာယာဝတီဆင်းသွား သခင်ချစ်မောင်နဲ့ တွေ့ပြီးတော့ အကျိုးအကြောင်း ဆွေးနွေးတော့မှ ဘာမှ မလုပ်ရသေးဘူးဆိုတာကို သိရတယ်။ သူကလည်း အတိအလင်း ပြောတယ်။ သူမလုပ်ချင်ဘူး။ ဒီဟာ အန္တရာယ်များတယ်။ ဂျပန်ကလည်း သိပ်ပြီးတော့ ရက်စက်တော့ သူမလုပ်ချင်ဘူးဆိုပြီး ပြောပါတယ်။

အဲဒီလို ပြောတဲ့အတွက် သခင်ခင်အောင်က ဒါကို သခင်သန်းထွန်းကိုလဲ ပြန်ပြောတယ်။ ဒီလိုဆိုမဖြစ်ဘူး။ သခင်ချစ်မောင်ကို ပေးထားတဲ့ တာဝန်ကို သခင်ချစ်မောင် မလုပ်ဘူးဆိုရင် အခု ကိုယ်တိုင်လုပ်ရလိမ့်မယ်လို့ ပြောတော့ သခင်သန်းထွန်းက သဘောမတူပါဘူး။ ဘာလို့လဲဆိုတော့ သခင်ခင်အောင်တို့က ရန်ကုန်ကနေပြီးတော့ တစ်ပြည်လုံး အတိုင်းအတာနဲ့ ကိုင်ပြီး လုပ်နေကြတဲ့ အခါ လူလိုပါတယ်။ ရန်ကုန်မှာဆိုရင်လဲ သခင်ဗဟိန်း၊ သခင်ခင်အောင်၊ ကျွန်တော်တို့ သုံးယောက်ပဲ အဓိက လုပ်နေကြပါတယ်။ ဒါကြောင့် "သူလူရှာပြီးတော့ ပေးမယ်။ ဟိုမှာ နယ်ခံလူတွေက ကူညီဖို့ပဲ လိုတယ်လို့" သခင်သန် ထွန်းက ပြောတယ်။

"ရန်ကုန်က ခေါင်းဆောင်မယ့်လူ ပို့ပေးလို့ရှိရင် ဟိုမှာ နယ်ခံ သခင်တွေလဲ ရှိပါတယ်"ဆိုပြီး သခင်ခင်အောင်က ပြောပါတယ်၊ သခင်သန်းထွန်းက လူရှာပို့ပေးတာက ဘိုကလေးဘက်က ကိုထွန်းတဲ့၊ သူ့နာမည်ရင်းက ကိုကိုတဲ့၊

ကိုကိုကြီး (ကိုအောင်မြင့်)ရဲ့ ယောက်ဖပဲ။ ကိုကိုကြီးဟာ ဖျာပုံက ကိုအောင်မြင့်ရဲ့ ယောက်ဖပါ၊ သူကလဲ ဟိုမှာ သခင်စိုးတို့နဲ့ ဆက်ပြီးတော့ ဂျပန်တော်လှန်ရေး လုပ်ငန်းတွေ လုပ်နေတော့ ဂျပန်က သူ့နောက်ကို လိုက်နေတယ်။ သူလဲ ရှောင်နေရတယ်၊ ကိုထွန်းဟာ ဘိုကလေးမှာလဲ ကြာကြာနေလို့ မဖြစ်တော့ သူ့ကို သာယာဝတီနယ်ဘက်ကို ပို့လိုက်လို့ရှိရင်၊ သူ့အတွက်လဲ ကောင်းတယ်၊ သာယာဝတီအတွက်လဲ လူရတယ်။ ကိုကိုလို့ခေါ်တဲ့ ကိုထွန်းက သာယာဝတီမှာ နယ်အခြေအနေ ဘာမှမသိဘူး ကိုဖေအောင်နဲ့ တွဲလုပ်မှ ဖြစ်မယ်။ ဒါပေမယ့် ကိုဖေအောင်မှာ အခြားအစိုးရ အလုပ်ကလည်း ရှိတယ်။ သူလဲအချိန်ပြည့် မလုပ်နိုင်ဘူး။ အချိန်ပြည့် မလုပ်နိုင်လို့ ကိုထွန်းနဲ့ တွဲပြီးတော့ ကိုထွန်းကို အကူအညီပေးဖို့ဆိုပြီး သူ့ကို တာဝန်ပေးပါတယ်။

အဲဒီတာဝန်ပေးချက်အရ ကိုဖေအောင်က ကိုထွန်းနဲ့ တွဲပြီးတော့ သာယာဝတီနယ်မှာ ဂျပန်တော်လှန်ရေး လုပ်ငန်းအတွက် စည်းရုံးရေးတွေ ဆင်းခဲ့တယ်။ မသန်းနိုင်၊ မနှင်းဆီတို့လည်း ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။

သခင်ဖေအောင်ကတော့ သာယာဝတီမြို့မှာ မွေးပြီးတော့ သာယာဝတီမှာ ကြီးခဲ့ပါတယ်။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံက စပြီးတော့ ကျောင်းသားဘဝကနေ နိုင်ငံရေးလုပ်နေတော့ သူနဲ့ ဆက်သွယ်ပြီးတော့ နိုင်ငံရေးထဲကို ရောက်လာခြင်း ဖြစ်တယ်။ နိုင်ငံရေးထဲ ရောက်တယ်ဆိုရင်ပဲ သူ့ သခင်မြတို့ အိမ်မှာ ဘော်ဒါနေပါတယ်။ အဲဒီမှာ တို့ဗမာ အစည်းအရုံးမှာ အလုပ်လုပ်ကြတယ်။ အချိန်ပြည့် ဒိုင်ခံပြီးတော့ လုပ်ခဲ့တာပါ။ သာယာဝတီမှာပဲရှိနေတယ်။ သာယာဝတီခရိုင်မှာရှိတဲ့ နိုင်ငံရေး ပြဿနာတွေကို ဒိုင်ခံပြီးတော့ ဖြေရှင်းပေးနေတယ်။ သခင်မြအိမ်မှာပဲ ဖြစ်ပါတယ်။ အဲဒီမှာ သခင်ဖေအောင်ဟာ ခရိုင်စုံထောက်ရဲ့အုပ်ပေါ့လေ။ ခရိုင်စုံထောက်ရဲ့အုပ်ဆိုတော့ နည်းနည်း လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့် ရတယ်။ ခရိုင်တစ်ခုလုံးလဲ သွားလို့ရပါတယ်။

အဲဒီလိုနေရင်း ၁၉၄၄ ခု၊ အောက်တိုဘာလလောက်ကျတော့ ရန်ကုန်မှာ သခင်ခင်အောင်က ခေါ်ပြီးတော့ကာ၊ ဖက်ဆစ်ဂျပန်တွေကို ပြန်ပြီးတော့ တော်လှန်ရတော့မယ်။ သာယာဝတီခရိုင်မှာ မြေအောက်အဖွဲ့တွေ ဖွဲ့၊ မြေအောက်ကလာပ်စည်းတွေ ဖွဲ့ဖို့၊ နောက် နိုင်ငံရေးသင်တန်းတွေ ပေးဖို့၊ စည်းရုံးရေးမှူး တစ်ယောက် သာယာဝတီကို လွှတ်ပေးမယ်။ သူ့ကို လိုတာကူညီပါဆိုပြီးတော့ သခင်ဖေအောင် ပြောပြတယ်။

ပြောပြချက်အရ သာယာဝတီမှာ မြေအောက်အဖွဲ့အစည်း ဖွဲ့စည်းဖို့နဲ့ သင်တန်းပေးဖို့ ကိုထွန်းဆိုတဲ့ ရဲဘော်တစ်ယောက်ကို လွှတ်ပေးပါတယ်။ အဲဒီ သာယာဝတီခရိုင်မှာရှိတဲ့ မြို့နယ်များမှာ အကုန်လုံး သခင်ဖေအောင် သိတဲ့ အဆက်အသွယ်တွေ ရှာပြီးတော့ ကိုထွန်းနဲ့လိုက်ပြီးတော့ ဖွဲ့စည်းပေးခဲ့ ပါတယ်။

နောက် နိုင်ငံရေးသင်တန်းတွေကိုတော့ သာယာဝတီ ဗိုလ်မြရှင်လမ်း မှာရှိတဲ့ ယခင်က သခင်မြနေသွားတဲ့ သခင်ဖေအောင်အိမ်မှာ ပို့ချပါတယ်။ သာယာဝတီမြို့ပေါ်မှာ သခင်ဖေအောင် စည်းရုံးထားတဲ့လူတွေနဲ့ စပြီးတော့ သင်တန်းစပေးပါတယ်။ နောက် မြို့နယ်များမှာ စည်းရုံးထားတဲ့ လူတွေနဲ့ စပြီးတော့ သင်တန်းစပေးပါတယ်။

သူ့အိမ်က သူတို့လင်မယားနှစ်ယောက်ပဲ ရှိတယ်။ ကလေးမရှိဘူး။ အပေါ်ထပ် တစ်ထပ်လုံးက အားနေတော့ သင်တန်းပေးဖို့က အင်မတန်လုံလုံ ခြုံခြုံ ရှိပါတယ်။

မြို့နယ်သင်တန်းကျတော့ ဘယ်သူတွေ လာသလဲဆိုရင် အာရှလူငယ်က သခင်တင်မောင်ကြီး(မင်းလှ) သူက သာယာဝတီခရိုင်က ခရိုင်စည်းရုံးရေးမှူးပါ။ တွဲဖက်စည်းရုံးရေးမှူးက ကိုမြင့်သိန်းပါ။ နောက် သခင်တင်မောင်ကြီး ပြောင်းသွားတော့ ကိုမြင့်သိန်းက သာယာဝတီခရိုင် စည်းရုံးရေးမှူး ဖြစ်လာ ပါတယ်။

ကိုမြင့်သိန်း၊ ကိုစောဦး (မင်းလှ)တို့က သင်တန်းသားတွေပါ။ (ကိုစောဦး က ကလ္လလဗ္ဗာ မှာ သခင်ဗိုလ်တို့နဲ့အတူ လေယာဉ်ပျံ ပျက်ကျပြီး ကွယ်လွန် သွားတဲ့သူပါ။) နောက် ကိုလှမောင် သူက ဗိုလ်မှူးသူရမင်းမောင်၊ နောက် ကိုအေးမောင် (သူက သာယာဝတီမြို့က ဂျပန်စကားပြန်) သခင်ဖေအောင် သင်တန်းပေးပါတယ်။ နောက် သာယာဝတီခရိုင်တွင် မကပါဘူး၊ အာရှလူငယ် နဲ့ ဆက်သွယ်ပြီးတော့ ဟင်္သာတအာရှလူငယ်တွေကိုလဲ ခေါ်ပြီးတော့ သင်တန်း ပေးပါတယ်။

အဲဒီမှာ ကိုမြင့်ဆွေ (အထောင်ရှားခဲက) နောက် ကိုအောင်သိန်း (သံပုရာကိုင်း) ကိုညိသိ (မြန်အောင်) တို့တွေ ဖြစ်ပါတယ်။

အဲဒီတော့သခင်ဖေအောင်တို့အိမ်မှာ နိုင်ငံရေးသင်တန်း စုစုပေါင်း လေးကြိမ် လုပ်ပြီးတဲ့နောက်၊ ခရိုင်အတွင်းက အခြားမြို့နယ်များကို သွားပြီးတော့ ကိုထွန်းက သင်တန်းပေးပါတယ်။

နောက် အမျိုးသမီး နိုင်ငံရေးသင်တန်းပေးဖို့ဆိုပြီးတော့ မနှင်းဆီ (အခု ကိုဌေးမြိုင်ရဲ့ ဇနီး) သူ့ကို ကိုထွန်းက သာယာဝတီကို ခေါ်လာတယ်။ ၁၉၄၄ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ မနှင်းဆီ ရောက်လာပါတယ်။ နောက် မနှင်းဆီနဲ့အတူတူ သင်တန်းတက်ဖို့ဆိုပြီးတော့ ရန်ကုန်ကနေပြီးတော့ အမျိုးသမီးသုံးယောက် ပါလာပါတယ်။ မလှိုင်လှိုင်တို့ ညီအစ်မ ဖြစ်ပါတယ်၊ သူ့အစ်မက မစန်းကြည်ပါ။ မလှိုင်လှိုင်ဆိုတာကတော့ ဂျပန်ပြန်ဗိုလ်ရန်အောင်နဲ့ အိမ်ထောင်ကျသွားပါတယ်။ နောက်တစ်ယောက်ကတော့ မမြမေ (ခ) မခင်ညွန့်ပါ။ နောက်ပိုင်း ကိုကိုကြီး (ခ) ကိုအောင်မြင့်နဲ့ အိမ်ထောင်ကျသွားပါတယ်။ အမျိုးသမီး သင်တန်းကို အဲဒီ အမျိုးသမီးတွေရယ်။ သခင်ဖေအောင်ရဲ့ ဇနီး သခင်မ မတင်တင်အေး၊ နောက် သာယာဝတီက စည်းရုံးထားတဲ့ အမျိုးသမီးနဲ့ အမျိုးသားတွေရယ်၊ အဲဒီမှာ သင်တန်းတက်ပါတယ်။ နောက် မနှင်းဆီက သာယာဝတီမှာ သင်တန်းပို့ချပြီးတဲ့အခါကျတော့ လက်ပံတန်း မမိမိတင်တို့ဆီကို တစ်ခါသွားပြီးတော့ သင်တန်းပို့ချဖို့ သခင်ဖေအောင် ကိုယ်တိုင်ပဲ လိုက်ပြီးတော့ ပို့လိုက်ပါတယ်။

လက်ပံတန်းပြီးတော့ ကြို့ပင်ကောက် သွားရပါတယ်။ နောက် မနှင်းဆီကို သာယာဝတီခရိုင်ကနေ တခြား ခရိုင်တစ်ခုမှာ တာဝန်ပေးဖို့ဆိုပြီးတော့ ပြန်ခေါ်လို့ မနှင်းဆီ ပြန်ပြီးသွားရပါတယ်။ အမျိုးသမီးတွေရှိနေတုန်းက ဆိုရင် သူတို့ရဲ့ သွားရေးလာရေး လုံခြုံရေးကို သခင်ဖေအောင် တာဝန်ယူပြီးတော့ သေသေချာချာ စောင့်ရှောက်ထားခဲ့ပါတယ်။ နောက် နိုင်ငံရေးသင်တန်းများမှာ အဓိက ပို့ချတဲ့ ဘာသာရပ်တွေကတော့ နိုင်ငံရေး ဆွေးနွေးခန်း၊ ဗမာ့လွတ်လပ်ရေး ကြေငြာစာတမ်းအမှတ် (၁)၊ ပုန်ကန်ဖို့ ပြင်ကြစို့၊ အနုပဋိလောမရုပ်ဝါဒ၊ ငါတို့ဘာတွေလိုနေသေးသလဲ၊ နယ်ချဲ့စနစ်၊ အဲဒါတွေ နိုင်ငံရေးသင်တန်းမှာ အဓိကပို့ချပါတယ်။

နောက် ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် စည်းရုံးရေးလုပ်နေစဉ်မှာ သခင်ခင်အောင်က သခင်ဖေအောင်ကို ခေါ်ပြီးတော့၊ တာဝန်နှစ်ခု ပေးပါတယ်။ ပထမတာဝန်ကတော့ အိန္ဒိယပြည်ကို စစ်ပညာသင်ကြားဖို့၊ နောက် မြန်မာပြည်ကို

လေထီးနဲ့ ပြန်ဆင်းဖို့အတွက် သာယာဝတီခရိုင်က ရဲဘော်နှစ်ယောက် ရွေးပေးဖို့ တာဝန်ပေးပါတယ်။

အဲဒီအတွက် သာယာဝတီက သခင်သိန်းမောင် (ဦးသိန်းခံ) (အင်းစိန်မှာ ကွယ်လွန်သွားပါတယ်)နောက် သာယာဝတီခရိုင် အာရှလူငယ် စည်းရုံးရေးမှူး ကိုမြင့်သိန်းက ကမာရွတ်မြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ လုပ်ခဲ့တဲ့သူပါ။ သူတို့ကို သခင်ခင်အောင်ဆီကို လွှတ်လိုက်ပါတယ်။

ကိုမြင့်သိန်းက ရန်ကုန်ရောက်သွားတဲ့အခါ အကြောင်းမညီညွတ်လို့ မသွားဖြစ်ဘူးဆိုတော့ သူ့အစား မင်းလှက ကိုစောဦးကို ထပ်ရွေးရတယ်။

ကိုစောဦးကို ကိုမြင့်သိန်းအစား ပြန်ရွေးရပါတယ်။

နောက် တာဝန်တစ်ခုကတော့ အိန္ဒိယ ကိုသိန်းဖေတို့ဆီကနေပြီး ပြန်လွှတ်မယ့် ရဲဘော်တွေ၊ လေထီးနဲ့ ဆင်းနိုင်းမယ့် နေရာ ရှာပေးဖို့တွေ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

သာယာဝတီ ကွင်းပြင်တစ်ခုမှာ ဆင်းဖို့ စီစဉ်ပါတယ်။ တောင်ခြေနဲ့လဲ နီးတော့ လုံခြုံရေးလဲ ရှိတယ်။ နောက် အဲဒီမှာ ဆက်သွယ်ဖို့ကတော့ လှည်းလမ်းကူး ရွာသူကြီး သခင်ဘင်(ကွယ်လွန်)ဖြစ်တယ်။ နောက်တစ်ယောက် က ဦးမှူးကြီးကတစ်ဆင့် သခင်ဖေအောင်နဲ့ ဆက်သွယ်ဖို့ပါ ဒီနာမည်တွေ ပေးလိုက်တယ်။

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလမှာ ဦးသိန်းဖေမြင့်ကနေ ဗမာနိုင်ငံကို လေထီးအဖွဲ့ သုံးဖွဲ့ ပြန်လွှတ်လိုက်ပါတယ်။ တစ်ဖွဲ့က သာယာဝတီ၊ နောက် တစ်ဖွဲ့က ပဲခူး၊ နောက်တစ်ဖွဲ့က မြစ်ဝကျွန်းပေါ် လေထီးနဲ့ ချပေးပါတယ်။ သာယာဝတီကို လွှတ်မယ့် အဖွဲ့ကို ခေါင်းဆောင်သူက ဗိုလ်ကြီး ဗထူးတပ်က ဗိုလ်ရဲထွန်းပါ၊ အခု ရန်ကုန် (ရန်ကင်းမှာ နေပါတယ်) သူနဲ့ပါလာတာက ဝါယာလက်အော်ပရေတာ ချင်းအမျိုးသား ချာလီတန်ကွန်း ဆိုတာ ဖြစ်ပါတယ်။ စစ်ပြီးတဲ့အခါကျတော့ ဗမာ့တပ်မတော်မှာ ဆက်ပြီးတော့ တာဝန်ထမ်းဆောင် တော့ ဗိုလ်ကြီးအဆင့်နဲ့ သူ ပင်စင်ယူပြီး တောင်ငူ ကန်လမ်းမှာ နေထိုင်ပါတယ်။

လေထီးဆင်းရမယ့် ရဲဘော်တွေ သယ်လာတဲ့ လေယာဉ်ပျံ အိန္ဒိယက နေ ၁၉၄၅ ခု၊ ဇန်နဝါရီလ (၂၈) ရက်နေ့ တနင်္ဂနွေနေ့ည ထွက်လာပြီး ကိုရဲထွန်းနဲ့ ချာလီတို့ကို ချပေးပါတယ်။ ချပေးဖို့ နေရာကတော့ သာယာဝတီ

ရှေ့ ၁၀ မိုင်လောက်ဝေးတဲ့ လှည်းလမ်းကူးရွာနားမှာ ချပေးဖို့ မူလက စီစဥ်ထားပေမယ့် နေရာမှားပြီးတော့ သာယာဝတီမြောက်ဖက် ၁၂ မိုင်လောက် ဝေးတဲ့ ငှက်သိုက်ရွာနားမှာ မှားပြီး ချပေးလိုက်ပါတယ်။

ဒီလိုနေရာမှားချပေးပေမယ့် ကိုရဲထွန်းဟာ သခင်ဖေအောင်တို့ဆီ ရောက်လာပါတယ်။ ရောက်လာတာက သက်သက်သာသာနဲ့ ရောက်လာတာ မဟုတ်ပါဘူး။ သက်စွန့်ဆံဖျား ရောက်လာတာပါ။ ရောက်လာပြီးတော့ သူ့အဖြစ်အပျက်ကို ပြန်ပြောပြပါတယ်။ "အဲဒီတုန်းက ငှက်သိုက်ရွာမှာ အသုဘာတစ်ခု ရှိတယ်။ အောက်လင်းမီးတွေ ထွန်းထားတယ်။ လေယာဥ်ပျံက မီးတွေမြင်တော့ အောက်ကနေ အချက်ပြတယ်ထင်ပြီး မှားချလိုက်တာပါ။ သူတို့ကျတဲ့နေရာ အသုဘာအိမ်မှာ လူတွေက အများကြီး ရဲတွေလဲ ရှိတယ်။ အဲဒီ ငှက်သိုက်ရွာနဲ့ ၂ မိုင်လောက်ဝေးတဲ့ လက်ပံတန်းအရှေ့ ကြေးနီမှာလဲ ဂျပန်စစ်တပ် ရှိနေတယ်။

သူတို့ မြေပေါ်ကျလာတဲ့အခါကျတော့ ရွာသားတွေ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်တယ်။ ဒီလေယာဥ်ပျံ ဝဲနေတုန်းက ရွာသားတွေ ထွက်ကြည့်နေတယ်။ အသုဘာရှိတော့ လူတွေက မအိပ်ကြသေးဘူး။ ရွာနားမှာကျတဲ့အခါ သူနဲ့ ချာလီနဲ့ကတော့ သိပ်မဝေးဘူး၊ ကိုရဲထွန်း အချက်ပြလိုက်တော့ ချာလီ သူ့ဆီ ပြေးလာတယ်။ ပြေးလာတော့ အဲဒီနေရာမှာ ကိုသူတော်လို့ ခေါ်တဲ့ ရွာသားတစ်ယောက်က သူတို့အနားကို ရောက်လာတယ်။ ရောက်လာတော့ သူက ဒါဘာရွာလဲ မေးတော့ ငှက်သိုက်ရွာ၊ ဒါ လက်ပံတန်းအရှေ့လို့ ပြော လိုက်တယ်၊ သူတို့နေရာမှားမှန်း သိသွားတယ်။ အဲဒီ ကိုသူတော်ကို ရွှေဒင်္ဂါး တစ်ပြား ထုတ်ပေးလိုက်ပြီး ရိုးမတောင်ခြေကို ဘယ်လိုသွားရမလဲလို့ လမ်းညွှန် ခိုင်းတယ်၊ ဘယ်လိုဘယ်လို ဒီကနေပြီးတော့ သွား၊ ဒီရွာမှာလဲ ရွာသားတွေ ရဲသားတွေရှိတယ်ဆိုပြီးတော့ အဲဒီလူက ပြောတယ်။

ဝါယာလက်စက်နဲ့ ပစ္စည်းတွေကတော့ အဲဒီအသုဘာအိမ်နားမှာ ကျတော့ ပစ္စည်းတွေကို ဘယ်လိုမှ မယူနိုင်ဘဲ အဲဒီလူ ညွှန်လိုက်တဲ့အတိုင်း ပြေးရတာပဲ။ ပြီးတော့ တစ်ညလုံး သူတို့ နားလိုက် ပြေးလိုက်နဲ့ လယ်တဲလေးတစ်ခု သွားတွေ့တယ်။ မီးလေး မှိတ်တုတ်မှိတ်တုတ်နဲ့ ဝင်ပြီးတော့ ကြည့်တော့ အဘိုးကြီးအိုတစ်ယောက် တွေ့တယ်။ သူတို့က ရွှေဒင်္ဂါးတစ်ပြား ပေးလိုက် ပြီးတော့ ပုဆိုးဟောင်း တောင်းတယ်။ အဘိုးကြီးက ချည်နှစ်နံစပ်ပုဆိုး

တစ်ထည်ပေးတယ်။ နှစ်နံ့စပ်ပုဆိုး ဆိုတော့ တစ်ထည်ကို ခွဲလိုက်ရင် နှစ်ထည်ဖြစ်သွားတယ်။ ဂျပန်ခေတ်က ယက်တဲ့ ဖျဉ်ကြမ်းလုံချည်ပဲ၊ အဲဒါရတော့ကာ သူတို့ ဘောင်းဘီတွေ အင်္ကျီတွေ ချွတ်ပြီးတော့ မြေကြီးထဲမြှုပ်၊ မြှုပ်ပြီးတော့ ပုဆိုးဟောင်းနဲ့ လဲဝတ်ပြီးတော့၊ ရှေ့ဆက်သွားတယ်။

မိုးလင်းခါနီး ဝေလီဝေလင်းအချိန်လောက်မှာ ရွာတစ်ရွာနားကို ရောက်သွားတယ်။ ရွာအပြင်ဘက်တောစပ်က ရွာထဲကို ချောင်းမြောင်းကြည့်လိုက်တဲ့အခါ ရွာအစွန်ဆုံး အိမ်တစ်အိမ်ရှေ့မှာ ကိုအုံးဆိုင်ဆိုတဲ့ လူတစ်ယောက်ကို တွေ့လို့ သွားပြီး ဒီရွာဟာ ဘာရွာလဲဆိုတာ စုံစမ်းတော့မှ သူတို့ရောက်နေတဲ့ ရွာဟာ "ဆားချောင်းမြွားချောင်းရွာ" ဆိုတာ သိရတယ်။

ကိုရဲထွန်းက သူတို့ဟာ ဂျပန်ချွေးတပ်က ထွက်ပြေးလာတာ ဖြစ်တယ်၊ လှည်းလမ်းကူးဘက်ကို သွားလိုကြောင်း၊ တတ်နိုင်ရင် လိုက်ပို့ပေးဖို့ ပြောပြီး ရွှေဒင်္ဂါး တစ်ပြားပေး အကူအညီတောင်းရတယ်။

ကိုအုံးဆိုင်တို့အိမ်မှာပဲ နံနက်စာ ထမင်းစားပြီး (၁၁) နာရီလောက်မှ ကိုအုံးဆိုင်က လှည်းနှင့် လိုက်ပို့တယ်။ ဆားချောင်းမြွားချောင်းရွာမှာ ဂျပန်စစ်တပ်ကလေး ရှိနေပါတယ်။ အဲဒီစစ်တပ်ဘေးကပဲ လှည်းကို မောင်းသွားပါတယ်။

ဂျပန်တွေကိုလဲ မြင်နေရတော့ ရင်တဖိုဖိုနဲ့ လိုက်လာပါတယ်။ ကိုအုံးဆိုင်က လှည်းမောင်းတော့ သူ့အဖော်တစ်ယောက်က ဓားကိုကိုင်ပြီး လှည်းနောက်က လမ်းလျှောက်လိုက်လာပါတယ်။

ကိုရဲထွန်းက နိုင်ငံရေးအရ အကင်းလဲပါး မျိုးချစ်စိတ်လဲ တကယ်ရှိတဲ့ လူတွေပဲလို့ ကိုအုံးဆိုင်တို့ကို ချီးကျူးတယ်။ ဘာကြောင့်လဲဆိုတော့ ကိုအုံးဆိုင်နဲ့ သူတို့နှစ်ယောက်ဟာ လှည်းပေါ်မှာ စကားလက်ဆုံကျပြီး ရင်းနှီးလာတော့ သူတို့ချွေးတပ်က ပြေးလာတယ်ဆိုတာ မဟုတ်တန်ဘူး၊ ညက ေယာဉ်ပျံသံ ကြားတယ်။ ဒါကြောင့် သူတို့နှစ်ယောက်ဟာ လေထီး ဆင်းသမားတွေ ဖြစ်ကြောင်းကို ငြင်းလည်းမငြင်း၊ ဝန်လည်းမခံဘဲ သူတို့ အကြောင်းကို ဂျပန်မသိအောင် လျှို့ဝှက်ထားဖို့ကိုသာ ပြောခဲ့ပြီး နောက်ထပ် ရွှေဒင်္ဂါး တစ်ပြားပေးပြီး နှုတ်ပိတ်အောင် လုပ်ရပါတယ်။

ကိုအုံးဆိုင်ကတော့ သူဟာ ဆားချောင်း မြွားချောင်းရွာရဲ့ လူမျိုးကာလသားခေါင်းလည်း ဖြစ်ပြီး ဂျပန်က ဖွဲ့ထားတဲ့ ဝါးချွန်တပ်၊ ကျေးရွာ

ကာကွယ်ရေးတပ်မှာလည်း ခေါင်းဆောင်လူကြီးတစ်ဦး ဖြစ်ကြောင်း ပြောပြပါတယ်။

ညနေ ၅ နာရီလောက်မှာ သူတို့လှည်းဟာ ဖားရွှေကျော်ရွာကို ရောက်ပြီး နေဝင်ရီတရောအချိန်လောက်ကျမှ လှည်းလမ်းကူးရွာကို ရောက်ပါတယ်။ လှည်းလမ်းကူးရွာနဲ့ တစ်ဖာလုံလောက် အကွာမှာ ကိုရဲထွန်းနဲ့ ချာလီတို့ဟာ လှည်းပေါ်က ဆင်းပြီး လှည်းကို ပြန်လွှတ်လိုက်ကြပါတယ်။

ရွာထဲဝင်သွားတာနဲ့ ကျေးရွာကာကွယ်ရေးတပ်သားတွေက သူတို့ကို ဝိုင်းထားကြပြီး စစ်ဆေးမေးမြန်းကြပါတယ်။ ကိုရဲထွန်းက သူတို့ သာယာဝတီဘက်ကပါ၊ နွားပျောက်တာ လိုက်ရှာရင်း ဒီရွာကို ရောက်လာတာ ဖြစ်ပါတယ်။ သူကြီးဦးတင်ကို သိပါတယ်။ သူကြီးထံ ပို့ပေးဖို့ ပြောတော့မှ သူတို့နှစ်ယောက်ကို သူကြီးအိမ်ကို ခေါ်လာခဲ့ကြပါတယ်။

သူကြီးအိမ်ရောက်တော့ ကိုရဲထွန်းက အပေါ်တက်သွားပြီးတော့ သူကြီးနားကပ်ပြီးတော့ တိုးတိုးလေး သူတို့ဟာ လေထီးဆင်းတဲ့ ရဲဘော်တွေပါ၊ နေရာမှားဆင်းလို့ လူလွတ်ထွက်ပြေးလာရတာပါ။ သာယာဝတီမှာရှိတဲ့ သခင်ဖေအောင်ဆီကို လိုက်ပို့ပေးပါဆိုတော့ ဦးတင်ကိုလည်း သခင်ဖေအောင်တို့က လေထီးနဲ့ ရဲဘော်တွေ ဆင်းလာမယ်လို့ ပြောထားပြီးသားဆိုတော့ သူကြီးက သဘောပေါက်သွားပြီး သူ့လူတွေကို ဟုတ်တယ်ကွ ဒါငါ့အသိတွေ၊ မင်းတို့ ပြန်ကြတော့ဆိုပြီးတော့ ပြောတော့ ကင်းသမားတွေ ပြန်သွားကြတယ်။

အဲဒီကနေ ညသန်းခေါင်ကျော်လောက် သူတို့ကို လှည်းနဲ့ သာယာဝတီခေါ်လာတယ်။ ဇန်နဝါရီ ၃၀ ရက်နေ့ မနက် ၅ နာရီလောက်မှာ ဗိုလ်မြဒင်လမ်းမှာရှိတဲ့ သခင်ဖေအောင်အိမ်လာပြီး တဝုန်းဝုန်းနဲ့ ထုတော့ ဘယ်သူများဘာတွေ အရေးကြီးလာလဲ ဆိုပြီးတော့ တံခါးဖွင့်ကြည့်လိုက်တော့ ဦးတင်အရင်ဆုံး ဝင်လာပြီး မင်းကောင်တွေ မှားပြီး ဆင်းလို့ ထွက်ပြေးလာရတယ်၊ ဘာညာနဲ့ ပြောတော့ ဘယ်သူလဲ ဘာမှားဆင်းတာလဲ မေးတော့ လေထီးနှစ်ကောင်လေလကွာ ပြောတော့ အိမ်ထဲ ခေါ်သွင်းရတယ်။

အဲဒီတော့မှ ကိုရဲထွန်းက သူတို့ ဘယ်လို လွတ်လာတယ်ဆိုတာ ပြန်ပြောပြတယ်။ အဲဒါနဲ့ ခရီးရောက်မဆိုက်ဘဲ ကိုရဲထွန်းရယ်၊ ချာလီရယ် သခင်ဖေအောင်ရယ် ဘယ်လိုလုပ်ကြမလဲ တိုင်ပင်တယ်။ တိုင်ပင်တော့ အခု

ဖြစ်ပျက်တဲ့အဖြစ်အပျက်ကို ဌာနချုပ်ကို အမြန်ဆုံး သတင်းပို့ဖို့၊ နောက် ဖြစ်နိုင်ရင် ဝါယာလက်စက် နောက်တစ်လုံး အဲဒီ လှည်းလမ်းကူးမှာ ထပ်ချပေးဖို့ ဗိုလ်ရဲထွန်းကို သခင်ဖေအောင် ကိုယ်တိုင် ရန်ကုန်ကို ခေါ်သွားဖို့ လို့ ဆုံးဖြတ်တယ်။

ချာလီကတော့ ချင်းလည်းဖြစ်နေတယ်။ ဗမာလိုလဲ ကောင်းကောင်း မပြောနိုင်ဘူး။ သူ့ရုပ်က မြင်လိုက်တာနဲ့ ဗမာမဟုတ်မှန်း သိသာတယ်။ သူ့ကိုတော့ ခေါ်သွားလို့ မဖြစ်ဘူး။ သာယာဝတီမှာပဲ ထားခဲ့မယ်လို့ သူ့ကို ပြောပြတယ်။ သူကလည်း သဘောတူတယ်။

သူ့ကို ဝှက်ထားဖို့ အကောင်းဆုံးနေရာကို ရှာတဲ့အခါကျတော့ သာယာဝတီမြို့အစွန်မှာရှိတဲ့ သခင်ဖေအောင် အဖေရဲ့ ခြံကြီး ရှိပါတယ်။

(ဒီခြံကြီးနဲ့ ပတ်သက်ပြီး စာရေးသူကို သခင်ဖေအောင်က ဒီလိုပြောပြပါတယ်။ စာရေးသူ)

အဲဒီခြံကြီးက ရာဇဝင်နဲ့ပါ။ ၁၉၄၂ ခုနှစ် တုန်းကလည်း ဒီခြံကြီးထဲမှာပဲ ဘားမားရိုင်ဖယ်တပ်ထဲက စစ်သားတွေ ခိုးထုတ်လာတုန်းက အဲဒီမှာပဲ ဖွက်ထားရတယ်။ သူတို့စီးလာတဲ့ စစ်လော်ရီ ကားကို အင်္ဂလိပ်တပ်က တွေ့ပြီး၊ ဒီခြံထဲကနေပြီး၊ ဆွဲသွားတဲ့အတွက် ဒီခြံထဲကနေပြီးတော့ ဝန်ကြီးဟောင်း ဦးကျော်ငြိမ်းတို့ ဗိုလ်ချုပ်ကြီးနေဝင်းတို့ ရန်ကုန်ကို ခြေကျင်လျှောက် ပြန်ခဲ့ရတဲ့ ခြံကြီးပါ။ အဲဒီ ဘားမားရိုင်ဖယ် စစ်သားတွေကို သူတို့ ခေါ်လာကြပြီး လက်ပံတန်းမှာ ရှိတဲ့ သခင်စိန်မောင်တို့ကို ရှာတော့ ဟိုမှာ ရှာမတွေ့ဘူး၊ ရှာမတွေ့တော့ ဟိုမှာ တဝဲလယ် ဖြစ်ပြီးတော့ နောက် သာယာဝတီကို ရောက်လာပြီး သခင်တင်ထွန်း (ပျဉ်းမနား သခင်တင်ထွန်း) လာပြီးတော့ ရဲဘော်ရေ လုပ်စမ်းပါဦး တို့တော့ မိုးလဲလင်း တော့မယ်၊ ရဲဘော်တွေ ဝှက်ထားဖို့ နေရာရှာပေးစမ်းပါဦး ဆိုတော့ ချက်ချင်း ကျွန်တော့်အဖေ ခြံကြီးထဲ ခေါ်သွားတယ်။ အဲဒီမှာ ရဲဘော်တွေအတွက် ခြံက ကျယ်လည်းကျယ်တယ်၊ လမ်းမနဲ့ဆိုရင် အိမ်နဲ့က ခပ်လှမ်းလှမ်းမှာ ခြံအတွင်းဘက်ကျတယ်၊ နောက် အိမ်ထဲမှာလည်း ဘားမားရိုင်ဖယ် တပ်သားတွေ ဝှက်ထားလို့ရတယ်၊ ကားကတော့ အဲဒီအိမ်ရှေ့မှာ ထိုးထားတယ်။ နောက်ပြီးတော့ ကားက ရှိတာကို ဖြုတ်ပြီးတော့

ယူထားတယ်။ နေ့ခင်း လောက်ကျတော့ သာယာဝတီက အင်္ဂလိပ် စစ်ဗိုလ်တစ်ယောက်ကားနဲ့ ဖြတ်မောင်းသွားရင်း ဒီစစ်ထရပ်ကားကြီးကို မြင်တယ်၊ မြင်တော့ ဝင်လာပြီးတော့ သူ့ရဲ့ ပန်ချာပီ စစ်သား၊ ကားဒရိုင်ဘာနဲ့ စက်နှိုးတော့ နှိုးလို့မရဘူး။ ကျွန်တော်တို့က အိမ်ထဲက နေပြီးတော့၊ ရိုင်ဖယ်တွေနဲ့ အဆင်သင့်ကို လုပ်ထားတယ်။ အထဲဝင်လာ ရင်တော့ တွေ့ကြတော့မှာပဲ။ သူတို့မဝင်ဘူး ထွက်သွားတယ်၊ သူတို့ ထွက်သွားပြီးတော့မှ လော်ရီ တစ်စင်း ခေါ်လာတယ်။ ခေါ်လာပြီးတော့ အဲဒီကားကြီးကို ကြိုးနဲ့ချည်ပြီး ဆွဲသွားတယ်။ အဲဒီတော့မှ လူတွေ သက်ပြင်း ချနိုင်တော့တယ်။ ဒါပေမယ့် ပြန်စရာ ကားမရှိတော့ဘူး။ သူတို့ ရန်ကုန်ကို ပြန်ရတော့ ကားလဲ မရှိဘူး၊ အဲဒီမှာ ဦးကျော်ငြိမ်း ပါတယ်။ သခင်ပု ပါတယ်၊ သခင်တင်ထွန်း ပါတယ်၊ ဗိုလ်ချုပ်ကြီး နေဝင်းပါလာတယ်။ နောက် သခင်တုတ်ရွှေလား ဘာလားမသိဘူး သူလဲပါလာတယ်။ သူတို့တွေ အားလုံး ရန်ကုန်ကို ခြေကျင် လျှောက်ပြန်သွားရတယ်။ အဲဒီလို သမိုင်းနောက်ခံရှိတဲ့ ခြံကြီးပေါ့လေ။ အင်မတန်မှ လုံလုံခြုံခြုံနဲ့ စိတ်ချရပါတယ်။ မြို့လယ်နဲ့ဆိုရင် တစ်မိုင် လောက်ဝေးတယ်။ ပြည်–ရန်ကုန် ကားလမ်းဘေးမှာပါပဲ။

ချာလီကို အဲဒီခြံထဲခေါ်သွားပြီး သခင်ဖေအောင်ရဲ့ အဖေကို နည်းနည်း ပါးပါး အကျိုးအကြောင်း ပြောပြခဲ့တယ်။ ချာလီဆီမှာက Cypher ဆိုင်ဖာ စကားဝှက်ကို ကိုယ်ထဲမှာ ထည့်ထားတယ်။ ဝါယာလက် စက်တွေသာ ဆုံးသွားတယ်။ ကုတ်ဝေ့ (စကားဝှက်) တွေက ပါမသွားဘူး။ ဂျပန်လက်ထဲ ရောက်မသွားဘူး။ သူ့ဆီမှာ ပါလာတယ်။ ချာလီက သတင်းတွေ ရေးပေးတယ်။ သူ သာယာဝတီမှာ ချောချောမောမော အသက်ရှင်နေပါတယ်ဆိုတဲ့ အကြောင်း နဲ့ နောက်ထပ် စက်တစ်လုံး ထပ်ချပေးဖို့ဆိုပြီး သတင်းရေးပါတယ်။ ဒီသတင်းကို အခြား သူတို့ဆက်သွယ်ရေးစခန်း တစ်ခုခုကနေပြီးတော့ အိန္ဒိယကို ပို့ပေးပါဆိုပြီးတော့ သခင်ဖေအောင်နဲ့ ပေးလိုက်တယ်။

ကိုရဲထွန်းနဲ့လည်း ဘာပါလာသလဲဆိုရင် ဦးသိန်းဖေမြင့် ရေးပေးလိုက် တဲ့ ဖက်ဆစ်ကျွန်ဘဝမှ လွတ်မြောက်ရေး စာတမ်းတစ်ခု ပါလာတယ်၊ သူက တော့ သူ့ပေါင်မှာကပ်ချည်ပြီးတော့ ယူလာတယ်။ အဲဒီစာတမ်းရယ်၊ ချာလီရေးတဲ့ သတင်းရယ်၊ သခင်ဖေအောင် လွယ်အိတ်ထဲမှာ ထည့်ပြီးတော့ ၃၁ ဇန်နဝါရီမှာ

သုံးဆယ်ကနေပြီးတော့ မနက်ထွက်တဲ့ ဘတ်စ်ကားနဲ့ ကိုရဲထွန်းနဲ့ လိုက်လာတယ်။

လိုက်လာတော့ လမ်းရှာဖွေရေး ဂိတ်တွေ ဂျပန်ဂိတ်တွေ ရှိပါတယ်။ အဲဒီမှာ ရှာပါတယ်။ သခင်ဖေအောင်ကတော့ ရဲအုပ်ဆိုတော့ တံဆိပ်တွေဘာတွေနဲ့ ယူနီဖောင်းတွေနဲ့ဆိုတော့ အရှာမခံရဘူး။ ကိုရဲထွန်း လက်ပတ်နာရီ အိန္ဒိယက အသစ်ပါလာတယ်။ ခင်ဗျားဟာကို ဂျပန်မြင်ရင် ဆော်ပလော်တီးလိမ့်မယ် ဆိုပြီးတော့ သခင်ဖေအောင်ရဲ့ နာရီအဟောင်းနဲ့ လဲရတယ်။

ဒီလို ရှာဖွေရေး ဂိတ်တွေက လွတ်လာတယ်။ ညနေ ၅ နာရီ ၆ နာရီလောက် ရှိတော့မှ ရန်ကုန်ရောက်ပြီး ကုက္ကိုင်းမှာရှိတဲ့ သခင်မြအိမ်ကို သွားတယ်။ အပေါ်ထပ်မှာရှိတဲ့ အခန်းတစ်ခန်းမှာ ထားတယ်။

သခင်ခင်အောင်နဲ့ တွေ့တယ်။ အကျိုးအကြောင်း ပြောပြတယ်။ ပြောပြတော့ ချက်ချင်းပဲ သခင်ခင်အောင်ကလည်း ဆိုင်ရာကို သတင်းသွားပို့တယ်။ အဲဒီအချိန်မှာ မန္တလေးက ဗိုလ်မှူးဗထူးကလည်း ရန်ကုန်ကို ခဏရောက်နေတယ်၊ သန်းခေါင်လောက်လည်း ကျရော ကိုရဲထွန်းကို ဗိုလ်မှူးဗထူးကိုယ်တိုင် လာခေါ်သွားတယ်။

ချာလီနဲ့ ပတ်သက်လို့တော့ နောက်ထပ် ဌာနချုပ်က သူတို့ ညွှန်ကြားချက် မရမချင်း သာယာဝတီမှာပဲ ဆက်ထားပါလို့ ပြောတယ်။

ဖေဖော်ဝါရီလ ၂ ရက်နေ့ကျတော့ သခင်ဖေအောင် ရန်ကုန်ကနေပြီး သာယာဝတီကို ပြန်တယ်။ နောက် တစ်လပြည့်တဲ့နေ့မှာ နောက်ထပ် ဝါယာလက် စက်တစ်လုံး ထပ်ချပေးမယ်၊ အောက်ကနေ စောင့်ပါဆိုတော့ အဲဒီမှာ ဖေဖော်ဝါရီ (တပို့တွဲလပြည့်ညမှာ) သခင်ဖေအောင် သွားစောင့်နေတယ်။ စောင့်တော့ လေယာဉ်ပျံသံတော့ ကြားတယ်။ ချမပေးဘူး။ နောက်မှ ဘာသိရသလဲဆိုတော့ ပေးမယ့်စက်ကို ပဲခူးဘက်မှာ ချပေးခဲ့တယ်။ ချပေးခဲ့ပြီးတော့ အဲဒီစက်ကို မြစ်ဝကျွန်းပေါ် သခင်စိုးရဲ့ ဌာနချုပ်မှာ သုံးဖို့ဆိုပြီးတော့ စာရောက်လာတယ်။ ၁၉၄၅ ခု၊ မတ်လ ၉ ရက်နေ့မှာ ဗိုလ်ရန်အောင်ကိုယ်တိုင် သူ့ကားနဲ့လာပြီးတော့ ချာလီကို ခေါ်သွားပါတယ်။ ဖက်ဆစ်တော်လှန်ရေး မစခင် ၁၅ ရက်လောက်မှာ သာယာဝတီနယ်မှာ တပ်ဖျောက်ဖို့ ကိစ္စတွေ လုပ်ဖို့ဆိုပြီး ရန်ကုန်ကနေပြီး တပ်မတော်က နိုင်ငံရေးမှူး ဗိုလ်မျိုးမြင့် (အသားမည်းမျိုးမြင့်၊ တောခို) ရောက်လာပြီး သူနဲ့ သခင် ဖေအောင်တို့

ညှိပြီး တပ်ဖျောက်ရမယ့် ရွာတွေကို ရွေးတယ်။ ရွေးပြီးတော့ အဲဒီက ကျေးရွာခေါင်းဆောင်တွေ ခေါ်ပြီးတော့ ရှင်းပြပြောပြတယ်။ တာဝန်တွေ ဘာတွေ အပ်လိုက်တယ်။ မတ်လ ၂၃ ရက်နေ့မှာ မင်းလှစည်သူတပ်ရင်းမှ တပ်ခွဲ သာယာဝတီကို ရောက်လာတယ်။ ရောက်လာတော့ ချက်ချင်းပဲ ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း သာယာဝတီအရှေ့ဘက်မှာရှိတဲ့ ရွာတွေကို ဖြန့်ပြီးတော့ တပ်ဖျောက်လိုက်တယ်။

တော်လှန်ရေး မစမီ ၃ ရက်လောက် အလိုမှာ ရန်ကုန်က သခင်ခင်အောင် ရောက်လာပါတယ်။ မတ်လ ၂၆ ရက်နေ့၊ နေ့ခင်းလောက်မှာ ရန်ကုန်က အထူးဆက်သား ရောက်လာပါတယ်။ မတ်လ ၂၇ ရက်နေ့မှာ ဂျပန်ကို တစ်ပြိုင်နက် တော်လှန်ရမယ်ဆိုပြီးတော့ ဗိုလ်ကျော်ဇောဆီက နေပြီး ညွှန်ကြား ချက်လာပို့ပါတယ်။

အဲဒါနဲ့ ချက်ချင်းပဲ ရွာတွေမှာ ခွဲထားတဲ့ တပ်မတော်က ဗိုလ်တွေကို သွားခေါ်ပြီးတော့ သခင်ဖေအောင်တို့အဖေ ခြံကြီးထဲမှာပဲ အစည်းအဝေး လုပ်ပြီး ၂၇ ရက်နေ့ ညကျရင် သာယာဝတီမှာ ရှိတဲ့ ဂျပန်တပ်တွေကို ဘယ်လို တိုက်မယ်ဆိုတာ အသေးစိတ် ညှိနှိုင်းကြတယ်။

သခင်ဖေအောင်ရဲ့ သူငယ်ချင်း၊ (ဂျပန်စကားပြန်)ကို ခေါ်ပြီး ဂျပန် စစ်တပ်တွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာကို ရဲဘော်တွေနဲ့ စစ်ဗိုလ်တွေကို လိုက်ပြစေတယ်၊ မတ်လ ၂၇ ရက်နေ့ ညကျတော့ သာယာဝတီမှာရှိတဲ့ ဂျပန်တပ်ကို နှစ်နေရာခွဲပြီးတော့ တိုက်ဖို့ တပ်စုနှစ်စုခွဲတယ်။ သာယာဝတီအရှေ့ ကို ဆုတ်ဖို့ တပ်စုမှာ သခင်ခင်အောင်က ခေါင်းဆောင်သွားပါတယ်။ သာယာဝတီ အနောက်ကို ဆုတ်ဖို့ တပ်မှာ သခင်ဖေအောင် ခေါင်းဆောင်သွား ပါတယ်။ သခင်ဖေအောင်ကိုယ်တိုင် သာယာဝတီ ကန်ကြီးဘက်မှာရှိတဲ့ ဂျပန်တပ်ကို တိုက်တဲ့ တပ်စုနဲ့ လိုက်သွားပြီးတော့ တိုက်ခိုက်ခဲ့တယ်၊ နောက် သာယာဝတီ အနောက်ဘက်မှာ စံရွှေဖိုးခေါင်ဘက်ကို ဆုတ်ပြီးတော့ အသရော်ရွာ စခန်းချပြီးတော့ အနီးအနားပတ်လည်မှာ ရှိတဲ့ ရွာတွေကို စည်းရုံးတယ်။ နောက် သာယာဝတီ အရှေ့ဘက်ခြမ်းမှာ ရှိတဲ့ တပ်တွေနဲ့ အဆက်အသွယ်လုပ်ဖို့ဆိုပြီးတော့ မတ်လ ၃၀ ရက်နေ့မှာ အဲဒီရွာကနေပြီး သခင်ဖေအောင် တစ်ယောက်တည်း၊ သာယာဝတီအရှေ့ဘက်မှာရှိတဲ့ စာဖြူစု ရွာကို သွားပါတယ်။

အဲဒီမှာ တပ်စုမှူးနဲ့ တွေ့ပြီးတော့ အစီအစဉ် လုပ်တယ်။ သခင်ခင်အောင် ပဲခူးဘက်ကို ဆင်းသွားတယ်ဆိုတာ ကြားတယ်။ နောက် အဲဒီမှာ ၃ ရက် ၄ ရက်လောက် နေပြီး အသရော်ရွာကို ပြန်တယ်။ အပြန်ခရီးမှာ၊ သာယာဝတီမြို့နဲ့ ၁ မိုင်ကျော်ကျော်လောက် ဝေးတဲ့ ဒိမ်ဇာရွာ ခဏဝင်ပြီး အဲဒီမှာရှိတဲ့ လူရင်းတွေနဲ့ ဆွေးနွေးနေတုန်း ဂျပန်စစ်တပ်က ရွာကို ဝိုင်းတယ် ရွာထဲမှာ ရှိတဲ့ အိမ်တွေကို ရှာတယ်။ အဲဒီမှာ သခင်ဖေအောင် မိသွားတယ်။ အဖမ်းခံရပြီးတော့ သာယာဝတီရောက်တော့ ကင်ပေတိုင်ကို အပ်လိုက်တယ်။ ကင်ပေတိုင်က သာယာဝတီ အေဘီအမ်ကျောင်းမှာ စခန်းလုပ်ထားပါတယ်။ အချုပ်ထဲမှာ ထမင်းမကျွေးဘူး။ လက်ပြန်ကြိုး တုပ်ပြီး ခြေထောက်လဲ ကြိုးချည်ထားတယ်။

ရေကတော့ မနက်တစ်ခါ၊ ညနေတစ်ခါပဲ တိုက်တယ်။ ထမင်းကတော့ လုံးဝမကျွေးဘူး။

၄ ရက်မြောက်တဲ့နေ့ကျတော့ အချုပ်ခန်းထဲမှာ သူတို့ နည်းနည်းပါးပါး ခိုင်းပါတယ်။ ထမင်းလဲ စကျွေးတယ်။ ခိုင်းတယ်ဆိုတာကလဲ သူတို့ ဟေးဟိုးတွေ ရှိတယ်။ ဟေးဟိုးအစောင့်နဲ့ မိုးလင်းလာရင် သူတို့ သေနတ်တို့ ဘာတို့၊ ဖုံးခိုကျင်းထဲကို သွားပို့ရတယ်။

နောက် အဲဒီက သန့်ရှင်းရေးတွေ ဘာတွေ လုပ်ခိုင်းတယ်။ ပဉ္စမမြောက်နေ့မှာ ဂျပန်စကားပြန် တစ်ယောက်နဲ့ စပြီးတော့ စစ်တယ်။ လက်ပံတန်း သခင်စိန်မောင်က ဂျပန်တော်လှန်ရေးတုန်းက ဗမာ့တပ်မတော်နဲ့ သွားတယ်လာတယ်ဆိုတာ သတင်းရတော့ သခင်စိန်မောင်ကလည်း ရာဇဝတ်အုပ် သခင်ဖေအောင်ကလည်း ရာဇဝတ်အုပ်ဆိုတော့၊ ရာဇဝတ်အုပ် တစ်ယောက် ပါသွားတယ် ဆိုပြီး သတင်းရနေတယ်၊ အဲဒါကို သူတို့က မေးတယ်။ မဟုတ်ဘူး၊ သူ သာယာဝတီမှာပဲ နေတာ ဘယ်မှ မသွားဘူး။ ဒိမ်ဇာကို နေ့ခင်းဆို ဖုံးရှောင်ရင်းနဲ့ လေယာဉ်ပျံရှောင်ရင်း သွားနေတယ်။ ညကို သာယာဝတီ ပြန်အိပ်တယ်။ ဘာညာဆိုပြီး ပြောတော့ သူတို့ ယောင်ချာချာ ဖြစ်သွားတယ်။

နောက် "ဗမာ့တပ်တော်ကနေ ဂျပန်ကို တော်လှန်တယ်ဆိုတာကို သိလားလို့"ဆိုတော့ သူဘာမှ မသိဘူး။ နိုင်ငံရေးတွေ ဘာတွေ မသိဘူး ပြောတော့ စုံစမ်းဦးမယ်ဆိုပြီး စစ်ဆေးတာတွေ ခဏ ရပ်ထားတယ်။

ရပ်ထားပြီးတော့ နောက်နေ့ကျတော့ ထုံးစံအတိုင်းပဲ အလုပ်တွေကို ဟေးဟိုးတစ်ယောက်နဲ့ လုပ်ရတယ်။ မနက် ၉ နာရီခွဲလောက်ကျတော့ မဟာမိတ်လေယာဉ်ပျံတွေ သာယာဝတီကို လာတယ်။ လာတော့ သူတို့အချက်ပေး သံချောင်းခေါက်တယ်ဆိုရင် တစ်ခါတည်း ဂျပန်တွေ အကုန်လုံး ဗုံးခိုကျင်းထဲ ဝင်ပြေးကုန်ရော၊ ဂျပန်တွေကလဲ တစ်ယောက်မှမရှိဘူး ဟေးဟိုတွေလဲ မရှိဘူး ဂျပန်ကင်ပေတိုင်ရုံးက အေဘီအမ်ကျောင်းဝင်းထဲမှာ၊ အေဘီအမ်ကျောင်းက သူ ငယ်ငယ်တည်းက နေခဲ့တဲ့ ကျောင်းဆိုတော့ ဘယ်နေရာက ထွက်ရင် ဘယ်ရောက်တယ်ဆိုတာ သိပြီးသား။ သခင်ဖေအောင်က ချက်ကောင်းပဲဆိုပြီး နောက်ဖေးပေါက်ကနေ ထွက်ပြေးလွတ်မြောက် သွားတယ်။

နောက် သာယာဝတီအနောက် ကန်လေးရွာ ရောက်ပါတယ်။ အဲဒီမှာ ခဏ ပုန်းတယ်။ ပုန်းနေပြီးတော့ သာယာဝတီ အရှေ့ဘက်မှာ ရှိတဲ့ တောင်ခြေမှာ စခန်းချပြီးတော့နေတဲ့ သခင်ခင်အောင်တို့ တပ်နဲ့ တွေ့ဖို့ဆိုပြီးတော့ သွားပါတယ်။ အဲဒီအချိန်မှာပဲ သခင်ခင်အောင်က ပဲခူးထန်းတောကြီးဘက်ကနေပြီး ပြန်လာပါတယ်။

အဲဒီမှာ သူနဲ့ လေထီးအဖွဲ့တစ်ဖွဲ့ ပါလာပါတယ်။ နောက် အဲဒီ လေထီးအဖွဲ့နဲ့ ပဲခူးရိုးမတောင်ပေါ်မှာ သူတို့ စခန်းလုပ်ပါတယ်။ အဲဒီရောက်သွားတဲ့အခါကျတော့ သခင်ဖေအောင်ကို သခင်ခင်အောင်ကနေပြီးတော့ ကြို့ပင်ကောက် အရှေ့ဘက်မှာ စခန်းချပြီးတော့ လှုပ်ရှားနေတဲ့ ဗိုလ်ချစ်မြိုင် (အခု သံအမတ်ကြီးဟောင်း ဗိုလ်မှူးကြီး ချစ်မြိုင်) သူနဲ့ သာယာဝတီက လေထီးဆင်းရဲ့ဘော် သခင်သိန်းမောင် (ခ) ကိုသိန်းဖံ၊ ကိုထွန်းရယ် သူတို့က ကြို့ပင်ကောက် အရှေ့မှာ ရှိပါတယ်။

သူတို့နဲ့ သွားပြီးတော့ အဆက်အသွယ်ယူဖို့ နောက်ပြီးတော့ ပဲခူးမှာရှိတဲ့ တိုင်း ၄ စစ်ဌာနချုပ်ကနေပြီးတော့၊ တိုင်း (၁) စစ်ဌာနချုပ်ကို ပေးဖို့ဆိုပြီးတော့ စာအိတ်ကြီးတစ်အိတ် ပေးလိုက်တယ်။

အဲဒါနဲ့ သခင်ဖေအောင်လဲ အဖော်နှစ်ယောက် ခေါ်ပြီးတော့ ဧပြီလ ၂၇ ရက်နေ့ အဲဒီမှာ ဂျပန်တွေ ရှင်းတဲ့ ပြည်လမ်းရဲ့ အနောက်ဘက် (ပြည်လမ်း အရှေ့ဘက်ကတော့ ဂျပန်တပ်တွေ ဖြတ်သွားမှ ရမယ်) ရွေးပြီးတော့ သွားတယ်။ သွားတော့ အုတ်ဖိုအနောက်ဘက်မှာ တော်လှန်ရေးလုပ်နေတဲ့ သခင်ဘွန်းရွှေ (အခု ခြံထဲမှာနေပြီး ကွယ်လွန်သွားပါပြီ)နဲ့

ဆက်သွယ် ရပြီး မေးတော့မှ သူက ကြို့ပင်ကောက်က တစ်ခေါက်ပြန်လာခဲ့ပြီး ပြီ၊ သူ့ဆီမှာလည်း စတန်းဂန်းတွေ ဘာတွေ ရလာပြီးပြီ။ သူ့ကို လိုက်ပြပါဆိုပြီး တော့ ခေါ်သွားတယ်။

သခင်ဖေအောင်တို့ ကြို့ပင်ကောက်အရှေ့ ချောင်းစောက်ရွာမှာ စခန်းချတဲ့ ဗိုလ်ချစ်မြိုင်တို့ ကိုသိန်းဇံတို့ဆီ အဲဒီ မေလ ၃ ရက်နေ့မှာ ရောက်တယ်။

အဲဒီကနေပြီးတော့ မေလ ၆ ရက်နေ့မှာ သခင်ဖေအောင်တို့ ကိုဝင်းမောင် (အာရှလူငယ်ခရိုင် စည်းရုံးရေးမှူး) နောက် မသန်းနိုင်၊ နောက် မရင်ရင်၊ ကိုထွန်း အဲဒီက ရဲဘော်တွေနဲ့ တွေ့ပြီး၊ ကြို့ပင်ကောက်ဘက်ကို ပြန်လာပါတယ်။

ကြို့ပင်ကောက်က ဂျပန်တပ်တွေ ဆုတ်သွားပြီဆိုပြီးတော့ သတင်းရတော့ ဗိုလ်ချစ်မြိုင် တပ်က တပ်စိပ်တစ်စိပ်က ကြို့ပင်ကောက်ကို အရင်ဆုံး ဝင်လိုက်ပါတယ်။

နောက်တစ်နေ့ မေလ ၇ ရက်နေ့မှာ ရှေ့ပြေး အင်္ဂလိပ်စစ်တပ် ရောက်လာပါတယ်။ အဲဒီက ရဲဘော်တွေနဲ့ တွေ့တယ်။

ပြီးတော့ အုတ်ဖို၊ မင်းလှ အဲဒီနေရာတွေ လေ့လာပြီး သာယာဝတီကို ပြန်သွားပါတယ်။

သာယာဝတီ ရောက်တော့ ဖက်ဆစ်တော်လှန်ရေး တာဝန်များကို ဆက်ပြီး ထမ်းဆောင်တယ်။ သာယာဝတီ ဖဆပလအဖွဲ့ ဖွဲ့တဲ့အခါမှာ သာယာဝတီမြို့နယ် ဖဆပလအတွင်းရေးမှူးအဖြစ် တာဝန်ပေးလို့ သခင်ဖေအောင် ဆက်လက် ထမ်းဆောင်ခဲ့ပါတယ်။

* * *

# အခန်း (၄)

## ၁။ ရဲဘော်ဝင်းမောင်(ခ)ကျော်ဝင်းမောင်

**၁။ ဒုတိယကမ္ဘာစစ်ကြီး မတိုင်ခင်ကာလ**

**ကျောင်းသားဘဝ**

ကျွန်တော်ဟာ ကချင်ပြည်နယ် ဗန်းမော်မြို့မှာ မွေးဖွားပါတယ်။ မွေးသက္ကရာဇ် ၁၉၂၀ ခု ဖေဖော်ဝါရီလ ၁၆ ရက်နေ့ပါ။ အဘ ဦးဟာနစ်၊ အမိ ဒေါ်စိန်ညွန့်တို့ဖြစ်ပါတယ်။ ဗမာမွတ်စလင်အမျိုးသားဖြစ်ပါတယ်။

ငယ်စဉ်က မိဘများကွယ်လွန်သွားလို့ ဦးလေးဖြစ်သူဦးစံသိန်းက ကောက်ယူမွေးစားခဲ့ပါတယ်။ မောင်နှမ နှစ်ယောက်ရှိတဲ့အနက် အစ်မဖြစ်သူဟာ ၁၁ နှစ်သမီးအရွယ်မှာ ဆုံးသွားတယ်။

ဦးလေးဦးစံသိန်းဟာ အစိုးရဝန်ထမ်းဖြစ်လို့ ဦးလေးအလုပ်ပြောင်းရွှေ့ရာမြို့များဆီ လိုက်ပါနေခဲ့ရပါတယ်။ ဗန်းမော်–မိုးကုတ်၊ မိုးကုတ်–ကသာ အဲဒီလိုပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။ ဗန်းမော်အေဘီအမ်ကျောင်း၊ မိုးကုတ် အင်္ဂလိပ်မြန်မာကျောင်းတွေမှာ ပညာသင်ကြားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ဖြစ်လာတော့ အင်္ဂလိပ်–မြန်မာ ၁၀ တန်းရောက်နေပါပြီ။ ဂျပန်စစ်ကြောင့် ကျောင်းများပိတ်လိုက်ရလို့ ၁၀ တန်းနဲ့ ပြီးခဲ့ရပါတယ်။

ကျောင်းသားဘဝမှာ ကျောင်းသား သမဂ္ဂ၊ ကျောင်းသား သပိတ်တို့မှာ ပါဝင်ခဲ့ခြင်းမရှိပါဘူး။ မိမိကိုကျွေးမွေးခဲ့တဲ့ ဦးလေး ဦးစံသိန်းဟာ အင်္ဂလိပ်အစိုးရအမှုထမ်းမို့ အင်္ဂလိပ်အစိုးရရဲ့ စိတ်ငြိုငြင်ခံရမှာစိုးလို့ပါ။

## ၂။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေတဲ့ကာလ

ကသာမြို့ရှိ "တို့ဗမာအစည်းအရုံးဝင်" . သခင်များ၊ ကျောင်းသားသမဂ္ဂဝင်များ၊ သပိတ်ခေါင်းဆောင်များကတော့ ကျွန်တော်ရဲ့ မျိုးချစ်စိတ်ဓာတ်ကို အသိအမှတ်ပြုထားကြပါတယ်။ အင်္ဂလိပ်ကိုတော်လှန်ဖို့ ရည်ရွယ်ဖွဲ့စည်းထားတဲ့ မီးသတ်အဖွဲ့မှာ ကျွန်တော်ပါဝင်ခဲ့ပါတယ်။ ဒါပေမယ့် ကသာမြို့မှာ အင်္ဂလိပ်ကို မတိုက်လိုက်ရပါဘူး။ ဘီအိုင်အေတပ်များ ဝင်လာတဲ့အခါ အင်္ဂလိပ်တပ်တွေမရှိတော့ပါဘူး။ ဒါကြောင့် ဘီအိုင်အေတပ်ထဲ မလိုက်ခဲ့တော့ပါ။

## ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်အမှုထမ်းခြင်း

ဘီအိုင်အေမှ ဘီဒီအေပြောင်းလိုက်ပြီးနောက် ကသာပျဉ်းမနားသွားပြီး ၁၉၄၃ ခု၊ ဩဂုတ် ၁၀ ရက်နေ့မှာ ဘီဒီအေထဲဝင်ခဲ့ပါတယ်။ ပျဉ်းမနား လှသစ်စခန်းကနေ ရေနံချောင်း လေယာဉ်ပစ်အမြောက်ကြီးတပ်မှာ တပ်သားအဖြစ် ပြောင်းရွှေ့တာဝန်ယူရပါတယ်။

၁၉၄၄ ခု၊ ဧပြီလမှာ ရေနံချောင်းက ရန်ကုန်သွားပြီး မင်္ဂလာဒုံ ဗိုလ်သင်တန်းတတိယပတ်စာမေးပွဲဖြေဆိုခဲ့ပါတယ်။ အဲဒီအချိန်မှာ ကွန်မြူနစ်ပါတီဝင် ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းတွေ လျှို့ဝှက်လုပ်နေတဲ့ ကိုချစ်လှိုင် (လမ်းစဉ်ပါတီနည်းပြချုပ်ရဲဘော်) နဲ့ အဆက်ရပါတယ်။ စာမေးပွဲဖြေဆို အောင်မြင်ခဲ့လို့ တတိယပတ် ဗိုလ်သင်တန်း တက်ရောက်ပညာသင်ခဲ့ပါတယ်။

## ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်အဖွဲ့ဝင်ဖြစ်လာခြင်း

ကျောင်းဆင်းဖို့ တစ်လလောက်အလိုမှာ (၁၉၄၄ ခု၊ နိုဝင်ဘာလဆန်းလောက်) သခင်တင်မြကတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ စီစဉ်ညွှန်ကြားချက်နဲ့ မင်္ဂလာဒုံဗိုလ်သင်တန်းက ကိုဘသောင်းနဲ့ကျွန်တော်အပြင် လေယာဉ်ပစ်အမြောက်ကြီးတပ်က ဒုတပ်ကြပ်များဖြစ်တဲ့ ကိုလှ (ကသာ–တောခို ဗကပ–ကွယ်လွန်)၊ ကိုအေးဝင်း (ဒုဗိုလ်မှူးကြီးအငြိမ်းစား–ကွယ်လွန်)တို့နဲ့ ရန်ကုန်မှ မန္တလေးရှိ အထက်မြန်မာပြည်တိုင်းမှူး ဗိုလ်မှူးဗထူးဆီ သွားရောက်သတင်းပို့ကြရပါတယ်။

ကျွန်တော်တို့ ၄ ဦးဟာ တပ်ပြေးများအဖြစ် တိတ်တဆိတ်ထွက်ပြေးရပါတယ်။ မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း၊ လေယာဉ်ပစ်အမြောက်ကြီးတပ်တို့မှာ ဂျပန်အကြံပေးအရာရှိများရှိနေပါတယ်။ ဂျပန်များ မရိပ်မိအောင်လို့ တပ်ကပြေးတဲ့အနေနဲ့ သွားကြရပါတယ်။

ကိုဘသောင်းနဲ့ကျွန်တော်က မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်းက ကျောင်းပြေးတဲ့နေ့က တနင်္ဂနွေနေ့ဖြစ်ပါတယ်။ ကိုဘသောင်းက မြို့တွင်းလည်ခွင့်ရပြီး ကျွန်တော်က လည်ခွင့်ရတဲ့အပတ်မဟုတ်ပါဘူး။ "ဂိုက်ရှစ်စု" ခေါ် လည်ခွင့်ရတဲ့ ကိုစိန်လွင်(ယခင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်) ရဲ့ လည်ခွင့်လက်မှတ်ကိုယူပြီး ထွက်ခဲ့ရပါတယ်။

အချိန်တန် ကျွန်တော်မရောက်တော့ ကိုစိန်လွင်အတွက် ကသိကအောက်ဖြစ်ရတယ်လို့ နောင်တော့သိရပါတယ်။ ကိုစိန်လွင်လဲ မင်္ဂလာဒုံ တတိယပတ် ဗိုလ်သင်တန်းကို ကျွန်တော်နဲ့အတူ တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ တပ်စု (၁) အခန်း (၂) မှ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကျောင်းကထွက်ပြေးတဲ့ကိစ္စကို ကိုစိန်လွင်တို့လို အင်မတန်ရင်းတဲ့ ကျောင်းသားအချို့ကိုသာ အသိပေးခဲ့ပါတယ်။

ကိုဘသောင်းက ဗိုလ်ကပြားရုပ်ပေါက်နေပြီး ကျွန်တော်က ကုလားရုပ်ပေါက်နေသူဖြစ်ပါတယ်။ ကပြားများ မြန်မာ့တပ်မတော်ထဲဝင်ပြီး စပိုင်သူလျှိုလုပ်တယ်လို့ ဂျပန်ကယူဆဟန်တူမှာပါ။ ညနေ ၅ နာရီ ကျောင်းပြန်ရောက်ရမယ့်အချိန် မရောက်တော့ ဂျပန်က ပိုက်စိပ်တိုက်ပြီး မီးရထားဘူတာ၊ သင်္ဘောဆိပ်နဲ့ အဝေးပြေးကားဂိတ်တွေ၊ မြို့ထဲမှာ ခြေချင်းလိမ်နေအောင် အနံ့လိုက်ရှာနေတယ်ဆိုတာ နောင်တော့သိရပါတယ်။

ကျောင်းကထွက်ပြေးပြီး ကြက်ကျွန်း၊ အဲဒီတုန်းက ဦးဇော်ဝိတ်၊ ကိုထွန်းငြိမ်း (အခု ဗိုလ်မှူးထွန်းငြိမ်း-ဗဟို အား/ကာ ညွှန်ကြားရေးမှူးချုပ်ဟောင်း) တို့ ဖွင့်ထားတဲ့ ကာယဗလစခန်းမှာ ဗိုလ်လောင်းအဝတ်အစားကိုလဲပြီး ရိုးရိုးဘိဒ်အေအဝတ်အစား ဝတ်လိုက်ပါတယ်။

အဲဒီစခန်းမှာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ခေါင်းဆောင် ကိုထွန်းစိန် (ထူးစိန်-ကွယ်လွန်) ရဲ့ ညွှန်ကြားချက်ကိုယူရပါတယ်။ ဗိုလ်လောင်း အဝတ်အစားတွေကို သူ့ဆီအပ်ခဲ့တယ်။ ပြီးတော့ ကိုဘသောင်းနဲ့ ကျွန်တော် သကၠန် ကျွန်း က ကျွန်တော့်အမျိုးများအိမ်မှာ ၃ ညလောက် တည်းခိုနေလိုက်

ကြပါတယ်။ ဂျပန်များ ချက်ချင်းခြေရာမကောက်နိုင်အောင် ခိုအောင်းလိုက်တာပဲပေါ့။

အဲဒီနောက် ရထားကို သက်ခ်ကျွန်ဘုတာကတက်စီးပြီး ကိုဘသောင်းနဲ့အတူ မန္တလေးကိုထွက်ခဲ့ပါတယ်။ လမ်းမှာ ၂ ရက်ခန့်ကြာပါတယ်။ တစ်လမ်းလုံး ဟန်မပျက် ဂျပန်တွေကြား စီးလာရပေမယ့် ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့ စိုးရိမ်စိတ်ကတော့ မကင်းဘူး။

ကိုအေးဝင်းနဲ့ ကိုလှတို့နှစ်ယောက်ကတစ်တွဲ။ သူတို့က မန္တလေးကို ရှေ့ဆင့်နောက်ဆင့်ရောက်လာပါတယ်။ ဗိုလ်မှူးဗထူးရဲ့ ညွှန်ကြားချက်အရ သင်တန်းများကို ရန်ကုန်မှာတွေ့ခဲ့တဲ့ ကိုထွန်းစိန်ဆီက တက်ယူရပါတယ်။ နောက် ကျွန်တော်တို့ ၄ ဦး ကသာခရိုင်ကို သွားကြရပါတယ်။ အရပ်ဝတ်အရပ်စားနဲ့ မန္တလေးကထွက်ကြရပါတယ်။ ကိုလှနဲ့ ကိုအေးဝင်းက ရှမ်းပြည်ဘက်မှ လှည့်ပြီး ကသာနယ်ထီးချိုင့်ကို ဆင်းခဲ့ပါတယ်။

ကိုဘသောင်းနဲ့ ကျွန်တော်တို့နှစ်ယောက်က စစ်ကိုင်းရွာထောင်က မီးရထားစီးပြီး ကောလင်းကိုလာခဲ့ပါတယ်။ ကောလင်းကနေ ထီးချိုင့်ကို မင်းဝံတောင်တန်းကို ခြေကျင်ဖြတ်ကျော်လာရပါတယ်။ ကျွန်တော်တို့ရောက်ပြီး နောက် ကိုလှတို့လူစုလဲရောက်လာကြပါတယ်။

ထီးချိုင့်နယ် ကျောက်မော်ရွာမှာ လျှို့ဝှက်စခန်းဖွင့်ပြီး ဂျပန်တော်လှန်ဖို့စည်းရုံးကြပါတယ်။ အချိန်က ၁၉၄၄ ခု၊ နိုဝင်ဘာလ နောက်ဆုံးအပတ်ထဲမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရောက်ပြီး မရှေးမနှောင်းမှာပဲ ဗိုဒ် ၁၃၆ ဌာနချုပ်ရှိရာ ကလ္လကတ္တားသို့သွားမယ့်အဖွဲ့တစ်ဖွဲ့ရောက်လာတယ်။ အဲဒီအဖွဲ့ကို သခင်ဗိုလ် ခေါင်းဆောင်ခဲ့ပါတယ်။ သူတို့အဖွဲ့ မြစ်ကြီးနား ဗန်းမော်ဘက်ရောက်နေတဲ့ မဟာမိတ်တပ်ဖွဲ့များဆီ ရှေးရှုချီတက်ရာမှာ လိုအပ်သလိုကူညီနိုင်ဖို့ ကိုဘသောင်းကို ရွေးချယ်လိုက်ပါတယ်။

အဖွဲ့ခေါင်းဆောင် ကိုလှ၊ ကိုအေးဝင်းနဲ့ ကျွန်တော်တို့ ၃ ယောက်ပဲ ဂျပန်စားသွားအောက်မှာ ဆက်လက်ပြီး ဂျပန်တော်လှန်ရေးအတွက် လှုပ်ရှားကြပါတယ်။ မဟာမိတ်တပ်များ ကသာထီးချိုင့်ကို ဝင်လာတဲ့အခါ ကိုလှ၊ ကိုဘချစ်(၁၀န်ကြီး ဟောင်း ဦးဘချစ်) နဲ့ ကျွန်တော်တို့ ၃ ဦး ရွှေကူသို့ ရွှေကူကိုကိုကြီးတို့နဲ့ ဆက်သွယ်ဖို့သွားပါတယ်။ ရွှေကူကိုကိုကြီး (ကွယ်လွန်) ကို

အင်္ဂလိပ်တပ်ကခေါ်သွားတယ်လို့သိရပါတယ်။ ဘာကိစ္စနဲ့ ဘယ်ကိုခေါ်သွားတယ်ဆိုတဲ့သတင်းအစအနကိုတောင်မရဘူး။ ရေကူကို ကိုလှနဲ့ အဖွဲ့ရောက်လာတဲ့သတင်းရသွားတဲ့အတွက် ကိုလှကို ဘီအိုင်စီခေါ် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ခေါ်ယူတွေ့ဆုံမေးမြန်းပါတယ်။ ပြန်လွတ်ခဲ့ပြီး ရွှေကူက ဘယ်မှမသွားဖို့ မှာကြားလိုက်ပါတယ်။ ကိုလှရဲ့ မိခင်က ရွှေကူမြို့မှာ နေထိုင်လျက်ရှိပါတယ်။

## အမေရိကန်တပ်မတော်နှင့်ဆက်သွယ်ခြင်း

ရွှေကူမှာ ကိုလှနဲ့ ကိုဘချစ်တို့ ၂ ဦးကို ထားခဲ့ပြီး ကျွန်တော်တစ်ယောက်တည်း ကသာကို ခြေကျင်ပြန်လာခဲ့ပါတယ်။ ကသာမှာ ဘီအိုင်စီအရာရှိနဲ့ အဆက်အသွယ်ယူပါတယ်။ အဲဒီအချိန်က ကိုအေးဝင်းမှာ ကသာခရိုင်ကောလင်း ဝန်းသိုနယ်မြေအတွင်း မြေအောက်လုပ်ငန်းများအတွက် စည်းရုံးနေချိန်ဖြစ်ပါတယ်။

ဘီအိုင်စီ မေဂျာဆီကတစ်ဆင့် အက်ဖ်၊ အက်စ်၊ အက်စ်နဲ့ အမေရိကန်စီအိုင်တီ ထောက်လှမ်းရေးအဖွဲ့တွေနဲ့ တွေ့ဆုံပေးပါတယ်။ နောက် ကသာအမေရိကန် စီအိုင်တီအဖွဲ့က အယ်လ်ဖွိုက်ခေါ်တဲ့ လေယာဉ်ငယ်နဲ့ မြစ်ကြီးနားကို ခေါ်သွားပါတယ်။

မြစ်ကြီးနားရှိ U. S Army Detachment 101 စစ်ဌာနချုပ်ရုံးရောက်ပြီး မေဂျာ ဟဲလ်ဖရစ်၊ ကာနယ်ပီအာ(စ်)တို့နဲ့ တွေ့ဆုံရပါတယ်။

ကျွန်တော်တို့က ဝမ်းအိုဝမ်းက မေဂျာ ဟဲလ်ဖရစ်နဲ့တွေ့တော့ ဂျပန်ဆန့်ကျင်ရေးအဖွဲ့ (အေ၊အက်ဖ်၊အို) အကြောင်းကို မေးပါတယ်။ သခင်ဗိုလ်တို့ ကိုဘသောင်းတို့က အမေရိကန်တပ်တွေနဲ့ ကျွန်တော့်ထက် အရင်တွေ့ခဲ့ပြီး (အေ၊အက်ဖ်၊အို) နဲ့ပတ်သက်တဲ့အကြောင်းတွေ တော်တော်စုံစုံ ပြောပြထားလို့ သိနှင့်နေပြီဖြစ်ကြောင်း မေဂျာဟဲလ်ဖရစ်က ပြောပြပါတယ်။

မန်းဝင်းမောင်၊ သခင်ဗိုလ်တို့တစ်တွေဟာ အမေရိကန်တပ်တွေနဲ့တွေ့ပြီးမှ ကလ္လကတ္တားမြို့ရှိ ဖို့ဒ် ၁၃၆ ဗြိတိသျှထောက်လှမ်းရေးတပ်စစ်ဌာနချုပ်မှဲ့ ဆက်သွယ်ကာ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေတဲ့ *ကိုသိန်းဖေ (ဦးသိန်းဖေမြင့်) ထံ ရောက်ရခြင်းဖြစ်ပါတယ်။ မန်းဝင်းမောင်တို့အုပ်စုမှ တချို့ရဲဘော်တွေကို အမေရိကန်တွေက သူတို့နဲ့

အတူဆက်သွယ်လုပ်ကိုင်ဖို့ စည်းရုံးသေးတယ်လို့ နောက်ပိုင်းမှသိရပါတယ်။ သခင်ဗိုလ်တို့အစုမှာ မြန်မာပြည် ဂျပန်ဆန့်ကျင်ရေးအဖွဲ့ ဌာနချုပ်ရဲ့ အစီအစဉ်နဲ့ ဦးသိန်းဖေထံသွားခြင်းဖြစ်တဲ့အတွက် အမေရိကန်စစ်ဌာနချုပ်ရဲ့ ကမ်းလှမ်းချက်ကို လိုက်လျောနိုင်ခြင်းမရှိကြောင်း ရှင်းပြလိုက်ပါသတဲ့။ ဒါ နောက်ပိုင်းမှ သိရပါတယ်။

ကိုလှ၊ ကိုအေးဝင်းနဲ့ ကျွန်တော်တို့အစုဟာ ဗဟိုမဟာမိတ်များနဲ့ ဆက်သွယ်ရန်၊ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများကိုလုပ်ရန် တာဝန်နဲ့ လွှတ်လိုက်ခပမယ့် ကိုသိန်းဖေထံသွားဖို့ သီးသန့်ညွှန်ကြားချက် မပေးလိုက်ပါဘူး။ အမေရိကန်တွေနဲ့ တွေ့စဉ်က ကိုသိန်းပေထံပို့ပါလို့ ကျွန်တော်က တောင်းဆိုခြင်း မရှိပါဘူး။

ကျွန်တော်တို့အဖွဲ့အနေနဲ့ ဂျပန်ကိုတော်လှန်ကြမှာဖြစ်ကြောင်း၊ ဒါကြောင့် လိုအပ်တဲ့ လက်နက်ဆေးဝါးများကို အကူအညီ အထောက်အပံ့ပေးဖို့ အမေရိကန် အင်္ဂလိပ်တွေထံပဲတောင်းပါတယ်။ "ဝမ်းအိုဝမ်း စစ်ဌာနချုပ်က ဗိုလ်ချုပ်အောင်ဆန်း အစရှိတဲ့ ခေါင်းဆောင်များနဲ့ ဆက်သွယ်လိုကြောင်း၊ အဲဒီကိစ္စကို ဆောင်ရွက်ပေးစေလိုကြောင်း" ကျွန်တော် အကူအညီတောင်းရ ပါတယ်။ ကျွန်တော်တို့လာရင်းတာဝန်နဲ့ အကျုံးဝင်တဲ့ကိစ္စမို့ ကျွန်တော်က တာဝန်ယူဆောင်ရွက်ပေးမယ်လို့ ကတိပြုလိုက်ပါတယ်။

ကျွန်တော့်ကို မြန်မာနိုင်ငံရေးလှုပ်ရှားမှုသမိုင်းအကြောင်း၊ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများအကြောင်း၊ ဘီဒီအေအကြောင်း၊ ဗိုလ်သင်တန်းအကြောင်းများကို အသေးစိတ်လောက်နီးနီး မေးမြန်းပါတယ်။ အားလုံး မှတ်ယူပါတယ်။

ဒီကိစ္စအတွက် ကိုအေးဝင်း၊ ကိုလှတို့နဲ့တွေ့ဆုံဆွေးနွေးလိုပါတယ်။ အစီအစဉ်ပြုလုပ်ပေးပါလို့ တင်ပြပါတယ်။ အမေရိကန်တွေရဲ့ စီစဉ်ပေးချက်အရ ရှေ့ကူက ကိုလှကို လေယာဉ်နဲ့ သူတို့ခေါ်ပေးပါတယ်။ ဝမ်းအိုဝမ်းစစ်ဌာနချုပ်ကနေ ကိုအေးဝင်းနဲ့ ကျွန်တော် ကသာနယ်ထဲမှာ သွားခေါ်ပါတယ်။ ဝမ်းအိုဝမ်းဌာနချုပ်မှာ ကိုအေးဝင်းနဲ့ဆုံကြတော့ အမေရိကန်တွေရဲ့ တင်ပြချက်ကို ကျွန်တော်က ကိုလှ၊ ကိုအေးဝင်းတို့ကို တင်ပြပါတယ်။ သူတို့ကလဲ သဘောတူကြပါတယ်။ ကိုလှကို ရှေ့ကူပြန်နေရန် အမေရိကန်တွေက လေယာဉ်ပျံနဲ့ ပြန်လွှတ်တယ်။ ကိုအေးဝင်းနဲ့ ကျွန်တော့်ကိုတော့ ဝမ်းအိုဝမ်းစစ်ဌာနချုပ်မှာပဲဆက်ထားပါတယ်။

ကျွန်တော်နဲ့ ပထမဆုံးတွေ့ဆေးနွေးနေတဲ့အချိန်မှာ မဟာမိတ်တပ်များဟာ ကသာ၊ ထီးချိုင့်နယ်လောက်ထိသာ သိမ်းပိုက်နိုင်ပါသေးတယ်။ မြစ်ကြီးနားရှိ အမေရိကန်တွေဆီကို ဒီဇင်ဘာလ နောက်ဆုံးပတ်လောက်မှာ ကျွန်တော်ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် အေအက်ဖ်အိုနဲ့ ဆက်သွယ်လုပ်ကိုင်ဖို့အတွက် သူတို့ရဲ့ သက်ဆိုင်ရာ မဟာမိတ်စစ်အာဏာပိုင်အဖွဲ့အတွင်း အပြန်အလှန်ဆွေးနွေးကြရကြောင်း သိရပါတယ်။

အမေရိကန်တွေဟာ ဂျပန်ကိုတိုက်ထုတ်ရာမှ အေအက်ဖ်အို ရဲ့ အကူအညီယူပြီး လုပ်နေပါတယ်ဆိုတဲ့အချက်ကို အင်္ဂလိပ်အစိုးရသိမှာလဲ စိုးရိမ်နေဟန်ရှိကြောင်း လေလှာသိရှိရပါတယ်။ အင်္ဂလိပ်အစိုးရရဲ့ ခွင့်ပြုချက်မပါဘဲနဲ့ အေအက်ဖ်အိုနဲ့ ဆက်သွယ်လုပ်ကိုင်တာကို အင်္ဂလိပ်အစိုးရကများ သိသွားရင် ပြဿနာပေါ်နိုင်ကြောင်း၊ နောက်ဆုံး သူတို့အချင်းချင်းအတွင်း သဘောကွဲနိုင်ကြောင်းလဲ အရိပ်အမြွက်ပြောပြပါတယ်။

မြန်မာပြည်ဟာ အင်္ဂလိပ်နယ်ချဲ့သမားရဲ့ ကိုလိုနီဆိုတော့ ပိုင်ရှင်အင်္ဂလိပ်အစိုးရ မသိဘဲ ခွင့်ပြုချက်မရဘဲ ဆက်သွယ်လို့မဖြစ်ပြန်။ ဒါပေမယ့် သူတို့က အင်္ဂလိပ်ကိုအသိမပေးဘဲလုပ်ချင်နေ၊ အဲဒီလို အခြေအနေမျိုးကို အကဲခတ်မိတယ်။

အမေရိကန်တွေ မြန်မာပြည်ထဲကို ဝင်လာရာမှာ တရားဝင်မဟုတ်တဲ့ ကြွေးကြော်သံကို ကိုင်လာခဲ့ကြပါတယ်။ တစ်ခုက "အင်္ဂလိပ်မကောင်းဘူး" နောက်တစ်ပြိုင်တည်း တစ်ဆက်တည်းမှာပဲ "ကွန်မြူနစ် မကောင်းဘူး" ဒီကြွေးကြော်သံကို ကျွန်တော်နဲ့ တွေ့တဲ့ အမေရိကန် အတော်များများက ပြောပြပါတယ်။ အင်္ဂလိပ်မုန်းတီးအောင် တစ်ပါတည်းမှာပဲ ကွန်မြူနစ်ကို မုန်းတီးအောင် သိမ်းသွင်းခဲ့ကြတယ်။

ပြီးတော့ လေယာဉ်ပေါ်ကနေ သစ်သီးမျိုးစေ့တွေ၊ အပ်ချည်စတွေ ကြဲချပြီး အမေရိကန်မိတ်ဆွေများထံက လက်ဆောင်ဆိုပြီး ဖော်ပြကြတယ်။ ဒီနည်းနဲ့အင်္ဂလိပ်နေရာကို ဝင်ဖို့ ခြေလှမ်းခဲ့တယ်။ နောက်တစ်ချက်လဲရှိသေးတယ်။ အမေရိကန်မေဂျာတွေက ကျွန်တော့်ကို အတန်တန်စစ်ဆေးမေးမြန်းတဲ့အထဲမှာ အချက်တစ်ချက်က ပါသေးတယ်။ ဒါက ဘာလဲဆိုရင်–

"အေအက်ဖ်အိုက ဂျပန်ကို မြန်မာပြည်ကတိုက်ထုတ်ပြီးရင် နောက်ဘာအစီအစဉ်ရှိသလဲ" လို့ မေးပါတယ်။ ဒီမေးခွန်းဟာ သူတို့အတွက်

အင်မတန် မေးထိုက်တဲ့မေးခွန်းပဲပေါ့။ ဘာကြောင့်လဲဆိုရင် သူတို့က ထောက်ပံ့ပေးထားတဲ့ လက်နက်တွေနဲ့ ဂျပန်ကျဆုံးသွားပြီး သူတို့ (အဖျင်းဆုံး အင်္ဂလိပ်အစိုးရကို) ပြန်တော်လှန်လေမလားလို့လဲ ထည့်တွက်ကြမှာပါ။ ဒီစိုးရိမ်ကြောင့်ကြမှုကြောင့်နဲ့တူပါရဲ့၊ ကျွန်တော့်ကို ထပ်ပြန်တလဲလဲမေးခြင်း ဖြစ်ပါတယ်။

မေဂျာဟဲလ်ဖရစ်က ကျွန်တော့်ကို မန္တလေးနယ်မြေတစ်ဝိုက်မှာ လေထီးနဲ့ ချပေးမယ်လို့ပြောတုန်းက ကျွန်တော်က "လေထီးသင်တန်းမှ မတက်ဘူးတာပဲ" ဒီလိုပြောတော့ အမေရိကန်လေထီးတွေက သင်တန်းဆင်းစရာမလိုဘူး၊ ဒီအတိုင်း အားလုံးခုန်ဆင်းနေတာပဲတဲ့။

"ကဲ ဒီလိုဆိုလဲ ကျွန်တော်ဆင်းမယ်၊ သေချင်လဲ ကိုယ့်တိုင်းပြည်အတွက်ပဲ" ကျွန်တော်ကပြောလိုက်တယ်။ မေဂျာဟဲလ်ဖရစ်က "အို-အို ဝင်းမသေရဘူး၊ အမေရိကန်လေထီးတွေဟာ ရာခိုင်နှုန်းပြည့် စိတ်ချရတယ်" လို့ ပျာပျာသလဲ ပြောတယ်။

"အဲဒီက ပြန်လာရင် ရွှေဒင်္ဂါးတို့ ငွေတို့ ဆုတို့ပေးမယ့်အကြောင်း" သူက ဆက်ပြောပြန်တယ်။ ကျွန်တော်က "ဒါတွေ မလိုကြောင်း၊ လက်မခံနိုင်ကြောင်း၊ ကျွန်တော်တို့လိုတာက လက်နက်ခဲယမ်းမီးကျောက်နဲ့ ဆေးဝါးပဲ"လို့ပြောတယ်။ အဲဒီလိုယူဖို့မယူဖို့ အငြင်းအခုန်ဖြစ်ရသေးတယ်။ နောက်မှ ကျွန်တော့်ဆန္ဒအတိုင်း ရွှေငွေပေးမယ့်စကားကို ရပ်ဆိုင်းလိုက်တယ်။ သူတို့က ကြေးစားသဘော သဘောထားပြီး လုပ်စေချင်တာကို ကျွန်တော်က လက်မခံဘူး။ မဟာမိတ်သဘော၊ တန်းတူရည်တူ သဘောထား ဆက်ဆံဖို့သာ ဖွင့်ပြောရတယ်။

## မီးလျှံကြားကအထောက်တော်

အမရိကန်စစ်အာဏာပိုင်တွေ အစီအစဉ်ပြီးတော့မှ ကိုအေးဝင်းနဲ့ ကျွန်တော့်ကို မန္တလေးရှိ မိုလ်မှူးဗထူးဆီ လွှတ်ပါတော့တယ်။

မူလစတင်ဆွေးနွေးစဉ်က ဒီဇင်ဘာလနောက်ဆုံးပတ်ထဲမှာ ဖြစ်ပါတယ်။ ရှေ့တန်းစစ်မြေပြင်ဟာ ကသာခရိုင်နယ်မြေထဲမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို မန္တလေးနဲ့အနီးဆုံးစခန်းတစ်နေရာမှာ လေထီးနဲ့ချပေးမယ်လို့ ပြောခဲ့ပါတယ်။ သူတို့ အပြန်ပြန်အလှန်လှန် ညှိနှိုင်းနေရတာနဲ့ ရက်တွေ

ကုန်သွားပါတယ်။ ကျွန်တော်တို့ကိုလွှတ်တဲ့ ၁၉၄၅ ခု၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှာ ရှေ့တန်းစစ်မျက်နှာဟာ ရွှေဘိုလွင်ပြင်ထဲကို ရောက်နေပါပြီ။

ဒါကြောင့် မူလက မန္တလေးနယ်ထဲမှာ လေထီးနဲ့ချပေးမယ်ဆိုတဲ့ အစီအစဉ်ကိုဖျက်လိုက်တယ်။ ကျွန်တော်တို့ကို လေထီးနဲ့ချမပေးတော့ဘဲ ရှေ့တန်းစစ်မျက်နှာကို ညအချိန်မှာ ဧရာဝတီမြစ်ကနေ လှေနဲ့ဖြတ်ကျော်သွားနိုင်ဖို့ အစီအစဉ်လုပ်လိုက်တယ်။ ဒီအစဉ်အရ ကိုအေးဝင်းနဲ့ ကျွန်တော့်ကို မြစ်ကြီးနားကနေ ရွှေကူမြို့(ဗန်းမော်ခရိုင်)သို့ အယ်လ်ဝမ်းဆိုတဲ့ ခရီးသည်တင် လေယာဉ်ငယ်နဲ့ မေဂျာဂရွန်းက လိုက်ပို့ပါတယ်။

ရွှေကူအမေရိကန်စီအိုင်တီရုံးမှာ တစ်ထောက်ဝင်နားတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အေအက်ဖ်ဖီအို ဗဟိုကိုပေးတဲ့စာကို ကျွန်တော့်ကိုအပ်ပါတယ်။ စာကိုအင်္ဂလိပ်လက်နှိပ်စက်နဲ့ရိုက်ထားပါတယ်။ စက္ကူအပါးစားနဲ့ဖြစ်ပြီး စာမျက်နှာ ၂ ရွက်ရှိပါတယ်။ စာရဲ့သဘောမှာ-

"အေအက်ဖ်အိုင်နဲ့ ဆက်သွယ်ပြီး ဂျပန်ကို တိုက်လိုကြောင်း၊ တိုင်းရင်းသားများနဲ့ ဆက်သွယ်မှုမရှိတဲ့အတွက် သူတို့ဟာသူတို့ တိုက်ခဲ့ကြောင်း၊ ရန်သူရှိမှန်းမသိ၊ မရှိမှန်းမသိ၊ သတင်းအတိအကျမရလို့ အရမ်းအရမ်းဗုံးကြဲ ခဲ့ရကြောင်း၊ ဒါကြောင့် မြစ်ကြီးနားနဲ့ ဗန်းမော်မြို့ဟာ ပြာပုံဖြစ်သွားခဲ့ရကြောင်း၊ ဒီအဖြစ်မျိုး နောက်ထပ်မကြုံရအောင် အေအက်ဖ်ဖီအိုနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ဒါကိုသဘောတူရင် အခုလွှတ်လိုက်တဲ့ လူများနဲ့အတူ ကျုပ်တို့နဲ့အတူဆက်သွယ်လုပ်ကိုင်နိုင်မယ့် အေအက်ဖ်ဖီအို ဌာနချုပ်ကကိုယ်စားလှယ်ကို အမြန်လွှတ်ပေးစေလိုကြောင်း။

အဲဒီလို ဖော်ပြပါရှိပါတယ်။ ယင်းစာရဲ့သဘောကို အလွတ်ရအောင် အပြန်အလှန်ဖတ်ခိုင်းပါတယ်။ အဲဒီစာမှာ "ထိပ်တန်းလျှို့ဝှက် အမေရိကန်တပ်မတော်"လို့ တံဆိပ်တုံးနဲ့စာမျက်နှာ ၂ ရွက်စလုံးမှာ ရိုက်နှိပ်ထားပါတယ်။ အမေရိကန်တွေအနေနဲ့ စာကို ဂျပန်လက်ထဲ အင်္ဂလိပ်များလက်ထဲရောက်မှာကို စိုးရိမ်မကင်းရှိကြောင်းကို အရိပ်အမြွက်ပြောပြပါတယ်။

စာနဲ့အတူ အင်္ဂလိပ်နဲ့ဂျပန် တိုက်နေတဲ့ ရှေ့တန်းစစ်မျက်နှာရှိ စီအိုင်တီ (အမေရိကန်ထောက်လှမ်းရေးအဖွဲ့) အရာရှိ ဗိုလ်ဂရစ် (Lt Greek) ထံပေးတဲ့စာကိုပါ ပေးလိုက်ပါတယ်။ ကျွန်တော်တို့ ဗိုလ်ဂရစ်နဲ့တွေ့ပြီး နောက်

ရှေ့တန်းစစ်မျက်နှာကို ဖြတ်ကျော်ဖို့ အစီအစဉ်ကို သူကပဲ လုပ်ပေးလိမ့်မယ့် အကြောင်းကို မေဂျာဂရွန်းက ထပ်လောင်းရှင်းပြပါတယ်။

ရွှေကူမြို့ပေါ်မှာရှိနေတဲ့ ကျွန်တော်တို့အဖွဲ့ခေါင်းဆောင် ကိုလှကို ခဏဝင်တွေ့လိုကြောင်း ကျွန်တော်ကတင်ပြရာ "အရေးလဲ မကြီးပါဘူး ကွယ်၊ ပြီးတော့ အချိန်လဲမရှိတော့ဘူး" ဆိုပြီး တွေ့ခွင့်မပေးဘူး၊ မူလလေယာဉ် အယ်လ်ဝမ်းနဲ့က ရွှေကူက ကသာခရိုင် တကောင်းကြာညှပ်တောင်ဘက်ရှိ ပေါက်တပင်ရွာကို တက်လာကြပါတယ်။ ပေါက်တပင်ရွာနားရောက်တော့ ယူခဲ့တဲ့ ခိုရဲ့ခြေမှာရှိတဲ့ ဒန်ကွင်းကလေးမှာ စာညှပ်ပြီး လေယာဉ်ပေါ်ကနေ ခိုကိုလွှတ်လိုက်ပါတယ်။ လျှို့ဝှက်ရေးကို ထိန်းတဲ့အနေနဲ့ မို့ ကိုလှကိုတွေ့ဖို့ မပေးတာလို့ပဲ နားလည်ယူလိုက်ကြရပါတယ်။

ပေါက်တပင်ရွာစခန်းမှာ အငယ်စားလေယာဉ်ကွင်းရှိပါတယ်။ ဗြိတိသျှ တပ်ဖြစ်တဲ့ အင်္ဂလိပ်နဲ့ အိန္ဒိယလူမျိုးပေါင်းစုံ ပါဝင်တဲ့ အမှတ် ၃၆ တပ်မနဲ့ အမေရိကန် ဗိုလ်ဝဲလ်ဦးစီးထားတဲ့ ရိန်းဂျားတပ်ခွဲတစ်ခွဲ တပ်စွဲနေပါ တယ်။ ရိန်းဂျားတပ်ထဲမှာ ကျွန်တော့်ဇနီး ကြည်ကြည်ရဲ့မောင် မောင်ချစ်မောင်၊ ကသာက ကိုဘိုကျေ၊ ကိုအေးမောင်စတဲ့ မြန်မာ၊ ကချင်၊ မြန်မာ မွတ်စလင် များပါဝင်နေကြောင်း တွေ့ရပါတယ်။ ဗိုလ်ဝဲလ်လက်အောက်မှာ ကသာက လူဝီးဂျူး (အခု မီးရထားသံလမ်းအုပ်ကြီး ဦးကိုကိုကြီး) လဲပါတယ်။ ဗိုလ်ဝဲလ်က အမေရိကန်ဝမ်းအိုဝမ်း ရိမ်းဂျားတပ်ရဲ့ တပ်ခွဲမှူးပါ။

မေဂျာဂရွန်းက အမေရိကန်ရိန်းဂျားတပ်ခွဲ တပ်ခွဲမှူးကို မှာစရာရှိတာတွေ မှာပြီး ကိုအေးဝင်းနဲ့ကျွန်တော့်ကို ထားခဲ့ပါတယ်။ နောက်ချက်ချင်း မေဂျာ ဂရွန်းလဲ လာတဲ့လေယာဉ်နဲ့ မြစ်ကြီးနားပြန်လိုက်သွားပါတယ်။ ရှေ့တန်း စစ်မျက်နှာမှာ လေယာဉ်ညအိပ်ခွင့်မရှိလို့ ဖြစ်ဟန်ယူပါတယ်။

ည ညဂျပန်က ပြောက်ကျားလာပစ်လေ့ရှိပါတယ်။ ကျွန်တော်တို့ အဲဒီစခန်းမှာ ညအိပ်တုန်း ဂျပန်များက စက်သေနတ်နဲ့ ပြောက်ကျားလာပစ် ပါတယ်။ ကျွန်တော်တို့ မြေကတုတ်ထဲမှာ အိပ်ကြရပါတယ်။

ဂျပန်ကစက်ကလေးနဲ့ပြောက်ကျားလာပစ်ပစ်ချင်း ဒီဘက်ကင်းတပ်က စက်သေနတ် မော်တာ အမြောက်တို့နဲ့ နားကွဲမတတ် တရစပ်ပြန်ပစ်ပါတယ်။ တစ်ညလုံးလုံး ဂျပန်ကပစ်လိုက်၊ ရပ်လိုက်နဲ့ မအိပ်ရအောင် အနှောင့်အယှက် ပေးပါတယ်။ ကျွန်တော်တို့ မရောက်ခင်ညများကလဲ ဒီလိုပဲလို့သိရပါတယ်။

ပေါက်တပင်ဟာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာရှိပြီး မြစ်နဲ့လေးငါးမိုင်လောက်သာဝေးပါတယ်။ ပေါက်တပင်ဟာ ရှမ်းပြည် စစ်ကြောင်းဦးလှည့်ထားတဲ့ ရှေ့တန်းစစ်မျက်နှာဖြစ်ပါတယ်။

မနက်မိုးလင်းတော့ ဗိုလ်ဝဲလ်ရဲ့အစီအစဉ်နဲ့ ရိက္ခာခြောက်များ စည်သွတ်ဗူးများ သယ်ဆောင်ပြီး လှည်းနဲ့ ဧရာဝတီမြစ်ကမ်းဘက် လာခဲ့ကြပါတယ်။ ဧရာဝတီမြစ်ကမ်းရောက်တော့ လှည်းကိုပြန်လွှတ်လိုက်ပြီး ဧရာဝတီမြစ်ကို လှေနဲ့ကူးပါတယ်။ တစ်ဘက်ကမ်းရောက်တော့ လမ်းပြနဲ့အတူ မလယ်ကို ခြေကျင်လျှောက်ခဲ့ကြပြန်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံးမှာ ဖျင်ကြမ်းအင်္ကျီ၊ ဖျင်ကြမ်းလုံချည်နဲ့ ခမောက်ဆောင်းထားပေမယ့် ဖိနပ်မပါကြပါဘူး။

မလယ်ရွာမှာ အင်္ဂလိပ် (ဗွီဖိုး) တပ်စုတစ်စု တပ်စွဲထားလျက်ရှိပါတယ်။ မလယ်ရွာဟာ တတိယမြစ်ကျဉ်းအဝင်ဝရွာဖြစ်ပါတယ်။ မလယ်နဲ့ ခပ်စောင်းစောင်း တစ်ဘက်ကမ်းက မြသိန်းတန်တောင်မှာ ဂျပန်တပ်များ ရှိနေတယ်။

ဗွီဖိုးတပ်ဆွယ်ဟာ မေဂျာဂျင်နရယ်စလင်းဦးစီးတဲ့ အမှတ် (၁၂) အင်္ဂလိပ် တပ်မတော်ရဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ အင်္ဂလိပ်တပ်က ရွှေဘိုလွင်ပြင်တစ်ခုလုံးကို သိမ်းပိုက်ထားပါတယ်။ ဧရာဝတီမြစ်မြောက်ဘက် မလယ်ရွာကနေ ဧရာဝတီရိုးတောင်ဘက် ရွှေဘိုကျောက်မြောင်း (ရွှေဘို) ရွှေဥမင်ရွှေတိုက်အထိ အနောက်ဘက်ကမ်းတစ်ခုလုံး အင်္ဂလိပ်တပ်က ဖြန့်သိမ်းပိုက်ထားပြီးဖြစ်ပါတယ်။ မလယ်ကနေ ရွှေဥမင်ရွှေတိုက် ဧရာဝတီမြစ်အနောက်ဘက်ကမ်းကို အင်္ဂလိပ် ၁၂ တပ်မတော်က တပ်စွဲထားသလို၊ ယင်းတပ်များနဲ့မျက်နှာချင်းဆိုင် ဧရာဝတီရဲ့အရှေ့ဘက်ခြမ်းတစ်ခုလုံး ဂျပန်တပ်များ နေရာယူ ခုခံလျက်ရှိနေပါတယ်။

ဗွီဖိုးတပ်က အင်္ဂလိပ်ကပ္ပတိန် အစီအစဉ်နဲ့လှေနဲ့ အနောက်ဘက်ကမ်းက ကပ်ပြီး အောက်ပိုင်းကို စုန်ဆင်းဖို့ဖြစ်ပါတယ်။ ဗွီဖိုးတပ်ခွယ်မှူး အင်္ဂလိပ်ကပ္ပတိန်က သွားရမယ့်ခရီးစဉ်၊ ရန်သူနဲ့မဟာမိတ်တပ်စွဲထားပုံများကို အကြမ်းဖျင်း ရှင်းပြပါတယ်။

လေ့သမားကို ကြိုတင်စုန်ဆင်းခိုင်းထားပြီး မြစ်ကျဉ်းဝကသွားစောင့်ရန်မှာထားပါတယ်။ ကျွန်တော်တို့က အရပ်သားများအဖြစ် လှေကြုံစီးလိုက်တဲ့သဘောနဲ့ သွားဖို့ပါ။

လှေသမားလာစောင့်နေတဲ့ ကမ်းပါးပေါ်ရောက်နေကြတဲ့ ကျွန်တော်တို့နှစ်ယောက်ကို လှေသမားမမြင်၊ ကမ်းပါးကနည်းနည်းမြင့်တော့ လှေဆိုက်ကပ်ထားတာကို ကျွန်တော်တို့က မမြင်နိုင်။ ကမ်းပါးပေါ်က ထိုင်စောင့်ရင်း ကိုအေးဝင်းက စီးကရက်တစ်လိပ်ပြီးတစ်လိပ် မီးညှိသောက်နေပါတယ်။ နာရီဝက်သာသာခန့် စောင့်လို့ လှေဆင်းလာတာ မမြင်တော့မှ "ချိန်းတဲ့နေရာ လှေကများ စောရောက်နေသလား၊ ကမ်းစပ်ကိုသွားကြည့်ဦးမှပဲ" ဆိုပြီး သွားကြည့်ပါတယ်။

ဒီတော့မှ လှေသမားဟာ လှေကိုချည်ပြီး စောင့်နေတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့က သူ့ကိုစောင့်၊ သူကကျွန်တော်တို့ကိုစောင့်နဲ့ နာရီဝက်သာသာကြန့်ကြာသွားပါတယ်။ ဂျပန်အတွက် ပြင်ဆင်ပေးသလို ဖြစ်သွားပါတယ်။ ဒီအခြေအနေကို တစ်ဘက်မှ ဂျပန်များက စောင့်ကြည့်နေကြတာကို ကျွန်တော်တို့ ဂရုမမှုမိကြဘူး။ ကိုအေးဝင်း လှေပေါ်တက်သွားပါတယ်။ လှေသမားက ပဲ့ကထိုင်နေပြီး ကျွန်တော်က လှေကိုကြိုးဖြုတ်ပြီး လှေပေါ်လဲတက်မယ့်အလုပ် တစ်ဘက်ကမ်းက ဂျပန်က စက်သေနတ်နဲ့ တရစပ်ပစ်ပါတော့တယ်။

ကျွန်တော်တို့ ၃ ဦးအနက် ကိုအေးဝင်းကို ကျည်မှန်သွားပါတယ်။ ကျွန်တော်တို့ စက်သေနတ်ပစ်ခံရတဲ့နေရာနဲ့ ဗိုဖိုးတပ်စွယ်တပ်စွဲထားတဲ့နေရာနဲ့ ၂ မိုင်သာသာလောက်ဝေးပါတယ်။ ဗိုဖိုးတပ်စွယ်မှာ ကျွန်တော်တို့ ပြန်လူစုမိပါတယ်။ ကိုအေးဝင်း ဒူးနားမှာ ကျည်ဖြတ်မှန်သွားပေမယ့် အရဲ့လွတ်သွားပါတယ်။ ဗိုဖိုးတပ်မှာ အသင့်ရှိတဲ့ ဆေးမှူး ကပ္ပတိန်က ဂရုစိုက်ကုသပေးပါတယ်။

ကျွန်တော်က လှေပေါ်မတက်ခင် ကျွန်တော့် ကချင်လွယ်အိတ်ကို လှေပေါ်တင်လိုက်ပါတယ်။ ဒီလွယ်အိတ်ထဲမှာ စားစရာနဲ့ အမေရိကန်တပ်မတော်ကပေးလိုက်တဲ့ ထိပ်တန်းလျှို့ဝှက်ဆိုတဲ့ စာလဲပါသွားပါတယ်။ ကျွန်တော်တို့ကိုပစ်တော့ လှေဟာ အနောက်ဘက်ကမ်းစပ်ကို မျောပြီးသွားပါတယ်။ မြစ်ကျဉ်းထဲမှာမို့ ဆောင်းတွင်းလဲဖြစ်၊ ရေဟာရေသေလိုဖြစ်နေ

ပါတယ်။ ကျွန်တော်တို့ သေနတ်အပစ်ခံရတော့ အင်္ဂလိပ်ကပ္ပတိန်ဟာ ဂေါ်ရခါး စစ်သား ၂၀ ခန့်နဲ့အတူ ကွဲသွားတဲ့လူစုကိုရှာရင်း လှေပေါ်ပါသွားတဲ့ လွယ်အိတ်ကို လိုက်ကူရှာပါတယ်။ လှေများကို တုန်တုန်ယင်ယင်နဲ့တွေ့တယ်။ ကိုအေးဝင်းကိုမတွေ့ဘူး။ သေနတ်ပစ်တဲ့နေရာကို တောရိပ်ခိုပြီး ရှောင်ရှား တယ်။ သေနတ်ပစ်ခံရတဲ့နေရာနဲ့ တစ်မိုင်လောက်မရှိတရှိမှာ လှေကိုပြန် တွေ့ပါတယ်။ ကမ်းနဲ့သိပ်မကွာလှပါဘူး။ ကပ္ပတိန်က သူ့ရဲဘော်တွေကို ရန်သူရှိမယ့် အရှေ့ဘက်ကမ်းဆီးတပ်ဖြန့်ချိန်ရွယ်ရင်း ယူနီဖောင်းမချွတ်ဘဲ ရေထဲခုန်ဆင်းပြီး လှေဆီကူးသွားတယ်။ လှေထဲကလွယ်အိတ်ကိုယူပြီး ခပ်သုတ် သုတ်ပြန်ကူးခဲ့ပါတယ်။ လွယ်အိတ် ကျွန်တော့်လက်အပ်ပါတယ်။ ကျွန်တော် လဲကျေးဇူးတင်မဆုံးဘူး။ တပ်ရောက်တဲ့အထိ အပစ်အခတ်မရှိဘူး။ ကိုအေးဝင်း လဲတပ်ဆွယ်ပြန်ရောက်နေပါတယ်။ ဗိုဖိုးတပ် ကပ္ပတိန်ရဲ့ ရဲရင့်ဖျတ်လတ် ပုံကို ကျွန်တော်မချီးကျူးဘဲ မနေနိုင်ပါ။ သူ့စွန့်စားမှုကို ဒီနေ့ဒီရက်အထိ မျက်စိထဲမြင်နေတုန်းပဲ။ သူ့နာမည်မသိခဲ့လို့ ခုလိုစာရေးတဲ့အခါ ဖော်မပြရ တာကို စိတ်ထဲက အားမလို အားမရ ဖြစ်မိတယ်။

အဲဒီနေ့ ခရီးဆက်မထွက်ဖြစ်ပါ။ နောက်တစ်နေ့ မနက်ကျမှ ကျွန်တော် တစ်ဦးတည်း ခရီးဆက်ထွက်ဖြစ်ပါတယ်။ ကျွန်တော့်ကို ဗိုဖိုးတပ်က ဂေါ်ရခါး စစ်သားနှစ်ဦးက လိုက်ပို့ပါတယ်။ နှစ်ယောက်သားလာပြီး တစ်ယောက် ကျည်သင့်သွားတော့ နှစ်ဦးစလုံး ကြေကွဲဝမ်းနည်းဖြစ်ကြရပါတယ်။ ကျွန်တော့် ကို ကိုအေးဝင်းက ခရီးဆက်ပြီး မသွားဖို့ တားပါတယ်။

ကျွန်တော်က ဗမာမွတ်စလင်တစ်ဦးမို့ တခြားဗမာမွတ်စလင်တွေ လိုမဟုတ်ဘဲ ကုလားရုပ်က ပေါ်ပေါ်လွင်လွင်ဖြစ်နေပါတယ်။ ဂျပန်နဲ့ရတ်တရက် တိုးမိရင် အင်္ဂလိပ်စပိုင်အဖြစ် အဖမ်းခံရဖို့များကြောင်း၊ တစ်ဦးတည်း ရှေ့တန်း စစ်ကြောင်းကို ဖြတ်ကျော်သွားရာမှာလဲ အန္တရာယ်များလှကြောင်း၊ ဒါကြောင့် ခရီးဆက်မသွားဘဲ သူနဲ့အတူ “ဝမ်းအိုဝမ်း” ဌာနချုပ်ကိုပြန်ပြီး ကိုလှနဲ့တွေ့ဆုံ တိုင်ပင်ပြီးမှ တစ်မျိုးထပ်စီစဉ်သင့်ကြောင်း အကြံပေးပါတယ်။

သူ့အစီအစဉ်ကို ကျွန်တော်လဲ သဘောတူပါတယ်။ သူ့စေတနာကိုလဲ ကျွန်တော်လေးစားပါတယ်။ ကျွန်တော်တစ်ဦးတည်း သေလွယ်ပျောက်လွယ် အန္တရာယ်များလှတဲ့ စစ်မြေပြင်ကို ဖြတ်ကျော်သွားရမှာ ကျွန်တော့်အတွက် မရွံ့မရဲ။ သူ့ကိုလဲ တစ်ယောက်တည်း ပစ်ထားခဲ့ရမှာလဲ စိတ်မဖြောင့်ဖြူး၊

ဝေခွဲမရနိုင်တိုင်း တစ်ညလုံးအိပ်မရ။ ဒီအထဲ ကွင်းထီးထီး မြေပေါ်အိပ်ရ တာမို့လဲ ခိုက်ခိုက်တုန်တုန် အေးလွန်းလို့ ကိုအေးဝင်းရဲ့ ညည်းညူးသံကလဲ ကျွန်တော့်အတွက် မချိတင်ကဲ နှလုံးခုန်စေပါတယ်။ စိတ်ထိခိုက်မှုလဲဖြစ်နေ ပါတယ်။

"မြန်မာပြည်အတွက် သေရေးရှင်ရေးပြဿနာမို့လို့ပါ" လို့ ပြောရင် "လွန်လွန်းတယ်၊ လေလုံးထွားလွန်းတယ်" ဆိုတဲ့ ကဲ့ရဲ့မှုအပြောမျိုးနဲ့ "တယ်ဆိုတဲ့စာပါလား"လို့ ပြက်ရယ်ပြု ကောက်ချက်ချချင်ချ၊ ဘာပဲဖြစ်ဖြစ် ဒီကာလကတော့ ကျွန်တော်တို့အတွက် ကြက်ရေး ငှက်ရေးတမျှ အရေးကြီး တယ်ပဲပြောချင်ပါတယ်။

တကယ်လို့များ ကျွန်တော့်တစ်ယောက်တည်း ရှေ့ဆက်မသွားဘဲ ကိုအေးဝင်းရဲ့ ယုယကြင်နာတဲ့ စကားနားထောင်ပြီး မြစ်ကြီးနားကိုသာ ပြန်မိခဲ့မယ်ဆိုရင် "နှစ်ယောက်လာတယ်၊ တစ်ယောက်ကျည်မှန်တယ်၊ ကျန်တစ်ယောက်က ခရီးဆက်သွားထိုက်တယ်မဟုတ်လား၊ ခုတော့ မြန်မာ ပြည်အတွက် သေရေးရှင်ရေးတာဝန်ကို ယူခဲ့တယ်ဆိုတဲ့ပုဂ္ဂိုလ်ကြီးတွေက လေးလုံးထွားထွားပြောခဲ့တယ်၊ ခုတော့ အပြောနဲ့အလုပ်တခြားစီ၊ တိုင်းပြည် အတွက် အစတေးခံမယ်လို့ ဝင့်ဝါကြွားဝါခဲ့ပြီး အခုကြောက်ဒူးတုန်ပြီး ပြန် လာတယ်။ မြန်မာတွေ လေသာထွားတာ တကယ်တော့ သတ္တိမရှိဘူး" လို့ အမေရိကန်တွေက ရှုတ်ချကြမယ်မဟုတ်ပါလား၊ ဒီလိုအပြောမျိုး မခံနိုင်ဘူး။

ဒါကြောင့် မနက်မိုးလင်းတော့ ကိုအေးဝင်းကို ရှင်းပြနှစ်သိမ့်ပြီး ထားခဲ့တယ်။ ဝမ်းနည်းနည်းနဲ့ စိတ်ထိခိုက်ရင်းနဲ့ပဲ ကျွန်တော် ရှေ့သို့ ချီခဲ့ပါတယ်။ သူ့ကို ခွဲထားခဲ့ရတော့ ကျွန်တော့်စိတ်ကို အနိုင်နိုင်တင်းခဲ့ရပါတယ်။ မျက်ရည်တွေ ဒလဟောမကျမိအောင် မျက်ရည်ကို တိုင်းပြည်တာဝန်နဲ့ ထိန်းပစ်လိုက်ရပါတယ်။

ကိုအေးဝင်းကို ကျွန်တော် စိတ်မချနိုင်ဘဲ ကြိတ်မှိတ်ပြီးထားခဲ့သလို ကိုအေးဝင်း တစ်ယောက်ကလဲ ကျွန်တော့်အတွက် ရတက်မအေးနိုင်ရှာပါဘူး။ မျက်ရည်ဝဲလျက်ကျန်ခဲ့တယ်။

ကျွန်တော့်အနေနဲ့ ရှေးခရီးအတွက် ရင်တဒိတ်ဒိတ်နဲ့ပဲ ဂေါ်ရခါး စစ်သားနှစ်ဦးရဲ့ အကူအညီနဲ့ ဧရာဝတီမြစ်အနောက်ကမ်းရိုးတန်းအတိုင်း တောင်ဘက်ကို ခြေကျင်ခရီးနှင်ခဲ့ပါတယ်။

ညနေပိုင်း သပိတ်ကျင်းတစ်ဘက်ကမ်းရှိ 'သင်ပေါင်းကား' ရွာကို ရောက်ပါတယ်။ 'သင်ပေါင်းကား' မှာ အင်္ဂလိပ်နဲ့ အိန္ဒိယစစ်သားများ ပွဲချိတ်တပ်စက်လှေငယ်များနဲ့ ရောဝတီမြစ်ကိုတစ်နေ့လုံး ကူးဖြတ်ကြပါတယ်။ ကျွန်တော်တို့ 'သင်ပေါင်းကား' ရွာကို မရောက်ခင် တစ်ရက်က ဒီလို တစ်ဘက်ကမ်းကို ဖြတ်ကူးနေတဲ့ အင်္ဂလိပ်စစ်တပ်ကို ဂျပန် ဇီးရိုး လေယာဉ် ၃–၄ စင်းက လာပြီး ဗုံးချ၊ စက်သေနတ်ပစ်သွားသေးတယ်ဆိုတာ ကြားရ ပါတယ်။

ကျွန်တော် သင်ပေါင်းကားရွာရောက်တော့ အမေရိကန် စီအိုင်တီ အဖွဲ့ (Lt. Greek) ဗိုလ်ဂရစ်နဲ့တွေ့ပါတယ်။ ဗိုလ်ဂရစ်ထံ ကျွန်တော့်ကို ပို့ထားခဲ့ပြီး ဂေါ်ရခါး စစ်သား ၂ ယောက်လဲ သူတို့အင်္ဂလိပ်တပ်များဆီကို သွားတပ်စခန်းချပါတယ်။

မြစ်ကြီးနား ဝမ်းအိုဝမ်းဌာနချုပ်က ဗိုလ်ဂရစ်ထံ ကျွန်တော်တို့ ရောက်မယ့်အကြောင်း ကြိုးမဲ့ကြေးနန်းနဲ့ သတင်းပို့ထားနှင့်ပြီးဖြစ်တယ်။ ကျွန်တော်တို့ကို စောင့်မျှော်နေတယ်။ ချိန်းတဲ့ရက်မလာတဲ့အတွက် မှုပင်နေကြကြောင်း ပြောပြကြပါတယ်။ သူတို့နဲ့တွေ့တော့ ကျွန်တော်က မလယ်မှာ ပြောက်ကျား ပစ်ခံရလို့ ကိုအေးဝင်းကို ဒဏ်ရာနဲ့ မလယ်အင်္ဂလိပ်တပ်မှာ အပ်ခဲ့ရကြောင်း၊ သူ့ကို အမေရိကန် ဝမ်းအိုဝမ်းဌာနချုပ်ကို အချိန်မီပို့ပြီး ကုသနိုင်ရေးကို ဆက်လက်ဆောင်ရွက်ပေးဖို့ တစ်ပါတည်း တင်ပြလိုက်ပါတယ်။

အဲဒီည သင်ပေါင်းကားရှိ ဗိုလ်ဂရစ်စခန်းရုံးလုပ်ထားတဲ့ စရပ်ပေါ် မှာ အိပ်ကြပါတယ်။ ညအိပ်ရာဝင်ကြလို့မှ မှေးကနဲမပျော်ခင် 'ဒိုင်း'ဆို အမြောက်သံနဲ့အတူ ကျွန်တော်တို့ဆီ 'မကောင်းသူထိပ်' ဟောလို့အော်ပြီး တဝီဝီနဲ့ပြေးဝင်လာပါတော့တယ်။ ကျွန်တော်တို့နဲ့ မလှမ်းမကမ်းမှာ ဝုန်းဆိုပြီး ပေါက်ကွဲပါတယ်။ ကျွန်တော်တို့ စရပ်အပေါ်မှာပဲဆက်နေပါသေးတယ်။ နောက်ဘပ်ပစ်သံနဲ့အတူ တဝီဝီနဲ့ ကျွန်တော်တို့ဆီ ပြေးဝင်လာနေတဲ့အသံ ကြားရပြန်တယ်။ "ဒီတစ်ခါတော့ တို့ခေါင်းပေါ်ပဲလား" ဆိုပြီး လူတွေအား လုံး ဇရပ်ပေါ်ကပြေးဆင်းကာ မြေကတုတ်ထဲဝင်ပုလိုက်ကြရပါတယ်။ ဝုန်း ဆိုတဲ့ ပေါက်ကွဲသံနဲ့အတူ မြေကြီးလဲတုန်လှုပ်သွားပါတယ်။ ဇရပ်လဲယိမ်း ယိုင် သွားပါတယ်။

ပေါက်တပင်တုန်းကတော့ ဂျပန်စက်သေနတ်သံလောက်ပဲကြားရပေမယ့် အခုတော့ ကြောက်ခမန်းလိလိ အမြောက်သံကို တစ်ညလုံးလိုလို ကြားရပါတယ်။

မဟာမိတ်များက အရှေ့ဘက်ကို ဖြတ်ကူးပြီး သပိတ်ကျင်းမှာ တပ်စွဲနေရာယူထားတယ်။ သပိတ်ကျင်း မိုးကုတ်ကားလမ်းပေါ်ရှိ ဝါးဖြူတောင်ရွာဘက် ဂျပန်ကဆုတ်သွားပါတယ်။ ဝါးဖြူတောင် တောဘက်ကနေ အဝေးပစ်အမြောက်ကြီးများနဲ့ ကျွန်တော်တို့ဘက်ကို ပစ်ခြင်းဖြစ်တယ်။ 'သင်ပေါင်းကားရွာဘက်မှာတော့ အင်္ဂလိပ်တပ်တွေကပုရွက်ဆိတ်တွေလို ခဲပြီး အလုံး အရင်းနဲ့ရှိနေတယ်။ ပစ်မှတ်ကို အထူးရွေးပစ်နေစရာမလိုပါ။ လူအုပ်ထဲ ခဲတစ်လုံးပစ်သွင်းလိုက်သလို တစ်ဦးဦးကိုတော့ မှန်မှာပဲ။ ဒီသဘောပင် ဖြစ်ပါတယ်။အဲဒီည ကျွန်တော်တို့ဘက်က အသေအပျောက် မသိလိုက်ရပါ ဘူး။ ဘာကြောင့်ဆို မနက်လင်းလင်းချင်း ခရီးထွက်ခဲ့ကြရလို့ဖြစ်ပါတယ်။

သူတို့တစ်ချက်ပစ်ရင် အင်္ဂလိပ်တပ်ဘက်က ဂျပန်အမြောက်သံလာရာဘက်တစ်ခုကို ရှိသမျှအမြောက်တွေနဲ့ "ဩ" ထည့်လိုက်တယ်။ တစ်လောကလုံးတုန်ဟည်းပြီး မိုးပြိုမတတ်ပင် ဖြစ်ပါတယ်။

ဂျပန်အမြောက်များ အပစ်ခဏရပ်သွားတဲ့အခါ ကျွန်တော်တို့က ကျောင်းပေါ်ပြန်တက်ပြီး အိပ်ဖို့ပြင်ပါတယ်။ အိပ်ပျော်မယ်လဲလုပ်ရော ဟော ဂျပန်အမြောက်သံက ထပ်ပေါ်လာပြန်တယ်။ ဒီတော့ ပြေးပြီး မြေကတုတ်ထဲ ဝင်ကြရပြန်ရော။

ဒီလို ကျောင်းပေါ်ပြန်တက်ပြီး အိပ်မယ်လဲလုပ်လိုက်၊ ပြေးဆင်းပြီး မြေကတုတ်ထဲဝင်လိုက်နဲ့ပဲ ဖြစ်နေတော့ နောက်ဆုံးတော့ မြေကတုတ်ထဲမှာပဲ အိပ်ကြတော့တယ်။ ဒါပေမယ့် အိပ်လို့မရကြပါဘူး။

မနက်မိုးလင်းတယ်ဆိုရင်ပဲ ဂျပန်အမြောက်သံတွေ ကြက်ပျောက်ငှက်ပျောက်ဆိုသလို ပျောက်သွားပါတယ်။ နေ့မှာသာ ညကလို တစ်နေ့လုံးပစ်နေရင် အင်္ဂလိပ်အမေရိကန်လေယာဉ်ပျံတွေကလာပြီး ဗုံးချမယ်၊ ဒါကြောင့် ဖီးကွက်လို နေ့မှာလုံရာခြုံရာမှာ ပုန်းအောင်းနေကြပြီး ညညမှ အမြောက်မော်တာတွေနဲ့ လှမ်းပစ်လေ့ရှိပါတယ်။ တစ်ညလုံး ကောင်းကောင်းမအိပ်ရဘူး၊ ဒီအထဲ ရောဝတီမြစ်နဖူးမှာ စခန်းချနေရတော့ ဆောင်းလေကလဲ တဟူးဟူးတိုက်နေတယ်။ စောင် လုံလုံခြုံရှိပေမယ့် မနွေးဘူး။

မနက်ကျတော့ တောင်ဘက် ရွှေဥ္ဂန်းရွှေတိုက်ဘက်ဆီကို ဂျစ်ကား နှစ်စီးနဲ့ စခန်းပြောင်းကြပါတယ်။ တစ်နေ့လုံး ကားနဲ့လာကြပါတယ်။ ရွှေဘိုလွင်ပြင်တစ်ကွင်းလုံး အင်္ဂလိပ်တပ်များ ပလူပျံကျနေပါတယ်။ ညနေ ကျောက်မြောင်းအောက် ရွှေဥ္ဂန်းရွှေတိုက်ကို ရောက်ခဲ့ကြပါတယ်။

**ရှေ့တန်းစစ်ကြောင်းကိုဖြတ်ခြင်း**

ရွှေဥ္ဂန်းရွှေတိုက်အောက်ပိုင်း တောင်ဘက် လေးငါးမိုင်အထိ အင်္ဂလိပ်တပ် တပ်စွဲ ကင်းချထားပါတယ်။ ယင်းတပ်စခန်း တောင်ဘက်မှ အနောက်ဘက်ရိုးတွင် ဂျပန်များရှိနေပါတယ်။ ဧရာဝတီအရှေ့ဘက်ကမ်းမှ ဂျပန်များ အလုံးအရင်းနဲ့ တပ်ဖြန့်နေရာယူ ခုခံနေကြပါတယ်။

ရွှေဥ္ဂန်းရွှေတိုက် တလျှောက်ချထားတဲ့ အင်္ဂလိပ်တပ်စွဲတစ်ခုကို လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်က အရှေ့ဘက်ကမ်းမှ ဂျပန်တွေ တိတ်တိတ်ကူး လာပြီး အလစ်မှာ ဓားနှင့်ခုတ်၊ လှံစွပ်နဲ့ထိုးလို့ အင်္ဂလိပ်တပ်သားတွေ တော်တော်များများ အငိုက်မိပြီး အတုံးအရုံးနဲ့ ကျဆုံးကုန်တယ်လို့သိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ရောက်တဲ့ညက ဘီအိုင်စီအရာရှိများနဲ့ တပ်မှူးတို့က မြေကတုတ်များရှိ တပ်သားများကို တိတ်တိတ်ဆိတ်ဆိတ်နေကြဖို့ အသွားအလာမလုပ်ကြဖို့ လေသံနဲ့ လိုက်သတိပေးနေတာတွေ့ရပါတယ်။

ဘီအိုင်စီ အရာရှိ ဗိုလ်ဂရိစ်ကိုတွေ့ပြီး ကျွန်တော် စစ်မြေပြင် ဖြတ်ကျော်နိုင်ရေးအတွက် အစီအစဉ်လုပ်ပေးဖို့ အကူအညီတောင်းပါတယ်။ ဘီအိုင်စီ စစ်ဗိုလ်ကလေးက စီစဉ်ပေးပါတယ်။ မင်းကွန်းရွာတွင် ဂျပန်တပ်စွဲလျက် ရှိပါတယ်။ ရွှေဥ္ဂန်းရွှေတိုက်ကနေ မန္တလေးကို လှေနဲ့တက်နဲ့သွားဖူးလာစရှိတဲ့ ကိုစံထွန်းဆိုတဲ့လူငယ်လှေသမားတစ်ဦးကို ကျွန်တော်နဲ့ ထည့်ပေးလိုက်ပါတယ်။

စစ်ဘေးစစ်ဒဏ်ကြောက်လို့ လူတွေတိမ်းရှောင်နေတော့ အောက်ပိုင်းကို သွားလာတတ်တဲ့ လှေသမားတစ်ဦးတလေရဖို့ အင်မတန်အခက်ကြုံနေတာမို့ ကိုစံထွန်းကို ကံကောင်းလို့ရှာတွေ့တယ်လို့ ပြောရပါမယ်၊ ရွာခေါင်းက စည်းရုံးပေးလို့ ကျွန်တော့်ကို လိုက်ပို့ပေးခြင်းဖြစ်ပါတယ်။

ကျွန်တော်နဲ့အတူလိုက်မယ့် ကိုစံထွန်းကျပြန်တော့လဲ သူ့အမျိုးသမီးက သားဖွားနေလို့ မီးတောင်မထွက်သေးဖူးတဲ့။ ရွာခေါင်းကလဲစည်းရုံးတာလဲ

တစ်ကြောင်း၊ သူကိုယ်တိုင်ကလဲ ဂျပန်ကို မုန်းတီးပြီး တော်လှန်ချင်တာက တစ်ကြောင်း၊ အဲဒီအကြောင်းတွေကြောင့် မီးမထွက်ရသေးတဲ့ ဇနီးနဲ့ ရင်သွေးကိုထားခဲ့ပြီး ကျွန်တော်နဲ့လိုက်ခဲ့ခြင်း ဖြစ်ပါတယ်။

ရွှေဥမ်းရွှေတိုက်ဟာလဲ တတိယမြစ်ကျဉ်းအတွင်းမှာပဲ ရှိနေပါတယ်။ ညကျတော့ 'သင်ပေါင်းကား' ရွာတုန်းကလို ဂျပန်တပ်တွေက စတင်ပစ်ခတ်ပါတော့တယ်။ တာလတ်ပစ်အမြောက်ငယ်များ၊ မော်တာများနဲ့ ပစ်ခတ်တော့တယ်။ ဂျပန်က ဧရာဝတီမြစ်တစ်ဘက်ကမ်းက ပစ်လိုက်၊ အင်္ဂလိပ်က ဒီဘက်ကမ်းကနေ အမြောက်တွေ ပြန်ပစ်လိုက်နဲ့ ဂျပန်က တစ်ချက်ပစ်ရင် အင်္ဂလိပ်က ပေါက်ပေါက်ကြဲသလို ပြန်ပစ်ပါတယ်။

ဒီအမြောက်သံတွေကြားမှာပဲ ကျွန်တော်တို့ စုန်ဆင်းဖို့ လှေရှာရ၊ တက်ရှာရနဲ့ အလုပ်များနေပါတယ်။ လှေတို့တက်တို့ကလဲ ရဖို့အင်မတန် အခက်ကြုံရပါတယ်။ ရှိသမျှလှေတွေကို ဂျပန်က အားလုံးဆွဲယူသွားပါတယ်။ ရွာမှာ လုပ်စားစရာ၊ သွားလာစရာ လှေတောင်မကျန်တော့ပါဘူးတဲ့။ ဂျပန်မသိအောင် ဝှက်ထားတဲ့ လှေလောက်ပဲကျန်တယ်။

တစ်ဘက်နဲ့တစ်ဘက် ပစ်ခတ်နေတာဟာ ပေါက်တပင် သင်ပေါင်းကားတို့မှာထက် ပိုအသည်းထိတ်လန့်စရာ၊ ကြောက်စရာကောင်းလှပါတယ်။

လဆန်းလဝင်သွားတဲ့ ၁၀ နာရီသာ ၁၁ နာရီလောက်ကျမှ ဗိုလ်ဂရိုစ်နဲ့ ဘီအိုင်စီအရာရှိတို့ကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြပါတယ်။ မှောင်ရိပ်တောရိပ်ကို ခိုပြီး အနောက်ဘက်ကမ်းကနေ နှစ်ယောက်သား ရေသံ၊ လှေလှော်သံ၊ ခပ်သံမကြားအောင် စုန်ဆင်းခဲ့ကြတယ်။ ဒီအချိန်မှာ အသက်ကိုတောင် ပြင်းပြင်းမရှူဝံ့တဲ့အချိန်ပဲ။

## အန္တရာယ်များလှတဲ့ စစ်မြေပြင်ကိုဖြတ်ခြင်း

ကျွန်တော်တို့က လွယ်အိတ်တစ်လုံးစီနဲ့ပါ။ အမေရိကန်တပ်မတော်က ပေးလိုက်တဲ့ "ထိပ်တန်းလျှို့ဝှက်စာ" ကို ဝါးလုံးခြောက်ထဲ 'သင်ပေါင်းကား' မှာကတည်းကထည့်ခဲ့တော့ ဒီဝါးလုံးခြောက်ရဲ့အရေးပါမှုကို လှေသမားကိုစံထွန်းမသိပါ။ ရိုးရိုးလမ်းသွားရင်း ကောက်ယူခဲ့တဲ့ တောင်ဝှေးအဖြစ်ကထက် ပိုပြီးမသိဘူး။ ကိုစံထွန်းကိုလဲ ကျွန်တော်ဘာကောင်ဖြစ်တယ်၊ ဘာကိစ္စလာတယ်ဆိုတာ ပြောပြမထားပါ။

ကိုစံထွန်းကတော့ ကျွန်တော့်ကို စပိုင်လို့သာ ထင်မြင်ယူဆနေခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်မြေပြင်ကို ဖြတ်ကျော်လာတဲ့အခါ အင်မတန် အသည်းယားစရာ ကောင်းလှပါတယ်။ အနောက်ဘက်က အင်္ဂလိပ်ကင်း တပ်စွယ်ကို ကျွန်တော်တို့ စုန်ဆင်းလာမယ်ဆိုတဲ့အကြောင်းကို ရွှေဥန်း ရွှေတိုက် ဘီအိုင်စီရုံးက ကြိုပြီး ဖုန်းနဲ့သတင်းပို့ထားနှင့်ပြီဖြစ်ပေမယ့် သူတို့က များ မှားပစ်လိုက်လေမလား၊ ဒါမှမဟုတ် ဂျပန်ပြောက်ကျားတွေက ဒီဘက်လှေနဲ့ တိတ်တဆိတ်ကူးလာတာနဲ့များ တွေ့လို့ ပစ်ခတ်လေမလားလို့ ပူပန်ရတာလဲ ရင်မောလှပါတယ်။

တစ်ဘက်ကမ်းနဲ့ တစ်ဘက်ကမ်း ပစ်ခတ်နေတဲ့ မော်တာပြောင်းဝတို့၊ အမြောက်ပြောင်းဝတို့က ထွက်လာတဲ့ မီးဖွားတွေဟာလဲ သိတင်းကျွတ်မှာ မီးရှူးမီးပန်းတွေများ လွှတ်နေရော့သလား၊ ဒါမှမဟုတ် စုန်းကဝေမီးလို လမိုက်ညမှာ ရဲကနဲလင်းကနဲ မြင်ရသလိုပါ။ ထိတ်လန့်စရာကောင်းသလို ကြည့်ရှုလို့ မငြီးစရာပဲ။

ဆောင်းလေဟာလဲတဖြူးဖြူးတိုက်ခတ်နေတော့ တစ်ကိုယ်လုံးချမ်းလို့ပဲ။ ကြောက်စရာ၊ ထိတ်စရာ၊ သွေးပျက်စရာကောင်းတဲ့ စစ်မြေပြင်ကို ဖြတ်ကျော် နေရတဲ့အတွက် အသည်းတထိတ်ထိတ်မို့ အပြင်ကိုယ်ခန္ဓာမှာ ခိုက်ခိုက်တုန် မတတ် ဖြစ်ပေမယ့် ရင်ထဲမှာကတော့ စိုးရိမ်ကြောင့်ကြစိတ်တွေက တစ်ဆင့် ထက်တစ်ဆင့် :ဒီဂရီတက်လာတော့ ပူလို့မဆုံးပါဘူး။

မိုးလင်းခါနီးကျတော့မှ စစ်မြေပြင်ကို ဘေးမထိရန်မခဘဲ ဖြတ်ကျော်နိုင် ခဲ့ပြီး မီးနှစ်မီးကြား တစ်မီးတော့ လွတ်ခဲ့ပြီမို့ ရင်ထဲနည်းနည်းခံသာလာ တယ်။ အစုကြီးကျွန်းမှာ တစ်နေ့လုံးလှေကို ကိုင်းတောထဲ ထိုးထားပြီး နေခို ရပါတယ်။ ဧရာဝတီရေပြင်လွှတ်ရုံပျပြီး လှေ၊ မော်တော်မြင်မြင်သမျှ သွားလာ နေတဲ့ယာဉ်တွေကို စက်သေနတ်နဲ့ပစ်နေတဲ့ ကျွဲညီနောင်ရန်ကလဲရှိနေပါတယ်။ ဒါကြောင့် ဂျပန်မမြင်ရလေအောင် အင်္ဂလိပ်လေယာဉ်မမြင်ရလေအောင် ပုန်းအောင်းနေရခြင်း ဖြစ်ပါတယ်။

ညဥ့်မှောင်စပျိုးမှ ပြန်စုန်ဆင်းခဲ့ကြပါတယ်။ တစ်ညလုံး အသံမကြား အောင် လှေကိုလှော်ခတ်ခဲ့ရပါတယ်။ ချမ်းအေးတဲ့ဒဏ်ခံရင်း မနက်မိုးလင်း တော့ မင်းကွန်းကိုရောက်ပါတယ်။ မင်းကွန်းမှာ ဂျပန်များရှိနေပါတယ်။

မင်းကွန်း လူ့အိုရုံက ဦးဘဒင်ဆိုသူရဲ့အိမ်ကို သွားရောက်ပြီး လေ့တက်များအပ်၊ ကိုစံထွန်းကိုထားခဲ့ပါတယ်။ မင်းကွန်းမှာ ကသာကပြောင်းလာတဲ့ ကိုထူးရှိနေကြောင်း သိရပါတယ်။ မန္တလေးအဆက်သွယ်နဲ့ မန္တလေးအခြေအနေများကို စုံစမ်းဖို့ ကိုထူးဆီသွားတွေ့ခြင်းဖြစ်ပါတယ်။

ကျွန်တော် ရွှေဥဒ်ရွှေတိုက်ရောက်တုန်းက အင်္ဂလိပ်စစ်သားတွေဆီက သတင်းများကြားရပါတယ်။ သတင်းတစ်ခုက ဗမာစစ်သားတွေ ဂျပန်ကို တော်လှန်ပြီဆိုတဲ့သတင်း၊ နောက်တစ်ခုက အင်္ဂလိပ်အမေရိကန်လေယာဉ်တွေက ဗုံးအကြီးအကျယ်ချလို့ မန္တလေးတစ်မြို့လုံး ပြာကျသွားပြီဆိုတဲ့သတင်း။

ဒီသတင်းတွေကြောင့် ကျွန်တော့်အနေနဲ့ မန္တလေးသတင်းကို ရယူဖို့ အရေးကြီးလာပါတယ်။ ကိုထူးနှင့်တွေ့တော့မှ ရွှေဥဒ်ရွှေတိုက်မှာတုန်းက အင်္ဂလိပ် စစ်တပ်ကသိရှိခဲ့တဲ့သတင်းတွေ မဟုတ်မမှန်မှန်း သိရှိရပါတယ်။

မန္တလေးသတင်းကို ရပေမယ့်လဲ နေ့လယ်လေ့အသွားအလာများကို ကျွဲညီနောင်ခေါ်တဲ့ မဟာမိတ်လေယာဉ်က မြစ်ကြောင်းတစ်လျှောက် လိုက်လံပြီး စက်သေနတ်နဲ့ပစ်နေတော့ အသွားအလာမရှိကြောင်း သိရပါတယ်။

ဒါကြောင့် ညမှခရီးထွက်ဖို့စီစဉ်ပြီး ကိုထူးတို့ဆီမှာ နေခိုနေလိုက်တယ်။ ကိုထူးတို့နဲ့အတူ တစ်ဝိုင်းတည်း တည်းခိုနေတဲ့ ကသာက ဘိုစ်မိသားစုနဲ့ ဗမာမွတ်စလင်လူငယ် မောင်လှရွှေတို့မိသားစုလဲ ရှိနေပါတယ်။

**ဖက်ဆစ်အကျဉ်းသမားဘဝရောက်ခြင်း**

ညနေကျတော့ ကိုထူးတို့စခန်းချနေတဲ့ ချောင်က ဦးဘဒင်အိမ် ပြန်အလာ၊ မောင်လှရွှေလဲ ကျွန်တော့်ကို လိုက်ပို့ပါတယ်။ ဦးဘဒင်အိမ်ရောက်တော့ ကိုစံထွန်းကို မတွေ့ရပါ။ အရပ်ဝတ်နဲ့ လူတစ်ယောက်က ကျွန်တော့်ကို ခဏထိုင်စောင့်ခိုင်းပြီး မကြာခင် ရှမ်းဘောင်းဘီဝတ် ဂျပန်စံရှားခေါ် ဒေစုအိစန်–တလိုင်းနှစ်ပွင့် တပ်ကြပ်နဲ့ ဗမာအရပ်ဝတ် "ဝ"တပ်သား ၁၅ယောက်ခန့် ခြံဝင်းထဲခပ်သုတ်သုတ်ဝင်လာပြီး ကျွန်တော့်ကို ဖမ်းပါတော့တယ်။

ကျွန်တော်လဲ တစ်လမ်းလုံး မထင်မရှားကိုင်လာတဲ့ ဝါးလုံးခြောက်ငယ်ကို လွှတ်ချလိုက်တယ်။ လူကိုသာ အဓိကမဲဖမ်းဖို့စိတ်စောကြလို့ ဝါးလုံးရဲ့ အရေးပါအရာရောက်မှုကို ဂျပန်က ဂရုမမူမိလိုက်ဘူး။ ကျွန်တော့်ဖမ်းပြီးမှ

အိမ်ပေါ်မှာ ဖမ်းထားတဲ့ကိုစံထွန်းကို ဆွဲချလာပါတော့တယ်။ ကျွန်တော့်ကို အဖော်ခေါ်လာတဲ့ မောင်လှရွှေကလေးကိုလဲ ဂျပန်က ဖမ်းလိုက်ပါတယ်။

အဖမ်းခံရပုံက လှေသမားသွားစခန်းချတဲ့ ဦးဘဒင်ဟာ ဂျပန်လူ ဖြစ်နေပါတယ်။ လှေသမားက မူးမူးနဲ့ "သူတို့ မင်းကွန်းက လှည့်ပြန်သွားတဲ့အခါ မင်းကွန်းက တိမ်းရှောင်ကြ၊ ဗုံးလာချလိမ့်မယ်"လို့ ပြောပြသတဲ့။ ဒါကြောင့် ဦးဘဒင်က စံရှားကို သွားပြောတော့ စံရှားက လှေသမားကိုစံထွန်းကို ချက်ချင်းဖမ်းလိုက်တယ်။ ကျွန်တော့်ကို တစ်နေ့လုံး နေရာအနှံ့ လိုက်ရှာကြပါသတဲ့။ ဒါကို နောက်မှကျွန်တော်သိရပါတယ်။

ကျွန်တော်တို့ကို ဂျပန်က ယာယီအချုပ်ခန်းကို ခေါ်သွားပြီး ချက်ချင်း စစ်ဆေးမေးမြန်းပါတယ်။ ရိုက်နှက်ကန်ကျောက် လက်သီးနဲ့ထိုး၊ ခေါင်းကို တမံတလင်းနဲ့ ဆောင့်ကန်ပြီး စစ်ဆေးပါတယ်။ လှေသမားက ကျွန်တော့်ကို စပိုင်သူလျှိုတစ်ယောက်လို့ ထင်မှတ်နေပြီး ဂျပန်တော်လှန်ရေးသမားဆိုတာ မသိပါ။

ကျွန်တော်တို့ကို တစ်နေရာတည်းမှာထားပြီး အားလုံးရှေ့မှာစစ်ဆေးပါတယ်။ သူတို့နှစ်ယောက်ထွက်ဆိုချက်တွေ ကျွန်တော်အားလုံးကြားရပါတယ်။ ဒါဟာ ကျွန်တော့်အတွက် မဟာအမြတ်ကြီးတစ်ခုလို့ဆိုရပါမယ်။ သူတို့ထွက်ဆိုချက်ပေါ် လိုက်နင်းပြီး အစစ်ခံဖို့ အခွင့်သာသွားပါတယ်။

ကျွန်တော့်ကို ဖမ်းတုန်းက ဝါးလုံးခြောက်ရဲ့အရေးပါအရာရောက်မှုကို ဥပေက္ခာပြုခဲ့သလို အခုလဲ ကျွန်တော်တို့အားလုံးရှေ့မှာ တစ်ယောက်ပြီးတစ်ယောက် စစ်ဆေးခြင်းဟာ ဂျပန်အတွက် အရေးနိမ့်သွားစေတဲ့ ဟာကွက်တစ်ရပ်ဖြစ်ပါတယ်။

ကိုလှရွှေကို နောက်ထပ်စစ်ပြန်တော့ သူဘာမှမသိကြောင်း၊ ကိုဝင်းမောင်ဟာ ကသာကို အမေရိကန်တပ်တွေဝင်လာလို့ ပြေးလာတဲ့အကြောင်းသာ ပြောပြလို့သိကြောင်းလောက်ကိုသာ အစစ်ခံတယ်။ ဂျပန်က ရိုက်နှက်ကန်ကျောက်နှိပ်စက်ပေမယ့်လဲ ဒီအတိုင်းပဲဖြေကြားပါတယ်။

အမှန်မှာ ကိုလှရွှေအနေနဲ့ ကျွန်တော် ဂျပန်တော်လှန်ရေးသမားဖြစ်ကြောင်း၊ တော်လှန်ရေးလုပ်ငန်းအတွက် လာကြောင်း၊ ကျွန်တော်ပြောပြလို့ သိထားနှင့်ပြီးဖြစ်ပါတယ်။ သူ့ပါးစပ်နှာခေါင်းတို့မှာ သွေးများယိုစီးကျလာခြင်း၊ မျက်နှာတစ်ခုလုံး ဖူးယောင်နေခြင်း၊ ဖွတ်ဖွတ်ကျေအောင် နှိပ်စက်



ရဲဘော်စောဖြူ

က　　စစ်ပြီးခေတ်တွင် ယူအင်ပီသို့ ဝင်ရောက်အမှုထမ်းခဲ့သူ



ဗိုလ်ထွန်းညွန့်နှင့်ဇနီး ဒေါ်မမကြီးတို့အား ၁၉၆၇ ခုနှစ်တွင်
မိုးကောင်းမြို့၌ စာရေးသူသွားရောက်မေးမြန်းခဲ့စဉ်။



၁၉၇၀ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့ တပ်မတော်နေ့ကို သမ္မတကြီးဟောင်း မန်းဝင်းမောင် နေအိမ်မှာ ကျင်းပရာ တက်ရောက်လာသူများ–
(ဝဲမှ) ရဲဘော်ညိုထွန်း၊ ရဲဘော်သာထွန်းအောင်၊ ရဲဘော်မန်းဝင်းမောင်၊
ရဲဘော်စံတင် ရဲဘော်စံသာကျော်နှင့် ရဲဘော်သိန်းဖေ။



၁၉၇၃ ခုနှစ် တပ်မတော်နေ့ လေထီးသမားများနှင့် မိသားစုတို့ရဲ့
မိတ်ဆုံစားပွဲ၊ ဗိုလ်ချုပ်ပန်းခြံတွင် ကျင်းပရာ တက်ရောက်သူများ က



၁၉၇၃ ခု၊ ဩဂုတ်လက အင်္ဂလန်သို့ သတင်းစာ ကိုယ်စားလှည်အဖွဲ့တစ်ဖွဲ့
စေလွှတ်စဉ်က ကြေးမုံအယ်ဒီတာချုပ် သခင်လှကွန်းနှင့် ရဲဘော်မြတို့
လန်ဒန်တွင် ဒုတိယကမ္ဘာ စစ်တုန်းက အတူတာဝန်ယူခဲ့သော ဗို့ဒ် ၁၃၆ ခ
မှ ဗိုလ်မှူး ရှုပင်တိုင်း မိသားစုနှင့် ပြန်လည်ဆုံဆည်းကြစဉ်။



၁၉၇၄၊ မတ်လ ၂၇ ရက်နေ့ တပ်မတော်နေ့က သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးဦးသာကျော်ရဲ့ သဘောကျွင်းတွင် ကျင်းပရာ တက်ရောက်လာသော အအေက်ဖ်အိုမှ ရဲဘော်–ရဲဘော်မများ –

နောက်တန်း(ဝဲမှ) ဦးဝေလာစစ်တွေ၊ မောင်စိုးသိန်း–ရဲဘော်မဒေါ်မြရီရဲ့ သားကြီး၊ ဦးရဲထွန်း–မြန်အောင်မြို့၊ ဦးညွန့်ဝေ ဖျာပုံ၊ ဦးစံသာကျော် စစ်တွေ၊ ဦးမြ ညောင်တုန်းကောင်ရ၊ ဦးသိန်းဖေမြင့် မုံရွာ၊ သခင်လှထွန်း ရေနံချောင်း၊ မောင်ဦးမောင် (ဦးထွန်းအောင်ကျော်၏သား)နှင့် ရဲဘော်မဒေါ်မြရီ၏ သားတွေ။

ရှေ့တန်း(ဝဲမှ) ကိုကိုကြီး ဇန်းမော်၊ သခင်အုန်းမောင် ဖျာပုံ၊ ဗိုလ်သာထွန်းအောင် စစ်တွေ၊ ဦးစောဖြူ စစ်တွေ၊ ရဲဘော်မဒေါ်မြရီ ကျောက်ဆည်၊ ဦးသာကျော် စစ်တွေ၊ ဦးစံတင့် ရှမ်းပြည်၊ ဦးသိန်းဖေ(ခ)ဦးသိန်းမောင် သာယာဝတီနှင့် ဦးလှသောင်း ဖျာပုံ။



၁၉၇၅ ခု လေထီးဆင်း ရဲဘော်များ၏ မိတ်ဆုံပွဲသို့ တက်ရောက်လာသူများ
ရှေ့တန်း: ဗိုလ်ရဲထွန်း၊ ဗိုလ်စံကျော်၊ ဗိုလ်သာကျော်၊ ဦးညိုထွန်း၊ ရဲဘော်စံတင်၊ ရဲဘော်လှသောင်း၊ (ကိုညွန့်ဝေ ညီ)

က

နောက်တန်း: သခင်လှကွန်း၊ ရဲဘော်အုန်းမောင်၊ ရဲဘော်ညွန့်ဝေ၊ ဗိုလ်စောဖြူ၊ ရဲဘော်သိန်းဇံ။



၁၉၈၁ ခု၊ မတ်လ ၂၀ ရက်နေ့ တပ်မတော်နေ့အကြိုနေ့တွင် အောင်ဆန်းမြို့ ရဲဘော်စံသာကျော်၏ နေအိမ်တွင် ကျင်းပသည့် ထမင်းစားပွဲသို့ ဗိုဒ်

ခ

၁၃၆ နှင့် ဝမ်းအိုဝမ်း လေထီးအဖွဲ့တို့မှ တက်ရောက်လာသည့် အေအက်ဖ်အလ် ရဲဘော်များ



၁၉၈၄ ခုနှစ် အမျိုးသားအောင်ပွဲနေ့က သခင်အောင်အိမ်တွင် သာယာဝတီ
က နယ်ရှိ ဂျပန်တော်လှန်ရေးတွင် ပါဝင်လှုပ်ရှားခဲ့သော ရဲဘော်တချို့နှင့်
အတူ စာရေးသူ (နောက်တန်း ဝဲဘက်အစွန်ဆုံး) ရိုက်ကူးခဲ့သည့်ပုံ။



၁၉၈၄ ခုတွင် သာယာဝတီခရိုင် လေထီးဆင်းရဲဘော်များနှင့် မျိုးချစ်
ခ ပြောက်ကျားများ၏ လှုပ်ရှားမှုကို သခင်ခင်အောင်အိမ်တွင် သခင်
ခင်အောင်၊ ရဲဘော်သိန်း၊ ဇ(ခ)ရဲဘော်သိန်းမောင်တို့အား စာရေးသူက
တွေ့ဆုံမေးမြန်းစဉ်။



၁၉၈၄ ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့ ကျောက်ကုန်း မင်းရဲကျော်စွာလမ်း အမှတ် (၂၉)နေ ဦးမြင့်ဆွေ၏အိမ်တွင် ဂျပန်ခေတ် လေထီးသမားများနှင့် ပတ်သက်၍ စာရေးသူက ဦးမြင့်ဆွေအား တွေ့ဆုံမေးမြန်းနေပုံ။

က



၁၉၈၄ ခု၊ မတ်လ ၂၇ ရက် တပ်မတော်နေ့ကို ကျောက်ကုန်းမင်းရဲကျော်စွာလမ်းအိမ် အမှတ် (၂၉) ဦးမြင့်ဆွေ၏နေအိမ်တွင် ကျင်းပရာ ဂျပန်တော်လှန်ရေးတွင် ပါဝင်ခဲ့သော တောင်ငူ ပြောက်ကျား ရဲဘော်တချို့တို့က ၎င်းတို့၏ ကြုံတွေ့ခဲ့တဲ့ တော်လှန်ရေးအတွေ့အကြုံများကို တင်ပြနေပုံ။



ရဲဘော်ဘကိုး

ပဲခူးနယ်အတွင်း မျိုးချစ်ပြောက်ကျားများ လေထီးသမားများတို့ရဲ့ တာဝန်ကို ယူခဲ့သော ရဲဘော်ဘကိုးအား ၎င်းတာဝန်ယူ လှုပ်ရှားခဲ့ပုံများကို ၁၉၈၄ ခုနှစ်ထဲတွင် ပန်းဘဲတန်းရှိ သူ့ဆိုင်ခန်းတွင် စာရေးသူ သွားရောက် မေးမြန်းခဲ့ခြင်း။



ရဲဘော်ဘမောင်(ခ)ရဲဘောင်ခင်မောင်ကြီး

၁၉၈၀ ခနှစ် မုံရွာက သူ့အိမ်မှာ ဂျပန်တော်လှန်ရေးကာလ သထုံနှင့် ဘီးလင်းကြား မင်းလှွင်ကရင်ရွာနားမှာ သူလေထီးဆင်းခဲ့တဲ့ အတွေ့အကြုံ တို့ကို စာရေးသူအား ရှင်းပြနေပုံ။



ရဲဘော်လှသောင်


ရဲဘော်လှသောင်းနှင့်စာရေးသူတွေ့ဆုံပြီး သူ ဗိုဒ် ၁၃၆ တပ်ဖွဲ့နှင့် ပူးပေါင်း
တာဝန်ယူခဲ့ပုံတို့ကို မေးမြန်းနေစဉ် (ထိုအချိန်တွင် ရဲဘော်လှသောင်းမှာ က
မျက်စိကွယ်လျက် ရှိနေပါပြီ၊ ယခုတော့ ကွယ်လွန်သွားရှာပါပြီ။)



ကသာကပန်းချီကထိကဆရာကြီး ဦးဘသော်၊ ကာတွန်းဆရာ၊ ဟာဂျူလီ၊
စာရေးဆရာများဖြစ်တဲ့ အေးငြိမ်းသာနှင့်မောင်ငြိမ်းသစ်(ကသာ)တို့အား ခ
ဝမ်းအိုဝမ်းကျောင်းမောင် (ဝဲဘက်အစွန်ဆုံး)က သူဖြတ်သန်းလာခဲ့တဲ့,
ဂျပန်တော်လှန်ရေး အတွေ့အကြုံများကို ရှင်းပြနေစဉ်။



က ၁၉၉၈ ခု မတ်လ ၂၆ ရက်နေ့ တပ်မတော်နေ့ မိတ်ဆုံထမင်းစားပွဲ ကျင်းပရာ တက်ရောက်လာသော သမ္မတဟောင်း မန်းဝင်းမောင်ရဲ့သား ကိုအောင်ဝင်း၊ ရဲဘော်မ ဒေါ်မြရီနှင့် သမီးများ




ခ ဗိုဒ် ၁၃၅ နှင့် ပူးပေါင်းလုပ်ဆောင်ကြရသော ရဲဘော်များအတွက် လည်ပင်းတွင်ဆွဲရတဲ့ ကိုယ်ပိုင်နံပါတ်ဝိုင်း။ ကတ်ထူအနီရောင် တစ်ဘက်တွင် ကြယ်တစ်ပွင့်နှင့်တစ်ဖက်တွင် ကိုယ်ပိုင်နံပါတ် ရေးထားတဲ့ စက်ဝိုင်းအချင်း(၂)လက်မ၊ ပုံတွင် ပြထားသော နံပါတ်ဝိုင်းမှာ သခင်လှကွန်းရဲ့ နံပါတ်ဝိုင်းပါ။

ခံထားရခြင်း၊ ဒီလို အမျိုးမျိုးနှိပ်စက်ခံထားပေမယ့် ကျွန်တော် စပိုင်သာဖြစ်တယ်၊ တော်လှန်ရေးသမားတစ်ဦးဖြစ်တယ်ဆိုတာမျိုး လုံးဝထွက်ဆိုခဲ့ခြင်းမရှိပါဘူး။ ဖော်ကောင်မလုပ်ခဲ့ပါဘူး။

ကျွန်တော့်ကို စစ်ဆေးပြန်ပါတယ်။ ကျွန်တော်က ဘီဒီအေတပ်က တပ်ပြေးသူဖြစ်ကြောင်း၊ ကသာကို အင်္ဂလိပ်–အမေရိကန်တပ်တွေဝင်တော့ ကျွန်တော့်ကိုဖမ်းကြောင်း၊ သူတို့အတွက် စပိုင်လုပ်ပေးရမယ်၊ မလုပ်ပေးရင် သတ်မယ်ဆိုတဲ့အတွက် အခုလိုလာပြီး ဧပိုင်လုပ်ရကြောင်း စတဲ့လုပ်ဇာတ်များ လုပ်ပြီး ဖြေကြားပါတယ်။

"ဝါယာလက်စက်တွေ၊ ရွှေတွေဘယ်မှာဝှက်ထားခဲ့သလဲ"လို့လဲ မေးပါတယ်၊ ကျွန်တော်က "မင်းကွန်းဟာ အင်္ဂလိပ်ရှေ့တန်း ကင်းတပ်စွယ်နဲ့ ဘယ်လောက်မှ မဝေးကြောင်း၊ လေနှင့်သာ လွှတ်စုံစမ်းခိုင်းခြင်း ဖြစ်ကြောင်း၊ မင်းကွန်းမှာ ဂျပန်ရှိ၊ မရှိကိုသာ စုံစမ်းခိုင်းကြောင်း၊ ဝါယာလက်စက်နဲ့ ရွှေငွေလဲမပါကြောင်း၊ ကျွန်တော်တို့ လေ့နဲ့ နှစ်ယောက်ထဲလာကြောင်း၊ ဘာမှမပါကြောင်း၊ နှစ်ရက်သုံးရက်စာ ဝယ်ပြီ စားနိုင်အောင် ဂျပန်ငွေစက္ကူသာ ပေးလိုက်ကြောင်းသာ ဆက်အစစ်ခံပါတယ်။

ဂျပန်က ရိုက်နှက်စစ်ဆေးလို့အားရမှ ယာယီအချုပ်စခန်းရှိ တမံတလင်းပေါ် ထိတ်တုံးထဲထည့်၊ လက်နောက်ပြန်တုပ်ချည်ထားတယ်။ တစ်ညလုံး အေးတဲ့ဒဏ်၊ ကြိုးချည်ထားလို့ နာကျင်တဲ့ဒဏ်၊ ရိုက်နှက်ကန်ကြောက်ထားတဲ့ ဒဏ်၊ ပေါင်နှစ်ချောင်းမလှုပ်မရှားထားပြီး ထိတ်တုံးထဲနေရတဲ့ဒဏ်၊ ဒီဒဏ်တွေကြောင့် တစ်ညလုံးကိုက်ခဲနာကျင်တဲ့ ဝေဒနာကို အလူးအလဲခံနေကြရပါတယ်။

ဒါ့အပြင် အေးလွန်းလို့ ဆီးကလဲသွားချင်၊ အစောင့်ဗမာ "ဝ"တပ်သားတွေကို ဆီးသွားလိုကြောင်းပြောပေမယ့် သူတို့ကလဲ ထိတ်တုံးကို ဖွင့်ပြီ ပေးပိုင်ခွင့်မရှိကြောင်း၊ ဆီးသွားချင် ဒီအတိုင်းထိတ်တုံးထဲကပဲ၊ လုံချည်ထဲ ပေါက်သာချလို့ ပြောတယ်၊ အန္တရာယ်မလွှယ်နိုင်တော့ ဖျင်ကြမ်း လုံချည်ထဲ ပေါက်ချရပါတော့တယ်။

သေးနဲ့ကန်၊ သေးရေကြောင့် လုံချည်က စိုဆိုတော့ တစ်ပူပေါ်နှစ်ပူ ထပ်ဆင့်သလို ဒုက္ခတစ်ခုထပ်ခံရပြန်ပါတယ်။ တစ်ညလုံးလဲ ငုတ်တုတ် မထိုင်နိုင်ပါ။ လှဲအိပ်ပြန်တော့လဲ လက်နှစ်ဖက်ကို ကျောပြင်က ဖိထားရက်

သားဖြစ်နေတယ်။ နာလာပြန်တယ်။ ဘေးစောင်းအိပ်ပြန်တော့လဲ ရေရှည် စောင်းနေလို့က မရ။

ဒီညရဲ့ ခံစားရတဲ့ဝေဒနာဒုက္ခကို စာဖွဲ့လို့ရေးရလျှင် ကုန်ဆုံးနိုင်မယ် လို့ မထင်ဘူး။ ကျွန်တော့်တစ်သက်မှာလဲ မေ့ပစ်လို့လဲမရနိုင်ခဲ့ပါဘူး။

နောက်တစ်နေ့မနက် မဂ္ဂင်ချောင်ရှိ ဒေါ်မမလေးဇရပ်ကို လှည်းနဲ့ ခေါ်သွားပါတယ်။ လက်ကတော့ နောက်ပြန်ကြိုးတုပ်ရက်ပဲ။ ဒေါ်မမလေး ဇရပ်ကို ဂျပန်က ငရဲခန်းလုပ်ထားပြီး အဲဒီမယ်အချုပ်ခန်းငယ် သုံးခန်းရှိ ပါတယ်။ တစ်ဦးစီကို တစ်ခန်းစီမှာ ကြိုးများဖြေပြီးမှ သွင်းထားလိုက်ပါ တယ်။ အခန်းအတွင်းမှာ ဖျာကြမ်းတစ်ချပ်၊ အုတ်ခဲနှစ်ခဲသုံးခဲသာရှိပါတယ်။ ဆောင်းတွင်းလဲဖြစ်၊ ရောဝတီမြစ်ကမ်းနဘေးလဲဖြစ်တော့ အင်မတန်ချမ်း အေးပါတယ်။ ခြုံစရာစောင်မပေးဘူး၊ ခေါင်းအုံးဆိုတာ ဝေလာဝေးပါ။

ပြီး မနက် တင်းနစ်ဘောလုံးအရွယ်၊ ထမင်းတစ်ဆုပ်၊ ဆားမပါဟင်း မပါ၊ ရေတစ်ခွက်၊ ညလဲ ဒီအတိုင်းပဲ။

အချုပ်ခန်းရောက်ပြီး မကြာခင် ခေါ်စစ်ဆေးပါတယ်။ ထုံးစံအတိုင်း ကန့်ကြောက်ရိုက်နှက်ပါတယ်။ စကားပြန်က ဗမာမွတ်စလင် ကိုမြမောင် (အခုမန္တလေး ဘီယာစက်ရုံ အရောင်းမန်နေဂျာ) ဖြစ်ပါတယ်။ ကျွန်တော့်ကို စောင့်ရတဲ့ ကင်ပိုတိုင်(ဗမာလူငယ်ပုလိပ်)က ကိုအောင်မှိ(တောခိုစကပ ကျဆုံး)၊ သူတို့က ဂျပန်လူတွေလို့ ထင်မှတ်နိုင်စရာပဲ၊ ဒါပေမယ့် ဗိုလ်သိန်းဦး၊ ဗိုလ်မှူး ဗထူးတို့ရဲ့တာဝန်နဲ့ တန်ပြန်ထောက်လှမ်းရေးမှူးများဖြစ်ပြီး တော်လှန် ရေး မြေအောက်ရဲဘော်များ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ ဒေါ်မမလေးဇရပ်ရောက်ပြီး နောက်တစ်နေ့မှာ ကိုစံထွန်းနဲ့ ကျွန်တော့်ကို အချုပ်ခန်းအပြင်ဘက်ကိုထုတ်လာပြီး မျက်နှာချင်းဆိုင် ထိုင်ခိုင်း ပါတယ်။ "မင်းတို့နှစ်ယောက် ဘယ်သူလူကောင်းလဲဆိုတာတို့ကြည့်မယ်၊ ကဲ တစ်ယောက်ကိုတစ်ယောက် မညှာမတာလက်သီးထိုးကြ"လို့ ပြောပါတယ်။ ကျွန်တော်က ညှာပြီးမထိုးရင် ကျွန်တော့်ကို ဂျပန်က ထပ်ထိုးဦးမယ်။ ဂျပန်အကြောင်းလဲ ကျွန်တော်က သိထားသူဆိုတော့ ကိုစံထွန်းကို ကျွန်တော်က ညှာတာချင်ပေမယ့် မညှာရဲဘူး၊ ထိုးဆိုတော့ ထိုးကြရတယ်၊ တကယ်က ကိုစံထွန်းထက် ကျွန်တော်က ဗလကောင်းတယ်၊ လက်ဖွဲ့လဲတတ်သူဆိုတော့ ကိုစံထွန်းခံသွားရတယ်၊ ကျွန်တော်တို့ တိုက်ကြက်နှစ်ကောင်ခွပ်တာကို

လက်သီးလက်မောင်းတန်းပြီး တဝါးဝါးနဲ့ ရယ်လို့အားရမှ "နှစ်ယောက်စလုံး မကောင်းဘူး"ဆိုပြီး ဂျပန်တွေက ကျွန်တော်တို့ကို ရိုက်နှက်ပြန်တယ်။ အားရမှ သူ့အခန်းကိုယ့်အခန်းပြန်ပို့ပါတယ်။ အဲဒီညက ကိုစံထွန်း ကျွန်တော့်လက်သီးချက်ကြောင့် ခံသွားရတာတွေတွေးရင် စိတ်ထဲမချမ်းသာ မိဘူး။ တော်တော်ယုတ်တဲ့ ဖက်ဆစ်ကောင်တွေပဲလို့ ဆဲဆိုမိပါသေးတယ်။

## တော်လှန်ရေးမြေအောက်ရဲဘော်များနဲ့ အဆက်အသွယ်ရခြင်း

ဒီအတောအတွင်း ကျွန်တော့်သတင်းကို ဗိုလ်သိန်းဦး(စစ်ကိုင်း ဘီဒီအေ လေယာဉ်ပစ်အမြောက်ကြီးတပ်–တပ်စုမှူး)က တပ်ဆင့် ဗိုလ်မှူးဗထူးဆီ သတင်းရောက်သွားပြီး ကျွန်တော့်ကို တစ်နည်းနည်းနဲ့ ထုတ်ယူဖို့ ဗိုလ်မှူး ဗထူးက ဗိုလ်သိန်းဦးကို ညွှန်ကြားပါတယ်။ ဒါကြောင့် ဗိုလ်သိန်းဦးက ခေါင်းဆောင်ပြီး ဌာနေပြောက်ကျားများနဲ့ ကျွန်တော်တို့ကိုထုတ်ရန် ကြိုးစား ပါတယ်။

"အိမ်သာတက်ချင်တယ်"လို့ ဂျပန်ကို လှမ်းအော်ခေါ်လိုက်ရင် တစ်ခါ တရံ ကိုအောင်မိုးလာရောက် အချုပ်ခန်းကိုဖွင့်ပြီး အိမ်သာလိုက်ပို့ပါတယ်။ အိမ်သာက စစ်ရုံးနဲ့မလှမ်းမကမ်းမှာရှိပါတယ်။ ကျွန်တော်က အိမ်သာအတွင်း က၊ ကိုအောင်မိုးက အိမ်သာအပြင်က စောင့်ရင်း စကားကိုတိုးတိုးပြောကြ ပါတယ်။

ကိုအောင်မိုးကို ဒီလိုအရေးကြီးတဲ့တာဝန်ကို ပေးရခြင်းဟာ တကယ်က အင်မတန်အန္တရာယ်ကြီးလှပါတယ်။ ဒါပေမယ့် သေရေးရှင်ရေးကာလ၊ ကြက်ရေးငှက်ရေးကာလမို့ အဆက်အသွယ်မလုပ်မိပြန်ရင်လဲအခက်၊ ပြောမိ ပြန်ရင်လဲတစ်မျောင့်ပဲ။ အင်မတန်အန္တရာယ်ကြီးပါတယ်။

ကျွန်တော်တို့ကျောင်းသားဘဝက ဆရာပီမိုးနင်းရေးတဲ့ စိတ်ပညာ စာအုပ်တွေ၊ စိတ်တန်ခိုးနဲ့ပတ်သက်တဲ့ စာအုပ်တွေကို ဖတ်ရလေ့လာရပါတယ်။ ဂျပန်အချုပ်ခန်းရောက်ပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် သေလုလို့ သဘောမထားဘူး။ "ငါဟာ ပြည်သူ့အရေးတော်ပုံတပ်သား၊ ပြည်သူ့အကျိုး အတွက် တာဝန်ယူလာသူဖြစ်တယ်၊ ငါမသေနိုင်ဘူး၊ ခုနစ်ရက်အတွင်း ထွက်ပြေးလွတ်မြောက်နိုင်မယ်"လို့ ရေရွတ်ပြီ ကိုယ်စိတ်ကို အမြဲတမ်းအာရုံပြုပြီ ကြံခိုင်အောင်လေ့ကျင့်ပါတယ်။

ကသာက အင်္ဂလိပ်ပြေးခါနီးမှာ အောက်ပိုင်းက ဖမ်းခဲ့တဲ့ သခင်တွေကို ကသာထောင်မှာ ချုပ်နှောင်ထားပါတယ်။ ဂျပန်လေယာဉ်တွေက လာဗုံးချလို့ ကသာ ထောင်တံတိုင်းကို ဗုံးမှန်သွားတဲ့အခါ တချို့သေကြေပျက်စီးပြီး သခင်အများစု ထွက်ပြေးလွတ်မြောက်သွားပါတယ်။

အဲဒီလို မိမိအချုပ်ခန်းကို မဟာမိတ်လေယာဉ်ပျံတွေက လာဗုံးချရင် မိမိအချုပ်ခန်းထိမှန်ပြီး ထွက်ပြေးနိုင်ချင်ထွက်ပြေးနိုင်မယ်။

ဒီအတွေ့အကြုံကို သိထားတာကတစ်ကြောင်း၊ အခြားအကြောင်းတစ်ခုကလဲ အခန်းသော့ကို ဂျပန်များက သေသေချာချာမခတ်မိရင်လဲ အလစ်မှာ ထွက်ပြေးနိုင်ပါတယ်။ ထွက်ပြေးလွတ်မြောက်နိုင်အောင် အမြဲတမ်းကြံဆပြီး စိတ်ကိုတင်းထားပါတယ်။

ကျွန်တော် အချုပ်ခန်းရောက်ပြီး သုံးလေးရက်မှာ ကိုအောင်မှိုနဲ့ အဆက်ရပါတယ်။ ကိုအောင်မှိုနဲ့ အိမ်သာမှာသာ စကားပြောရင်း ဂျပန်တော်လှန်ရေးရဲဘော်ဟုတ်မဟုတ် စုံစမ်းယူရပါတယ်။ ဒီလိုစုံစမ်းယူရတယ်လို့ဆိုရပေမယ့်လဲ ဒီလုပ်ဆောင်ချက်ဟာ လွယ်တဲ့အလုပ်မဟုတ်ပါဘူး။ မြေအောက်ရဲဘော်တွေအကြောင်း၊ မြေအောက်လုပ်ငန်းအကြောင်း တီးခေါက်ကြည့်လို့ မြေအောက်ရဲဘော်မှန်းသိရပါတယ်။ ဂျပန်ဆီလုပ်သူအနေနဲ့ မြေအောက်လုပ်ငန်းတွေအကြောင်း ထောက်လှမ်းလို့ သတင်းရထားနိုင်ပါတယ်။ ဒါပေမယ့် မတတ်နိုင်ဘူး၊ စွန့်စားရတာပဲ။

ဂျပန်လူသက်သက်ဖြစ်နေရင်လဲမတတ်နိုင်ဘူး။ နောင်ကျမှ ဂျပန်ဆီသတင်းပေါက်ကြားသွားလဲ ကြုံတဲ့ရေစီးရေမှော်မှာ ကြုံတဲ့တက်နဲ့လှော်မှာပဲလို့ သဘောပိုက်တယ်။ မိမိဂျပန်တော်လှန်ရေးတာဝန်နဲ့ လာကြောင်းကို အရိပ်အမြွက်မျှသာ ပြောပြလိုက်ပါတယ်။

စိုးရိမ်စိတ်နဲ့ မပြောဘဲထားမိပြန်ရင်လဲ မိမိတကယ်လို့ ဂျပန်ကသတ်လို့သေသွားရင် ဒီအခါမျိုးမှာ မိမိတာဝန်ကို ဘယ်သူကမှ ဆက်မယူနိုင်ခဲ့ရင် တော်လှန်ရေးအတွက် အနည်းနဲ့အများဆိုသလို ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် ဂျပန်ဆီမှာ လုပ်နေတဲ့လူနဲ့ ဆက်ဆံရတဲ့အလုပ်ဟာ အင်မတန်ချင့်ချင့်ချိန်ချိန်လုပ်ရပါတယ်။ သူ့ကို အရိပ်အမြွက်ပြောပြလိုက်တဲ့ သတင်းတွေဂျပန်ဆီများရောက် မရောက်၊ ဂျပန်တွေရဲ့ လှုပ်ရှားမှုထူးမထူးဆိုတာတွေကိုလဲ အကဲခတ်ရသေးတယ်။

---

နှစ်ရက်သုံးရက်လောက် ကိုအောင်မှိုကို ဆက်ပြီးဆက်ဆံကြည့်တယ်။ လေ့လာအကဲခတ်ကြည့်နေတယ်။ ထူးခြားမှုမရှိ၊ စိတ်ချလောက်ပြီလို့ ယူဆရတော့မှ "ကျွန်တော့်ကို ဖမ်းထားတုန်းက ဝါးလုံးခြောက်ကလေးကို ပစ်ချလိုက်ကြောင်း၊ ဝါးလုံးထဲမှာ အရေးကြီးတဲ့စာပါကြောင်း၊ ဝါးလုံးခွဲပြီး ကြည့်က စာရမည်ဖြစ်ကြောင်း၊ ယင်းစာကို ဗိုလ်မှူးဗထူးဆီ အမြန်ပို့ပေးစေလိုကြောင်း" ပြောပြရပါတယ်။

နောက်နှစ်ရက်လောက်အကြာမှာ ကိုအောင်မှိုနဲ့ပြန်တွေ့ပြီး ရဲဘော်တွေက ဝါးလုံးများခွဲရှာကြောင်း၊ ဒါပေမယ့် စာကိုမတွေ့ရကြောင်း ပြောပါတယ်။

(ကျွန်တော် မေမြို့–မန္တလေးကျပြီး မင်းကွန်းကိုပြန်သွားတော့ ကျွန်တော့် ဖမ်းတဲ့နေရာမှာ ဝါးလုံးများခွဲစိတ်ထားတာတွေ့ရပါတယ်။ ကိုအောင်မှိုပြောသလို ရဲဘော်များ စာရှာစဉ်က ခွဲစိတ်ထားခြင်းဖြစ်တယ်ဟု နားလည်လိုက်ပါတယ်။ ကျွန်တော်ပစ်ထားတဲ့စာပါ ဝါးလုံးခြောက်ကို နောက်ဆုံးမှာ ထင်းများစီပြီး ထားတဲ့ ထင်းကားပေါ်တွင် ဘယ်သူက ပစ်တင်ထားလိုက်သလဲမသိပါ။ ထင်းကားပေါ်မှ ပြန်ရပြီးခွဲကြည့်တော့ စာကိုပြန်ရပါတယ်။ ယင်းစာကို အမေရိကန်မေဂျာ ဟဲလ်ဖရစ်သို့ ပြန်ပေးအပ်လိုက်ပါတယ်။)

"ရဲဘော်တွေ မရရင်တော့ ဂျပန်တွေလက်ထဲများ ရောက်သွားလေသလား"ဆိုပြီး စိုးရိမ်စိတ်နဲ့ စစ်ရုံးကိုသာ လှမ်းလှမ်းပြီး အကဲခတ်နေမိပါတယ်။ "လျှပ်လျှပ်ရှားရှားဖြစ်လာရင်တော့ ဒီစာ သူတို့ရလို့ပဲဖြစ်ရမယ်၊ ဒီတော့ ဒီစာနဲ့ပတ်သက်ပြီး စစ်လားမေးလားလုပ်လာမယ်၊ စစ်ဆေးမေးမြန်းတာကို ခံနိုင်ရည်ရှိရင်တော်ရဲ့၊ ခံနိုင်ရည်မရှိလို့ ထုတ်ဖော်ပြောမိရင်တော့ လား လောလောဆယ် ဗိုလ်သိန်းဦး၊ ဗိုလ်အာဠာဝကနဲ့ ဗိုလ်မှူးဗထူးတို့နဲ့တကွ အထက်မြန်မာပြည် ဘီဒီအေတပ်များ လက်နက်ဖြုတ်ခံရမယ်၊ အဖမ်းအဆီးခံရမယ်၊ နောက် ဗိုလ်ချုပ်အောင်ဆန်းနဲ့ အားလုံးအဖမ်းခံကြရမယ်။ ဒီတော့ တော်လှန်ရေးကြီးဟာ တစ်နည်းတစ်ဖုံ ပျက်စီးသွားနိုင်တယ်" ဒီလို ကျွန်တော် သတိထားပြီး ပြန်ထိန်းထားလိုက်ပါတယ်။ ထိန်းလိုက်ပုံက–

"ဒီစာကို ဂျပန်တွေသာ ရလာခဲ့ရင်တော့ သူတို့အချုပ်ခန်းက ကိုယ့်ကို လာမဆွဲထုတ်ခင် ခေါင်းအုံးပေးထားတဲ့ အုတ်ခဲနှစ်ခဲ ဘယ်ညာကိုင်ရင်း ကိုယ့်ခေါင်းကိုယ်ရိုက်ခွဲလိုက်မယ်"လို့ ယတိပြတ်ဆုံးဖြတ်လိုက်တယ်။

ဒီလိုဆုံးဖြတ်လိုက်တော့မှ ကျွန်တော်လဲ တည်တည်ငြိမ်ငြိမ်ဖြစ်သွားပါတယ်။

ကျွန်တော့်ကို ဖမ်းတုန်းကလဲ မိမိကိုယ်ကို "တော်လှန်ရေးသမားကြီးဖြစ်တယ်၊ အသက်ချမ်းသာပေးပါက တော်လှန်ရေးရဲ့ သတင်းတွေ ထောက်လှမ်းပေးပါမယ်"လို့ သွေးရူးသွေးတန်းနဲ့ ဂျပန်ခြေကိုင် တောင်းပန်ပြီး ကိုယ့်အသက်မသေအောင် ပြောမိနိုင်ပါတယ်။ ဒီအဖြစ်အပျက်မျိုးရှိခဲ့ဖူးပါတယ်။ ဖော်ပြရမယ်ဆိုရင်–

"ဂျပန်ကို တော်လှန်မယ်"လို့ ကြွေးကြော်ခဲ့တဲ့ ကွန်မြူနစ်ပါတီတစ်စုကို ဂျပန်က ဖမ်းမိသွားတယ်။ ပါတီဝင်တစ်စုလုံး ဂျပန်လက် ရောက်သွားတယ်။ "ဂျပန်အတွက် သတင်းတွေရအောင် ထောက်လှမ်းပေးပါမယ်၊ အသက်ချမ်းသာပေးပါ"လို့ တောင်းပန်တိုးလျှိုးခဲ့လို့ အဲဒီကွန်မြူနစ်ပါတီအမည်ခံအဖွဲ့ဝင်တွေဟာ ဂျပန်လူတွေ၊ ဂျပန်ထောက်လှမ်းရေးဘက်တော်သားတွေ ဖြစ်သွားခဲ့ဖူးပါတယ်။ ဒီအဖြစ်အပျက်ကို ကျွန်တော်သိပါတယ်။

မိမိသိတဲ့ တော်လှန်ရေးကို မိမိအသက်မသေရအောင် သစ္စာဖောက်ခဲ့ရင် ရချင်လဲရတတ်တာကို သိရှိထားပါတယ်။ ဒါပေမယ့် "**မိမိအသက်ကိုသာ အသေခံမယ်၊ တော်လှန်ရေးကို လုံးဝသစ္စာမဖောက်ဘူး**"လို့ မိမိခွဲမြဲစွာခံယူထားပါတယ်။

ဒါကြောင့် "မိမိကိုယ်ကို စပိုင်သူလျှို"လို့ ဖွင့်ပြောလိုက်ပါတယ်။ စပိုင်ဆိုတဲ့နေရာမှာလဲ ဝါယာလက်စက်မပါတဲ့ ရိုးရိုးအပေါ်စား 'နေ့စား'စပိုင်လို့ပဲ ထင်မြင်ယူဆအောင် ဇာတ်လမ်းဆင်ပြီး ဂျပန်တွေကို အယုံသွင်းခဲ့ပါတယ်။ ဒါကြောင့်လေလားမသိပါ၊ နောက်ပိုင်း ကျွန်တော့်အပေါ် တင်းတင်းကျပ်ကျပ်မထားဘူး၊ မိနစ်တိုင်း၊ နာရီတိုင်း အချိန်မလပ်စောင့်ကြပ်နေခြင်းမျိုး မတွေ့ရဘူး။ တော်တော်တန်တန်ကိစ္စ ကိုအောင်မှိန်နဲ့ လွှဲထားပေးပါတယ်။

ကျွန်တော်ဟာ "တော်လှန်ရေးအပေါ် သစ္စာမဖောက်၊ သေစရာရှိရင်မိမိသာအသေခံမယ်၊ တော်လှန်ရေးသမားဆိုလဲ မိမိကို ဂျပန်က သတ်ဖို့များတယ်။ စပိုင်ဆိုရင်လဲ ရာခိုင်နှုန်းပြည့်သတ်မယ်၊ သေမှာတော့အတူတူပင်ဖြစ်ပါတယ်။ ဒါပေမယ့် "တော်လှန်ရေးသမား"လို့ ဖွင့်အစစ်ခံခဲ့ရင် တော်လှန်ရေးနဲ့ပတ်သက်ပြီး ဖွင့်ဆိုရတော့မယ်။ သစ္စာဖောက်တဲ့လုပ်ငန်းကို လုပ်ရပါတော့

မယ်။ ဒီအခါ တော်လှန်ရေးကြီးပျက်စီးပြီး တစ်မျိုးတစ်မည်ဆုံးရှုံးသွားနိုင်ပါမယ်။

"ဒါကြောင့် တော်လှန်ရေးကို အထိမခံ၊ အပျက်အစီးမခံဘဲ မိမိခေါင်းကိုရိုက်ခွဲပြီး သေပွဲဝင်လိုက်မယ်"လို့ လေးလေးနက်နက်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။

* * *

(ဒီဖွင့်ဆိုတဲ့ သစ္စာဖောက်စကားကို "တောထဲသွား ကျားတွေ့-အိမ်ပြန်မယားပြော ပေါ့ပျက်ပျက် သဘောမျိုး၊ အချို့က ပေါ့ပေါ့တန်တန် သဘောထားချင်ထားပေလိမ့်မယ်။ နားရှိလို့သာ ကြားလိုက်ရတဲ့ သဘောထားချင်ထားပေလိမ့်မယ်။ စတန့်ထွင်ပြောတယ်လို့လဲ တချို့က ပြောင်လှောင်သရော်ကြချင်ကြလိမ့်မယ်။

ဒါပေမယ့် အဲဒီကာလကို မိသူများအနေနဲ့ ငယ်မူပြန်ကြည့်လိုက်ရင် ကျွန်တော့်ရဲ့တင်ပြချက်၊ ဖွင့်ဆိုချက်ကို လက်ခံသူများရှိကောင်းရှိနိုင်ပါသေးတယ်။ ဒီခေတ်လူငယ်တွေဟာ ဘဝပေးတာဝန်အရ နယ်ချဲ့သမားများကို ဆန့်ကျင်လိုစိတ်ရှိကြတယ်။ မျိုးချစ်စိတ်လဲ သူမတူအောင် ရှိကြပါတယ်။

လွတ်လပ်ရေးရမယ်ဆိုရင် အသက်ပေးဖို့ဝန်လေးကြသူတွေ မဟုတ်ကြပါဘူး။ လွတ်လပ်ရေးတိုက်ပွဲမဆိုထားနဲ့၊ ဒိမိုကရေစီအခွင့်အရေး တိုက်ပွဲအတွက်ပင် ၁၃၀၀ပြည့်အရေးတော်ပုံကာလက "အသေခံဗိုလ်များ အလိုရှိတယ်"လို့ ဖိတ်ခေါ်ရာမှာ သူ့ထက်ငါ စာရင်းပေးကြတယ်။ ဒီအဖြစ်အပျက်တွေကို ၁၃၀၀ ပြည့်နှစ် သမိုင်းစာအုပ်များမှာ တွေ့နိုင်ပါတယ်။

အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကို ပြန်ပြောင်းထောက်ရှုရင် "ကျွန်တော့်ခေါင်းကို ကျွန်တော်အုတ်ခဲနဲ့ထုခွဲရိုက်နက်ရင်း သေပွဲဝင်ဖို့ အသင့်ပြင်ဆင်ထားတယ်"ဆိုတဲ့ ရေးသားဖော်ပြချက်ဟာ "လွန်အံ့မထင်၊ ယုံကြည်နိုင်စရာအဖြစ်ပဲဟေ့"လို့ လက်ခံကြမှာပါပဲ။ ဒီလိုပဲ စွဲမြဲစွာကျွန်တော်ယုံကြည်မိပါတယ်။)

* * *

ဒီအတွင်း ကိုလှရွှေကို ကျွန်တော်နဲ့ဘယ်လိုမှ မပတ်သက်ဘူးလို့ ယုံကြည်ယူဆပြီး လွှတ်ပစ်လိုက်ပါတယ်။

ကျွန်တော့်ကို ထောင်ထဲမှထုတ်ယူဖို့ ဗိုလ်သိန်းဦးရဲ့တပ်သားများနဲ့ နယ်ခံ ပြောက်ကျားတွေ အကြိမ်ကြိမ်ကြိုးစားကြပေမယ့် ဘယ်လိုမှအခြေအနေ မပေးဘူး၊ အခွင့်မသာဘူး၊ လက်နက်ကိုင်ဝင်တိုက်ပြီးလုရမယ့်နည်းလမ်းသာ ကျန်တယ်။ ဒါပေမယ့် ပြောက်ကျားနည်းနဲ့တိုက်ယူဖို့ အခြေအနေကမပေး သေး၊ လက်နက်နဲ့အတင်းပစ်–အတင်းဝင်တိုက်ဆိုရင်လဲ ဂျပန်တော်လှန် ရေးကြီးကို သတ်မှတ်ရက်မတိုင်ခင် စတင်ရမယ့် အခြေအနေမျိုးကို ဆိုက်ရောက်သွားနိုင်ပါတယ်။ အဲဒီအချိန်က ၁၉၄၅ခု၊ ဇန်နဝါရီလထဲမှာသာ ရှိသေးတယ်။ တစ်ပြည်လုံး စ,တော်လှန်ဖို့ သတ်မှတ်ထားတဲ့ရက်က ၁၉၄၅ခု၊ မတ်လ(၂၇)ရက်နေ့ ဖြစ်ပါတယ်။

နောက်ဆုံး အပြင်က ရဲဘော်တွေ လက်လျှော့လိုက်ပါတယ်။ ဘယ်လိုမှ မတတ်နိုင်ကြောင်းကို ကိုအောင်မိုက အိမ်သာမှာ ရှင်းပြတယ်။ ဒီတော့ ကျွန်တော်က ကျွန်တော့်ကို ထမင်းဆုပ်ပေးတဲ့ အပေါက်ကနေ ကျွန်တော် လက်ထုတ်လိုက်ရင် သော့ကိုမီတာ၊ အဲဒီတော့ သော့တူတစ်ချောင်းနဲ့ ကျွန်တော် သွားရမယ့်လမ်းကြောင်း၊ ဆက်သွယ်ရမယ့်နေရာ၊ ဖော်ပြတဲ့ မြေပုံတစ်ခု ရှာပေးဖို့ တောင်းလိုက်ပါတယ်။

မြေအောက်အဖွဲ့ဝင်တစ်ဦးဖြစ်သူ တောင်ဘီလူးကျောင်းဆရာတော် ဦးပဏ္ဍိတ–ရဟန်းပျိုအဖွဲ့ဥက္ကဋ္ဌ (အခု ပျံလွန်တော်မူပြီ)က စီစဉ်ပေးလို့ မြေပုံနဲ့ သော့တူတစ်ချောင်းကို ကိုအောင်မိုက ဂျပန်အလစ်မှာ ကျွန်တော့်အခန်း ထဲ ပစ်သွင်းသွားပါတယ်။

(အခုခေတ်လို မီးခံသေတ္တာသော့နဲ့သာ ခတ်ထားရင် သော့တူရဖို့ လွယ်မယ်မထင်။ ဂျပန်ခေတ်ကတော့ အစစအရာရာရှားပါးနေလေတော့ မီးခံသော့မျိုးမဆိုထားနဲ့၊ တော်တော်ခိုင်ခံ့တဲ့သော့မျိုးတောင် ရှားပါတယ်။ လက်နဲ့တအားဆွဲလိုက်ရင်ပင် ပြုတ်ထွက်နိုင်တဲ့ သော့ခလောက်ငယ်တွေ လောက်သာ လွယ်လွယ်ကူကူတွေ့နိုင်တဲ့ ခေတ်ဖြစ်ပါတယ်။ ဒါကြောင့် သော့တူ လွယ်လွယ်ရှာရခဲ့ခြင်းဖြစ်တယ်။)

ဂျပန်အလစ်မှာ "ဒီည ပြေးနိုင်ရင်ပြေး၊ မပြေးနိုင်ရင် မနက်ဖြန်မနက် ခင်ဗျားကို ထုတ်သတ်လိမ့်မယ်၊ စီရင်ချက်ချပြီးပြီ"လို့ တီးတိုးလဲပြောသွား

သေးတယ်။ စာနဲ့သော့တံကို အုတ်ကြားမှာ ကပျာကယာယူပြီး ထိုးဝှက်ထား လိုက်ပါတယ်။

ကိုအောင်မှိုနဲ့ ကျွန်တော့်ဆက်ဆံရေးမှာ ဂျပန်များရိပ်မိမမိ ခေတ္တ အကဲခတ်လိုက်ပြီး ဘယ်လိုမှထူးခြားတာမတွေ့တော့မှ စာရွက်ပေါ်က မြေပုံကို မျက်စိထဲ ကွင်းခနဲကွက်ခနဲမြင်အောင် လေ့လာပါတယ်။

## ဂျပန်အချုပ်ခန်းမှာ သေခဲ့ပြီး တစ်ခါ လူပြန်ဖြစ်လာခြင်း

မှုလညများကတည်းက ကျွန်တော့်ဆီ ဂျပန်အစောင့်တွေ ဘယ်အချိန်နဲ့ ဘယ်အချိန်ကြား စစ်ဆေးလေ့ရှိတယ်၊ တစ်ချိန်နဲ့တစ်ချိန် စစ်ဆေးဖို့လာတဲ့ အခါ နာရီဘယ်လောက်ခြားတယ်တို့ကိုပါ မှတ်သားထားခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အချုပ်ခန်းရှေ့မှာ ညတိုင်ဆို ဂျပန်မွေးထားတဲ့ ဘဲအုပ် တစ်အုပ်ရှိပါတယ်။ ညမှာ လှုပ်ရှားမှုရှိရင် ဘဲအုပ်ဟာ တကွပ်ကွပ်နဲ့ဆူညံ နေပါတယ်။ ပြေးမယ့်ည နေမဝင်ခင်ကတည်းက ကျွန်တော့်အခန်းရှေ့မှာ ခါတိုင်းလို ဘဲအုပ်မြည်သံကြောင့် ဂျပန်ကို သတိပေးသလိုဖြစ်မှာစိုးရတယ်။ ဒါကြောင့် ကြိုတင်ပြီး ဘဲအုပ်ကို မောင်းထားရပါတယ်။

ဒီလိုအချိန်ကို မှတ်သားထားပြီး ထွက်ပြေးမယ့်အချိန်ကို ရွေးထားပါ တယ်။ ၁၂နာရီသာသာလောက်မှာ လေကြောင်းအချက်ပေးသံကြားရပြီး ဂျပန်များဗုံးခိုကျင်းထဲဆီ ဝင်ကြမယ်လို့ ကြိုတင်နားလည်နိုင်ပါတယ်။ အဲဒီ အချိန်မှာ ထမင်းဆုပ်ပေးတဲ့အပေါက်က သော့ကိုဖွင့်လိုက်တော့ ကံအားလျော်စွာ သော့ပွင့်သွားတယ်။ ကျွန်တော့်ရင်ထဲလဲ သော့ဖွင့်သံနဲ့အတူ အေးခနဲ နွေးခနဲ ဖြစ်သွားပါတယ်။ ရင်တွေခုန်၊ စိတ်ထဲလဲတုန်လှုပ်သွားပါတယ်။ စိတ်ကို ခဏမျှ ငြိမ်အောင်ထိန်းပစ်လိုက်ပါတယ်။

သော့ကို အသာဖြုတ်ယူလိုက်တယ်။ တံခါးကို ကလန့်ထားတဲ့ သံချောင်း ကို အသာမယူပြီး ထမင်းပေးတဲ့အပေါက်က အသာဆွဲယူလိုက်တယ်။ နောက် အခြေအနေကို တအောင့်နားစွင့်ထောင်ကာ ထူးခြားမှုမရှိမှ တံခါးကို အသာဖွင့် လို့ အပြင်ထွက်လိုက်ပါတယ်။ ဆောင်းလေအေးက ရင်ဝကိုဆောင့်လို့ ပူနေ တဲ့ ရင်ဟာ အေးခနဲဖြစ်ပြီး ကျွန်တော်လန့်သွားပါသေးတယ်။ သေကံမရောက် သေးလို့နဲ့တူပါတယ်။ ဘဲအုပ်ကလဲ ကျွန်တော့်ကို အနှောင့်အယှက်မပေး ခဲ့ဘူး။ အသံမကြားအောင် ခြေကိုဖော့နင်းပြီး လျှောက်ခဲ့ပါတယ်။

အချုပ်ခန်း အဆောက်အအုံကိုလဲလွန်ရော "နောက်ကျတဲ့ခြေထောက် သစ္စာဖောက်"သဘောထားပြီး ခြေသံမကြားအောင် ခြေကုန်ပြေးခဲ့ရပါတယ်။ လပြည့်ဝန်းညမို့ လကထိန်ထိန်သာနေပါတယ်။ ကျွန်တော်ပြေးရမယ့် လမ်းကြောင်းကို မီးမောင်းထိုးပြထားလေရောသလားလို့ပင် အောက်မေ့ရ ပါတယ်။

အနောက်ဘက်စစ်မျက်နှာက ဆုတ်ပေးခဲ့တဲ့ ဂျပန်တွေရဲ့ အသံကို ကြားတဲ့အခါ ဣန္ဒြေရရလမ်းလျှောက်ရင်း ဂျပန်သီချင်းမတိုးမကျယ်ဆိုလိုက် တယ်။ ဂျပန်တွေက မေးတဲ့အခါ ကျွန်တော်က ရွာလည်ပြီး ပြန်လာကြောင်း ဂျပန်လိုရော ဗမာလိုပါညှပ်ပြီး ဖြေလိုက်ပါတယ်။ လှိုင်းထနေတဲ့ရင်ကို ငြိမ်အောင်ထိန်း၊ အသံကိုတုန်ယင်မနေစေဘဲ ခပ်တည်တည်ပဲ အဖြေပေးလိုက် ရင်း ဂျပန်များကို ဖြတ်ကျော်ခဲ့ပါတယ်။

သတ်မှတ်ထားတဲ့နေရာလို့ထင်တဲ့ နေရာကို လေကြောင်းအချက်ပေး သံချောင်းကို ခပ်မျှင်းမျှင်းလေး သုံးချက်ခေါက်လိုက်ပါတယ်။ ဓားရှည်ကိုင် လာတဲ့ အရပ်သားတစ်ဦးကိုတွေ့လို့ ကျွန်တော့်ကို စောင့်ကြိုလာသူအထင်နဲ့ မေးပါတယ်။ ကြိုလာသူမဟုတ်ပါ။ သူက ဗိုလ်သိန်းဦး အမြောက်ကြီးတပ်က ဖြစ်ကြောင်း၊ တပ်ကြပ်မောင်ညီငယ်တဲ့၊ ဗိုလ်သိန်းဦးတပ်လဲ တပ်ဖျောက် ထားနှင့်ပြီဖြစ်ကြောင်း ပြောပြတယ်။ သူက ဘီဒီအေအမြောက်တပ်ရဲ့ တြိဂံ ဆင်စွယ်ပြားငယ်နဲ့ အစိမ်းရောင်ပေါ် ငွေလိုင်းတစ်လိုင်းနဲ့ ငွေကြယ်နှစ်ပွင့် ပါ တပ်ကြပ်ရာထူးတံဆိပ်ကိုထုတ်ပြပါတယ်။ ကံကောင်းတယ်လို့ပဲ ဆိုရမှာ ပါပဲ။ ဘီဒီအေက ရဲဘော်နဲ့မှ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးလာကြုံရတယ်လို့။

ကျွန်တော့်အဖြစ်အပျက်ကို လိုရင်းကို တိုတိုပြောပြပြီး ဗိုလ်သိန်းဦး ဆီ ပို့ခိုင်းတယ်။ "တပ်ဖျောက်ထားပြီး ရဲဘော်တွေအနှံ့တိမ်းရှောင်နေတော့ ညတွင်းချင်း ဘယ်လိုမှ ဆက်သွယ်လို့မဖြစ်နိုင်ကြောင်း" ပြောပြပါတယ်။

လောလောဆယ် မြို့ပေါ်က ပြောင်းလာပြီး စစ်ကိုင်းချောင်များမှာ လေကြောင်းရန်ကို တိမ်းနေသူတွေရှိကြောင်း၊ သူတို့ထံ ခေတ္တအပ်နှံထားရ ကောင်းမလားမသိဟု စဉ်းစားပြီး အနီးက ချောင်တစ်ခုမှာ ခိုအောင်းနေတဲ့ လူတစ်စုဆီ ကျွန်တော့်ကို တစ်ညတာခိုနားခွင့်ပေးရန် အကူအညီတောင်းကြည့် ပေးပါတယ်။ ဘုမသိဘမသိနဲ့ တစိမ်းတစ်ယောက်ကို လက်ခံမထားရဲကြောင်း တောင်းပန်လွှတ်ပါတယ်။

နောက်ဆုံး မတတ်သာတဲ့အဆုံး လူသူမနေတဲ့ ရှင်ပင်နန်းဦးစေတီထဲ ထားခဲ့ပြီး မနက်ဖြန်မှ အဆက်အသွယ်လုပ်ပြီး လာခေါ်မယ့်အကြောင်း ကတိပေးသွားပါတယ်။

ချမ်းကလဲချမ်း၊ တစ်ညလုံးကလဲ လေတဟူးဟူးတိုက်ခတ်နေတယ်။ ပြီးတော့လဲ စောင်ကမပါ၊ အနွေးထည်လဲမရှိ၊ နောက်ဆုံး လေကွယ်မှာ အိပ်ကြည့်ပေမယ့် ချမ်းလို့အိပ်မရ၊ ဒီအထဲ ရင်ထဲက စိုးရိမ်စိတ်က လှိုင်းထနေပြီး ရင်ထဲက ပူနေလေတော့ ပိုလို့အိပ်မရဘဲရှိခဲ့ပါတယ်။ အချိန်းအချက်လုပ်ထားပါလျက် ဘယ်လိုဖြစ်ရတာလဲစဉ်းစားမရဖြစ်ရပါတယ်။ "မနက်ဖြန် အဆက်အသွယ်ရကောင်းရဲ့၊ ကိုညီငယ် လာမှ လာပါ့မလား၊ ကိုယ့်လူလား ဂျပန်လူလား" လို့လဲ ခွဲမရသေး။ စိတ်ဒုန်းဒုန်းမချနိုင်သေး။ ဂျပန်တွေက အလုံးအရင်းနဲ့ လာဝိုင်းဖမ်းလေမလား၊ ဖမ်းရင်တော့ မိမိခေါင်းကို ယူလာတဲ့သံချောင်းနဲ့ ရိုက်ခွဲပြီး သေပစ်လိုက်မှာပဲ၊ အဲဒီလိုပဲ ရင်ပူစရာ ရတက်မအေးစရာတွေကို ဒုနဲ့ဒေး တွေးနေရလေ အိပ်မရလေဘဲ။

တစ်မှေးမှအိပ်မရဘဲ မိုးသာစင်စင်လင်းခဲ့ပါတယ်။ ဘုရားပေါ်က စီးကြည့်ရင် အောက်ကအခြေအနေကို အားလုံးမြင်ရပြီး သံတုတ်ကို မြဲမြဲကိုင်ရင်း ဘုရားခြေရင်းပတ်ဝန်းကျင်တလျှောက် မျက်ခြည်မပြတ်ဘဲ စောင့်ကြည့်နေရပါတယ်။

ဒီအတွင်း လှေကားထစ်များက တက်လာနေသူနှစ်ဦးကို လှမ်းမြင်လိုက်လို့ သံတုတ်ကို အသင့်စွဲမြဲစွာ ကိုင်ရင်း ချောင်းကြည့်လိုက်တယ်။ တစ်ဦးက ကိုညီငယ်၊ တစ်ဦးက ဂျပန်လား စစ်ယူနီဖောင်းအပြည့်နဲ့။ ဒါပေမယ့် လက်နက်ကတော့ မပါ။ အခြေအနေကို မလေ့လာဘဲ စိုးရိမ်စိတ်နဲ့ အရမ်းကာရော စွတ်ပြေးလို့မဖြစ် သူတို့ကို ပုန်းကွယ်ပြီး အကဲခတ်မှပဲလို့ ဆုံးဖြတ်ပြီး စောင့်ကြည့်နေတော့ ကိုညီငယ်နဲ့ ဘီဒီအေက ရဲဘော်တစ်ဦး ဖြစ်နေ ါတယ်။

"ဒီမနက် ဟောဒီ ဘီဒီအေ ရဲဘော်နဲ့တွေ့လို့ အကူအညီတောင်းဖို့ ခေါ်ခဲ့ရတာပဲ"လို့ ကိုညီငယ်က ရှင်းပြပါတယ်။ ပါလာသူက ကျွန်တော့်ကို မှတ်မိပြီး ကျွန်တော်က သူ့ကို မမှတ်မိ၊ သူက လှမ်းနှုတ်ဆက်ရင်း "ကျွန်တော် ကသာက ခင်မောင်ကြီးလေ ခင်ဖျားကသာက ကိုဝင်းမောင် မဟုတ်လား" သူ့ကိုယ်သူ မိတ်ဆက်ရင်း ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော်လဲ ဖော်ပြလို့ မရနိုင်တဲ့ ဝမ်းသာမှုမျိုးကို ခံစားလိုက်ရပါတယ်။

ကျွန်တော်က မိမိဝင်းမောင်ဖြစ်ကြောင်း လာခဲ့တဲ့ကိစ္စကို အကျဉ်းချုံးကာ ပြောပြပါတယ်။ ဗိုလ်မှူးဗထုးနဲ့ အမြန်ဆုံးတွေ့ဖို့လိုကြောင်း မိမိအား မန္တလေးဘက်ကူးဖို့ ဘီဒီအေဝတ်စုံ တစ်စုံပါယူပြီး ခေါ်ဖို့မှာလိုက်ပါတယ်။

ကိုခင်မောင်ကြီးနဲ့အတူ ကိုညီငယ် ပြန်လိုက်သွားကာ ထမင်းစားချိန် လာခေါ်မယ်လို့ ပြောသွားပါတယ်။ (ကိုခင်မောင်ကြီးဟာ တောခိုပြည်သူ့ရဲဘော် ဗိုလ်မိုးဟိန်းပါ၊ ခု– ရန်ကုန်၊ ၂၉ လမ်းရှိ မြသော်တာစာအုပ်တိုက်ပိုင်ရှင်ပါ)

သူတို့ထွက်သွားပြီး ဘယ်လိုကံကြမ္မာမျိုးနဲ့ တွေ့ဆုံရဦးမလဲလို့ တွေးပြီး ပူနေပြန်ပါတယ်။

မနက် ၁၀ နာရီသာသာလောက်မှာ ကိုညီငယ်ပေါ်လာပြန်တယ်။ ထမင်းစားဖို့ စီစဉ်ထားပြီး လာခေါ်တာဖြစ်တယ်။ သူနဲ့ လိုက်သွားပါတယ်။ ဝ တပ်သားတွေရဲ့ မိသားစုများနေတဲ့ နေရာကို ရောက်သွားပါတယ်။ "ဝ"တပ်သားခေါင်းဆောင်မှာ ဗိုလ်မဲကြီး (ဦးသန်းတင်–ကွယ်လွန်) ဖြစ်ပါတယ်။

"သူ့ကိုထမင်းကျွေးနှင့်လို့" ကိုညီငယ်ကမှာပြီး ခဏထွက်သွားပြန်ပါတယ်။

"ဝ"တပ်သားတွေဟာ ဒီအချိန်က ဂျပန်ကင်ပေတိုင် စစ်ထောက်လှမ်းရေးရဲ့ အားထားရာ အစိကအင်အားစု ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာတော့ "ဝ"တပ်သားတွေဟာ ဂျပန်လူဘဝကနေ ဂျပန်တော်လှန်ရေးရဲဘော်တွေရဲ့ အတွင်းလူများအသွင်သို့ ကူးပြောင်းနေပြီ ဖြစ်ပါတယ်။ ဒါကို ဂျပန်က မျက်ခြည်ပြတ်သွားလို့ မသိလိုက်ဘူး။

ထမင်းဝတ်နေခဲ့တာ ၁၀ ရက်ပင် ကျော်ခဲ့ပါပြီ၊ ထမင်းပွဲပြင်ထားတာ မြင်တော့ ဒုက္ခတွေကို ခဏမေ့ထားလိုက်တယ်။ ထမင်းဟင်းများ အငွေ့တထောင်းထောင်းထနေပါတယ်။ လက်ဆေးပြီး ထမင်းတစ်လုတ်ကို ပါးစပ်နဲ့ တေ့မယ့်အလုပ် "ဟေ့ သူလား" ဆိုပြီး အသံကြားလိုက်ပါတယ်။ အသံကြောင့် ထမပြေးရရုံတမယ် ထိတ်လန့်သွားပါတယ်။ ထမင်းလုတ်လဲ လွတ်ကျသွားပါတယ်။ အသံလာရာဘက်ဆီ ချက်ချင်း မျက်စိရောက်သွားရင်း လက်က အသင့်ယူလာတဲ့ သံချောင်းကို ဆုပ်လိုက်မိတယ်။ ကိုညီငယ်နဲ့ ဘုန်းကြီးတစ်ပါး ဘုန်းကြီးတစ်ပါးရဲ့ အသံဖြစ်ပါတယ်။ မှင်သက်မိပြီး ခဏကြောင်ကြည့်နေမိပါတယ်။

တောင်ဘီလူးကျောင်းက ရဟန်းပျိုဥက္ကဌ ဆရာတော်ဦးပဏ္ဍိတဖြစ်ပြီး သက်နှင်းကြီး တလွှားလွှားနဲ့ ကျွန်တော့်ထံ အမောတကော ကြွရောက်လာခြင်းဖြစ်ပါတယ်။

"လာ လိုက်ခဲ့" လို့ အောင်မြင်တဲ့ဩဇာသံနဲ့ ခေါ်လိုက်ပါတယ်။ ဆရာတော်မျက်နှာက ပြုံးရွှင်နေပါတယ်။ ကျွန်တော်လဲစားမယ့်ထမင်းပွဲက ထပြီး ဘုမသိဘမသိ သူ့နောက်ကောက်ကောက်ပါအောင် လိုက်သွားမိပါတယ်။

ဆရာတော် ကျိန်းတဲ့ချောင်ကိုရောက်တော့မှ "မင်းအတွက် ငါဖြင့် မအိပ်ရတာ ၇ ရက် ရှိသွားပြီ၊ အချုပ်ခန်းက ဖောက်ထွက်လာလိမ့်နိုးနိုးနဲ့ မအိပ်ဘဲ စောင့်နေရတာ၊ ဒီမနက်ကျတော့မှ အောင်မှိုဆီက မင်းထွက်သွားပြီဆိုတဲ့ သတင်းပို့လိုက်တယ်။ ချိန်းဆိုတဲ့နေရာလဲ ရောက်မလာတော့ အံ့အားသင့်သွားတယ်။ ဒါကြောင့် တစ်မနက်လုံး လိုက်ရှာနေရတာ၊ ညီငယ်နဲ့ အခန့်သင့်တွေ့လို့ပေါ့" ဆရာတော်လဲ ကရားရေလွှတ် တွတ်တွတ်ပြောရင်း သူ့တာဝန်ကျေသွားပုံရလို့ အတော်ပျော်ရွှင်ကျေနပ်ပုံရဟန် တူပါတယ်။

အဲဒီမှာ မနက်စာစားပြီး ကျွန်တော့်ကို ဗိုလ်သိန်းဦးဆီ သေနတ်ကိုင် "ဝ"တပ်သားများနဲ့ ဆရာတော်က လိုက်ပို့စေပါတယ်။ ကျွန်တော်ထွက်ပြေးတဲ့ နောက်တစ်နေ့ ကိုစံထွန်းကို ဂျပန်က သုတ်သင်လိုက်ပါတယ်။

## ဗိုလ်သိန်းဦးစခန်းမှ ဗိုလ်မှူးဗထူး စခန်းသို့

ဗိုလ်သိန်းဦးဆီ ရောက်တော့ ဂျပန်တွေ့ရင် မမှတ်မိအောင် ဗိုလ်သိန်းဦးကိုယ်တိုင်က ကတုံးတုံးပေးပါတယ်။ ညနေကျတော့ ဗိုလ်ကျော်ရွှေတို့ အကူအညီနဲ့ အမရပူရကို လှေနဲ့ရောက်သွားပါတယ်။ အမရပူရ ကိုအောင်တင်တို့ရဲ့ လျှို့ဝှက်စခန်းကနေ ကိုစံတင့် (ရှမ်းပြည်စံတင်)က စက်ဘီးနဲ့ တင်ပြီး ဗိုလ်မှူးဗထူးဆီပို့ပါတယ်။ ဒီနေ့ခင်းက မန္တလေးအမရပူရတခွင်ကို အင်္ဂလိပ် အမေရိကန် လေယာဉ်တွေက ဗုံးအကြီးအကျယ်ချခဲ့လို့ အိုးအိမ်တွေ မီးလောင်ပြာကျခဲ့ပါတယ်။ ကျွန်တော်တို့ဖြတ်သွားတဲ့ ညနေပိုင်းမှာကို မီးတွေ မငြိမ်းသေးဘူး၊ လမ်းတစ်ဘက်တစ်ချက် မီးလောင်နေဆဲပါ။

"မိမိလာရင်းကိစ္စကို ဗိုလ်မှူးဗထူးဆီ နှုတ်နဲ့ အစီရင်ခံကာ နောက် အမေရိကန် စစ်ဌာနချုပ်က ပေးလိုက်တဲ့ ဆက်သွယ်ရေးစာရဲ့ မူရင်းသဘော

ထားကို စာရေးတင်ပေးလိုက်ပါတယ်။ ဗိုလ်မှူးဗထူးက ဗိုလ်ချုပ်အောင်ဆန်းဆီ ဆက်သားလွှတ် သတင်းပို့လိုက်ကြောင်း သိရပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဆီ ဆက်သားလွှတ်ပြီးမှ ကိုလှလဲ ဗိုလ်မှူးဗထူးဆီ ရောက်လာကြောင်း သူနဲ့အတူ ကသာကိုခင်ဆွေ( ကွယ်လွန်) ကိုချစ်စံခေါ် ကိုထွန်းလင်း (ယခုပေါင်းတည်)တို့လဲပါလာကြောင်း၊ ၎င်းတို့ကိုရှမ်းပြည်ဘက်မှာ လေထီးနဲ့ချပေးကြောင်း၊ မေမြို့နဲ့ မန္တလေးကြား တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီး မန္တလေးကို ရောက်လာကြောင်း၊ သူတို့လာတဲ့ကိစ္စလဲ မိမိအား ပေးလိုက်တဲ့တာဝန်နဲ့ ထပ်တူထပ်မျှဖြစ်ကြောင်း သိရပါတယ်။

တကယ်လို့ ကျွန်တော်တို့အစု ကျဆုံးခဲ့ရင် ကိုလှတို့အစုက ဆက်သွယ်ရေး စာကို ဗိုလ်ချုပ်အောင်ဆန်းဆီ အရောက်ပို့ပေးနိုင်ဖို့ သူတို့ ကျဆုံးခဲ့ရင် ကျွန်တော်က အရောက်ပို့ပေးဖို့ဖြစ်ပါတယ်။ တစ်ခုတည်းသော ပေးစာကို မိတ္တူပွား လွှဲခဲ့ပြီး လာပို့နိုင်ခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဆီက ညွှန်ကြားချက်ကိုစောင့်ရင်း ဂျပန်အနံ့ မရရှိအောင် ကျွန်တော် မန္တလေးအနံ့ ပုန်းအောင်း နေရပါတယ်။

နောက် မကြာမီ သခင်ဖေတင့် (ပျဉ်းမနားသား၊ အခုတော့ တောခို ဗကပ) ဗိုလ်မှူးဗထူးထံ ရောက်လာတယ်။ အမေရိကန်များနဲ့ ဆက်သွယ် လုပ်ကိုင်ဖို့ အေအဖ်အိုရဲ့ ကိုယ်စားလှယ်အနေနဲ့ ရွေးချယ်လွှတ်လိုက်ခြင်း ဖြစ်ပါတယ်။

ကိုလှတို့က သူတို့အဖွဲ့ကို မေမြို့နားမှာ စခန်းချထားခဲ့တယ်။ ဝါယာလက်သမား ဖူလီဆိုသူလဲ ကိုလှတို့နဲ့အတူပါလာပြီး အဲဒီစခန်းမှာ ကိုခင်ဆွေနဲ့ ဖူလီကျန်ရစ်ခဲ့တယ်။ စခန်းအနီး ပတ်ဝန်းကျင်ကျေးရွာများက ဂေါ်ရခါးများနဲ့ တိတ်တဆိတ် အဆက်အသွယ်ရပါတယ်။ ဂေါ်ရခါးများက လက်နက်ကိုင်များအဖြစ် အမှုထမ်းလာကြပါတယ်။ တပ်ခွဲတစ်ခွဲ ဖြစ်လာတယ်။ လက်နက်နဲ့ တပ်ကို ကိုင်မယ့် ဗိုလ်အဆင့်ရှိသူ အမေရိကန်တပ်ခွဲမှူးများကို လေထီးနဲ့ ချပေးပါတယ်။

အဲဒီကနေ မန္တလေး၊ မေမြို့ ကျသွားတော့ သခင်ဖေတင့်ကို ဝမ်းအိုဝမ်း ဌာနချုပ်သို့ မေမြို့ကနေ လေယာဉ်နဲ့ ထည့်လိုက်တယ်။ ကိုချစ်စံနဲ့ ကိုခင်ဆွေတို့ ကိုလဲ ဝမ်းအိုဝမ်းဌာနချုပ်ကို လေယာဉ်ပျံနဲ့ ထည့်လိုက်တယ်။ ကိုလှနဲ့ ကျွန်တော်ကတော့ မန္တလေးရောက်နေတဲ့ မေဂျာဟဲဗရစ်နဲ့ မန္တလေးမှာ

သွားတွေ့ပါတယ်။ အဲဒီကနေ ဝမ်းအိုဝမ်းဌာနချုပ်ကို ပြန်ကြပါတယ်။ ဝမ်းအိုဝမ်းဌာနချုပ်က ဗန်းမော်မြို့ကို ပြောင်းရွှေ့နေပါတယ်။ ဝမ်းအိုဝမ်းဌာနချုပ်ကနေ မန္တလေးကူးပြီး အောက်မြန်မာပြည်ကို ကျွမ်းတဲ့ရဲဘော်တွေရှာပြီး လေထီးဆင်းစေတယ်၊ ကိုဟန်ထွန်း၊ ကိုကျော်မင်း၊ ဗိုလ်လှဖေကြီးတို့ မကွေးပုရနယ်ထဲက နဓိးဒါးမှာ သင်တန်းသွားတက်ကြပါတယ်။ မန္တလေး အေအက်ဖ်အိုအဖွဲ့ဝင် ကိုမောင်မောင် (အခု ဗိုလ်မှူးကြီးတင်စိုး အငြိမ်းစား)လဲ ရောက်လာပါတယ်။

ကိုထွန်းအေး(တောခိုအလံနီကျဆုံး)ကို မြစ်ဝကျွန်းပေါ်ကို လေထီးနဲ့ဆင်းစေကာ တောင်ငူပြူးနယ်မှာ ကျွန်တော်ခေါင်းဆောင်ပြီး အဖွဲ့တစ်ဖွဲ့နဲ့ ဆင်းဖို့ အစီအစဉ် လုပ်ပါတယ်။ မဆင်းခင် ကသာရှိ ဇနီးသည် ကြည်ကြည်ထံ ဂျပန်ရေဲခန်းမှ သေရွာပြန်အနေနဲ့ မျက်နှာပြဖို့ ခဏခွင့်ပြုလို့ ပြန်သွားခဲ့ပါတယ်။

ခွင့်စေ့ချိန်ရောက်တော့ ကျွန်တော့်လာကြိုမယ့် လေယာဉ်ကို ကျွန်တော်မျှော်ပေမယ့် လာမကြို။ ချိန်းဆိုရက်ထက် ဆယ်ရက်ကျော်ရှိသွားပြီ။ ဒါကြောင့် ကြုံတဲ့လေယာဉ်နဲ့ ဗန်းမော် လိုက်သွားတော့မှ "အို ဒါကြောင့်ကိုး" ဆိုတဲ့အဖြစ်ကို သိရတယ်။ အကြောင်းက ရန်ကုန်ကျသွားပြီဖြစ်လို့ ဝမ်းအိုဝမ်းနဲ့ လုပ်ငန်းဆက်ရန် မရှိတော့ကြောင်းတဲ့ခင်ဗျ။

## ရန်ကုန်မြို့ကျပြီးနောက် ဝမ်းအိုဝမ်းနဲ့ခွဲခဲ့ခြင်း

သခင်ဖေတင့်မှာ ကိုသိန်းဖေနဲ့ ဆွေးနွေးဖို့ ကလ္ကတ္တားကို လိုက်သွားကြောင်း၊ သူ့အစားကိုမောင်မောင် (အငြိမ်းစားဗိုလ်မှူးကြီးတင်စိုး)ကို တာဝန်ပေးထားခဲ့ကြောင်း၊ ဝမ်းအိုဝမ်းနဲ့ ဆက်သွယ်လုပ်ကိုင်ခဲ့တဲ့ ကိုလှ၊ ကိုလှဖေ (မန်းဝင်းမောင်တို့နဲ့အတူ လာရင်း ဖျားလို့ ကသာနယ်ထဲတွင် ထားခဲ့သူ) ကိုချစ်စံ (ကိုထွန်းလင်း)၊ ကိုခင်ဆွေ၊ ကိုကျော်မင်း၊ ကိုဟန်ထွန်း၊ ကိုမောင်မောင်၊ ဝမ်းအိုဝမ်းဌာနချုပ်ကို အလည်ရောက်နေတဲ့ စာရေးဆရာမကြီး ဒေါ်အမာ၊ နဂါးဒေါ်ဦး စတဲ့ ရဲဘော်များကို တွေ့ရပြီး အခြားရဲဘော်များလဲ ပြန်သွားကြပြီဖြစ်ကြောင်း သိရပါတယ်။

ကိုမောင်မောင် ကိုလှတို့ကို အခြေအနေမေးကြည့်တော့ ရန်ကုန်ကျသွားပြီ၊ အမေရိကန်တွေနဲ့ အေအက်ဖ်အိုတို့ ဆက်လုပ်စရာ မရှိတော့ကြောင်း၊ ဒါကြောင့် ဝမ်းအိုဝမ်းဌာနချုပ်က ရဲဘော်များအားလုံး ထွက်ခွာသွားဖို့အတွက် အားလုံး

အသင့်ရောက်ရှိနေခြင်းဖြစ်ကြောင်း ပြောပြပါတယ်။ ရှမ်းပြည်ဘက် လေထီးဆင်းပြီး ပြန်ရောက်လာတဲ့ စန်းမော် အေအက်ပ်ဖ်အိုက ကိုတင်ဝင်း(အခုဗိုလ်မှူးတင်ဝင်း)လဲ တွေ့ပါတယ်။

တောင်ငူ ဖြူးမှာ မူလက ကျွန်တော့်လေထီ နဲ့ဆင် ဖို့ အစီအစဉ်ရှိခဲ့ပေမယ့် ဂျပန်ကို မဟာမိတ်များက ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့နဲ့ ပူးပေါင်းစစ်ဆင်မှုကြောင့် မျှော်လင့်ထားတာထက်စောပြီး ရန်ကုန်ကို ဂျပန်လက်က ရယူလိုက်နိုင်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဖြူးမှာ ဆင်းစရာမရှိတော့တဲ့အတွက် ကျွန်တော့်ကို လာမခေါ်ခြင်း ဖြစ်ပါတယ်။

ကိုမောင်မောင်က ကိုလှနဲ့ ကျွန်တော်တို့ကို ဗြိတိသျှလက်အောက် လွတ်လပ်ရေးအတွက် လူထုကို အခုကတည်းက စည်းရုံးထားဖို့ ပြင်ဆင်ပို့လိုကြောင်း ပြောဆိုပြီး ကိုလှနဲ့ ကျွန်တော့်ကို ကသာသို့ ပြန်လွှတ်တယ်။ ကျန်ရဲဘော်များနဲ့အတူ ကိုမောင်မောင်က မန္တလေးကို လေယာဉ်နဲ့ ဆင်းသွားပါတယ်။ အင်္ဂလိပ်စစ်အုပ်ချုပ်ရေး လက်ထက်မှာ ကသာခရိုင် ဖ–ဆ–ပ–လကို ဖွဲ့ပါတယ်။ ကျွန်တော်က ဥက္ကဋ္ဌ၊ ကိုလှက အတွင်းရေးမှူး၊ ဆရာထူး၊ ကိုတင်အောင်၊ ကိုဘကြည်(အခုဗိုလ်ကြီးဘကြည်) ကိုလှကြိုင် (အခုဗိုလ်မှူးအောင်ကြိုင်) ဆရာမ ဒေါ်ဝင်း၊ ဆရာတု (ကွယ်လွန်) ကိုသန်းအေး၊ ဦးမြိုင်တို့ ပါကြပါတယ်။

မဟာမိတ်တပ်တွေနဲ့ ပထမဆုံး ကျွန်တော်အဆက်အသွယ်ရခဲ့တယ်။ ၁၉၄၄ ဒီဇင်ဘာလကနေ နောက်ဆုံး ကျွန်တော်တို့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင်တွေ ဝမ်းအိုဝမ်းဌာနချုပ်က ထွက်ခွာလာကြရတဲ့ ၁၉၄၅ ဧပြီ မေလအထိဆိုရင် ၄,၅,၆ လမျှ သက်တမ်းရှိခဲ့ပါတယ်။ ကျွန်တော်တို့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကို အမေရိကန်တပ်မတော်ရဲ့ ထောက်ခံမှုကို လုံးလုံးလျားလျားရပြီး အသိအမှတ်ပြုခြင်းခံခဲ့ရပါပြီ။ ဒီတော့ ဝမ်းအိုဝမ်းဌာနချုပ်မှာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ရုံးခွဲတစ်ခုဖွင့်ပြီး ပူးပေါင်းလုပ်ဆောင်ဖို့အထိ အလားအလာကောင်းပါပြီ။

အဲဒီလိုအရှိန်ရလာခါစရှိသေးတယ်၊ ပူးတွဲလုပ်ငန်းကြီး ရပ်ဆိုင်းလိုက်တဲ့အတွက် အားလုံး ဝမ်းအိုဝမ်းဌာနချုပ်က ပတ်စာခွာ ဖျာလိပ် စခန်းသိမ်းလိုက်ရတော့တာပါပဲ။ တချို့ အေ၊အက်ပ်ဖ်၊အယ်လ်အဖွဲ့ ရဲဘော်တွေဟာ အာသံပြည်နယ်ရှိ နဇီးဒါး လက်ဖက်ခင်းထဲမှာ တည်ဆောက်ထားတဲ့ အမေရိကန်

သင်တန်းစခန်းမှာ ဖောက်ခွဲရေးလုပ်ငန်း၊ သူလျှိုလုပ်ငန်း စတဲ့ ရန်သူအတွင်းပိုင်းမှာလုပ်ရမယ်။ သင်တန်းတွေတက်ရာက တစ်ပိုင်းတစ်စနဲ့ ပြန်ခဲ့ကြရပါတယ်။

အဲဒီအချိန်က မြန်မာပြည်အောက်ပိုင်းဟာ ဂျပန်လက်အောက်မှာပဲရှိသေးတယ်။ မန္တလေး၊ ရှမ်းပြည်နယ်၊ လားရှိုး၊ ရပ်ဆောက်လောက်ထိ အမေရိကန်လဲဗိုးခေါ် ရိမ်းဂျားတပ်တွေရောက်နေဆဲဖြစ်တယ်။ အဲဒီရိမ်းဂျားတပ်ခွဲတွေဟာ အမေရိကန်အရာရှိများ ဦးတည်ထားတဲ့ ဂေါ်ရခါး၊ ဗမာ၊ ကချင်၊ ရှမ်း စတဲ့ တိုင်းရင်းသားများနဲ့ ဖွဲ့စည်းထားတဲ့ တပ်ခွဲတွေပါ။

၁၉၄၅ ခု ဝမ်းအိုဝမ်းဌာနချုပ်မှ ကျွန်တော်တို့အဖွဲ့တွေ ဖျာလိပ်တပ်ခေါက်ပြန်ခဲ့ရတဲ့အကြောင်းဟာ ကြက်ဥကို အစရှာမတွေ့ခဲ့သလိုဖြစ်ခဲ့ရတယ်။ ဟိုလိုလိုဒီလိုလိုဆိုတဲ့ မရေမရာတဲ့ သတင်းစကားတွေပဲ ကြားသိခဲ့ရတယ်။ အတိအကျဘာကြောင့်ရယ်ဆိုတာ မသိကြရဘူး။

အမှန်တော့ ရဲဘော်တော်တော်များများဟာ မကျေနပ်ကြဘူး။ ဘာလို့မကျေနပ်သလဲဆိုရင် ရဲဘော်တွေက အမေရိကန်တွေ ဂျပန်တော်လှန်ရေးမပြီးခင် ဒီလိုလမ်းခုလတ်ကနေ လမ်းခွဲစေတဲ့အတွက် မကျေနပ်လို့ပြောတာဖြစ်ပါတယ်။

ဒီလိုတပ်ခေါက်ပြန်လာရတော့ အမေရိကန်တွေဟာ ဘုရားပြီး ငြမ်းဖျက်တာပဲတဲ့။ AFL ဆိုတာ Anti Fascist League ဖြစ်တယ်။ တို့အမေရိကန်တွေနဲ့ပေါင်းပြီး တော်လှန်ရေးလုပ်ခဲ့မိတဲ့အတွက် တို့ AFL ဆိုတာက အခုတော့ American French Leather ဖြစ်သွားပြီး တစ်ခါသုံးပြီး ပစ်ခြင်းခံရတဲ့အဖြစ်ပဲဆိုပြီး တချို့ဒေါသအိုးတွေပေါက်ကွဲပြီးထွက်လာတဲ့စကားတွေ ပြောကြတယ်။

အဲဒီလိုတပ်ခေါက်ပြန်လာရတဲ့အဖြစ်အပျက်တွေရဲ့ အရင်းခံစေ့မြစ်ကို အကျိုးရယ်အကြောင်းရယ်ဆိုတာ ရှင်းမပြဘဲ ကျွန်တော်တို့နဲ့လမ်းခွဲဖို့သာပြောခဲ့တဲ့အတွက် ဘုမသိဘမသိနဲ့ မကျေမနပ်ဖြစ်ကြရပါတယ်။ ပြန်သာပြန်လာကြရတယ်၊ စိတ်ထဲမှာ "အလကား အမေရိကန်တွေပါ" ဆိုတဲ့ခံယူချက်နဲ့ တအုံနွေးနွေးနဲ့ ပြန်ခဲ့ကြရပါတယ်။

ဒီလိုဂျပန်တော်လှန်ရေးကြီးမပြီးခင် ဘာကြောင့် ကျွန်တော်တို့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေဟာ ပတ်စာခွာဖျာသိမ်းခဲ့ရတဲ့စေ့မြစ်ကို ကျွန်တော်တို့အနေနဲ့ အနှစ်(၄၀)လောက်ကျမှ အဖြေမှန်ကို သိခွင့်ရလိုက်ပါတယ်။

---

ဝန်းမော်စာပေတိုက်

Consolidated Glossary-Page 35. & U.S Army Aviation Digest စာစောင်မှာ Army Aviation in Burma ဆိုတဲ့ ဆောင်းပါးကို ၁၉၈၃ ခု ဩဂုတ်လ ၁၇ ရက်နေ့မှာ ရရှိပါတယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်က ကျွန်တော်က ဝမ်းအိုဝမ်းနဲ့ပတ်သက်ခဲ့တဲ့ စာရေးဆရာမို့လို့ ဆိုပြီး ယင်းဆောင်းပါးကို တကူးတကလာပေးပါတယ်။

ယင်းဆောင်းပါးကိုရေးသူဟာ ဒုတိယဗိုလ်ချုပ်ကြီး ဒဗလျူအင်ပီအာရ်ပါ။ သူက ၁၉၄၅ ခု ဝမ်းအိုဝမ်း အဖျက်ခံလိုက်ရတော့ ဗိုလ်မှူးကြီးပါ။ ဝမ်းအိုဝမ်းတပ်ဖွဲ့ရဲ့ တပ်မှူးကြီးပါ။ ဗြိတိသျှနန်းတော် စစ်သမိုင်းမှာ G S I K ဆိုတဲ့ စကားဝှက်ကို အသုံးပြုခဲ့တဲ့ E.7 ဖိုစ်ဟာ တော်လှန်ရေးတပ်ဖွဲ့မှာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တယ်ဆိုတဲ့ အခန်းတွေပါ ရေးသားဖော်ပြထားတာ ရှိမရှိ မသိရပါ။

ကာနယ်ပီအာရ်က သူ့ဆောင်းပါးထဲမှာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင်တွေနဲ့လဲ ပူးတွဲဆောင်ရွက်ခဲ့တယ်ဆိုတာ ဖော်ပြထားခြင်း လုံးဝမရှိပါ။

မြန်မာပြည်ကို ပြန်လည်ဝင်ရောက်သိမ်းပိုက်စဉ်အခါက တိုင်းရင်းသားကချင်လေးများကို ထောက်လှမ်းရေးသမားများအဖြစ် စည်းရုံးတာဝန်ပေးခဲ့တယ်လို့သာ ဖော်ပြထားပါတယ်။ သူ့ရဲ့အဲဒီဆောင်းပါးထဲမှာပါတဲ့ ဆောင်းပါးစာမျက်နှာ (၂) မှာ ဒီလိုရေးသားခဲ့ပါတယ်။

> In March 1945, after Lashio had been captured, Lieutenant General Daniel I Sultan, who replaced General Stilwell to become the commander of the India-Burma Theater, considered that there was no longer a need for Det: 101 and ordered it to be disbanded.

Extract from "Army Aviation in Burma.
By Lieutenant General William R. Reers, Ret.
(41 year Army Aviation - & U.S. History)
U.S. Army Aviation Digest.
Consolidated Glossary - Page 35. JUNE 1985 Page 7.

ဗိုလ်ချုပ်ကြီး စတီးဝဲလ်နေရာကို ပနုံးပြောင်း ဆက်ခံလိုက်တဲ့ ဒုတိယဗိုလ်ချုပ်ကြီး ဆုရ်တန်က ဝမ်းအိုဝမ်းတပ်ဖွဲ့ ဆက်လက်ထားရှိစရာ မလိုတော့ဘူးဆိုပြီး ရုပ်သိမ်းပစ်လိုက်ဖို့ အမိန့်ပေးခဲ့တာနဲ့ ဝမ်းအိုဝမ်းတပ်ဖွဲ့

ကို ရုပ်သိမ်းပစ်လိုက်ရတယ်။ ဒါကို စာရေးသူတို့က ၁၉၄၅ ခုနှစ်မှာ မသိတော့ အမေရိကန်တွေမြန်မာပြည်က ဂျပန်တွေကို အပြီးအပိုင် တိုက်ထုတ်ပစ်တဲ့အထိကို ဆောင်ရွက်မပေးဘူးဆိုပြီး ပြစ်တင်ဝေဖန်ကြတော့တယ်။

စာရေးသူက ၁၉၈၃ ခု၊ ဩဂုတ်လ ၁၃ ရက်နေ့မှာ ဒုတိယဗိုလ်ချုပ်ကြီး ပီအက်စ်ရဲ့ Army Aviation in Burma မြန်မာနိုင်ငံမှာ စစ်လေယာဉ်များ ပျံသန်းခြင်းဆိုတဲ့ ဆောင်းပါးကို ရေးသားခဲ့ပါတယ်။

အဲဒီတုန်းက စစ်မပြီးသေးဘဲ ဘာကြောင့် အေအက်ဖ်အယ်လ်တွေ ဖျာလိပ် တပ်ခေါက်ပြန်ခဲ့ရသလဲဆိုတဲ့အဖြစ်ကို သိလိုက်ရပါတယ်။ အဲဒီတုန်းက ဝမ်းအိုဝမ်းမှာပါခဲ့ပြီး ကွယ်လွန်သွားတဲ့ အေအက်ဖ်အယ်လ် ရဲဘော်တွေက ဒီအဖြစ်ကို မသိလိုက်ရှာပါဘူး။

* * *

**ကျော်ဝင်းမောင်**

ကျော်ဝင်းမောင်ကို (ဗမာမွတ်စလင်အမျိုးသား) အဖဦး ဟာနစ်၊ အမိ ဒေါ်စိန်ညွန့်တို့မှ ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ၁၂၈၁ ခု တပို့တွဲလပြည့်ကျော် ၁၃ ရက်တွင် မွေးဖွားတယ်။ ငယ်စဉ်က ဗန်းမော်၊ မိုးကုတ်၊ ကသာမြို့များတွင် ပညာသင်ခဲ့တယ်။ ဂျပန်ခေတ်မှာ (B.D.A)သို့ဝင်ပြီး ရေနံချောင်း အမြောက်ကြီးတပ်မှာ အမှုထမ်းခဲ့တယ်။ ဂျပန်ခေတ် မင်္ဂလာဒုံစစ်တက္ကသိုလ် တတိယပတ်ကို တက်ခဲ့တယ်။ ဂျပန်တော်လှန်ရေး ကာလတွင် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ (A.F.O) နဲ့ အမေရိကန် လေထီးတပ်ဖွဲ့ (၁၀၁)ကို ပထမဆုံး ဆက်သွယ်ပေးခဲ့တယ်။ ယင်းတာဝန်ကို ထမ်းဆောင်ရင်း စစ်ကိုင်းမင်းကွန်းမှာ ဂျပန်များ ဖမ်းဆီးခြင်းခံရပြီး၊ အသတ်ခံရမယ့်ဆဲဆဲ အချုပ်ကိုဖောက်ထွက်လာတယ်။ စစ်ပြီးခေတ်တွင် မြန်မာပြည်ကွန်မြူနစ်ပါတီဝင်နှင့် ကသာခရိုင် ဖဆပလ အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့တယ်။ ကွန်မြူနစ် ပါတီကွဲတဲ့အခါ အလံနီကွန်မြူနစ်ပါတီအဖြစ် လက်နက်ကိုင်တောခိုခဲ့တယ်။ ၁၉၅၅ ခုနှစ် အလံနီပါတီမှ အထုတ်ခံရပြီး ရဲဘော်များနဲ့အတူ (အလုပ်သမားညီညွတ်ရေးပါတီ) ကို ထူထောင်ခဲ့တယ်။ ၁၉၆၂ ခုတွင် ဥပဒေဘောင်အတွင်းသို့ ဝင်ခဲ့ပြီး စာရေးခြင်းဖြင့် ရပ်တည်ရန် ကြိုးစားခဲ့တယ်။ "ဝမ်းအိုဝမ်းနဲ့မြန်မာ

မြေအောက်တော်လှန်ရေး"သမိုင်းဝင်စာအုပ်ကို ပြုစုခဲ့တယ်။ ရပ်ရှင်ဝတ္ထု၊ ဇာတ်ညွှန်းနဲ့ အခြားနိုင်ငံရေး သုတေသနစာအုပ်များ ဆက်လက်ပြုစု ရေးသားလျက်ရှိပါတယ်။ နိုင်ငံရေး အဝန်းနယ်ပယ်တွင် လေထီးဝင်းမောင်ဟူ၍လည်းကောင်း၊ အလံနီဝင်းမောင်ဟူ၍လည်းကောင်း၊ ရဲနီကျော်ဟိန်းဟူ၍လည်းကောင်း ထင်ရှားသူဖြစ်ပါတယ်။

* * *

## ၂။ ရဲဘော်လှနဲ့ လေထီးအဖွဲ့

ကိုအေးဝင်းနဲ့ ကျွန်တော် ဝင်းမောင် (ဝမ်းအိုဝမ်းကျော်ဝင်းမောင် စာရေးသူ)ကို ပထမသုတ်အဖြစ်နဲ့ မြစ်ကြီးနားကနေ မန္တလေးကို စေလွှတ်ပြီး နောက် ကိုလှကို ဒုတိယအသုတ် ခေါင်းဆောင်အဖြစ် ရွေးချယ်ပြီး လွှတ်ရန် စီစဉ်တယ်ဆိုတာ နောက်မှ ကျွန်တော် သိရပါတယ်။

ကျွန်တော်တို့က ရေကြောင်းမှ စုန်ဆင်းခဲ့ရပြီးကိုလှတို့ အစုကတော့ ရှမ်းပြည်ဘက်မှ လှည့်ပြီး မန္တလေးကို လာရန် ဖြစ်တယ်။

ကိုအေးဝင်းနဲ့ ကျွန်တော် ရွှေဂူကိုရောက်စဉ်က ရွှေဂူမှာ ကိုလှနဲ့ ဝင်တွေ့ဖို့ ပြောတော့ ဝင်မတွေ့ဖို့ မေတ္တာရပ်ခံတယ်။ ဒါကြောင့် ကျွန်တော်တို့ လဲမတွေ့ဘဲ တောက်လျှောက် ရွှေဂူက လေယာဉ်ပျံဆက်စီးခဲ့ရတယ်။ ကျွန်တော်တို့ ထွက်ခဲ့ပြီးနောက်မှာ ကိုလှကို ရွှေဂူက မြစ်ကြီးနား ဝမ်းအိုဝမ်း ဌာနချုပ်ကို ခေါ်ပြီး ကျွန်တော်တို့ကို ပေးတဲ့ ဆက်သွယ်ရေးတာဝန်အတိုင်း ဆက်လက် တာဝန်ယူဖို့ ဆွေးနွေးတယ်။ ဒါကို ကိုလှလဲ တာဝန်ယူလိုက်တယ်။

ဗိုလ်မှူးဟဲလ်ဖရစ်အနေနဲ့ အကယ်၍ ကျွန်တော်တို့အစု မန္တလေးကို မရောက်ခဲ့ဘဲ လမ်းမှာ ဒုက္ခနဲ့ ရင်ဆိုင်နေရင် ကိုလှတို့အစုက ဒီတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် လွှတ်ခြင်းဖြစ်တယ်။ တစ်ဖွဲ့က မရောက်ရင် တစ်ဖွဲ့က ရောက်ဖို့အတွက် ရည်ရွယ်တဲ့သဘောပဲ။ ကိုလှတို့ကို လွှတ်မယ် ဆိုတာလဲ ကျွန်တော်တို့ကို မပြောဘူး။ အမှန်ကတော့ လျှို့ဝှက်ရေး ထိခိုက်မှာစိုးလို့ မပြောဘဲထားခြင်း ဖြစ်ဟန်တူတယ်။

* * *

ကိုလှ ဝမ်းအိုဝမ်း ဌာနချုပ်ကနေ ကသာကို ပြန်လာပြီး မောင်ချစ်စံနဲ့ မောင်ခင်ဆွေတို့ နှစ်ယောက်ကို လာခေါ်ပြီး ဝမ်းအိုဝမ်းဌာနချုပ်ကို ပြန်တယ်။

ဗိုလ်မှူး ဟဲလ်ဖရစ်နဲ့ ကိုလှတို့ သွားလာရေးအစီအစဉ်ကို ဆွေးနွေးတဲ့ အခါမှာ ကုန်းလမ်း၊ ရေလမ်းက မသွားဘဲ မန္တလေးနားမှာ လေထီးနဲ့ ဆင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ လေထီးနဲ့ဆင်းဖို့က လေထီးသင်တန်းကို အဖျင်းဆုံး တစ်ပတ်ခန့်ယူရလိမ့်မယ်၊ဗိုလ်မှူးကပြောတော့ ကိစ္စမရှိဘူး သင်တန်းတက်နေရင် ကြာမယ်၊ ကိုဝင်းမောင်အတွက် စိတ်မချရဘူး၊ ဒီအတိုင်းပဲ ဆင်းပါမယ်လို့ ကချင်တွေလဲ ဒီအတိုင်းပဲ သင်တန်းမတက်ဘဲ ဆင်းတာပဲလို့ ပြန်ပြောပါတယ်။ အဲဒါကြောင့် လေထီးသင်တန်းတက်ဖို့ အစီအစဉ်ကို ဖျက်ပြီး သွားရေးလာရေး အတွက် ပြင်ဆင်ကြပါတယ်။

မသွားခင် ကိုလှတို့ ကိုယ်နဲ့တိုင်းပြီး လေထီးသိုင်းကြိုးများ ပြင်ဆင်ကြရပါတယ်။ ယူသွားမယ့် ပစ္စည်းများ၊ ဘိဒိအေတပ်မတော် စစ်ဝတ်စုံ ရှာဖွေ ချုပ်လုပ်တယ်၊ အရပ်ဝတ်အရပ်စားများ ရှာဖွေတယ်၊ ဂျပန်ငွေနဲ့ လိုအပ်တဲ့ လက်နက်စာရင်းပေး စတဲ့ အစီအစဉ်များ ပြုလုပ်ကြတယ်။ ဒီတာဝန်များ ဆောင်ရွက်ပေးဖို့ ဗိုလ်မှူးက ဗိုလ်လီး (Lt. Lee) အား တာဝန်ပေးတဲ့အတွက် "ဗိုလ်လီး" နဲ့ပဲ ဆက်သွယ်လုပ်ကိုင်ရတယ်။

အားလုံး အခြေအနေပြည့်စုံတော့ သွားဖို့ ရက်သတ်မှတ်လိုက်တယ်။ ကိုလှတို့ သုံးယောက်နဲ့ "၁၀၁" မှ သတင်းဆက်သွယ်ဖို့ ကြိုးမဲ့ကြေးနန်းစက် အော်ပရေတာ အိန္ဒိယကပြား "ဖူလီ" ဆိုသူကို ထည့်ပေးလိုက်တယ်။

တစ်နေ့ညနေ ၄ နာရီခန့်မှာ စက်နှစ်လုံးတပ် စီ ၄၆ အမျိုးအစား ကုန်တင်လေယာဉ်နဲ့ ထွက်ခဲ့ကြပါတယ်။ ပတ္တမြားနယ် မိုးကုတ်မြို့ကို ဖြတ်ကျော်လာခဲ့တယ်။ မိုးကုတ်ကျော်လာပြီး တောတောင်ဒေသ တစ်ခုသို့ ရောက်လာတဲ့အခါမှာ လေယာဉ်ပျံမှ အချက်ပေးဘဲလ်သံ ကြားရပါတယ်။

ဗိုလ်လီးက ဆင်းရတော့မယ်ဖြစ်လို့ လေထီးများ ဝတ်ဆင်ဖို့ ပြောတဲ့ အတွက် လေထီးများ သိုင်းပိုးကြပါတယ်။ ဒီလိုသိုင်းပိုးနေစဉ် လီးက မောင်ချစ်စံအား "ဆင်းရဲပါ့မလား" လို့ မေးပါတယ်။ မေးလဲမေးထိုက်ပါတယ်၊ အားလုံးထဲမှာ သူဟာ အသက်ရော ကိုယ်ခန္ဓာအရပါ အငယ်ဆုံး၊ အသေးဆုံး ဖြစ်နေပါတယ်။

မောင်ချစ်စံရဲ့ အသက်ဟာ ၁၆ နှစ်ထက် မပိုပါ။ သူက "တိုင်းပြည်အတွက် ဆောင်ရွက်ရာမှာ သေမှာမကြောက်ကြောင်း၊ ခုန်ဆင်းရဲကြောင်း" လီးအား ပြန်ပြောရာ၊ လီးက ချီးကျူးစကား ပြောကြားပြီး လက်ဆွဲနှုတ်ဆက်ပါတယ်။

ဒီအတွင်းမှာပဲ အချက်ပေးဘဲလ်တီးသံ ကြားရပြန်ပါတယ်။ ဘဲလ်တီးနေစဉ် သူတို့ လေထီးအိတ်များ ချိတ်များကို လေယာဉ်ပျံအတွင်းမှ သွတ်ကြိုးတန်းမှာ ကိုလှ၊ ဖူလီ၊ ကိုခင်ဆွေ၊ မောင်ချစ်စံ စသဖြင့် အစဉ်လိုက် ချိတ်ဆွဲပေးပြီး လေယာဉ်ဘေးတံခါးပေါက်ဝမှာ တန်းရပ်ကြရပါတယ်။

ကိုလှတို့တတွေရဲ့ စိတ်ထဲမှာလဲ မကြုံဘူး၊ မလုပ်ဘူးတဲ့ လုပ်ငန်းမျိုး လုပ်ရမှာဖြစ်လို့ ဘယ်လိုအဖြစ်မျိုးများ တွေ့ကြရမလဲ စသဖြင့် တွေးရာလေးပါး စဉ်းစားနေမိကြတယ်။ မြစ်ကြီးနားမှာ ရှိစဉ်က လေထီးဆင်းမှု သူများ ထံ စုံစမ်းလေ့လာခဲ့လို့ အဲဒီ လေ့လာချက်အရ လုပ်ကြမယ်လို့ စိတ်ပိုင်းဖြတ်ထားကြပါတယ်။

တတိယအချက်ပေး ဘဲလ်တီးသံ မြည်တဲ့အခါ လီးက "ဆင်း" ဟုသောအမိန့်နှင့်အတူ တစ်ယောက်ချင်း တွန်းချပါတယ်။ ကိုလှက အရင်ဆင်းပြီး၊ ဖူလီ၊ ကိုခင်ဆွေ၊ မောင်ချစ်စံတို့ အစဉ်လိုက် ဆင်းခဲ့ကြပါတယ်။ သူတို့အနေနဲ့ ခုန်ချလိုက်တာသာ သိပြီး နောက်ပိုင်း ဘာမှ မသိခဲ့ပါ။

နားထဲမှာ ဒုတ်ခနဲ အသံကြားပြီး၊ တအောင့်လောက်မှ သတိရလို့ မျက်စိဖွင့်ကြည့်လိုက်တော့ လေဟာပြင်ထဲမှာ လေထီးပွင့်နေတယ်ဆိုတာ သိရပါတယ်။ လူအနေအထားမှာ ကုလားထိုင်ပေါ် ထိုင်နေတဲ့အလား၊ ကြိုးများ လေထီးဆီမှ ဆိုင်းဆွဲထားတာ တွေ့ရပြီး၊ ငြိမ့်ငြောင်းစွာ ရှိနေပါတယ်၊ ကလေးများ ဒန်းစီးသလို ခံစားနေကြရတယ်။

လေယာဉ်ပျံကို လှမ်းကြည့်လိုက်တော့ လေယာဉ်ပျံဟာ တောင်များကို ပတ်ဝဲနေပြီး ဗိုလ်လီးတို့က ကိုလှတို့ကို လှမ်းပြီး လက်ပြနေတာ မြင်ရပါတယ်။ သူတို့ကလဲ ပြန်ပြီး လက်ရမ်းပြကြပါတယ်။ ကိုလှတို့ ဆင်းပြီး ပစ္စည်းကိရိယာများ ဆက်ချပါတယ်။ လူဆင်းတဲ့ထီးနဲ့ ပစ္စည်းချတဲ့ထီး မတူပါ။ လူဆင်းတဲ့ထီးဟာ ပိုးဖြစ်ပြီး အဝါရင့်နဲ့ အစိမ်းရင့်ရောင် ရောယှက်ထားပါတယ်။ ပစ္စည်းချတဲ့ လေထီးမှာ ပါရှင်အသား အဖြူ အနီ စတဲ့ အရောင်များ ဖြစ်ပါတယ်။

ဆင်းရင်း အောက်ကို လှမ်းကြည့်လိုက်တဲ့အခါမှာ လယ်ကွက်အနည်းငယ်နဲ့ တောများ တွေ့ကြပါတယ်။ ခပ်လှမ်းလှမ်း နေရာလောက်မှာလဲ တဲအနည်းငယ် တွေ့ရပါတယ်။ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်တော့ မောင်ချစ်စံနဲ့ ကိုလှက တစ်တွဲဖြစ်ပြီး၊ ဖုလိနဲ့ ကိုခင်ဆွေက တစ်တွဲ ဖြစ်နေပါတယ်။

မောင်ချစ်စံတစ်ယောက်သာ လေထီးက လယ်ကွက်ဘက်နီးပြီး၊ ကိုလှတို့က တောရိုင်းဘက်ကို ဦးတည်နေကြပါတယ်။ ဆင်းရင်းနဲ့ အောက်ရောက်ခါနီးတဲ့အခါ စစ်သားပုံသဏ္ဌာန်များနဲ့ လယ်ကွက်များ တွေ့ရပါတယ်။ ဒါနဲ့ မောင်ချစ်စံက ကိုလှကို လှမ်းအချက်ပေးလိုက်ပါတယ်။

မောင်ချစ်စံရဲ့ လေထီးကလဲ လယ်ကွင်းနဲ့ နီးတဲ့ တောစပ်ဘက်သို့ ရွေ့ရှခဲ့ရာ စစ်သားပုံသဏ္ဌာန်တွေသာ ရန်သူဂျပန် ဖြစ်ခဲ့ရင် ခုခံနိုင်ဖို့ လယ်ကွင်းဘက်သို့ မသွားတော့ဘဲ ပါလာတဲ့ အမေရိကန် ဓားမြှောင်ကို ဆွဲနှုတ်ပြီး လေထီးသစ်ပင်ပေါ် ကျပါက ဖြတ်ဆင်းဖို့ အရန်သင့် လုပ်ထားလိုက်ပါတယ်။ မြေကြီးနဲ့ နီးလေ၊ စစ်သားဖြစ်ရုံတင်မက စစ်ဝတ်သဏ္ဌာန်ပါ ဂျပန်ပုံသဏ္ဌာန်မျိုး ဖြစ်နေပြီးတော့ မောင်ချစ်စံတို့ သုံးယောက် ဆီလာနေကြောင်း တွေ့လိုက်ပါတယ်။ မောင်ချစ်စံရဲ့ အရိပ်အခြည်ကို ဂရုစိုက်ပြီး ကြည့်နေမိတယ်။ သူဟာ အထူးဂရုစိုက်ပြီး မြေကြီးရောက်ဖို့ စိတ်စောနေပါတယ်။

ကိုလှလေထီးဟာ မြေကြီးပေါ်ကို အေးဆေးစွာ ကျသွားပြီး လေထီးကို ဖြုတ်လိုက်ပါတယ်။ မောင်ချစ်စံရဲ့ လေထီးဟာ ဝါးရုံပင်ထိပ် တဝက်ငြိပြီး အောက်သို့ အိကျသွားပါတယ်။ သူဟာ ဓားနဲ့ မဖြတ်တော့ဘဲ ဓားပြန်ထည့်ပြီး သိုင်းကြိုးကို အမြန်ဖြုတ်နေပါတယ်။ သိုင်းကြိုးဟာ ရင်တစ်တန်၊ ခါးတစ်တန် ဖြုတ်နေရလို့ အချိန်အတော်ကြာသွားပါတယ်။

လေထီးဖြုတ်ပြီးသွားတဲ့အခါ ပါလာတဲ့ လက်ပစ်ဗုံးနဲ့ ၃၂ ဘို့ ပစ္စတိုကို အရန်သင့် ကိုင်ပြီး နေရာကောင်းယူကာ ကိုလှဘက်သို့ လှည့်ကြည့်နေပါတယ်။ "ဒီကောင်ဟာ ကိုယ့်ကိုကြိုနေတဲ့လူတွေကို ဂျပန်ထင်ပြီး နေရာယူခြင်း ဖြစ်ဟန်တူတယ်"လို့ ကိုလှက ယူဆပြီး သူကတော့ အောက်ရောက်ရောက်ချင်း အမေရိကန်တွေရဲ့ ပြောက်ကျားတပ်သားတွေဆိုတာ သူတို့ဝတ်စုံကို ကြည့်ပြီး သိလိုက်ပြီးဖြစ်တဲ့အတွက် မောင်ချစ်စံကို "ကိုသိန်းအောင် (မောင်ချစ်စံ

ရဲ့ လှိုဌက်နာမည်)သိန်းအောင်ရေ မှားမယ်၊ ရန်သူမဟုတ်ဘူး၊ ပြောက်ကျားတပ်တွေ"လို့ ကိုလှက လှမ်းအော်ပြီး သူ့ဆီ ပြေးသွားပါတယ်။

မောင်ချစ်စံက အံ့ဩလို့မဆုံး ဖြစ်ရုံတင်မက နားမလည်ဘဲ ဖြစ်နေတယ်။ သူသိထားတာက မမြို့၊ မန္တလေး အနီးတစ်နေရာဆင်း၊ အခြေအနေအရ ဖန်တီးပြီး မန္တလေးမြို့ထဲဝင်မယ်လို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အခုတွေ့ကြုံနေရတာနဲ့ တစ်မျိုးစီ ဖြစ်နေတော့ သူ အံ့ဩနေခြင်း ဖြစ်ပါတယ်။ ပြောက်ကျားဆိုသူများဟာ အမေရိကန် စစ်ဝတ်စုံဝတ်ပြီး၊ ဂျပန်ဦးထုပ်ဆံဆံ ဦးထုပ်ဆောင်းထားတဲ့ ကချင်အမျိုးသားများ ဖြစ်နေကြောင်း သူတွေ့ရပါတယ်။

အားလုံး ဆုံမိကြတော့မှ ဖူလီက လာခါနီးမှာ သူ့ကိုမှာလိုက်ကြောင်း၊ ၁၀၁ မှ ချထားတဲ့ ပြောက်ကျားများရှိရာ ချပေးမည်ဖြစ်ကြောင်း၊ နေရာဟာလ ကျောက်မဲနဲ့ မမြို့အနီး ဖြစ်ကြောင်း ပြောပြမှ ရေရေလည်လည် သိရှိသွားကြပါတယ်။ ပြောက်ကျားများရှိရာ တဲစခန်းကို ပစ္စည်းများ သယ်ပို့ပြီးသွားကြပါတယ်။

စခန်းဆိုပေမယ့် ပြုပြင်ထားတဲ့ စခန်းမဟုတ်ဘဲ ရှမ်းအမျိုးသားများနေတဲ့ ရွာငယ်ကလေး ဖြစ်နေပါတယ်။ ပြောက်ကျားတာဝန်ခံ ကချင်အမျိုးသားက အိမ်ရှင် ရှမ်းအမျိုးသား အဘိုးကြီးနဲ့ မိတ်ဆက်ပေးပါတယ်။ ထမင်းမကျက်ခင် ထွေရာလေးပါး စကားစပ်စုနေကြပါတယ်။

၁၀၁ တပ်ဖွဲ့ ဌာနချုပ်မှာ အမေရိကန်တို့ ထုံးစံအရ ပေါင်မုန့်သာ စားခဲ့ကြရာက ဗမာ့ရိုးရာ ထမင်းဟင်း စားရမှာကို တွေးပြီး၊ ထမင်းစားဖို့သာ မျှော်နေမိကြပါတော့တယ်။

မျှော်တဲ့အတိုင်း ထမင်းစားကြရပါတော့တယ်။ ဟင်းမှာ အသားဖုံးဟင်း၊ မျှစ်ဟင်း၊ ရေတ်သီးနဲ့ ပဲပုပ်ထောင်း ဖြစ်ပါတယ်။ ဆာဆာနဲ့ စားမဝ ဖြစ်ခဲ့ကြပါတယ်။

စားသောက်ပြီး ခရီးလမ်းပန်း အကြောင်း နှီးနှောကြပါတယ်။ အိပ်ချိန်ရောက်တဲ့အခါမှ ကိုယ်စီ အိပ်ရာဝင်ကြပါတော့တယ်။ သန်းခေါင်ကျော်တော့ ညည်းညူသံကြားလို့ ကိုလှ အိပ်ရာက နိုးသွားပါတယ်။ ကြည့်လိုက်တော့ မောင်ချစ်စံတစ်ယောက် လူးလိမ့်ပြီး ညည်းတာ တွေ့ရပါတယ်။ သူဟာ အဖွဲ့အတွင်းမှာ အသက်အငယ်ဆုံးမို့ အမြဲသူ့ကို ဂရုစိုက်ကြည့်နေခဲ့ရပါတယ်။

လေထီးဆင်းတုန်းကလဲ သူ့ကိုပဲ ကြည့်နေခဲ့ရတာပဲ။ ခု သူညည်းနေပြန်တော့လဲ ပျော့ပျော့သလဲ မေးမိပါတယ်။ သူက သူဟာ ပက်လက်အိပ်ရာမှ လှည့်မည်အပြု ကိုယ်ခန္ဓာ လှည့်မရဘဲ တစ်ကိုယ်လုံး နာကျင်ပြီး လည်ချောင်းများ ကျပ်တဲ့အကြောင်း၊ ဒီဝေဒနာဟာ ခံစားရကျပ်ကြောင်း၊ အသက်ရှူရကျပ်ကြောင်း တို့ကို ပြောကြားပါတယ်။

ကိုလှလဲ စဉ်းစားမရအောင် ဖြစ်နေတယ်၊ ဖူလီက တခြားကြောင့် မဟုတ်ဘဲ လေထီးဒဏ်ကြောင့် ဖြစ်မယ်ထင်ကြောင်း၊ လေထီးသိုင်းကြိုး ချောင်ရင် ဆင်းတဲ့အခါ လူကို ရိုက်ဆွဲလိုက်သလို ဖြစ်သွားတဲ့အတွက် အခု လို ဝေဒနာခံစားရခြင်း ဖြစ်နိုင်ကြောင်း ပြောပြပါတယ်။ ဒါပေမယ့် လေထီး သိုင်းကြိုး ပြင်ဆင်စဉ်က တိုင်းထွာပြီး ကိုယ်နဲ့ ကျပ်ကျပ် အသင့်ထားတာပဲ အခြားသူများ ဘာမှမဖြစ်ဘဲ သူတစ်ယောက်တည်း ကွက်ဖြစ်ခြင်းဟာ ဆန်း သလို ဖြစ်နေပါတယ်။

သူ့ဝေဒနာဟာ မနေနိုင်မထိုင်နိုင် ဖြစ်လွန်းလို့ အိမ်ရှင်အဘိုးကြီးက သုတတ်သလောက်၊ သိသလောက် သစ်မြစ်များ ရှာဖွေသွေးပြီး လိမ်းနိုပ်နယ် ပေးပါတယ်။ ဒါပေမယ့်လဲ မထူးခြားလှပါ။ မောင်ချစ်စံအနေနဲ့ သူ့တစ်သက်မှာ ဒီလို ဝေဒနာမျိုး မကြုံခဲ့ရဖူးဘူးလို့ ပြောပြပါတယ်။

နောက်တစ်နေ့ မိုးသာလင်းရော၊ သူ့အနေနဲ့ တရေးမှ မအိပ်ခဲ့ရရှာဘူး။ ဒီလိုခံစားရတာဟာ လေထီးက ကိုယ်နဲ့ မကိုက်လို့သာ ဖြစ်နိုင်တယ်ဆိုတဲ့ ဖူလီရဲ့ စကားကို သွားသတိရပြီး ကိုခင်ဆွေရဲ့ လေထီးအိတ်နဲ့ မောင်ချစ်စံရဲ့ လေထီးအိတ်များနိုင်ကြောင်း တွေးမိတယ်။ ကိုခင်ဆွေက မောင်ချစ်စံထက် ပိုပြီး ရင်ကျယ်တယ်။ အရပ်အနည်းငယ် မြင့်တယ်။ ဒါနဲ့ လေထီးကို ပြင်ဆင်စဉ်က မှတ်သားထားတဲ့ အမှတ်အသားကို ကိုခင်ဆွေကို ကြည့်ခိုင်းတော့ မှ တွေးတဲ့အတိုင်း မှန်နေပါတော့တယ်။ ဘယ်ပုံဘယ်နည်း မှားသွားတယ် မသိပါ။ ဗိုလ်လီး အဝတ်ခိုင်းစဉ်က အလောသုံးဆယ် ဝတ်ကြလို့ မှားသွားတာ ဖြစ်မှာပါပဲ။ မောင်ချစ်စံရဲ့ ဝေဒနာကြောင့် အဲဒီစခန်းမှာ ၅ ရက်ခန့် နားပြီး ဆေးကုနေကြရပါတယ်။

သူ့ရောဂါ သက်သာတဲ့ တစ်မနက်မှာ အိမ်ရှင်ရှမ်းအဘိုးကြီးက ထည့်ပေးတဲ့ လမ်းခရီးနဲ့ နယ်မြေကျွမ်းကျင်တဲ့ ရှမ်းအမျိုးသား တစ်ယောက်ကို လမ်းပြအဖြစ် ခေါ်ယူပြီး မန္တလေးနဲ့ အနီးဆုံး နေရာကို ခရီးထွက်ခဲ့ကြပါတယ်။

တစ်ညအိပ်ပြီး နောက်တစ်နေ့မှာ မန္တလေးနဲ့ အနီးဆုံးနေရာကို ရောက်ခဲ့ကြပါတယ်။

စခန်းနေရာရွေးချယ်ပြီး ပါလာတဲ့ ရှမ်းအမျိုးသားက နောက်ထပ်စခန်းအတွက် ရိက္ခာနဲ့ ချက်ပြုတ်ဖို့ လူခေါ်ဖို့ သူသိတဲ့ ရွာတစ်ရွာသို့ ထွက်သွားပါတယ်။ ရိက္ခာအစီအစဉ်များ မပြည့်စုံခင် ပါလာတဲ့ အသားဗူးနဲ့ မုန့်များကိုသာ စားကြရပါတယ်။ ညနေခင်း ငါးနာရီလောက်မှာ လမ်းပြနဲ့အတူ လူပိုနှစ်ယောက်ပါ ဆန်နှင့် အခြား စားသောက်ဖွယ် ဟင်းလျာများပါ ယူဆောင်လာခဲ့ကြပါတယ်။

ကိုလှတို့မှာ ချက်ပြုတ်စရာ အိုးလဲမရှိ၊ လက်နက်အရလဲ လက်နက်အသေးမျိုးသာ ရှိတော့ အရေးဆို မလုံလောက်တဲ့အတွက် ထပ်ပြီး လက်နက်နဲ့ စားခွက်များ ချပေးဖို့ ၁၀၁ ဌာနချုပ်ကို မှာဖို့ စီစဉ်ရတယ်။ ဆက်သွယ်ရေးစက်မှာ မတွေ့ဘူးခင်က ဖောင်တိန်၊ နာရီနဲ့ ဆီခွက်အရွယ်အစားမျိုး ဖြစ်ပြီး၊ လွယ်အိတ်ထဲ ထည့်ယူခဲ့ရင် ရတယ်လို့ သူများပြောလို့ ကြားဖူးပါတယ်။

တကယ်ကျတော့ ကြားဖူးသလို မဟုတ်ဘဲ လူနှစ်ယောက် မနည်းသယ်ပိုးရတဲ့ ကြိုးမဲ့ကြေးနန်းစက် ဖြစ်ပါတယ်။ အဲဒီစက်မှာ ရေဒီယိုလဲ တွဲတပ်ထားပါတယ်။ ဓာတ်ထရီမပါလို့ အသုံးပြုစဉ်မှာ လူတစ်ယောက်က လှည့်ပေးနေရပါတယ်။ အားသွင်းဖို့ လူက လှည့်ပေးတဲ့အခါ အသံမြည်နေပါတယ်။ တစီစီမြည်နေတဲ့ အသံကို ကိုက်ငါးဆယ်လောက်က ကြားနိုင်ပါတယ်။ ဆက်သွယ်တဲ့အခါ မြေပြင်မှာ ပစ္စည်းတစ်ခုခုနဲ့ ဘာပုံသဏ္ဌာန်ပြထားမယ်။ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန် ဘယ်အရပ်ဒေသမှာ ပစ္စည်းလာချဖို့ ဆက်သွယ်ထားရပါတယ်။

ကိုလှတို့ ချိန်းတဲ့နေ့၊ နံနက် ၃ နာရီအချိန်ခန့်မှာ မီးပုံးနဲ့ ဓာတ်မီးရောင်တို့ အချက်ပြပြီး ချိန်းဆိုဆက်သွယ်ထားလိုက်ပါတယ်၊ ချိန်းဆိုတဲ့အချိန်ကျတော့ လေယာဉ်ပျံ ရောက်လာပြီး၊ ပစ္စည်းများ လေထီးနှစ်လက်နဲ့ ချပေးပါတယ်။ ပစ္စည်းများ စခန်းကို သယ်ယူလာကြပြီး ရန်သူလာသော်ရှိ မလာသော်ရှိ မအိပ်ကြဘဲ စခန်းဖျောက်ပြီး ချပေးတဲ့ လက်နက်စက်ကလေး၊ ကာဘိုင်၊ နှစ်လုံးပြူးများ ကိုင်ဆောင်ပြီး ကြိုတင်ပြင်ဆင်မှုများ လုပ်၊ သတိနဲ့ စောင့်နေကြပါတယ်။

ဗန်းမော်စာပေတိုက်

နောက်တစ်နေ့ မိုးလင်းလာတော့လဲ အခြေအနေမထူးသေးဘူး။ ကြက်တွန်သံ ကြားရပါတယ်။ တောကြက်လို့ မှတ်ထင်ရပါတယ်။ ကြက်သံဟာ ဝေးရာက နီးလာပါတယ်။ ဒါပေမယ့် ကြက်သံရဲ့ ထူးခြားပုံကို ဂရုမစိုက်ဘဲ နေခဲ့ကြပါတယ်။ နောက်ဆုံးတော့ ကြက်ပလိုင်းလွယ်ပြီး ဘောင်းဘီတို ဝတ်ထားတဲ့ လူတစ်ယောက် လာနေတာကို တွေ့ရပါတယ်။ အဲဒီလူမှာ ဂေါ်ရခါးအမျိုးသား ဖြစ်ပါတယ်။ ဂေါ်ရခါးတို့ဟာ ဂျပန်ကိုတော့ ကူမယ့်သူများ မဟုတ်ပါ။ အင်္ဂလိပ်အပေါ် သစ္စာရှိသူများ ဖြစ်တယ်၊ ဒါကြောင့် အတွေ့ခံပြီး စည်းရုံးရရင် သင့်တော်မယ်လို့ ဆွေးနွေးမိကြပြီး၊ အတွေ့ခံလိုက်ပါတယ်။ သူ ဘာအတွက် ဒီနေရာ ရောက်လာသလဲ၊ ဘယ်နေရာမှာ နေသလဲ၊ နာမည်ဘယ်လိုခေါ်သလဲ စသဖြင့် မေးရာ သုံးမိုင်ခန့် ဝေးတဲ့ နေရာမှာနေကြောင်း၊ ညက အလင်းပိုင်းမှာ ဒီနေရာတစ်ဝိုက်မှာ လေယာဉ်ပျံပဲပြီး လေယာဉ်ပေါ်မှာ မည်းမည်းသဏ္ဍာန်များ ကျတာ တွေ့ရတဲ့အတွက် တစ်ခုခုတော့ ထူးခြားမှာပဲလို့ ယူဆပြီး ကြက်တယ်ဟန်ဆောင်ကာ ထွက်လာခြင်း ဖြစ်ကြောင်း သူ့နာမည်မှာ "မန်းဗဟာဒူး"ဖြစ်ကြောင်း ပြောပြပါတယ်။

ကိုလူက ဂျပန်တော်လှန်ရေး လုပ်ငန်းအကြောင်း ရှင်းလင်းပြောပြတဲ့ အခါ၊ ဂေါ်ရခါးက သဘောပေါက် လက်ခံပြီး သူဟာ စစ်သားဟောင်း တစ်ယောက်ဖြစ်ကြောင်း၊ အင်္ဂလိပ်ပြေးစဉ်က ဂေါ်ရခါးစစ်သား တော်တော် များများ ကျန်ခဲ့ကြောင်း၊ အဲဒီသူများကို ခေါ်ပေးမည်ဖြစ်ကြောင်း၊ သူတို့လဲ တော်လှန်ရေးမှာ ပါဝင်ဆောင်ရွက်မည် ဖြစ်ကြောင်း တက်ကြွစွာ ပြောပြ ပါတယ်။

သူ့အား ရသလောက် စုစည်းခဲ့ဖို့ ပြောပြီး ပြန်ခိုင်းလိုက်ပါတယ်။ နောက်တစ်နေ့ နံနက်မှာ ပထမဂေါ်ရခါး ဆယ်ယောက်ခန့် လာကြပါတယ်။ အားလုံးကို လခပေးပြီး စစ်မှုထမ်းဖို့ မန်းဗဟာဒူးကို ခေါင်းဆောင်တင်ပြီး လောလောဆယ် စခန်းလုံခြုံရေးကို တာဝန်ယူကြရန် ရှင်းပြတော့ အားလုံး သဘောတူကြပါတယ်။ ဒါနဲ့ ရှိတဲ့လက်နက်များ တပ်ဆင်ပေးလိုက်ပါတယ်။ အခြေအနေကောင်းလာပြီး ဆယ်ရက်အတွင်း တပ်စိပ်နှစ်စိပ်ခန့် ရလာပါတယ်။ နောက်ပိုင်းမှာ တိုးတက်နိုင်သလောက် တိုးတက်အောင် အစစအရာရာအတွက် စီစဉ်ခဲ့ပါတယ်။ အဲဒီနေ့ ၃ နာရီလောက်မှာ ကိုခင်ဆွေနဲ့ ဖူလီတို့ကို စခန်းမှာ

ထားခဲ့ပြီး ကိုလှနဲ့ မောင်ချစ်စံတို့ ယူစရာ ပစ္စည်းများ ယူပြီး ရှမ်းအမျိုးသား လမ်းပြ ကိုအိုက်ပန်းနဲ့အတူ မန္တလေးသို့ ထွက်ခဲ့ကြပါတယ်။

ည ၇ နာရီခန့်မှာ ရွာတစ်ရွာကို ရောက်ခဲ့ပါတယ်။ ကိုအိုက်ပန်းရဲ့ ဆက်သွယ်မှုအရ အိမ်တစ်အိမ်မှာ တည်းခိုပြီး၊ အဲဒီမှာပဲ ညစာစားကြပါတယ်။ အိမ်ရှင်ကလဲ လိုလိုချင်ချင် ပြုစုပါတယ်။ ဂျပန်ဆန့်ကျင်ရေးအတွက် အခုလိုပဲ ရှမ်းအမျိုးသားများဟာ မညည်းမညူ ပါဝင်ကူညီခဲ့ပါတယ်။ မနက်မိုးလင်းတော့ ကိုအိုက်ပန်းကို စခန်းပြန်လွှတ်ပြီး ကိုလှတို့ တည်းခိုအိမ်မှ လူကို လမ်းပြအဖြစ် ခေါ်ခဲ့ပါတယ်။ နေ့ ၁၂ နာရီခန့်မှာ ပုသိမ်ကြီးနယ်ကို ရောက်ခဲ့ပြီးနောက် လမ်းပြကို ပြန်လွှတ်လိုက်ပါတယ်။

အဲဒီမှာပဲ အသင့်ယူလာတဲ့ ဘီဒီအေ တပ်မတော်စစ်ဝတ်များ ဝတ်ဆင်ကြပါတယ်။ ကိုလှက စစ်အဆင့် တစ်လိုင်း တစ်ပွင့် (တပ်ကြပ်ကလေး)၊ မောင်ချစ်စံက ရိုးရိုးကြယ်နှစ်ပွင့်တပ်သားအဆင့်နဲ့ လျှောက်ခဲ့ကြတယ်။ တကယ်လို့ ဂျပန်နဲ့ တွေ့ရင် မိမိတို့ ရှမ်းပြည်မှလာကြောင်း၊ အရေးကြီးတဲ့ ကိစ္စအတွက် မန္တလေးဗိုလ်မှူးဗထူးထံ သတင်းပို့ဖို့လို့ ညှိနှိုင်းထားကြပါတယ်။

မန္တလေး နယ်နမိတ်ကို ညနေ ၆ နာရီခန့်မှာ ရောက်လာခဲ့ကြပါတယ်။ ဂျပန်ဆိုလို့ မတွေ့ရသေးပါ။ မန္တလေးအဝင်မှာ ဂျပန်ဂိတ်ရှိကြောင်း သိရပါတယ်။ ဂိတ်မှာ ဂျပန်နဲ့တွေ့ရင် ဘယ်လိုရင်ဆိုင်ရမယ် မသိပါ။ ပါလာတဲ့ လက်နက်များက ဂျပန်လက်နက် မဟုတ်ဘဲ အမေရိကန်လက်နက်များ ဖြစ်ပါတယ်။ ကိုလှက ၄၅ ဘို့ အမေရိကန် ပစ္စတို၊ မောင်ချစ်စံက ၃၂ ဘို့ ပစ္စတိုဖြစ်လို့ တွေ့သွားက မလွယ်ပါ။

အခြားလမ်းဖြင့် ဂိတ်ဖြတ်ရန်လည်း မလွယ်လှပါ။ အဲဒီလို စိတ်အိုက်ပြီး နေစဉ် ပုသိမ်ကြီးဘက်ဆီမှ လာနေတဲ့ မော်တော်ကားသံ ကြားရပါတယ်။ ကံ ဘာပဲဖြစ်ဖြစ် ကားတားစီးကြမယ်လို့ ဆုံးဖြတ်ပြီး ကားကို စောင့်ကြိုနေပါတယ်။ အနီးရောက်မှ ဂျပန်စစ်ကားဖြစ်မှန်း သိရပြီး ဆီးတားလိုက်ကြပါတယ်။ ကားရပ်ပေးနေစဉ် ကိုလှက အလေးပြုလိုက်ပြီး ဗိုလ်မှူးဗထူးဆီ လိုက်လိုကြောင်း ဂျပန်လို အကျိုးအကြောင်း ပြောပြပါတယ်။ ဂျပန်က လိုက်ခွင့်ပေးလို့ သူတို့နှစ်ယောက် ကားပေါ် တက်ကြပါတယ်။ ဂိတ်နားရောက်တော့ ဝပ်နေကြဖို့ ဂျပန်ကပြောတော့ ဝပ်လိုက်ခဲ့ကြရပါတယ်။ ဂိတ်ရောက်တော့ ကားရပ်ပြီး

သူတို့ ဂျပန်ချင်း ပြောဆိုကြပါတယ်။ ကားဆက်ထွက်တော့မှပဲ ရင်ထဲက အလုံးကြီး ကျသွားပါတယ်။

တပ်မတော်ရှိရာ မျက်ပါးရပ်ကို သွားတဲ့ ပြလမ်းဆုံတွင် ကားရပ်ခိုင်းပြီး ကားပေါ်က ဆင်းခဲ့ကြပါတယ်။ ဂျပန်ကို အလေးပြုကာ ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်လိုက်ပါတယ်။ ဂျပန်ကလဲ ပြန်လည်နှုတ်ဆက်ကာ ကားမောင်း ထွက်သွားပါတော့တယ်။ ကိုလှတို့ အဲဒီတော့မှပဲ စကားပြောနိုင်ကြပါတော့တယ်။ ဘယ်လိုဝမ်းသာမှန်း ပြောမပြနိုင်လောက်အောင်ပါပဲ။ စကားတပြောပြောနဲ့ လာခဲ့တော့ တပ်မတော်သို့ ရောက်ရှိခဲ့ကြပါတယ်။

အဲဒီလို ဗိုလ်မှူး ဗထူးနဲ့ နိုင်ငံရေးခေါင်းဆောင် ကိုကျော်သန်းတို့ဆီ၊ အမေရိကန်တပ်မတော်က ပေးတဲ့စာကို ပေးပြီး အထွေထွေ အခြေအနေကို တင်ပြလိုက်ပါတယ်။ အဲဒီမှာ ဗိုလ်မှူးဗထူးတို့ကလဲ ကျွန်တော်လဲ ဒီတာဝန်နဲ့ ရောက်ခဲ့ပြီးပြီ ဖြစ်ကြောင်း၊ တစ်နေရာတွင် ပို့ထားကြောင်း၊ ပြောပြတော့ ကိုလှတို့တတွေ ဝမ်းသာနေကြပါတယ်။ နောက်မှ အေးအေးဆေးဆေး တွေ့ပါလို့၊ ဗိုလ်မှူးဗထူးတို့က ပြောလို့ ကျွန်တော့်ဆီ ချက်ချင်း မရောက်ခဲ့ပါ။

တစ်ညနေခင်းမှာ ကျွန်တော် အခန်းအပြင်မှာ ခြေသံတွေ ကြားလို့ လှည့်ကြည့်လိုက်တော့ "ဟော- ကိုလှ- ဟေး- မောင်ချစ်စံကလေး"ဟု ကျွန်တော်က လှမ်းအော်ခေါ် နှုတ်ဆက်လိုက်ပါတယ်။ မောင်ချစ်စံကလေး ကတော့ "ကိုဝင်းမောင်"လို့ ခေါ်လိုက်ပါတယ်။ ကျွန်တော်တို့ သုံးဦး ဖက်လှဲတကင်း နှုတ်ဆက်ကြပါတယ်။ ကျွန်တော်ဖြင့် ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်လာမတတ်ပဲ။

"ကျွန်တော်ဒီကိုရောက်တော့ ခင်ဗျား ဂျပန်အချုပ်ခန်းက ထွက်ပြေး လွတ်မြောက်ခဲ့ပြီဆိုတာ ကိုကျော်သန်းတို့ ပြောပြလို့ သိရတယ်။ ဒီလိုကြားရတော့ အလွန်ဝမ်းသာမိတယ်။ ဒီကိုရောက်ရောက်ချင်း၊ ခင်ဗျားကို လာတွေ့မလို့ပဲ၊ ဒါပေမယ့် အမေရိကန်တပ်မတော်က ပေးတဲ့ လျှို့ဝှက်စာကို ဗိုလ်မှူးဗထူးနဲ့ ကိုကျော်သန်းတို့ဆီ အပ်ပြီး စခန်းကလူတွေ စိတ်ပူနေမှာမို့ ချက်ချင်း ပြန်ပြီး အစီအစဉ်တွေ သွားလုပ်နေရလို့ ခင်ဗျားဆီ မရောက်ခဲ့ဘူး၊ ဒါအတွက် ခင်ဗျားကို တောင်းပန်ပါတယ်"လို့ ကိုလှက ပြောပါတယ်။

အို ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့ ချောချောမောမောနဲ့ ရောက်ခဲ့တာ တွေ့ရတာကိုပဲ ဝမ်းသာမိပါတယ် ဆိုပြီး ကျွန်တော်က ပြန်ပြောလိုက်ပါတယ်။

ပြီးတော့ ကိုလှနဲ့ မြစ်ကြီးနားမှာ ခွဲခဲ့ကြပြီးနောက်၊ အခု ပြန်တွေ့တဲ့အချိန်ထိ ဖြစ်ပျက်ကြုံတွေ့ရသမျှကို ပြောပြလိုက်ပါတယ်။ အဲဒီလို ပြောပြပြီးမှ ကိုအေးဝင်းရဲ့ အခြေအနေကို မေးလိုက်ပါတယ်။

"အေးဗျာ– ခင်ဗျားတို့ ခရီးစဉ်ကတော့ လျှို့ဝှက်သည်းဖိုတွေပဲ၊ စိတ်ဝင် စားစရာတွေပဲ၊ ခင်ဗျားတို့ နှစ်ယောက်စလုံး ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ ဖက်ဆစ်ဂျပန် အချုပ်ခန်းက အခုလို သော့တူနဲ့ဖွင့်ပြီး ထွက်ပြေးနိုင်တာ ခင်ဗျားတစ်ယောက်ပဲ ကြားဖူးသေးတယ်။ ကိုအေးဝင်းလဲ စက်ကလေး ကျည်ဆန် ထိသွားပေမယ့် အသက်နဲ့ အဝေးကြီးပဲ၊ ပြီးတော့ အရိုးကို ဖောက်ထွက်သွားလို့ တော်သေးတယ်၊ နို့မို့ရင် ခြေတစ်ဘက် ဖြတ်ပစ်ရမယ်။ ဆေးစခန်းနဲ့ နီးတဲ့ စစ်မြေပြင်မှာဆိုတော့ ချက်ချင်း ဆေးထည့် ဆေးထိုးနိုင်လို့၊ နို့မို့ရင် သွေးလွန်ပြီး သေသွားနိုင်တယ်"

စကားပြောတာကို ခဏရပ်ထားပြီး အမေရိကန်စီးကရက်ကို ဖွာနေပါတယ်။

"ကျွန်တော်ဖြင့် အမေရိကန်တွေကို တော်တော်စိတ်ဆိုးမိတယ်။ ခင်ဗျားတို့ ထွက်သွားပြီး ၃၊ ၄ ရက်လောက်မှာ ကျွန်တော့်ကို မြစ်ကြီးနား ၁၀၁ ဌာနချုပ်ကို ပြန်ခေါ်တယ်။ ကျွန်တော် မြစ်ကြီးနားရောက်ပြီး မောင်ချစ်စံတစ်ယောက်လဲ ကသာစီအိုင်အေကို ရောက်နေတယ်ဆိုတာ သတင်းပို့တယ်။ သူ့ကိုပါ မြစ်ကြီးနားခေါ်ဖို့ ဗိုလ်မှူးဟဲလ်ဖရစ်ကို ပြောပြတော့ မောင်ချစ်စံ မြစ်ကြီးနားကို ရောက်ခဲ့တယ်။ မောင်ချစ်စံ ရောက်လာပြီး ဗိုလ်မှူးဟဲလ်ဖရစ်က ကိုဝင်းမောင်တို့ 'အေအက်ဖ်အို' ဖက်ဆစ်ဆန့်ကျင်ရေး အဖွဲ့ရုံးကို ရောက်နိုင်၊ မရောက်နိုင် ဘူးဆိုတာ မသေချာဘူး၊ အဲဒါကြောင့် သူတို့လိုပဲ 'အေအက်ဖ်အို' ခေါင်းဆောင်ကို မန္တလေးမှာ သွားခေါ်ဖို့ ပြောပြတယ်။ အဲဒီမယ် လိုလိုမယ်မယ် လူတစ်ယောက် လိုမယ်ဆိုပြီး ကျွန်တော်က ဗိုလ်မှူးဟဲလ်ဖရစ်ကို ပြောပြပြီး မောင်ခင်ဆွေကို ကသာက ခေါ်လိုက်ပါတယ်။

ကျွန်တော်တို့ မန္တလေးကို မဆင်းခင်တစ်နေ့မှာ ကိုအေးဝင်း ဒဏ်ရာနဲ့ ဒေါက်တာစီးဂရေ့ဖ် အုပ်ချုပ်တဲ့ ရှေ့တန်းဆေးရုံမှာ ရောက်နေကြောင်း သတင်းရပါတယ်။ ကိုအေးဝင်းနဲ့အတူ ဗမာတိုင်းရင်းသား ကြေးစားတပ်သားများ ကို ဂရုတစိုက် မလုပ်ဘဲ ပစ်ထားကြတာ တွေ့ရပါရတယ်။ သူတို့ကို မလယ် ကနေ ပေါက်တပင်ဗိုလ်ဝဲလ်ရဲ့စီတပ်ခံကို ထမ်းစင်နဲ့ ယူခဲ့ပြီး အဲဒီကနေ

အယ်လ်ဝမ်းလေယာဉ်နဲ့ မြစ်ကြီးနားကို ပို့လိုက်တယ်။ ဆေးဝါးအစားအစာက စပြီး ဂရုမစိုက်ဘူး၊ အဲဒါနဲ့ ဗိုလ်မှူး ဟဲလ်ဖရစ်ကို ဒီလိုလုပ်တာ ဘာကောင်းလဲ ဆိုပြီး သွားပြောတော့ သူမသိရပါဘူး– စိတ်မဆိုးပါနဲ့ ကျွန်တော်တို့ သူ့ကို ကောင်းကောင်းထားပါ့မယ် ပစ်မထားပါဘူး လို့ တောင်းပန်ပါတယ်။ အဲဒီ နောက်မှ ကိုအေးဝင်းကို အာသံနောက်ပိုင်း ဆေးရုံကို ပို့ပြီး ကုသပေးတယ်။ အထူးဂရုစိုက်ပြီး ပြုစုကြတယ်။ 'လူတွေကို နွားတွေများ အောက်မေ့နေသလား မသိဘူး' ဆိုပြီး မြည်တွန်တောက်တီးရင်း ဆေးလိပ်ကို ဖွာသောက်နေ ပြန်ပါတယ်။

'အခု ဒဏ်ရာက ဘယ်လိုနေသလဲဗျ' လို့ ကျွန်တော်က ဝင်မေး လိုက်တော့–

'ခု တော်တော်သက်သာနေပါပြီ'

'ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်ဖြင့် သူတို့ကို ခွဲထားခဲ့ရပေ မယ့် နည်းနည်းမှ စိတ်မချခဲ့ဘူး''

'အေးဗျ – သူကလဲ ခင်ဗျားကို နည်းနည်းမှ စိတ်မချဘူး၊ လမ်းမှာ တစ်ယောက်တည်း သွားရမှာဆိုတော့ စိတ်လဲမချနိုင်စရာပဲ''

'သူကတော့ ကျွန်တော် ခရီးဆက်မသွားဖို့ တားသေးတယ်၊ ခင်ဗျားတို့နဲ့ ဆုံပြီးမှပဲ ပြန်စီစဉ်ဖို့ အတန်တန် တားပါတယ်။ ဒါပေမယ့် အမေရိကန်တွေ ရှေ့မှာ ကျွန်တော်တို့ သတ္တိပြရမှာမို့ ဇွတ်ထွက်ခဲ့ရတယ်။ ကဲ– ခင်ဗျားတို့ ခရီးစဉ်အကြောင်း ပြောပြပါဦး'

ကိုလှက စိတ်ရှည်လက်ရှည် ရှင်းပြပါတော့တယ်။

'အေးဗျာ ခင်ဗျားတို့ရဲ့ စွန့်စားခန်းတွေ ကြားရတာလဲ တော်တော် အသည်းအေးစရာပဲ'လို့ ပြောပြပြီး မောင်ချစ်စံလေးဘက်လှည့်ပြီး–

'မောင်ချစ်စံကလေးက– အရွယ်နဲ့ မလိုက်အောင် တော်လှန်ရေးမှာ ပါဝင်စွန့်စားတဲ့အတွက်လဲ ချီးကျူးဂုဏ်ယူမိပါတယ်ကွာ'လို့ ပြောရင်း သူ့လက်ကို ဖြစ်ညှစ်လိုက်ပါတော့တယ်။ ကိုလှကတော့ ဆေးလိပ်ကို ဖိမ်ခံပြီး သောက်နေလျက်ပဲ။ ပြီးတော့ တလိပ်လိပ် လူးလွန့်တက်နေတဲ့ မီးခိုးလုံးတွေကို စူးစိုက်ကြည့်နေတယ် ပါးစပ်မှ မီးခိုးတွေကို တဖြည်းဖြည်း မှုတ်ထုတ်ရင်း–

'အေးဗျာ– ခင်ဗျားတို့ ကျွန်တော်တို့ အခုလို လျှို့ဝှက်သည်းမို သည်းလှိုက်ရင်မော အသက်ဆံဖျား စွန့်စားလုပ်ကိုင်ခဲ့တာတွေပေါ် တာဝန်ယူ

ဆောင်ရွက်နေတုန်းကတော့ ဘယ်လိုမှ ကြောက်ရမှန်း၊ ထိတ်ရမှန်း မသိကြဘူး၊ ဘေးဒုက္ခကိုလဲ မမြင်တတ်ကြဘူး၊ တာဝန်တကယ် ပြီးဆုံးသွားလို့ အခုလို အနားယူချိန်မှာ ကိုယ်ပါဝင်ကပြခဲ့တဲ့ ရွှန်းစားခန်းတွေကို ခေါင်းအေးအေး ထားပြီး ပြန်လည် စဉ်းစားကြည့်ရင် အသည်းထဲက ဖိုခနဲ–အေးခနဲ –ရင်ထဲ စိမ့်ခနဲ–ကျောထဲ ဖြန်းခနဲ –အဲဒီလို ခံစားမိပါတယ်'

'ဟုတ်ပါတယ်– ကျွန်တော်လဲ ဒီလိုပဲ တွေးမိတယ်၊ ကျွန်တော်တို့ ရွှန်းစားမှုတွေရဲ့ အကြောင်း၊ အခြားတစ်စုံတစ်ယောက်ကို ပြောပြပေမယ့်လို့ သူတို့လေးလေးနက်နက် သဘောထားချင်မှ ထားမယ်၊ လူတွေဟာ ကိုယ် တွေ့ကြုံမှုပဲ ဘာမဆို သဘောပေါက်နားလည်တတ်ကြတယ်၊ ကိုယ်ချင်းစာလာ တတ်ကြတယ်။ ဘာပဲဖြစ်ဖြစ်လေ၊ အသက်ရှင်သရွေ့တော့ ပြည်သူ့တာဝန်ကို ကိုယ်ကျိုးမဖက်– တာဝန်သိသိ ဆောင်ရွက်ရမှာ ပါပဲဗျာ'လို့ ကျွန်တော်က ကိုလှရဲ့ စကားကို ထောက်ခံရင်း ဖြည့်စွက်ပြောပြလိုက်ပါတယ်။

'အမေရိကန်တပ်မတော်ဆီ လွှတ်မယ့် ကိုယ်စားလှယ်ကတော့ ဒီနေ့ည လောက် ရောက်လိမ့်မယ်လို့ ကိုကျော်သန်းက ပြောပြလိုက်တယ်။ သူရောက်လို့ အစီအစဉ်တွေ ပြီးရင် ကျွန်တော်တို့ ၁၀၁ ဌာနချုပ်စခန်းကိုပဲ သွားကြ ရအောင်'

'ဟုတ်ကဲ့'

'တစ်နေ့က စခန်းက ပြန်လာခဲ့ပြီးနောက်၊ ခင်ဗျားလဲ ဒီကို ကဘိုင်နယ် ဘက်က ရုတ်တရက် ပြန်မရောက်သေးတာနဲ့ ခွင့်ယူပြီး ဗိုလ်ထွန်းညွှန့် (လေထီး)နဲ့ အတူ နန်းတော်ကျွန်းကို ရောက်နေတဲ့ မရီ(မမြရီ၊ ကိုလှဇနီး)တို့ ဆီ ရောက်ခဲ့သေးတယ်။ (သူတို့ မိသားစု အားလုံး ကျောက်တုံးကြီးက နန်းတော်ကျွန်းကို ကသာမဟာမိတ်တပ်တွေ မသိမ်းခင်ကလေးကပဲ ပြောင်းရွှေ့ လာခဲ့ကြတယ်)။

'ဪ– ခင်ဗျား မမြရီတို့နဲ့ တွေ့ခဲ့ပြီပေါ့၊ အင်း သူတို့က ခင်ဗျားကို တွေ့တော့ သိပ်ဝမ်းသာနေကြမှာပဲ'

'ဒါကတော့ ကိုယ်ချင်းစာကြည့်ပေါ့ဗျာ' လို့ ကိုလှက ပြုံးပြီး ပြောလိုက်ပါတယ်။

'ကိုယ်ချင်း စာပါတယ်၊ လပေါင်း (၂၀) နီးနီး ကွဲကွာသွားကြရပြီး၊ ခုလို ပြန်တွေ့တော့ ပြောပြနိုင်စွမ်း မရှိတဲ့ ကြည်နူးဝမ်းမြောက်မှု ဖြစ်မိမယ်ဆိုတာ တွေးမိပါတယ်။ သူတို့အားလုံး နေကောင်းကြတယ် မဟုတ်လား'

'နေကောင်းကြပါတယ်၊ ဒါပေမယ့် တစ်အိမ်လုံး ယားနာနဲ့ ဖွေးတွေ ကျနေတယ်။ မောင်ဘိုကတော့ ဒါတွေအပြင် ဘယ်ဘက်ပေါင်မှာ အနာကြီး ပေါက်နေလို့ ဘကြီးတု (ကိုလှရဲ့ ယောက္ခမကို–ကိုလှက ဘကြီးတုဟု ခေါ်) ကိုယ်တိုင်ပဲ ကုသပေးနေရတယ်။

'အင်း– ဒီစစ်ကြီး ပြီးသွားလို့ ဂျပန်ခေတ်က အကြောင်းတွေ ပြောတိုင်း၊ ဒီဂျပန်နာခေါ်တဲ့ ဝဲ–ဖွေး–ယားနာနဲ့ ဖက်ခွက်နာတို့အကြောင်း မပါရင် မပြည့်စုံဘူးပေါ့'

'သူတို့က ခင်ဗျား မင်းကွန်းဘက်မှာ မိသွားတယ်ကြားပြီး၊ အတော်ကြီး စိတ်ပူပင်မိကြသေးတယ်။ အခုပြောလိုက်မှ သူတို့အတိုင်းမသိ ဝမ်းသာသွားကြတယ်။ ခင်ဗျားကို ဆက်ပြီး ပြောပြလိုက်ရဦးမယ်။ တစ်နေ့က ကိုခင်ဆွေတို့ စခန်းကို ရောက်တုန်းက အိန္ဒိယ ကြေးစား ကြိုးမဲ့ကြေးနန်း အဖွဲ့တစ်ဖွဲ့ လေထီးနဲ့ ထပ်ဆင်းခဲ့ကြသေးတယ်၊ သူတို့အဖွဲ့မှာ လူလေးယောက် ပါတယ်၊ အဲဒီအဖွဲ့က ခင်ဗျားဘယ်ရောက်နေတယ်ဆိုတာကိုပါ ထောက်လှမ်းဖို့ဆိုတဲ့ တာဝန်တစ်ခုလဲ ပူးတွဲပါလာတယ်၊ ခင်ဗျားဆီက အဆက်အသွယ် မရလို့ ဗိုလ်မှူး ဟဲလ်ဖရစ်တို့ စိတ်ပူနေတယ်။ ကျွန်တော် ရောက်သွားမှ ခင်ဗျား သတင်းကို ပြောပြလိုက်ရတယ်၊ ဗိုလ်မှူးဟဲလ်ဖရစ်ဆီကိုလဲ သတင်းပို့နိုင်း လိုက်တယ်'

'အင်း– အမေရိကန်တွေက ဒီလိုတော့လဲ ဂရုစိုက်ဖော်ရသေးသားပဲ'

'ကဲ– ကျွန်တော်တို့ မြို့ထဲ လျှောက်လည်လိုက်ဦးမယ်၊ ခင်ဗျား ကျွန်တော်တို့လို လိုက်မလည်နိုင်တာကိုတော့ ဝမ်းနည်းပါတယ်။ အေးအေး တပ်ထဲမှာသာ ပုနေပေါ့၊ ခင်ဗျားကို တစ်ခါပြန်မိသွားရင်တော့ ပြဿနာပဲ၊ ကန်စွန်းနွယ် ဆွဲမိသလို နေမယ်'

"ဟုတ်ပါပြီ ဒါထက် ခင်ဗျားတို့လဲ သိပ်ခြေရှည်မနေနဲ့ဦး၊ လေကြောင်းရန်က တစ်နေ့တခြား စိပ်လာပြီ။ နာရီနဲ့အမျှ စိုးရိမ်နေရတယ်၊ မဟာမိတ်ဆိုပြီး ပေါ့မနေနဲ့ဦး ချေးနင်းမိနေလိမ့်ဦးမယ်'

'ဟုတ်ကဲ့– ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ သွားလိုပါဦးမယ်' ဆိုပြီး ကိုလှနဲ့ မောင်ချစ်စံကလေးလဲ ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်သွားကြပါတော့တယ်။

**ကိုရွှေခေါ် ပျဉ်းမနားသခင်ဖေတင့်**

ဖေဖော်ဝါရီလ (၈) ရက်နေ့မှာ လေထီး ဗိုလ်ထွန်းညွန့် ခေါင်းဆောင်ပြီး၊ အမြောက်တပ်မှ ရဲဘော် ၃၀ နဲ့အတူ ပုသိမ်ကြီးမြို့နယ်ဘက်ရှိ ရွာများကို တပ်ဖျောက်ပြီး လှုပ်ရှားနေရပါတယ်။

တစ်နေ့မှာ ကိုလှနဲ့ ကျွန်တော့်ကို ဗိုလ်မှူးဗထူးက ခေါ်တယ်ဆိုလို့ လိုက်သွားပါတယ်၊ ဗိုလ်မှူးဗထူးရဲ့ ညည့်ခန်းထဲကို ဝင်သွားတဲ့အခါ၊ ပျဉ်းမနားဒို့ဗမာဆင်းရဲသား အစည်းအရုံးဥက္ကဋ္ဌ သခင်ဖေတင့်ကို ရုတ်တရက် တွေ့မိတော့ အံ့သြဝမ်းသာ ဖြစ်မိပါတယ်။ ကျွန်တော်တို့ သုံးဦးသား အချင်းချင်း လက်ဆွဲနှုတ်ဆက်ကြပါတယ်။

'ခင်ဗျားတို့ချင်း သိနေကြတယ်ကိုး ခင်ဗျားတို့ကို မိတ်ဆက်ပေးမယ်ဆိုပြီး ခေါ်လိုက်တာ၊ ခုတော့ မိတ်ဆက်ပေးဖို့ မလိုတော့ဘူးပေါ့' လို့ ကိုကျော်သန်းက ပြောလိုက်တယ်။

'ကိုလှနဲ့ ကိုဝင်းမောင်ရယ်၊ နောက်တစ်ယောက်၊ ကိုမောင်မောင် မဟုတ်လား၊ အင်း– ဟုတ်ပါတယ်– ဟုတ်ပါတယ်။ အင်း– သူတို့သုံးယောက် ဘီဒီအေထဲဝင်ဖို့၊ ကသာက တိုက်ရိုက်လာပြီး ကျွန်တော်တို့ အစည်းအရုံးမှာ တည်းခိုနေကြသေးတယ်၊ ကိုလှက ဖက်ခွက်နာပေါက်နေလို့ ပျောက်တဲ့ထိ တော်တော်ကြာအောင် ကုနေရသေးတယ်။ အရက် (၂၀) လောက်ကြာမှ တပ်ထဲဝင်ကြရတယ်'လို့ သခင်ဖေတင့်က ရှင်းပြလိုက်ပါတယ်။

'ကိုရွှေ အမည်ခံ– သခင်ဖေတင့်ကိုပဲ အဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ အမေရိကန် ၁၀၁ တပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ရွေးချယ်စေလွှတ်လိုက်တာ ပါပဲ၊ အင်း ခင်ဗျားတို့အချင်းချင်း စောစောကတည်းက သိရှိရင်းနှီးပြီးသား ဖြစ်တော့ တစ်ဦးနဲ့တစ်ဦးရင်းနှီးမှုနဲ့ လုပ်လိုက်ကြရင် အခက်အခဲရှိနိုင်မယ် မထင်ဘူး' လို့ ဗိုလ်မှူးဗထူးက အေးအေးလူလူ ဝင်ရောက်ပြောပြနေပါတယ်။

'အမေရိကန် ၁၀၁ ဌာနချုပ်ကို သွားရင် ဘယ်လမ်းက သွားမလဲ၊ ကိုလှတို့လာတဲ့ အဆက်နဲ့ သွားမလား၊ ကိုဝင်းမောင်လာတဲ့ အဆက်နဲ့ သွား

မလား ဆိုတဲ့ ပြဿနာကို ဆွေးနွေးကြရအောင်' လို့ ဗိုလ်ဇထူးက ရှေ့ဆောင်ပြီး သွားရေးလာရေး ပြဿနာကို ဆွေးနွေးကြပါတယ်။

"ကိုလှရဲ့အဆက်အသွယ်က စစ်မျက်နှာကို ဖြတ်သွားရတာမဟုတ်ဘဲ တောလမ်းက အေးအေးလူလူ ဖြတ်သွားရတော့ အန္တရာယ်မရှိဘူး၊ ကျွန်တော့်လမ်းကတော့ နှစ်ဘက်တိုက်နေတဲ့ စစ်မျက်နှာဆီကို ရှေးရှုပြီး ဖြတ်သန်းသွားရတယ်၊ ဒါက အန္တရာယ်ရှိတယ်။ အန္တရာယ်ကင်းတဲ့ ကိုလှရဲ့ အဆက်အသွယ်နဲ့ပဲ သွားစေချင်ပါတယ်"လို့ ကျွန်တော်က တင်ပြပါတယ်။ ဒါကို အားလုံးသဘောတူလိုက်ကြပါတယ်။

တွေ့ရာလေးပါး စကားပြောကြပြီး ကျွန်တော်တို့လဲ ကိုယ့်အိပ်ဆောင်ကို ပြန်ခဲ့ကြပါတယ်။

ဖြင်ဦးလွင်ကို ချီတက်ကြခြင်း

အဲဒီလို ၁၉ အိန္ဒိယတပ်မှ တပ်မဟာအချို့က မန္တလေးကို တိုက်နေစဉ်မှာ တချို့ တပ်မဟာက မေမြို့ကို ဝင်ရောက်သိမ်းပိုက်လိုက်ပါတယ်။ အဲဒီလို မဟာမိတ်တပ်များက မေမြို့ကို သိမ်းပိုက်လိုက်ပြီဆိုတဲ့ သတင်းကို ကျွန်တော်တို့စခန်းကို ပို့လိုက်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ စခန်းက ဗိုလ်ဝါတ်(စ်)နဲ့ ဖူလီတို့နှစ်ယောက် မတ်လ ၁၅ ရက်မှာ မေမြို့ကို ထွက်သွားပါတယ်။

မေမြို့မှာ ကျွန်တော်တို့ တပ်စခန်းချဖို့ အစီအစဉ်လုပ်ပြီးတဲ့နောက် ကျွန်တော်တို့ တပ်ကြီးတစ်ခုလုံး မေမြို့ကို ချီတက်ခဲ့ဖို့ ညွှန်ကြားတဲ့အတွက် မတ်လ ၁၇ ရက်နေ့မှာ မေမြို့ကို ချီတက်ကြပါတယ်။ ကျွဲလှည်းများနှင့်လည်းကောင်း၊ ဆင်များနှင့် လည်းကောင်း၊ စစ်ပစ္စည်းများကို တင်ဆောင်ပြီး ချီတက်လာပါတယ်။

ကျွန်တော်တို့စခန်းဟာ ပြင်ဦး လွင်နဲ့ဆိုရင် ၁၈ မိုင် ဝေးပေမယ့် တစ်နေ့လုံး ချီတက်ကြရတယ်။ တောင်ဆင်းတောင်တက်တွေကလဲများ၊ လမ်းကလဲမကောင်း၊ ပြီးတော့ ဝန်စည်စလယ်တွေက များဆိုတော့ ခရီးဟာ ပေါက်သင့်သလောက် မပေါက်ဘဲ ညနေကျမှ 'နောင်ခမ်းကြီး'ဆိုတဲ့ ရွာကို ရောက်ခဲ့ပါတယ်။ အရပ်သူ အရပ်သားများက လက်ခုပ်လက်ဝါးတီးပြီး ကြိုဆိုကြပါတယ်။ အဲဒီလို ကြိုဆိုကြတော့ စိတ်ထဲမှာ ဝမ်းသာသလို ဝမ်းနည်းသလို ခံစားမိပါတယ်။

တကယ်ကျတော့ ကျွန်တော်တို့တပ်ဟာ ပြင်ဦးလွင်ကို သိမ်းပိုက်တဲ့ တပ်လဲမဟုတ်ပေမယ့် လူထုကတော့ ဂျပန်လက်က လွတ်အောင် တိုက်တဲ့ တပ်တွေဆိုတဲ့ အနေနဲ့ ကြိုဆိုခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ နောင်ခမ်းကြီးရောက်ပြီး နောက်တစ်နေ့မှာ ကိုရွှေ (သခင်ဖေတင့်)က ပြင်ဦးလွင်မြို့ လေယာဉ်ပျံကွင်းကနေ ၁၀၁ ဌာနချုပ်ကို 'အယ်ဝမ့်' လေယာဉ်နဲ့ လိုက်ပါသွားပါတယ်။

၁၀၁ ဌာနချုပ်က တောင်ကြီး၊ တောင်ငူ၊ ရန်ကုန်၊ မော်လမြိုင် စတဲ့ အောက်ပိုင်းဒေသများကို သိတဲ့ အေအက်ဖ်အိုထဲက လူပဲဖြစ်ဖြစ် ရှာပေးဖို့ တောင်းဆိုတဲ့အတွက် ကိုလှ၊ ကိုခင်ဆွေ၊ မောင်ချစ်စံကလေးနဲ့ ကျွန်တော်တို့ မြို့ထဲလျှောက်လည်ပြီး လူရှာကြပါတယ်။ မေမြို့မှာကတော့ မြေအောက်ရဲဘော်တွေနဲ့ မတွေ့ပါ။ အရပ်သားထဲမှာ ကျွန်တော်တို့ ကသာက မစ္စတာဘာန် (Mr. F. Burne) ခေါ်တဲ့ ကိုဘညွန့် (အင်္ဂလိပ်မြန်မာကပြား)တစ်ယောက်နဲ့ အခြားတစ်ယောက်ကို တွေ့ပါတယ်၊ သူတို့က ၁၀၁ တပ်ဖွဲ့မှာ တာဝန်ဆောင်ရွက်ပါမယ်ဆိုတဲ့အတွက် ၁၀၁ ဌာနချုပ်ကို ပို့လိုက်ပါတယ်။ ကိုတင်ညွန့်ဟာ မစ္စစ်လောင်း (Miss. F. Long)နဲ့ အိမ်ထောင်ပြုခါစ ရှိပါသေးတယ်။ သူတို့က မေမြို့စီလမ်းမှာ နေကြပါတယ်။

ပြင်ဦးလွင်မှာ ကျွန်တော်တို့ စခန်းချတော့ ဂေါ်ရခါးတွေ တော်တော်များများ စစ်ထဲဝင်လာကြပါတယ်။ စစ်သား (၂၀၀) ကျော် ဖြစ်လာပါတယ်။

ဒီတပ်ကို ဘီတပ်ခွဲလို့ အမည်တပ်လိုက်ပါတယ်။ အဲဒီတပ်က ဂေါ်ရခါးစစ်သားလေးဟာ ဘယ်လိုစိတ်ထဲမှာ ထိခိုက်မှု ရှိလို့လဲမသိဘူး၊ သူ့ကိုယ်သူ သေနတ် မောင်းတင်ဖြုတ်လို့ ကျည်သင့်ပြီး သေဆုံးသွားပါတယ်။

ကျွန်တော်တို့ တပ်ဝင်းထဲ တဝုန်းဝုန်း တရုန်းရုန်းနဲ့ ဖြစ်နေတဲ့အချိန်မှာ တပ်ထဲမှာ ဆင်ပေါက်တစ်ကောင် မုန်ယိုပါလေရော။ ထုံးခတ်ထားတဲ့ နေရာကနေ၊ ဘယ်လိုလုပ်ပြီး လွတ်သွားသလဲမသိဘူး၊ စစ်သားတွေက ဝုန်းဝုန်းနဲ့ဆိုတော့ မျက်စိနောက်တာရော၊ မုန်ယိုတာပါ တွဲဖက်သွားလေသလား မသိဘူး။

ဆင်ဦးစီးက သူ့ဆင်နာမည်ကို ခေါ်ပြီး လိုက်ဖမ်းတယ်။ အဲဒီမှာ ဆင်ကလှည့်ပြီး ဆင်ဦးစီးကို လိုက်ပါလေရော၊ ဆင်ဦးစီးလဲ ဘာမှ မတတ်နိုင်တော့ဘဲ ခြေဦးတည့်ရာ ပြေးတော့တယ်။

ဆင်ဦးစီးလဲ ကြောက်အားလန့်အားနဲ့ ပြေးရင်း ခလုတ်တိုက်လဲသွားတော့ ဆင်ပေါ်က အစွယ်ငေါငေါနဲ့ တအားပြေးစိုက်လိုက်တယ်။ ဒေါသတကြီးနဲ့ ထိုးချင်အားကြီးနဲ့ ထိုးလိုက်တဲ့အခါမှာ ဆင်သမား လဲသွားတဲ့နေရာနဲ့ တစ်တောင်လောက်မှာ အစွယ်စိုက်မိရက်သား ဖြစ်တယ်။ ဆင်ဦးစီးလဲ သီသီလေး လွတ်သွားပြီး ချက်ချင်း အူယားဖားယားထပြီး ပြေးပြန်တယ်။

မနေနိုင်တော့တဲ့အတွက် တပ်က သေနတ်နဲ့ ပစ်ဖောက်တော့မှ ဆင်လဲ လန့်ဖျပ်ပြီ လူရှင် ရာဘာက်ဆီသို့ ထွက်ပြေးပါတော့တယ်။ ဒီဆင်ဟာ အန္တရာယ်ပေးနိုင်တယ်ဆိုပြီး စစ်ဗိုလ်ရဲ့ အမိန့်အရ စစ်သားတွေက လိုက်လံပြီး သေနတ်နဲ့ ပစ်သတ်လို့ ဆင်ကြီးသေသွားပါတယ်။

နောက်နှစ်ရက်လောက်မှာ ကိုခင်ဆွေနဲ့ မောင်ချစ်စံကလေးကို လေယာဉ်နဲ့ မမြို့လေဆိပ်ကနေ ၁၀၁ ဌာနချုပ်ကိုပို့ လိုက်ပါတယ်။ မမြို့ရဲ့ ရာသီဥတုဟာ အေးမြတဲ့အတွက် အင်္ဂလိပ်မင်း လက်ထက် ဘုရင်ခံရဲ့ နွေရာသီစံအိမ် ရှိတယ်။။

**မန္တလေးကို သိမ်းပိုက်ခြင်း**

၁၉-အိန္ဒိယတပ်မမှ တပ်မဟာအချို့က ပြင်ဦးလွင်ကို သိမ်းပိုက်ပြီး ပေမယ့် တချို့တပ်မဟာ မန္တလေးကို မသိမ်းပိုက်နိုင်ကြသေးဘူး၊ ကျွန်တော်တို့ ပြင်ဦး လွင်ကို ရောက်တဲ့အထိ မန္တလေးနန်းတွင်းမှာ ဂျပန်တွေ ဆက်လက်ခုခံ နေကြတုန်းပဲ။

မန္တလေးတောင်ကို မတ်လ (၁၁) ရက်နေ့မှာ သိမ်းပိုက်ပြီးတဲ့နောက် ဆက်လက်ပြီး မြို့ထဲကို တိုက်ခိုက်တဲ့အတွက် မန္တလေးနန်းတော်ကို စတင် တိုက်ခိုက်လို့ မြောက်ဘက်မြို့ရိုး အနည်းငယ် ပျက်စီးသွားတယ်။

မြို့ရိုးကို ကိုက် ၅၀ ခန့်ကနေ အလတ်စား အမြောက်များနဲ့ ပစ်ခတ် ပေမယ့် မြို့ရိုးကို ကျိုးပေါက်အောင် မပစ်နိုင်ခဲ့ပါ။ အဲဒီအချိန်မှာ သန်းဒါ ဘိုဲ(စ်) လေယာဉ်များက မြို့ရိုးကို ဗုံးကြဲဖျက်ပေးတဲ့အတွက် ကျုံးကို ဖြတ်ကျော်ပြီး နန်းတော်ထဲ ဝင်ရောက်ဖို့ ကြိုးစားကြတယ်။

ဒါပေမယ့် အတွင်းက ဂျပန်က အပစ်အခတ်များနေတဲ့အတွက် မအောင်မြင်ဘဲ ရှိနေတယ်။ မတ်လ ၁၈ ရက်နေ့မှာ ၁၃ ကြိမ်တိုင်တိုင် ကြိုးစားတိုက်ခိုက်လဲ မအောင်မြင်ဘဲ နောက်ကိုသာ ဆုတ်ခဲ့ရတယ်။

မတ်လ ၁၆ ရက်နေ့မှာ ဘီ ၂၅ မစ်ချဲလ် အမျိုးအစား လေယာဉ်များက မြို့ရိုးကို ဗုံးနဲ့ ဖြိုဖျက်ကာ ၁၅ ပေလောက် ကျယ်တဲ့ အပေါက်တစ်ပေါက် ဖြစ်သွားမှ နန်းတွင်းကို ဝင်ရောက်နိုင်တယ်။

မတ်လ ၂၀ ရက်နေ့ နံနက်မှာ နန်းတော်ကို သိမ်းပိုက်ပြီး တစ်မြို့လုံးကို မတ်လ ၂၁ ရက်နေ့မှာ သိမ်းပိုက်နိုင်တော့တယ်။

မန္တလေးကျသွားပြီးတဲ့နောက် (၃) ရက်ကြာတဲ့ မတ်လ (၂၃) ရက်နေ့မှာ ကိုလှနဲ့ ကျွန်တော့်ကို မန္တလေးလိုက်ခဲ့ဖို့ ဗိုလ်မှူးဟဲလ်ဖရစ်က ဗိုလ်ဝါခ်ဆီ အကြောင်းကြားလိုက်တယ်။

တပ်စခန်းချသွားတဲ့ နောင်ခမ်းကြီးရွာကနေ၊ လေယာဉ်ကွင်းကို လာခဲ့တယ်။ ဒါပေမယ့် လေယာဉ်တွေကလဲ အဆင်သင့် မရှိဘူး၊ အဲဒါနဲ့ ဂျစ်ကားနဲ့ ကျွန်တော်တို့ကို အင်္ဂလိပ်စစ်သားတစ်ယောက်က လိုက်ပို့ပေးတယ်။

ဒီစစ်သားက အရပ် ၆ ပေကျော်တယ်။ ကားမောင်းသိပ်ကျွမ်းကျင်တယ်။ ရင်ထဲမှာ စိမ့်ခနဲ အေးခနဲနေအောင် မောင်းလာတဲ့အတွက် ဂျစ်ကားများ မှောက်သွားလေမလားလို့ အောက်မေ့ပြီး စိုးရိမ်ခဲ့ရပါတယ်။

တောင်ဆင်းလဲဖြစ်၊ အမြန်ဆုံးလဲ မောင်းခဲ့တော့ မန္တလေးကို ဆင်းလာခဲ့ရတာ ဘယ်လောက်မှ ကြာလိုက်တယ်လို့ မထင်မိဘူး။

**မန္တလေးမြို့မှာ**

ကျွန်တော်တို့လဲ နန်းတွင်းမှာရှိနေပြီး အက်ဖ်အက်စ်အက်စ် တပ်ဖွဲ့မှ ဗိုလ်ကြီး ဗော်ဒွင် (Captain Baldwin)နဲ့ တွေ့ပြီး ဗိုလ်ဝါခ်ပေးလိုက်တဲ့ စာကို ပေးလိုက်ပါတယ်။ အဲဒီတော့မှ လိုက်ပို့သူလဲ ကျွန်တော်တို့ကို နှုတ်ဆက်ပြီး မေမြို့ပြန်တက်သွားပါတော့တယ်။

အက်ဖ်အက်စ်အက်စ်ရုံးလုပ်ထားတဲ့ နန်းတွင်းက မီးမလောင်ဘဲ ကျန်ရစ်ခဲ့တဲ့ အဆောင်မှာ ရောက်နေတဲ့ ဗိုလ်မှူး ဟဲဖရစ်ကို ဗိုလ်ကြီးဗော်ဒွင်ရဲ့ အကူအညီနဲ့ လွယ်လွယ်ကူကူပဲ တွေ့လိုက်ရပါတယ်။

'ဟဲလို– ဝင်း– ဟလို– မောင်လှ နေကောင်းကြတယ်နော်၊ ဝင်းအတွက် သိပ်စိတ်ပူလိုက်ရတယ်၊ နောက်တော့မှ ဂျပန်ဆီက လွတ်မြောက်လာပြီ ဆိုမှ စိတ်အေးသွားတယ်'ဆိုပြီး လက်ဆွဲနှုတ်ဆက်ပါတယ်။ သူ့ထံမှ ဆက်လက် သိရှိရတာကလဲ ဒီနေ့ပဲ သူ ၁၀၁ တပ်ဖွဲ့ ဌာနချုပ်က မန္တလေးကို ရောက်

တယ်။ ကိုရွှေ (သခင်ဖေတင်) နဲ့ ကိုခင်ဆွေတို့လဲ ဌာနချုပ်ကို ရောက်နေကြပြီ တဲ့။ ဒါပေမယ့် သူတို့နဲ့တော့ တွေ့ဆုံပြီး ဘာမှ မဆွေးနွေးရသေးဘူး၊ ဒီမှာ ခဏနေပြီး ကိစ္စလေးတွေ လုပ်ပြီး ဌာနချုပ်ကို ပြန်ရအောင်ဆိုတာ ပြောပြတယ်။ ပြီးတော့ သူနဲ့အတူ ဗိုလ်ဝီလ်ကော့(စ်)နဲ့ မိတ်ဆက်ပေးပါတယ်။ တခြား အက်ဖ်အက်စ်အက်စက်မှာ ရှိတဲ့ အရာရှိတွေနဲ့လဲ ကျွန်တော်တို့ကို မိတ်ဆက် ပေးပါတယ်။

ကိုလှနဲ့ ကျွန်တော်တို့ မန္တလေးရောက်ပြီးတော့ ကသာကနေ မန္တလေး နန်းတော်ကျွန်းကို ပြောင်းရွှေ့ပြီး စစ်တိမ်းရှောင်နေတဲ့ ကိုလှရဲ့ ဇနီး ဒေါ်မြရီ (အခု ကျောင်းဆရာမ-ကသာ) ဆီ ခဏသွားတွေ့တယ်။

ကျွန်တော်ကတော့ မင်းကွန်းမှာ ဂျပန်က ကျွန်တော့်ကို ဖမ်းတဲ့နေအိမ်ကို သွားပါတယ်၊ ဂျပန် ကျွန်တော့်ကို ဖမ်းစဉ်က အမေရိကန်တပ်မတော်က ပေးလိုက်တဲ့ လျှို့ဝှက်စာ ထည့်ယူခဲ့တဲ့ ဝါးလုံးကို သွားရှာပါတယ်၊ ဝါးလုံးခြောက်ဟာ ကျွန်တော်ထားတဲ့နေရာမှာ မဟုတ်တော့ဘူး ထင်းကား (ထင်းချောင်းတွေစီပြီး ထားတဲ့ ထင်းပုံ) ပေါ်က ပြန်တွေ့ပါတယ်။

ဝါးလုံးကို ခွဲကြည့်တော့ စာကို မပျက်မစီးနဲ့ ပြန်တွေ့ပါတယ်။ အဲဒီစာကို ယူခဲ့ပြီး မန္တလေးပြန်လာခဲ့တယ်၊ ကိုလှနဲ့ ကျွန်တော်ကလဲ ရှေ့ဆင့်နောက်ဆင့် မန္တလေးကနေ ဝမ်းအိုဝမ်း ဌာနချုပ်ကို ရောက်ကြပါတယ်။

ဝမ်းအိုဝမ်းဌာနချုပ်ကတော့ ဒီအချိန်မှာ ဗန်းမော်ကို ပြောင်းရွှေ့တပ်စွဲပြီး နှင့်ပြီ ဖြစ်ပါတယ်။

* * *

# ၃။ လယ်ဝေးသို့ လေထီးအဖွဲ့

ကိုချစ်စံတို့ မန္တလေးက ပြန်ရောက်ပြီးတဲ့နောက်မှာ ကိုကျော်ဇော(ခေါ်) ကိုအေးဝင်း ခြေထောက်က ဒဏ်ရာ ပျောက်ကင်းသွားပြီဖြစ်တဲ့အတွက် လေထီးနဲ့ ဆင်းဖို့ အသင့်ဖြစ်နေပါတယ်။ သူဟာ ပျဉ်းမနား နယ်သားမို့ ဒီနယ်မှာ ကျွမ်းကျင်တဲ့သူ ဖြစ်တယ်။ အဲဒါကြောင့် သူ့ကိုပဲ ခေါင်းဆောင်စေပြီး လယ်ဝေးနယ်ကို ဆင်းဖို့အတွက် ရွေးချယ်ခြင်း ဖြစ်တယ်။

ကသာက ပြန်လည်ရောက်ရှိလာတဲ့ ကိုချစ်စံကို၊ ကိုကျော်ဇောနဲ့အတူ ရွေးချယ်ထားတယ်၊ ကိုချစ်စံဟာ အသက်ငယ်ပေမယ့် စွန့်စားလိုစိတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝ ရှိတယ်လို့ အဖွဲ့က ယူဆထားလို့ပါပဲ။

ကိုချစ်စံနဲ့ ကိုကျော်ဇောအပြင်၊ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးသမား၊ ကုလားကပြား ကြေးစားဝန်ထမ်း 'ကားလ်'ဆိုသူ တစ်ယောက်လဲ ပါဝင်ပါတယ်။

ကိုချစ်စံ အနေနဲ့ ရှမ်းပြည်ဘက် ဆင်းခဲ့စဉ်ကထက် တာဝန်တစ်ခု ပိုလာရပါတယ်၊ အခုအပတ်ကတော့ ညဆင်းရမှာဖြစ်တဲ့အတွက် ကြိုးမဲ့ ကြေးနန်းနဲ့ ပြန်လည်ဆက်သွယ်မှု မပြုလုပ်နိုင်သေးခင်၊ ဆင်းဆင်းချင်း အခြေ အနေကို ပြန်လည်သတင်းပို့၊ ဆက်သွယ်ဖို့ ဖြစ်တယ်။

ဒီလို သတင်းပို့ရာမှာ သူလျှိုခိုကို အသုံးပြုရတယ်။ အဲဒါကြောင့် ခိုကို ကိုင်တွယ်ပုံ၊ ကိုင်တွယ်နည်း၊ ခိုကို ထည့်ထားတဲ့ ခြင်းအိမ်ထဲက အထုတ် အပြု၊ ပေးလိုက်တဲ့ စာရွက်ထဲ ရေးသားပုံ ရေးသားနည်း၊ စာရွက်နဲ့ ဆက်သွယ်ဆောင်ရွက်ပုံတွေကို အရင်လေ့ကျင့်ရပါတယ်။ ပေးတဲ့စာရွက်ငယ်

ထဲမှာ ဆင်းတဲ့အဖွဲ့ရဲ့ လျှို့ဝှက်နာမည်၊ ချောမောစွာ ရောက်မရောက်၊ အဲဒီလောက်ပဲ လိုရင်းကို အတိုချုပ် ထည့်ရေးဖို့ပဲ ဖြစ်ပါတယ်။

ဒါတွေလေ့လာပြီး ပထမဆင်းစကလို လေထီးသိုင်းကြိုးကို သူ့အရွယ်နဲ့ လိုက်အောင် အသင့်လုပ်ထားရပါတယ်။ ဒီတစ်ခါတော့ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုသလို၊ အရင်တစ်ခေါက်ကလို လျော့ရဲရဲ မဖြစ်အောင် တင်းတင်းရင်းရင်း၊ ကျပ်ကျပ်ပြင်ပြီး လေထီးချင်း မမှားအောင် မှတ်သားထားကြတယ်။

ဆင်းရမယ့် နေရာက၊ လယ်ဝေးအနီး သဲချောင်းရွာ တစ်ဝိုက်မှာ ဖြစ်တယ်။ ဒီနေရာကိုတော့ ဆင်ကန်းတောတိုးရမှာ ဖြစ်တယ်။ အောက်က ဆီးကြိုနေမယ့် အဖွဲ့မရှိဘူး၊ ပြီးတော့ ဂျပန်တောထဲ သွားကျမလားဆိုတာလဲ မပြောနိုင်ဘူး၊ ဘာပဲ ဖြစ်ဖြစ် တော်လှန်ရေးအတွက်၊ အသက်ကို သရဏဂုံတင်ပြီး ဆင်းကြရမှာပဲလို့ အောက်မေ့ထားကြတယ်။

ညနေ (၅) နာရီလောက်မှာ ဇန်းမော်က ထွက်လာခဲ့ကြတယ်။ ဇန်းမော်ကနေ လယ်ဝေးကို တိုက်ရိုက်မပြန်ဘဲ၊ လေယာဉ်ဟာ မိတ္ထီလာကွင်းမှာ ခဏဆင်းပြီးရပ်နားဦးမယ်။ မနက်လင်းအားကြီး (၃) နာရီအမီ ဆင်းရမယ့်နေရာ ရောက်နိုင်မယ့်အချိန်မှာ မိတ္ထီလာက ပျံတက်မယ်ဖို့ အစီအစဉ်ရှိခဲ့ပါတယ်။

ဒါပေမယ့် မိတ္ထီလာဘက်ရောက်တော့ အခြေအနေဟာ ရှုပ်ထွေးနေတဲ့အတွက် မဆင်းဖြစ်ဘဲ ဇန်းမော်ကို ပြန်ခဲ့တယ်။ တစ်ဘက်နဲ့တစ်ဘက် အမြောက်တွေ၊ တင့်ကားတွေနဲ့ ပစ်ခတ်နေတာကိုတောင် တွေ့ခဲ့သေးတယ်။ သီတင်းကျွတ်မီးထွန်းပွဲမှာ မီးကျည်တွေ ပစ်ဖောက်လွှတ်နေသလိုပဲ၊ ကောင်းကင်က ကြည့်လို့အကောင်းသား။

နောက်တစ်နေ့ညမှာ ဆက်ပြီး ခရီးထွက်ခဲ့ပြန်တယ်။ ဒီညမှာတော့ ဇန်းမော်က ပျံခဲ့ပြီး၊ မုံရွာနားက 'ဆားတောင်'လေယာဉ်ကွင်းမှာ ဝင်ပြီး ရပ်နားပါတယ်။ အဲဒီကဆက်ထွက်ခဲ့ကြပါတယ်။ မနက်လင်းခါနီး (၃) နာရီမှာ ဆင်းရမယ့်နေရာကို ရောက်ပါတယ်။ လကတော့ ထိန်ထိန်လင်းပြီး သာတဲ့သဘောတော့ မဟုတ်ပေမယ့် အောက်ကို ငုံ့ကြည့်တဲ့အခါ တောထူထပ်မှုမရှိတာ တွေ့ရပါတယ်။ တောတွေမရှိတဲ့အတွက် လေယာဉ်ဟာ သိမ်မြင့်မြင့် ပျံစရာမလိုပါ။ စရာမလိုပါ။

အချက်ပေးတဲ့အခါ အားလုံး အသင့်လုပ်ထားကြပါတယ်၊ တစ်ကိုယ်ခို ခြင်းကလေးတစ်ခြင်းစီနဲ့ ဖြစ်ပါတယ်။ ကိုကျော်ဇောကစ၊ ကားလ်နဲ့ကိုချစ်စံတို့အားလုံးပဲ တန်းစီနေတယ်။ အတွင်းရှိ သုပ်ကြ မှာ လေထီးအိမ်ချိတ်များကို မြဲမြဲစွာ ချိတ်ရင်း၊ နောက်ဆုံးအချက်ပေးသံကို နားထောင်နေပါတယ်။ အချက်လဲပေးလိုက်ရော၊ ဗိုလ်လီးက 'ဆင်း'ဆိုပြီး အမိန့်လဲပေးတယ်။ တစ်ယောက်စီကိုလဲ အစဉ်လိုက် တွန်းချလိုက်ပါတယ်။

နောက်ဆုံး သတိပြန်ရလာတဲ့အခါ အောက်ကိုကြည့်လိုက်မိတယ်၊ လေထီးဟာ ဆင်းရမယ့် ကွင်းပြောင်ပြောင်ရှိ သစ်ပင်ထိပ်ဆီကို ဦးတည်နေကြောင်း တွေ့ပါတယ်။ ဒါကြောင့် မထူးတဲ့အဆုံး ဖြစ်ချင်ရာဖြစ်ဆိုပြီး ဆင်းခဲ့တယ်၊ သစ်ပင်ထိပ်ပေါ် ကျသွားတယ်၊ လေထီးဟာ သစ်ပင်ထိပ်နဲ့ ငြိနေပါတယ်။

လေထီးအစွန်ကြိုးဟာ တခြားသစ်ပင်နဲ့ ပြေးရိုက်လိုက်မိတယ်၊ ပါလာတဲ့ ခိုဟာသစ်ပင်နဲ့ ရိုက်မိတဲ့ဒဏ်ကြောင့် သေဆုံးသွားပါတယ်။ လူလဲ မမေ့ရုံတမယ်ပဲ၊ ဆောင့်ရိုက်လိုက်သလို ခံရပါတယ်။ အတတ်နိုင်ဆုံး သတိထားပြီး ကြိုးကိုဖြုတ်၊ မြေပေါ်အရောက် ဆင်းလိုက်၊ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်ရပါတယ်။ ကိုကျော်ဇောနဲ့ ကားလ်တို့ကတော့ ကံကောင်းလို့ ဘာမှ မဖြစ်ကြပါဘူး။

သတင်းဆက်သွယ်ရေးအတွက် ကိုကျော်ဇောနဲ့ ကားလ်တို့ ခိုလွှတ်ဖို့ စီစဉ်တယ်။ လျှို့ဝှက်စာများရေးပြီး သင်တန်းအတိုင်း ခိုကို ကိုင်တွယ်ပြီးစက္ကူ ပလတ်စတစ်ပြွန်ဗူးလေးထဲ စာထည့်ပြီး ခြေမှာရှိတဲ့ ကွင်းကလေးထဲမှာ စာကိုထည့်ပြီး လွှတ်လိုက်ကြတယ်။ ခိုများလဲ 'ကံကောင်းပါစေ'လို့ နှုတ်ဆက်စကားပြောဘိအလား၊ နှုတ်ဆက်ပြီး ပြန်သွားပါတယ်။

နောက်ထပ် ချပေးတဲ့ ပစ္စည်းများ ရှာဖွေစုဆောင်းပြီး၊ လေထီးများ ဖြုတ်ယူလိုက်တယ်။ လတ်တလော လိုအပ်တဲ့ ရိက္ခာလောက်၊ လူနဲ့ထားရှိပြီး၊ ကျန် ပစ္စည်းများ၊ လူနေမယ့် နေရာနဲ့ ခပ်လှမ်းလှမ်းမှာ အမှတ်တရ ချက်ချင်း ဝှက်ကြပါတယ်။ ဒီနောက်တော့ လူနေဖို့ နေရာ လျှောက်ကြည့်တဲ့အခါ အင်ပင်တွေ ပေါက်နေတဲ့ အင်တိုင်းတော ဖြစ်နေတာ တွေ့ရပါတယ်။ မိုးတွင်းရေစားထားလို့ ဂလိုဏ်ကျင်းခွက်များ ရှိတဲ့အနက် ကျင်းတစ်ခုကို ရွေးပြီး လူနေဖို့ သတ်မှတ်ပါတယ်။

လုပ်ဆောင်ချက်တွေ အစစ ပြီးစီးတဲ့အခါ ခေတ္တခဏ အမောအပန်း ဖြေကြပြီး ဝတ်ထားတဲ့ တူညီဝတ်စုံတွေ ချွတ်၊ အရပ်ဝတ် အရပ်စားတွေလဲ လိုက်ပါတယ်။ နံနက် (၃) နာရီကျော်ကျော်မှာ အေအက်ဖ်အယ်လ် တွေနဲ့ ဆက်သွယ်ဖို့ ကိုကျော်ဇောတစ်ယောက်တည်း ထွက်သွားပါတယ်။ တကယ်လို့ (၃) ရက်အတွင်း သူပြန်မလာရင် လိုက်ခဲ့ဖို့အတွက် ဆက်သွယ်ဖို့ ရွာနဲ့ လူနာမည်ကို ပေးထားခဲ့ပါတယ်။

ကိုကျော်ဇော ထွက်သွားပြီးတဲ့နောက်၊ ကားလ်နဲ့ မောင်ချစ်စံ တို့ပါ အိပ်ချင်လာကြတဲ့အတွက် ရေစားထာတဲ့ ကျင်းထဲမှာ အိပ်ချလိုက်ကြတယ်။ ဒါပေမယ့် စိတ်ဒုံးဒုံးချပြီး မအိပ်ရဲဘူး၊ လေယာဉ်ပျံအသံအရ၊ ဂျပန်များ အနီးတဝိုက်မှာ ရှိနေလို့၊ တောနင်းရှာရင်ရှာတတ်တဲ့အတွက် တွေ့ပြမသွားနိုင်အောင် သတိနဲ့ အိပ်ရပါတယ်။ ကိုချစ်စံမှာ သစ်ပင်နဲ့ အရိုက်ခံထားရတဲ့ ဒဏ်ကြောင့် အိပ်ဖို့ ကြိုးစားပေမယ့် အိပ်မရနိုင်ဘဲ ဖြစ်နေတယ်။ ဒါပေမယ့် ရှမ်းပြည်ဘက်ဆင်းခဲ့ရတုန်းကလိုတော့ ပြင်းပြင်းထန်ထန် ဝေဒနာမခံစားရဘူး။

ဒီလိုနဲ့ မိုးလင်းလာပါတော့တယ်။ မလိုသော်ရှိ၊ လိုသော်ရှိ ဆိုပြီး ပါလာတဲ့ ၄၅ ဘို့ ပစ္စတိုနဲ့ လက်ပစ်ဗုံးများ အရန်သင့် ပြင်ဆင်ထားတယ်၊ ညကတည်းက ရေဆာနေတော့ ချိုင့်ကျင်းမှထွက်ပြီး မြေအခြေအနေ၊ ရန်သူအရိပ်အကဲကြည့်ရင်းနဲ့ ရေများတွေ့လိုတွေ့ငြား ထွက်ကြည့်ကြပါတယ်။ အနီးပတ်လည်မှာ ရေမမြင်မိပါ၊ နေမြင့်လေ နေအရှိန်ပြင်းလေ ပို၍ ရေငတ်လာလေပဲ၊ ရန်သူအခြေအနေလဲ မထူးခြားတဲ့အတွက် ခပ်လှမ်းလှမ်း ဝေးရာဆီကိုပင် ရေရှာသွားကြပါသေးတယ်။ ရေကို မတွေ့ပါဘူး၊ သင်ပေါင်းပင်များကို ဓားနဲ့ခုတ်ပြီး ကြည့်ပေမယ့်လဲ ခြောက်ကပ်နေတာကိုပဲ တွေ့ရတယ်။ သဲချောင်းများ၊ ကျင်းများမှာလဲ နှစ်တောင်သာသာ တူးပြီး ကြည့်ပါတယ်။ ဒါပေမယ့် သဲများမှာ အစိုဓာတ် မတွေ့ရပါ၊ အပန်းသာ အဖတ်တင်ပြီး ပြန်လာခဲ့ရတယ်။ ရေမရှိလို့ အစာလဲမစားနိုင်နဲ့ နောက်ဆုံး ပင်ပန်းနွမ်းနယ်လာပြီး၊ အားရှိလာအောင်လဲလျောင်းနေလိုက်ကြရတယ်။ တစ်ခါ ညနေခင်း နေအေးချိန် ရေရှာထွက်ကြပြန်ပေမယ့် ရေမတွေ့ပါ။

ဒီလိုနဲ့ နံနက်ရေရှာ ညနေရေရှာ၊ နေ့အိပ်အနားယူနဲ့ပဲ သုံးရက်မြောက်လာခဲ့ပါတယ်။ ရေငတ်၊ အစာငတ်ဒဏ်ကြောင့် နွမ်းချိခွေယိုင်လာပြီး၊ ကောင်းကောင်းပင် မလှုပ်ရှားနိုင်ကြတော့ပါ။ ကိုကျော်ဇောလဲရောက်မလာပါ၊

သေမလား၊ ရှင်မလားမသိ၊ ဘယ်ထွက်လို့ ဘယ်ရှာရမှန်းလဲ မသိ၊ ရွာက ဘယ်အရပ်ဆီမှာမှန်းလဲ မသိ၊ လူတွေမှာ အာတွေခြောက်၊ မောဟိုက်နွမ်းရိပြီး၊ ဝေဒနာပြင်းပြစွာ ခံစားနေကြရပါတယ်။ ရေအသက်တစ်မနက်ဆိုတဲ့ဆိုရိုးစကားသာ မှန်ခဲ့မယ်ဆိုရင် အခုလို (၃)ရက်မြောက်အထိ သူတို့အသက်ရှင်နေနိုင်စရာ မရှိတော့ဘူး။

"တကယ်လို့ ရိက္ခာပုံးထဲမှာ အရက်ပါရင်တော့ အသက်ရှင်နိုင်ဖို့လမ်းရှိတယ်" လို့ ကားလ်က ပြောတယ်။ အရက်သောက်ရင် ရေပိုငတ်တယ်လို့ ကိုချစ်စံ နားလည်ထားတာမို့ "အရက်တွေလဲ ဘာလုပ်မှာလဲ ရေပိုငတ်ပြီးမြန်မြန်သေအောင်လား"လို့ ကိုချစ်စံက မေးလိုက်တယ်။

မသေကြောင်း၊ ဝင်းဂိတ်စစ်ဆင်ရေးတုန်းက ဒီလိုပဲ ရေငတ်ဖူးလို့အရက်နဲ့ သကြားရောပြီး တစ်ခါထဲမသောက်ဘဲ ဖြည်းဖြည်းချင်း သောက်ရင်ရေငတ်ခံနိုင်ကြောင်း သူက ရှင်းပြပြန်တယ်။

ဘာပဲဆိုဆို အရက်ရယ်၊ သကြားရယ်တို့ဟာ ရေငတ်စေတာချည်းမို့ကိုချစ်စံက လက်မခံဘူး၊ ကားလ်က ရိက္ခာပုံး ဖွင့်ကြည့်ပါတယ်။ ကိုချစ်စံကတော့ ပုံးထဲမှာပါတဲ့ ခွက်တစ်ခုယူပြီး ခွက်ထဲကို ကျင်ငယ်ရေ ပေါက်ထည့်လိုက်တယ်၊ ကျင်ငယ်ရေဟာ ပရင်းရောင်ရင့်ရင့် အရောင်မျိုး ဖြစ်နေပါတယ်။ နမ်းကြည့်တော့ အနံ့ကြောင့် အော်ဂလီဆန်ပြီး ပိုလို့တောင် အနေဆိုးသွားပါတယ်။

ဒီလို ရေအလွန်ငတ်လာတဲ့အခါ နောက်ဆုံး ကိုယ့်ကျင်ငယ်ရေကိုပြန်သောက်ရင် ရေငတ်ပြေတယ်ဆိုတာကို သွားသတိရတဲ့အတွက် ခံသာလိုခံသာငြား ဇွတ်မှိတ်ပြီး သောက်ချလိုက်ခြင်းပါ။ ဒါပေမယ့် ဝမ်းထဲရောက်တာနဲ့တစ်ပြိုင်နက်၊ အော့အန်လာတယ်၊ ဝမ်းထဲမှာ ဝေဒနာတစ်မျိုး ခံစားရတယ်။ သတိတောင် လစ်သွားပါတယ်။

ကားလ်က ကိုချစ်စံလို့ ခေါ်နေတဲ့အသံ ကြားမှ သတိရလာတယ်။ သူသတိရလာတဲ့အခါ စိုးရိမ်မကင်းတဲ့ မျက်နှာနဲ့ ကားလ်က ကြည့်နေတာတွေ့ရတယ်။ သူ့က ဝေဒနာခံစားနေရဆဲပါ၊ အနံ့ကြီးဟာလဲ မပျောက်သေးဘူး၊ သူ သတိရလာလို့ ကားလ်လဲ ဝမ်းသာအားရ ဖြစ်လာပုံရတယ်၊ ပြီးသူက သူ့အခြေအနေကို ဝမ်းသာအားရ ပြောပြတယ်။

ရိက္ခာပုံးထဲမှာ ရမ်ပုလင်းတွေ တွေ့လို့ သကြားနဲ့ရောပြီး လျက်ကြည့်တဲ့အခါ သူ့ပါးစပ်နဲ့ အာများ စိုလာပြီး လူမှာလဲ ရွှင်လာကြောင်း ပြောပြတယ်။ ကိုချစ်စံကိုလဲ သူ့အတိုင်း အရက်နဲ့ သကြားရောပြီးလျက်ကြည့်ဖို့ အကြံပေး တိုက်တွန်းလာတယ်။ ကိုချစ်စံက အင်အယ် မလုပ်ဘူး၊ နောက်ရိက္ခာပုံးထဲက ပစ္စည်းတွေ ရှာကြည့်တယ်၊ ရေငတ်စာဖြစ်တဲ့ ချိုချဉ်၊ ဆိမ့်တွေပဲ တွေ့ရပါတယ်။ ရှာရင်းကနေ ဖျော်ရည်သောက်နိုင်တဲ့ သံပုရာပြားလေးတွေ တွေ့ရပါတယ်။ စိတ်ရွှင်သွားတယ်၊ ကပျာကယာ သံပုရာပြားလေးတွေကို ယူပြီး စုပ်လိုက်တယ်။ စောစောပိုင်းက ဝေဒနာခံစားခဲ့ရတာတွေ ပျောက်သွားတယ်။ ရေငတ်ဒဏ်လဲ နည်းနည်းသက်သာလာတယ်။

သူနည်းကိုယ့်နည်းအရ ခံသာသွားကြပေမယ့် ရေရှည်ဖြစ်နိုင်မှာ မဟုတ်တဲ့ အပြင် (၃)ရက်လဲ ကျော်ခဲ့ပြီ၊ ကိုကျော်ဇော အလာကိုသာ ထပ်စောင့်နေရင် ဝေဒနာ ထပ်ခံနေရဦးမယ်၊ ဝေဒနာကို ထပ်မခံချင်တော့ဘူး၊ ဒါကြောင့် (၄) ရက်မြောက်တဲ့နေ့ မနက်စောစောချင်း ချိန်းဆိုထားတဲ့ သဲချောင်း ရှာဆီ သွားဖို့ စီစဉ်ကြပါတယ်။

(၄) ရက်နေ့ ဝေလီဝေလင်းအချိန်မှာပဲ ကိုင်းပင်၊ မြက်ပင်ပါးတဲ့ အလင်းရောင်များရာဘက်ဆီ ရှေးရှုထွက်ခဲ့ကြပါတယ်။ စခန်းက နှစ်မိုင်လောက် ထွက်လာတဲ့အထိ လှည်းလမ်း လူလမ်းရယ်လို့ အစအနပင် မတွေ့ရသေးဘူး၊ နေမပူခင် အားမလျော့ဘဲ ဖွဲ့ရှိရှိနဲ့ ခရီးဆက်ခဲ့ကြတယ်၊ မကြာခင်ပဲ လှည်းဝင်ရိုးသံ ကြားရပါတော့တယ်။ တစ်မျိုး အားရှိလာသလို ဝမ်းသာအားရ ဖြစ်မိတယ်။ လှည်းဝင်ရိုးသံ ကြားရာ ဦးတည်ပြီး သွားကြပါတယ်း

ကံအားလျော်စွာ လှည်းက သူတို့လာရာဘက်ကို တူရူလာနေပါတယ်။ လှည်းနဲ့ တစ်စတစ်စ နီးလာပါတယ်။ ဝမ်းသာရွှင်လန်း ဖြစ်လာသလို စိုးရိမ် စိတ်လဲ ဝင်လာပါတယ်။ လှည်းဟာ ဂျပန်ချော့ဆင့်လာတဲ့ လှည်းများ ဖြစ်လေမလားလို့ စိုးရိမ်မကင်း ဖြစ်မိကာ အဝေးက အကာအကွယ်ယူရင်း တောစပ်ကနေ ချောင်းကြည့်ကြပါတယ်။

ဂျပန်တွေ မဟုတ်ဘူးဆိုတာ တွေ့လိုက်ရတော့ ပြောပြလို့ မရနိုင်တဲ့ ဝမ်းသာခြင်းမျိုး ဖြစ်လာတယ်။ တအားတက်မိပါတယ်။ လှည်းကို ထွက်တွေ့ လိုက်တယ်၊ ရတ်တရက်မို့ လူတွေလဲ လန့်ဖျပ်သွားသလို ဖြစ်တယ်၊ မေးမြန်း

ကြည့်တော့ ဂျပန်ရန်ကြောက်လို့ သက်ငယ်ရိတ်ရင်း ဆွေမျိုးသားချင်း တစ်စု လှည်း (၄) စီးနဲ့ ရှောင်တိမ်းလာကြောင်း ပြောပြ ကြတယ်။

ဗမာအမျိုးသားချင်းဖြစ်တဲ့အတွက် ဗိုးရိမ်စရာမရှိတန်ရာလို့ သဘောပိုက်ပြီး ဂျပန်တော်လှန်ရေးအကြောင်း ပြောဆိုစည်းရုံးသိမ်းသွင်းလိုက်ပါတယ်။ အဲဒီမယ် လူတွေလဲ ကျေနပ်အားရပြီး ဗမာ့တပ်မတော်ကလဲ ဂျပန်ကို တိုက်ခိုက်နေကြောင်း ပြောပြကြပါတယ်။ သွားလိုတဲ့ နေရာနဲ့ ရလိုတဲ့ အကူအညီ ပေးမယ်လို့ ပြောပြကြတယ်။

ဂျပန်ရန် မရှိတော့ဘူးဆိုတာ သိလိုက်တာနဲ့ တစ်ပြိုင်နက် ရေဆာတဲ့ ပြဿနာ ပေါ်လာကြပါတယ်။ သူတို့မှာ ရေမပါလာကြောင်း၊ နောက်စခန်း မဝေးတဲ့အကြောင်း၊ သွားရောက် ခပ်ပေးမယ့်အကြောင်း၊ ရေမရောက်ခင် ပါလာတဲ့ ထမင်းဟင်းတွေစားနိုင်ကြောင်း စေတနာထက်ထက်နဲ့ ပြောပြကြတယ်။

ဒါပေမယ့် မစားလိုကြောင်း၊ ရေသာသောက်လိုကြောင်း ပြောပြလိုက်တယ်။ လှည်းနဲ့ပါလာသူတစ်ယောက်က ရေရှိရာစခန်းဆီ သုတ်ခြေတင်ပြီး ယူလာပေးခဲ့ပါတယ်။ သူတို့အတွက် ရေဟာ ပထမ၊ ရေဟာ ဒုတိယ၊ ရေဟာ တတိယဆိုတာလို ဖြစ်နေပါတယ်။ အင်မတန် တောင့်တနေရတဲ့ အရာဖြစ်နေပါတယ်။ ရေရောက်လာပါပြီ။ ရေကို ကမန်းကတန်းယူပြီး မော့လိုက်ကြပါတယ်။ ကျွန်တော်တို့အဖြစ်ကို ကြည့်နေတဲ့ လှည်းသမားတွေ လဲ ကြင်နာစိတ်နဲ့ကြည့်နေတာ သတိထားမိလိုက်တယ်။ ချက်ချင်း ရေထိတဲ့ ပန်းလို လန်းဆန်းလာပါတယ်။ ဆင်ပြောင်ဆယ်စီးအားမျိုး ရှိလာကြပါတယ်။

ရေသောက်ပြီးနောက် တာဝန်ခွဲကာ ကားလ်က လှည်းသမားတွေနဲ့ စခန်းမှာနေရစ်၊ နောက်ဖြည်းဖြည်းလိုက်ခဲ့ဖို့ ကိုချစ်စံ လှည်းအစုထဲက လူတစ် ယောက်နဲ့ သဲချောင်းရွာကို သွားနှင့်ဖို့၊ သဲချောင်းရွာမှာ (၃) မိုင်ခန့်သာရှိတယ်လို့ ပြောပြပါတယ်။

(၃) ရက်လုံးလုံး အစာရေစာပြတ်လို့ နုံးချည့်နေပေမယ့် ဆက်သွယ်ရေး ကိစ္စက အရေးကြီးနေတဲ့အတွက် ကိုယ့်ကိုယ်ကို မညှာတာအားဘဲ နားနား နေနေနဲ့ အားခဲသွားရမှာပဲလို့ စိတ်ကိုတင်းပြီး ခရီးဆက်ခဲ့ကြပါတယ်။

ရေသောက်ရတာ အားရတယ်လို့မရှိ၊ သောက်ပြီးရင်းသောက်ရင်း သောက်ခဲ့ပါတယ်။ ပါလာတဲ့ရေကုန်သွားပါတယ်။ ရေထပ်သောက်ချင်လာပြီး

ရေစခန်းကို အရင်ရှာခဲ့ကြတယ်။ ခရီး (၂) မိုင်ခန့်သာရောက်လာတယ်။ ရေကို မတွေ့ရသေးဘူး။ လမ်းပြအဖော်ကတော့ အားပေးပါတယ်။ အားပေးပေမယ့် ဆာလောင်မွတ်သိပ်ဒဏ်မခံနိုင်ခဲ့ဘူး။ (၂) မိုင်သာသာ သုံးမိုင်ခန့်ရောက်မှ ချောင်းတစ်ချောင်းကို အမှီပြုပြီး ကိုင်းခင်းများ စိုက်ပျိုးလုပ်ကိုင်နေတဲ့ အရပ်သူအရပ်သားများရဲ့ တဲများကို တွေ့ရတယ်။ ဝမ်းသာလုံးဆို့မသွားအောင် ဖြစ်ရပါတယ်။

ပထမဆုံးတွေ့တဲ့တဲကို ဝင်ပြီး ရေတဝကြီးသောက်ချလိုက်တယ်။ ပြီးအခင်းက ဖရဲသီးများကို စားလိုက်တယ်။ သဲချောင်းရွာ အကွာအဝေး မေးကြည့်တဲ့အခါမှာ နှစ်မိုင်သာသာလိုသေးတယ်လို့ ပြောပြပါတယ်။ အဖော်လုပ်သူက ကိုချစ်စံအားငယ်မှာစိုးလို့ သုံးမိုင်လောက်ဝေးတယ်လို့သာ လိမ်ပြောခဲ့တယ်။

အားပြည့်လာတဲ့အခါ ခရီးဆက်ထွက်ခဲ့ကြပါတယ်။ သဲချောင်းရွာရောက်တဲ့အထိ တဲဆက်ရွာဆက်တွေက တောက်လျှောက်ဆိုသလို တွေ့ခဲ့ရတဲ့အတွက် လျှောက်လို့လျှောက်လာခဲ့ရမှန်း၊ မောလို့မောရမှန်းတောင် မသိဘူး။ သဲချောင်းရွာနဲ့ နီးလာလေအားတက်လာလေပါပဲ။ ဒါပေမယ့် ဂျပန်တွေနဲ့ ပက်ပင်းပါတွေ့မှာလဲ စိုးရိမ်နေရတယ်။ ဂျပန်အခြေအနေကို တွေ့တဲ့လူတိုင်း မေးမြန်းပြီးလာခဲ့ကြတယ်။ ဂျပန်မရှိဘူးဆိုတဲ့သတင်းပဲ ရနေပါတယ်။ ဒါကြောင့် စိုးရိမ်စိတ်ကင်းကင်းနဲ့ လျှောက်လာကြတယ်။

သဲချောင်းရွာမှာ တွေ့ရမယ့်သူက သခင်တင်ထွန်း။ ဒါကြောင့် သဲချောင်းရွာထဲစဝင်ကတည်းက သခင်တင်ထွန်းရဲ့အိမ်ကို မေးမြန်းရင်း ဝင်လာတယ်။ သခင်တင်ထွန်းအိမ်ထဲ ဝင်မိတယ်ဆိုရင်ပဲ နီရဲနေတဲ့ အောက်ခံပေါ်မှာ ကြယ်ဖြူကြီးတစ်လုံးပါတဲ့ ဖက်ဆစ်တော်လှန်ရေးအလံကြီးက ဆီးကြိုနေတာတွေ့ရပါတယ်။

ဒီအလံနီကြီးကိုမြင်လိုက်တော့ (၃)ရက်လုံးလုံး ရေငတ်ပြီး ပင်ပန်းလာခဲ့သမျှ ပျောက်ကွယ်သွားပါတော့တယ်။ တော်လှန်ရေးအလံနီကြီးကို လက်မောင်းတင်ဂွေးပြီး အလေးနီပြုလိုက်တဲ့အထိ အားတက်သွားပါတယ်။

အဆင်သင့်ပဲသခင်တင်ထွန်းကို တွေ့ရပါတယ်။ သူ့ကိုအကျိုးအကြောင်းပြောပြတော့ ကိုကျော်ဇောတို့နေတဲ့စခန်းကို လူတစ်ယောက်ထည့်ပြီး လိုက်ပို့ပါတယ်။

ကိုကျော်ဇော တဲထဲမှာထိုင်နေတာ လှမ်းမြင်လိုက်ရပါတယ်။ အသာလေးသူ့နားကပ်သွားတယ်။ သူ့နားရောက်နေတဲ့အထိ ကိုချစ်စံကို ဂရုမမူမိဘူး။ အဝေးဆီသာတွေးပြီး ဘာတွေများတွေးနေသလဲပဲ။ သူ့ကြည့်ရတာ ကုန်ရှုံးလေ့မှောက်ခဲ့တဲ့ လေ့သူကြီးတစ်ယောက်ရဲ့ အဖြစ်နဲ့ မခြားပါ။

"ဟေ့လူ ဘာငိုင်နေတာလဲ" လို့ ဝေါက်ငမ်းပြီး ကိုချစ်စံ က ပြောပြောဆိုဆို သူ့ကျောပြင်ကြီးကို တအားရိုက်ချလိုက်ပါတယ်။ ဘိန်းမှိန်းနေတဲ့လူကို လန့်သွားအောင် လုပ်လိုက်လို့ အလန့်တကြားဖြစ်သွားသလိုပါပဲ။ ကိုကျော်ဇောဟာ သူ့ကို မမျှော်လင့်ဘဲတွေ့လိုက်ရတော့ စက္ကန့်ပိုင်းအတွင်း ငိုင်သွားတဲ့အထိ ကြက်သေသေသွားတယ်လို့ သတိထားမိလိုက်တယ်။ နောက်မှ သူက "ဟေ့ ချစ်စံကလေး" ဆိုပြီး သူ့က ဝမ်းသာအားရ ထိုင်ရာမှထပြီး တအားဖျစ်ညှစ်လိုက်ပါတယ်။ ဘယ်လောက်ကြာအောင်ထိ ဖျစ်ညှစ်ထားတယ်ဆိုတာ ကိုကျော်ဇောကမသိနိုင်ပေမယ့် ကိုချစ်စံကတော့ အသက်ရှူကျပ်ပြီး မောနေတဲ့အထိပါပဲ။

"ဟေ့လူလွှတ်ပါဦး၊ အသက်ရှူကျပ်လှပါတယ်" လို့ပြောမှ ကိုကျော်ဇောလဲသတိဝင်လာတယ်နဲ့တူပါတယ်၊ အဲဒီတော့မှ ပြန်လွှတ်လိုက်တယ်။

"ဟေ့ မင်းတို့မသေဘူးနော်၊ ကားလ်ကောကွ၊ မင်းတို့သေနေပြီလို့ထင်ပြီး ငါစိတ်မကောင်းဘဲ ငိုင်နေမိတော့တာကွ၊ ဒါကြောင့် ငါ့နားကပ်နေတာ ငါမသိဘဲဖြစ်နေတယ်၊ ပြောစမ်းပါဦး၊ ကားလ်ကောကွ" လို့တောင်ရေကျသလို ဆက်တိုက် ဝမ်းသာအယ်လဲ ပြောပြောမေးမေး လုပ်နေပါတယ်။

"ခင်ဗျား သိပ်နေနိုင်တဲ့လူပဲ၊ ကားလ်လဲ ရှိပါတယ်" ဆိုပြီး အဖြစ်အပျက်တွေကို ပြောပြလိုက်ပါတယ်။

"ငါလဲ မင်းတို့နဲ့ ခွဲခဲ့တဲ့နေ့မှာပဲ သခင်တင်ထွန်းကိုတွေ့ရတယ်။ အဲဒီနေ့မှာပဲ မောတယ်ပန်းတယ်သဘောမထားနိုင်ဘဲ မင်းတို့ဆီလိုက်ခဲ့တယ်။ ဒါပေမယ့် အင်းတိုင်တောကြီးတွေက တစ်နေရာနဲ့ တစ်နေရာ ဆင်တူရိုးမှားဖြစ်လို့ ငါဆင်းတဲ့နေရာကို ဝိုးတိုးဝါးတားဖြစ်ခဲ့တယ်။ သွားရှာတယ်၊ မတွေ့ဘူး၊ သုံးရက်လုံးလုံးရှာတယ်၊ မတွေ့ခဲ့ဘူး။ ဒါနဲ့ စိတ်ပျက်လက်ပျက်ထိုင်နေတာကြည့်တော့။ ငါက မင်းတို့ ဂျပန်တွေနဲ့တွေ့ပြီး အဖမ်းခံသွားရပြီလား၊ ဒါမှမဟုတ် အသတ်ခံရပြီလားလို့ စိုးရိမ်နေမိတယ်။ ဒါမှမဟုတ် ရေငတ်ပြီး

သေသွားပလားလို့ တွေးပူမိနေတယ်။ မင်းတို့ကိုမတွေ့ရင်တော့ ငါ့ကို အရှုးလို့အထင်ခံကြရတော့မလို့ပဲကွ"

ကိုချစ်စံတို့ အရှိအချဖြစ်နေကြတယ်။ သခင်တင်ထွန်းလဲ ဘယ်အချိန် ဒီစခန်းကို ရောက်လာမှန်းမသိဘူး၊ အားလုံးပြောနေတာကို သခင်တင်ထွန်း နဲ့ သူ့ရဲဘော်များက ဝမ်းသာအယ်လဲ မောင်ချစ်စံလေးကို ချီးကျူးသြဘာပေး ကြပါတယ်။

အချိန်ရှိတုန်း ကားလ်ဆီ ချက်ချင်းပြန်ဖို့ စီစဉ်ကြတယ်။ ပစ္စည်းတွေ သယ်ဖို့ ဆင်တွေဆက်တိုက်လိုက်ခဲ့ဖို့မှာခဲ့ပြီး စခန်းကို ခြေကျင်သုတ်ခြေတင် ပြန်ပါတော့တယ်။ မျိုးချစ်စိတ်ဓာတ် ထက်သန်နေတဲ့အတွက် ဒီလောက် ပင်ပန်းပြီး အင်အားကုန်ခန်းနွမ်းနယ်နေပေမယ့် ပင်ပန်းနွမ်းနယ်မှုမရှိလေဟန်နဲ့ ခြေကျင်လျှောက်ခဲ့ကြပါတယ်။

လှည်းစခန်းကို ရောက်တဲ့အခါမှာ ကားလ်ကလဲ ဝမ်းသာအားရနဲ့ ဆီးကြိုနှုတ်ဆက်ပါတယ်။ သူတို့လဲအကြောင်းစုံ ပြောပြလိုက်ရတယ်။ အဲဒီကတစ်ဆင့် ဆင်းတဲ့နေရာကို လှည်းများနဲ့ ဆက်ထွက်ခဲ့ကြပါတယ်။ ဆင်းတဲ့စခန်းရောက်တဲ့အခါ ဖွက်ထားတဲ့ပစ္စည်းများ ရှာဖွေယူပြီး ဂျပန်ငွေနဲ့ လေထီးများကို ကျေးဇူးတင်လက်ဆောင်အနေနဲ့ လှည်းသမားတွေကို ပေးလိုက် ပါတယ်။ အဝတ်ရှားပါးချိန် လေထီးများရလိုက်တဲ့အတွက် သူတို့မှာ ဝမ်းသာ မဆုံးရှိနေကြပါတယ်။

ဆင်များရောက်လာတဲ့အချိန်မှာ ညနေ ၆ နာရီခန့်ရှိပါတယ်။ ပစ္စည်းများ ဆင်ပေါ်တင်ပြီး ကိုချစ်စံတို့ပါ တက်စီးလိုက်တယ်။ ကျေးဇူးရှင်လှည်းဆရာ များကိုနှုတ်ဆက်ရင်း လမ်းခွဲကာထွက်လာကြပါတယ်။ ပင်ပန်းနွမ်းနယ်လွန်း အားကြီးလှတဲ့အတွက် ဟန်မဆောင်နိုင်တော့ဘဲ ဖြစ်သလိုအိပ်လိုက်ခဲ့ပါတော့ တယ်။ သူတို့က နယ်မြေကျွမ်းကျင်သူမဟုတ်တဲ့အတွက် ဘယ်ရောက်လို့ ရောက်မှန်းမသိ။ "ဆင်းကြတော့ ရောက်ပြီ" ဆိုမှ အများတကာနဲ့အတူ ဆင်းခဲ့ပါတယ်။ တောထဲစခန်းတစ်ခုကို ရောက်နေကြောင်းကိုတော့ သိလိုက် ပါတယ်။ အဲဒီမှာပဲ စခန်းချလိုက်ပါတယ်။

ကိုကျော်ဇောနဲ့ ကိုချစ်စံတို့က တပ်မတော်နဲ့ ပြောက်ကျားတပ်များက ပေးပို့တဲ့သတင်းတွေကို ၁၀၁ ဌာနချုပ်ကို ပို့ပေးတယ်။ သူတို့ ပြောက်ကျား

တွေအတွက် လိုအပ်တဲ့ပစ္စည်း ဝမ်းအိုဝမ်းကနေ မှာပေးတယ်။ ဒီတာဝန်တွေကို အဓိကထား လုပ်ပေးနေရတယ်။

**ကိုချစ်စံခေါ်ကိုထွန်းလင်း** ရဲ့အရာရှိ ဦးဘညွန့်–ဒေါ်လှတင်တို့ရဲ့ တတိယမြောက်သားဖြစ်ပါတယ်။ ကသာမြို့၊ မြို့မရဲစခန်းမှာ မွေးဖွားပါတယ်။ ကသာနဲ့မိုးကုတ် အစိုးရအင်္ဂလိပ်မြန်မာ အထက်တန်းကျောင်းမှာ ပညာသင်ကြားခဲ့ပါတယ်။ အားကစားထူးချွန်သူ တစ်ဦးပါ။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတော့ ကျောင်းတွေ ပိတ်လိုက်တော့ ၇–တန်းနဲ့ ပြီးခဲ့ရပါတယ်။ ဂျပန် ကောလင်းမြို့ကို သိမ်းပိုက်ပြီးတဲ့နောက် မြို့စောင့်ကာကွယ်ရေးတပ်မှာ ဝင်တာဝန်ယူရပါတယ်။ ဒီနောက် ဧရာဝတီမြစ်ရိုး ကသာခရိုင် တကောင်းကြာညွပ်ရွာမှာ မိဘနဲ့အတူ နေထိုင်နေပါတယ်။ ကိုလှ ကိုအေးဝင်းကို မန္တလေးက ကသာအလာ ရှမ်းပြည် မိုးမိတ်ဘက်ကလှည့်အလာ မောင်ချစ်စံနဲ့တွေ့တယ်။ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းတွေ အတူလုပ်ဖို့ တစ်ခါတည်းလိုက်သွားတယ်။ ထီးချိုင့်ကောလင်းနယ်ထဲ ကိုအေးဝင်း (ကိုကျော်ဇော) နဲ့အတူ စည်းရုံးရေးဆင်းခဲ့တယ်။ နောက် ကိုလှ၊ ကိုခင်ဆွေ၊ မောင်ချစ်စံတို့ မြစ်ကြီးနားရှိ ဌာနချုပ်ကနေ လေထီးနဲ့ ရှမ်းပြည်ဘက်ဆင်းခဲ့တယ်။ အဲဒီကနေ မန္တလေးရှိ ဗိုလ်မှူးဗထူးဆီ ကိုလှနဲ့အတူ သွားတယ်။ ဒုတိယအကြိမ် ကိုအေးဝင်းနဲ့ လယ်ဝေးကိုဆင်းခဲ့တယ်။ ဒီအကြိမ်က သူ့အသက် ၁၅ နှစ်ပဲရှိသေးတယ်။ စစ်ပြီးတော့ မိုးကုတ်မှာ အလံနီကွန်မြူနစ်ပါတီအတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်တယ်။ ၁၉၄၉ ခုနှစ်မှာ အလံနီအဖြစ် တောခိုခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်လောက်မှ လက်နက်ချခဲ့ပါတယ်။ နမ္မလင်းနယ်သွားပြီး (S.A.M.B) နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေး ဘုတ်အဖွဲ့မှာ အမှုထမ်းခဲ့တယ်။ တော်လှန်ရေးအစိုးရခေတ်မှာ ပေါင်းတည်မြို့နယ် ဆ–စ–တ–တ ဖျက်သိမ်းသွားတဲ့အခါ ပေါင်းတည် ချည်ထည်လုပ်ငန်းမှာ တာဝန်ယူရပြန်တယ်။ အဲဒီကထွက်ပြီး ပေါင်းတည်မှာပဲ ဇနီးသားသမီးများနဲ့အတူ နေထိုင်လျက်ရှိပါတယ်။

[၁၉၇၅ ခုနှစ်တွင် ရဲဘော်ချစ်စံကို စာရေးသူနေအိမ်တွင် တွေ့ဆုံမေးမြန်းချက်များကို ဖြည့်စွက်ဖော်ပြခြင်းဖြစ်ပါတယ်။ ရဲဘော်ချစ်စံမှာ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့် ချီးမြှင့်ခံရပြီး ယခုအခါ ပေါင်းတည်မြို့တွင် ကွယ်လွန်သွားရှာပြီ ဖြစ်ပါတယ်။ စာရေးသူ]

* * *

**ကိုအေးဝင်း**

**ကိုအေးဝင်း** ဦးချစ်ခိုင်–ဒေါ်အေးကြူတို့ရဲ့သားဖြစ်ပါတယ်။ မွေးသက္ကရာဇ် ၁၉၂၀ ခုနှစ် ဖြစ်တယ်။ ပျဉ်းနားမှာ ဘီဒီအေ (ဗမာ့ကာကွယ်ရေးတပ်မတော်) သို့ဝင်ရောက်ခဲ့တယ်။ ရန်ကုန် လေယာဉ်ပစ်အမြောက်ကြီးတပ် တပ်ရင်းရုံးမှာ တပ်ကြပ်ကလေးအဖြစ် တာဝန်ယူနေစဉ် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ညွှန်ကြား မှုအရ လေယာဉ်ပျံပစ်အမြောက်တပ်မှ တပ်ကြပ်ကလေး မောင်လှ၊ တတိယပတ်ဗိုလ်သင်တန်းမှ ရဲဘော်ဘသောင်းနဲ့ ရဲဘော်ဝင်းမောင် (ယခုစာရေးသူ ဝမ်းအိုဝမ်း ကျော်ဝင်းမောင်) တို့နဲ့အတူ မဟာမိတ်များနဲ့ ဆက်သွယ်ရန် တာဝန်ပေးခြင်းခံရလို့ ကသာ၊ ဗန်းမော်သို့ သွားကြရတယ်။

ဒီအဖွဲ့မှာ ရဲဘော်လှက ခေါင်းဆောင်ဖြစ်ပါတယ်။ ကသာခရိုင်မှာ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို စည်းရုံးလုပ်ကိုင်နေစဉ် မဟာမိတ်တပ်များ ကသာကိုသိမ်းလိုက်တဲ့အခါ ကိုလှ၊ ကိုဝင်းမောင်တို့နဲ့အတူ အမေရိကန် (၁၀၁) တပ်ဖွဲ့နဲ့ အဆက်အသွယ်ရပါတယ်။ အမေရိကန်တပ်မတော်နဲ့ အဆက်အသွယ်ရပြီး ဗိုလ်မှူးဗထူး၊ ဗိုလ်ချုပ်အောင်ဆန်းတို့ အမေရိကန်တပ်မတော်နဲ့ ပူးပေါင်းပြီး ဂျပန်တော်လှန်ရေးကို လုပ်ကိုင်မယ်ဆိုတဲ့ အကြောင်းကြားစာ ကိုဝင်းမောင်နဲ့အတူ သယ်ဆောင်ပြီးလာရာ မလယ်ရွာတွင် ဂျပန်ရဲ့ ချုံခိုတိုက်ခိုက်မှုကြောင့် ကျည်ဆန်ပေါင်ကို ဖောက်မှန်သွားတဲ့အတွက် သူ့ကို ကိုဝင်းမောင်က အင်္ဂလိပ်စစ်တပ်က တစ်ဆင့် (၁၀၁) ဌာနချုပ်ကို ဆေးကုသရန် ပို့ဆောင်လိုက်ရပါတယ်။

ကိုဝင်းမောင်က အထက်ပါစာကို ဆက်လက်တာဝန်ယူသွားရပါတယ်။ ကိုအေးဝင်းက မြစ်ကြီးနားမှာ ဆေးကုသပြီး ပျောက်ကင်းသွားတဲ့

အခါ မောင်ချစ်စံ (ကျောင်းသား) နဲ့အတူ လယ်ဝေးနယ်သို့ လေထီးနဲ့ ဆင်းခဲ့ရတယ်။ ဂျပန်တော်လှန်ရေးလုပ်ငန်းများကို လုပ်ကိုင်ရင်း စစ်ကြီးပြီးသွားတဲ့အခါ မြန်မာ့တပ်မတော်မှာ ဝင်ရောက်အမှုထမ်းခဲ့တယ်။ ဒုတိယဗိုလ်မှူးကြီး အဆင့်မှာ တပ်မတော်မှ လယ်စိုက်ရှင်းဌာနသို့ အရပ်သားအဖြစ် ပြောင်းရွှေ့ တာဝန်ယူခဲ့ရတယ်။ ယင်းတာဝန် ထမ်းဆောင်ရင်း ကားမှောက်ပြီး ဒဏ်ရာအပြင်းအထန် ရခဲ့တယ်။ အင်္ဂလန်နိုင်ငံသို့ ဆေးကုသွားရင်း ၁၉၇၉ ခုနှစ်တွင် ကွယ်လွန် သွားခဲ့ရပါတယ်။ ကွယ်လွန်ချိန်တွင် အသက် ၅၉ နှစ်ရှိပါပြီ။

မြိတ်မြို့တွင် ဒေါ်သန်းရီနှင့် အိမ်ထောင်ကျပြီး သား လေးယောက်၊ သမီး တစ်ယောက် ထွန်းကားခဲ့ပါတယ်။ သမီး 'သူဇာဝင်း'မှာ အိမ်ထောင် မကျသေးဘဲ သားလေးယောက်ဟာ အိမ်ထောင်သည်များ ဖြစ်ကြပါတယ်။ ကျိုက်ဝိုင်းဘုရားလမ်း အမှတ် ၆၄/ဘီ သမိုင်းတွင် ဒေါ်သန်းရီနဲ့ သမီး သူဇာဝင်း တို့အတူနေထိုင်လျက်ရှိပါတယ်။

* * *

## ၄။ ရဲဘော်လှဖေ

(ရဲဘော်လှဖေကို အနောက်မြောက်တိုင်း၊ တိုင်းမှူး ဗိုလ်မှူး ဗထူးက အိန္ဒိယကိုသွားမယ့် သခင်ဗိုလ်၊ မန်းဝင်းမောင်တို့အစုနဲ့ ထည့်ပေးလိုက်တယ်။ ကသာခရိုင်ရောက်တော့ အပြင်းဖျားတယ်။ ဒါကြောင့် တကောင်းဆိုတဲ့ ဧရာဝတီမြစ်ကမ်းပေါ်က သမိုင်းဝင်မြို့မှာ အပ်ထားခဲ့တယ်။ ဒီလို ခရီးစဉ်တွေကိုတော့ အိန္ဒိယကို ပထမအသုတ်သွားတဲ့ မန်းဝင်းမောင်၊ ကိုချစ်ကောင်းတို့အခန်းမှာ ဖော်ပြပြီးဖြစ်တယ်။ ဒါကြောင့် ဒီမှာထပ်ပြီး ဖော်ပြမနေတော့ပါဘူး။ ကိုလှဖေ တကောင်းက ကျန်းမာလာတဲ့အခါမှာ ဂျပန်တော်လှန်ရေးကို ဆက်လက်လုပ်ကိုင်ဖို့ မဟာမိတ်တွေနဲ့ အဆက်အသွယ်ရယူဖို့ သွားတဲ့ ခရီးစဉ်ကပဲ စပြီး ဖော်ပြသွားပါမယ်။ စာရေးသူ)။

**အမေရိကန် – ဝမ်းအိုဝမ်း (၁၀၁) တပ်ဌာနချုပ်သို့**

ရဲဘော်လှဖေ နေထိုင်မကောင်းတဲ့အတွက် မန်းဝင်းမောင် တို့က တကောင်းရှိ ကိုလှဖေဦးလေး ဦးအေး – အဒေါ် ဒေါ်အေးမိတို့ အိမ်မှာအပ်ထားပြီး ဆေးကုစေပါတယ်။ သူတို့က အစီအစဉ်အတိုင်း အိန္ဒိယကို ဆက်လက်ချီတက်သွားကြတယ်။ ကိုလှဖေ ကျန်းမာရေးအခြေအနေကောင်းလာတဲ့တိုင်အောင် မန်းဝင်းမောင် တို့ဆီက ဆက်သားကြိုမယ့်လူ ရောက်မလာဘူး။ မန်းဝင်းမောင် တို့က ကိုလှဖေနဲ့ဆက်သွယ်ဖို့ လူလွှတ်မယ်လို့ ကိုလှဖေ ကို မှာခဲ့တဲ့စကားရှိတယ်။ တကောင်းဆိပ်ကမ်းမှာ "အေ – ဝမ်း"

ဆိုတဲ့ စကားဝှက်စာရေးထားပါ။ အဲဒီဆိုင်တန်းရှိတဲ့နေရာကနေ ကိုလှဖေ တို့ အချိန်းအဆက်လုပ်ထားတယ်။

ရွှေလီမြစ်ရိုးရှိ "ငအိုးရွာ"က သစ်တောအုပ် စောဘိုးဝဆိုတဲ့ ကရင် အမျိုးသားတစ်ယောက်ကို ကိုလှဖေ နဲ့ ဆက်သွယ်ဖို့ လှေငယ်တစ်စင်းနဲ့ လွှတ်လိုက်တယ်။ စောဘိုးဝ ကိုလှဖေ နဲ့တွေ့ဖို့ လှေနဲ့လာခဲ့တယ်။ ဒါပေမယ့် အေဝမ်း ဆိုတဲ့ စာတန်းဆိုင်းဘုတ်ကို မတွေ့တာနဲ့ ကိုလှဖေ နဲ့ အဆက်အသွယ် ပြတ်သွားတယ်။

မန်းဝင်းမောင်တို့က စောဘိုးဝ ကိုလွှတ်ပြီး ကိုလှဖေ ကို ဆက်သွယ် ခိုင်းတယ်ဆိုတာကို နောင်မှ ကိုလှဖေ သိတယ်။

မကြာခင် အမေရိကန် (၁၀၁) တပ်ဖွဲ့က ဦးစီးဖွဲ့ထားတဲ့ 'လဲဗီး' ခေါ် တိုင်းရင်းသားလူမျိုးစုံပါတဲ့တပ်ခွဲက တကောင်းနယ်ဘက် ကင်းထိုးလာ တယ်။ ဒီ 'လဲဗီး' တပ်ထဲမှာ ကချင်၊ မြန်မာ၊ ရှမ်း စတဲ့ လူမျိုးစုံ ပါဝင်တယ်။ ကချင်အမျိုးသားတွေက အများစုဖြစ်ပါတယ်။ ဒီတပ်ကို ဗိုလ်ဝဲလ်စ် (Lt: Wells) အုပ်ချုပ်ပြီး တပ်ခွဲက ဒီတပ်ခွဲ (D Company) ဖြစ်ပါတယ်။ ဒီတပ်ခွဲက ကင်းလှည့်လာတဲ့ ကချင်စစ်သားတွေက ဒီရွာမှာ မြန်မာစစ်ဗိုလ် တစ်ယောက် ပုန်းနေတယ်လို့ပြောပြီး ကိုလှဖေ ကို ရှာကြတယ်။ အဲဒီတော့ မဟာမိတ်တပ်မှူးတွေနဲ့မတွေ့ခင် ကချင်လေးတွေနဲ့တွေ့သွားရင် အန္တရာယ် ရှိနိုင်တယ်လို့ ကိုလှဖေ ရဲ့ ဆွေမျိုးတွေက သတိပေးကြတယ်။ ဒါ့ကြောင့် ကချင်စစ်သားတွေနဲ့ အတွေ့မခံဘဲ ရှောင်တိမ်းနေလိုက်တယ်။ ကိုလှဖေ လဲ ကောင်းကောင်းနေကောင်းသွားပြီဖြစ်တဲ့အတွက် မန်းဝင်းမောင် တို့နောက် တစ်စတစ်စသတင်းယူပြီး လိုက်မှပဲဆိုပြီး ကိုလှဖေ နဲ့ ညီအစ်ကိုဝမ်းကွဲတော် တဲ့ ကိုဘအောင် တို့နဲ့အတူ ကသာဘက်ကို ခြေကျင်လျှောက်ခဲ့ကြပါတယ်။

မြင်းဘောင်ရွာရောက်တော့ သစ်တောခရိုင်ဝန် ပင်စင်စားတစ်ယောက်နဲ့ တွေ့တယ်။ သူက ကိုလှဖေ ကိုမြင်တော့ အံ့အားသင့်နေတယ်။ မင်းကို ဂျပန် ကလဲ လိုက်ရှာနေတယ်၊ အင်္ဂလိပ်၊ အမေရိကန်တွေကလဲ လိုက်ရှာနေတယ်လို့ ကြားရတယ်။ ဒါ့ကြောင့် တို့ကမင်းအတွက် စိတ်ပူနေရသေးတယ်လို့ ပြော ပြပါတယ်။

ကိုလှဖေ က သူ့အတွက် မဟာမိတ်တွေနဲ့တွေ့ရင် အန္တရာယ်မရှိနိုင် ကြောင်းပြောပြပြီး မဟာမိတ်တွေနဲ့ ကိုလှဖေတို့ ဆက်ဆံရေးအခြေအနေ

တွေကို ရှင်းပြလိုက်ပါတယ်။ အဲဒီကနေ ရွှေလီဘက်ကို မန်းဝင်းမောင် တို့နဲ့ အဆက်အသွယ်ရလိုရငြား ဆိုပြီး မြတောင်ကနေ လျှောက်ပြန်တယ်။ ဒေါ်ဘက်ရောက်တော့ ကသာကို အမေရိကန်တပ်တွေ ဝင်နေပြီဆိုတဲ့သတင်း ရရှိတယ်။ အဲဒီကနေ ကသာကို ဆက်သွားကြတယ်။ ကသာမြို့မှာတော့ အင်္ဂလိပ် ဖို့ဒ်–၁၃၆ တပ်မက စစ်တပ်တွေနဲ့ ရှုတ်ယှက်ခတ်နေတာ တွေ့ရတယ်။ အချို့လဲ ဧရာဝတီမြစ်ကို ပဲ့ချိတ်တပ်မော်တော်တွေနဲ့ ကသာအရှေ့ဘက်ကမ်းကို ကူးနေတာတွေ့ရတယ်။ အဲဒီမှာ အမေရိကန်တပ်ရုံးကိုမေးပြီး သွားပါတယ်။

**ဝမ်းအိုဝမ်း ဌာနချုပ်သို့**

အမေရိကန် စီအိုင်စီ (C. I. C) ထောက်လှမ်းရေးအဖွဲ့ရုံးကို ရောက်သွားပါတယ်။ ဒီရုံးရဲ့တာဝန်ခံက ဗိုလ်နယူးလင့် (Lt. New Land) ဖြစ်ပါတယ်။ သူ့ကို ကိုလှဖေတို့ မန္တလေးကနေ သခင်ဗိုလ်၊ မန်းဝင်းမောင်တို့နဲ့ အိန္ဒိယကိုသွားဖို့လာတဲ့အကြောင်း၊ နေမကောင်းလို့ တကောင်းမှာကျန်ရစ်ခဲ့တဲ့အကြောင်း၊ ကျွန်တော်တို့ဟာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ ကိုယ်စားလှယ်ဖြစ်ကြောင်း၊ အိန္ဒိယကိုဆက်သွားလိုကြောင်းတို့ကို ပြောပြပါတယ်။

အမေရိကန်စစ်ဗိုလ်က သူအိန္ဒိယကို ဆက်သွယ်မပေးနိုင်ကြောင်း၊ ဒါ့အပြင် ကိုလှဖေအနေနဲ့ အင်္ဂလိပ်လက်ထက်က ကျောင်းမှာ သံမဏိအဖွဲ့ဝင်ဖြစ်ခဲ့ကြောင်း၊ ဒါ့ကြောင့် သူတို့အနေနဲ့ ဘလက်လစ် (Black List) နဲ့ အရေးယူအပြစ်ပေးရမယ့်စာရင်းထဲမှာ ပါနေတဲ့အတွက် ကိုလှဖေကို အရေးယူမှာဖြစ်ကြောင်း လေအေးအေးနဲ့ ခြိမ်းခြောက်ပါတယ်။

ဒီတော့ ကိုလှဖေ က အေအက်ဖ်အို (A. F. O.) (ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့) ရဲ့တာဝန်အရ လာတာဖြစ်ကြောင်းတို့ကို အကျယ်တဝင့် ရှင်းပြပါတယ်။ (အမှန်က မန်းဝင်းမောင်၊ သခင်ဗိုလ် တို့ဆီက လည်းကောင်း၊ ကသာ ကိုဝင်းမောင် (စာရေးသူ)၊ ကိုလှ (တောခို ဗကပ ကျဆုံး) တို့ဆီကလည်းကောင်း၊ အေအက်ဖ်အိုနဲ့ပတ်သက်တဲ့ အစီရင်ခံချက်တွေကို အပြည့်အဝရယူထားတဲ့အပြင် ကိုဝင်းမောင်၊ ကိုလှ၊ ကိုကျော်ဇော (ဒုဗိုလ်မှူးကြီးဟောင်း အေးဝင်း၊ ပျဉ်းမနား၊ အခု လယ်စိုက်ရှင်း)တို့ ကသာခရိုင် ဖ–တ–ပ–လ ခေါင်းဆောင်များဟာ အမေရိကန် (၁၀၁) တပ်ဖွဲ့

နဲ့ မှူးပေါင်းပြီး ဂျပန်ဆန့်ကျင်ရေးစစ်ပွဲကို ဆင်နွှဲဖို့ ဆက်သွယ်မိပြီးပြီဆို တာကို နောင်မှ ကိုလှဖေ သိရတယ်။

အမေရိကန်စစ်ဗိုလ်က သူ့စကားပြန်ကို ကိုလှဖေ အတွက် နေရာချထား ပေးပါလို့ ညွှန်ကြားလိုက်တယ်။ ဒီတော့ စကားပြန်က ကိုလှဖေ ကို ကသာ မြောက်ဘက် ရောဝတီကမ်းပေါ်ရှိ ပိန္နဲကုန်းရွာမှာ နေရာချပေးပါတယ်။ ဒီရွာ မှာ ကိုလှဖေ အစ်မဝမ်းကွဲရဲ့ယောက်ျား ကိုမောင်ကိုအိမ်မှာပဲ တည်းခိုလိုက် တယ်။ ဗိုလ်နယူးလင့်ကတော့ ကိုလှဖေ ကို ဒီအိမ်မှာနေဖို့ သဘောတူပါ တယ်။ ဒါပေမယ့် ကိုလှဖေ ရဲ့ အခြေအနေကို သူတို့က စောင့်ကြည့်ရဦး မယ်လို့ ပြောလိုက်တယ်။ အဲဒီမှာ ကိုလှဖေ နဲ့အတူပါလာတဲ့ ကိုလှဖေ ရဲ့ ဘဘနဲ့ ကိုဘအောင် တို့ကို တကောင်းပြန်ကြဖို့ပြောတော့ သူတို့ပြန်သွား ကြပါတယ်။

ဒီမှာတည်းခိုနေတုန်း တစ်နေ့မှာ ဖြူန်းဆို ကိုကျော်ဇောတစ်ယောက် ကိုလှဖေ ဆီ ပေါက်လာပါတယ်။ သူက ကိုလှဖေ ဒီရောက်နေပြီဆိုတာကို သတင်းရတဲ့အတွက် စုံစမ်းပြီးလိုက်လာခဲ့ကြောင်း ပြောပြပါတယ်။ သူက ကိုလှဖေ ကို အကြံပေးတာက ဗန်းမော်မြို့ရှိတဲ့ အမေရိကန် (၁၀၁) တပ်ဖွဲ့ ဌာနချုပ်ကို ပို့နိုင်းပေးဖို့၊ ဒီတော့ တစ်ဆက်တည်းမှာပဲ သူနဲ့တွေ့ကြောင်းကို အမေရိကန်တွေကို ပြောမပြဖို့ မှာခဲ့ပါတယ်။ အမေရိကန်တွေဟာ နည်းနည်း တော့ ညစ်ချင်ဟန်တူတယ်။ အဲဒီတော့ ကိုလှဖေတို့အချင်းချင်း ဆက်သွယ် တာ လိုလားဟန်မတူကြောင်းတွေကိုပါ ပြောပြပြီးပြန်သွားတယ်။

ဗိုလ်နယူးလင့်နဲ့ ကိုလှဖေတွေ့တဲ့အခါမှာ ကိုလှဖေက ဗန်းမော်မှာ ရှိတဲ့ အမေရိကန် (၁၀၁) ဌာနချုပ်ကို ပို့ပေးဖို့ တောင်းဆိုတယ်။ ပထမ တော့ သူက ဆင်ခြေတွေအမျိုးမျိုးပေးပြီး ကိုလှဖေရဲ့ တင်ပြချက်တွေကို ပုတ်ချပစ်တယ်။ သူနဲ့ ကိုလှဖေ အပြန်ပြန်အလှန်လှန် ပြောကြဆိုကြရတယ်။

နောက်ဆုံးမှာ ကိုလှဖေကို ဗန်းမော်ရှိ အမေရိကန် (၁၀၁) တပ်ဖွဲ့ဌာန ချုပ်ကို လေယာဉ်နဲ့ သူကိုယ်တိုင် ပို့ပေးပါတယ်။

ဗန်းမော်ရောက်တော့ ကိုလှဖေကို ဗန်းမော်ရှိ အမေရိကန် (၁၀၁) တပ် ဌာနချုပ်ကို ခေါ်မသွားသေးဘဲ အမှတ် (၄) စီအိုင်တီ၊ အမေရိကန်ထောက် လှမ်းရေးအဖွဲ့ရုံးကို ခေါ်သွားပြန်တယ်။ အဲဒီမှာ ထောက်လှမ်းရေးတာဝန်ခံ တွေက သူတို့ဆီမှာ ဝင်အလုပ်လုပ်ဖို့ ဆွယ်ပြန်ပါတယ်။ ကိုလှဖေ က မဖြစ်

နိုင်ကြောင်း၊ အမေရိကန်တွေနဲ့ မဟာမိတ်သဘောပူးပေါင်းလုပ်လိုတဲ့ဆန္ဒရှိကြောင်းသာ ပြောပါတယ်။ ဗန်းမော်ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသမားများအဖြစ် ဖမ်းထားတဲ့သူတွေနဲ့ သွားဆွေးနွေးနိုင်းတယ်။ တကယ်လို့ သူတို့ အမေရိကန်တွေဆီမှာ ဝင်အမှုထမ်းမယ်ဆိုရင် အားလုံးကိုလွှတ်ပေးမယ်ဖြစ်ကြောင်း ပြောပြတယ်။

အဲဒါကြောင့် ဗန်းမော်ထောင်ထဲရှိ ရဲဘော်တွေနဲ့ ကိုလှဖေ သွားတွေ့ပါတယ်။ သခင်ဘဉ်း (ကချင်ပြည်နယ်အစိုးရ သဘာပတိဟောင်း ကွယ်လွန်) ကိုဘငွေး (ယခုကချင်ပြည်နယ် လမ်းစဉ်ပါတီ) ကိုဖေတင့် (တောခိုအလံနီ ကိုရဲလွင်၊ ကျဆုံး) ကိုလှကြိုင် (ကချင်ပြည်နယ် ဇန်ကြီးဟောင်း) စတဲ့ ရဲဘော်တွေနဲ့ သခင်မင်းညိုခေါ် ဦးကျော်အေး ကိုထွန်းရွှေ (ကိုလှဖေ) စတဲ့ ရဲဘော်တွေနဲ့ တွေ့ရတယ်။ ဒီရဲဘော်တွေက အင်္ဂလိပ်ခေတ် ဂျပန်ခေတ်တို့မှာ မြန်မာ့လွတ်လပ်ရေးအတွက် ဆောင်ရွက်ခဲ့ကြတဲ့ သခင်များ၊ ကျောင်းသားသမဂ္ဂဝင်များ၊ အာရှလူငယ် အစည်းအရုံးဝင်များနဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင် ရဲဘော်များ ဖြစ်ပါတယ်။ ဒီရဲဘော်တွေက အမေရိကန် ဦးစီးတဲ့ တရုတ်တပ်တွေနဲ့ ဗန်းမော်ကို မဟာမိတ်တပ်တွေ မသိမ်းခင်ကတည်းက ပူးပေါင်းတိုက်ပွဲဝင်ခဲ့ကြတဲ့ ရဲဘော်များဖြစ်တယ်။ မုံရွာသိမ်းပြီးတဲ့ အခါကျတော့ တရုတ်တပ်တွေနဲ့ ပူးပေါင်းပြီး ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းတွေကို လုပ်ကိုင်နေတာ မလိုလားတဲ့အတွက် အားလုံးကို ဖမ်းပြီး ဗန်းမော်ထောင်ထဲထည့်ထားခြင်း ဖြစ်တယ်။

ဒီရဲဘော်တွေနဲ့ တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ကိုလှဖေလိုပဲ သူတို့က အမေရိကန် ကြေးစားတွေအဖြစ် မလုပ်ချင်ကြဘူး။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး ကိုယ်စားလှယ်များအဖြစ်နဲ့သာ ပူးပေါင်းလုပ်လိုတဲ့ ဆန္ဒရှိကြောင်း ကြေးစားအဖြစ် လက်မခံနိုင်တဲ့အတွက် ဆက်လက် ဖမ်းဆီးချုပ်နှောင်ထားရင်လဲ ထားပါစေဆိုပြီး ပြောပြကြတယ်။

ဒီသဘောထားတွေကို အမေရိကန်တွေကို ပြန်ပြောတော့ သူတို့က ကြေးစားအဖြစ်သာ လက်ခံနိုင်တဲ့ သဘောထားရှိကြောင်း ပြောပြလိုက်တယ်။ ကိုလှဖေကို ထပ်မံပြီး သူတို့ဆီမှာ ဝင်လုပ်ဖို့ စည်းရုံးပြန်ပါတယ်။ နောက်ဆုံး ကိုလှဖေက ဘယ်လိုမှ လက်မခံတဲ့အဆုံးကျမှ ကိုလှဖေကို ဝမ်းအိုဝမ်း (၁၀၁) တပ်ဌာနချုပ်ကို လိုက်ပို့ပါတယ်။

ဗန်းမော်စာမေတိုက်

၁၀၁ တပ်ဖွဲ့ရုံးဟာ ဗန်းမော်အရှေ့တောင်ဘက်ရှိ "ကုန်းမဟယ်" ရွာမှာ ဖြစ်ပါတယ်။ (ဒီ ၁၀၁ ဌာနချုပ်ရုံးဟာ မြစ်ကြီးနားမှာ ဖြစ်ပါတယ်။ မန္တလေးအထိလောက် မဟာမိတ်များသိမ်းပြီးတဲ့ အခါကျမှ မြစ်ကြီးနားကနေ ဗန်းမော်ကို ရွှေ့လာခြင်းဖြစ်တယ်။ စာရေးသူ)

ဝမ်းအိုဝမ်း ဌာနချုပ်ရောက်တော့ ကိုကျော်ဇောနဲ့ တွေ့ပါတယ်။ အမေရိကန်တွေဟာ ဖ-တ-ပ-လ ရဲဘော်တွေကို မဟာမိတ်အနေနဲ့ သဘောမထားလိုကြောင်း ကြေးစားအဖြစ်နဲ့ပဲ လုပ်စေလိုကြောင်း။ ကချင်၊ ဗမာ၊ ကရင်၊ ချင်း စတဲ့တိုင်းရင်းသား တချို့ဟာလဲ သူတို့ဆီမှာ ကြေးစားများအဖြစ် လုပ်ကိုင်နေကြောင်းတို့ကို ရှင်းပြတယ်။ နောက် မေဂျာဟဲလ်ဖရစ် (Major Baird V. Helfrich) နဲ့ မိတ်ဆက်ပေးတယ်။

ကိုလှဖေတို့ စားတဲ့အခါ ကချင်တွေနဲ့ပဲ အတူစားတယ်။ ဒါက သူတို့နဲ့ စည်းလုံးညီညွတ်ရေးအတွက် ဖြစ်တယ်။

အမေရိကန်မက်(စ်) (စားသောက်ခန်း)မှာတော့ ပေါင်မုန့်ကိုပဲ စားတယ်။ တချို့တိုင်းရင်းသား ကြေးစားတွေနဲ့ ကိုလှဖေတို့ ဖ-တ-ပ-လ ရဲဘော်တွေဟာ အမေရိကန်မက်(စ်)မှာပဲ စားကြတယ်။ သူတို့ကတော့ သူတို့နဲ့ အတူစားဖို့ ခွင့်ပြုပါတယ်။ ဒါပေမယ့် ကိုလှဖေကတော့ ကချင် လဲဗီးတွေနဲ့အတူပဲ သွားစားတယ်။ ကချင် "လဲဗီး"တပ်တွေကို ပေါင်မုန့်အစား ဆန်တွေ ထုတ်ပေးတယ်။ လဲဗီးတပ်တွေကိုတော့ သတ်သတ် ရိက္ခာ ထုတ်ပေးထားပြီး သီးသန့်ချက်ပြုတ်စားကြရတယ်။ အသီးအနှံ၊ ပဲ၊ အသားနဲ့ စပါးလုံး ရောနေတဲ့ ဆန်တွေပဲ။

**အာသံနယ်-နဇီရာ သင်တန်းစခန်း**

ကိုကျော်ဇောနဲ့ ကိုလှဖေတို့ တစ်ပတ်လောက် အတူနေရပြီးတဲ့နောက် အိန္ဒိယကို သင်တန်းတက်ဖို့ လာခေါ်တယ်။ သူတို့နဲ့အတူ အင်္ဂလိပ်ကပြား ၃-၄ ယောက်လဲ ပါလာတယ်။ ဗန်းမော်ကနေ အိန္ဒိယပြည် အာသံနယ်ရှိ နဇီရာ စခန်းကို လေယာဉ်ပျံနဲ့ သွားကြတယ်။ အာသံနယ်က ကျော်ကြားလှတဲ့ လက်ဖက်ခင်းတွေထဲက တဲတစ်တဲမှာ ကိုလှဖေတို့ကို နေရာချပေးပါတယ်။ ဒီအိမ်ပုကလေးတွေဟာ သပ်သပ်ရပ်ရပ် လှလှပပနဲ့ နေချင်စဖွယ်ပဲ။ အရင်က ဒီအိမ်ပုကလေးတွေက လက်ဖက်ခင်း ကုမ္ပဏီတွေရဲ့ အလုပ်သမားကြီးကြပ်ရေး

အရာရှိတွေနေတဲ့ အိမ်ကလေးတွေနဲ့ တူပါတယ်။ ဒီအိမ်ကလေးတွေဟာ လက်ဖက်ခင်း ကွင်းကျယ်ကြီးထဲမှာ ဒီမှာတစ်အိမ် ဟိုမှာတစ်အိမ် အလှမ်းခပ်ကွာကွာမှာ ဆောက်ထားပါတယ်။ သုံးမိုင်ခန့် ဝေးကြမယ် ထင်ပါတယ်။

ကိုလှဖေတို့ရောက်ပြီး နှစ်ရက်လောက်မှာ ကိုလှဖေနဲ့အတူ ရှိနေတဲ့ ကိုကျော်ဇောကို ခဏဆိုပြီး လာခေါ်သွားပါတယ်။ အဲဒီအချိန်ကစပြီး နဇီရာ လက်ဖက်စခန်းကို ပြန်ရောက်မလာတော့ဘူး။ နောက်တော့မှ ကိုလှဖေ သိရတာက မြန်မာပြည်ကို လေထီးနဲ့ ဆင်းသွားတယ် ဆိုတာပဲ။ ဒီမှာ စစ်သင်တန်းတွေ တက်နေရပါတယ်။ စစ်သင်တန်း တက်နေတုန်း မြန်မာပြည် အောက်ပိုင်းကို ပြန်ပို့ဖို့ ကိုလှဖေက တောင်းဆိုတယ်။ ဒါပေမယ့် ခေတ္တဆိုင်းပါဦးဆိုပြီး ပြန်မပို့ဘဲ ဆိုင်းငံ့ထားတယ်။

ဒီစခန်းမှာ အနီးကပ် တိုက်ပွဲ ဖောက်ခွဲတဲ့ အတတ်ပညာ၊ ရန်သူဆီ ချဉ်းကပ် လေ့လာနည်းစတဲ့ ထောက်လှမ်းရေးသမားတွေ ပြောက်ကျားတွေ တတ်အပ်တဲ့ စစ်ပညာတွေကို ပို့ချပေးပါတယ်။ ရုပ်ရှင်နဲ့လဲ သင်တန်းတွေကို သင်ကြားယူရတယ်။ ဂျပန်အကြောင်း ဂျပန်လက်နက်ကိုင် တိုက်ပွဲ သင်ခန်းစာ တွေ ရုပ်ရှင်နဲ့ပြတယ်။

ဥပမာဆိုကြပါစို့ ဂျပန်တွေကို အမေရိကန်တွေက လက်ပစ်ဗုံးနဲ့ ပေါက်တယ်။ လက်ပစ်ဗုံး မကွဲခင် ဂျပန်က ပြေးကောက်ပြီး အမေရိကန်တွေကို ပြန်ပေါက်တာတွေ၊ ဂျပန်တွေက အမေရိကန် ဟန်ဆောင်ပြီး အမေရိကန်တွေဆီ ချဉ်းကပ်လာတာကို အမေရိကန်က သူ့လူလို့ထင်ပြီး အမှုမဲ့အမှတ်မဲ့ နေလို့ လက်ပစ်ဗုံးနဲ့ အပစ်ခံရတာတို့၊ စကားဝှက်ကို ဂျပန်က ရအောင်ယူပြီး အမေရိကန်တပ်ထဲကို အမေရိကန်ဟန်ဆောင်ပြီး ဂျပန် တစ်ယောက်နှစ်ယောက်က အမေရိကန်တပ်ထဲ ဝင်ဖောက်ခွဲ ဖျက်ဆီးတာတို့ အဲဒီလိုဟာတွေကို ရုပ်ရှင် ပိတ်ကားပေါ်မှာ ပြသပြီး သင်တန်းပို့ချပေးတယ်။

ဂျပန်ရဲ့ စစ်ဖိနပ်သဲတို့ သူတို့သွေးနဲ့ ချွေးနံ့တွေကို အနံ့ခံရုံနဲ့ ဂျပန်မှန်း ခွဲခြားသိနိုင်တဲ့ လေ့လာနည်းတွေကိုလဲ သင်ပြတယ်။

စခန်းကို ရောက်ရောက်ချင်း မူရင်းနာမည်တွေ အားလုံးကို ဖျောက်ပစ်လိုက်ကြတယ်၊ နာမည်သစ်တွေ အစားထိုးလိုက်ရတယ်။ အဲဒီတော့ လှဖေဆိုတဲ့ ကိုလှဖေရဲ့ နာမည်ပျောက်ပြီး "ဟက်ပီး" Happy ဆိုပြီး နာမည်သစ် ပေါ်လာရတယ်။ အဲဒီတော့ အမေရိကန် လေ့ကျင့်ရေးမှူးတွေက နာမည်တွေကို 61

လွှတ်ခန့် ခေါ်ကြည့်ပြီး လူတစ်ယောက်ရဲ့ ခေါင်း (သူလျှို) ဒါမှမဟုတ် ထောက်လှမ်းရေးမှူး တစ်ယောက်ရဲ့ အရည်အချင်းကို မှတ်ကျောက်တင် ကြည့်တယ်။ အလစ်မှာ မှုရင်းအမည်ကို အမေရိကန်က ခေါ်လိုက်တယ်။ ယောင်ရမ်းလို့ ထူးလိုက်တာ မပြောနဲ့ တစေ့တစောင်းလေး ကြည့်လိုက်ရင်ကို မစွန့်တဲ့လူအဖြစ် စာရင်းသွင်းပြီး ကျောင်းက မူရင်းလာတဲ့ ဌာနချုပ်ကို ပြန်ပို့လိုက်တယ်။

ကိုလှဖေနေရတဲ့ စခန်းကတော့ (ကော) စခန်းဖြစ်တယ်။ လူမျိုးစုတွေကို အများအားဖြင့် ဒီစခန်းမှာ အရောက်များတယ်လို့ ခန့်မှန်းတွင် သိရပါတယ်။ ကိုလှဖေနဲ့အတူ ဒီစခန်းမှာ ကရင်တစ်ယောက် ကပြား လေးယောက် ပေါင်း ခြောက်ယောက်ရှိပါတယ်။ တခြား ဖ–တ–ပ–လ ရဲဘော်တွေနဲ့လဲ တွေ့ခွင့် မရဘူး။

အသိမိတ်ဆွေတွေ တွေ့လို့ရှိရင်လဲ နှုတ်မဆက်ရဘူး၊ ဘယ်မှာ တာဝန်သွားထမ်းရမယ်၊ ဘယ်မှာလေထီးနဲ့ ဆင်းရမယ်ဆိုတာတွေကို မေးပိုင်ခွင့် မရှိသလို ဖြေပိုင်ခွင့်လဲ မရှိရဘူး ဆိုတာတွေကို သင်ကြားပေးတယ်။ ဂျူဒို သင်တန်းတွေလဲ ပေးတယ်။

လေထီးသင်တန်းတွေ ပေးတယ်။ လေထီးထိန်းသိမ်းနည်း လေထီး ခုန်ဆင်းနည်း ဒါတွေကိုလဲ လက်တွေ့မဟုတ်ဘဲ သဘောတရားရေး သင်တန်း တွေကို သင်ကြားပေးတယ်။

တဲစခန်းတွေကို အေဘီစီဒီ အဲဒီလို အင်္ဂလိပ် ဗျည်းတွေနဲ့ နာမည်ပေးပြီး ခွဲခြားထားတယ်။ ဒီလို တဲစခန်းတွေ အများကြီး ရှိပေမယ့် တဲစခန်းတစ်ခုနဲ့တစ်ခု အပြန်အလှန် လည်ပတ်မှုမျိုး မလုပ်ရဘူး။ ကင့်ပ်တစ်ခုမှာ လူမျိုးတွေ စုစုထားတယ်။ ဒါပေမယ့် ဘယ်နယ်ကတို့ နာမည်ရင်းတို့ ဆိုတာတွေ မေးပိုင် ဖြေပိုင်ခွင့် မရှိဘူး။

စခန်းမှာ အမေရိကန်ပေါက် "ဂျပန်တွေရှိတယ်" သင်တန်းဆရာတွေ ဖြစ်တယ်။ သူတို့ကို နီဆေးလို့ခေါ်တယ်။ ဒီဂျပန်ဆရာတွေက ဖက်ဆစ်ဂျပန် တပ်တွေ၊ စစ်ဝတ်စစ်စား ဝတ်ပုံဝတ်နည်းတွေ၊ တပ်ဖွဲ့ပုံတွေ၊ ဂျပန်ကာကွယ်ရေး ဖွဲ့ပုံတွေ၊ စစ်ဝန်ထမ်းငှို့ ရာအိမ်မှူးတို့ ဆယ်အိမ်မှူးတို့ နောက် ဂျပန်ကင်ပေတိုင် စစ်ရဲတို့နဲ့ ပတ်သက်တဲ့ အကြောင်းတွေကို သင်တန်းပို့ချပေးတယ်။ ကိုလှဖေကလဲ ဝင်ပြီးသင်တန်းပေးရတယ်။

ဂျပန်သင်တန်း ပို့ချနေရတုန်း ကိုလှဖေက ဆပ်ဆော့ပြီး ဂျပန်ကို ဒီလိုမေး လိုက်ပါတယ်။ "ခင်ဗျားတို့အချင်းချင်း ပြန်တိုက်ရမှာဆိုတော့ ခင်ဗျားစိတ်ထဲမှာ ဘယ်လိုနေမလဲ"ဆိုပြီး မေးမိတယ်။ ဒီတော့ ဂျပန်က "ဒါက ဒီလိုရှိပါတယ်။ ကိုယ့်အိမ်ထဲမှာ ကိုယ့်မိသားစုထဲက တစ်ယောက် ယောက်ဟာ ဆိုးပေနေမယ်ဆိုရင် နှုတ်နဲ့ ဆုံးမမယ်၊ ပြောမရရင်လဲ ရိုက်နှက်ဆုံးမရင် ဆုံးမရသေးတာပဲ။ ဒီသဘောပဲ။ ကမ္ဘာမှာလဲ ဖက်ဆစ်ဝါဒနဲ့ ဒီမိုကရေစီဝါဒတိုက်ပွဲမှာ ဖက်ဆစ်ဝါဒဟာ ကမ္ဘာ့လူသားတွေကို ကောင်းကျိုး မပေးဘူး၊ ဖက်ဆစ်ဝါဒနဲ့စာရင် ဒီမိုကရေစီဝါဒဟာ ပြည်သူတွေကို စိတ်ချမ်းသာမှု ပေးတယ်။ ဖက်ဆစ်ဝါဒနဲ့ ဒီမိုကရေစီဝါဒနှစ်ခုကို ယှဉ်ကြည့်ရင် ဒီမိုကရေစီ ဝါဒဟာ မှန်တယ်လို့ ယူဆတယ်။ ဒါကြောင့် မှန်တဲ့ဘက်က ရပ်တည်ရမှာပဲ"လို့ ရှင်းပြတယ်။

ဒီလိုမေးတာကို အမေရိကန် ကပ္ပတိန်က သိလို့ ကိုလှဖေကို စိတ်ဆိုး သေးတယ်။

နောက် ကိုလှဖေတို့ သုတေသနဌာန Research and Development ကို သွားကြည့်ကြတယ်။ သူတို့ အမေရိကန်တွေရဲ့ လူရင်း အင်္ဂလိပ်ကပြား အစုတွေထဲ ကိုလှဖေ ရောက်နေတယ်။ ကပြားတွေကလဲ ကိုလှဖေအကြောင်း မသိကြဘူး။ သူတို့လိုပဲ ကြေးစားလို့ အောက်မေ့နေတယ်။ အလှည့်ကျ သင်ကြားပို့ချတဲ့ ဆရာတွေကလဲ ကိုလှဖေကို ဘာကောင်မှန်း မသိကြဘူး။ အဲဒါကြောင့် ဒီဌာနမှာ ကိုလှဖေကို ကြည့်ခွင့်ပြုတယ်။ သင်ကြားပေးတယ်။

ဂျပန် ရွှေဖရုံသီးကြိုက်တယ်ဆိုတာ အမေရိကန်တွေက သိတယ်။ ရွှေဖရုံသီးထဲမှာ တိုင်းဗုံးကိုထည့်ပြီး ဂျပန်တွေကို သတ်နည်းတွေ၊ ဝါးသုံးတတ် မှန်း၊ အိုးကြိုက် မှန်းသိလို့ ဒါတွေထဲမှာ ထည့်နည်း၊ မှောင်တိန်ပင် သေနတ် သုံးနည်း၊ ဂျပန်တွေကိုသတ်နည်း၊ နောက်ပိုက်ဆံအိတ်လိုဟာမျိုး ခရုခွံလိုဟာမျိုး၊ စားပွဲတင် အချက်ပေးခလုတ်၊ အဲလိုပစ္စည်းကလေးတွေကအစ ပေါက်ကွဲစေ တတ်တဲ့ ဗုံးကို ထွင်ထားတာမျိုးတွေကိုလဲ တွေ့ရတယ်။ Booby Trap ခေါ်တဲ့ ဗုံးထောင်နည်း အမျိုးမျိုးလဲ သင်ကြားပေးတယ်။ သူတို့လက်နက်တွေ၊ ဂျပန်လက်နက်တွေ အသုံးပြုနည်းလဲ သင်ကြားပေးတယ်။ နာမည်ကြီးတဲ့ ဘဇူးကား Bazooka သေနတ်လဲ ကိုလှဖေတို့ ပစ်ခဲ့ရတယ်။

တစ်နေ့မှာ ကိုလှဖေကိုခေါ်ပြီး ဆွေးနွေးတယ်။ တောင်ငူမှာရှိတဲ့ "ဆိုင်ဂျီ"ခေါ်တဲ့ ဂျပန်ကင်ပေတိုင် စစ်ရဲကို ဖမ်းပေးဖို့ ပြောလာတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာပြည်ကို ပြန်ရရင် ပြီးရော၊ ကိုယ့်လူတွေနဲ့လဲ ပြန်တွေ့ရမှာပဲဆိုတဲ့ အသိနဲ့ သူတို့ပေးတဲ့ တာဝန်ကို ကိုလှဖေ လက်ခံလိုက်တယ်။ ကိုလှဖေ တစ်ယောက်တည်းကို ခေါ်ပြီး သီးသန့်လေ့ကျင့်ရေးတစ်ခု သပ်သပ်ပေးတယ်။ ဒါက တန်ပြန်ထောက်လှမ်းရေး အတတ်ပညာဆိုင်ရာ သင်တန်းဖြစ်တယ်။ ဂျပန်တပ်ရင်းတပ်ခွဲ တပ်စုတပ်စိပ် တပ်မှူး၊ တပ်ဗိုလ်၊ တပ်ကြပ်၊ တပ်သားတွေ ပါတဲ့ စာရင်း စာအုပ်ကို ကိုလှဖေကိုပြတယ်။ ဒီသင်တန်းပြီးတော့ လေထီးသင်တန်း သပ်သပ် ကိုလှဖေကို ပေးပြန်တယ်။ ကိုလှဖေနဲ့ လိုက်ပါမယ့် လူတွေကို လေထီးသင်တန်း ပေးတယ် မပေးဘူး ဆိုတာတော့ ကိုလှဖေ မသိလိုက်ဘူး။

ကိုလှဖေတို့ ခြောက်ယောက်အစုကို အမေရိကန် အရာရှိတစ်ယောက်က ကားနဲ့လာခေါ်တယ်။ ကိုလှဖေတို့အထဲက ကပြားတစ်ယောက်ကတော့ အကျရောဂါရှိတာနဲ့ ချန်ထားခဲ့တယ်။ အဲဒီကနေ ဗန်းမော်ကို လေယာဉ်ပျံနဲ့ ပို့ပေးတယ်။ အမေရိကန် ၁၀၁ ဌာနချုပ်ကို ရောက်လာတယ်။ အဲဒီမှာ ဆင်းဖို့ အချိန်စောင့်ရင်း တောင်ငူကျသွားတာနဲ့ ကိုလှဖေတို့ မဆင်းလိုက်ရ တော့ဘူး။

ကိုလှဖေရောက်ပြီး မကြာခင် ကသာကိုလှ လေထီးနဲ့ဆင်းပြီး မန္တလေးက ပြန်ရောက်လာတယ်။ ကိုလှဖေတို့ နှစ်ယောက် ကချင်မက်(စ်)မှာပဲ စားတယ်။ အမေရိကန်တွေရဲ့ ကိုလှဖေတို့အပေါ်ထားတဲ့ သဘောထားတွေကို ကိုလှဖေတို့က မကြိုက်ကြဘူး။ သူတို့က ကိုလှဖေတို့ကို ကြေးစားအဖြစ်သာ ထားလို ကြတယ်။

ဂျပန်ဆန့်ကျင်ရေးသမားတွေအဖြစ် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့ လွတ်လပ်ရေး အဖွဲ့ရဲ့ ကိုယ်စားလှယ်တွေအဖြစ် အသိအမှတ် မပြုချင်ကြဘူး။ ဒါကြောင့် တစ်ခါတစ်ခါ ဒီအမေရိကန် ဌာနချုပ်စခန်းကြီးကို မီးရှို့ပြီး ထွက်ပြေးဖို့တောင် စိတ်ကူးခဲ့တဲ့အထိ အမေရိကန်တွေကို နာကြည်းရတယ်။

အမေရိကန်တွေက ကိုလှဖေတို့ကို ဟုတ်ဟုတ်ငြားငြား စာဖွဲ့ ကျန်ရစ်ခဲ့ လောက်အောင် လက်နက်အကူအညီတွေ မပေးခဲ့ဘူး။ ထောက်လှမ်းရေး သမားတွေအဖြစ်နဲ့သာ သဘောထားကြတယ်။ အမေရိကန် မေဂျာတွေနဲ့

ဆွေးနွေးတဲ့အခါမှာ "ခင်ဗျားတို့ဂျာသာ ကျွန်တော်တို့ကို လက်နက် တပ်ဆင်ပေးရင် အင်္ဂလိပ်တွေက ကုန့်ကွက်လိမ့်မယ်လေး ဘာလေးနဲ့ ဆင်ခြေပေးပြီး ပြောနေတာ၊ တကယ်ကျတော့ အင်္ဂလိပ်တွေက ခင်ဗျားတို့ထင်သလို မဟုတ်ဘူး၊ ကိုလှဖေတို့ အေ အက်ဖ်အို တပ်တွေကို အဘောမသတ်နိုင်အောင် လက်နက်ခဲယမ်းမီးကျောက် ဆေးဝါးတွေ ထုတ်ပေးတယ်"လို့ ကိုလှဖေတို့က ခပ်ဝင့်ဝင့် ခပ်ကြွားကြွား ပြောပြလိုက်တယ်။ တကယ်လဲ အင်္ဂလိပ်တွေက လက်နက်ခဲယမ်းမီးကျောက်တွေ ချပေးတာလဲ အမှန်ပဲ ဖြစ်ခဲ့တယ်။

ဒီလို ကိုလှဖေတို့က ပြောလိုက်တော့ အမေရိကန်တွေက ဆွေ့ဆွေ့ခုန်ပါလေရော။ အင်္ဂလိပ်တွေက တကယ်ပဲ ထောက်ပံ့သလားဆိုပြီး အံ့သြတဲ့ အမူအရာနဲ့ မေးကြတယ်။ သူတို့ အင်္ဂလိပ်တွေကိုလဲ မေးမယ်လို့ ကိုလှဖေတို့ကို ပြောပြပါတယ်။

ဝမ်းအိုဝမ်း (၁၀၁) ဌာနချုပ်မှာ ကိုလှဖေတို့ ရှိနေစဉ် တစ်နေ့မှာ ကိုလှမင်း (ရှမ်းပြည်လှမင်း အခုလိုင်းပေါင်းစုံ မော်တော်ယာဉ်) ရောက်လာတယ်။ သူက မိုးကုတ်မိုးမိတ်နယ်မှာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ကို ခေါင်းဆောင်လုပ်နေရာကနေ မဟာမိတ်တပ်တွေ လာတော့ ဝင်ပြီး အဆက်အသွယ်လုပ်တယ်။ သူဆက်သွယ်မိတဲ့ တရုတ်တပ်တွေက သူ့တင်ပြချက်တွေကို လက်မခံဘူး၊ သူ့ကို တရားခံအဖြစ် ဖမ်းဆီး ထားပြီး သူတို့အလုပ်တွေကို လုပ်ခိုင်းတယ်။ နောက်ဆုံး သူတို့စီးတဲ့ ခြေအိတ်တွေကို လျှော်ပေးရတဲ့အထိ ခိုင်းစေခဲ့တယ်။ သူ့တစ်ကိုယ်လုံးလဲ ဂျပန်နာခေါ်တဲ့ ဝဲတွေနဲ့။

နောက်သခင်ဖေတင့်တို့ ရောက်လာတယ်။ နောက် ကိုမောင်မောင် (ဗိုလ်မှူးကြီးဟောင်း တင်စိုး)တို့လဲ ရောက်လာတယ်။

• ရပ်စောက်စော်ဘွား၊ မိုင်းပွန်စော်ဘွားတို့လဲ ရောက်လာကြတယ်။ သူတို့နဲ့ ကိုလှဖေတို့နဲ့ ဂျပန်ဆန့်ကျင်ရေးနဲ့ ပတ်သက်တဲ့အကြောင်း ဖ–တ–ပ–လ အဖွဲ့ အကြောင်းတို့ကို တွေ့ဆုံဆွေးနွေးကြတယ်။ မိုင်းပွန်စော်ဘွားကြီးကတော့ တက်တက်ကြွကြွရှိလာတယ်။ ရပ်စောက်စော်ဘွားကြီးကတော့ ခပ်အေးအေးပဲ။ မိုင်းပွန်စော်ဘွားကြီးရဲ့ သဘောအတိုင်းပဲတဲ့။ သူလဲဗမာတွေနဲ့ ပေါင်းပြီး လုံးဝလွတ်လပ်ရေးကို အလိုရှိတဲ့အကြောင်း ပြောပြတယ်။

သိန္နီစော်ဘွားကြီးလဲ ဗန်းမော်ကို ရောက်လာပြန်တယ်။ သူ့ကိုတော့ အိမ်တစ်အိမ်မှာ နေရာချပေးထားတယ်။ သူ့ဆီတော့ သိပ်မရောက်ဘူး။ သူကတော့ ခပ်အေးအေးနေလိုတဲ့ သဘောရှိတယ်လို့ ကြားရတယ်။ ညောင်ရွှေ စော်ဘွားကြီး ကိုယ်တိုင်ကတော့ ဂျပန်နဲ့ဝေးရာ တိမ်းရှောင်နေတယ်ဆိုတဲ့ သတင်း ကြားသိရတယ်။ ဒီစော်ဘွားတွေဟာ ဂျပန်ဖက်ဆစ်နဲ့အတူ လိုက်ပါမသွားရအောင် တိမ်းရှောင် ထွက်ပြေးနေကြရတယ်။ ဝမ်းအိုဝမ်း (၁၀၁) တပ် လက်အောက်ရှိ လဲဗီးတပ်တွေက စော်ဘွားတွေနဲ့ အဆက်အသွယ် ရအောင် ယူပြီး ရှေ့တန်းစစ်မျက်နှာကနေ လေယာဉ်ပျံနဲ့ ဝမ်းအိုဝမ်း (၁၀၁)တပ် ဌာနချုပ်ရုံးကို ရောက်လာခြင်းဖြစ်တယ်။

အမေရိကန်တွေက တောင်တန်းဒေသ တစ်လျှောက်မှာ သူတို့ဩဇာ ပျံ့နှံ့ဖို့အတွက် ဒီစော်ဘွားတွေကို အခေါ်ခံခြင်းပါ။ ကိုလှဖေတို့ကလဲ ကိုယ့်သွေးချင်းသားချင်းတွေဖြစ်တဲ့ ရှမ်းစော်ဘွားတွေ လွတ်လပ်ရေး သတိရှိဖို့ မြေပြန့်တောင်တန်း လက်တွဲမဖြုတ်တမ်း လက်တကမ်းရှိ လွတ်လပ်ရေးကို ပူးတွဲတိုက်ကြဖို့ဆိုတာတွေကို ဆွေးနွေးပြကြရတယ်။

ဒီလို သခင်ဖေတင့် ကိုမောင်မောင်နဲ့ ကိုလှဖေတို့ ဖ–တ–ပ–လ ရဲဘော်တွေက စော်ဘွားတွေနဲ့ ဆွေးနွေးပြီးတဲ့အခါမှာ သူတို့နယ် အခြေအနေ လုံး၀ အန္တရာယ်ကင်းရင် ကင်းသလို ပြန်သွားကြပါတယ်။ သူတို့ ဝမ်းအိုဝမ်း (၁၀၁) ဌာနချုပ်မှာ ရှိနေစဉ်အတွင်းမှာတော့ အမေရိကန်တွေက အကောင်းဆုံး ပြုစုစောင့်ရှောက် ထားတယ်။ သခင်ဖေတင့် အိန္ဒိယရှိ ကိုသိန်းဖေနဲ့ ဆွေးနွေးဖို့ မေဂျာဟဲဖရိတ်နဲ့အတူ လေယာဉ်ပျံနဲ့ ကလ္လကတ္တားကို ထွက်သွားကြတယ်။

အမေရိကန် ဝမ်းအိုဝမ်းဌာနချုပ်မှာ တစ်ပြည်လုံးက ဖ–တ–ပ–လ အဖွဲ့ဝင် (၃၀)လောက်ရှိတယ်။ နောက် ကိုဝင်းမောင်(စာရေးသူ ကျော်ဝင်းမောင်) တစ်ယောက်လဲ ကသာက ပြန်ရောက်လာပြန်တယ်။ လူထုဒေါ်အမာနဲ့ ဒေါ်ဦးတို့ ညီအစ်မလဲ ရောက်လာတယ်။ မကြာခင် ရန်ကုန်ကျသွားတဲ့အတွက် ကိုလှဖေတို့အနေနဲ့ ဆက်လက်ပြီး အမေရိကန်နဲ့ ပူးပေါင်းလုပ်စရာ မရှိတော့ တဲ့အတွက် မိမိတို့ဆိုင်ရာ ဆိုင်ရာကို ပြန်ကြပါတော့တယ်။

---

ဗန်းမော်စာအုပ်တိုက်

**ဗိုလ်မှူးဗထူးရဲ့ နောက်ဆုံးရက်များ**

မန္တလေးကို ဇန်းမော်က လေယာဉ်ပျံနဲ့ ပြန်ရောက်ပြီးတဲ့နောက် ကိုလှဖေဟာ ဗိုလ်မှူးဗထူးရှိရာ "တယ်လူး"စခန်းကို လိုက်သွားပါတယ်။ ဗိုလ်မှူးနဲ့ တွေ့တော့ အမေရိကန်တွေရဲ့ သဘောထားတွေကို ပြောပြပါတယ်။ ဗိုလ်မှူးကလဲ ဒါတွေကို သူကြိုပြီးမြင်ခဲ့တဲ့အကြောင်း၊ ဒါကြောင့် မန္တလေးတုန်းက မဟာမိတ်တွေအပေါ်မှာ မှီခိုအားထားလိုတဲ့စိတ်ထက် ကိုယ့်အားကိုယ်ကိုးဖို့ အရေးကြီးတယ်ဆိုတဲ့ အကြောင်း သူကြိုပြီး ပြောဖူးတာ သတိမေ့ပြီလား လို့တောင်မေးကြောင်း သူက ပြောပြပါတယ်။

ဒီအချိန်မှာ ဗိုလ်မှူးရဲ့ ကျန်းမာရေး အခြေအနေဟာ ဆိုးနေပါတယ်။ ဒီတော့ ဗိုလ်မှူးကို ကျောက်ဆည်ဖြစ်ဖြစ် မန္တလေးပဲဖြစ်ဖြစ် ပြန်ပြီးဆေးကုသဖို့ အကြံပေး တိုက်တွန်းပါတယ်။ အဲဒီမှာ ဗိုလ်မှူး တော်တော် စိတ်ဆိုးသွားတယ်။ သူ့မျက်လုံးတွေထဲ မီးတောက်လာတယ်လို့ ထင်ရတယ်။ ကိုလှဖေကို စူးစိုက်ကြည့်နေတဲ့ သူ့မျက်လုံးကိုတောင် ကိုလှဖေ မကြည့်ရဲတော့ဘူး၊ ငှက်ဖျားကြောင့် ဖြူဖပ်ဖြူရော် ဖြစ်နေတဲ့ သူ့မျက်နှာဟာလဲ ဒေါသအရှိန်ကြောင့် နီရဲလာတယ်လို့ ထင်ရတယ်။ အဲဒီမယ် သူက

"ဒီမယ် လှဖေ မင်းကို ငါသင်ကြားပေးခဲ့တာတွေကို မင်းကောင်းကောင်း အသုံးမချတတ်ဘူး"လို့ဆိုပြီး သူ့စကားကို ရပ်လိုက်ပါတယ်။ ပြီးတော့ သူ့ကိုယ်သူ ထွက်နေတဲ့ ဒေါသကို ဖြေဖျောက်ဟန် တူပါတယ်။ ဘာစကားမှ ဆက်မပြောဘဲ ခဏနားနေလိုက်တယ်။ နောက်မှ သူ့စကားကို ဒီလို ဆက်ပြန်ပါတယ်။

"ဒီလို ရန်သူအင်အား အဆမတန် ကြီးပြီး ကိုယ့်အင်အားက ရန်သူနဲ့ ဘယ်လိုမှ နှိုင်းစာမရအောင် နည်းနေတဲ့အချိန်မှာ၊ ပြီးတော့ လက်နက် ခဲယမ်းမီးကျောက် ဆေးဝါးရိက္ခာကအစ အစစအရာရာ ချို့ငဲ့နေတဲ့ ဒီလို အခါမှာ ငါက တစ်ကိုယ်ကောင်းဆန်ပြီး ဆေးသွားကုနေမယ်ဆိုရင် ငါရဲ့ ရဲဘော်တွေ ဘယ်လောက် စိတ်ဓာတ်ကျမလဲဆိုတာ နည်းနည်းပါးပါးများ မင်းစဉ်းစားမိရဲ့လား။ သူတို့ စိတ်ဓာတ်ကျဆင်းပြီး ရန်သူကို တိုက်နေတဲ့ တိုက်အား နည်းသွားရင်၊ ခမ်းခြောက်သွားရင် ရန်သူက တို့တပ်တွေကို ဖိတိုက်လာမယ်။ ဒီတော့ တစ်စတစ်စနဲ့ ရန်သူက ရှုံးထားတဲ့ နယ်တွေကို

ပြန်သိမ်းလာရင် ကျောက်ဆည်၊ မန္တလေးစတဲ့ မြို့တွေမှာ ရန်သူလက် ပြန်ရောက်လာနိုင်စရာ ရှိတယ်။ အဲဒီတော့ ပြည်သူတွေ ပြန်ပြီး ဒုက္ခ ရောက်လာမယ်။ ဒါကို မင်းမစဉ်းစားမိဘူးလား"လို့ လေအေးအေးနဲ့ ဆွေးနွေးပြပါတယ်။ ဒါနဲ့ကိုလှဖေက "ဟုတ်ကဲ့ ဗိုလ်မှူး၊ ကျွန်တော် စေတနာနဲ့ ပြောမိတာပါ"လို့ ပြန်ဖြေလိုက်ရင်ပဲ

"အေး ရေဒီယိုနားထောင်ရအောင် ဖွင့်စမ်းပါဦးကွာ"လို့ ပြောပါတယ်။ ကိုလှဖေလဲ ဟုတ်ကဲ့ဆိုပြီး ရေဒီယို ဖွင့်ပါတော့တယ်။

အဲဒီလို ဗိုလ်မှူးနဲ့အတူနေပြီး ဗိုလ်မှူးပေးတဲ့ တာဝန်တွေကို ထမ်းဆောင် နေရာက နေ့တစ်နေ့မှာ တိုင်း (၆) စစ်ရေး ခေါင်းဆောင် ဗိုလ်မှူးရဲထွင့်ဆီကို ဆက်သားအဖြစ် သွားဖို့တာဝန်ပေးလိုက်ပါတယ်။ အဲဒီမှာ ဗိုလ်မှူးကို အလေးပြုပြီး ကိုလှဖေ ပျဉ်းမနားဘက်ကို ထွက်ခဲ့ပါတယ်။

ဒါဟာ နောက်ဆုံးအနေနဲ့ ဗိုလ်မှူးကို အလေးပြုခဲ့ရခြင်း ဖြစ်တယ်ဆိုတာကို ကိုလှဖေအနေနဲ့ မတွက်ခဲ့မိဘူး၊ တိုင်း (၆)က တာဝန်ပြီးဆုံးပြီး ဗိုလ်မှူးဗထူးဆီကို ပြန်လာတဲ့အခါမှာ ဗိုလ်မှူးတစ်ယောက်ကတော့ ငှက်ဖျားရောဂါ ဖိစီးမှုကြောင့် ကွယ်လွန်ခဲ့ပြီဆိုတာ ရင်နင့်ဖွယ်ကောင်းတဲ့ သတင်းကို ဆီးကြားလိုက်ရပါတယ်။ ဒီသတင်းကြောင့် ဝမ်းနည်း ကြေကွဲမှု ရင်ဆို့မှုတို့ကို အတိုင်းအဆမရှိ ခံစားရပါတယ်။

ရဲဘော်တွေဟာ မိဘနဲ့တူတဲ့ တပ်မှူးကောင်း၊ ခေါင်းဆောင်ကောင်း တစ်ယောက် ကျဆုံးရတဲ့အတွက် ဝမ်းနည်းကြေကွဲ ဖြစ်ကြရပါတယ်။ ဒါပေမယ့် ဝမ်းနည်းကြေကွဲနေရုံနဲ့လဲ မပြီးတဲ့အတွက် ဗိုလ်မှူးရဲ့ အရိုးအိုးကို ရင်ဝယ်ပိုက်ပြီး ရန်သူအပေါ် အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်နဲ့ အောင်ပန်း မြို့ကို တိုက်ယူ သိမ်းပိုက်လိုက်နိုင်ကြပါတယ်။

နယ်ချဲ့သမားတွေနဲ့ ပတ်သက်လာရင် နယ်ချဲ့သမားတွေဟာ ကျွန်ပြု ခံထားရတဲ့ ကိုလိုနီ တိုင်းပြည်တွေနဲ့ လွတ်လပ်ခါစ တိုင်းပြည်တွေအတွက် ဘယ်တော့မှ အားကိုးယုံစားလို့ မရဘူးဆိုတာရယ်၊ ပြီးတော့ ပြည်တွင်း သစ္စာဖောက်ကို နယ်ချဲ့သမားတွေက မွေးထုတ်ပြီး လက်ကိုင်တုတ်လို အသုံးပြုပြီး ဒီနိုင်ငံတွေကို ကျွန်ပြုဖို့ လုပ်ကြမှာပဲဆိုတာကို သဘောပေါက်ဖို့ ဖြစ်ပါတယ်။

ဝင်းမော်စာပေတိုက်

ရဲဘော်လှမေ။ ။အဖ ဦးသိန်းကျော်၊ အမိဒေါ်ကျင်တို့မှ မွေးဖွားလာတဲ့ သားဖြစ်ပါတယ်။ မြစ်ကြီးနားသားပါ။မြစ်ကြီးနား အစိုးရ အထက်တန်းကျောင်းမှာ ကျောင်းသားဘဝမှာ ကျောင်းသား များ သမဂ္ဂမှာ ပါဝင်ခဲ့တယ်။ သံမဏိကျောင်းသား တပ်ဖွဲ့ဝင် ဖြစ်ပါတယ်။ ဒို့ဗမာ အစည်းအရုံး အဖွဲ့ဝင် ဖြစ်ပါတယ်။ ဘီ–အိုင်–အေ၊ ဘီ–ဒီ–အေ၊ ဘီ–ပီအက်(ဖ်)ခေတ်သုံးခေတ် စလုံးမှာ ပါဝင်ခဲ့တယ်။ စစ်ပြီးတဲ့နောက် မြန်မာ့တပ်မတော် အသစ်ပြန်ဖွဲ့တဲ့ အခါမှာ ပြန်တမ်းဝင် အရာရှိအဖြစ်နဲ့ စတင်ခဲ့ရပါတယ်။ ၁၉၄၇ ခုနှစ်မှာအင်္ဂလန်ရှိ War Minister ဗိုလ်သင်တန်းကျောင်းမှာ တက်ရောက်ပညာ သင်ခဲ့ရတယ်။ အဲဒီကနေ မေမြို့ ဗိုလ်သင်တန်းကျောင်းမှာ တက်ရောက်ပညာ သင်ခဲ့ရတယ်။ အဲဒီကနေ မေမြို့ ဗိုလ်သင်တန်းကျောင်းမှာ တာဝန် ဆက်ယူရတယ်။ ၁၉၄၉ ခုမှာ ဗ–က–ပအဖြစ်နဲ့ တောခိုခဲ့တယ်။ သုံးပါတီ စစ်လေ့ကျင့်ရေးကျောင်းမှာ စစ်လေ့ကျင့်ရေးဌာနချုပ်မှူးအဖြစ်နဲ့ အဖမ်းခံရတယ်။ ထောင် (၁၀)နှစ်ကျတယ်။ ထောင်က လွတ်ခဲ့ပြီး အခု မန္တလေးမှာ ပုံနှိပ်လုပ်ငန်းကို လုပ်ကိုင်နေတယ်။ လူထုဒေါ်အမာရဲ့ ညီမ ဒေါ်တင်တင်နဲ့ (၄၇) ခုနှစ်မှာ အိမ်ထောင်ပြုခဲ့တယ်။ အခု သားသမီး လေးယောက်အပြင် မြေးများနဲ့အတူမန္တလေးမှာ နေထိုင်လျက် ရှိပါတယ်။

* * *

## ၅။ ရဲဘော်ထွန်းအေး

(ကျွန်တော်ရဲ့ ဝမ်းအိုဝမ်းနဲ့ မြန်မာ့မြေအောက် တော်လှန်ရေးဆိုတဲ့ သမိုင်းဝင်စာအုပ်မှာ ဖော်ပြထားခဲ့တဲ့အတိုင်း ကျွန်တော်ဟာ မင်းကွန်းမှာ ဂျပန်အဖမ်းကိုခံခဲ့ရပြီး ရဲဘော်တွေရဲ့အကူအညီနဲ့ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း၊ အဲဒီကအမေရိကန် ဝမ်းအိုဝမ်းဌာနချုပ်ရှိရာ ဇန်းမော်ကို ပြန်ခဲ့ကြောင်း၊ အဲဒီကနေ သခင်ဖေတင့်နဲ့အတူ မန္တလေးကို စီ–၆၄ လေယာဉ်နဲ့ သွားခဲ့တဲ့အကြောင်း၊ မန္တလေးကိုသွားရတာဟာ အောက်ဗမာပြည်ကို ကျွမ်းကျင်တဲ့ ရဲဘော်တွေကိုရှာပြီး ဂျပန်တော်လှန်ရေးကာလမှာ လေထီးနဲ့ချပေးဖို့ ဖြစ်တယ်။ အဲဒီမှာ ရဲဘော်ထွန်းအေးကိုတွေ့ရှိပြီး သခင်ဖေတင့်နဲ့ ကျွန်တော်တို့က ဝမ်းအိုဝမ်းဌာနချုပ်ကို လွှတ်ခဲ့တဲ့အကြောင်းတွေကို အကျယ်တဝင့် ရေးသားခဲ့ပါတယ်။

စာရေးသူ)

အောက်မြန်မာပြည်က ရဲဘော်ထွန်းရင်က အထက်မြန်မာပြည် ဖက်ဆစ်ဆန့်ကျင်ရေး ခေါင်းဆောင် ရဲဘော်စံညွန့်ခေါ် ရဲဘော်ကျော်သန်းနဲ့တွဲပြီး ဖက်ဆစ်ဆန့်ကျင်ရေးအတွက် စည်းရုံးရင်းက ရဲဘော်ထွန်းအေးကိုတွေ့ပြီး ခေါ်ခဲ့လို့ ရဲဘော်ထွန်းအေး မန္တလေးကို ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။

ရဲဘော်ထွန်းအေး ဝမ်းအိုဝမ်း ဌာနချုပ်ကိုရောက်ပြီး အောက်မြန်မာပြည်ကို လေထီးနဲ့ ဆင်းဖို့ရာမှာ အိန္ဒိယက ဗိုဒ် ၁၃၆ တပ်ဖွဲ့မှာလို လေယာဉ်ပျံပေါ်က

မဆင်းခင် ဂျက်ဆိုလေယာဉ်ကွင်းမှာ သွားရောက်ပြီး သင်တန်းတက်လေ့ကျင့်ရခြင်းမျိုး မရှိပါဘူး။

အမေရိကန် ဝမ်းအိုဝမ်းမှာ လေထီးနဲ့ ခုန်ချရတဲ့ သဘောလောက်ပဲ မြေပြင်မှာ သင်ကြားပြတယ်၊ လေယာဉ်ပေါ်က လက်တွေ့လေထီးနဲ့ လေ့ကျင့်မှုမျိုးတွေ မလုပ်ရဘူး။ အဲဒီလို လေ့ကျင့်မှုမရှိဘဲ တိုက်ရိုက်ခုန်ချဖို့ ပြောပါတယ်။

ဒီတော့ ရဲဘော်ထွန်းအေးက "ကျွန်တော်ဟာ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင်ပါ။ လေ့ကျင့်ရေး မလုပ်ရဘဲနဲ့ လေထီးနဲ့ ခုန်ချမှာပါ။ ကိုယ့်တိုင်းပြည် လွတ်လပ်ရေးအတွက် လုပ်ရမှာမို့သေချင်လဲ သေပါစေတော့ ဂုဏ်ယူပါတယ်"လို့ ပြောတယ်။

ဒီတော့ အမေရိကန်အရာရှိတွေက–

"အို အို ခင်ဗျားတို့ မသေရဘူး၊ အမေရိကန်လေထီးတွေက စိတ်ချရပါတယ်"ဆိုပြီး ပျာပျာသလဲ ပြောပါတယ်။

ဒီလိုနဲ့ဘဲ ရဲဘော်ထွန်းအေးဟာ မြေပြင်မှာပဲလေ့ကျင့်ပြီး အောက်မြန်မာပြည် ညောင်တုန်းမြို့နယ်ကို သွားဆင်းဖို့ စီစဉ်ပါတယ်။ သူတို့ မဆင်းခင် ကိုထွန်းရှိန်နဲ့ ဂျူးလူမျိုးတစ်ယောက်နဲ့ အခြားမြန်မာတစ်ယောက် ပေါင်း သုံးယောက် ညောင်တုန်းနယ်ထဲကို လေထီးနဲ့ ဆင်းခဲ့ကြတယ်။ သူတို့ကို အောက်က ကြိုမယ့်အဖွဲ့ မရှိဘဲ Blind drop မျက်ကန်းခုန်ချတဲ့ သဘောမျိုးနဲ့ ခုန်ချရတယ်။ ကိုထွန်းရှိန်က ရန်ကုန်သားဆိုတော့ အဲဒီဘက်တွေလဲ ရောက်ဖူးတယ်။

သူတို့အောက်ရောက်တော့ ကြိုမယ့်သူက မရှိတော့ ရွာသားတွေကပဲ သူတို့ကို ကြိုရတဲ့အဖြစ်ပါ။ သူတို့မှာ ၃၂ ပစ္စတိုက ၉ လက်၊ စတင်းဂန်းက ၂၁ လက် ဖောက်ခွဲရေးပစ္စည်းတွေနဲ့ ဝါယာလက်စက် တစ်လုံးလဲပါလာတယ်။ ကိုထွန်းရှိန်တို့ သုံးယောက်ကို ရွာသားတွေက ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဆီ လာအပ်ကြတယ်။ အဲဒီမှာ ရဲဘော်ကျော်ဝင်း (ရဲနီကျော်ဝင်း၊ ရန်ကင်းမှာနေ) တို့နဲ့ တွေ့ကြတယ်။

ရွာသားတွေ သူတို့ကို ခေါ်လာတုန်းက အတော်စိုးရိမ်ကြောင့်ကြပြီး တဆတ်ဆတ် တုန်နေကြတယ်။ ကိုထွန်းရှိန်က ရဲဘော်ကျော်ဝင်းကို မြင်လိုက်တော့ "ဟော, ခင်ဗျား ကိုလှကြည် မဟုတ်လား "လို့ မေးလိုက် ပါတယ်။ "အေး ဟုတ်တယ် မင်း ထွန်းရှိန် မဟုတ်လား"လို့ ဖြေဖြေမေးမေး

လုပ်လိုက်တယ်။ အဲဒီမှာ ကိုထွန်းရှိန်လဲ ဝမ်းသာအားရနဲ့ ရဲဘော်ကျော်ဝင်းကို ပြေးဖက်လိုက်တယ်။ စောစောက တုန်ယင်ပြီး ကြောက်စိတ်ပေါ်နေတဲ့ ကိုထွန်းရှိန်တို့ လူစုလဲ ကြောက်စိတ်တွေ လွင့်သွားပါတော့တယ်။

ကိုထွန်းရှိန်တို့ အဖွဲ့ဟာ ဝမ်းအိုဝမ်းက ကြေးစားများသာ ဖြစ်ပါတယ်။ ရဲဘော်ကျော်ဝင်းတို့ကလဲ ကိုထွန်းရှိန်တို့ လိုတာတွေကို ဆောင်ရွက်ပေးပါတယ်။ ဂျပန်သတင်းတွေကိုလဲ ဌာနချုပ်ကို ပို့ပေးတယ်။ ဖောက်ခွဲရေးတွေလဲ လုပ်ကြတယ်။

ကိုထွန်းရှိန်တို့ဆင်းပြီးနောက် တစ်ပတ်လောက်မှာ လေထီးအဖွဲ့တစ်ဖွဲ့ ထပ်ဆင်းလိမ့်မယ်လို့ ဝမ်းအိုဝမ်းဌာနချုပ်က ကြိုးမဲ့ကြေးနန်းပို့လိုက်တယ်။ ညညမှာ ရဲဘော်ကျော်ဝင်းတို့က အောက်ကမီးတွေဖိုပြီး စောင့်တယ်။ တစ်ည မှာတော့ လေယာဉ်ပျံသံကြားရပါတယ်။ သူတို့စောင့်တဲ့နေရာမှာ ဆင်းလာတာကို မတွေ့လိုက်ရဘူး၊ တစ်နေရာမှာ လူနဲ့လက်နက်တွေချပြီး ပျံသွားတယ်။ အဲဒီအဖွဲ့ဟာ ရဲဘော်ထွန်းအေးတို့အဖွဲ့ပဲ ဖြစ်ပါတယ်။

ရဲဘော်ထွန်းအေးတို့လဲ တခြားဖက်ဆစ်တော်လှန်ရေးအဖွဲ့တွေနဲ့ ပေါင်းပြီး ဂျပန်လက်နက်ချတဲ့အထိ အဲဒီမှာ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများကို လုပ်ကိုင်ကြတယ်။ ရဲဘော်ကျော်ဝင်းတို့နဲ့ ရဲဘော်ထွန်းအေးတို့အဖွဲ့ လုံးဝ မတွေ့လိုက်ရပါ။

တာဝန်တွေပြီးတော့ ရဲဘော်ထွန်းအေးတို့ ဝမ်းအိုဝမ်း ဌာနချုပ်ကို ပြန်ကြရတယ်။ အဲဒီကနေ မန္တလေးကို ပြန်ကြရတယ်။

**ရဲဘော်ထွန်းအေး။** ။ ညောင်တုန်းမြို့နယ် ရန်ကင်းစံရာရွာ ဇာတိဖြစ်ပါတယ်။ ဂျပန်တော်လှန်ရေးကာလတွင် ကွန်မြူနစ်ပါတီဝင်ဖြစ်ပြီး အထက်မြန်မာပြည်ကိုရဲဘော်ထွန်းရင်း၇ တစ်ဆင့် ရောက်လာတယ်။ အထက်မြန်မာပြည် လေထီးတပ်သား အဖြစ် ရွေးချယ်စေလွှတ်ခြင်းခံရပြီး ဝမ်းအိုဝမ်း ဌာနချုပ်မှ ညောင်တုန်းနဲ့ မနေဖြူကြားမှာ လေထီးနဲ့ ခုန်ဆင်းခဲ့ရပါတယ်။ ဂျပန်တော်လှန်ရေးပြီးတော့ ကွန်မြူနစ်ပါတီဝင်ကနေ ၁၉၄၆ ခု ကွန်မြူနစ်ပါတီကွဲတော့ သခင်စိုး ခေါင်းဆောင်တဲ့ ကွန်မြူနစ်ပါတီဝင် ဖြစ်လာပါတယ်။

နောက် တောခိုခဲ့တယ်။ မကလေးမ (မရွှေကြည်) နဲ့ အိမ်ထောင်ပြုပြီး သားသမီးတစ်ယောက် ရခဲ့ပါတယ်။ အထက်မြန်မာပြည် သပိတ်ကျင်းနယ်၊ တောင်ပေါ်စခန်း တစ်ခုတွင် တိုက်ပွဲဖြစ်ပြီး ကျဆုံးခဲ့တယ်။

ရဲဘော်ထွန်းအေး လေထီးသမားဘဝကို တခြား လေထီးသမားများလို စာရေးသူကိုယ်တိုင် တွေ့ဆုံ မေးမြန်းပြီးမှ ရေးရတာ မဟုတ်ပါ။ သူ့အကြောင်း မျက်မြင်သက်သေ ပြောပြနိုင်သူလဲ မရှိပါ။ သူကြား ကိုယ်ကြား သဘောမျိုးရှိတဲ့ သခင်တင်မြ၊ ဦးကျော်ဝင်း (အလံနီကျော်ဝင်း) ဦးနေဒွန်း (ယခင်အလံနီခေါင်း ဆောင်ဟောင်း ရဲနီနေဒွန်း)၊ ဦးထိန်လင်း (ယခင်အလံနီ ခေါင်းဆောင် ရဲနီထိန်လင်း) စတဲ့ အောက်မြန်မာပြည် ခေါင်းဆောင်များထံမှ မေးမြန်း၍ ရေးသားရခြင်း ဖြစ်သဖြင့် သိသူများရှိပါက စာရေးသူထံ လှမ်း၍ အကျိုးအကြောင်း ပြောပြပါက လက်ခံကြိုဆိုပါတယ်။ ပြုပြင်စရာ ရှိပါကလဲ ပြုပြင်ပါမယ်။ ယခုဖော်ပြချက် များမှာ လိုအပ်ချက်၊ မှားယွင်းချက်များ ရှိပါကလဲ သည်းခံပါရန်နှင့် နောင်စုစည်းရရှိသည့်အခါ ဖြည့်စွက် ဖော်ပြမည်ဖြစ်ကြောင်း ကတိပြုအပ်ပါတယ်။ စာရေးသူ)

* * *

## ၆။ ရဲဘော်ကျော်မင်း
## မြေအောက်တပ်သား

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ခင် မန္တလေးဗဟိုအမျိုးသားအထက်တန်းကျောင်းမှာ (၇) တန်းကျောင်းသားပါ။ ကျောင်းမှာတော့ မပါတဲ့နေရာမရှိသလောက်ပဲ။ ကျောင်းပြဇာတ်တို့ အဆိုတို့မှာ ကိုကျော်မင်းပါတယ်။ အမျိုးသားနေ့တို့၊ ကျောင်းသား သမဂ္ဂတို့၊ ကျောင်းသားသပိတ်တို့စတဲ့ အမျိုးသားလှုပ်ရှားမှုတွေမှာ ကျောင်းသားတစ်ယောက်အနေနဲ့ပါခဲ့ပါတယ်။

ဒီအချိန်က ဒီလိုလှုပ်ရှားမှု၊ အထူးသဖြင့် အင်္ဂလိပ်နယ်ချဲ့အစိုးရကို ဆန့်ကျင်တိုက်ပွဲတွေမှာပါတဲ့ ကျောင်းသားလူငယ်တွေကအစ၊ နိုင်ငံရေးသမားတွေကို လူမိုက်တွေလို့ သက်ဆိုင်ရာမိဘတွေနဲ့ အရပ်ကသတ်မှတ်ကြပါတယ်။ အဲဒီလိုပဲ လူမိုက်ဖြစ်ဖို့ ကိုကျော်မင်းကလဲရပါတယ်။ ကိုကျော်မင်းတို့ ဗဟိုအမျိုးသားကျောင်းက ကျောင်းဆရာတစ်ဦးဖြစ်တဲ့ ဆရာဦးခင်မောင်ကလေး (ဖ–ဆ–ပ–လ ဝန်ကြီးဟောင်း ဗိုလ်ခင်မောင်ကလေး) က အမျိုးသားနေ့မှာ ဆရာက လူမိုက်အလိုရှိတယ်ဆိုပြီး မိန့်ခွန်းပေးခဲ့တယ်။ သူပြောတဲ့လူမိုက်ဆိုတာက နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုမှာ ကိုယ်ကျိုးမဖက် ရဲရဲတောက် ပါဝင်ဆောင်ရွက်မယ့် လူငယ်မျိုးချစ်တွေကို ဆိုလိုပါတယ်။

သူအလိုရှိတယ်ဆိုတဲ့ လူမိုက်ထဲမှာ ကိုကျော်မင်းတစ်ယောက်လဲ စာရင်းမပေးဘဲ အလိုလိုလူမိုက်စာရင်းဝင်ဖြစ်ခဲ့ပါတယ်။

---

ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ ကိုကျော်မင်းက သယ်နိုက်ကျွန်း အာရှလူငယ် အစည်းအရုံးမှာ ပါဝင်ခဲ့ပါတယ်။ အာရှလူငယ်အတွင်းရေးမှူးပါ။ စာကြည့် တိုက်မှူး၊ ကျောင်းဆရာအဖြစ်၊ ပြဇာတ်အဆိုတော်၊ မင်းသား၊ ဒါရိုက်တာတို့ လုပ်ခဲ့ပါတယ်။ ကိုသန်းဇော (အခုလုပ်သားပြည်သူ့နေ့စဉ်သတင်းစာ- အင်္ဂလိပ်စာပိုင်း-အယ်ဒီတာချုပ်ဟောင်း ဦးသန်းဇော)၊ ကိုမောင်မောင်လှ (အခုဘောလုံး ဦးလှအေး)၊ ကိုကံညွန့် (အခု ပြည်သူ့ရဲဘော်ဟောင်း ဗိုလ်ကံမြင့်) တို့နဲ့အတူ တစ်လျှောက်လုံး လုပ်လာပါတယ်။

အာရှလူငယ်မှာလုပ်ရင်း ဂျပန်စကားသင်၊ ဂျပန်စာသင်ကြားပြီး ကမာရွတ် ဆင်းရေတွင်းလမ်းရှိ ဒေါ်မမကြီးခြံမှာဖွင့်ထားတဲ့ ဂျပန်ကြိုးမဲ့ ကြေးနန်းကျောင်းမှာ တက်ရောက်ပညာသင်ခဲ့တယ်။ အဲဒီကျောင်းမှာ အင်္ဂလိပ် ကြိုးမဲ့ကြေးနန်းတစ်ပတ်ပဲ ပို့ချပေးတယ်။

သင်တန်းဆင်းတော့ ဂျပန်ကြေးနန်းရုံးမှာ အလုပ်ရတယ်။ အလုပ်နဲ့ မန္တလေးကို ပြောင်းရတယ်။ အဲဒီမယ် ကိုမောင်မောင် (အခုဗိုလ်မှူးကြီးဟောင်း တင်စိုး) က မန္တလေးမှာ ကြေးနန်းဆိုင်ရာ ဝန်ထောက်ဖြစ်တယ်။ မန္တလေး ကနေ အမရပူရကြေးနန်းရုံးအုပ်အဖြစ် ပြောင်းရွှေ့ တာဝန်ယူရပါတယ်။

အဲဒီမှာ ကိုမောင်မောင်ကတစ်ဆင့် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့နဲ့ ကွန်မြူနစ်ပါတီတို့နဲ့ အဆက်အသွယ်ရခဲ့ပါတယ်။ ကိုစံညွန့် (တောခိုအလံနီ ကျဆုံး) တို့ဆီက သင်တန်းတွေတက်ရောက်ခဲ့ပါတယ်။ သူ့နာမည်ရင်း ကျော်မင်းအစား နေဝင်းလို့ပြောင်းလိုက်ပါတယ်။ အမရပူရမြို့ ကြေးနန်းရုံး မှာ တာဝန်ယူနေတုန်း တစ်နေ့မှာ ကြေးနန်းရုံးကို ဂျပန်အရာရှိတွေက လာစစ်တယ်။ ဒီစခန်းမှာ ဂျပန်တွေမရှိဘူး၊ ကိုကျော်မင်းတို့ အလုပ်သမား ၃ ဦးပဲရှိတယ်။ အားတဲ့အခါ ဖက်ဆစ်ဆန့်ကျင်ရေးနဲ့ပတ်သက်တဲ့ သခင်စိုး ရေးတဲ့စာမူကို ဖတ်နေတယ်။ ဂျပန်လာတော့ ဒီစာမူကို တွေ့သွားတယ်။

ဒီစာမူနဲ့ပတ်သက်ပြီး ဂျပန်တွေက ဂျပန်ကင်ပေတိုင်စစ်ရုံးကို ခေါ်သွား တယ်။ ကင်ပေတိုင်စစ်ရုံးက ရွှေကျီးမြင်ဘုရားအရှေ့ဘက် ခရစ်ယာန် သာသနာပြုကျောင်းမှာ လုပ်ထားတယ်။

အဲဒီရုံးမှာ ကိုကျော်မင်းကို ဒီစာမူဘယ်ကရသလဲ၊ ဘာကြောင့် ဖတ် သလဲဆိုပြီး မေးတယ်။ ဒါဈေးထဲက စက္ကူအဟောင်းဆိုင်ကတွေ့လို့ ဖတ်တာပဲလို့ ပြောတယ်။ ဖက်ဆစ်ဆိုတဲ့စကားကို သိသလားလို့မေးတယ်။ "မသိဘူး"

လို့ပဲပြောတယ်။ ဒီလိုမသိဘူးဆိုတာနဲ့ပဲ ၃ ရက်ဆက်ပြီး ရိုက်စစ်တယ်။ ရေရေလည်လည်ခံရတယ်။ ထမင်းရေစာအငတ်ထားတယ်။ ကြိုးနဲ့ချည်လိုက်၊ ရိုက်လိုက်၊ လူလဲပြီးရိုက်လိုက်နဲ့ ညှဉ်းဆဲကြတယ်။ ဒီလိုညှဉ်းဆဲလို့ မရတဲ့အဆုံးမှာ ချော့ပြန်တယ်။ ဒီစခန်းကနေ မန္တလေး စီဘီလိုင်းက ကင်ပေတိုင်ရုံးကို တစ်ခါခေါ်ပြီး စစ်ဆေးမေးမြန်းပါတယ်။ အရက်တိုက်၊ ကိုရီးယားမိန်းမတွေနဲ့လွှတ်ပေးပြီး ပြေပျော်ရင်း ချော့မော့မေးတယ်။ နောက်ဆုံး ၃–၄ ရက် မေးလို့မရတော့မှ တောင်းပန်ပြီး ပြန်လွှတ်လိုက်တယ်။ ရုံးမှာပဲဆက်လုပ်နေတယ်။ ကိုမောင်မောင်နဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကပေးတဲ့ တာဝန်တွေကို တာဝန်ယူဆောင်ရွက်ပေးရတယ်။ ဂျပန်သတင်းတွေကိုလဲ အဆက်မပြတ်ပို့ပေးရတယ်။

နောက် ဗိုလ်အာဏာဝကရဲ့ လေယာဉ်ပစ်အမြောက်တပ်ကြီးထဲမှာ ပြောက်ကျားစစ်သင်တန်းတွေ တက်ရောက်သင်ကြားရတယ်။ အဲဒီကသင်တန်းပြီးတော့ မန္တလေးတောင်ခြေ ဖ–ဆ–ပ–လ လျှို့ဝှက်စခန်းတစ်ခုကို ပြောင်းပြီးနေရတယ်။ ကိုမောင်မောင်နဲ့ ကိုကျော်မင်းတို့ရဲ့ သတင်းတွေကို တစ်နည်းနည်းနဲ့ ဂျပန်ကင်ပေတိုင်ရုံးကရရှိသွားတဲ့အတွက် ကိုမောင်မောင်နဲ့ကိုကျော်မင်းတို့ လစ်ကြရတယ်။ အဲဒီကတစ်ခါတည်း မြေအောက် ဆင်းလိုက်ရပါတယ်။

ဝမ်းအိုဝမ်း ဌာနချုပ်သို့

ကိုကျော်မင်း ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းတွေကို ပါတီနဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကပေးတဲ့ တာဝန်တွေကိုလုပ်ရင်း မန္တလေးမြို့ မဟာမိတ်လက်ကျသွားတယ်။

မန္တလေးကို မဟာမိတ်တွေကဝင်လာပြီး မကြာခင်ပဲ၊ ဗန်းမော်ရှိ အမေရိကန် ဝမ်းအိုဝမ်းဌာနချုပ်နဲ့ပူးတွဲပြီး ဂျပန်တော်လှန်ရေး လုပ်ဆောင်နေတဲ့ သခင်ဖေတင့်နဲ့ကိုကျော်ဟိန်း (အခုစာရေးသူကျော်ဝင်းမောင်) တို့နှစ်ယောက် စီ–၆၄ အမျိုးအစားလေယာဉ်နဲ့ မန္တလေးကို အမေရိကန်ဗိုလ်ဝီလ်ကော့စ်နဲ့အတူရောက်ခဲ့ပါတယ်။

အမေရိကန်ဗိုလ်ကို မန္တလေးနန်းတော်တွင်း စစ်ရုံးမှာထားခဲ့ပြီး သူတို့နှစ်ယောက် ပိုက်ကျုံးက ပါတီကွန်မြူး (ဘုံရိပ်သာ)ကို ရောက်လာကြတယ်။

သခင်ဖေတင့်က အမေရိကန် ၁၀၁ တပ်ဖွဲ့ (ဝမ်းအိုဝမ်း) မှာရှိတဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ဝင်တွေရဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူနေသူပါ။

သခင်ဖေတင့်နဲ့ ကိုကျော်ဟိန်းတို့က အောက်မြန်မာပြည်ကို ကျွမ်းကျင်တဲ့ ရဲဘော်တွေလာရောက်စုစည်းခြင်းဖြစ်တယ်။ ကိုကျော်မင်းကတော့ အောက်မြန်မာပြည်မှာလဲ ကြေးနန်းလုပ်ငန်းတွေ လုပ်ခဲ့ဖူးသူဖြစ်တယ်။ အဲဒါကြောင့် ကိုကျော်မင်းကို သခင်ဖေတင့်နဲ့ ကိုကျော်ဟိန်းတို့က ရွေးခေါ်လိုက်တယ်။

နောက်သခင်ဖေတင့်ရဲ့ တွဲဖက်အဖြစ် အလုပ်လုပ်ဖို့ ကိုမောင်မောင် (အခု လယ်ယာနဲ့ သစ်တောရေးရာဝန်ကြီးဌာန အတွင်းဝန်ဟောင်း ဗိုလ်မှူးကြီးဟောင်း တင်စိုး) ကိုလဲ ပါတီကရွေးချယ်လိုက်တယ်။

နောက် ကိုကျော်မင်းနဲ့အတူ မအူပင်က ကိုထွန်းအေး (အခုအလံနီအဖြစ် တောခိုရင်းကျဆုံး)၊ ကိုဟန်ထွန်း (အခု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဗိုလ်မှူးဟောင်းဟန်ထွန်း) တို့ကို ရွေးချယ်ပြီး မန္တလေးကနေ ဝမ်းအိုဝမ်းဌာနချုပ်ရှိတဲ့ ဗန်းမော်မြို့ထိ လေယာဉ်နဲ့ ကိုဖေတင့်က ခေါ်ဆောင်သွားပါတယ်။ သူတို့နဲ့အတူ ကိုမောင်မောင်လဲ တစ်ပါတည်းလိုက်သွားပါတယ်။

**နစ်ဗိဒါသို့**

ဝမ်းအိုဝမ်းဌာနချုပ်ရောက်ပြီး အမေရိကန် စစ်ဗိုလ် (Lt. Lee)ဆိုသူက ခေါ်ယူတွေ့ဆုံမေးမြန်းပါတယ်။ စစ်အခြေအနေတွေ၊ မြန်မာပြည် နိုင်ငံရေး အခြေအနေတွေမေးပါတယ်။

မေးသမျှကို ကိုယ့်တိုင်းပြည်ဂုဏ်မထိခိုက်အောင် အဓိကထားပြီး ပြောပြပါတယ်။ နောက် ကိုကျော်မင်းကို လခအဖြစ် ငွေ ၅၀ဝိ/ ပေးတယ်။ လက်မခံဘူး။

ဗန်းမော်ကိုရောက်ပြီးတဲ့နောက် (we are not selling our blood we curve an allies) လို့ ပြောလိုက်တယ်။

ကွန်မြူနစ်လားလို့ မေးပြန်တယ်။ မဟုတ်ဘူးလို့ဖြေတယ်။ A.F.O လို့ပဲဖြေတယ်။

အဲဒီမှာ ကိုကျော်မင်းတို့ကို "မင်းတို့ လခမယူရင် မင်းတို့ သားသမီးတွေကို ဘယ်သူထောက်ပံ့မလဲ"

"ကျွန်တော်တို့ တိုင်းပြည်ကပဲထောက်ပံ့မယ်" လို့ တိုတိုတုတ်တုတ်ပဲ ကိုကျော်မင်းက ဖြေလိုက်တယ်။ ယူနီဖောင်းတွေအားလုံးပေးတယ်။

နောက်တစ်နေ့ ဇန်းမော်ကနေ နဇီဒါကို လေယာဉ်ပျံနဲ့သွားတယ်။ ကိုဟန်ထွန်း၊ ကိုထွန်းအေးတို့လဲပါတယ်။ ကိုကျော်မင်းတို့ ၄–၅ ယောက်အဖွဲ့ပဲ၊ သူတို့ သင်တန်းတက်ဖို့သွားကြခြင်းပါ။ ကိုကျော်မင်းတို့ ဇန်းမော်ကညနေ ၃ နာရီလောက် ထွက်လာပြီး နဇီဒါကို ရောက်သွားကြတယ်။

အစကတော့ ကိုကျော်မင်းတို့ကို သဃ်န်းကျွန်းတစ်ဝိုက်မှာ လေထီးနဲ့ချဖို့စီစဉ်ထားတယ်။ ဧပြီလ ၁၀ ရက်နေ့ ရန်ကုန်မြို့ ကျသွားတော့ ကိုကျော်မင်းတို့ကို ပို့ဖို့မလိုတော့ဘူး။ ဖောက်ခွဲရေးသင်တန်း၊ လက်နက်ငယ်အသုံးပြုနည်းစတဲ့ ပြောက်ကျားစစ်ဆင်ရေးနဲ့ဆိုင်တဲ့ စစ်ပညာရပ်တွေ ဆက်လက်သင်နေရတယ်။ ၁၉၄၅ ခု နှစ်ဦး အမေရိကန်တပ်တွေ လားရှိုးကို သိမ်းပြီးချိန်ဖြစ်တယ်။

အဲဒီမှာ မြောက်ပိုင်းဒေသကို ဒုဗိုလ်ချုပ်ကြီး စုလတန်က ဗိုလ်ချုပ်ကြီးစတီးဝဲလ်ရဲ့နေရာကို လွှဲပြောင်းယူလိုက်ပါတယ်။ သူက ဝမ်းအိုဝမ်းတပ်ဖွဲ့ရှိဖို့မလိုတော့ဘူးဆိုပြီး ဖျက်သိမ်းခိုင်းလိုက်တယ်။ ဒါနဲ့ ဝမ်းအိုဝမ်းဌာနချုပ်နဲ့ပူးတွဲလုပ်နေရတဲ့ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့တွေလဲ အလိုလိုရပ်စဲခြင်းခံလိုက်ရတယ်။

အဲဒါကြောင့် နဇီဒါမှာ စစ်ပညာသွာ သင်နေတဲ့ ရဲဘော်လှဖေ၊ ကိုကျော်မင်၊ ရဲဘော်ဟန်ထွန်း စသူတို့ကို ဝမ် အိုဝမ် ဌာနချုပ်ကို ပြန်ပို့လိုက်တယ်။

အပြန်ခရီးမှာ ဇန်းမော်ရောက်တော့ ဒေါ်အမာ၊ ဒေါ်ဦး၊ ကိုတင်စိုး၊ တင်သိန်းလှတို့နဲ့တွေ့တယ်။ သူတို့လဲပြန်ဖို့အဆင်သင့်ဖြစ်နေတယ်။ ဒါနဲ့ သူတို့ပါ မန္တလေးကို လေကြောင်းနဲ့အတူပြန်ခဲ့ကြတယ်။ ကိုတင်စိုးက ဗိုလ်မှူးဗထူးဆီသွားတယ်။ ကိုကျော်မင်းတို့က ပိုက်ကျုံးက ကွန်မြူနစ်ပါတီစခန်းကို သွားလိုက်ပါတော့တယ်။

**ကိုကျော်မင်း။** အဖ ဦးပို၊ အမိ ဒေါ်ကျော့ (မင်းတိုင်ပင် အမတ်ဟောင်း) ဆန်နဲ့ ငွမ်းပိုင်ရှင် (စဥ့်ကိုင်) ၁၉၂၄ ခုနှစ်၊ ဇန်နဝါရီလ စဥ့်ကိုင် စက်ထဲမှာ မွေးတယ်။ အာရှလူငယ်အစည်းအရုံး ကျောင်းနန်းရုံး မန္တလေး၊ ဂျပန်ကျောင်းနန်းရုံးအုပ်၊ အင်္ဂလိပ်ပြန်ဝင် တော့ ဖ–ဆ–ပ–လ ရန်ပုံငွေအတွက် ပါဝင်လုပ်တော့ အလုပ် ပြုတ်သွားတယ်။ ရန်ကုန်စာရေးသမဂ္ဂဌာနချုပ်၊ အဲဒီကနေ မိုးလေဝသဌာန၊ ကြိုးမဲ့ကြေးနန်းပြန်လုပ်တယ်။

၁၉၅၈ ခုနှစ် နိုင်ငံရေးလုပ်တယ်ဆိုပြီး အလုပ်ပြုတ် သွားတယ်။ အဲဒီကနေ ဒီအက်စ်အိုင် ၁၂ အာရ်အီးဒဗလျူ ပစ္စည်းထိန်းအရာရှိ၊ အဲဒီကနေ ၅၉–၆၀ အလုပ်ပြုတ်၊ အဲဒီမှာ ဗိုလ်တထောင်သတင်းစာတိုက် မန်နေဂျာအဖြစ် လုပ်တယ်။ ၆၂ ခုနှစ်အလုပ်ထွက်တယ်။ ပြည်သူပိုင်းသိမ်းတဲ့ နေ့ရာ လုပ်အားပေးတယ်။ အဲဒီကပြီးတော့ စက်မှုလယ်ယာမှာ ဝင်အလုပ်လုပ်တယ်။

၁၉၅၀–၅၁ ခုနှစ်မှာ အိမ်ထောင်ပြုတယ်။ ပထမ အမျိုးသမီး မြမြနဲ့ ကလေး (၆)ယောက်၊ သူနဲ့ကွဲပြီး နောက် ဒေါ်ကြည်လှိုင် သားသမီး တစ်ယောက်။

* * *

[၃၀–၁၂–၇၄ နေ့မှာ ဦးကျော်မင်းနဲ့ စာရေးသူက တွေ့ဆုံမေးမြန်းလို့ ရရှိတဲ့ အချက်အလက်တွေကို တစ်ဆင့်ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။

စာရေးသူ]

* * *

# နိဒါန်း

ဂျပန်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ ဆိုတဲ့စာအုပ်ကို ပြုစုလို့ ပြီးသွားပါပြီ။ ဒီစာအုပ်ကို ၁၉၇၁ ခုနှစ်လောက်ကစပြီး စတင်ပြုစုခဲ့ပါတယ်။ အခုဆိုရင် အနှစ် ၃၀ လောက်ရှိသွားပါပြီ။

ဒီစာအုပ်မှာ လေထီးဆိုတာ ဘယ်တိုင်းပြည်က ဘယ်နှစ်ခုနှစ်မှာ စပြီး အသုံးပြုလာခဲ့သလဲဆိုတဲ့ အကြောင်းတွေ၊ နိုင်ငံခြားတိုင်းပြည်တွေမှာ ဒီအချိန်က ဘယ်လိုသင်တန်းတွေတက်ရပြီး တကယ့်လက်တွေ့ သင်တန်းတွေမှာ ဘယ်လို အခက်အခဲတွေနဲ့ ပင်ပင်ပန်းပန်း ဘယ်လိုသင်ကြားခဲ့ရတယ်ဆိုတာတွေ၊ လေထီး သင်တန်းသားတွေအပေါ် ဘယ်လိုစည်းကမ်းတွေနဲ့ တိတိကျကျ သင်ခဲ့တာတွေကိုလဲ ဖော်ပြထားပါတယ်။

မြန်မာပြည် ဖက်ဆစ်တော်လှန်ရေးပြုလုပ်စဉ်က ပါဝင်ခဲ့ကြတဲ့ မြန်မာ လေထီးသမားများရဲ့ အတွေ့အကြုံ၊ စွန့်စားမှု၊ အခက်အခဲတွေကို ကျော်ဖြတ်နိုင်မှု စတဲ့ စိတ်ဓာတ်၊ ဇွဲ၊ သတ္တိတို့ကိုလဲ ဖော်ပြထားပါတယ်။

ဟိုးအရင်က တိုင်းပြည် တစ်ပြည်ကို စစ်ဆင်သိမ်းပိုက်တော့မယ်ဆိုရင် အခြေခံစခန်း တည်ဆောက်ရေးကို ပဓာနပြုပြီး စီစဉ်ရတာ လတွေ အများကြီးကြာခဲ့ရပါတယ်။ ယခုခေတ် ပြောင်းလဲလာတဲ့ အခြေအနေက စစ်ဆင်တော့မယ်ဆိုရင် အချိန်ပိုင်းအတွင်းမှာ အမြောက်လက်နက်၊ တင့်ကား စတဲ့ လက်နက်ကြီးတွေနဲ့ လိုအပ်တဲ့ စစ်ပစ္စည်းတွေကို နာရီပိုင်းအတွင်းမှာ စစ်မြေပြင်ကို ရောက်ရှိပြီး အခြေခံစခန်း တည်ဆောက်လို့ရတယ်။ စစ်ဆင်ရေးတွေဟာ အင်မတန် မြန်ဆန်ခဲ့ပါတယ်။ ဒါက ကမ္ဘာ့သိပ္ပံပညာတွေ အံ့မခန်း တိုးတက်နေတယ် ဆိုတဲ့အချက်ပါပဲ။

ဒီစာအုပ်မှာ ဖော်ပြခဲ့တဲ့ ဂျပန် ဖက်ဆစ်တော်လှန်ရေး လေထီးသမားများဟာ သူတို့ ပါဝင်ထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံတွေကို သေချာ ပြောပြနိုင်ခဲ့ပေမယ့် ခု စာအုပ်အဖြစ် ပေါ်ထွက်လာချိန်မှာ အချို့အချို့သော ရဲဘော်

များဟာ ဇရော့ပိစီးပြီး ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်တဲ့အတွက် ဒီစာအုပ်ပါ သူတို့ရဲ့ အချက်အလက်များကို ကိုယ်တိုင်မြင်တွေ့မသွားနိုင်တာကိုတော့ စာရေးသူအနေနဲ့ အထူးပဲ ကြေကွဲ ဝမ်းနည်းမိပါတယ်။

ဂျပန်တော်လှန်ရေး လေထီးသမားများ စာအုပ်ကို အချိန်ယူ၊ အပင်ပန်းခံ ရှာဖွေ စုဆောင်းခဲ့ရပါတယ်။ ခုတော့ စာအုပ်အဖြစ် ပေါ်ထွက်လာပြီ ဖြစ်တဲ့အတွက် စာရေးသူအနေနဲ့ ပြင်းပြသောဆန္ဒတစ်ခု ပြည့်ဝသွားပြီဖြစ်လို့ လှိုက်လှဲဝမ်းသာ ဖြစ်ရပါကြောင်း တင်ပြလိုက်ရပါတယ်။

ဝမ်းအိုဝမ်း ကျော်ဝင်းမောင်
၁၉၉၈၊ မတ်လ ၂၆ ရက်

## ဂျပန်ဖက်ဆစ်တော်လှန်ရေး လေထီးသမားများ ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ခ | ၆ | အိန္ဒိ | အိန္ဒိယ |
| ခ | ၇ | ဆုတ်ကွာ | ဆုတ်ခွာ |
| ဂ | ၇ | ခပ်ကွင်း | ခတ်ကွင်း |
| င | ၁ | အင်္ဂလိပ်လက်ထဲက | အင်္ဂလိပ်တပ်ထဲက |
| င | ၁၇ | ရိန်းဂျားတပ်ခွဲတေ | ရိန်းဂျားတပ်ခွဲတွေ |
| င | ၂၀ | Detashment | Detachment |
| စ | ၂၉ | တိုလီမိုလို | တိုလီမိုလီ |
| ဆ | ၁၁ | အစိုးရနဲ့ တပ်မတော် | ဗြိတိသျှအစိုးရနဲ့ တပ်မတော် |
| ည | ၆ | ယုတ်စွာ့အဆုံး | ယုတ်စွအဆုံး |
| ဋ | ၂၉ | ရိဆန် | ဟာရိဆန် |
| ဍ | ၂၄ | တနယ်တကျေး | တစ်နယ်တစ်ကျေး |
| ဏ | ၁၃ | မဆင်းဖူးတဲ့ | မဆင်းဘူးတဲ့ |
| ဏ | ၁၇ | မဆင်းဖူးသူပဲ | မဆင်းဘူးသူပဲ |
| တ | ၁၄ | ဟုတ်ဟုတ်ငြားငြား | ဟုတ်ဟုတ်ညားညား |
| တ | ၂၃ | မမြင်ဖူးဘူး | မမြင်ဘူး |
| တ | ၂၄ | မစီးဖူးသူ | မစီးဘူးသူ |
| ထ | ၆ | Airborn | Airborne |
| ဒ | ၁ | အနောက်ဂျမန် | အနောက်ဂျာမန် |
| ဓ | ၁၁ | အကျွမ်းဝင် | အကျုံးဝင် |
| ၃ | ၉နှင့်၁၂ | တစ်ဖက်ကမ်းခတ် | တစ်ဖက်ကမ်းခပ် |
| ၉ | ၈ | ဘဲယ်ဂျီယံ | ဘဲလ်ဂျီယံ |
| ၁၀ | ၃ | Out look below | Look out below |
| ၁၀ | ၃ | ကြော်ကြား | ကျော်ကြား |
| ၂၃ | ၅ | အိတ်စ်ဘော | ဘော့စ်ဘော |
| ၂၉ | ၉ | အိုင်ဂိုးဝါး | အိုင်အိုးဝါး |
| ၃၁ | ၁၄ | တဖြည်းဖြင်းချင်း | တဖြည်းဖြည်းချင်း |
| ၃၄ | ၂၆ | ၄၀မီတာ | ၄၀ မီလီမီတာ |
| ၃၈ | ၁၅ | တဆပ် | တံဆိပ် |
| ၄၁ | footnote | Militery | Military |
| ၄၂ | footnote | Phychology | Psychology |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၉ | ၂၆ | ဒက်ထရွိုင်ယား | ဒက်စတွိုင်းယား |
| ၅၁ | ၂၄ | လှုံ့ဆော်စည်းဆုံး | လှုံ့ဆော်စည်းရုံး |
| ၅၂ | ၆ | တစ်ဖက်မှာလဲ | တစ်ဘက်မှာလဲ |
| ၅၉ | ၄ | ကိုကျောင်းရင် | ကိုကျော်ရင် |
| ၆၃ | ၂၃ | ပြည်သူ့စစ် | ပြည်သူ့ခေတ် |
| ၆၅ | ၄ | ဆူအက်စ်ချန်ဒရာဘို့စ် | ဆူဘာတ်ချန်ဒရာဘို့စ် |
| ၆၆ | ၂၅ | ဂျပန်မှဂျပန်အဖြစ်ရဖူးတယ် | ဂျပန်မှဂျပန်ဖြစ်ရဖူးတယ် |
| ၆၈ | ၇နှင့်၈ | ဘောဟာလာစခန်း | ဘေဟာလာစခန်း |
| ၇၂ | ၂ | သခင်တင်ရွှေနဲ့ | သခင်တင်ရွှေရဲ့ |
| ၇၂ | ၅နှင့်၆ | သခင်စိုးနဲ့ ကိုသိန်းမောင် | သခင်စိုးနဲ့ကိုသိန်းဖေ |
| ၇၅ | ၅ | ခံနေကြပြန်တယ် | ခံနေကြရပြန်တယ် |
| ၈၄ | ၁၃နှင့်၁၆ | ကပ္ပတိန်အင်္ဂါ | ကပ္ပတိန်အင်ဂါး |
| ၈၈ | ၂၅ | ကိုတင်ရွှေနဲ့ ဓနီး<br>မခင်စီမမြရီ | ကိုတင်ရွှေနဲ့ဓနီး<br>မခင်စီဒေါ်မမြရီ |
| ၁၀၄ | ၁၉ | သားအမိနှစ်ယောက်နဲ့<br>မျက်ရည် | သားအမိနှစ်ယောက်ရဲ့<br>မျက်ရည် |
| ၁၀၈ | ၁၅ | ဗူးသီးတောင် | ဘူးသီးတောင် |
| ၁၁၅ | ၁၉ | ခင်ဗျားသားအဖြစ် | ခင်ဗျားသားအပြစ် |
| ၁၁၉ | ၁ | ချင်းတွေထဲမှာ | ခြင်းတွေထဲမှာ |
| ၁၁၉ | ၁၉ | ဘုံထဲမှာ | ဘုံတဲမှာ |
| ၁၂၁ | ၁ | ဗာရရာမာ | မာရရာမာ |
| ၁၂၂ | ၁၁ | အနံ့အမြား | အနံ့အပြား |
| ၁၂၅ | ၂၅ | လိပ်ခဲတင်းလင်း | လိပ်ခဲတည်းလည်း |
| ၁၂၇ | ၁ | ရခိုင်တော်လှန်းရေား | ရခိုင်တော်လှန်ရေး |
| ၁၃၈ | ၈ | ဆယ်နှစ်ရက်ခရီးပဲဖြစ်ဖြစ် | ဘယ်နှစ်ရက်ခရီးပဲဖြစ်ဖြစ် |
| ၁၅၀ | ၂၅ | ပေးထီး | လေထီး |
| ၁၅၃ | ၂ | လက်တစ်စီ | တစ်လက်စီ |
| ၁၅၅ | ၂၃ | ထုပြောခဲ့ | ထုထောင်ခဲ့ |
| ၁၆၃ | ၄ | ဖဆပလအဖွဲ့ချုပ် | ဖတပလအဖွဲ့ချုပ် |
| ၁၆၆ | ၂၂ | မဟုတ်ပါလား | မဟုတ်ပါဘူး |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၆၉ | ၁၂ | အေယ်လ်တီ | ကေအယ်လ်တီ |
| ၁၇၂ | ၆ | တပ်စိပ်တစ်စိပ် | တပ်စိတ်တစ်စိတ် |
| ၁၇၂ | ၁၆ | တပ်စိပ်တစ်စိပ် | တပ်စိတ်တစ်စိတ် |
| ၁၇၃ | ၁၄ | ခေါင်းဆောင်ပြီး | ခေါင်းဆောင်များ |
| ၁၇၆ | ၂၁ | ဖစ်ဆက် | ဖက်ဆစ် |
| ၁၇၆ | ၂၅ | ၆ဝ ဆုံးထုတ် | ၆ အစ အဆုံးထုတ် |
| ၁၈၀ | ၁၉ | ကိုယ်ရန်တော် | ကိုယ်ရံတော် |
| ၁၈၄ | ၂၇ | ဦးခင်ရွှေ | ဦးတင်ရွှေ |
| ၁၈၉ | ၁၃ | မြို့မအထက်ကျောင်း | မြို့မအထက်တန်းကျောင်း |
| ၁၉၈ | ၂ | ပထမအပါတ် | ပထမအပတ် |
| ၂၁၀ | ၃ | ဘတ်တားစကီး | ဘတ်တားစဘီ |
| ၂၁၀ | ၆ | ဘတ်တားစကီး | ဘတ်တားစဘီ |
| ၂၁၀ | ၁၂ | ဘတ်တားစကီး | ဘတ်တားစဘီ |
| ၂၁၀ | ၁၈ | ဘတ်တားစကီး | ဘတ်တားစဘီ |
| ၂၁၀ | ၂၆ | အော်ကျဟစ်ကျပြေးလွှားကျ | အော်ကြဟစ်ကြပြေးလွှားကြ |
| ၂၁၄ | ၂၅ | ဗယ်ဘက် | ဘယ်ဘက် |
| ၂၁၅ | ၁၃ | ဗယ်ဘက် | ဘယ်ဘက် |
| ၂၂၃ | ၇ | ဆက်လေယာက် | ဆက်လျှောက် |
| ၂၂၈ | ၅ | ကဘိုင်နယ် | ကပိုင်နယ် |
| ၂၂၈ | ၉ | ဗန်ကာကျင်း | ဘန်ကာကျင်း |
| ၂၂၉ | ၁၀ | ကဘိုင် | ကပိုင် |
| ၂၂၉ | ၁၄ | သွားကြို့တယ် | သွားကြည့်တယ် |
| ၂၂၉ | ၁၈ | ကဘိုင် | ကပိုင် |
| ၂၃၃ | ၆ | ဂျန့်ပန် | ဂျပန် |
| ၂၃၆ | ၁၈ | ကျသောင်းဝါး | ကြသောင်းဝါး |
| ၂၃၆ | ၁၈ | ဝါးကျည်ထောက် | ဝါးကျည်တောက် |
| ၂၃၆ | ၁၉ | ကောက်ညှင်းကျည်ထောက် | ကောက်ညှင်းကျည်တောက် |
| ၂၃၆ | ၂၂ | ဝါးကျည်ထောက် | ဝါးကျည်တောက် |
| ၂၃၉ | ၁၅ | စားမြို့ | စားမြို့ |
| ၂၄၃ | ၉ | ကိုဘိုးစေ | ကိုဘိုးဝေ |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၅၀ | ၁၀ | (ဗကက) | (ဗကပ) |
| ၂၆၁ | ၁၉ | တပ်ကြပ်ကြည်မောင် | တပ်ကြပ်မောင်ကြည် |
| ၂၇၃ | ၂ | ဗယ်ပြန် | ဘယ်ပြန် |
| ၃၀၁ | ၁၃ | ဦးကျော်ထွန်းဦး | ဦးကျော်ဒွန်းဦး |
| ၃၂၀ | ၂၁ | ပျားပန်းခတ် | ပျားပန်းခပ် |
| ၃၂၂ | ၂၀ | ထိပ်ထိပ်ပျာပျာ | ထိတ်ထိတ်ပျာပျာ |
| ၃၂၂ | ၈ | ကူပါလခန်ရှာ | ရိုပါလ်ကန်ရှာ |
| ၃၂၆ | ၉ | အင်္ဂလိပ်အက်စ်ဘီအစိုးရ | အင်္ဂလိပ်ကက်စ်ဘီအစိုးရ |
| ၃၃၅ | ၂၀ | ရွှေကူကိုတွက်ခဲ့ပါတယ် | ရွှေကူကိုထွက်ခဲ့ပါတယ် |
| ၃၄၇ | ၅ | ပါယ်ချ | ပယ်ချ |
| ၃၅၂ | ၅ | ပေးတဲ့တာန် | ပေးတဲ့တာဝန် |
| ၃၅၅ | ၃ | ဘီဒီအေး | ဘီဒီအေ |
| ၃၅၇ | ၂၆ | လေထီးအခု | လေထီးအခုန် |
| ၃၅၉ | ၁၅ | တစ်ပါတ်ခဲပြီ | တစ်ပတ်ခဲပြီး |
| ၃၆၁ | ၈နှင့်၉ | တချို့တဝက် | တစ်ချို့တစ်ဝက် |
| ၃၆၁ | ၂၁ | ပြောကျာ ဒွာနှ ချုပ် | ပြောက်ကျား ဒွာနှ ချုပ် |
| ၃၆၂ | ၁၉ | အင်္ဂလိပ်အာလ်အေဆက်ဖ် | အင်္ဂလိပ်အာလ်အေအက်ဖ် |
| ၃၆၃ | ၈ | ပြားဆင်းသွားသတဲ့ | ပြားဆင်းသွားတဲ့ |
| ၃၆၄ | ၁၉ | ပြောကျာ | ပြောက်ကျား |
| ၃၆၆ | ၁၂ | ဘယ်ရီတယ်ရီ | ဘယ်ရီဘယ်ရီ |
| ၃၆၆ | ၁၆ | မျက်တွေ | မြက်တွေ |
| ၃၇၁ | ၁၁ | ဗိုလ်ကျော် | ဗိုလ်လကျော် |
| ၃၇၂ | ၁၀ | ဗိုလ်စောသွင် | ဗိုလ်စောလွင် |
| ၃၇၅ | ၈နှင့်၉ | ဒုဗိုလ်မှူးကြီးအေးဖေ၊<br>ဗိုလ်မှူးကြီးလှမိုးတို့ရဲ့ညီ | ဒုဗိုလ်မှူးကြီးအေးဖေ<br>ဗိုလ်မှူးကြီးလှမိုးတို့ရဲ့ အစ်ကို |
| ၃၇၆ | ၁၃ | ယုံထောင်ကြောင်မိ | ယုန်ထောင်ကြောင်မိ |
| ၃၇၇ | ၄ | ထမ်းလျက် | ထန်းလျက် |
| ၃၈၀ | ၄ | သခင်မြတို့အစုက | တို့အစုက |
| ၃၉၂ | ၄ | အင်မတန်အရေးမကြီးတဲ့ | အင်မတန်အရေးကြီးတဲ့ |
| ၄၁၁ | ၉ | Called Ngapi | called Ngapi |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၁၁ | ၂၃ | ရခိုင်င် | ရခိုင် |
| ၄၁၆ | ၂၅ | အတ္တလန္တိတ်၊ချာတာ | အတ္တလန္တိတ်ချာတာ |
| ၄၂၄ | ၂၆ | ဘီယာလာ | ဘီဟာလာ |
| ၄၂၇ | ၃ | ထွတ်လာပြီး | ထွက်လာပြီး |
| ၄၂၇ | ၃ | တွင်းထဲ | ကွင်းထဲ |
| ၄၂၉ | ၂၂ | သူ တပ်တဲ | သူတပ်ထဲ |
| ၄၃၀ | ၁၆ | အလံနီကွန်မြူပါတီ | အလံနီကွန်မြူနစ်ပါတီ |
| ၄၃၀ | ၁၇ | ကွန်မြူနစ်ပါတီခေါင်းဆော် | ကွန်မြူနစ်ပါတီခေါင်းဆောင် |
| ၄၄၁ | ၆ | ဘုရားကြီးမြောက်မှဒ် | ဘုရားကြီးမြောက်မှခ် |
| ၄၄၁ | ၂၈ | တပ်စိပ် | တပ်စိတ် |
| ၄၄၂ | ၂ | တပ်စိပ်တစ်စိပ် | တပ်စိတ်တစ်စိတ် |
| ၄၄၂ | ၁၄ | အုံးတော | အုန်းတော |
| ၄၄၄ | ၇ | မကြာမီရပ်ပိုင်း | မကြာမီရက်ပိုင်း |
| ၄၄၇ | ၆ | အကြမ်းဖျဉ်း | အကြမ်းဖျင်း |
| ၄၅၂ | ၂၂ | နှစ်ယောလ်လဲ | နှစ်ယောက်လဲ |
| ၄၅၃ | ၁၈ | ကွန်မြူနစ်ပါတီဌာနရှိရာ | ကွန်မြူနစ်ပါတီဌာနချုပ်ရှိရာ |
| ၄၅၅ | ၁၆ | ကျွန်တော့အိမ်ခေါ်လာလာတယ် | ကျွန်တော့အိမ်ခေါ်လာတယ် |
| ၄၅၅ | ၂၁ နှင့် ၂၂ | တရုတ်ကပ် | တရုတ်ကတ် |
| ၄၅၅ | ၂၅ | အနွယ်ရာယ်များနဲ့ | အနွယ်ရာယ်များတဲ့ |
| ၄၅၇ | ၆ | ဖြူးဘုတာမှာရပ်နေတုန်း။ | ဖြူးဘုတာမှာရပ်နေတုန်း |
| ၄၅၈ | ၂၅ | ရဲဘော်၁၀ လောက် | ရဲဘော် ၁၀ ယောက် |
| ၄၅၈ | ၂၆ | အရှေ့ဘက်။ | အရှေ့ဘက် |
| ၄၆၁ | ၃ | ဖျဉ်စောင် | ဖျင်စောင် |
| ၄၆၃ | ၂၃နှင့်၂၄ | ပြည်တွင်းဆောင် | ပြည်ကျောင်းဆောင် |
| ၄၆၅ | ၃ | တစ်ခမ်းတနား | တခမ်းတနား |
| ၄၆၅ | ၁၈ | ချလိုက်လာ | ချလိုက်တာ |
| ၄၆၅ | ၂၃ | ဟက်၊ ကျွာတာ၊ | ဟက်ကျွာတား |
| ၄၆၅ | ၂၄ | ကာမရွတ် | ကမာရွတ် |
| ၄၆၆ | ၁၂ | ပြောလို | ပြောလိုက် |
| ၄၆၇ | ၂ | ဒါရိုက်တာဂျုနတယ် | ဒါရိုက်တာဂျင်နရယ် |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၆၃ | ၃ | ကုန်သွယ်ကော်ပို့ရေးရှင်း | ကုန်သွယ်ရေးကော်ပို့ရေးရှင်း |
| ၄၆၃ | ၁၀ | သခင်တင်မြရေးတဲ့။ | သခင်တင်မြရေးတဲ့ |
| ၄၆၃ | ၁၇ | ထုတ်တဲ့ဥစ္စပါ | ထုတ်တဲ့ဥစ္စာပါ။ |
| ၄၆၃ | ၂၇ | တပေါင်းချောင်း | ခပေါင်းချောင်း |
| ၄၆၃ | ၂၇ | ဂျပန်ရဲ့အခအလေ | ဂျပန်ရဲ့ အခုအခံလဲ |
| ၄၇၀ | ၂ | တစ်ဖက်ကမ်း | တစ်ဘက်ကမ်း |
| ၄၇၀ | ၄ | တစ်ဖက်ကမ်း | တစ်ဘက်ကမ်း |
| ၄၇၀ | ၂၈ | အနောက်ဖက်တစ်မိုင် | အနောက်ဘက်တစ်မိုင် |
| ၄၇၁ | ၁၈ | ကရောင်း (Crawn) | ကရောင်း (Crown) |
| ၄၇၁ | ၂၀ | ကွန်ဂရက်ကျူရေးရှင်း | ကွန်ဂရက်ကျူလေး ရှင်း |
| ၄၇၂ | ၂၅ | သခင်ဗို | သခင်ဗိုလ် |
| ၄၇၂ | ၂၇ | မီ လောင်လာတယ် | မီးလောင်သွားတယ် |
| ၄၇၃ | ၁၇ | သူ့ခါမှာ | သူ့ခါးမှာ |
| ၄၇၃ | ၂၀ | ကန်သင်းဘောမှ | ကန်သင်းဘောမှာ |
| ၄၇၃ | ၂၇ | ကန်သင်းဘောမှ | ကန်သင်းဘောမှာ |
| ၄၇၄ | ၆ | လာရပြာရင် | လာရှာရင် |
| ၄၇၄ | ၁၁ | ၁၉၄၉ခု | ၁၉၄၅ ခု |
| ၄၇၄ | ၂၂ | ထပ်ပေတယ် | ထပ်ပေးတယ် |
| ၄၇၅ | ၁၀ | ဝင်လာပြီဆိုပြီ | ဝင်လာပြီဆိုရင် |
| ၄၇၅ | ၂၄ | လဥတစ်ယောက် | လူတစ်ယောက် |
| ၄၇၆ | ၁ | လွှတ်ပြီးလိုက်တယ် | လွှတ်ပြီးပို့လိုက်တယ် |
| ၄၇၆ | ၁၀ | အိပ်ပလို့ | အိပ်မလို့ |
| ၄၇၆ | ၁၈ | မာန်နဲ့မာန်နဲ | မာန်နဲ့ |
| ၄၇၆ | ၁၉ | ဖြစ်သလဖြစ်သလဲ | ဖြစ်သလဲ |
| ၄၇၇ | ၇ | One under arrest | are under arrest |
| ၄၇၇ | ၁၂ | တိုင် ထွ | တိုင်းထွာ |
| ၄၇၇ | ၂၀ | ရွထဲမှာ | ရွာထဲမှာ |
| ၄၇၇ | ၂၈ | တောခိုသေတယ် | တောခိုသေးတယ် |
| ၄၇၈ | ၁ | ကိုငြိမ းကောင်ကသါန် | ကိုငြိမ်းမောင်က |
| ၄၇၈ | ၁ | ဝင်းမောင် | မန်းဝင်းမောင် |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၇၈ | ၂ | သူခြောထောက် | သူ့ခြေထောက် |
| ၄၇၈ | ၆ | ဘာလို့လဲ | ဘာလုပ်လဲ |
| ၄၇၈ | ၉ | ကြောင်းကြားတယ် | အကြောင်းကြားတယ် |
| ၄၇၈ | ၂၁ | မေးတာ့ | မေးတော့ |
| ၄၇၉ | ၁၇ | Britton တယ် | Britton ရယ် |
| ၄၇၉ | ၁၉ | လူရင်းလိမ့်ရင်း ဂျပန်ကလဲလူရင်း လိမ့်ရင်း | လူးရင်းလိမ့်ရင်း ဂျပန်ကလဲလူးရင်း လိမ့်ရင်း |
| ၄၇၉ | ၂၅ | တစ်ဖက်က | တစ်ဘက်က |
| ၄၇၉ | ၂၆ | နံဒေါင့် | နံထောင့် |
| ၄၈၁ | ၂၇ | တောရှင် | တောင်ရှ |
| ၄၈၂ | ၁ | မြစ်တစ်ဖက် | မြစ်တစ်ဘက် |
| ၄၈၂ | ၁၁ | Whirraker | Whittaken |
| ၄၈၃ | ၂၂ | Charch | Church |
| ၄၈၅ | ၁ | သခင်ဖေအောင် | သခင်ခင်အောင် |
| ၄၈၆ | ၂၉ | သခင်ဖေအောင် | သခင်ဖေအောင်ကို |
| ၄၈၈ | ၂၄ | ကြေငြာစာတမ်း | ကြေညာစာတမ်း |
| ၄၉၀ | ၂ | မြောက်ဖက် | မြောက်ဘက် |
| ၄၉၁ | ၂ | ဖျဉ်ကြမ်း | ဖျင်ကြမ်း |
| ၄၉၃ | ၁၇ | ဦးကျာ်ငြိမ်း | ဦးကျော်ငြိမ်း |
| ၄၉၇ | ၂၇ | ဗမာ့တပ်တော် | ဗမာ့တပ်မတော် |
| ၄၉၉ | ၂ | စတန်းဂန်း | စတင်းဂန်း |
| ၄၉၉ | ၁၀ | တပ်စိပ်တစ်စိပ် | တပ်စိတ်တစ်စိတ် |
| ၅၀၁ | ၁၀ | ကသာပျဉ်းမနား | ကသာမှ ပျဉ်းမနား |
| ၅၀၃ | ၂၉ | ရွှေရှ | ရွှေကူ |
| ၅၀၄ | ၂၈ | သူတို့နဲ့အတူ | သူတို့နှင့်အတူ |
| ၅၀၅ | ၆ | ဗဟိုမဟာမိတ်များ | မဟာမိတ်များ |
| ၅၀၈ | ၁၃ | အေအက်အိုင် | အေအက်ဖ်အို |
| ၅၀၉ | ၆ | အယ်လ်ဝမ်နဲ့က | အယ်လ်ဝမ်းနဲ့ |
| ၅၀၉ | ၁၇ | လူစီဂျူး | လူစီဂျိုး |

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၀၉ | ၂၂ | ဖြစ်ဟန်ယူပါတယ် | ဖြစ်ဟန်တူပါတယ်။ |
| ၁၁၀ | ၁ | စိတ်မချရတဲ့နေရာမို့လေ ယာဉ်ညမအိပ်ဘဲ ချက်ချင်း ပြန်သွားခြင်းဖြစ်ဟန်တူပါတယ်။ (၎င်းစာကြောင်း တစ်ခုလုံး အပိုဖြစ်၍ ဖျက်လိုက်ရန် ဖြစ်ပါတယ်။) | |
| ၁၁၆ | ၁၉ | စစ်ဗိုလ်ကလေး | စစ်ဗိုလ်က |
| ၁၃၆ | ၉ | ဗြိတိသျှလက်အောက် လွတ်လပ်ရေး | ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေး |
| ၁၃၇ | ၂ | ရန်သူ့အတွင်းပိုင်းမှာ လုပ်ရမယ်။သင်တန်းတွေ | ရန်သူ့အတွင်းပိုင်းမှာ လုပ်ရမယ့် သင်တန်းတွေ |
| ၁၃၇ | ၇ | ဦးတည်ထားတဲ့ | ဦးစီးထားတဲ့ |
| ၁၃၈ | ၆ | ဒဗလျူအင်ပီအာရ် | ဒဗလျူအာရ်ပီးအာစ် |
| ၁၃၈ | ၂၅ | William R.Reers | William R.Peers |
| ၁၃၈ | ၃၀ | စုရ်တန် | စုလ်တန် |
| ၁၄၁ | ၇-၉-၁၀ | ရွှေဂူ | ရွှေကူ |
| ၁၄၃ | ၁၀ | တွေ့ကြရမလဲ | တွေ့ကြုံရမလဲ |
| ၁၅၁ | ၂၈ | တွေ့ရပါရတယ် | တွေ့ရပါတယ် |
| ၁၅၁ | ၂၆ | စီတပ်ခံကို | စီတပ်ခွဲကို |
| ၁၅၂ | ၁၂ | သူတို့ကို | သူ့ကို |
| ၁၅၁ | ၈ | အရိုးကိုဖောက်ထွက်သွားလို့ | ပေါင်ကိုဖောက်မှန်သွားလို့ |
| ၁၅၂ | ၂၃ | ကေလေး | ကလေး |
| ၁၅၅ | ၁၉ | လျောက်တဲ့ထိ | လျှောက်တဲ့အထိ |
| ၁၅၆ | ၁၁ | ချီတက်ခြခြင်း | ချီတက်ကြခြင်း |
| ၁၅၇ | ၁၇ | စစစခန်း | စစ်စခန်း |
| ၁၅၈ | ၂၂ | သန်းဒါဘို(စ်)လေယာဉ် များက | လေယာဉ်များက |
| ၁၆၀ | ၅ | အက်ဖ်အက်စ်အက်စက် | အက်ဖ်အက်စ်အက်စ် |
| ၁၆၀ | ၁၀ | ကျွတော့်ကို | ကျွန်တော့်ကို |
| ၁၆၂ | ၁၆ | ပျံတက်မယ်ဖို့ | ပျံတက်မယ်လို့ |
| ၁၆၂ | ၂၉ | ပျံစရာမလိုပါ,စရာမလိုပါ | ပျံစရာမလိုပါ |
| ၁၇၁ | ၂၄ | ဆစတတ | ဆ-စ-တ-က |